www.burmeseclassic.com

# လရောင်ကျေးဇူးရှင်

ကျွန်မကလေမွေ့..ကိုကဆောင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)<br>ပတ္တမြားသိုက်စာပေ<br>အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊<br>မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | ဦးနိုင်နိုင်အောင်(မြ-၀၀၃၂၄)<br>အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပုံနှိပ် | ဦးကျင်ရင်(မြ-၀၀၃၂၇)<br>ရွှေခြင်္သေ့ပုံနှိပ်တိုက်<br>အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | ၅၀၀အုပ် |
| တန်ဖိုး | ၃၀၀၀ကျပ် |
| ဖြန့်ချိရေး | မိုးသောက်စာပေ<br>အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄ |


www.burmeseclassic.com

www.burmeseclassic.com

# လရောင်လျှူးရှင်

## ကျွန်မကလေပွေ့..ကိုကဆောင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

တဲအိမ်စုတ်စုတ်လေးရှေ့မှာ မြေပြင်ကပြန့်ပြူးပြောင်ရှင်းနေသည်။ ခြံဝင်းကလည်း ကျယ်၏။ ဒါပေမယ့်သန်းသားလို့ခေါ်သည့် ခြံတိုင်လေးတွေ ခနော်ခနဲ့နှင့် စည်းရိုးကမလုံမခြုံ..။

မညီညာသော်လည်း ကျယ်ပြန့်ပြန့်ရွာလယ်လမ်းကနေ အဖြူရောင်ကားကြီးတစ်စီး တအိအိဝင်လာ၏။ သန်းသားခြံတိုင်တို့ ကာရံထားသည့် ခြံလေးရှေ့မှာ ရပ်တန့်သွားကာ အိမ်ဘက်ကတံခါးတစ်ချပ် ဘေးတိုက်လျှောခနဲပွင့်သွားသည်။

ဆင်စွယ်နှစ်ရောင် ဂါဝန်ကားကားလေးနှင့် အသက်ရှစ်နှစ်အရွယ် မိန်းမငယ်လေးတစ်ယောက်ဆင်းလာလျှင် သူမလေးကို စိုးရိမ်တကြီးအမိ လိုက်ဆင်းလာသော အမျိုးသမီးကြီးက ကလေးကိုလည်းမမီ စိုးရိမ်လည်း ကြီးကာ ကားထဲကဆင်းထွက်လာပုံက ခုန်ချမတတ်ပင်..။

ပြီးတော့ ဟိုဘက်ကတံခါးပါပွင့်သွားပြီး ပုဆိုးပြောင်ပြောင် တိုက်ပုံ အဖြူရောင်နှင့် လူကြီးရယ်၊ စာအင်္ကျီလက်ရှည်ရင်ဖုံးမှာ စိန်လော့ကတ် တပ်ရွှေဆွဲကြိုးကြီးတရမ်းရမ်းနှင့် အမျိုးသမီးကြီးက ရွှေဘီးစိုက်ဆံထုံး ခပ်ပုံ့ပုံ့ကို ထုံးထားသည်။

ဖော်ရွေသောအပြုံးတို့ကို ဆောင်ကျဉ်းလာသော်ငြား မာန်မာန ကြီးသော မျက်ခုံးတန်းတို့နှင့် စူးရဲသောမျက်လုံးတွေက ပတ်ဝန်းကျင်ကို ဘယ်လိုမှမရင်းနှီးနိုင်သော အကြည့်တို့ပြေးလွှားနေကြ၏။ မိန်းမငယ် လေးနဲ့ ကလေးထိန်းအမျိုးသမီးကြီးကတော့ အိမ်ခြံဝင်းအတွင်း အရင် ရောက်နှင့်ကြပြီဖြစ်လျက်..။

"ဟဲ့..နင်က ငလင်းလား.."

www.burmeseclassic.com

www.burmeseclassic.com



"အံမာ.."

ကျောက်ဒိုးနှစ်လုံးကို တစ်ယောက်တည်းကျင်းရိုက်နေသော အသက်ဆယ့်သုံးနှစ်ခန့်ကောင်လေးက ကျောက်ဒိုးကို ကောက်လိုက်ပြီး သူမလေးထံ ဒေါသနှင့်လှည့်လာလျှင်.. ။

"လူလေးက လင်းရောင်ဖြာလားမြေးရဲ့.."

ကောင်လေးက လှမ်းမေးလိုက်သောနောက်ကလူတွေကို မှုန်ကုတ်ကုတ်လေးလှည့်ကြည့်၏။ ချက်ချင်းမဖြေသေးဘဲ ခြံရှေ့ကကားကြီးနဲ့လူတွေကို တစ်ပြန်စီကြည့်နေပြီးမှ.. ။

"ဘဘတို့က ဘယ်ကလာတာလဲ.."

မေးတာကိုမဖြေဘဲ မေးခွန်းပြန်ထုတ်လိုက်သဖြင့် လူကြီးမျက်ခုံးအစုံ မြင့်တက်သွားသည်။ အမျိုးသမီးကြီးက အံ့ဩသလိုဖြစ်သွားပြီးမှ ပြုံးလိုက်ကာ.. ။

"ဘွားဘွားတို့က.."

"ဟယ်..သူဌေးကြီးတို့ရောက်လာကြပြီ၊ ကြည့်စမ်း..ကျွန်မက မောင်မောင်တို့ကို သွားကြိုခိုင်းမလို့ပြောထားတာ၊ ညနေလောက်မှ ရောက်မယ်လို့ ကြားတာကိုး.."

အိမ်လေးပေါ်ကနေ ဒေါ်ရီလင်းခလုတ်တိုက်မတတ် ဆင်းလာသည်။ အထက်တန်းလွှာတို့၏ ဝတ်စားနေထိုင်ပုံတွေ အထက်စီးဆန်သည့်အပြုံးတွေ ပြီးတော့ ဆင်းရဲသားဆိုသည့်လူတန်းစားတို့ရဲ့ ပျဝပ်ခယမှုတွေ.. ။

အားလုံးကိုသူမြင်နေခဲ့သည်။ အစားအသောက်တွေကို ချွေးတလုံးလုံးနှင့် ချက်ပြုတ်ကြော်လှော်ခဲ့သည်။ ချခင်းကျွေးမွေးတဲ့အခါကျတော့ မျက်နှာငယ်စွာ ခစယယ။ နောက်ဖေးတံခါးကနေထွက်ပြီး ထမိန်နဲ့အင်္ကျီအသစ်တွေ သိမ်းထုတ်ညှပ်ယူလာကာ အပေါင်ခံသည့်အိမ်ကို ပြေးရသည်။ ရသည့်ပိုက်ဆံလေးကို ကျစ်လိပ်ပြီးရွာထိပ်က ကုန်စုံဆိုင်မှာဘဲဥ ငါးခြောက်ကအစ ဝယ်ခြမ်းရ၏။

ဈေးဆိုင်က ကြွေးတောင်းတော့လည်း 'အရင်ကြွေးလေး ချန်ထားပေးပါဦး' ပြော၍တောင်းပန်ရ၏။ အမေသူ့လက်ထဲကို ပိုက်ဆံထည့်ပြီး သွားခိုင်းခဲ့သည်။ အမေကိုယ်တိုင်ဟိုပြေးဒီပြေး ပေါင်နှံ ဝယ်ခြမ်းလုပ်ရသည်။ပြောရပါလျှင် သားအမိနှစ်ယောက်စလုံး ပျာယာခတ်အောင် ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားနေရ၏။ ဒါပေမယ့် ဒီညှီသည်တွေ ဘာလုပ်ဖို့လာကြသလဲ.. အမေ
ဘာကြောင့်ပျော်နေသလဲဆိုတာ လင်းဘာမှမသိ.. ။

"သူတို့က သားတို့ထမင်းတွေကို ရွံလို့မစားတာလားမေမေ.."

"မဟုတ်ပါဘူးသားရယ်..သူတို့ကသူဌေးတွေလေ၊ သူဌေးဆိုတော့
ဒီထက်အများကြီးကောင်းတဲ့ဟာတွေ စားနေရတာကိုး..ဒီလို ဈေးပေါပေါ
နဲ့ ချက်ထားတဲ့ဟင်းတွေ ဘယ်စားမလဲ.."

ဈေးပေါပေါနဲ့ဟင်းဆိုတာကို လင်းနားမလည်နိုင်။ သူတို့ရပ်ကွက်
ထဲမှာတော့ ငါးရံ့ခြောက်ခရမ်းချဉ်သီးနဲ့ ဆီပြန်ဟင်းစားနိုင်ရင် သူဌေးပါ
ပဲ၊ ဒါကိုဈေးပေါတဲ့ဟင်းလို့ ဘာကြောင့်သတ်မှတ်တာလဲ.. ။

"လင်း.."

ခေါ်ပုံကကြမ်းသည်။ အသံလေးက စူးစူးညက်ညက်နှင့် ခေါ်ပုံက
မလိုက်ဖက်။ လှည့်ကြည့်လိုက်တော့ စစ်ဗိုလ်တွေဝတ်သည့် ကုတ်ကော်
ထံနှင့်အကျီ ဘောင်းဘီရှည်လေးဝတ်ထားသော ကောင်မလေးကပါးလေး
နှစ်ဖက်ကဖောင်းဖောင်း ဆံပင်ရှည်လေးက ပခုံးအောက်မကျတကျ.. ။

"လင်းလို့.."

သူမခေါ်နေတာကို မထူးသောကြောင့် မေးဖျားလေးရှေ့ထွက်
သာအောင် ထပ်ခေါ်တော့စိတ်မရှည်စွာ.. ။

"နင်မိုက်ရိုင်းလှချေလား.."

"လင်းမို့လင်းခေါ်တာ ဘာဖြစ်လို့လဲ..နင့်နာမည်လင်းပဲမဟုတ်
ဘူးလား.."

"ငါ့နာမည် လင်းရောင်ဖြာ.."

"ငါကရှင်ထိပ်ထား.."

"ဟွန်း.."

သူမလေးက နာမည်ရဲ့အဓိပ္ပာယ်ပညတ်တွေလည်း သိပုံမပေါ်၊
လင်းက သူမထက်အသက်ကြီးသူမို့ သူမထက်တော့အသိပိုနေပါပြီ.. ။

"နင်ကဘာလို့ နှုတ်ခမ်းကြီးမဲ့တာလဲ.."

"ငါ့ကို လင်းလို့ဘယ်တော့မှ မခေါ်နဲ့.."

"အန်တီကလည်း နင့်ကိုလင်းလို့ခေါ်တာပဲ.."

"အဲ့ဒါ ငယ်ငယ်တုန်းက အခုမခေါ်တော့ဘူး.."

"ခစ်..ခစ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ.."

"နှင်က ခုရောလူကြီးမှ မဟုတ်သေးတာ..ခိ..ခိ.."

"တိတ်.."

သူ့အော်လိုက်တော့ ရှင်ထိပ်ထားအသံလေးတိတ်သွားသည်။

"နောက်ထပ်ရယ်ကြည့်.."

"ခစ် ခစ် ခစ်.."

လက်ကြီးတော့ ရွယ်မိသေးသည်။ ဒါပေမယ့် မျက်တောင်ကော့ကော့ မျက်ဝန်းညိုလေးတွေနှင့် ကော်ပတ်ရုပ်လေးလို ကောင်မလေးကိုစူးစူးစိုက်စိုက်ကြည့်ရင်း အံကြိတ်ရင်းဖြင့် လက်ကပြန်ကျခဲ့၏။ ပြီးတော့ ပြောသေးသည်။

"နှင့်ကိုငါ့အတွက် လာခေါ်တာ.."တဲ့.. ၊

"ငါကဘာလို့လိုက်ရမှာလဲ.."

"ရှင်နဲ့ကစားဖို့ ရှင့်ကိုစောင့်ရှောက်ဖို့.."

"အံမာ ရာရာစစ.."

"မယုံရင်ကြည့်လိုက်လေ..နှင်လိုက်ရမှာပဲ.."

"ဆုတောင်းလေ.."

"ကြည့်လိုက်လေ.."

စကားပြောလိုက်တိုင်း ခါးလေးတထောက်ထောက်နှင့်အာဏာရှင်ဆန်ဆန်။ ထို့ပြင် မသိနားမလည်စွာပြောတာတွေ ရှိသေးသည်။

"ဒီအရုပ်လေးကရှင်..ဒီအရုပ်လေးကနှင်.."

ကိုင်ပြီးနေရာချနေတာက ရှေးခေတ်သက်ကြီးဧနီးမောင်နှံစုံတွဲ အရုပ်လေးတွေပါ။ ပြီးတော့ ရှေ့မှာစားပွဲလေးချလိုက်ပြီး ပန်းအိုးလေးမှာတင်ထားလိုက်သေးသည်။

"လင်းတွေ့လား..ရှင်နဲ့နှင်လူကြီးဖြစ်သွားရင်လေ အဲ့လိုမျိုးဖြစ်လာမှာ သိလား.."

"သေတောင်မဖြစ်ဘူး..နှင့်လိုကောင်မလေးမျိုးကိုလား၊ ဟွန်း..သူ့ဌေးတွေကို ငါသိပ်မုန်းတယ်.."

"ရှင်ကတော့ ကြိုက်တယ်..နှင့်ကိုပဲယူမယ်.."

"အရှက်လည်းမရှိဘူး.."

"ဘာကိုရှက်ရမှာလဲ..ရှင်လိုချင်တာကိုပြောတာ.."

www.burmeseclassic.com

www.burmeseclassic.com



"နင်လိုချင်တိုင်းမရဘူး..ငါယူချင်မှဖြစ်တာ.."

"ဘာလို့မရရမှာလဲ..ရှင်လိုချင်တာဘာမဆို ဒယ်ဒီတို့ကဝယ်ပေးတယ်၊ နင့်ကိုလည်း ဝယ်မယ်..ကဲ.."

"ငါနော်..နင် နင့်ကို..ငါ.."

"အို..မလုပ်ရဘူးလေသား၊ ကိုယ့်ညီမလေးကို.."

လက်ရွယ်မိတာခဏခဏပါ။ ဘယ်တုန်းကမှလည်း ရိုက်ဖို့ထိ ဖြစ်ခဲ့တာမဟုတ်။ ဒါပေမယ့် မေမေကထမိမနိုင် ပဝါမနိုင်ပြေးထွက်လာပြီးတားဆီး၏။ ထိုစဉ်တည်းက ရှင်ထိပ်ထားဆိုသည့်ကောင်မလေးကို ကျွန်တော်မုန်းခဲ့မိသည့်နောက်.. ।

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

"လင်း.."

ဟင်.. ၊

သူမေးခန် အိပ်ပျော်သွားခဲ့တာလား.. ၊

နာမည်ခေါ်လိုက်သံမှာ ဆတ်ခနဲလန့်သွားမှ အိပ်ပျော်သွားခဲ့မှန်း ကိုယ့်ကိုယ်ကိုသိသည်။

"အိပ်ပျော်နေတာလား..ဆောရီးပါလင်းရယ်၊ အတန်းဝင်ရဦးမှာ သားလို့ လာနှိုးတာ.."

"အင်း..ဟုတ်တယ်.."

နားနေခန်းထဲမှာ လက်ပိုက်လျက်ငုတ်တုတ်ထိုင်ရင်း အိပ်ပျော်သွား သည်ကြောင့် လင်းရှက်ရယ်ရယ်ရင်း နေရမှာထလိုက်သည်။ IT သင် တန်းကျောင်းမှာ အချိန်ပိုင်းနဲ့ဝင်ပေးရတာမို့ ဒီနေ့စောစောရောက်လာ တာနှင့် စိတ်ကဟိုရောက်ဒီရောက်.. ၊

အနီးစပ်ဆုံးပြဿနာကိုတွေးနေရင်း ဘယ်လိုအိပ်ပျော်သွားမှန်း တောင် မသိခဲ့ပေ။ မေ့ထားခဲ့တာကြာပြီဖြစ်သည့် အသံစူးစူး မျက်နှာဝိုင်း ဝိုင်းလေးက ဒီနေ့သူ့အတွေးထဲကနေ အိမ်မက်ထဲတောင် ဆက်ပါလာ သေးသည်။

ပြဿနာမလေး ရှင်ထိပ်ထား.. ၊

"ကိုကိုလင်း.."

ဟင်.. ၊

ခြေလှမ်းတုံ့ခနဲဖြစ်သွားကာ ဘေးရောက်လာသူကို လှည့်ကြည့် လိုက်မိသည်။ စတကပ်ဆံပင်ပခုံးသာသာလေးနှင့် အသားလေးညိုစိမ့်စိမ့်

www.burmeseclassic.com

www.burmeseclassic.com



နှာတံကော့ကော့လေးနှင့် အထူးတလည်လှနေသည့် မျက်ဝန်းပြာလေ
တွေကို ပိုင်ဆိုင်ထားသည့်သူမက သမုဒယရှင်..၊

သူမမျက်နှာလေးက အမေရိကန်ပုံလေးပေါက်လျက် အသားလေ
ညိုနေပေမယ့် ကပြားပုံလေးဖြစ်၏။ ပြီးတော့ ခုခေတ်မောဒယ်လ်တွေလ
အရပ်မြင့်မြင့်နှင့် သွယ်လှသည့်ကိုယ်ခန္ဓာ အလှအပတွေကလည်း ရေမီးအ
နဲ့.. ၊

သူမလေးကဆင်းရဲရှာသည်။ မအေက နောက်အိမ်ထောင်ပြုလိုက်
တာ သားတစ်ယောက်အဖေဖြစ်နေသောကြောင့် အကျင့်စာရိတ္တမကောင်
သည့် သူစိမ်းယောက်ျားတွေကြားမှာ အန္တရာယ်ကြီးစွာ နေထိုင်ရှင်သန်နေ
ရရှာ၏။ ဒါပေမယ့် သူမကစာကြိုးစားသည်။ ထို့ကြောင့် ဒီသင်တန်း
တက်ဖို့ထိ လင်းကထောက်ပံ့ထားခဲ့တာဖြစ်သည်။

သိထားကြသည့်မိတ်ဆွေတချို့ကတောင် ဘာလိုလိုအကြည့်တွေနဲ့
ပါ။ ဘယ်လိုကြည့်ကြည့် လင်းကဂရုမစိုက်သလို သမုကိုလည်း ဒီတိုင်းပဲ
ပြောထားသည်။ ထို့ပြင် သမုရဲ့အမေဆီမှာလည်း ဒေါ်ရီလင်းကိုယ်တိုင်
ကြည့်ရှုထောက်ပံ့ခွင့်တောင်းခဲ့တာမို့.. ၊

"မျက်နှာမကောင်းပါလား..ဘာဖြစ်လာလို့လဲ.."

"သမု ဒီနေ့သင်တန်းမတက်တော့ဘူးလို့.."

"ဘာဖြစ်လို့လဲ.."

သမုက ပန်းနုရောင်ကွက်စိပ်တီရှပ်လေးနှင့် သရီးကွာတားဂျင်းပင်
လေးကို ဝတ်ထား၏။ မျက်နှာလေးက မြင်နေကျအတိုင်း သနပ်ခါးမိတ်
ကပ် ဘာမှမတင်ဘဲ ပြောင်ပြောင်တင်းတင်းလေး ရှိနေလျက်.. ၊

"အမေနေမကောင်းလို့ပါ..ညကဝမ်းတွေလျှောပြီး ဒီမနက်လုံးဝမထ
နိုင်ဘူး၊ အဲ့ဒါအမေ့ကို ပြုစုရမှာ.."

"ဟုတ်လား.."

ဒါဆို နေဇင်ဆိုတဲ့လူနဲ့ တစ်နေကုန်အတူရှိနေတော့မည်ပေါ့..၊

တွေးမိတော့ စိုးရိမ်သွားမိသည်။ နေဇင်က သူ့လောက်အသက်ရှိ
တာ ဘာအလုပ်မှမရှိဘဲ ဟိုယောင်ယောင်ဒီယောင်ယောင်နေသည့်သူ..၊

တစ်ခါတလေ သမုနောက်ကိုနောက်ယောင်ခံလိုက်နေတတ်ကာ
တစ်ခါတလေအိမ်ကို တစ်နေကုန်တစ်ညလုံး ပြန်မလာတတ်ဟု သိရ၏။
ထိုလူအိပ်ကပ်ချိန်သည် သမုရှိနေတတ်သည့်အချိန်.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သမုသွားမယ်နော်ကိုကိုလင်း.."

"နေဦးလေ..သင်တန်းပြီးရင်ကိုယ်.."

"ရှင့်ကိုကိုလေ.."

"နာမည်ကရှင့်ကိုကို.."

"အဲ..မ မဟုတ်ဘူး၊ ဟို လင်းရောင်ဖြာ..ဦးလင်းရောင်ဖြာ.."

စကားသံတွေ ဆူဆူညံညံဝင်လာသဖြင့် စကားစပြတ်သွားပြီးနောက် ကိုယ့်နာမည်ပါလာတော့မှ လှည့်ကြည့်လိုက်မိသည်။

"သုမ.."

ရှင့်ကိုကို လို့သုံးနှုန်းလိုက်သည့်အသံနှင့် မေမေ့အမှာစကားကြောင့် လင်းတန်းခနဲ တွေးမိသည်။ သူမက ရှင်ထိပ်ထား.. ၊

"သား ဂိုက်ဒ်လုပ်နေတဲ့သင်တန်းလိပ်စာ မေမေပြောလိုက်တယ်သား ..ရှင်လေးရန်ကုန်ဆင်းလာတယ်တဲ့.."

ထိုအရေးကြောင့် သူစိတ်ဆင်းရဲနေခဲ့တာ တစ်ညလုံးတစ်နေ့လုံး..၊

"ကိုကိုလင်းကိုမေးနေတာထင်တယ်.."

လို့ပြောပြီး သမုကနှုတ်ဆက်ပြန်သွားသည်။ သူကတော့ သူမတို့ကို ကြည့်နေရင်း ကိုယ့်ခြေထောက်တွေ ဘယ်ကိုဦးတည်ချင်သလဲ တိုင်ပင်နေမိသည်။ ပြီးတော့ လှည့်ထွက်လာခဲ့၏။

"ရှင်..ဟိုမှာထွက်သွားတဲ့လူက နင့်ကိုကိုမဟုတ်ဘူးလား.."

"ဘယ်မှာလဲ.."

ရှင်ကလှမ်းကြည့်လိုက်ရင်း ခေါင်းခါ၏။ ပြီးတော့ နှာခေါင်းလေး ရှုံ့ပွပွနှင့်.. ၊

"ကိုကိုက ပုဆိုးကိုခါးသိမ်အောင် ကျပ်ကျပ်ဆွဲဝတ်ပြီး ဘိုကေပြောင် ပြောင် ရှပ်အင်္ကျီကော်လံကတုံးနဲ့ အင်း..ကထိကဆိုတော့ စာအုပ်ဒီလို ကိုင်ပြီး ဒီလို..ဒီလိုပုံမျိုးဖြစ်မှာ.."

လက်နှစ်ဖက်ဆန့်ချပြီး တင်ပါးမှာကပ်၍ ပခုံးတောင့်တောင့်ခါး မတ်မတ်ပုံစံ လျှောက်ပြသည်။ သူမတို့စုစမ်းမေးမြန်းနေသည့် တီချယ် တစ်ယောက်က ရှင့်ကိုချစ်စနိုးကြည့်ရင်းရယ်၏။

"ဒီလူက ဘောင်းဘီရှည်နဲ့ ဆံပင်ဂုတ်ထောက်နဲ့ ဖြစ်နိုင်ပါ့မလား.."

ခြေငါးလှမ်းလောက်လျှောက်ပြလိုက်ရသဖြင့် တီချယ်နဲ့အလှမ်းကွာ သွားသည်။ ထို့ကြောင့် ခြေသုံးလှမ်းလောက်နဲ့ အရှေ့ပြန်လှည့်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



တီချယ့်ရှေ့မှာရပ်၍.. ။

"အဲ့ပုံစံမျိုးနဲ့လေတီချယ်..ကိုကိုက အဲ ဦးလင်းရောင်ဖြာက ဒီသင်တန်းကဆရာပါ.."

"အားနာလိုက်တာညီမရယ်..တို့ကလည်းရောက်တာ တစ်လတောင်ပြည့်သေးဘူးရယ်၊ ပြီးတော့လေ ဒီသင်တန်းကြီးက အကြီးကြီးဆိုတော့.."

"အိုခေ..အိုခေရပြီ၊ အမလေး သိလည်းမသိရဘဲနဲ့ မောပါဘိ.. လာသွားမယ်ချစ်.."

"ဩော်..နေပါဦး၊ ကျေးဇူးပါတီချယ်..ခွင့်ပြုပါဦးနော်.."

ချစ်ရည်က တီချယ့်ကိုအားနာသွားပြီး လှည့်နှုတ်ဆက်၏။ သို့ သော်ချင်က ဆောင့်ဆွဲလိုက်သဖြင့် စကားလည်းမဆုံးလိုက်ဘဲ ရပါတယ်လို့ပြောသည့် တီချယ့်ခများလည်း စကားတန်းလန်းနှင့်.. ။

"ရှင်ရယ်..ခက်တော့တာပဲ.."

"နင်ကခက်တာ..ကျေးဇူးတွေသိပ်ပေါနေတယ်ဟုတ်လား၊ ငါတို့ဖေးဘာ သူဘာပြောနိုင်လို့တင်ရမှာလဲ..ကျေးဇူးဆိုတာ တင်ထိုက်မှတင်ရတယ်၊ နောက်မှတ်ထား.."

ပြောနေရင်း ဖုန်းထုတ်ကာအထဲက ဓာတ်ပုံကိုကြည့်ပြန်သည်။ ဓာတ်ပုံကိုပြန်ရိုက်ယူထားတာမို့ ခပ်ဖျော့ဖျော့မှုန်တုန်တုန်ဖြစ်နေတာ၊ ဒီထဲကအသက်အလွန်ဆုံးရှိမှ နှစ်ဆယ်လောက်.. ။

"နင်ပဲတွေးကြည့်ဦးရှင်..သူက ME ထိတက်ထားတာ၊ ကျောင်းပြီးရင်ပဲ နှစ်ဆယ်ကျော်နေပြီ..ကုမ္ပဏီအလုပ်နဲ့ နိုင်ငံခြားမှာအလုပ်သင်သွားနေတာက သုံးနှစ်.."

"အဲ့ဒီတော့ ဘာဖြစ်လဲ.."

"ကျောင်းပြီးတာနဲ့ အလုပ်ဝင်တာနဲ့ကြားမှာ ဟိုလိုဒီလိုကုန်သွားတဲ့ အချိန်ကာလနဲ့ နိုင်ငံခြားကပြန်လာပြီး ဒီနေ့နဲ့ကြားမှာ ဘာညာသရကာ ကုန်ဆုံးမယ့်အချိန်တွေထည့်တွက်ရင် သူ့အသက်အနည်းဆုံး နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်ရှိနေပြီး နင့်ပုံက.."

"ကိုကို့ကို ဘယ်လိုနေရာ ဘယ်ကာလမှဖြစ်ဖြစ် ငါမှဆိမ်..အား.."

ကော်ရစ်ဒါကနေ လှေကားဘက်ကိုချိုးကွေးလိုက်ခဲ့ တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိခဲ့ပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်.."

"ဒုတ်.."

"အား..သေပါပြီ၊ သွားပါပြီငါ့ဖုန်း.."

ဟိုဘက်ကလည်း ကိုင်လာသည့်စာအုပ်နှစ်အုပ် လွတ်ကျကုန်လျှက် အထဲက စာရွက်အတိုအထွာတွေလည်း လွတ်ထွက်ကုန်၏။ ရှင်ကတော့ ဖုန်းပဲဖြစ်ကာ ဖုန်းပေါ်မှာတစ်ပိုင်းတစ်ပိုင်းလာတင်နေသည့် သူများစာအုပ် ကို ဆတ်ခနဲပုတ်ထုတ်ပစ်၏။ ဟိုဘက်က စာအုပ်ကိုပြန်ကောက်သည့် လက်မှာ သူ့စာအုပ်တခြားကိုလွင့်သွားလျှင် ဒီတိုင်းပြန်ရုတ်သွားခဲ့ပြီး—

"တောက်.."

"အံမာ သူကများတက်ခေါက်လို့.."

ဖုန်းကိုပွတ်သပ်ပြီး ဒဏ်ရာရှာနေသည့်အာရုံက တက်ခေါက်သံ ကြောင့် ဒီဘက်ကိုတန်းခနဲရောက်၏။

"ဘယ်သူ့ကိုတက်ခေါက်လိုက်တာလဲ.. ရှင့်စာအုပ်ဘယ်လောက် တောင် ထိခိုက်ပွန်းပဲ့သွားလို့လဲတက်ခေါက်ရအောင်.."

တစ်ဖက်က တစ်ခွန်းမှပြန်မပြောဘဲ စာအုပ်နဲ့စာရွက်တို့ကို ကောက် ၍ မတ်တပ်ရပ်လိုက်သည်။ သူမကိုလည်းမကြည့် ဘာမှလည်းမပြောဘဲ နှုတ်ခမ်းတင်းတင်းစေ့၍ လှည့်ထွက်သွားလျှင်..၊

"ကြည့်စမ်း.."

ရှင် ဒေါသထောင်းထောင်းထွက်သွားသည်။

"ဒီမှာ.."

နောက်ကနေ ခုန်ပျံမတတ်ခြေလှမ်းတို့ဖြင့် သူ့ရှေ့အရောက်သွား ပြီး ပိတ်ရပ်လိုက်ကာ.. ၊

"ရှင်ကြီးက လူကိုအဖက်မတန်သလို လုပ်ပြီးလစ်ပြေးဖို့ ကြံနေ တာလား..ဒီမှာ ဒီဖုန်းဘယ်လောက်တန်.."

"မင်း ငါ့ရှေ့ကဖယ်စမ်း.."

မျက်နှာကဖြူဝင်းနေသဖြင့် ဒေါသသွေးက သိသာသည်။ မျက်ခုံး က သိပ်မထူဘဲ စိမ်းမှောင်နေ၏။ စူးရဲသည့်အကြည့်တွေက ဘောင်ခတ် ထားသလို တိုစိပ်စိပ်မျက်တောင်တို့ကြောင့် ဒေါသနဲ့ကြည့်ပေမယ့် ဆွဲ ဆောင်မှုရှိနေသည်။

ထိုမျက်ဝန်းတို့ကိုကြည့်ကာ ရှင်တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ အညိုရောင်သမ်းနေသည့် အထူအပါးညီသော နှုတ်ခမ်းများနှင့်၊ သူ့ကို စူးစိုက်ငေးနေလျှင် သူကမလိုလားစွာ မျက်နှာလွှဲ၍ လှကိုရှောင်ကျက်သွား၏။

"ဟေး..လင်း နေပါဦးဆရာသမားကလည်း.."

လှမ်းခေါ်သံနှင့်အတူ အခန်းတစ်ခန်းထဲကနေ အမျိုးသားတစ်ယောက်ထွက်လာပြီး သူ့နောက်လိုက်သွားလျှင်.. ၊

လင်း..ဒါဆို သူကလင်းရောင်ဖြာပဲ.. ၊

"လင်းရောင်ဖြာ.."

နာမည်ကိုမှတ်မှ ရေရွတ်လိုက်ရင်း ရှင်ဆတ်ခနဲခေါင်းညိတ်သည်၊ ပြီးတော့ အတင်းပြေးလိုက်၏။

"ရှင် ရှင်ခဏနေဦးလေ.."

သူမနောက်ကနေ ချစ်ရည်ကခေါ်ရင်း အမောတကောလိုက်ရှာသည်၊ ကိုကို့ကို ရှင်ဘာလို့မမှတ်မိတာလဲ.. ၊ ကိုယ့်ကိုယ်ကို ဒေါသထွက်ရင်း.. ၊

"ကိုကို.."

နောက်ကနေလှမ်းခေါ်လိုက်မိသည်။ ခေါ်ကာမှ ကိုကိုနဲ့ဟိုလူ လှေကားတစ်ဆစ်ချိုးကို ကွေ့သွားတာမြန်မြန်ဆန်ဆန်.. ၊

"ကိုကို.."

ရှင်ကလည်း မရမကလိုက်နေ၏။ ထိုစဉ်.. ၊

"အမေ့.."

ဒီတစ်ခါစုံတွဲတစ်တွဲ၏ လက်ချင်းချိတ်ထားသည့် အလယ်တည့်တည့်ကို ဝင်တိုးမိတာဖြစ်ကာ စုံတွဲကလည်းလက်တွဲမဖြုတ် ရှင်လည်းအရှိန်မထိန်းလိုက်နိုင်ဘဲ ရုပ်ဆိုးပန်းဆိုး ကုန်းကွလဲလေသည်။ ထိုအဖြစ်ကို ဖျတ်ခနဲလှည့်အကြည့်မှာ ဆရာစိုးထွန်းက မြင်သွားလျက်.. ၊

"မင်းကိုခေါ်နေတာ ထင်တယ်နော်.."

"မဆိုင်ပါဘူး.."

လင်းတစ်ချက်မှ လှည့်မကြည့်ဘဲ တောက်လျှောက်ဆင်းသွားသည်။ ကိုယ်ဝင်ရမယ့်အတန်းကိုတောင် ကျော်လွန်သွားခဲ့တဲ့အထိ..

"ငါကရှင်ထိပ်ထား.."

"ငါလိုချင်တာဆို ဒယ်ဒီတို့ကအကုန်ဝယ်ပေးတယ်..နင့်ကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝယ်မယ်.."

"တောက်.."

အတွေးထဲကမျက်နှာကို ဒေါသဖြစ်ကာ တက်ခေါက်လိုက်မိလျှင် ဆရာစိုးထွန်းက လှည့်ကြည့်၏။ လင်းကလက်ကာပြရင်း.. ၊

"ဆောရီး.."

"ဘာဖြစ်နေတာလဲလင်းရ..အိမ်မှာတစ်ခုခုဖြစ်လာလို့လား.."

"မဖြစ်ပါဘူးကွာ..ငါ့အမေတစ်ယောက်ထဲရှိတာ ဘယ်သူနဲ့ဖြစ်ရမှာလဲ.."

သားအမိနှစ်ယောက်တည်းဘဝကို မငြိမ်းချမ်းတော့အောင် မွှေနှောက်သွားခဲ့တာ ရှင်ထိပ်ထားနဲ့သူမရဲ့ မိဘများပါ။ ဘယ်လိုပဲကင်းအောင်နေခဲ့ပေမယ့် ဒီနေ့ပြန်ဆုံမိဖို့အကြောင်းတွေ ဘာကြောင့်ဖန်လာခဲ့တာလဲ.. ၊

မြင်လိုက်ကြားလိုက်ရသည့် ရှင်ထိပ်ထားရဲ့စိတ်ဓာတ်အမူအရာတွေက ဟိုအရင်တုန်းကအတိုင်း နည်းနည်းလေးမှမပြောင်းလဲပေ။ ရန်ကုန်ကိုဆင်းလာတာ ဘာအတွက်လဲ..သူတို့သားအမိကို သွားလာရင်းလမ်းကြုံပေးဖို့ရှိနေတာလား ဒါမှမဟုတ် တိုက်ရိုက်ပေးမယ့်ဒုက္ခတွေကို ထုပ်ပိုးရောက်ချလာတာလား.. ၊

ကံကြမ္မာကို ခြေရာရှာဖို့မလွယ်ပေမယ့် ကိုယ်အဆင်ပြေပြီဆိုရင် ခံရတာ အလဲလဲအကွဲကွဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

"ငါ့ကိုတွေ့မှ ဒါကဘာယ်လဲ.."

"ရှင့်ကိုတွေ့မှမဟုတ်ပါဘူး..ဒါသမုအလုပ်သွားတဲ့အချိန်ပဲဟာ.."

"ဘာပြောတယ်.."

ကိုကိုဇင့်မျက်နှာက တစ်နေကုန်အိပ်ထားသလို မှုန်အစ်အစ်ဖြစ်နေ၏၊ တကယ်တော့ ဘီယာနဲ့အမြည်းနဲ့ အပေါင်းအပါတွေပါ စုံညီစွာဖြင့် သောက်စားအိပ်စက်ပြီး နိုးထလာတဲ့ပုံစံဖြစ်သည်။ ထို့ပြင် ရေချိုးပြီးစ န်းသိသာသော်လည်း အရက်နံ့ကိုဆပ်ပြာမွှေးနံ့က မဖုံးနိုင်ပေ။ သမု က်ပတ်နာရီလေးပတ်ပြီး သူ့ကိုရှောင်ထွက်သွားဖို့ ပြင်လျှင်.. ၊

"အဓိပ္ပာယ်မရှိတာတွေပြောပြီး ဒီလိုသွားချင်တိုင်း သွားလာနေလို့ ရဘူး..နေဦး.."

"ကိုကိုဇင်နော်..သမုထင်သလိုသွားနေတာ မဟုတ်ဘူး၊ အိမ်မှာသုံး ရာမလောက်လို့ ဝင်ငွေအပိုရအောင် ရှာနေတာ.."

"ဟုတ်လား..ညဘက်အိုဗာတိုင်းမ်ပေါ့.."

"ဟုတ်တယ်..ဟုတ်တော့ဘာဖြစ်လဲ၊ ရှင်သာ အိမ်မှာဝင်ငွေတစ်ပြား မရှာနိုင်ဘဲနဲ့.."

"ဟား ဟား ဟား ဟား.."

ကိုကိုဇင်က တံခါးဘောင်မှာလက်ပိုက်မှီလိုက်ပြီး အားပါးတရရယ် လိုက်၏။ ပြီးတော့ ကြေးဥစိမ်းရောင်ထမီနှင့် စိမ်းပြာရောင်အင်္ကျီလေး ကို ချပ်ချပ်ယပ်ယပ်ဝတ်ထားသည့် သမုရဲ့တစ်ကိုယ်လုံးကို ပိုင်စိုးတော်တိုက် မ်းကျုံးကြည့်လိုက်ပြီး.. ၊

"အိမ်အတွက်ငွေမရှာနိုင်ပေမယ့် နင်ငါ့အတွက် ညပိုင်းအလုပ်လုပ်

www.burmeseclassic.com


ပေးရင်တော့ အိုဗာတိုင်းမ်ကြေး ငါပေးနိုင်ပါတယ်.."

"ဘာပြောတယ်.."

သမုပါးပြင်လေးနှစ်ဖက် ရဲညိုသွားသည်။ ပြီးတော့ သူမရဲ့လက်လေးတစ်ဖက် မြှောက်တက်သွားကာ.. ။

"ဖြန်း.."

"ဟာ.."

"ဟော့..ဘာလုပ်တာလဲ.."

ကိုကိုဇင့်အဖေဦးမိုးယံက အိမ်ရှေ့မှာဆိုက်ကားတောင် လေးဘီးစလုံး သေချာမရပ်တန့်သေးခင် ခုန်ချမတတ်ဆင်းပြေးလာ၏။ အိမ်လေးက ဖိနပ်ချွတ်လှေကားသုံးထစ်နှင့် တစ်ထပ်ပျဉ်ထောင်အိမ်လေးဖြစ်သည်၊ အဝင်အဝမှာပဲ ဖြစ်ပျက်နေကြတာမို့ ခြံရှေ့လမ်းပေါ်ကနေ အားလုံးကို မြင်နေရ၏။

"ဘာဖြစ်နေတာတုံးဒါက..ဟင်၊ ဟော့..သမုရှင်ပြောစမ်း.."

ပါးစောင်ကို လက်ခုံနဲ့ကပ်ထားရင်း မကျေမချမ်းဖြစ်နေသည့်သားကို ကြင်နာစွာတွဲကိုင်ထားလိုက်ပြီး သမုဘက်ကိုလှည့်တော့ မျက်လုံးတွေက မီးဝင်းဝင်းတောက်မတတ်.. ။

"သူ..သူကစပြီး သမုကို.."

"ကျွန်တော်က သူ့အတွက်စိတ်ပူလို့မေးတာအဖေ..ကျွန်တော့်ကိုဆိုအမြဲတမ်းရန်လိုနေတာ သူပဲ.."

"ကိုကိုဇင်..ယောကျ်ားဖြစ်ပြီး ယောကျ်ားစကားပြောစမ်းပါ.."

"ဘာပြောတယ်.."

"တော်ကြတော့.."

ဦးမိုးယံက ပတ်ဝန်းကျင်သိကုန်မှာစိုးသလို ခပ်ကြိတ်ကြိတ်ပြောလိုက်ပြီး သမုလက်ကို ဖက်ခနဲဖိကိုင်လိုက်၏။

"နင်တို့ကို ငါပြောပြမယ်..လိုက်ခဲ့.."

ဆိုပြီး နှစ်ယောက်စလုံးကို အိမ်ထဲဆွဲခေါ်သွားခဲ့သည်။ သမု အငေ အိပ်နေတာကို နိုးသွားမှာစိုးကာ အကြမ်းပတမ်းပြန်ရုန်းဖို့လည်း မကြိုးစားခဲ့ပေ။ ဦးမိုးယံက သူမကို ကိုကိုဇင့်အိပ်ခန်းထဲ ဆွဲခေါ်သွားလေမှ.. ၊

"ချောက်.."

တံခါးကိုဂျက်ထိုးပိတ်လိုက်လျှင်.. ။

www.burmeseclassic.com

www.burmeseclassic.com


"ဦးလေး ဘာလုပ်တာလဲ..တံခါးပြန်ဖွင့်ပါ၊ ဘာဖြစ်ဖြစ် အပြင်မှာ ပြောလို့ရတယ်.."

"အပြင်မှာပြောရမယ့် စကားမဟုတ်လို့လေ..နင့်သဘောမပေါက်သေးဘူးလား.."

ဦးမိုးယံရဲ့စကားသံတွေက ကောက်ကျစ်စဉ်းလဲမှုတို့ဖြင့် အေးစက်တောက်ထန်နေသည်။ ကိုကိုဇင့်မျက်နှာ ပြုံးသွား၏။ သမုတို့သားအမိအပေါ်မှာမကျေနပ်သမျှ မျိုသိပ်လာခဲ့တာကြာပါပြီ။ ကလေးတစ်ယောက်စီနဲ့ ဆိုးဖို့ မုဆိုးမချင်းယှဉ်ကြတာတောင် သင်းတို့ကနာအဲ့ထင်နေသည်။ ဒါတွေထပ်ပိုပြီးပြဖို့ရှိတာက မေရှင်ဆိုသည့်မိန်းမက အဆိုတော်လည်း မဟုတ်၊ မင်းသမီးလည်းမဟုတ်ပါ။ သူနဲ့လက်မထပ်မီကာလအထိ မေရှင်က သူများအိမ်ကအိမ်ဖော်.. ။

"ဒီမှာသမုရှင်..ငါတို့ကမျိုးသန့်ဆွေသန့်၊ နင့်အမေကအိမ်ဖော်..နင်တို့က အိမ်ဖော်မျိုးရိုးပဲ.."

"သမုတို့ဘာမျိုးရိုးပဲဖြစ်ဖြစ်ပါ..အဲ့ဒါဦးလေးကဲ့ရယ်ဖို့ မလိုပါဘူး.."

"ငါကကဲ့ရယ်နေတာမဟုတ်ဘူး..နင်တို့သားအမိက ကြီးကျယ်နေတာ၊ ငါတို့သားအဖတွေကို ကြောက်သလိုလိုရွံ့သလိုလို မတွေ့မတန်ဆက်ဆံနေလို့ပြောပြနေတာ..ဒီမှာကြည့်စမ်း.."

"အ.."

"ဒုန်း.."

သမုရဲ့ပါးလေးနှစ်ဖက်ကို လက်တစ်ဖက်တည်းနဲ့ မညှာမတာဆွဲညှစ်ထားကာ အိမ်နံရံမှာဖိကပ်ပစ်လိုက်၏။ ပြီးတော့ ဦးမိုးယံက သူ့ကိုယ်လုံးကြီးနဲ့ ဖိကပ်ထပ်ချုပ်ထားလျက်.. ။

"နင့်ကိုငါ့သားကစိတ်ကူးရင် နင်ဟတောင်ဂုဏ်ယူရဦးမှာ..ခုတော့ ပါးတောင်ရိုက်လိုက်သေးတယ်ဟုတ်လား၊ နင်က ဘာအားကိုးနဲ့မာန်တက်နေတာလဲ.."

"အ..အင်း.."

သမု သူ့လက်ကို ဖြုတ်ချဖို့ကြိုးစားသည်။ မျက်နှာလွှဲခါလိုက်၏၊ ဘယ်လိုရုန်းလို့မှမရ။ ကိုကိုဇင်ကတော့ တဟဲဟဲရယ်လျက် မဲ့သွားလိုက် ပြုံးသွားလိုက်.. ။

"ခုတော့ သူများဆိုက်ကားငှားစီးဖို့တောင် ပိုက်ဆံမရှိလို့တောင်းပန်

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ဘဝ..အဲ့ဒါနင့်ကြောင့် နင့်အမေကနင့်ကိုပညာတတ်ဖြစ်အောင် ခိုး ဝှက်ပံ့ပိုးခဲ့တာလေ၊ မသိလို့မဟုတ်ဘူး..မပြောချင်လို့မပြောခဲ့တာ ခုတော့ ပြောဖြစ်အောင် ဒဏ်ရာပေါ်သွားပြီ၊ နင့်လိုမိန်းကလေးမျိုးက ဘာမို့လဲ.."

"ဟင့်အင်း.."

လက်ကိုလွှတ်လိုက်ပြီးသားကို ငဲ့ကြည့်ရင်း နောက်ဆုတ်၏။ သ အတင်းကျူးထကာ တံခါးဂျက်ကိုအမိအရ ဖြုတ်၏။ ကိုကိုဇင်က နောက် ကနေဆွဲဖက်ထားလိုက်ပြီး တဟားဟားရယ်သည်။

"ဟင့်အင်း..လွှတ်နော်.."

အမေနီးမှာစိုးနေရင်တော့ သူ့မဘဝပျက်တော့မှာကို တွေးလိုက်မိ ကာ သမုတံခါးကိုခြေထောက်နဲ့ လှမ်းကန်ရင်း.. ၊

"အမေ့ရေ..အမေ့ သမီးကို.."

"ဒုန်း.."

နောက်ဆုံးလှမ်းကန်လိုက်ပြီးလျှင် သမုကိုယ်လေး ကိုကိုဇင့်လက်ထဲ မှာ အရုပ်တစ်ရုပ်လို ဖြစ်သွားခဲ့၏။ ဦးမိုးယံက ခါးထောက်ကြည့်နေ လျက်.. ၊

"ဘာမှမင်းတွေးပူနေဖို့ မလိုဘူး..ချစ်တီးသိမ်းသိမ်းတယ်လို့ပဲမှတ် လိုက်၊ သူ့အမေနဲ့ ငါရှင်းမယ်.."

ပြောပြီး တံခါးဖွင့်၍ ထွက်လိုက်လျှင်.. ၊

"ဒုတ်.."

"အား.."

"ဟာ..အဖေ.."

လက်နက်ရှာထားကာ တံခါးအဖွင့်ကိုသေချာစောင့်ပြီး ရိုက်ထည့် လိုက်သည်။ ဒါပေမယ့် ယောကျ်ားတစ်ယောက်လဲကျသွားပြီး နောက်တစ် ယောက်ထွက်လာလျှင် ရှင်ကမန်းကတန်းပြေးဆုတ်လိုက်ရင်း.. ၊

"ဟောဒီမှာလာကြပါဦး..မိန်းကလေးတစ်ယောက်ကို မဟားတရား ကျင့်နေကြလို့ပါ၊ လာကြပါဦး.."

"ဟိတ်..ဘာလို့အော်တာလဲ.."

"မကပ်နဲ့.."

"ဗိုး.."

"အား.."

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဇင်က တုတ်ကိုလုဖို့ပြေးကပ်လာသည်။ ရှင်က တအားလွှဲရိုက်ချိုက်၏။ သေချာမပတ်ပေမယ့် တုတ်အဖျားခတ်ထိမိသွားကာ လက်မောင်းကိုဖိကိုင်လိုက်ရင်း ယိမ်းယိုင်လဲပြိုသွား၏။ လူတွေလည်း ပြေးဝင်လာကြသည်။ အခန်းထဲက သမုလည်းပြေးထွက်လာ၏။

သို့သော် သမုကိုယ်မှာအင်္ကျီက ကြယ်သီးတွေပြုတ်၍ ဖရိုဖရဲ..

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

"နေဦးလေ..တူမကြီးက မျက်မြင်သက်သေပဲ.."

"ဘာလို့နေရမှာလဲ..ရှုပ်ရှုပ်ယှက်ယှက်.."

အိမ်ပေါ်မှာ လူတွေများနေပြီ။ အိမ်ရှင်ဒေါ်မေရှင်က ခုထိအိပ်ရာထဲမှာပဲ အိပ်ပျော်နေဆဲ။ တကယ်က အိပ်ဆေးခတ်ခံရတာဖြစ်၏။ သို့သော် ထိုအမှန်တရားက သက်သေမရှိပေ.. ၊

"အန်တီတို့ကလည်း ရှုပ်ရှုပ်ယှက်ယှက်မကြိုက်တဲ့သူပါပဲကွယ်..ဒါပေမယ့် သမီးပဲအော်ဟစ်အကူအညီတောင်းခဲ့တာလေ၊ သမီးတစ်ယောက်ကပဲ အရေးကြီးဆုံးသက်သေဖြစ်နေလို့ပါ.."

"ဟုတ်တယ်..ဟုတ်တယ် ခုကိစ္စကအိမ်သားချင်းဖြစ်ကြတာ၊ ငါတို့လည်း ကြားမဝင်ချင်ဘူး..ဒေါ်မေရှင်နိုးလာရင် ဘယ်လိုပြောဦးမလဲမသိဘူး၊ အဲ့ဒီတော့ဘေးတစ်မိမ်းက သက်သေလိုက်ပေးမှ.."

"မလိုက်ပေးနိုင်ပါဘူး.."

ရှင်ကထိုင်နေရာမှ ဖျတ်ခနဲထရပ်သည်။ ပန်းနုရောင်မွှေးဖွားလေးတွေ အကျီအနားစပ်ထမီအနားစပ်တွေမှာပါသည့် တိုင်းရင်းသားဝတ်စုံလေးကိုဝတ်ထားကာ ကချင်လွယ်အိတ်လေးကို လွယ်ထားသေးသည်။

စိတ်လိုက်မာန်ပါထရပ်လိုက်တော့ ကချင်လွယ်အိတ်က ပါသမျှကွင်းလေးတွေ တို့လို့တွဲလောင်းလေးတွေက လွှဲရမ်းသွားခဲ့ပြီး သံစုံမြည်၏။

"ရှင် ဒီအိမ်ကိုလာတာ ဘယ်သူနဲ့မှသိလို့ မဟုတ်ဘူး..ဒေါ်ကြီးမေကို မာမီပေးခိုင်းလိုက်တဲ့ အထုပ်လာပေးပေးတာ..ဒါပဲ.."

ပတ်ဝန်းကျင်ကလူတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နန်ကြသည်။ ဦးမိုးယံက အံ့ကြိတ်ပြီး ထိမထင်ပုံစံနဲ့မဲ့၏။ သားဖြစ်သူ ကိုတော့ လူတွေလာကြတော့မယ့် အခြေမြင်တည်းက ပြေးခိုင်းလိုက်ပြီဖြစ် သည်။

"ဒီမှာ..ဒါကျုပ်အိမ်နော်၊ သူ့အမေလည်း မနိုးသေးဘူး..အဲ့ဒီတော့ အခုရှိနေတဲ့လူအားလုံးကို ကျုပ်ဆွဲမထုတ်ချင်ဘူး.."

"ဟော့..ဆွဲထုတ်ခံရမှာ ငါတို့မဟုတ်ဘူး.."

"ပြောပါဦး..ဘယ်သူလဲ.."

"အချိန်တန်ရင်သိရမှာပါ..အန်တီမေအိပ်နေတာလည်း ဘယ်လိုမှ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး.."

"ဟိတ်ကောင်သိန်းအောင်..မင်းစကားပြောတာ ကြည့်ပြောနော်၊ ကိုယ့်စကားကို တာဝန်ယူရမယ်ဆို မင်းအမှုကြီးသွားလိမ့်မယ်.."

ဦးမိုးယံက ခုချိန်ထိ လုံးဝဝန်မခံသည့်ပြင် သူကတောင်ခြိမ်းလား ခြောက်လား.. ၊

"ဝမ်းသွားလို့ အားပြတ်ပြီးလဲနေတဲ့ လူမမာက ငါဆေးခပ်မှအိပ်မှာ အား..နိုးရင်နိုးလိုက်ဦး၊ အားပြတ်ပြီး အသက်တောင်ရှိသေးရဲ့လား.."

"ဟော ဟော..ဒေါ်မေရှင် နိုးလာပြီ.."

အခြေအနေတွေက အားလုံးရှုပ်ထွေးသွားခဲ့သည်။ ရှင်က မာမီပေး ထိုက်သည့် လက်ဆောင်ထုပ်နှင့်ဒေါ်မေရှင့်အိမ်ကို ရှာကြံပြီးရောက်လာ ခဲ့သည်။ လူမရှိလို့ ခြံထဲထိအသံပေးရင်း ဝင်လာခဲ့စဉ် အိမ်ထဲကမှုမမှန် သည့် အသံဗလံတွေကို ကြားလိုက်ရပြီး လှေကားထစ်တွေပေါ်ထိတက် လာခဲ့ခြင်းဖြစ်သည်။

ထိုအချိန်မှာ ဦးမိုးယံ၏အံ့တကြိတ်ကြိတ်ပြောနေသမျှကို ကြားလိုက် ရတာ တံခါးဖွင့်ထွက်လာတော့မည့် လှုပ်ရှားမှုကိုလည်း သိလိုက်ပြီးလျှင် ဆက်နက်ပြေးကောက်ပြီး စောင့်ရိုက်ခဲ့ခြင်းဖြစ်၏။ သို့သော်.. ၊

"ကျုပ်တို့သားအဖနဲ့ သူတို့သားအမိဒီလိုပဲ ခွန်းကြီးခွန်းငယ်ဖြစ်နေ တာ..ပထွေးဆိုတည်းက မယားပါသမီးကို မျက်မွေးထော်ကြည့်ခွင့်မရှိဘူး အပြောပြော ဒီလူကြံစည်နေတယ်ပဲ.."

ဦးမိုးယံက တွင်တွင်ငြင်းနေပြီး ကိုကိုဇင့်နာမည်ကို လုံးဝအပါမခံ။ အာယက်ရှင်ဖြစ်သည့်သမုကလည်း အခန်းထဲဝင်သွားပြီးတည်းက ပြန် ထွက်မလာခဲ့တာ ဒေါ်မေရှင်သတိရပြီဆိုမှ လှစ်ခနဲအခန်းကူးသွားတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ ဒေါ်မေရှင်က သတိမရသေးဘဲဖြစ်နေသည်။ ဒီလိုပြဿနာဖြ ရပြီဆို မိန်းကလေးတွေအရှက်အကြောက်ကြီးကြတာကြောင့် လူယုတ်မာ တွေပဲ အသာစီးရသွားကြတာပါ။ ထို့ကြောင့်လည်း ပတ်ဝန်းကျင်က အသည်းယားနေကြတာဖြစ်သည်။ ထို့ပြင်.. ။

"ဒီမှာ နင့်ဘာသာဘာကိစ္စနဲ့လာလာ..ငါ့အိမ်ပေါ်တက်ပြီး ငါ့ကိုရိုက် တာ နင့်ကိုတရားစွဲမယ်.."

ဟု ကြိမ်းမောင်းနေသေးသည်။ ရှင်ကလည်း ဆတ်ဆတ်ထိမခံတဲ့ သူ.. ။

"ဟုတ်လား..လုပ်ကြည့်လိုက်လေ၊ ဒီက သက်သေမလိုက်ပေးနိုင် ဘူးဆိုတာ ဇယားရှုပ်တာတွေ မကြိုက်လို့..အန်ကယ်လ်ကြီးကို ကြောက် လို့ထင်နေတာလား.."

မျက်ခုံးလေးပင့် မေးဆတ်မေးပြီး လူကိုစေ့စေ့ကြည့်၍ မဲ့သေးသည်။ ပြီးတော့.. ။

"ငပိန်းတွေပဲ ထုံးတားလို့ရမယ်..ရှင်ထိပ်ထားဆိုတာ အမြဲတမ်းသူ များရဲ့ ဦးထိပ်ပေါ်မှာ အဲဒါမှတ်ထား.."

"အိုကွယ်..တူမကြီးမပြန်ပါနဲ့ဦး၊ ဒီမှာတကယ်လိုအပ်နေလို့ပါ..အား နည်းတဲ့ သားအမိအတွက် မိန်းမသားချင်းငဲ့ညှာတဲ့အနေနဲ့ ဖြစ်ဖြစ်ပါ.."

သွားမည်ပြင်လိုက်တိုင်း ပိတ်ပင်တားဆီးနေသဖြင့် ရှင်စိတ်တိုနေ ပြီဖြစ်ကာ အားလုံးဘက်ကိုလှည့်ကြည့်လိုက်ရင်း.. ။

"သူ့အမေကတောင် သူ့သမီးကိုမညှာဘဲနဲ့ တခြားလူကိုညှာခိုင်းနေ ရလား.."

ပက်ခနဲပြောလိုက်ပြီး နှာခေါင်းလေးတွန့်သွားကာ.. ။

"သမီးပျိုလေးရှိနေတာကို နောက်အိမ်ထောင်ပြုမယ်ဆိုရင် စဉ်းစား ရမှာပေါ့..ပထွေးကောင်းခဲ့တာ ရာဇဝင်မှာရှိလို့လား.."

ကိုယ့်သမီးမြေးလောက်လေးက ရှေ့မှာတည့်တည့်ရပ်ကြည့်ပြီး ပြော နေသဖြင့် ဦးမိုးယံမျက်နှာနီရဲသွားသည်။ အားလုံးလည်း တအံ့တဩတွေ ဖြစ်ကုန်ကြကာ.. ။

"ဒါကတော့ အားကိုးရှာကြတာ မိန်းမသားသဘာဝပဲလေ.."

"မိန်းမတိုင်းအားကိုးရှာဖို့ တစ်ခုတည်းတတ်ကြတာမဟုတ်ပါဘူး.. ဒီပြဿနာအစက ဘာလဲပြန်တွေးကြည့်ပြီး ကိုယ့်ပြဿနာကိုယ်ရှင်း၊ ဒီက

www.burmeseclassic.com

www.burmeseclassic.com



ချွန်းခံရင်း ငှက်သင့်မခံနိုင်ဘူး.."

"ဒါနဲ့သမီးကို.."

"ဖယ်ပေးနော်..ဘာသက်သေမှမလိုက်ပေးနိုင်ဘူးလို့ ပြောပြီးပြီ.."

"ကူညီလက်စနဲ့တော့ ပြီးစီးအောင်.."

"ကူညီခဲ့တာမဟုတ်ဘူး..စိတ်နဲ့လက်နဲ့မတိုင်ပင်လိုက်ခင် ရိုက်ထည့်ရိုက်တာ၊ အဲဒါကပြီးပြီ.."

"သက်သေမလိုက်ရပါဘူးရှင်..သမီးလေးသွားပါစေ.."

ဒေါ်မေရှင် သတိရကာမှ ရှင်ဖြောင့်ဖြောင့်တန်းတန်း ပြန်ခွင့်ရသွားခဲ့၏၊ ရှင့်မာမီ ဘာပစ္စည်းလက်ဆောင်ပေးခိုင်းမှန်းမသိ။ ရှင့်ကိုလည်း ဒေါ်မေရှင် ဘာမှအထွေအထူးမပြောလိုက်ရဘဲ ပြဿနာတစ်ရပ်နှင့် ကျန်ခဲ့ခဲ့၏။ အားလုံးကတော့ ပြဿနာထက်ပြဿနာကို မီးခွက်ထွန်းပေးပြီး လှည့်မကြည့်စတမ်း ထွက်သွားခဲ့သည့်ရှင့်ကိုပဲ အံ့သြမဆုံးဖြစ်ကြလေသည်။

ကူညီလို့ကျေးဇူးတင်ပါတယ်ဆိုတာတောင် ကူညီတာမဟုတ်ပါဘူးဆိုဝဲ.. ၊

ဘယ်လိုမိန်းကလေးလဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟင်...သမီးက ရှင်ထိပ်ထား.."

"ဟုတ်.."

ခေါင်းလေးညိတ်လိုက်တော့ နားနှစ်ဖက်မှာပန်ထားသည့် နားချ ရှည်လေးတွေ လွဲရမ်းသွားသည်။ သွားတန်းလေးတွေပေါ်အောင် ရယ်ေ သောမျက်နှာလေးက ပါးမို့လေးနှစ်ဖက်ပေါ်မှာ အချိုင့်ရာလေးတွေထင် သွားသဖြင့် ချစ်စရာကောင်းသွားသည်။

ဟုတ်ပါတယ် ဒီမျက်နှာလေးပါ။ ဒေါ်ရီလင်း ပျာပျာသလဲတံခါးဖွ ကြိုမိရင်း.. ၊

"လာသမီးလေးလာ..ခုမှပဲရောက်လာတော့တယ်သမီးရယ်၊ လာမယ် ဆိုတာသိတည်းက အန်တီကမျှော်နေတာ.."

"အန်တီက တစ်ယောက်တည်းပဲလား..ကိုကိုရော.."

"ဟင်..သားလား.."

ဒေါ်ရီလင်းက ရှင်ယူလာသည့်အထုပ်တွေအိတ်တွေကို နေရာချ ပြင်ပေးရင်းရယ်ကာ.. ၊

"သမီးကိုကိုရှိတာပေါ့ကွယ်..အတော်ပဲ ဒီနေ့သူဘယ်မှမသွားဘူ အိမ်ထဲမှာပဲရှိတယ်.."

"ရပြီဦးဌေး..ကားထဲကပဲစောင့်.."

"အေး..သမီး.."

ပစ္စည်းတွေလိုက်ပို့သည့်လူကြီးက ခေါင်းညိတ်ပြီးပြန်ထွက်သွာ သည်။ ရှင်က ဝင်ထိုင်လိုက်ရင်း ဆိုဖာလေးတွေခင်းထားသည့် ကျွန် ဆက်တီတွေကို ကြည့်သည်။ ပြီးတော့ တိုက်ခန်းကိုဟိုဒီမော့ကြည့်ကာ

www.burmeseclassic.com



"ဒါတွေ ကိုကိုဆွဲထားတာလား.."

နံရံပေါ်မှာ ပန်းချီကားပိစိလေးတွေက နံရံတစ်ဖက်မှာတစ်ခု ချိတ်ထားသဖြင့် ဆင်စွယ်ရောင်နံရံနဲ့ ကဗျာဆန်နေသည်။ သို့သော်.. ၊

"ဘာတွေဆွဲထားတာလဲဟင်..လှလည်းမလှဘူး.."

ဒေါ်ရီလင်းက ရယ်ကာ.. ၊

"မသိပါဘူးသမီးရယ်..မော်ဒန်လ်ပန်းချီဆိုလား၊ ဘာကိုပြောမှန်းတော့မသိပါဘူး..အန်တီလည်း မကြည့်တတ်ပါဘူး၊ ဒါနဲ့သမီးက ရန်ကုန်မှာနေချင်တာဆို.."

"ဟုတ်တယ်..ဟိုမှာဆို ဘိုးနဲ့ဘွားကအရမ်းချုပ်တာပဲ၊ မာမိတို့ပြန်ရောက်လာကြတော့ ပိုဆိုး.."

"သမီးလေးကို သိပ်ချစ်လို့ပေါ့ကွယ်..အန်တီကတော့ သမီးကိုကြည့်ပြီး သားကိုသနားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သမီးလိုမိဘဘိုးဘွားနဲ့ ညည်းစိမ်ခြွေရံတွေနဲ့ သားကိုအန်တီမထားနိုင်ဘူးလေ..ကိုယ်ကမပံ့ပိုးနိုင်ဘဲအပြင် ခုလိုမြို့မှာ တင့်တောင့်တင့်တယ်နေနိုင်လာခဲ့တာ သားကြိုးစားလို့.."

"ဒါကတော့ အန်တီလည်းရှာဖွေလုပ်ကိုင်ခဲ့သေးတာပဲ..သားကြီးလာတော့ သူပြန်လုပ်ကျွေးရမှာပေါ့၊ အန်တီကသားမွေးထားတာတောင်နောက်အိမ်ထောင်မပြုခဲ့ဘူး..တချို့အမေတွေဆို အားကိုးရှာတာအကြောင်းပြပြီး တစ်ယောက်မရှိတာနဲ့ နောက်တစ်ယောက်တန်းယူပစ်တာသမီးတွေမွေးထားတော့ အဲ့ဒီမိန်းကလေးတွေ ပထွေးနဲ့နေရရော..အရမ်းစိတ်ပျက်ဖို့ကောင်းတာပဲ၊ အဲ့ဒါတစ်ခုနဲ့တင် အန်တီကတန်ဖိုးကြီးအမေဖြစ်နေပါပြီ.."

"သမီးရယ်..ပြောနေလိုက်တာ အဟွန်း.."

စိတ်မထင်သလိုပြောချသွားသည့် မျက်နှာလေးက ကိုယ်နဲ့ဆိုင်သလား မဆိုင်သလားလည်း ထည့်တွေးနေပုံမပေါ်။ စုထွေးနီမြန်းနေသည့် နှုတ်ခမ်းသားတွေက သေချာချရေးပြီး ကောက်တင်ထားသလိုလှသည်။ ပြီးတော့ ချစ်ဖို့ကောင်းသည်။ မျက်ခုံးတန်းလေးတွေ စုတွန့်ပြီး စကားပြောတိုင်း ဆတ်ခနဲပင့်သွားတိုင်း ကကြီးပုံနဖူးပြေပြေလေးနဲ့ ကြည့်ကောင်း၏။

ငယ်ငယ်တုန်းက မြင်ဖူးပေမယ့် နောက်ပိုင်းမှာမတွေ့ဖြစ်တော့တာ

www.burmeseclassic.com

www.burmeseclassic.com



ကြာပါပြီ။ ကိုယ်ကလည်း မဆက်သွယ်ဝံ့တဲ့အခြေအနေ ဖြစ်သွားတာ ဒီတိုင်းပဲနေလိုက်တော့တာ ဖြစ်၏။ အကြောင်းမှာ.. ၊

"အန်တီခင်ကစပြီး ဆက်သွယ်လာတော့ အန်တီဖြင့်ဝမ်းသာလွန်း နေ့လည်က ထမင်းတောင်မစားနိုင်ဘူးသိလား..သားလုပ်ခဲ့တဲ့အပြ ကြောင့် အန်တီကမျက်နှာမပြရဲအောင် ဖြစ်ခဲ့ရတာလေ.."

ငယ်ငယ်တုန်းက သားကိုမန္တလေးမှာပဲကျောင်းထားပေးမည်။ က လေးပျော်မယ်ဆို ပညာရေးပြီးဆုံးတဲ့အထိ အားလုံးတာဝန်ယူပါ့မည်လို့ အကြောင်းကြားပြီး သူမကလည်းသဘောတူသည်မို့ လာခေါ်ခဲ့ကြသည်၊ ကလေးနဲ့ရင်းနှီးဖို့အတွက် ဒေါ်ခင်သီတာတို့တစ်မိသားစုလုံး ရွာကအိမ် စုတ်လေးမှာ တစ်ပတ်တိတိနေခဲ့ကြသေးသည်။

လင်းနဲ့လူကြီးတွေနဲ့လည်း ရင်းနှီးခဲ့ပါသည်။ သို့သော် ရှင်နဲ့တော နည်းနည်းမှမသင့်မြတ်ခဲ့ပေ။ ပြန်ကြတော့ လင်းပါသွားသည်။ ရွာကအ ထွက်မှာပဲ ကားရပ်ပြီးလက်ဆောင်ပစ္စည်းတွေ ဝယ်နေကြတုန်း လင်း ထွက်ပြေးသွားခဲ့၏။ ထို့ပြင်အိမ်ကိုလည်း ရုတ်တရက်ပြန်မလာသေး ကြောင့် လူကြီးတွေဗျာများကုန်ခဲ့ကြသည်။

ခေါ်သွားမည့်သူတွေမှာလည်း သူတို့ခေါ်ချင်သည့်အကြောင်း ကြောင့် ကလေးထွက်ပြေးသည်ဆိုပြီး စိတ်ဒုက္ခရောက်ကြသည်။ သူမ လည်း ကိုယ်ဒီလိုလုပ်ခဲ့သည့်နောင်တနှင့် အရှုံးမိုင်းဖြစ်ရ၏။ ရှင်တို့ မိသားစုတွေ ပြန်သွားကြကာမှ လင်းကအိမ်ပြန်လာ၏။

ကလေးပြန်လာလျှင် အကြောင်းကြားပါဦးဆိုလို့ အကြောင်းကြား လိုက်သေးသည်။ ဒေါ်ခင်သီတာတို့ကတော့ ကလေးပြန်ရောက်ရင် စိတ် ချပါပြီ အားမနာပါနဲ့လို့ပြောပေမယ့် သူမတို့အိမ်ထောင်ဦးကနေ သား လေးသုံးနှစ်သားအထိ မြို့ပေါ်မှာနေခဲ့သည့် ကာလမှာဘာမှလိုလေသေး မရှိအောင် ကူညီကယ်တင်ထားခဲ့သည့် ကျေးဇူးတွေက ဆပ်လို့မကုန် အောင်ပါ။ သို့သော် လင်းကတော့ အရွယ်လေးရလာပြီမို့ ဒါကိုလက်မခံ..

"အဲ့ဒီကျေးဇူးတောင် သားကိုထည့်ပေးပြီးဆပ်ဖို့ မေမေလုပ်နေပြီ အခုသားကို တာဝန်ယူမယ်ဆိုပြီးခေါ်သွားရင် ကျေးဇူးတွေထပ်တင်ရမှာ မဟုတ်ဘူးလားမေမေ..တကယ်တမ်းက သားကိုတာဝန်ယူမယ်ဆိုတာ အ လကားပါ၊ ဟိုကောင်မလေးအတွက် ကစားဖော်လိုချင်လို့.."

လူတတ်ကြီးလုပ်တတ်လာတဲ့အရွယ် စကားများတတ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီဆို လင်းရဲ့အကျင့်က လိုရင်းကိုတည့်တည့်သွားတတ်ခြင်းပင်။ ဘိတ်စ္စနဲ့ပတ်သက်ပြီး သားလေးကြိုးစားလာခဲ့တာကတော့ ဝမ်းသာစရာ ပါ။ အတိတ်ကိုပြန်တွေးလိုက်မိသည့်ခဏမှာ အားနာခဲ့ရခြင်းတွေက အစ အနေပြန်ဖြစ်လာသလိုရှိလျက်.. ।

"ခုချိန်မှာတော့ သမီးလေးလိုအပ်တာဘာဖြစ်ဖြစ် အန်တီဖြည့်ဆည်း ပေးမယ်..ရန်ကုန်မှာခဏပဲနေနေ အခြေချမှာပဲဖြစ်ဖြစ်..ဘယ်လိုတာဝန် မျိုးဖြစ်ဖြစ်ပါ.."

"ရပါတယ်အန်တီကလည်း ရှင်ကကိုကို့ကိုပဲ တွေ့ချင်တာပါ..ရှင့် အကူအညီတောင်းရင်လည်း ကိုကို့ကိုပဲ.."

"အေးပါ..အေးပါ သမီးကိုကိုကလည်း ခုနေသမီးကိုမြင်လိုက်ရင် ချစ်သွားမှာ..သမီးကချစ်ဖို့အရမ်းကောင်းလာတာကိုး.."

တကယ်မြင်တဲ့အတိုင်းပဲ ပြောမိတာပါ။ ငယ်ငယ်ကတော့ ပါးစုန့် လေးတွေဖောင်းဖောင်းလေးမှာ နှာတံပေါ်ပေါ်လေးက ပျောက်နေသည်။ နှုတ်ခမ်းစူပြီဆို မျက်ခုံးလေးတွေပါ စုကျုံ့ထားတတ်သဖြင့် အတော်စွာ သည့်ပုံမျိုးလေး.. ।

"ဒါနဲ့သမီးမာမီဆွေ ဆက်သွယ်တည်းက သားသင်တန်းလိပ်စာ ထည့်ပေးလိုက်တယ်လေ.."

"ဟုတ်တယ်..အဲ့ဒါလိုက်သွားပြီးပြီ၊ ကိုကို့ကိုမတွေ့လိုက်ဘူး.."

တွေ့ပေမယ့် မမီလိုက်တာက ကိုကိုတမင်ရှောင်သွားတာလား..စ ကားများထားကြလို့ ပြီးတော့အဲ့ဒီမိန်းကလေးက ရှင်မှန်းသိလို့ ထွက်သွား တာလားဆိုတာမသိ။ သူမခေါ်တာကို ကိုကိုကြားတယ်ဆိုတာတော့ ရှင် သေချာပေါက်သိသည်။

"စကားပြောချင်ဇောကပ်နေတာနဲ့ မေ့နေတယ်..ခဏနေ်သမီး သမီးကိုကို အိပ်နေလားမသိဘူး..အန်တီသွားခေါ်လိုက်ဦးမယ်.."

"ကျွန်တော်ရှိတယ်မေမေ.."

ဟင်.. ।

မျှော်နေတာက အိမ်တွင်းကိုပါ။ အသံကြားလိုက်တော့ ရှင့်နောက်က နံရံအကွယ်ကနေ ထွက်လာတာဖြစ်၏။

"ဩော်..သားက ထပ်ခိုးပေါ်မှာ စာဖတ်နေတာကိုး.."

ကိုကို့ကို လည်ပင်းလိမ်ကြည့်ရင်း အားမရဖြစ်လာကာ ရှင်စွေခန်

www.burmeseclassic.com

www.burmeseclassic.com



နေရာပြောင်းထိုင်သည်။ ရင်ထဲမှာလင်းခနဲဖြစ်သွားတာက 'ကိုကိုချောပါဘိ'လို့ တိတ်တခိုးရေရွတ်မိခြင်း။ ပြီးတော့ ရယ်ပြလိုက်မိသည်။ ကိုကိုကတော့ မျက်မှောင်ကုတ်မပြေ.. ။

ဆံပင်ရှည်က ဂုတ်ထောက်ရုံထက်ပိုသေးသည်။ လေးထောင့်ဆန်ချင်သလို ပြားတော့ဝိုင်းတော့မလို မျက်နှာကျပုံက ဆံပင်ရှည်နှင့်အရမ်းကို ကြည့်ကောင်းပါ၏။ ထိုပြင်အရပ်မြင့်ပြီး အဆီပိုမတင်သည့်ကိုယ်ဟန်ကန္ဒ၏။ ကိုကို့ပုံစံကို ဒီလိုပြောင်းလဲနေမည်လို့ သူမဘာဖြစ်လို့မထင်ခဲ့ရတာလဲ.. ။

မြင်လိုက်တာနဲ့ ကိုကို့ကိုငေးကြည့်နေမိလိမ့်မည်လို့လည်း တွေးတောင်မတွေးမိခဲ့ပေ။ သူမကိုကို့ကို ဒီနေ့ထိမမေ့ခဲ့တာက စွဲလမ်းနေတာမျိုးလည်းမဟုတ်။ မုန်းခဲ့တာလည်းမဟုတ်ဘဲ ကြီးကြီးကျယ်ကျယ်တွေ ပြောတတ်လုပ်တတ်ခဲ့သည့် ယောကျ်ားတစ်ယောက်အဖြစ် စွဲထင်ကျန်ခဲ့တာမျိုးသာ.. ။

"ငါကဘာလို့ နင့်အခိုင်းခံရမှာလဲ.."

"ဘာအဖော်လဲ..နင့်လိုကောင်မလေးနဲ့ ငါသူငယ်ချင်းအဖော်ဖြစ်စရာအကြောင်းမရှိဘူး.."

"ကျွန်တော်ကိုယ့်တာဝန် ကိုယ်ယူနိုင်တယ်.."

လင်းရောင်ဖြာဆိုသည့်ယောကျ်ားက ဤသို့သောစကားလုံးကြီးတွေနဲ့ မွေးလာခဲ့တဲ့သူ.. ။

"မေမေသွားစရာရှိလို့ဆို သွားပြီတောင်မှတ်နေတာ.."

"မေမေလား..အဲ.."

သွားစရာရှိပေမယ့် မသွားဘဲပြန်ထိုင်နေတာက ကိုယ့်သားကိုယ်စိတ်မချနိုင်လို့ပါ။ ရှင်တို့မိသားစုလို့ကြားလိုက်တာနဲ့ မျက်မှောင်ကုတ်ပြီးဖြစ်သွားတတ်သည့် အခြေအနေအရ.. ။

"သွားလေ..မေမေ.."

"အေး..အဟွန်း ရပါတယ်သားရဲ့၊ သမီးလည်းရောက်နေတော့ မေမေ့ကိစ္စက အရေးတကြီးမှမဟုတ်တာ.."

"အန်တီသွားစရာရှိနေလို့လား..သွားလေ ရပါတယ်၊ ရှင်ကတန်းပြန်မှာမှ မဟုတ်တာ.."

လင်းမျက်နှာ တန်းခနဲလှည့်လာ၏။ သို့သော် သူဘာမှမပြောရသေး

www.burmeseclassic.com

www.burmeseclassic.com



ခင်.. ၊

"ကိုကို့ကိုရှင်လိုက်ရှာတုန်းက ဘာဖြစ်လို့မသိသလို လုပ်သွားတာလဲ ဆိုကို.."

"မသိချင်လို့.."

"သား.."

ဒေါ်ရီလင်းက တားဆီးဖို့ပြင်သည်။ ရှင်ကတော့ အံ့သြသလိုလေး ဖြစ်သွားပေမယ့်.. ၊

"ဒါဆို ကိုကိုကသိရဲ့သားနဲ့ ထွက်သွားတာပေါ့.."

"ဘာတွေမေးနေတာလဲ..ငါနဲ့မျက်နှာချင်းဆိုင်မိတဲ့မင်းရော ငါ့ကိုသိ သို့လား.."

"မသိဘူးလေ..ဒါပေမယ့် ကိုကို့ကိုရှာနေတာ ကိုကိုရှေ့တင်.."

"မင်းဘာရှာနေသလဲလို့ ငါနားစွံနေတာမဟုတ်လား.."

ရှင့်မျက်နှာစိတ်မရှည်ပုံလေးဖြစ်သွားသည်။ ပြီးတော့ ထိုင်ရာမှထ ရပ်လိုက်ပြီး လင်းရှေ့ကိုသွားကာ.. ၊

"မဟုတ်ဘူး..ကိုကို့ကိုလှမ်းခေါ်ကာမှ ထွက်ပြေးသလို လျှောက်သွား တာ.."

"ဘာ.."

"ကိုကို့ပုံစံက လီဗာတွေစွတ်တင်ထားတော့ ရုတ်တရက်မမှတ်မိဘူး ဖြစ်သွားတာလေ.."

လင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။

"ပြီးတော့ ဦးလင်းရောင်ဖြာလို့ ကိုကို့နားမှာပဲရှင်လိုက်မေးနေတာ.. ဒီကလှမ်းခေါ်မှ တမင်တကာ.."

"ဦးလင်းရောင်ဖြာလို့ မင်းခေါ်လိုက်သလား.."

ရှင်ပါးစပ်လေးပြင်ပြီးမှ ဘာမှမပြောနိုင်။ လင်းကစိုက်ကြည့်ပြီး နှုတ် ခမ်းမဲ့၏။ ဒေါ်ရီလင်း လူငယ်နှစ်ယောက်ကြားမှာ ဘာတွေဖြစ်ခဲ့လို့ ဘာ ဝင်ပြောရမှန်းမသိအောင် ဟိုကြည့်ဒီကြည့်ဖြစ်နေတော့သည်။

"ကိုကိုကဘာကိုပြောချင်တာလဲ..ငယ်ငယ်တည်းက ကိုကို့ဆိုကိုကို သို့ခေါ်ရမယ်လို့ ဘွားတို့ကပြောခဲ့တာပဲ၊ ကိုကိုတို့ရွာမှာပဲလေ.."

"ငယ်ငယ်ကလည်း မင်းငါ့ကိုလင်းလို့ခေါ်တာပဲ.."

"အဲ့ဒါ.."

www.burmeseclassic.com

www.burmeseclassic.com



ရှင့်မျက်နှာမလှုံမလဲနှင့် တင်းတော့မလိုငိုတော့မလိုဖြစ်သွားရှာသည် ဒေါ်ရီလင်းမနေသာတော့ဘဲ.. ။

"သားရယ်..လူကြီးတွေအားလုံးပဲသားတို့ကို အဲ့လိုခေါ်ခိုင်းခဲ့တာလေ သမီးက ညကိုးနာရီလောက်သားရဲ့ တယ်လီလေးပျောက်လို့တောင် လိုက် ရှာကြရတာ အမှတ်တရပဲ..သမီးကသားလိုက်ရှာမယ့်ဘက်ကို ကိုကိုနဲ့အ တူလိုက်မယ်ပြောလို့တောင်.."

"အဲ့ဒီညကို သူမှတ်မိရင် ကျွန်တော်ဘာပြောခဲ့သေးလဲဆိုတာ သူသိ မှာပါ.."

ဟင်.. ။

ဒေါ်ရီလင်း ရှင့်ကိုလှည့်ကြည့်သည်။ ရှင်ကနှုတ်ခမ်းလေးဖိစေ့ထား ပြီး လင်းကိုပဲစိုက်ကြည့်နေလျက်.. ။

"ကိုကိုလို့ လိုက်မခေါ်နဲ့..ငါနဲ့လည်းမလိုက်နဲ့ သွား.."တဲ့.. ။

သေချာကိုမှတ်မိနေသည်။ သို့သော်.. ။

"မသိတော့ဘူး..ဘာလဲပြန်ပြောလေ.."

သူ့မျက်မှောင်ကုတ်သွားတာကိုကြည့်ကာ ရှင်ကအံလေးကြိတ်ပြီး မေးဆက်၍.. ။

"ရှင်ကြီးက လူကြီးတွေကွယ်တာနဲ့ ကိုယ့်ထက်အားနည်းတဲ့မိန်းမ ငယ်လေးတစ်ယောက်ကို ဘယ်လိုလက်သီးပုန်းစကားနဲ့ ထိုးနက်ခဲ့လဲလို့ ပြန်ပြောစမ်းပါ.."

လင်းမျက်နှာ အနီရောင်ရင့်၏။ ဒေါ်ရီလင်း စိုးရိမ်မိပါပြီ။ တစ်ခါမှ ပြန်မဆုံကြဘဲ ဒီလောက်နှစ်တွေကြာလာပြီးမှ ပြန်တွေ့လိုက်တော့လည်း ဟိုတုန်းကနဲ့ဘာမှမထူး။ လင်းလုပ်ပုံနဲ့ ဒီတစ်ကြိမ်ထပ်ပြီး မျက်နှာပျက်ကြ ရဦးမည်ဆိုလျှင်.. ။

"ကဲပါ..သားလည်းလာထိုင် သမီးနဲ့သားကို.."

"မေမေ့ကိစ္စဖြစ်သေးတယ်ဆိုရင် ကျွန်တော်သွားစရာရှိသေးတယ် မေမေ.."

"ကောင်းသားပဲ..ရှင်လည်းအရမ်းအရမ်းကို ပျင်းနေတာ.."

လင်းဆတ်ခနဲ လှည့်ကြည့်သည်။ ရှင်က ဒီတိုင်းပဲပြောလိုက်သည့် မျက်နှာလေးနှင့် ဆတ်တိပေါ်မှာ ဒီတိုင်းချထားခဲ့သည့် ကြိုးချည်အိတ် လေးကို ပြန်ကောက်သည်။ ပခုံးမှာအေးဆေးပြန်လွယ်လိုက်ပြီး လင်းနဲ့အ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖို့ အလိုက်သင့်ပြင်လိုက်တာအေးဆေး.. ၊

"မင်းဘာပြောလိုက်တာ.."

"ကိုကိုနဲ့လိုက်ဖို့လေ.."

"ငါကအပျင်းပြေသွားလာနေတာမဟုတ်ဘူး.."

"ဒါပေမယ့် ရှင်ကကိုကို့ဆီကိုလာတာ..ကိုကိုကထိုင်တောင်မထိုင်ဘူးဆိုတော့.."

"မင်းလိုက်သင့်တဲ့အကြောင်းတွေကို ငါစိတ်မဝင်စားဘူး..ခေါ်ဖို့ စိတ်ကူးမရှိဘူး.."

"သားရယ်.."

"ဆိုတော့ ဆောရီးပဲ.."

"သား.."

ဒေါ်ရီလင်း ကမန်းကတန်းထရပ်ပြီး ခေါ်လိုက်ပေမယ့် လင်းကစက်ဘီးသော့ လှမ်းဖြုတ်လိုက်ကာ.. ၊

"ကိစ္စအရေးကြီးလို့မေမေ အပြန်နောက်ကျရင် ဖုန်းဆက်မယ်.."

"ကိုကို့ဥစ္စာစက်ဘီးသော့ကြီးလား..ရှင့်မှာကားပါတယ်.."

"သမီး ဟိုလေ..သမီးကိုကိုက.."

"ရပါတယ်အန်တီ..စက်ဘီးလည်းနှစ်ယောက်စီးလို့ရတာပဲဟာ.."

"သားစက်ဘီးက ကယ်ရီယာခုံမပါဘူးသမီး.."

ဖွတ်လိုက်ဖို့ခြေလှမ်းပြင်ပေမယ့် လင်းကထွက်သွားပြီဖြစ်သည်။ ရှင်မျက်နှာလေး စူပုတ်ကောက်ချိတ်ရင်း ကျန်ခဲ့ရလျက်.. ၊

"ကိုကိုက အရင်တုန်းကအတိုင်းပဲ..ပိုကြီးတော့ပိုဆိုးလာသေး.."

စိတ်ဆိုးစရာပေမယ့် ဒေါ်ရီလင်းစိတ်မဆိုးနိုင်ပေ။ သူမလေးခမျာ သည်း သားပြောသမျှကို စိတ်မဆိုးနိုင်ရှာဟု တွေးမိရင်း.. ၊

"ထိုင်လေသမီး.."

"ဟုတ်.."

ခေါင်းညိတ်တာလည်း မြန်သည်။ ချက်ချင်းပြန်ထိုင်ပြီး ဘေးလွယ် အိတ်လေးကို ဘေးမှာပဲပြန်ပုံချလိုက်၍.. ၊

"ရှင်က ကိုကို့ကိုအစ်ကိုတစ်ယောက်လိုမျိုး ရင်းရင်းနှီးနှီးအကူအညီ တောင်းချင်တာပါ.."

"အေးပါသမီးရယ်..ဒီကောင်လေးဘယ်သူ့အပေါ်မှာမှလည်း ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက်ထိ ဘူးခံမငြင်းခဲ့ပါဘူး၊ အန်တီသမီးကို အားနာလိုက်တာကွယ်.. မမဆွေတို့သာသိရင် ဘယ်လောက်မျက်နှာပူဖို့ ကောင်းလိုက်သလဲ.."

ရှင်က မျက်နှာလေးမော့၍ ဆံစတို့ကို ခါထုတ်လိုက်ပြီးရယ်ကာ..

"ရှင်ပြန်ပြောမှ အန်တီမျက်နှာပူရမှာပါ..စိတ်ချ ဘွားတို့လည်းမသိ စေရဘူး၊ မာမီ့ကိုလည်း မပြောဘူး..ဟိုးအရင်ရွာကိုလာတုန်းကလည်း ရှင့်ကို ကိုကိုကြီမ်းလားမောင်းလားတွေ လုပ်ခဲ့ဖူးတာပဲ.."

"ဟင်.."

"အဲ့ဒီတုန်းကတောင် မာမီတို့ကိုရှင်ဘာမှ ပြန်မတိုင်ခဲ့ဘဲနဲ့.."

အဲ့ဒီတုန်းကလည်း ကလေးပီပီ အတိုင်အတောထူချင်ခဲ့တာပါပဲ။ ဒါပေမယ့် ကိုကို့ကိုဘွားတို့ဒေါသထွက်ပြီး အိမ်ကိုမခေါ်တော့ဘူးဘာညာ တွေ ဖြစ်ကုန်ကြမှာစိုးရိမ်ခဲ့တာပင်။ ကိုကို့အပေါ်သူမအပြောအဆို မညက် ညောခဲ့တာကလွဲလျှင် တမင်နှိမ်ချအနိုင်လိုချင်လို့တော့ မဟုတ်ခဲ့ပါ။

ပြီးတော့ လင်းရောင်ဖြာဆိုသည့်ယောကျ်ားအပေါ် သူမသတိတရ ဖြစ်နေခဲ့ခြင်းသည် စကားပြောမာကြောခြင်းအပြင် မာန်မာနကြောင့်အမြဲ တမ်း ကုတ်ချီထားတတ်သော မျက်ခုံးတန်းတို့ကိုဖြစ်၏။ ကိုကို့ကိုသတိ ရလိုက်တိုင်း မျက်နှာကိုမြင်ယောင်ကြည့်ဖို့မပီသော်ငြား တွန့်ကုတ်နေ တတ်သည့် မျက်ခုံးတန်းတို့နှင့် စူးလက်နေသောမျက်ဝန်းအစုံကိုတော့ အာရုံထဲမှာ အမြဲတမ်းရှိနေခဲ့သည်။ ထို့ပြင်.. ၊

'နင့်ကိုဘယ်တော့မှ မယူဘူး'လို့ ဆိုခဲ့သည့်စကားတွေကို မေ့လို့မရ ကိုယ်ကလိုချင်လွန်းလို့ မဟုတ်ပေမယ့် မလိုချင်ဘူးလို့အပြောခံခဲ့ရတာကို သတိရနေမိတာဖြစ်သည်။

ခုလည်း ထို့ထက်မလျော့သော မာနများနဲ့ပဲ သူ့ကိုပြန်ဆုံခဲ့ရသည် ဖြစ်ရာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၆)

"ဘယ်လို.."

လင်း တအံ့တသြဖြစ်သွားသည်။

"ရှင်ထိပ်ထား..ဟုတ်လား.."

"ဟုတ်တယ်..သူကတော့ သမုကိုမသိပါဘူး၊ အဲ့နေ့က ကိုကိုလင်းကို ရှာနေတာ သမုပဲမြင်ခဲ့တာလေ.."

ရှင်နဲ့သူမ ဘယ်လိုဆုံခဲ့ပုံကိုပြောပြတော့ ပထွေးနဲ့သူ့သားယုတ်မာ တွေပါ ပါလာခဲ့သည်။ လင်းမျက်နှာမှာ စိတ်မကောင်းဖြစ်ခြင်းတွေ အံ့ သြခြင်းတွေ ရောထွေးနေခဲ့လျက်.. ၊

"မင်းအိမ်မှာ အဲ့လောက်ထိအခြေအနေဆိုးနေတာလား.."

ဟု ခပ်တိုးတိုးရေရွတ်၏။ သမုကတော့ သူမအကြောင်းပြောဖို့ထက် ရှင်ထိပ်ထားနဲ့ပတ်သက်၍ သိချင်နေတာကိုပဲ ဦးစားပေးဖြစ်နေခဲ့လျက်..၊

"သူရှာနေတာ ကိုကိုလင်းပဲပေါ့နော်..ဟုတ်လား.."

"ဟုတ်တယ်ဆိုပါတော့..ဒါနဲ့မင်းအိမ်ကကိစ္စတွေ ဒီတိုင်းပြီးသွားတာ လား.."

"ဟုတ်.."

ဂုတ်ပေါ်ကနေ ရှေ့ကိုပြိုကျလာသည့် ဆံစလေးတွေကို နားနောက် မှာ သိမ်းညှပ်ထားလိုက်ပြီး သမုကခေါင်းညိတ်၏။ ပြီးတော့ သူမမျက်နှာ လေး ပြန်မော့မလာခဲ့ဘဲ.. ၊

"သမုလည်းဘာမှထိခိုက်မသွားဘူးဆိုတော့ ပိုပြီးအရှက်ခွဲမယ့်အဖြစ် မျိုး အမေကမလုပ်ချင်ဘူး.."

"မင်းကရော.."

www.burmeseclassic.com

www.burmeseclassic.com



သမုက ရှက်စွဲ့သိမ်ငယ်နေသည့် မျက်ဝန်းလေးတွေနှင့်မော့ကြည့်ကာ.. ။

"သမုက အဲ့ဒီကိစ္စကြီးကို လူသိရှင်ကြားဖြစ်အောင် တရားစွဲသင့်တယ်လို့ ကိုကိုလင်းကရောထင်သလားဟင်.."

"အဲ့လိုတော့မဟုတ်ဘူး..မင်းဘယ်လိုဖြစ်ချင်သလဲဆိုတာပဲ သိချင်တာ၊ ဒီကိစ္စမျိုးကို အရှက်သိက္ခာကြောင့် ဖုံးဖိကာကွယ်ထားကြတာတွေ အသက်သေတဲ့အထိ မျိုသိပ်ခံစားသွားတာတွေက သိပ်တော့မမှန်ဘူးကွ.. ဒါပေမယ့် မိန်းကလေးတွေဘက်မှာ အဲ့လောက်ထိခံစားသွားရတယ်ဆိုတာကိုလည်း ကိုယ်လက်ခံတယ်.."

"အဲ့ဒီတော့ အခုသမုဘာလုပ်သင့်သလဲဟင်.."

"မင်းကိုပဲကိုယ်မေးနေတာ..မင်းအမေဆုံးဖြတ်တာနဲ့ မင်းနဲ့တစ်ထပ်တည်းလား၊ ဒါမင်းဆန္ဒလား.."

"ရှက်တာကို ဘယ်လိုလုပ်ရမလဲကိုကိုလင်းရယ်.."

ပြောပြရင်း မျက်ရည်လေးလည်လာတော့ လင်းကပင့်သက်ရှိုက်ကာ

"ဟုတ်ပါပြီ..မင်းနဲ့အဲ့ဒီကိစ္စကို ထားလိုက်ရအောင်၊ ကိုယ်စိုးရိမ်တာက ဒီပြဿနာကြောင့်တော့ မင်းရဲ့ပညာရေးကို ထိခိုက်မခံပါနဲ့..ကျောင်းပညာရေးနဲ့ပတ်သက်တာတွေ ကိုယ်တတ်နိုင်သမျှ ကူညီပါ့မယ်.."

ဒီစကားကြောင့် သမုမျက်ဝန်းလေးတွေက နူးညံ့ရီဝေသွားခဲ့လျက် လင်းကိုငေးခနဲ ကြည့်သည်။ ပြီးတော့ မျက်နှာလွှဲလိုက်ပြီး.. ။

"ပညာသင်ခွင့်ရနေရုံနဲ့ ဘဝကြီးတစ်ခုလုံးပြည့်စုံသွားတာမှ မဟုတ်ဘဲ ကိုကိုလင်းရယ်.."

"မင်းဘက်ကအလုပ်ကို မင်းလုပ်လေ..အလုပ်လုပ်ရင်း စာမေးပွဲဖြေနိုင်အောင် မင်းအလုပ်လုပ်ဖို့ ကိုယ်ကူညီမယ်.."

"ကိုကိုလင်းကူညီနေတာကိုလည်း ဦးမိုးကအမြဲထေ့ငေါ့နေတာပဲ.."

"ကိုယ်သူ့ကိုစိတ်မဝင်စားပါဘူး.."

လင်းကပြောပြီး စာအုပ်နှစ်အုပ်ကို အိတ်ထဲကထုတ်ယူကာ.. ။

"ဒါ မင်းအနီးကပ်ကြည့်ဖို့အတွက် ယူလာတာ..အန်တီ့ကိုလည်း ပြောလိုက်ပါ၊ နေထိုင်မကောင်းရင် ကိုယ်ပေးထားတဲ့ ဖုန်းနံပါတ်ကိုဆက်လိုက်လို့ရတယ်လို့.."

"ဟုတ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာသူရကျော်က ကိုယ်နဲ့အရင်းနှီးဆုံးလူပဲ..အားနာဖို့မလို ဘူး.."

သင်တန်းရှေ့က ကဲန်တင်းမှာအတူထိုင်နေကြတာမို့ ထုံးစံအတိုင်း ချေအရင်ထဖို့ လင်းကနာရီကြည့်နေပါပြီ။ သမုကတော့ စာကျက်ရင်းကျန် နေခဲ့ပြီ.. ။

"ဟင်..ဟိုမှာကိုကိုလင်း.."

"ဘာလဲ.."

သမုကိုလှည့်မေးရင်း သမုမေးဆတ်ပြသည့်အရပ်ဆီ ပြန်လှည့်ကြည့် လျှင် ရှင်ကစာသင်ဆောင်တွေဘက်ကို ဦးတည်သွားနေ၏။

"ကိုကိုလင်းဆီလာတာ ထင်တယ်.."

သူဘာမှမပြောဘဲ နှုတ်ဆက်ပြီးထွက်သွားလျှင် သမုမျက်ဝန်းလေး ထဲမှာ လင်းနဲ့ရှင့်ထံမှာ ခေါက်တုံ့ပြေးနေခဲ့၏။ ပေးခဲ့သည့်စာအုပ်ကိုလည်း ကြည့်ဖြစ်။ ပတ်ဝန်းကျင်ကိုလည်း သတိမထားမိခဲ့ဘဲ.. ။

"ဟိတ်.."

"ဘုတ်.."

ယောင်အော်မိမတတ် လန့်ဖျန့်သွားကာ စားပွဲပေါ်ကျလာသည့်စာ အုပ်ကိုပဲ မျက်လုံးအရင်ရောက်၏။ ပြီးမှ လူကိုမော့ကြည့်မိသည်။ သူငယ် ချင်း နှင်းငွေဝေဖြစ်ကာ အလွန်အမင်းကဲ့ရယ်ထူသည့် ပါရမီရှင်လည်းဖြစ် သော.. ။

"ငေးနေလိုက်တာသမုရယ်..အဟွန်း ဟွန်း.."

"မဟုတ်ပါဘူးဟာ..ငါက.."

"ဟုတ်တာက ဘာလဲပြောပါဦး..ကိုကိုဆရာ ဆရာကိုကို ပျို့ပျို့ဖွဲ့ ခန်းလို့ပါဆို..ဟီး ဟီး.."

"ဟဲ့ နှင်းငွေ..နင်ကလည်း သူများတွေကြားကုန်တော့မှာပဲ.."

နှင်းငွေ့က စားပွဲဘေးမှာဝင်ထိုင်လိုက်ပြီး ပခုံးတွေတွန့်ရင်း ရယ်နေ သာ.. ။

"ကြားတော့ပိုကောင်းတာပေါ့ဟ..'နှုတ်ကြောင့်ကြေ လက်ကြောင့် သေ'တဲ့.."

"ဘာဆိုင်လို့လဲ.."

"ဆိုင်တာပေါ့ဟ..လူပြောများတော့ အတည်ဖြစ်သွားမယ်၊ အတည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့ နှင်တို့ညားသွားတာပေါ့.."

"ကြည့်စမ်း..ကြည့်စမ်း.."

သမုပါးပြင်လေးတွေ ရဲတက်သွားသည်။ ရှက်သည့်အပြင် လင်း သွားပြီး အထင်မြင်သေးမှာလည်း သေမလောက်ကြောက်မိ၏။

"နှင်းငွေ့ရယ်..ကိုကိုလင်းက ငါ့ကိုရိုးရိုးသားသားကူညီနေတာပါ.."

"မရိုးသားဘူးတော့ လုပ်လိုက်ပါ.."

"ပြောလေကဲလေပဲဟာ..တော်ပြီ တော်ပြီ၊ ဒီကနေသွားမှ.."

"အံမယ်..ဘာလဲ ငါ့ကိုမုန့်ဝယ်ကျွေးရမှာစိုးလို့လား၊ ဒီနေ့ ငါဝ ကျွေးမှာပါနော်..ငါ့မွေးနေ့အကြို.."

"အကြိုဖြစ်ဖြစ် အကျက်ဖြစ်ဖြစ် ကျွေးရမှာစိုးလို့လည်းမဟုတ်ဘူး စားလည်းမစားချင်ပါဘူး၊ ဆိုင်ထဲမှာလူတွေက အများကြီးပဲ..အလိုလို လူတွေကပြောချင်နေကြတာ.."

"ပြောချင်နေတာမဟုတ်ဘူးသမု ပြောနေကြတာမှ နားနဲ့မဆံ့ဘူး နှင်တို့ဒီဆိုင်မှာ တွေ့နေကျရော နှင့်ကိုပညာရေးထောက်ပံ့ပေးနေတာ ပညာစုံလို့ ကြင်ရာစုံတဲ့အခါ နှင်သူ့ကိုပဲ.."

"နှင်းငွေ့.."

"ဟမ်.."

"ငါတို့ကအဲ့လိုမဟုတ်ဘူး..နှင်လျှောက်ပြောမနေနဲ့၊ ဒီဆိုင်မှာ ကြတာလည်း ယူစရာရှိမှ..အဲ.."

"ခစ် ခစ် ခစ်.."

စကားမှားသွားတာနှင့် နှင်းငွေ့လက်ခုတ်လက်ဝါးတီးပြီး ထရယ် အနားကလူတချို့လှည့်ကြည့်တော့ သမုပဲအရှက်ရကာ.. ၊

"အခု စာအုပ်တွေပေးသွားတာ ဒီမှာမမြင်ဘူးလား..ငါဒီဆိုင်မှာ လာကျက်နေကျ နှင်မသိတာကျနေတာပဲ၊ ကိုကိုလင်းက တစ်ခါတစ်ခါ လာတာ.."

"နှင်စာကျက်တာလည်း ဆရာကိုကိုလာမလားလို့ မျှော်ဆိုတဲ့ ချင်းလေးနဲ့ပဲလေ..ဆရာကိုကိုကြီးကလည်း.."

"နှင်းငွေ့..နှင်အဲ့ဒီစကားတွေပဲ ဆက်ပြောနေမယ်ဆိုရင် သွားတော့ ဟာ၊ တကယ်တောင်းပန်တယ်.."

သမုငိုတော့မလိုဖြစ်လာမှ နှင်းငွေ့ပခုံးလေးတွန့်ပြီး မျက်နှာပိုးသ

www.burmeseclassic.com

www.burmeseclassic.com


ည်၊ သို့သော် အသံတိုးတိုးက ဆက်လက်၍.. ။

"ငါကနင်နဲ့ဆရာ့ကို သဘောတူလို့ပါသမုရယ်..နင်ခေါ်တာကိုတ ကိုလင်းတဲ့လေ၊ ရင်းနှီးမှုက တော်ရုံဟုတ်လို့လား.."

"အဲ့ဒါက ငါဖက်စ်ရီးယာ့ရိတက်ခဲ့တည်းက ခင်ခဲ့တာမို့ပါ.."

"ဘာပဲဖြစ်ဖြစ်လေ ရင်းနှီးလို့ဆရာမခေါ်ချင်ရင်လည်း ကိုလင်းပေါ့."

"ငါတို့ခင်တုန်းက ကိုကိုလင်းကဆရာမဖြစ်လာသေးဘူးလေ.."

"အဲ့ဒါကြောင့်ပြောတာလေ..ကိုကိုလင်းဆိုတာကလည်း ပိုရင်းနှီးတဲ့ သဘောမျိုးသက်ရောက်နေတော့.."

"အဲ့လိုပုံစံဖြစ်နေရင်လည်း နောက်မခေါ်ဖို့ကြိုးစားတော့မယ်ဟာ.. င်တို့ပြောနေကြတာနဲ့ ငါနဲ့ကိုကို..ကိုလင်းနဲ့ဆက်ဆံရေးအပျက်မခံနိုင် ူး.."

"ဩော်..အော့လို့လား၊ မသိပါဘူး..တကယ်တော့ ဆက်ဆံရေးပျက် စ နိုးလို့ကိုး.."

နင်းငွေ့ရဲ့ပါးစပ်ကို ဘယ်လိုပိတ်အောင်လုပ်ဖို့မှ မလွယ်ကူရသည့် င်း.. ။

"ဆရာကအရမ်းစမတ်ထ်ကျပြီး ပါဖက်ထ်ဖြစ်တဲ့ယောကျ်ားမျိုးနော်.. ချမ်းသာမဟုတ်ပေမယ့် အကြင်နာတရားတော့ ချမ်းသာတာသေချာ ယ်၊ ဘာလို့ဆို နင့်အပေါ်ဒီလောက်နူးညံ့နွေးထွေးတဲ့.."

"အဲ့ဒါတွေက.."

"အမလေး..ငါ့စကားဆုံးအောင် ပြောပါရစေဦးသမုရယ်..ဖြေရှင်းဖို့ င်နေတယ် တကယ်ပါပဲ၊ နင်တို့ရဲ့ရှေးဟောင်းနှောင်းဖြစ်တွေကို လူ တာကို နင်လိုက်ရှင်းပြနိုင်လားပြော.."

"ငါ့ရှေ့လာပြောနေတာ နင်ပဲလေ.."

"အဲ့ဒါ နင့်သူငယ်ချင်းကောင်းလို့ မှတ်လိုက်တော့.."

မှတ်သားလောက်ပါတယ်လို့ ပြောမိရင်း ပင့်သက်လေးရှိုက်မိ၏။ င်းငွေ့ကလည်း တကယ်မကြားရပေမယ့် ရိပ်မိနေကာ.. ။

"နင့်ရဲ့ရှေးဟောင်းနှောင်းဖြစ်တွေကို ဘယ်သူမှမသိဘူး..လူတွေသိ တာက ဆရာကနင့်ရဲ့စပွန်ဆာပဲ.."

"ဒုက္ခပါပဲဟယ်.."

"စပွန်ဆာ ယူရခြင်းများစွာထဲမှာ အဲ့လိုစပွန်ဆာမျိုးကို လူတွေဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောကြသလဲ နင်သိပါတယ်..ငါအမှန်းခံပြီးပြောနေတာက နင်နဲ့နင်ရဲ့ ရာကိုကို နှစ်ပါးသွားနဲ့ဇာတ်သိမ်းဖို့ပဲ.."

"အစီပွာယ်မရှိတာကို.."

"အေး..အဲ့ဒါကအစီပွာယ်မရှိဘူးဆိုရင် နင့်ဘဝတစ်လျှောက်လုံး ဘာမှ အစီပွာယ်ရှိတော့မှာ မဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ နင်တို့နှစ်ယောက် ကို ကွယ်ရာမှာအလွန်အကျွံပြောနေကြတာ ငါသေချာကြားနေရလို့ပဲ ပြန်မမေးနဲ့ လုံးဝမပြောဘူး.."

တကယ်ပဲ ပြန်ပြောပြရဲဖွယ်မရှိအောင် ကဲ့ရယ်နေကြလို့လား.. သူ တမင်ချဲ့ကားပြောနေတာတွေလားဆိုတာ မသိ။ နားထောင်နေမိသည် နားတွေ မျက်နှာတွေလည်း ထောင်ကားထူအန်းနေပါပြီ.. ၊

ကိုကိုလင်း မသိပါစေနဲ့.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

"ကိုကို.."

ခေါ်လည်းခေါ်သေးသည်။ လက်ကိုလည်းဆွဲလှည့်ပစ်လိုက်သေးသည်၊ ဘယ်လိုမှပြင်ဆင်ချိန်မရလိုက်သည့်အဖြစ်မှာ လင်းလက်ထဲက နှင်းနဲ့စာအုပ်က လွတ်လွတ်လပ်လပ်ကြီး ခုန်ပေါက်ဆင်းလေသည်၊

"တကယ်ပဲ..ဒီလောက်တောင် လျှောက်ပဲလျှောက်နိုင်တယ်၊ အဲ့ခြေထောက်.."

သူမကြောင့်ပြုတ်ကျကုန်တာကို လန့်ဖျန့်စိုးရိမ်သွားတာလည်း မဖြစ်သည့်အပြင် လင်းထက်ဦးအောင်ငုံ့ကောက်လိုက်ရင်း ပြောနေတာလည်း တစ်ချက်မှမရပ်.. ၊

"ရိပ်ခနဲမြင်လိုက် ပျောက်သွားလိုက်နဲ့ ဒီကလိုက်နေရင်း အစပြန်ရှာနေရတာမျိုး..အပြင်သင်တန်းချိန်တွေပဲဟာ စတိတ်ကျောင်းကဆရာတွေတောင် ကိုကိုလောက်ပြေးလွှားမနေဘူး.."

ပြောနေရင်း စာအုပ်နဲ့ဖုန်းကိုထပ်ကိုင်လိုက်ပြီး ရှေ့မှာဖြာဆင်းဝဲနေသည့် ဆံပင်ရှည်တွေကို ကျောလေးကော့၍ နောက်ကိုလွှဲပို့သည်၊ မှင်ငွေရောင်အိနေသော ဆံပင်ခပ်တွန့်တွန့်လေးတွေ ကျောပြင်ထက်မှာ နေသားကျလေမှ ဖျတ်တနဲထရပ်၏။ ပြီးတော့.. ၊

"အင်.."

သူ့ကိုကမ်းပေး၏။ လင်းက လှုပ်ရှားမှုတွေအတိုင်း စိုက်ကြည့်နေသည့် မျက်ဝန်းတွေကို တစ်ချက်မှမလွှဲဘဲ စာအုပ်နဲ့ဖုန်းကို ယူလိုက်ကာ..

"ငါ့လောက်ဘယ်ဆရာကပြေးမလဲ..ငါ့လိုဘယ်သူမှ အလိုက်မခံရတာ.."

www.burmeseclassic.com

www.burmeseclassic.com


ဟင်.. ။

ရှင့်မျက်ဝန်းလေးတွေ ပြူးခနဲဖြစ်၏။

"ကိုကိုက ရှင်လိုက်လာတာသိတယ်ပေါ့.."

လင်းကမဖြေဘဲ လှည့်ထွက်သွား၏။

"ကိုကို.."

ရှင် ကိုကို့ရှေ့ကနေ ပြေးသွားပြီးပိတ်ရပ်ထားကာ.. ။

"ကိုကိုက ရှင့်ကိုဘာဖြစ်လို့ ဒီလောက်တောင်ကြည့်မရဖြစ်နေရတာလဲ.."

အကြည့်ချင်းဆုံသွားခဲ့သည်။ ရှင့်အရပ်မနိမ့်ပါ။ ဒါနဲ့တောင် လင်းနဲ့မျက်နှာချင်းဆိုင်ရပ်လိုက်တော့ ရှင့်ရဲ့နဖူးလေးက လင်းနဲ့နှုတ်ခမ်းနားလောက်မှာ။ ထို့ကြောင့် မျက်လုံးချင်းဆုံမိတဲ့အချိန်မှာ ရှင့်မျက်တောင်လေးတွေ ပင့်ကပ်နေတဲ့အထိ မျက်လွှာပင့်ကြည့်နေရလျက်.. ။

"ဟင်လို့..ပြောလေ၊ တကယ်ဆို ဟိုအရင်တည်းက မဟုတ်တာလုပ်သွားတာကိုကိုရယ်.."

"ဘာ.."

"ဟုတ်တယ်..လူကြီးတွေကိုတောင် ကိုကိုလက်တစ်လုံးခြား လုပ်ထွက်သွားတာလေ.."

"ဟုတ်တော့ဘာဖြစ်လဲ.."

လင်းက စိန်ခေါ်သည့်မေးခွန်းနှင့်အတူ ရှေ့ကိုတိုးလိုက်တော့ ရန်စလိုက်တာလိုလို။ ဒါပေမယ့် ကျောင်းသားတွေခပ်စုစုအနားက ဖြတ်သွားသဖြင့် ကိုယ့်အရေးအခင်းကို ဂရုမစိုက်မိအောင် ကာကွယ်လိုက်တာဖြစ်သည်။ ရှင်က သူနေရာရွှေ့တိုင်း မျက်နှာကိုလိုက်ကြည့်နေရတာမို့ သူမမျက်ဝန်းလေးတွေလည်း ဟိုဘက်ပါသွားလိုက် ဒီဘက်ရောက်လိုက်.. ၊

"ဟိုတုန်းက နားမလည်ခဲ့ရင်လည်း အခုကလေးမဟုတ်တော့ဘူးဆိုတာ တစ်ခါတည်းပြောလိုက်မယ် မှတ်သွား.."

"မပြောနဲ့..သိလည်းမသိချင်ဘူး၊ မှတ်ထားဖို့လည်း စိတ်ကူးမရှိဘူး.. ဒါပေမယ့် ကိုကို့ကိုသိစေချင်တာတော့ရှိတယ်၊ အဲ့ဒါက ရှင့်ရင်ထဲကိုမမှတ်တရတွေဖြစ်အောင် သိပ်ထည့်မပေးပါနဲ့..ချစ်ချစ်မုန်းမုန်း အမှတ်တရဆိုတာ ဖျောက်ရခက်တယ်.."

ပြောချင်တာပြောသည်။ ပြီးတော့ မျက်နှာကိုတည့်တည့်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ချက်ခေါင်းရှယ်ပုံက ကလေးချင်းရန်ဖြစ်ကြသလိုမျိုး။ ပြီးမှ နောက်ကို ခြေနှစ်လှမ်းလောက်ဆုတ်လိုက်ပြီး ချာခနဲလှည့်ထွက်သွားသည်။ ခါး အောက်ထိရှည်သည့် ဆံနွယ်တို့လွင့်ခနဲ ဝေ့သွားပုံကို လင်းမမိုတ်မသုန် ကြည့်နေခဲ့သည်။ ညဝတ်အင်္ကျီပုံစံ ခါးစည်းရင်ဖုံးပန်းရင့်ရောင်က ပေါင် ခယ်လောက်ထိရှည်ကာ ခါးစည်းကြိုးစနှစ်စကို ခါးစပ်တစ်ဖက်မှာ ပန်း ပွင့်ပုံချည်ထား၏။

အောက်ကလည်း အင်္ကျီအပြင် လက်တစ်ဝါးလောက်ပဲ ပိုရှည်သော အပြာနုအောင်စကက်အကျပ်လေးကို ဝတ်ထားသည်။ ပွဲ့ဒေါက်မြင့်အဖြူ လေးကို ဝတ်ထားသည့်သူမကိုယ်ပေါ်မှာ အရောင်တွေစုံနေတော့သည်။ ဒါပေမယ့် သူမ၏ဖွေးနုဝင်းထိန်နေသော အသားအရေအရောင်၏ လုပ ခြင်းကြောင့် သူမကိုသတိမထားမိတဲ့သူမရှိ.. ।

"ဟာ.ဟော့ကောင် ဟိုမှာရှင်မို့လား..ရှင်ထိပ်ထား.."

အတော်အလှမ်းကွာသည့်နေရာမှာ ကျောင်းသားသုံးယောက်က လှမ်းမြင်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ ရှင်မသိခဲ့သော်လည်း ထို ထဲမှ တစ်ယောက်သောသူ၏ အကြည့်တွေကမလွှဲတမ်းစူးစိုက်လျက်.. ।

"ရှင်.."

"ခုမှရှင်မနေနဲ့..သူဒီရောက်နေတာ မင်းမသိဘူးမို့လား.."

"မင်းကလည်း ဟိုကဖြတ်သွားတဲ့ဥစ္စာ 'ငါရန်ကုန်ကိုလာမှာနော်.. ဘကြိုလိုက်'လို့ အကြောင်းကြားနေပါ့မလား..ဆုတောင်း.."

နှစ်ယောက်သည် အမေးအဖြေတွေဖြစ်နေကြလျက် သတ္တိကတော့ ချက်မှောင်ကုတ် စူပွနေသည့်မျက်နှာနှင့်.. ।

"တောက်.."

"ဟ.."

"ဘာလဲ..သူဒီလို နေခွင့်ရှိတယ်လေ.."

မအံ့သြပေမယ့် သတ္တိဘယ်လိုခံစားနေရသလဲဆိုတာ သိချင်ကြတာ နဲ့ စကားတွေခေါက်ကြ၏။ သတ္တိက သူ့မြင်ကွင်းထဲကနေ ရှင်ပျောက်ကွယ် သွားမှ.. ।

"မင်းတို့မမြင်လိုက်ဘူးလား.."

"ဘာလဲ.."

"ဆယ်လီလင်းနဲ့ သူစကားပြောသွားတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်.."

"ဟုတ်လို့လား..မင်းကငါပြမှ မြင်တာကို.."

သူတို့မျက်လုံးတွေ ဒီဘက်ကိုမျက်နှာမူ၍ လျှောက်လာသော လင်းဆီမှာ စုပြုံသွားကြသည်။ သတ္တိက လင်းကိုစူးစိုက်ကြည့်နေရင်း.. ၊

"တောက်..နေရာတကာသူပဲ.."

"ခုတော့ မင်းဂရုစိုက်ရမှန်းသိပြီလား.."

"အေးလေ..အစကတော့ သူများတွေခံစားနေရတာကို မစာမနာ.."

ဆယ်လီလင်းဆိုတာ သင်တန်းကျောင်းသားတွေ လို့ဂုဏ်ပေးထားကြသည့် လင်းရောင်ဖြာ၏နာမည်ဖြစ်သည်။ ချောလွန်းလို့လားဆိုတော့လည်းမဟုတ်၊ နာမည်ကျော်လောက်အောင် ဟော့ထ်ဖြစ်နေတာလည်းမဟုတ်ဘဲ အများထက်ထူး၍ မြင့်သောအရပ်အမောင်းနှင့် လမ်းလျှောက်ပုံလှုပ်ရှားပုံကအစ လင်းရဲ့စရိုက်အမျိုးမျိုးက စမတ်ကျနေတာဖြစ်သည်။

မိန်းကလေးတချို့က 'တည်တည်တင်းတင်းနေတာကိုက ရင်ခုန်စရာ'လို့ ပြောကြပေမယ့် ယောကျ်ားချင်းကတော့ တချို့ကလေးစားသမှုရှိကြကာ တချို့ကတော့ ချဉ်တူးတူးနှင့်.. ၊

"အလကားရုပ်ရှင်ရိုက်နေတာ.."

'ထွင်စတိုင်လ်' စသဖြင့် အမျိုးမျိုးဆိုကြလျက် လင်းရောင်ဖြာကနေ 'ဆယ်လီလင်း'ဖြစ်လာခဲ့လေသည်။ သတ္တိရဲ့အတွေးတွေက မကောင်းခြင်းအဖြာဖြာနှင့် ခရီးဆက်နေရင်း.. ၊

"အစက ဂရုစိုက်စရာမဟုတ်ပေမယ့် အခုငါ့မျက်စိထဲရောက်လာပြီ."

"အမှိုက်လား.."

"ဟော့ကောင်..ဒါရယ်စရာမဟုတ်ဘူး.."

သတ္တိက မြတ်သုရင်ဘက်ကို တွန်းပစ်လိုက်ပြီး လှည့်ထွက်သွား၏။ မြတ်သုနဲ့မနော့တို့က နောက်ကနေအမီလိုက်လာကြကာ.. ၊

"နေပါဦးသတ္တိရာ..မင်းတကယ်မြင်လိုက်လို့လား၊ ငါပြမှမြင်.."

"ဟော့ကောင်.."

သွားနေသည့်ခြေလှမ်းကို တုံ့ခနဲရပ်ပစ်လိုက်ပြီး သတ္တိရဲ့ဒေါသတွေ မြတ်သုထံ ဦးတည်၏။

"မင်းရဲ့'ဟာ'ဆိုတဲ့ အသံမလာခင် စက္ကန့်သုံးဆယ်လောက်တည်းက ငါသူ့ကိုမြင်တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်.."

"သူတို့ခုမှသိတာ မဟုတ်ဘူး..တစ်ခုခုရှော့ခ်ရှိနေတာ.."

"ဟုတ်လား.."

စိတ်ဝင်စားမှုတွေက ခုမှစိုးရိမ်ဖွယ်သို့ စတင်ချဉ်းနင်းတာဖြစ်သည်။ ...လေးမှာတည်းက သတ္တိနဲ့ရှင်တို့ချစ်ကျွမ်းဝင်ခဲ့ကြသည်။ ရှင်ကမာန ...သလောက် သတ္တိကလည်း အရှုံးမပေးတတ်သူဖြစ်သည်။ ရှင့်အချစ် ... ရေမကရယူနိုင်ခဲ့တာလည်း သတ္တိပဲဖြစ်သော်ငြား ခလုတ်တိုက်မိတိုင်း ...ကွဲဒုံးပြဲဖြစ်ရသည်။

သမီးရည်စားစကားများပြီဆို သူများတွေလို ကြိတ်ဖြစ်ကြပြန်တည့် ...နဲ့ ဘယ်တော့မှမပြီး။ ဒါပေမယ့် ရှင်ကသာအမြဲအနိုင်ယူခဲ့တာဖြစ် ...ည်၊ နောက်ဆုံးဖြစ်ရခြင်းမှာတော့ သတ္တိပေါက်ကွဲခဲ့သည်။ ရှင်ကအ ...တ်ဖြတ်သည်။ ဓာတ်လမ်းကဒီမှာပဲ ပြီးခဲ့ပြီထင်ရသော်လည်း..

"မင်းပဲ နီးနီးတောင်မနေချင်ဘူးဆို.."

"...... ..........."

"ရန်ကုန်ရောက်တည်းက ရည်းစားထားတာ သုံးယောက်ရှိပြီ.."

"မင်းကို ဘယ်သူစာရင်းစစ်ခိုင်းနေလို့လဲ.."

"မဟုတ်ဘူးလေ.."

"မဟုတ်ရင်မပြောနဲ့.."

"အေးပါ.."

မြတ်သုကအေးဆေးပေမယ့် မနောကသွေးဆူလွယ်သူဖြစ်သည့်အ ...ကြောက်.. ၊

"အေးဟာ..အဲ့ဆယ်လီလင်း သိပ်မဟုတ်တော့ဘူး၊ သူနဲ့မငြိတဲ့သူ ရှိ ...သေးရဲ့လား.."

"ကိုယ်ကချိန်လိုက်ရင် သူ့ရှေ့မှာပစ်ကျပြီးသား ဖြစ်နေတာချည်း ..."

"ဆိုက်ကာနင်းနေတာများလား.."

"ဟုတ်ဟန်မတူပါဘူး.."

"မတူအောင်နေနေတာ မဖြစ်နိုင်ဘူးလား.."

ဒီနေရာမှာ မိစန္ဒီသီချင်းကို အော်ဆိုပစ်လိုက်ရင်တော့ အဲကိုက်ပင်.. ......ကျော်ချင် ခွချင်ရင် ဆိုက်ကားနင်း........

www.burmeseclassic.com

www.burmeseclassic.com



သတိရပေမယ့် သတ္တိကိုအားနာသောကြောင့် မဆိုဖြစ်လိုက်။ မိန်းက
လေးတွေကိုက ချစ်ပါရစေကြိုက်ပါရစေပြောနေရင် အထာကြီးသဘာ
ကြီးနဲ့ မလှုပ်တလှုပ်။ အဲ့ကောင် ကြောတတ်သည်။ ဆရာကျသည်ဆိုရင်
တော့ အထင်တကြီးရှိကြပါဘိ.. ။

ဒီတိုင်းကြာကြာ မျက်စိစပါးမွေးစူးနေရရင်တော့ မလွယ်.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

အိမ်ထဲဝင်လိုက်တာနှင့် ထင်မှတ်မထားသောလူစုလူဝေးကို မြင်လိုက်ရ၏။ မာမီနဲ့ဘွားရယ် ပြီးတော့ မကြာသေးခင်ကမှသိခဲ့ရသော ဒေါ်အရှင်ဆိုသည့် အမျိုးသမီးကြီး.. ၊

"သမီးပြန်လာပြီ.."

"အမလေး..ငါ့မြေးလေးကိုမြင်ရမှပဲ ဘဝင်ကျတော့တယ်၊ လာစမ်း ငါ့မြေးရယ်..ဘာသင်တန်းတွေတက်နေလို့ ဒီလောက်တောင်တစ်နေ့လည်လုံး.."

"ဘွားတို့ဘယ်တုန်းက ရောက်နေတာလဲ.."

"မြေးထွက်သွားကာစလေးပဲလေ..ရောက်ရောက်ချင်း.."

"လာမယ်ဆိုလည်း ကြိုမပြောဘူး.."

ဟင်.. ၊

လာမကြိုလိုက်ရလို့ ပြစ်တင်မှာလားထင်ခဲ့ပေမယ့် ရှင့်မျက်နှာလေး တွတွနှင့် ပြောလိုက်သည့်စကားကြောင့် သားအမိတစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိ၏။ ဒေါ်သက်ထားဆွေကတော့ သမီးရိုင်းပျပုံကို ဘဝင်မကျဖြစ်သွားသည့်အတိုင်း မျက်နှာတည်သွားကာ.. ၊

"ကြိုပြောတယ်လေ..သမီးက မာမီတို့ဝယ်ပေးထားတဲ့ခြံမှာနေလို့ သား.."

"မာမီရယ်..ဖုန်းတွေဆက်စရာရှားတာကျလို့.."

ဖိနပ်ချွတ်နေရင်း စိတ်မရှည်သလိုပြောကာ ချွတ်ပြီးသည့်ဖိနပ်ကို တံခါးထောင့်ထဲ ဒီတိုင်းပစ်ထည့်၏။

"မြေး.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ထားဆွေမျက်မှောင်ကုတ်သွားကာ ဘွားကလက်ကာလိုက် ရင်း တားဆီးသလိုခေါ်ကာ.. ၊

"ဖိနပ်ကိုသေချာထားမှပေါ့မြေးရယ်.."

"မိသဲ..မိသဲရေ.."

ရှင်က ဘွားကိုရှုံ့မဲ့မဲ့လေး ခေါင်းခါပြ၍ အထဲကိုအကျယ်ကြီးလှမ်း ခေါ်၏။

"လာပါပြီမမလေး.."

"လာပါပြီကိုထားခဲ့..လူအရင်လာ.."

"ဟုတ်.."

"နှစ်ခါခေါ်ရပြီဆို ငါစိတ်တိုလာတာ နင်သိတယ်နော်.."

"ဟုတ်..သိ သိပါတယ်.."

ယဉ်ဌေးကို ရိုက်ပုတ်ပစ်ချင်သလိုကြည့်နေခဲ့လျက် ပြီးမှလူကြီးတွေ ရှိနေတာကို သတိရသွားသလို.. ၊

"သွား..ဟိုဖိနပ်သိမ်း.."

"ဟုတ်..ဟို မမလေးစီးဖို့ဖိနပ်.."

"နေပေ့စေ..ငါအပြင်ကခေါ်နေတည်းက နားမလည်ဘူးလား၊ လက် ချည်းပဲပြေးထွက်လာတည်းက နားရင်းအုပ်ပစ်ချင်နေတာ..ဟွန်း ပြောရင် မကြိုက်ဘူး၊ ရိုက်မိရင်ဒီမိန်းမက ကြမ်းတမ်းတယ်.."

ပေါက်စီပွစာ ရေရွတ်ရင်း ဘေးလွယ်အိတ်ကိုကြိုးရောအိတ်ရော လက်တစ်ဖက်တည်းမှာဖြစ်သလို စုလုံးကိုင်သည်။ ပြီးတော့ အိမ်ထဲကိုခြေ လှမ်းကျဲများနှင့် ဝင်လာကာ.. ၊

"ရှင်အဝတ်စားလဲလိုက်ဦးမယ်ဘွား.."

ပြောသွားပေမယ့် ခေါင်းညိတ်ဖို့လည်းမေ့၏။ ရှင်လှုပ်ရှားပြောဆိုနေ သမျှ ပါးစပ်အဟောင်းသားနှင့် အသံတိတ်ငေးမောနေခဲ့ကြပြီး.. ၊

"အမေ့မြေး တော်တော်ရိုင်းစိုင်းနေတာ တွေ့လား.."

"တွေ့တယ်..ဒါပေမယ့် မြေးအစက ဒီလို.."

"ဒီလိုရိုင်းချင်နေလို့ ဒီကိုထွက်လာချင်တာ ဖြစ်မှာပေါ့မေမေ့..သမီး က မေမေ့ကို စည်းကမ်းတင်းကျပ်လွန်းနေမလားတောင် တွေးနေမိသေး တာ.."

ဒေါ်ခင်သီတာ ခေါ် ဘွား၏မျက်ခုံးပြားပြားကြီးနှစ်ဖက် ပင့်တက်

www.burmeseclassic.com

သွားသည်။

"ရှင်လေးက ကျုပ်ကစည်းကမ်းမတင်းခဲ့ဘူးလို့ ပြောလိုက်တာလား သက်ထား.."

"မဟုတ်ပါဘူး..ဒါပေမယ့် မေမေ့မြေးအချိုးကို သမီးအိမ်ပြန်ရောက် တည်းက သိတယ်.."

"ဘယ်တုန်းကမှလည်း တစ်ယောက်တည်းခွဲမလွှတ်ခဲ့ဖူးဘူးလေ.. မ်းဒီခရီးကို သွားပါစေဆိုပြီး ရွက်လွှင့်ခိုင်းလိုက်တာ ဘယ်သူတုံး.."

ခညို့သည်နဲ့ပြောလက်စ အကြောင်းအရာတို့ကို ဘေးချိတ်ထားလိုက် း မြေးဖြစ်သူနဲ့ပတ်သက်၍ ဘွားကမခံရပ်နိုင်စွာ.. ၊

"ငါ့မြေး ငါ့အိမ်မှာချစ်စရာကောင်းမှကောင်း..ယဉ်မှယဉ်၊ ကိုယ့်အိမ် သားတွေကိုလည်း စိတ်တိုင်းမကျမှသာ တစ်ခါတလေ.."

"ကိုယ့်အိမ်သားတွေကိုဖြစ်ဖြစ် တခြားလူတွေအပေါ်ဖြစ်ဖြစ် တစ်ခါ လေရော အမြဲတမ်းရော ကြမ်းတမ်းတဲ့စကားဆိုတာ ပြောကိုမပြောသင့် လေ..မေမေ့မြေးရဲ့ဝမ်းတွင်းဗီဇကိုက.."

"သက်ထားဆွေ.."

ဘွားအသံမာနေပြီမို့ သက်ထားဆွေမျက်နှာခပ်ငုံ့ငုံ့လွှဲသွားခဲ့၏။ ပြီး ဒေါ်မေရှင်ဘက်ကိုလှည့်၍.. ၊

"ပြော..ဆက်ပြောမေရှင်၊ စကားပြောရတာ ဟိုရောက်ဒီရောက်နဲ့.."

ဒေါ်မေရှင်က ထပြန်သွားရမလို ဆက်ထိုင်နေရမလို ဖင်တကြွကြွ ဖြစ်နေရင်း ဒေါ်သက်ထားဆွေပြောလာမှ အသက်ရှူချောင်သွားသလို ဝမ်း အားရပြုံးကာ.. ၊

"အဲ့ဒါလေးပါမမထားရယ်..ဟိုလေ ဒီမှာလည်းမိန်းကလေးနှစ် ယောက်ပဲရှိတော့ သမီးဒီမှာလာနေတဲ့အတွက် အပန်းမကြီးဘူးထင်လို့ပါ၊ င်လေးရဲ့ဝေယျာဝစ္စတွေ အိမ်ဗာယီရတွေလည်း သူဝိုင်းကူပါလိမ့်မယ်.."

"အင်း..အဲ့ဒါကိုပြောရမှာ အားတော့နာတယ်၊ ဒါပေမယ့် ပြောမှ ည်းဖြစ်မှာ..သမီးရဲ့ဆက်ဆံရေးကို နင်လည်းတွေ့ပြီမို့လား၊ မိန်းကလေး ချင်းတူချင်း အဆင်ပြေမှာမဟုတ်ဘူးထင်တယ်..အိမ်အကူဆိုရင်လည်း မျိုးလေ၊ ဒီလိုပြောလို့ နင့်သမီးကိုအဲ့လိုဖြစ်စေချင်တာမို့ အထင်မ နဲ့နော်.."

"မထင်ပါဘူးမမထားရယ်..ရှင်လေးငယ်ငယ်က ကျွန်မကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ချိပွဲပြီး နို့ဗူးတိုက်ခဲ့ဖူးတာပဲ.."

"အဲ့ဒါက ခြောက်လခုနှစ်လသမီးလေးကိုးမေရှင်ရဲ့.."

"သံယောဇဉ်ရှိပြီးသားကိုပြောတာပါ..ကျွန်မလည်း မမထားတို့ဆီမှာ အကြာကြီးမလုပ်ခဲ့ဘူးပေမယ့် အိမ်သားတွေရဲ့စိတ်ရင်းကို နားလည်ပါ တယ်၊ သမုက ကျောင်းတစ်ဖက်နဲ့မို့ အချိန်တောင်းနေရပေမယ့် သူတာ နိုင်သမျှ အားလုံးဝိုင်းကူပါလိမ့်မယ်.."

"တို့အခုပြောနေတာ အလုပ်အတွက်မဟုတ်ဘူးမေရှင်.."

"ဟုတ်ကဲ့ပါ..ကျွန်မနားလည်ပါတယ်၊ လူ့အောက်ကျို့လို့ လူမပိ ဘူး..အိမ်မှာနေရင်သာ ဟိုသားအဖရန်က တစ်ချိန်ချိန်ရောက်လာမှာ.."

မြေးအကြောင်းတွေးနေရင်းကနေ အိမ်ထောင်ရေးဆိုသည့်ကဏ္ဍရော ပါလာတော့ ဘွားကလုည့်လာ၏။

"နို့..အဲ့ဒီလိုဖြစ်လာဖွယ်ရှိတာတွေ ညည်းအစကမတွေးမိခဲ့ဘူးလား.."

ကိုယ့်အိမ်မှာအလုပ်လုပ်သွားတာ တစ်နှစ်လောက်ပါပဲ။ စိတ်ဓာ စာရိတ္တရော အလုပ်လုပ်တဲ့နေရာမှာပါ ဘာမှပြောစရာမရှိခဲ့ပေ။ ဒါပေမယ် အပြင်ကိုသွားရပါများလာတာနှင့် ချစ်သူတန်းတွေကာ မကြာခင်မှာ လိုက်ပြေးသွားခဲ့သည်။ ခုပြန်ရောက်လာတော့ ထိုလူနှင့်မဟုတ်တော့ဘ နောက်တစ်ယောက်နဲ့.. ၊

"ငါပြောချင်တာက အားကိုးရှာတာဆိုရင်လည်း အားကိုးလောက်တဲ့ အထောက်အခံလေးနဲ့ လွတ်လပ်တဲ့သူကိုရှာပေါ့..ဘယ့်နှယ်ကိုယ့်မှာ လည်း သမီးလေးမွေးထားတာကို ယူတဲ့ယောကျ်ားက သူလိုကိုယ်လို အ ဆင့်လောက်နဲ့ သားကပါသေး.."

"မေမေရယ်.."

"မေမေကကဲ့ရယ်နေတာ မဟုတ်ဘူးသမီး..အခုသူတို့ဘယ်လိုရုန်း ဆိုင်နေရပြီလဲ.."

"ဟုတ်ပါတယ်..အန်တီပြောတာမှန်ပါတယ်မမထားရယ်၊ ကျွန်မမှာ ခဲ့တာပါ..အားကိုးရှာမိတာလည်း အဲ့ဒီလို.."

"ပြောရရင်တော့ မညာမတာစကားပဲဖြစ်တော့မယ်..အားကိုးရှာတဲ့ အကြောင်းပြချက်တွေကို ငါကတော့နားလည်ပေးလို့မရဘူး၊ အထူးသ ဖြင့် သမီးမိန်းကလေးမွေးထားတဲ့ အမေကပိုစဉ်းစားရမယ်..တစ်ခုလ တစ်လင်ကွာဖြစ်တာနဲ့ တစ်ယောက်တည်းရပ်တည်လို့မရတော့တာလား..

www.burmeseclassic.com


...ဖြစ်သွားရင် အားကိုးရှာရရောလား.."

ဘွားပြောသမျှ ဒေါ်မေရှင်ခေါင်းငုံ့နေရှာသည်။

"စိတ်တော့မဆိုးနဲ့..ကိုယ်ကြိုက်လို့ယူရင်ယူတယ်ပေါ့၊ ဒါကကိုယ့်ရဲ့ ...ယ်မှုပဲ..ချစ်သူထားရင်း မှားယွင်းကြတာတွေရော အိမ်ထောင်ပြုပြီး ...ခဲ့ရတာတွေရော အများဆုံးကမိန်းမသားဘက်မှာ အပြစ်ပိုရှိတယ်၊ ...ဆုံးဖြတ်ချက်မှားရင် ကိုယ်ပဲဒုက္ခပွေ့ရမှာ မဟုတ်ဘူးလား..ပိုစဉ်းစား ...တဲ့ကိုယ်က စဉ်းစားစားမစားစား ဂရုစိုက်စရာမလိုဘူးဆိုတဲ့ ယော ...တွေအပေါ် လိုက်လျောလွယ်တာ ဘယ်သူညံ့တာလဲ.."

မိန်းမသားတွေ ပျော့ညံ့ရခြင်း လိုက်လျောလွယ်ခြင်းတွေအပေါ်မှာ ...မလိုအားမရဖြစ်နေတတ်သည့် ဘွားရဲ့ခံစားချက်တွေက.. ၊

"အစမ္ပကျင့်ကြံခံရတဲ့ မိန်းမသားတွေကိုမပြောဘူး..သိသိနဲ့လိုက် ...လွယ်တဲ့ မိန်းကလေးတွေကိုပဲ ရိုက်သတ်ချင်တယ်၊ သတင်းတွေ ...လိုက်ရရင် ကျော်မကောင်းကြားမကောင်း..တာဝန်မယူတဲ့လူကမယူ ...ဆိုမှ ဟိုအပြစ်တင် ဒီအပြစ်တင်၊ တကယ်ဆို ကိုယ်မလိုက်လျောရင် ...ဖြစ်စရာ မရှိဘူး..မိမိတန်ဖိုးလည်း မကျဘူးပေါ့၊ မိန်းကလေးတွေ ...ယ့်ကိုယ်ကိုတန်ဖိုးမထားတာ တော်တော်ဆိုးတယ်.."

"သူလည်းမှားပါတယ်လို့ ပြောနေတာပဲမေမေ.."

"မေမေပြောပြီးပြီလေ..သူ့ကိုပဲပြောနေတာ မဟုတ်ပါဘူးဆိုမှ.."

ဘွားကိုတားလို့လည်း မရ.. ၊

"ညည်းကိုပဲပြောရမယ်ဆိုရင်လည်း ပြောဖို့ကျန်သေးတယ်မေရှင်.."

"ဟုတ်ကဲ့..ပြောပါအန်တီ.."

"ညည်းသမီးနာမည်က သမုရှင်ဆို.."

"သမုဒယရှင်ပါ..အလွယ်ခေါ်ရင်း သမုရှင်ဖြစ်.."

"အလွယ်တွေအခက်တွေ ငါမသိချင်ပါဘူး..ငါ့မြေးနာမည်က ရှင် ...ထားဆိုတာ.."

"ဟုတ်ကဲ့..ဟုတ်ပါတယ်အန်တီ၊ ဒါပေမယ့် 'ရှင်လေး'လို့အန်တီတို့ ...ခေါ်ပြီး ချော့မြှူနေတာလေးကို သဘောကျလွန်းလို့ 'ရှင်'ထည့်ပြီး ...မိတာပါ..တုပြိုင်ပေးခဲ့တာ လုံးဝမဟုတ်ပါဘူး.."

"ဒါပေမယ့် အခုဒီအိမ်ထဲမှာ နှစ်ယောက်အတူနေဖြစ်ကြရင် 'ရှင်' ...'ရှင်' ဖြစ်သွားပြီလေ.."

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မေရှင် မျက်လုံးအဝိုင်းသားနှင့် ခေါင်းခါလက်ခါဖြစ်နေခဲ့လျက်

"အဲ့လိုဖြစ်သွားမှာ မဟုတ်ပါဘူး..ဘာလို့လဲဆိုတော့ သမုကို 'ရှင်' လို့ ကျွန်မတစ်ခါမှမခေါ်ခဲ့လို့ပါ၊ 'ရှင်'ကိုကြိုက်လို့ 'ရှင်'ဆိုတာလေး ထည့် မှည့်မိရုံပါပဲ..နောက်ပြီး ကျွန်မကလည်း မေရှင်ဆိုတော့လေ.."

"အေးလေ..ထားလိုက်ပါ။ ငါတို့ကလည်း မာန်ဝင့်ပြီးဒီစကားပြော တာမဟုတ်ပါဘူး..ဒီအိမ်မှာလာထားပါရစေ ပြောလာတော့ နာမည်ကို စဉ်းစားမိပြီး တောင်တွေးမြောက်တွေး တွေးမိသွားလို့.."

"ဘာလဲ..အဲ့ဒေါ်ကြီးရဲ့သမီးကို ဒီမှာလာထားမလို့လား.."

"မြေး..လာ.."

ရှင်ပြန်ထွက်လာတော့ ခြေသလုံးတစ်ဝက်ထိရှည်သော အနက် ရောင်စာနားနှင့် ပိုးပျော့အင်္ကျီလက်ပြတ်ကို ဝတ်ထား၏။ ရင်ညွန့်ထိဟိုက် နေသော အင်္ကျီလည်ပင်းက V ပုံစံမို့ဖွေးနုစိုဝင်းသည့် ရင်ဘက်ပြင်လေး က ထင်းနေသည်။ သူမ၏အိမ်နေရင်း အင်္ကျီအားလုံးက ဒီလိုပုံစံတွေချည်း ပဲဖြစ်ကာ အရောင်တွေသာကွဲပြားကြတာဖြစ်၏။

သူမကိုလူကြီးတွေက ချစ်စနိုးအပြုံးတို့ဖြင့် ဆီးကြိုကြပေမယ့် ရှင်က တော့ ဒေါ်မေရှင့်ကိုခပ်စိမ်းစိမ်းကြည့်ကာ..။

"ဒေါ်ကြီးကရော.."

"ဟင်..ဒေါ်ကြီးကလား၊ ဒေါ်ကြီးကအိမ်မှာပဲနေမှာပါ..ဟိုသားအဖ ရန်ကရှိသေးတော့ သမုကိုအိမ်မှာမထားချင်လို့ပါ၊ သမီးနဲ့ဒီမှာလာနေခွင့် ပေးမယ်မို့လားဟင်.."

ရှင်က မကြည်ဖြူသည့်မျက်နှာလေးနှင့် ရှိနေလျှင်..။

"သမီးက သူငယ်ချင်းလို့သတ်မှတ်ရင်လည်း သူငယ်ချင်း..ဒီအိမ်က ကောင်မလေးတွေလို.."

"အို..မဟုတ်တာမေရှင်ကလည်း သူ့အစတည်းက ဒီမှာအလုပ်လုပ် ပြီး နေလာခဲ့တာမှမဟုတ်တာ..အလုပ်သမားလိုနေဖို့ မလိုပါဘူး၊ ရှင်လေး မှာလည်း မိန်းမဖော်ရှိတာ မဟုတ်ဘူးဆိုတော့.."

ဒေါ်သက်ထားဆွေရဲ့ စကားမဆုံးမီ..။

"ထားချင်ရင်လာထားလေ..ရှင်ကတော့ခိုင်းမှာပဲ.."

ကိုယ့်သမီးကိုယ် ဘယ်လိုဆုံးမရမှန်းတောင် မသိတော့ပါ။ သူ့ဖအေ လာမှ ပြောပြရဦးမည်..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"တီ..တီ.."

နောက်ကနေ ကားတစ်စီးကဟွန်းတီးနေသဖြင့် ဖုန်းပြောရင်း လမ်းဘေးကပ်ကြည့်လိုက်မိသည်။ သူရပ်ထားတာ မလွတ်မကင်းလည်းမဟုတ်တာမို့ ကိုယ့်ကိုဖယ်ခိုင်းနေသည်မထင်.. ၊

"အင်း..ဝင်ပေးမယ်လေ၊ အေးပါ စိတ်ချပါ.."

"..... ........"

"ငါလား..တပည့်မလေးတစ်ယောက် သင်တန်းမလာလို့သွားမေးမလို့လေ.."

"...... ......"

"အေး..သမုရှင်၊ ဟာ ဟော့ကောင် လျှောက်နောက်မနေနဲ့.."

"........ ..........."

"စိုးဖေယျာ..မင်းကလေ အသက်ကြီးလာလေ ပြောမကောင်းဆိုမကောင်း.."

"ဂျိမ်း.."

"ဟာ.."

ကားတစ်စီးလုံးဆောင့်ခုန်သွားကာ လူကငိုက်ခနဲစိုက်ကျသွား၏။ ကားလည်း ဘယ်ဆီဘယ်ဝယ်လွင့်ထွက်ပျောက်ကွယ်သည် မသိလိုက်ဘဲ..

"တောက်.."

ဒေါသကြောင့် ချက်ချင်းတံခါးဖွင့်ဆင်းလိုက်မိ၏။ နောက်မြီးကိုဆောင့်ခံပြီး မောင်းထွက်လာသည့်ကားကလည်း သူ့ကားရှေ့ကလွတ်လပ်စွာ မောင်းထွက်သွားပြီးမှ ရပ်သည်။ တံခါးဖွင့်၍ ဆင်းလာသူကိုမြင်လိုက်

www.burmeseclassic.com

www.burmeseclassic.com


တော့မှ.. ။

ရှင်ထိပ်ထား.. ။

လင်းမျက်နှာ တင်းပြီးသားဖြစ်သွားသည်။

"ဟင်..ကိုကို.."

ပန်းရင့်ရောင်သမ်းနေသော လေးထောင့်မကျတကျ မျက်မှန်ကိုချွ
လိုက်ရင်း ရှင်ကတအံ့တသြ.. ။

"ကန်တော့ ကန်တော့..ရှင်က ကိုကိုမှန်းမသိလို့ပါ.."

"ဘယ်သူမောင်းမောင်း ဒီလောက်လမ်းအလွတ်ကြီးကို မင်းတမင်
စတာမို့လား.."

"ဘယ်မှာလွတ်လို့လဲကိုကို..ဟိုဘက်မှာ သံချောင်းတွေပျဉ်ချော
တွေနဲ့လေ.."

ရှိနေတာသူမြင်သည်။ ဒါပေမယ့် ကားတစ်စီးအသာလေး ဝင်သွာ
လို့ရသည့်အကွာအဝေး.. ။

"ရှင် ဟွန်းတီးနေတာလည်း ကိုကိုဖယ်မပေးဘူး.."

"ဖယ်ဖို့မလိုဘူး..လွတ်အောင်မောင်းလို့ရတယ်၊ မင်းတမင်တကာ
လိုနေတာ အသိသာကြီး.."

ပြောပုံက ကိုကိုမှန်းမသိလို့ပါတဲ့။ ဒီ့ထက်ရှင်းတာတောင် ဒီလော
ရှင်းမှာမဟုတ်.. ။

"ရှင်ကရန်လိုနေတယ်ဆိုရင်လည်း ကိုကိုနဲ့တော့ ရန်ဖြစ်ချင်ပါ
လား..အခု အဲ့ဒီကားက ဘယ်သူ့ကားလဲ.."

လင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ ရှင်က သတိမထားမိ။ ပေါ
လယ်သာသာ ကော်ဖီရောင်ဆွဲသားစကက်အကျပ်လေးနှင့် ပခုံးစွန်းနာ
ထိ လည်ပင်းဟိုက်ထားသော ခါးကျလက်ပွအရှည် ပုစွန်ဆီရောင်ရင့်ရ
အကျီလေးဝတ်ထားသည်။

ခါးမှာကော်ဖီရောင် ခါးပတ်လေးကကြေးကွင်းလေးတွေပေါ်ကာ ခါ
စပ်တစ်ဖက်မှာ လှုပ်လှုပ်ခါခါတွဲလွဲကျနေကြ၏။ ခုံထူအမြင့်ကြီးနှင့် ဖိ
ကပ်ရောင်ဖျော့ဖျော့ ကြိုးသိုင်းဖိနပ်ကိုစီးထားကာ သူမဘာသာမေးပြ
ကားနောက်မြီးကို သွားငုံ့ကြည့်ရင်း ဟိုကိုင်ဒီကိုင်.. ။

ပြီးတော့ နှာခေါင်းလေးတွန့်၍ မဲ့သွားကာ.. ။

"ဟင်လို့ ကိုကို..ဒါဘယ်သူ့ကားလဲ၊ ကိုကို့ကားဆိုရင်.."

www.burmeseclassic.com

www.burmeseclassic.com



"သူများကား.."

"ဩော်..သူများကားဆိုရင် လွယ်လွယ်လေး..ကိုကိုရှင်နဲ့လိုက်ခဲ့၊ အဲ့ဒီကားကို ဝပ်ရှော့ခ်ကိုလာဆွဲခိုင်းလိုက်မယ်.."

သူမဘာသာ စီရင်ဆုံးဖြတ်ရင်း လက်ဖဝါးလေးနှစ်ဖက် ပွတ်သပ်ခါရင်း၊

"ကားကဒီလောက် ဒိတ်အောက်ပြီးစုတ်ပြတ်နေတာ..ခုချိန်ဆို ဒီကားပိုင်ရှင် ခြောက်ဆယ်ကျော်လောက်ပဲရှိမှာ.."

ပြောနေပြီး တစ်ဖက်က မျက်နှာကိုအကဲမခတ်..။

"တကယ်ဆိုပြန်ပြင်မနေဘဲ သံရည်ကျိုစက်ထဲ ပစ်ထည့်လိုက်ရမှာ."

သူမမျက်လုံးအဝေ့မှာ လင်းမျက်နှာနီရဲတင်းမာနေတာကို သတိထားမိသွားကာ..။

"ကိုကိုကမယုံလို့လား..ရှင့်လောက်ကားခဏခဏလဲရတာ မရှိဘူး၊ အလျော်အစားတွေလုပ်လာခဲ့တာလည်း ကားပေါင်းမနည်းတော့ဘူး.."

ကြည့်စမ်း..ဒီလိုစိတ်မရှည်တိုင်း တိုက်ချပစ်ခဲ့တာတွေလား..။

"ဘွားကဆို အရမ်းဆူတာ..လူတိုင်းမှာ လောဘကိုယ်စီနဲ့တဲ့၊ မိုးလင်းတာနဲ့ လမ်းပေါ်မှာသွားလာနေကြတဲ့လူတွေ ယာဉ်တွေက မိမိဝမ်းရေးအတွက် ကိုယ့်လောဘနဲ့ကိုယ် သွားလာနေကြတာ စာနာစိတ်မွေးရမယ်တဲ့၊ ကိုယ့်အရေးပဲကြည့်ပြီး ဒေါသမထွက်ရဘူးတဲ့..ဒါပေမယ့် ဘယ်လိုစာနာရမလဲ၊ ဟွန်းတီးလည်းဂရုမစိုက်..လမ်းတောင်းနေလည်းမပေး.."

ပြောပြီးမှ လင်းမျက်နှာကိုကြည့်၍ အားတုံ့အားနာလေး ပြုံးလိုက်ပြီး..။

"အဟွန်း..ကိုကို့ကိုပြောတာ မဟုတ်ဘူး.."

"ဖယ်ပေး.."

"ဟင် ကိုကို.."

ရှင့်ပခုံးကိုထိခတ်မတတ် သူထွက်သွားလျှင် ရှင်အံ့ဩသလိုလေး ဖြစ်သွားပြီးမှ..။

"ကိုကို.."

ချက်ချင်းလိုက်ပြီး လက်ကိုဆွဲလိုက်၏။ သို့သော်လင်းက လက်ကို ဆွဲရှောင်လိုက်ပြီး ပြန်ကြည့်ကာ..။

"အဲ့ဒီကားကို ပြန်ပြင်ပြီး ငါ့သင်တန်းဖုန်းကိုဆက်လိုက်.."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်သိပါတယ်..အခု ကိုကို့ကို ရှင်လိုက်ပို့မယ်လေ.."

"မလိုဘူး.."

လင်းမျက်နှာ ဒီလောက်ထိနီမြန်းခက်ထန်နေတာကို ရှင်နားမလည် နိုင်ဖြစ်နေသော်လည်း.. ။

"ထပ်ပြောမယ်..အဲ့ဒီကားပျက်စီးတာမှန်သမျှ ပြန်ကောင်းပေ့စေ၊ အပ်တာထက်ပိုပြီး စိန်စီရွှေချလာလည်း မင်းကိုဘယ်သူမှကျေးဇူးတင် မဟုတ်ဘူး.."

ပြောပြီးတာနှင့် ကိုင်ထားသည့်ကားသော့ကိုပေးသည်။ သူမယော နနယူထားမိသော်လည်း.. ။

ဒီလောက်စိတ်တိုသွားတာ ကိုကို့ကားများလား.. ။

နောက်ထပ်တားဆီးဖို့လည်း သတိမရတော့ဘဲ ကားထဲကအဲ့ ဘုတ်ခ်ကို ယူကြည့်လိုက်မိလျှင်.. ။

ဦးလင်းရောင်ဖြာ ဆိုသည့်ကားပိုင်ရှင်အမည်သည် ရှင့်မျက်လုံး ကို ဝိုင်းစက်ပြူးကျယ်သွားစေခဲ့လျက်.. ။

သွားပြီ.. ။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၀)

"ဘာလို့မျက်လုံးပြူးပြီး ကြည့်နေတာလဲကွ.."

"ကိုကိုလင်း.."

"ဟုတ်တယ်..သင်တန်းမတက်ဘဲ ဘာတွေလုပ်နေတာလဲပြောပါ ..."

"သမုသင်တန်းတက်လို့ မရတော့ဘူးကိုကိုလင်း.."

"ဘာဖြစ်လို့လဲ.."

သုမ ရှင်တို့အိမ်ကိုပြောင်းခဲ့ပြီဖြစ်သည်။ သင်တန်းပြီးတာနဲ့ ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်ရဖို့သေချာနေပြီဆိုတာ သိပေမယ့်လည်း သုမအနေ..လုပ်ဖို့က မလွယ်တော့ပေ.. ။

"ဘာပဲဖြစ်ဖြစ် ဘွဲ့လေးတစ်ခုတော့ ရမှာပဲသမုရယ်..ကိုယ်ကစက်မှုတက္ကသိုလ်မတက်ခဲ့ရဘဲ အိုင်တီပညာရှင်ဖြစ်ချင်လို့ ကြိုးစားတာမို့လား၊ သင်တန်းမတက်ရလို့ အင်ဂျင်နီယာမဖြစ်ရတော့လည်း ဖြစ်ကံမပါလို့ပဲ ..ရမှာပေါ့သမီးရယ်..နောက်ပိုင်း ရှင်လေးနဲ့အဆင်ပြေသွားရင်လည်း ..မျိုးဖြစ်ချင်ဖြစ်မှာပေါ့၊ အခုအရေးကြီးတာက ညည်းရဲ့လုံခြုံရေးပဲသ ..."

အမေပြောတဲ့စကားတွေကို သေချာပြန်စဉ်းစားရင်း ကိုကိုလင်းမေး..တာကို ဘယ်လိုဖြေရမလဲစဉ်းစားတာ ခေါင်းတွေသာနောက်လာသည်။ ..ဆင်ပြေမယ့် အဖြေစကားရှာမတွေ့နိုင်.. ။

"ဟော့..ဖြေလေ.."

"အဟွန်း.."

ပြောတော့မလိုပြုံးမိပေမယ့် ဘာဖြေရမှန်းမသိ။ ညျးလမ်းလေးက

www.burmeseclassic.com

www.burmeseclassic.com


ထွက်လာတော့ အမေ့အတွက် ဝယ်လာသည့်သစ်သီးတွေနဲ့ ဆေးအိတ်ကို ဆွဲရင်း ရွှေတောင်ကြားကိုပြန်ရမလား..အမေ့ဆီပြန်သွားရမလား အရင် စဉ်းစားရသည်။ ရှင်နဲ့အတူနေတော့မှာကို ကိုကိုလင်းသိရင် ဘာဖြစ်လာ မလဲ.. ။

တွေးကြည့်တော့ ရှင်နဲ့ကိုကိုလင်းလည်း သိနေတာမို့ နောက်လည်း သိမှာအတူတူ သိပ်တော့မထူးဘူးဆိုသည့် အဖြေကိုရ၏။ အိမ်ကိုပြန်ရင် တော့ အမေဆူမှာသေချာပါသည်။ 'အန္တရာယ်များလွန်းလို့ပြောတာ အမေ့ ဆီလည်း အလည်မလာနဲ့တော့ အမေပဲလာခဲ့မယ်'လို့ သေချာမှာထားခဲ့ တာမို့.. ။

"ဟို သမုဘက်မှာအဆင်မပြေတာတွေလည်း ကိုကိုလင်းသိရဲ့သား နဲ့.."

"အဆင်မပြေတာတွေက ခုမှရှိခဲ့တာမှမဟုတ်ဘဲ သင်တန်းကစာမေး ပွဲ နီးနေပြီလေ..မဖြေလိုက်ရရင် နောက်နှစ်ပြန်စမှတက်ရတော့မှာ နောက် ပြီး မင်းအလုပ်လုပ်မှ အန်တီ့ကိုကူညီနိုင်မှာမို့လား.."

"ဟုတ်.."

ဘေးမှာ လင်းပါလာတာနှင့် ပတ်ဝန်းကျင်က သတိထားပြီးငဲ့ကြည့် လာကြသည်။ ကိုယ့်အသိတွေမဟုတ်ပေမယ့် လင်းပုံစံကိုက မြင်လိုက်ရင် လိုက်ကြည့်ချင်အောင်သန့်စင်ချောမွေ့နေတာဖြစ်၏။ အတူတူတွဲလျှောက် နေရမည့် ခံစားချက်ကရင်ထဲမှာ သာယာသလိုလို ပျော်သလိုလို။ ဒီလိုမျိုး မကြာမကြာရှိတတ်ခဲ့ပေမယ့် ရှိလာခဲ့တိုင်းလည်း သူမဒီလိုခံစားမှုမျိုးတွေ ပဲ ဖြစ်လာတတ်လေရာ.. ။

"ကိုကိုလင်း..ကားမပါဘူးလားဟင်.."

"ကားကဝပ်ရှော့ခ်ရောက်နေတယ်.."

"ဒါဆို သမုဆီကို တမင်လာတာပေါ့နော်.."

"ဟုတ်တယ်ဆိုပါတော့.."

"ဆိုပါတော့ ဆိုတာက.."

"ကားနဲ့လာတဲ့နေ့က မင်းဆီကိုပဲ..ဒီနေ့တော့ ဈေးလေးဘက်မှာကိစ္စ ရှိလို့လာရင်း မင်းဆီဝင်ရကောင်းမလားတွေးနေတုန်း မင်းအိုလုမ်းမြင် လိုက်တော့.."

ပြောနေပုံကြောင့် နှစ်ယောက်သားရယ်လိုက်မိသည်။ သမုက ပခုံး

www.burmeseclassic.com

www.burmeseclassic.com



အသာဆံနွယ်ပျော့ပျော့လေးတွေနှင့် နှာတံနဲ့မျက်ခုံးတန်းလေးတွေက ထင်းနေအောင်လှသည်။ သူမမျက်နှာထက်ပိုလှတာက ကိုယ်ဟန်သွယ်သွယ်နှင့် သူမရဲ့ဟန်ပန်.. ။

စကားပြောရင်း အမှတ်တမဲ့ငဲ့ကြည့်မိပြီးမှ မျက်နှာပြန်လွှဲရသည်။ သူမလေးနဲ့ မျက်လုံးချင်းဆုံမိတိုင်း စိတ်ထဲမှာတစ်မျိုးတစ်မည်ဖြစ်သွားတတ်တာ ဘာကြောင့်မှန်းမသိ။ ကိုယ်ကကြည့်မိတာကြောင့်လား..သူမမျက်ဝန်းလေးတွေကပဲ ပုစ္ဆာဆန်နေတာလား..ဖြစ်နိုင်ဆုံးက အကြည့်ချင်းဆုံမိတဲ့နောက်မှာ ပြောဖြစ်မယ့်စကားတွေကိုမလိုချင်တာထင်သည်။

"မင်းတို့အိမ်တွင်းရေးကိစ္စတွေရော အဆင်ပြေရဲ့လား.."

သိချင်စိတ်ဖြစ်လာလို့ မေးမိပြီးမှ သူမမျက်နှာပျက်သွားတော့ အားနာသွားကာ.. ။

"ဒီတိုင်းပဲသိချင်လို့ မေးတာပါ..ရှိုင်းသွားလားမသိဘူး.."

"မရှိုင်းပါဘူးကိုကိုလင်းရယ်..သမုကလည်း ပြောချင်နေတာပါ၊ ကိုကိုလင်းကမမေးဘဲ ပြောလိုက်မိရင် ကူညီတတ်တဲ့သူကို အခွင့်အရေးထပ်ချင်လို့.."

"ဟာ..အဲ့လိုမျိုးမတွေးနဲ့လေ၊ တို့ကလည်း ကူညီတတ်တဲ့သူဖြစ်ခွင့်ရဖို့ ကျရာနေရာကပါဝင်ကြိုးစားနေတဲ့သူမှ မဟုတ်ဘဲ..တကယ်လိုအပ်နေတဲ့သူမို့လို့ ကူညီခဲ့တာ၊ မဟုတ်တာတွေလျှောက်မတွေးပါနဲ့..အခုဘာဖြစ်နေလို့လဲ မင်းသင်တန်းမတက်တော့တာ အဲ့ဒီပြဿနာလား.."

"ဟုတ်တယ်.."

ရှင်နဲ့အတူသွားနေမယ့်အဖြစ်ကလွဲ၍ ဦးမိုးယံတို့သားအဖရဲ့အန္တရာယ်ကြောင့် လောလောဆယ်ကိုယ့်သားအမိလုံခြုံရေးကိုပဲ ဂရုစိုက်နေရကြောင်းကို ပြောပြမိသည်။ လင်းကနားထောင်ပြီး ခဏတွေးနေသေးသည်။ ပြီးမှ.. ။

"အဲ့ဒါကို အန်တီက ဘာမှမဆုံးဖြတ်ဘူးလား.."

"အမှုမဖွင့်ဘူးဆိုတည်းက အနေအထားကပုံမှန်အတိုင်းပဲလို့ ပြောလို့ရတာပဲလေ..နှစ်ရက်သုံးရက်တော့ ပျောက်သွားကြတယ်၊ ပြီးတော့ ဖအေပေါ်လာလိုက် သားကပေါ်လာလိုက်..သူတို့ဝင်ချင်ထွက်ချင်တဲ့အချိန်ပေါ်လာကြတာပဲ.."

သူများမိသားစုအရေးမို့ ဝင်စွတ်ဖက်ဖို့က ခက်နေသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သဘာဝမကျသလိုကြီး ခံစားနေမိတာက ဒါကိုဖြစ်နိုင်တာပဲလို့ ထော
ခံပေးဖို့လည်း မလွယ်.. ။

"အမေ့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူးကိုကိုလင်းရယ်..ယောကျ်ား
ကတစ်ဖက် သမီးကတစ်ဖက် ခံစားလာခဲ့ရတာ ခုမှမဟုတ်တာ၊ ဒီလူကြီး
က သူ့စိတ်မထင်ဖြစ်လာရင် ပြောချင်ရာပြော ထင်သလိုလုပ်တာဟိုအရင်
တည်းက.."

ဒါနဲ့တောင် ဒီအခြေအနေထိဖြစ်အောင် နေလာခဲ့တာလားလို့ မေး
ချင်စိတ်ဖြစ်လာပေမယ့်.. ။

"တို့စိတ်အထင်ပြောရရင် မင်းအဲ့ဒီအိမ်မှာ ဆက်နေရင်ဒီလိုထပ်ဖြစ်
လာမှာပဲ..သိပ်မကြာခင်ဖြစ်လာမယ်လို့တောင် ပြောလို့ရတယ်.."

ဘုရား.. ။

သမှ ဘုရားတလိုက်မိသည်။ အခု ဘယ်လိုနေထိုင်သလဲလို့ မမေး
စေနဲ့.. ။

"မင်းအတွက်လုံခြုံဖို့ တစ်ခုခုစီစဉ်သင့်တယ်သမှ..အဲ့ဒီကိစ္စ အန်တီ
နဲ့တို့ ဆွေးနွေးချင်တယ်.."

"ရှင်.."

"တစ်မျိုးမထင်နဲ့နော်..လိုအပ်ရင် လူကြီးတွေနဲ့တိုင်ပင်မှာပါ၊ တို့
မိတ်ဆွေတွေထဲမှာ မင်းနဲ့အဆင်ပြေနိုင်မယ့် အလုပ်ရောနေထိုင်စရာပါ
ကူညီစီစဉ်ပေးနိုင်တဲ့ လူတွေရှိတယ်.."

လမ်းပေါ်မှာသွားနေသည့် ခြေလှမ်းတွေနှေးကျသွားခဲ့လျက် ပြော
မိသည့်အကြောင်းရာပေါ်မှာပဲ အာရုံရောက်နေခဲ့ကြသဖြင့်.. ။

"တီ.."

"ဟာ.."

ကားကအရှိန်နဲ့လာပြီး ဘွားခနဲပေါ်လာမှ ဟွန်းကပ်တီးလျှင်..

"သမှ.."

လင်းစိုးရိမ်တကြီး ဆွဲယူလိုက်သဖြင့် သမှကိုယ်လေးသူ့ဘက်
ကျလာကာ နှစ်ယောက်စလုံးယိမ်းယိုင်သွား၏။ ထိုအခါ ငါပြုံမသွား
အောင်ထိန်းရင်း လင်းကသူမကိုဖက်လိုက်မိသလို ဖြစ်သွားခဲ့လျက်..

"ရှပ်ရှင်ရိုက်နေတာလားဟ.."

"စနက်ရိုက်ချက်လေး.."

www.burmeseclassic.com

www.burmeseclassic.com


"အားကျတယ်ကွာ..အဲ့လိုမျိုးသာဆို ကားတိုက်သွားပါစေတော့၊ ဟား ဟား ဟား.."

စကားသံတွေက မဆင်မခြင်ကျယ်လောင်စွာဖြင့်.. ၊

"ဆောရီးကွာ..စိုးရိမ်စိတ်နဲ့ အမှတ်တမဲ့ဆွဲလိုက်မိတာ.."

သူမကိုယ်လေးကို ကမန်းကတန်းလွှတ်ပေးလိုက်ရင်း လင်းက ကောင်းပန်သည်။ ပတ်ဝန်းကျင်ကိုရော အန္တရာယ်ကြီးသွားတာကိုပါ သတိမထားနိုင်တော့အောင် ရှက်ရွံ့နေသူက သမုပဲဖြစ်ကာ၊ သူမကိုယ်တိုင် လင်းရဲ့ခါးကို သိမ်းကျုံးဖက်လိုက်မိတာလည်းရှိသည်မို့.. ၊

"ဟို..ရ ရပါတယ်ကိုကိုလင်းကလည်း၊ သမုကလည်း ဖက်.."

မျက်လုံးချင်းဆုံသွားတော့ ပိုရှက်သည်။ ထိုနေရာကနေ နှစ်ယောက်သား ကတိုက်ကရိုက်ထွက်ခဲ့ကြပြီး စကားလည်းချက်ချင်းမပြောဖြစ်တော့ဘဲ၊ တစ်အောင့်ကြာမှ.. ၊

"တို့မနက်ဖြန်ဖြစ်ဖြစ် မင်းအဆင်ပြေမယ့်တစ်နေ့နေ့လာခဲ့မယ်လေ၊ အခု သွားစရာရှိသေးလို့.."

"ဟင်..ကိုကိုလင်းက အိမ်ကိုလိုက်မလို့မဟုတ်ဘူးလား.."

"ဟုတ်တယ်..အိမ်ကိုဝင်မလို့ပဲ၊ အခုမင်းနဲ့တွေ့ပြီး စကားပြောလိုက်ရတော့ အန်တီနဲ့တို့ပြောဖို့ရှိလာတာတွေက အခုလိုက်မလာဖို့ဖြစ်သွားတာ.."

"ရပါတယ်..အခုဖြစ်သွားတာကို သမုကိုအားနာလို့ဆိုရင်တော့..ဟို ရပါတယ်လို့.."

"အဟွန်း..ကျေးဇူးပါ.."

လင်းကသွားတွေပေါ်အောင် ရယ်လိုက်တိုင်း ပို၍ကြည့်ကောင်းသွားတတ်ကာ ရယ်ပေမယ့်အသံမထွက်တတ်တာက ဆွဲဆောင်မှုတစ်မျိုးဖြစ်၏။

"မဟုတ်ပါဘူး..တို့ကကူညီချင်တဲ့အကြောင်းပြောမှာလေ၊ ဒါပေမယ့် ကိုယ်တိုင်လည်း မဟုတ်တော့ ဆုံးဖြတ်ရမယ့်သူအတွက် စဉ်းစားဖို့ ရှိမှာပေါ့..မင်းနဲ့အန်တီတိုင်ပင်လိုက်ပါ၊ အန်တီက သဘောတူတယ် ဆိုရင် တို့ကိုယ်တိုင်လာပြောပါ့မယ်.."

လမ်းနားကိုရောက်ခါနီးမှ နှုတ်ဆက်ပြီးပြန်လှည့်သွားသည်။ သမု ကြာကြီးလှမ်းကြည့်နေပြီးမှ အမေ့အိမ်ကိုဆက်လက် ဦးတည်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ထဲမှာတော့ မွန်းကြပ်ရှုပ်ထွေးခြင်းတွေနဲ့ပါ။ ထင်သည့်အတိုင်း အိမ်ထဲဝင်လိုက်တာနှင့် အမေမျက်လုံးအဝိုင်းသားနှင့်.. ।

"ဘယ်လိုဖြစ်လို့ တစ်ယောက်တည်းလာရတာလဲသမုရယ်..ဟိုအိမ်မှာနေနေပြီဆိုပြီး ငါ့မှာတော့ ခုမှပဲသက်ပြင်းချနိုင်တော့.."

"အမေရယ်..သမီးသိပါတယ်၊ ဒါပေမယ့် ကိုကိုလင်းနဲ့တွေ့တာနဲ့-

သမုပြောပြလိုက်တော့ ဒေါ်မေရှင်က ခေါင်းတခါခါနှင့်.. ।

"အဲ့ဒါတစ်ခါတည်းပြောပြလိုက်ပါလားအေ..သူကစိုးရိမ်လို့ကူညီမှာပေမယ့် ရှင်လေးနဲ့နေသလောက်ဂုဏ်သိက္ခာရှိပါ့မလား၊ ခုတောင်သင်တန်းကြေးတွေ စာအုပ်ဖိုးတွေ စာမေးပွဲဝင်ကြေးတွေကအစ သူအကူကူညီနေတာ လူတွေဘယ်လောက်ပြောနေပြီလဲ.."

သမီးရောက်လာတာနှင့် ပြန်လိုက်ပို့ဖို့ စီစဉ်ရတော့သည်။ ညနေစာချက်မလို့ ဘူးညွှန့်လေးတွေချိုးနေတာကို ဘေးချထားလိုက်ပြီး အိမ်တံခါးတွေလိုက်ပိတ်ရင်း.. ।

"ပြောရရင် အလုပ်တစ်ဖက်နဲ့စာမေးပွဲဖြေနေတည်းက အားလုံးအဆင်ပြေအောင် အလုပ်တွေရှာပေး..လိုအပ်တာတွေရှာနဲ့ ဟိုအရင်တည်းကကူညီနေတာ.."

"အဲ့ဒါကြောင့် ကိုကိုလင်းကိုသမီးယုံကြည်တာပေါ့အမေ..သူကကူညီမယ်ဆိုရင် သူ့ကိုစော်ကားရာကျမယ့် ငြင်းပယ်မှုမျိုး ပြောမိမှာစိုးရိမ်တယ်.."

ဒေါ်မေရှင်က ဧည့်ခန်းတံခါးဆီပြန်ထွက်လာရင်း သမီးဖြစ်သူမျက်နှာကို အံ့ဩသလိုမော့ကြည့်သည်။ သမုက မျက်လုံးချင်းဆုံကာမှ မျက်လွှာချပစ်ကာ နောက်ကတကောက်ကောက်လိုက်ရင်း စကားပြောနေသော်လည်းမယ့် ခေါင်းငုံ့လျက်.. ।

"နောက်ပြီးတော့ သမီးနဲ့ရှင်ဖြစ်ပါ့မလားလို့ တွေးမိ.."

"ဘယ်လို ဘယ်လို.."

ဒေါ်မေရှင်က ထပ်ဆင့်အံ့ဩသွားသည့်အသံနှင့်.. ।

"မနေ့ကထိ ညည်းတက်ကြွနေတာပါ..အခု ဘယ်လိုဖြစ်ရတာလဲ"

"မနေ့ကမှ ပြောင်းခဲ့တာကိုအမေရယ်..ရှင်က.."

"ရှင်က အဲ့လိုပဲသမီး..အရမ်းချမ်းသာပြီး အရမ်းအလိုလိုက်ခံခဲ့ရတဲ့ကလေး၊ အဲ့ဒီကလေးကို မမွေးခင်တည်းက တတ်အချမ်းတဲ့နက္ခတ်ယတြာ

www.burmeseclassic.com

www.burmeseclassic.com


နဲ့ အကျယ်တဝင့်ပြင်ဆင်ထားတာ ဘာလို့လဲဆိုတော့ ရှင်လေးကိုယ် ရှိလာမှ အိမ်ထောင်ရေးသာယာလာပြီး စီးပွားရေးလုပ်ငန်းတွေမယုံနိုင် အောင် တိုးတက်လာလို့ပဲ.."

"သူတို့လိုချမ်းသာတဲ့လူတွေ ရှိတာပါပဲအမေရယ်..အကျယ်ချဲ့နိုင်တဲ့ သူက ချဲ့တာပါ၊ ဒါပေမယ့် ချမ်းသာတဲ့လူမို့ဆင်းရဲတဲ့လူတွေအပေါ်မှာ ပြောသမျှမှန်နေတာတော့ မဟုတ်သေးပါဘူး.."

"ရှင်လေးက ငယ်သူမို့ပါသမုရယ်..မမထားတို့က စိတ်ရင်းစိတ် ကောင်းပြည့်ဝကြပါတယ်၊ နေပါဦး ငါ့သမီးက ရှင်လေးအိမ်မှာနေမယ့်အ ကြောင်း လင်းကိုမပြောဘဲထားတာ ဘာကြောင့်များလဲ..အမေအံ့ဩလို့ တာ.."

"အမေကလည်း.."

ရွဲ့သလိုလို တကယ်အံ့ဩသလိုလို ဘာကြောင့်မေးမှန်းမသိပေမယ့် အမေမသိလို့မေးတာမဟုတ်မှန်း သမုသိနေသည်။

"သမီးကိုယ်သမီးလည်း ကြိုးစားပါတယ်..ဒါပေမယ့် အဲ့ဒါကိုမ ပြောချင်ဘူးဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ၊ ရှင်လေးနဲ့နေရင် သမီးကအ လိုလိုနေရင်း ရှင်လေးရဲ့.."

"မဟုတ်ဘူးသမီး..ကိုယ်လိုတဲ့အကူအညီရအောင် အမေ့ဘဝနဲ့ယှဉ် နှိမ့်ချပြောခဲ့တာ၊ သမီးကိုသူတို့အဲ့လို ဆက်ဆံမှာမဟုတ်ဘူး..အဲ့လို ဆက်ဆံကြရင်တောင် သမီးကအိမ်ဖော်လုပ်ဖို့ သွားနေဘာမှမဟုတ်တာ၊ င်းလိုအသိဉာဏ်ရှိတဲ့ လူကပိုပြီးနားလည်မှာပါ.."

ဒေါ်မေရှင်က ဝင်းမွတ်ကြည်လင်နေသည့် သမုမျက်နှာလေးကို ကြည့်၍ လက်လေးကိုဆွဲကာ.. ။

"ထိုင်စမ်းသမီး.."

ဆက်တီမှာ အတူတူထိုင်လိုက်ကြရင်း.. ။

"ယုတ်စွအဆုံး..ရှင်လေးကအဲ့လိုဆက်ဆံနေရင်လည်း ဆဲတဲ့လူနဲ့ အဆဲခံရတဲ့သူ ဘယ်သူကဆိုးသလဲ လူတိုင်းသိပါတယ်၊ သမီးမှတ်ထား မှာက ကိုယ့်ကိုပြန်ကြည့်ပြီးလည်း ရောင့်ရဲမနေနဲ့..ရှေ့ကိုမျှော်ပြီးလည်း တဲ့စိတ်မကျနဲ့၊ သမီးလျှောက်ရမယ့်ခရီးက အလွန်ရှည်ကြာတဲ့ဘဝ ခရီး.."

သမု မျက်နှာငယ်လေးနှင့် ငေးနေရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီစရိုးကို သမီးခြေထောက်တွေနဲ့ သွားရမှာမဟုတ်ဘူး..ဦးဏှောက်နဲ့သွားရမှာ၊ ကိုယ့်မှာရှိသမျှ ကံစွမ်းဉာဏ်စွမ်းနဲ့ လုံ့လဝီရိယအားစိုက်မှုတွေလည်း ပြင်းထန်ရမယ်..မေတ္တာတရားလည်း မပါလို့မရဘူး၊ အမေပြောချင်တာက ပစ္စုပ္ပန်မှာစိတ်ကိုနှစ်ထားပါ.."

"အမေရယ်..သမီးက.."

"သမီးခံစားနေရတာကို အမေသိတယ်..ဒါကြောင့်ပဲပြောနေတာပေါ့ အမေက ပညာတတ်တစ်ယောက်တော့မဟုတ်ဘူး..ဒါပေမယ့် ကိုယ်တိုင်သိပြီးမကျင့်ကြံနိုင်ခဲ့တဲ့ ရင်ဆိုင်ယှဉ်ပြိုင်မှုတွေအများကြီးကို ဖြတ်သန်းခဲ့ရတာပါ..ကိုယ့်မှာဘာမှအင်အားမရှိဘဲ အင်အားကြီးတဲ့သူကို အရွဲ့တိုက်ပါနဲ့.."

"သမီးနားလည်တယ်အမေ..အမေ့စကားနားထောင်ပြီး သွားနေလည်း ဆုံးဖြတ်ခဲ့တာပဲ ဒါပေမယ့်.."

"သမီးကလင်းကို စိတ်ဝင်စားနေတာကိုး.."

သမှ 'ဟင်'ခနဲဖြစ်သွားသည်။ ငြင်းဆန်ဖို့စကားစရှာမရသလို အမေ့မျက်လုံးတွေကို ကြည့်မိသည့်အချိန်မှာ ငြင်းဖို့လည်းစိတ်မကူးမိတော့ပါ။

"တစ်ခုမှတ်ထားသမီး..ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့.."

"အခု.."

"အခုခေတ်မှာ ဒီလိုတွေမရှိတော့ဘူးလို့ သမီးပြောမလို့လား..ပြောင်းလဲမှုတစ်ခုမှာ အရာအားလုံးပါမသွားနိုင်ပါဘူး၊ တို့ကိုထမ်းပိုးထားတဲ့ ကမ္ဘာကြီးတောင်မှ တစ်ခြမ်းလင်းနေရင် တစ်ခြမ်းမှောင်နေရတယ်..ခေတ်မိန်းကလေးတချို့ ဘယ်လိုအဆန်းထွင်နေပါစေ နေရာအလိုက်တန်ဖိုးတွေက ပျက်ပြားမသွားဘူး၊ အဆိုးနဲ့အကောင်း တန်ဖိုးကြီးတန်ဖိုးနည်းဆိုတာလည်း အမြဲဒွန်တွဲရှိနေမှာပဲ.."

နောက်ဆုံးသမီးကို စကားအေးဆေးပြောရဖို့ ခဲယဉ်းနိုင်သည်။ ထို့ကြောင့် မရည်ရွယ်ခဲ့ဘဲ အသေးစိတ်မေးမြန်းပြောပြနေမိလျက်.. ၊

"အမေပြောချင်တာက လင်းကသမီးကို သဘောကျနေတာမှန်ရင်ခုလောက်ဆို သူ့ဘက်ကတစ်ခုခုတော့ စဖို့သင့်နေပြီမဟုတ်ဘူးလား..သူ့စေတနာကို နားလည်နေတာရယ် သမီးကိုသဘောကျနေတာလို့ ထင်မိတာရယ်၊ အဲ့ဒါကြောင့် လူပြောများလာတာကိုသိရက်နဲ့ အမေကြည့်နေခဲ့တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အမေကသဘောတူတာပေါ့နော်.."

"ဖြစ်ရလေသမီးရယ်..လူတော်လူကောင်း ယောကျ်ားတစ်ယောက်ကို သဘောမကျတဲ့သမီးရှင် ရှိပါ့မလား၊ ကိုယ့်သမီးကမှ ချစ်နေပါပြီဆိုရင် ..ရဲ့တာချမ်းသာတာက ဒုတိယပါ..ဒီကောင်လေးစိတ်ဓာတ် စရိုက် ..ကောင်းရဲ့လားပဲ အရင်ကြည့်မိကြတာလေ၊ လင်းက ရုပ်ရည်အဆင့် ..နဲ့လေးနဲ့ ပညာတတ်လူရည်မွန်လေးပဲ.."

ဒေါ်မေရှင်က သမီးကိုသနားသလို ပြန်ကြည့်သည်။ ပြီးတော့ ပင့် ..ရှိုက်ရင်း.. ၊

"ဒါပေမယ့် အမေသဘောမကျတာရှိတယ်..အဲ့ဒါက သူသမီးကိုမ ..ဘူး..မချစ်ဘဲနဲ့ ချစ်နေသလိုလို လက်တွဲနေကြရင် သမီးပဲဝေဒနာခံ ..ရမှာ.."

"ကိုကိုလင်းက အဲ့လိုမျှော်လင့်ချက်တွေ ပေးနေတာမဟုတ်ပါဘူး.."

"မေမေကလည်း အဲ့လိုကြီးတော့မဆိုလိုပါဘူး..ဒါပေမယ့် အဲ့လိုဖြစ် ..ပြီ ဒါကိုသမီးနားလည်ရမယ်၊ လင်းကို ကိုယ့်အစ်ကိုလို ကျေးဇူးရှင် ..ဲ မြင်ပါသမီးရယ်..ဒါမှမဟုတ် ဆရာပေါ့၊ ဆရာတစ်ယောက်က တ ..တစ်ယောက်ကို ကူညီနေတာလို့ပဲ စိတ်ထဲထားရင် သူမသိစေချင်တာ ..ူ သူသိရင်ရှက်တာတွေ အဲ..သူ့အကြောင်းတွေးမိတိုင်း ရင်တုန်တာတွေ ..မ်းမဖြစ်တော့ဘူး.."

သူ့အကြောင်းတွေးတိုင်း ရင်တုန်ပါတယ်လို့ အမေဘာကြောင့်ပြော ..နေတာလဲ.. ၊

မလုံလဲသည့်စိတ်နှင့် ကိုယ့်ရင်ဘက်ကိုမသိမသာ စမ်းမိသေးသည်။ ..ပမယ့် အမေ ကိုကိုလင်းကိုခန့်မှန်းလိုက်တာကတော့ မမှန်နိုင်ဘူးထင် ..ည်၊ ကိုယ့်လိုပဲ ကိုကိုလင်းရင်ထဲမှာ ဒီတိုင်းခံစားနေရသည်ဆိုတာ ..သိနေသည်။ ကိုကိုလင်းနဲ့မျက်လုံးချင်းဆုံမိတိုင်း ထပ်တူကျနေသည့် ..ခုန်သံတွေကို ကြားနေရတာဘာကြောင့်မို့လို့လဲ.. ၊

သူမသေချာခံစားမိနေသည်။ ကိုကိုလင်းဘက်က စောင့်ထိန်းမှုတွေ ..ဖယ်ချနိုင်တဲ့နေ့ဟာ ကိုယ့်ကိုချစ်ရေးဆိုမယ့်နေ့.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

စက်ဘီးစီးလို့ဖြစ်တဲ့နေရာလည်း မဟုတ်။ ကားကလည်း မရှိသည်း မိုးတွေရွာချလိုက်တာနှင့် ထီးဆောင်းပေမယ့် အချိန်မမီလိုက်ပေ။ ခေါင်းကနေ ခြေဖျားထိ အကျီတွေပုဆိုးတွေမှာ ရေစိုသွားပြီဖြစ်ကာ.. ၊

"ဆရာ.."

လှည့်ကြည့်လိုက်တော့ ကျောင်းသူမိန်းကလေးတွေ.. ၊

"ဆရာ့ကားလေးမပါဘူးလား..သမီးတို့လိုက်ပို့မယ်လေ.."

"ဟုတ်ပါတယ်..လာပါဆရာ၊ သမီးတို့နှစ်ယောက်က သပ်သပ်ပြ မှာ..ကားကအချောင်ကြီးပါ.."

"ဟုတ်တယ်ဆရာ..သမီးတို့ကလိုင်းကားနဲ့ပြန်မှာ.."

မိန်းကလေးတွေကို လိုက်လှဲ့စွာပြုံးပြရင်း ခေါင်းခါမိကာ.. ၊

"ရတယ်..သဲနဲ့ယု၊ နှစ်နာရီတစ်ချိန်ရှိသေးတော့ ကော်ဖီဆိုင်ထိုင်ပြီး စောင့်ရမှာ၊ မပြန်သေးဘူး.."

နောက်ထပ်နှုတ်ဆက်ပြုံးနှင့် ဆက်လျှောက်လာခဲ့သည်။ အတန်းတ ဖို့ရှိသေးတာမှန်ပေမယ့် တကယ်ကပြန်ဖို့ဆုံးဖြတ်ပြီး ထွက်လာခဲ့တာဖြ သည်။ နာရီကြည့်ပြီး ကားမှတ်တိုင်ရှိရာ ရောက်ခါနီးတွင်.. ၊

"ဒါပဲလေ..မင်းသားတွေထက်တောင် အက်တင်ကောင်းသေး တယ်.."

"သင်တာကိုက IT ဆိုတော့လည်း..အင်း.."

"တော်သေးတယ်ကွ..တောမှာဆို ဆေးလိပ်ခုံတွေ ရှေ့ချင်ရော နေမှာ.."

"ဟား ဟား ဟား.."

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံတွေနဲ့ ဒီစကားတွေကြားနေကျမို့ ကိုယ့်ကိုရည်ရွယ်မှန်း သူ သိလိုက်သည်။ မိုးကခပ်စိတ်စိတ် အရှိန်ပျော့ပျော့မို့ တခြားအသံဗလံတွေ ထဲ ဒီတိုင်းကြားနေရကာ နီနီခင်ဇော်ရဲ့ 'ဂယ်ပဲ ဂယ်ပဲ'သီချင်းကို ဆက် ကြားကြားလိုက်ရ၏။

"ဟုတ်လား..အဲ့လိုဖြစ်နိုင်လို့လား.."

"ခုချိန်ထိ အတွဲလည်းရှိပုံမပေါ်တော့ တိဘူးလေ.."

"ဒါကတော့ တချို့ကလက်လီဝယ်စားရတာ ပိုကြိုက်တာကိုးကွ..မင့် ဘာ ခရိုင်မာပါဘူး.."

"တိတော့ဘူး..အဲ့လိုအခိုင်အမာကြီးတွေနဲ့ပဲ..အဲ.."

ခြေလှမ်းမှားအောင် တမင်ပြောနေကြတာမို့ လင်းခြေလှမ်းရပ်ပစ် လိုက်ပြီး ချာတိတ်တွေကိုလှည့်ကြည့်လိုက်သည်။ တော်တော်တော့ မှင် အောင်းကြသည်။ စကားတွေထစ်ငေါ့ခလုတ်တိုက်ကုန်ပေမယ့် သူ့ကို ဘယ်သူကမှ ဂရုစိုက်ကြည့်မနေဘဲ ကိုယ့်စကားကိုယ်ပြောနေကြသလို အတည်တည် ကျော်တက်သွားကြ၏။

စိတ်မကြည်လင်ဖြစ်ရခြင်းသည် ဒီတွဲ့လွှန်ဒီပလိုမာသင်တန်း ကျောင်းကြီးမှာ ဆရာဖြစ်ရောက်လာခဲ့ပြီးသည့်နောက်မှာ စတင်ခဲ့တာ ဖြစ်သည်။မိတ်ဆွေသူငယ်ချင်းချင်း ပြောပြည့်ပြည်းမိတော့လည်း 'မင်းက သည်း မင်းသားရုံးအောင်ဖြစ်နေတာကိုးကွ'ဆိုသည့် နောက်ပြောင်ရယ် မောသည့်စကားတွေပဲ ပြန်ရခဲ့သည်။

ဒါကဂုဏ်ယူဖွယ် ဖြစ်ရင်ဖြစ်လိမ့်မည်။ ခုလိုရင်ဆိုင်လာရပြီဆိုရင် တော့ ဘယ်လိုလူက သည်းခံနေနိုင်မလဲ..အိမ်ပြန်ရောက်တဲ့အထိ စိတ်က ကြည်လင်။ ထို့ပြင် ကိုယ့်တိုက်ခန်းရှေ့မှာ မြင်လိုက်ရသည့်ကားကြောင့် အိမ်မှာဘယ်သူရောက်နေသလဲဆိုသည့် စိတ်ကရှုပ်ထွေးမှုများနှင့်ဖြစ် သွက်..၊

"ဟော..သားပြန်လာပြီ.."

သူ့ကိုလှည့်ကြည့်လိုက်တာ မေမေတစ်ယောက်တည်းမဟုတ်..၊

"ကိုကိုစောသားပဲ.."

ရှင်က အနက်ရောင်လည်ဟိုက်လက်ပြတ်ခါးရှည်လေးနှင့်ချင်းကွာ ဘားလေးကိုဝတ်ထားကာ ကြံရည်ရောင်သမ်းနေသည့် ရွှေနုရောင်ဖျော့ ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားသည်။ တစ်ဝက်လောက်ကနေ လှိုင်းတွန့်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေဖြစ်နေသည့် ဆံပင်တွေကအရောင်ကြောင့် ပိုလှနေ၏။ နဖူးသေ
သိမ်း၍ နားသယ်စပ်ဆံစလေးတွေ ပြန်ချထားသဖြင့် နနယ်ငယ်လေးအ
အရှိင်းထဲက အယဉ်ဒီတိုင်းလေးဖြစ်နေလေသည်။

သူမလေးက ကြိုးအနက်နှင့်ဘေးလွယ်အိတ်အနက်ရောင်လေးကို
ပခုံးပေါ်ဆွဲတင်လိုက်ပြီး ထရပ်လိုက်ကာ.. ။

"ကိုကို့ကားပြန်ပို့တာ.."

"ဘယ်မှာလဲ.."

"အိမ်ရှေ့မှာလေကိုကိုရဲ့.."

ဒေါ်ရီလင်းက ပြုံးလိုက်ရင်း နေရာကနေကမန်းကတန်း ထလာ၏

"သားညီမက သားအတွက်ကားပြန်လျော်ပေးတာတဲ့သားရယ်..အ
ပြင်မှာ မတွေ့ခဲ့ဘူးလား၊ ဆိုက်ဂ်နက်အနက်ရောင်လေးလေ..အရမ်းသ
တာပဲ..သားမောင်းသွားရင်.."

"ကားပြန်လျော်ရအောင် သူ့ကိုကားလဲဖို့ ပေးလိုက်တာမှမဟုတ်ဘဲ"

"ကိုကိုကလည်း ကိုကို့ကားက မကောင်းရတဲ့အထဲ ဘော်ဒီပြန်ဆ
ပြန်ပြင်လိုက်ရင် လှည်းနင်းထားတဲ့ဖားဖင်ဖြစ်သွားမှာပေါ့.."

ပြောချလိုက်တော့ လင်းမျက်နှာခနိသွားသည်။ ဒေါ်ရီလင်း မျက်လုံး
ပြူး၏။ ရှင်က ပြောစရာရှိပြီဆိုပြောပြီးမှ တွေးတတ်တာမို့.. ။

"ဥပမာပြောတာပါ..ကိုကိုက ပရိုဂရမ်မင်းလုပ်နေပြီး ကားစုတ်လေး
နဲ့ မတင့်တယ်ပါဘူး၊ နောက်ပြီး ရှင့်ကြောင့်ဖြစ်သွားတာမို့လို့ အလျော်
ပြန်ပေးတာပါ..ယူပါ ရော့.."

အိတ်လေးထဲက ထုတ်ပြီး ကမ်းပေးလိုက်တာကားသော့.. ။

"ဒီကားဖိုးလောက်ကတော့ ရှင့်ရဲ့ဘဏ်အကောင့်ထဲမှာ ရှိတာနဲ့အေ
ဆေးရပါတယ်..အဲ ရှင်က ကားတိုက်မိခဲ့တဲ့ကိစ္စကို မာမီတို့သိရင်ဆူမှာ
စိုးလို့ ပြန်မပြောတာနော်၊ ကိုကို့ကို ခိုးချောင်ခိုးဝှက်ပေးတယ်ထင်ပြီး
မလုံမလဲဖြစ်မနေနဲ့..ဒီလောက်ကတော့ မိုင်နာပါ.."

"ရှင်ထိပ်ထား.."

"ဟင်.."

ခေါ်သံက နားဝင်ချိုဖွယ် တစ်စက်မှမရှိ။ သို့သော် ရှင့်ကိုယ့်နာမည်
အပေါ် နှစ်သက်ရကောင်းမှန်းမသိခဲ့သမျှ ကိုကိုအစအဆုံးခေါ်လိုက်ကာ
နားဝင်ချိုလွန်းလို့ 'ခေါ်ပါဦးကိုကို နောက်တစ်ခေါက်လောက်'လို့ ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



...တတ်။ ကိုယ့်ဘာသာ သဘောကျမိရင်း ရှင့်နှုတ်ခမ်းသားလေးတွေ ...ဖြစ်သွား၏။ လင်းဘက်ကကြည့်တော့ လှူကိုလှောင်နေသလိုလို..။

"ခင်း ငါ့ကိုဘာမှတ်နေသလဲ.."

"ဘာမှမမှတ်ပါဘူး..ကိုကို့ကားကို အလျော်ပေးတဲ့အကြောင်းပဲပြော ...လေ.."

"မလိုဘူး..မင်းကိုငါအပြတ်ပြောခဲ့ပြီးသား၊ ငါ့ကားကိုပျက်သွားတာ ...ဖြင့်ရုံပဲ..ဘာတွေလုပ်လာပေးပေး မလိုချင်ဘူးဆိုတာ.."

ရှင်ပြန်ကြည့်နေပုံက လှူကို'ရူးနေသလား'လို့ အံ့သြနေသည့်ပုံနှင့်..။

"သိတယ်လေကိုကိုရဲ့..အခု ကိုကို့ကားကိုပြင်ဆင်ဖာထေးပြီး ယူလာ ...ခဲ့ဟုတ်ဘဲ ရှိုးရွန်းမ်ကဝယ်လာတာ.."

"အေး..ဝယ်လာတာကို မင်းအိမ်ကိုပြန်မောင်းသွား၊ အခု ငါ့ကား ...ဘယ်မှာလဲ.."

"ပွဲစားအပ်ထားပြီးပြီ.."

"ဘာ.."

"ငါးဆယ့်ငါးပဲရမယ်တဲ့..ရှင်ကလည်းလုပ်လိုက်တော့လို့ အွန်ပေး ...လိုက်တယ်.."

"မင်းကိုဘယ်သူက လုပ်ပိုင်ခွင့်ပေးထားလို့လဲ..မင်း..ကွာ.."

"သား.."

ဒေါ်ရီလင်းက လင်းရဲ့လက်မောင်းကို သတိပေးသလိုဆုပ်ကိုင်လိုက် ...း အားနာသည့်မျက်နှာလည်းဖြစ်နေကာ.. ။

"သူကပိုကောင်းအောင် လုပ်ပေးတာပဲသားရယ်..အရင်ကားက.."

"အရင်ကားချုံးချုံးကျနေတော့ဘာဖြစ်လဲ..ကျွန်တော့်ကားနဲ့ကျွန် ...တော် ဘယ်ဘဝရောက်နေနေ သူပြင်ဆင်ဖြည့်စွက်ဖို့မလိုဘူး.."

ဒေါသအကြည့်တွေက ရှင့်ထံမှာစူးရဲစွာကျရောက်လျက်.. ။

"ဟိုအရင်တုန်းတည်းက ပိုင်စိုးပိုင်နင်းမင်းအကျင့်တွေကို ငါကြည့် ...ရခဲ့တာ.."

"ဘယ်သူကရော ကိုကို့ကိုကြည့်ခိုင်းနေလို့လဲ..အခုရှင့်ကြောင့်ဖြစ်ခဲ့ ...ို့ စေတနာနဲ့လုပ်လာပေးတာ.."

"ထားလိုက်တော့အဲ့ဒါ..အခုငါ့ကားကိုပြန်လိုချင်တယ် ဘယ်မှာလဲ.."

"ခက်လိုက်တာကိုကိုရယ်..ကားက.."

www.burmeseclassic.com

www.burmeseclassic.com


"ရှင်ထိပ်ထား.."

လင်းကဒေါ်သတကြီးဖြတ်အော်ကာ ကိုင်ထားသည့်အိတ်ကို ဆို
ပေါ် ပစ်တင်လိုက်၏။ ဒေါ်ရီလင်းဘယ်သူ့ကို တားရမှန်းမသိဖြစ်နေ
လျက်..၊

"သူပြောပြီးပြီလေသားရယ်..ကားကို.."

"ကျွန်တော်မလိုချင်ဘူးမေမေ.."

လင်းက ဒေါ်ရီလင်းလက်ကိုဖယ်ချပြီး ရှင့်ကိုစိုက်ကြည့်ရင်း ခြေ
လှမ်းရွှေ့သည်။

"ငါပိုင်တဲ့ဘယ်အရာကိုမှ ငါခွင့်မပြုဘဲ တခြားလူခြယ်လှယ်လို့မ
ဘူး..အထူးသဖြင့် မင်းလိုမိန်းကလေးကို ခွင့်မပြုနိုင်ဘူး၊ အဲ့ဒီတော့ နှ
ဆယ့်လေးနာရီအတွင်း ငါ့ကားကိုပြန်ယူလာခဲ့.."

"ကိုကို့ကားကို ရှင်ကပြင်ခိုင်းထားတာမှမဟုတ်တာ.."

"အဲ့ဒါမင်းကိစ္စ..ငါ့ကားပြင်နေတယ်ဆိုပြီး ငါစောင့်ခဲ့တာဒီနေ့ဆိ
ရက်ရှိပြီ.."

အဲ့ဒီငါးရက်မှာ ရှင်ကတော့ မုန့်ဖိုးတွေအများကြီးထုတ်ရမှာမို့ မာ
တို့ဘွားတို့မသိအောင် အမျိုးမျိုးကြံစည်အားထုတ်နေရတာပါ။ ဒီရက်ပိုင်
မှာမှ ဒယ်ဒီရောထပ်ရောက်လာပြီး ကိုယ့်အတွက်သာမကဘဲ သမုရှင်တို့
သားအမိကိစ္စတွေပါ စီရင်လို့မပြီးအောင် အလုပ်တွေရှုပ်နေခဲ့ကြသည်။

ကိုယ်ကတော့ သူ့ကိုအကောင်းဆုံးပြန်ပေးချင်လွန်းလို့ တွေးလိုက်
ကြံလိုက်ရတာ သူကတော့ပြောချလိုက်တာ 'အဲ့ဒါမင်းကိစ္စ'.. ၊

"ကိုကိုကရေသည်ပြဇာတ်ထဲကို ပြန်ဝင်ချင်နေတာပဲ..ဒါမှဒါတ
လမ်းတည်းသွားဖို့ ကြိုးစားနေတာ၊ ဒါပေမယ့် မတတ်နိုင်ဘူး..ရှင်က
လည်း အဲ့ဒီကားစုတ်ပြန်ရဖို့အတွက် ဖက်ဖက်မောအောင်မလိုက်နိုင်တော့
ဘူး၊ အဲ့အိမ်ရှေ့ကကား ကိုကိုမလိုချင်ရင် မီးပုံရှို့ပစ်လိုက်.."

စိတ်တိုနေသည့်မျက်နှာလေး တမော့မော့နှင့်ပြောရင်း ပခုံးကအိတ်
ကို ဖြုတ်၍ ကြိုးရောအိတ်ပါဖြစ်သလို စုလုံးကိုင်သည်။ ပြီးတော့ ဆိုဖာ
ဆတ်ဆတ်ထွက်လာခဲ့၏။ သို့သော် 'မဟုတ်သေးပါဘူး ဒီပုဂ္ဂိုလ်တကယ်
မီးပုံရှို့ချင်ရှို့မှာ'လို့ တွေးမိပြီး ခြေလှမ်းကတုံ့ခနဲပြန်ဖြစ်၏။ လှည့်ပြန်
ကြည့်လိုက်တော့ မီးတောက်မျက်လုံးတွေကလည်း သူမကျောနောက်မှာ
ထပ်ချပ်မကွာပါလာတာနှင့် တည့်တည့်ဆုံမိကာ.. ၊

www.burmeseclassic.com



"အန်တီလင်းက အစောတည်းကလက်ခံပြီးသားနော်.."

အားနာသည့်ဒေါ်ရီလင်းက ခေါင်းတညိတ်ညိတ်ထောက်ခံရှာ၏၊ ...ကာ သူ့မျက်နှာကိုပြန်ကြည့်ကာ.. ၊

"အဲ့ပုဂ္ဂိုလ်သိအောင်ပြောပြဖို့ပါ..မိဘကလက်နဲ့ရေးရင် ခြေနဲ့ဖျက်တဲ့ ...မျိုးမဖြစ်အောင်.."

ပြောသွားပုံကကြည့်.. ၊

အသည်းယားယားနှင့် ပြေးကန်လိုက်ရင် ဘယ်လောက်ထိလွင့်သွား ...ည်မသိ.. ၊

"တောက်.."

"သားရယ်.."

"ပြောသွားတာကြည့်ဦးမေမေ..မေမေကဘာလို့ လက်ခံနေရတာလဲ"

"ဩော်..သူမကောင်းတာလုပ်လာတာမှ မဟုတ်ဘဲသားရယ်၊ သူ့ ...ကြောင့်ဖြစ်ခဲ့တာပါလို့ ပြောနေတဲ့ဟာ..မကျေနပ်တာတွေ ထပ်ပြောရမှာ ...ား.."

"ဘာဖြစ်ဖြစ် ကျွန်တော့်စကားကို မေမေစောင့်သင့်တာပေါ့.."

တစ်ခါမှဒီလို ငြူငြူစူစူခံပြောတာမျိုး မရှိခဲ့တဲ့သားပါ။ ငယ်ငယ်က ...ကန်ကန်နိုင်တာလည်း ပတ်ဝန်းကျင်မှာပဲဖြစ်ကာ မဟုတ်မခံစိတ်ရှိ ...တာကို မိဘကနားလည်ခဲ့သည်။ ဒါပေမယ့် ခုချိန်မှာတော့.. ၊

"မေမေ့ကို စိတ်ဆိုးတာမဟုတ်ပါဘူး.."

မိခင်မျက်နှာငယ်သွားတော့ ဒေါသနဲ့လှုပ်ရှားမှုတွေရော လေသံပါ ...ပြောင်းသွားပြီး ရှေ့ပြန်ရောက်လာ၏။

"ဒါပေမယ့်စဉ်းစားကြည့်ပါဦးမေမေ..ကျွန်တော့်အင်အားနဲ့ကျွန် ...တော်တို့ဘဝ ဘယ်လိုပဲရပ်တည်နေနေ သူ့လိုမိန်းမငယ်လေးတစ်ယောက် ... ဟိုဟာသင့်တော်တယ်..ဒီဟာမတော်ဘူးလို့ ပြင်ဆင်ဖယ်ရှားဖို့လိုသ ...ား၊ သူထင်သလိုလုပ်သွားတာကို ဒီတိုင်းနာခံရအောင်.."

"ဒါကနာခံတဲ့ပုံစံ မပေါက်ပါဘူးသားရယ်..သူ့ခမျာလည်း စေတနာ ...လုပ်ခဲ့တာပါ၊ ဒီလိုတန်ဖိုးကြီးတဲ့ပစ္စည်းကို မေမေကလည်း သူ့ဒီဘာတွေ ... အသိမပေးဘဲယူမထားပါဘူး..ချက်ချင်းဖုန်းထဆက် ဟိုမေးဒီမေးလုပ် ...ကျတော့ ဟိုအရင်တုန်းကလည်း ကိုယ့်ဘက်ကမာနပြသလို အမှားမျိုး ...လုပ်ခဲ့ပြီးပြီမို့လား.."

www.burmeseclassic.com

www.burmeseclassic.com



"မာနပြရတာက မာနကိုလာပုတ်နိုးလို့လေ..ဒါကြောင့် သူဘော
ကောင်းများက ကျေးဇူးကြွေးကိုကြောက်ကြတာ၊ ကျေးဇူးတစ်ခုပြုခဲ့ဖူးတာ
နဲ့ အချိန်တိုင်းကျေးဇူးဆပ်ရဖို့တွေ ဖြစ်လာတာပဲ.."

"ခက်ပါလားသားရယ်.."

"ကိုယ့်အပေါ်ကျေးဇူးရှိခဲ့ရင် မမေ့တတ်ဖို့ပဲလိုတာပါ..အကြောင်းအ
ကျိုးညီညွတ်ပြီး ကိုယ့်အလှည့်ပြန်ရောက်လာခဲ့ရင် ပြန်သိတတ်ဖို့ပဲ၊ ကျွန်
တော်ကတော့ ပုထုဇဉ်ပီပီပဲတွေးမယ်..သူတို့က မျှော်လင့်ချက်နဲ့ပေးကမ်း
ကူညီခဲ့တာမဟုတ်ဘူးဆိုရင် ကျွန်တော်တို့ကလည်း သူတို့အတွက်နိုင်
လိုက်တိုင်း လိုချင်ရာရစေမယ့် ကလ္ပဿယအိုးဖြစ်မပေးနိုင်ဘူး..အဲဒီကာ
ကိစ္စ မေမေရှင်းပေးမယ်ဆိုရင် ပြီးတာပဲ၊ ကျွန်တော့်ဘာသာရှင်းလို
ဆိုရင်တော့ ပြောမှာစိတ်ထဲရှိတဲ့အတိုင်း.."

ပြောပြီးတာနှင့် အိမ်ထဲတန်းဝင်သွားသည်။ အထူးသဖြင့် လေသံ
လျှော့ပြောသွားသော်လည်း လင်းဘယ်လောက်ထိစိတ်တိုနေမှန်း ဒေါ်
လင်းသိသည်။ ပိုကောင်းတာရလို့ ဒေါသထွက်တဲ့သူ ကိုယ့်သားတစ်
ယောက်ပဲရှိတာများလား..ကြည့်လိုက်တော့ ကားကြီးကလှလိုက်တာ ဖိတ်
ဖိတ်လက်နေသည်။ ဩော်..ငါ့သားရယ် ကြီးလိုက်ပါဘိတော့ မာန..



www.burmeseclassic.com


အခန်း(၁၂)

ဈေးဝယ်ကပြန်လာတာနှင့် ညှော်ခန်းထဲမှာပြောနေကြသည့် အသံ ကို သမုကြားလိုက်ရသည်။ အခြေအနေကတော့ မကောင်း.. ၊

"မာမီပြောတာက သမီးစိတ်ကြိုက်ပြော..လွတ်လပ်သလိုလုပ်နေလို့ ာကိုပဲ အခုသူများလာပြောမှ မာမီတို့ကသိရတာကောင်းလား.."

"ဘယ်သူပြောလို့ပဲသိသိ ဘယ်လောက်ကြီးကျယ်တဲ့ကိစ္စမို့လဲမာမီ အဲ့အိမ်ကို မာမီခိုင်းလိုက်လို့ ရှင်သွားတယ်၊ တဏှာရူးနေတဲ့ ယော ားတွေကို မြင်လို့ဝင်ပါလိုက်တယ်..အဲဒါ.."

"အဲ့ဒါက သေးသေးနုပ်နုပ်ကိစ္စကြီးလားမြေးရဲ့..ယောကျ်ားတွေမုန်း ခံရမယ်၊ တာဝန်မဲ့စကားပြောရလားဆိုတဲ့ မေးခွန်းတွေထွက်လာတယ် ါတွေကိုမြေးက ဘွားတို့ကိုဘာမှပြန်မပြောဘူး၊ တကယ်ဆိုရင် မြေး ကိုယ်ထိလက်ရောက် ဝင်ရှင်းစရာလိုလိုလား.."

"ဘွားကလည်း.."

"ဘွားကမလည်းနဲ့လေ..မြေးအဲ့လိုမြင်လိုက်ရင် ပတ်ဝန်းကျင်ကိုခေါ် း အကူအညီတောင်းရမယ်၊ အမှုအခင်းဖြစ်လာမှတော့ မပါဝင်မပတ် ်ချင်ဘူးဆိုရင်လည်း မရတော့ဘူးလေ..ပြီးတော့ မေရှင်တို့ကအား း်းတဲ့သူတွေ.."

"အားနည်းလို့အားကြီးလို့ဆိုတာတွေ စဉ်းစားပြီးဝင်ပါခဲ့တာမှ ာ်ဘဲ..ဘွားပြောသလို ရှင်ကအိမ်ပြင်ပြန်ပြေးထွက်မယ် လာပါ..ယ် အော်ဟစ်နေရမယ်၊ လူတိုင်းက အုန်းခနဲရောက်လာဦးမှလေ..ကိုဒီလစ် နေတဲ့အချိန်မှာ အထဲကမိန်းကလေးက ဘဝပျက်ပြီပေါ့.."

ရှင့်စကားကြောင့် ဘွားကသမီးဖြစ်သူကိုလှမ်းကြည့်သည်။ ထိုစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထွန်းဝင်းစည့်ခန်းထဲ ထွက်လာကာ.. ။

"သမီးက အဲ့လိုစိုးရိမ်မှုရှိရဲ့သားနဲ့ လူကြီးသူကြီးတွေရှေ့မှာကျ
ကူညီချင်လွန်းလို့မဟုတ်ဘူး..လက်ကသူ့အလိုလို ရောက်သွားတာလို့
ခဲ့တာလား.."

ဟင်.. ။

ဒါတွေ ခုမှဘာလို့ပေါ်လာတာလဲ.. ။

"ဒယ်ဒီတို့ကို သမုပြန်တိုင်ထားတာလား.."

"သမုရှိနေတဲ့ဟာ သမုပြန်တိုင်တဲ့စကားကို ဒယ်ဒီတို့က ဒီလို
မေးပါ့မလား.."

ထိုစဉ် သမုက အိတ်တစ်ဖက်ဆွဲခြင်းတစ်ဖက်နှင့် ဝင်လာခဲ့လျှ

"သူမပြောရင် ဘယ်သူမှပြောမှမဟုတ်ဘူး..အလကားရှုပ်ရှုပ်ယှ
ယှက်တွေ လာလုပ်နေတယ်၊ ဟဲ့..နင့်အိမ်မှာဖြစ်တဲ့ကိစ္စကို ငါတောင်
ဖူးတင်မခံချင်လို့ မပြောဘဲနေခဲ့တာ နင်ဘာတွေသွားချွန်တာလဲ.."

သမုခေါင်းလေးငုံ့၍ လျှောက်သွားရင်း အားလုံးနဲ့မလှမ်းမကမ်း
ခြေလှမ်းလေး ရပ်သွားခဲ့၏။ ပြီးတော့ စိုးရိမ်ထိပ်လန့်သွားသည့် မ
ဝန်းတို့သည် အားလုံးကိုဝေ့ကြည့်ရင်း.. ။

"သမုဘာမှမပြောပါဘူးမရှင်ရယ်..အန်တီတို့ဘယ်က သိလာ
မှန်း သမုတကယ်မသိပါဘူး.."

"တွေ့လား..မမေးရသေးဘူးဖြေရှင်းနေပြီ၊ သူ့အပြင်မှာရပ်ပြီး ရှင်
ပြောနေတာတွေကို နားထောင်နေတာ..ဟွန်း ယဉ်ကျေးမှုကိုမရှိဘူး.."

သမုမျက်နှာလေး ပျက်သွားသည်။ လူကြီးတွေလည်း ရှတ်တ
ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ ပြီးမှ ဒေါ်သက်ထားဆွေက.. ။

"သမီးရယ်..ဘယ်သူဖြစ်ဖြစ် ကိုယ့်အကြောင်းပြောနေမှန်းသိ
တော့ ခြေလှမ်းတုံ့ပြီး နားစွင့်မိကြတာပဲ၊ နောက်ပြီး မာမီတို့စကားပြေ
နေတဲ့ရှေ့က သူဖြတ်ဝင်သွားလို့ ကောင်းပါ့မလားတွေးတာလည်း ပါ
ပေါ့..သွား သမီးသွား၊ အဲ့ဒီပစ္စည်းတွေ မိသဲကိုပေးလိုက်..သူ့ဘာသာ
ထဲမှာ ဖြည့်လိမ့်မယ်.."

"မိသဲမရှိပါဘူး..ရှင်အပြင်ကိုခိုင်းထားတယ်၊ သူ့ဘာသာဝင်လုပ်
စေပေါ့..အိမ်မှာနေရင် ခိုင်းမှာပဲလို့ပြောထားပြီးသား.."

"ရှင်လေးရေ.."

www.burmeseclassic.com

www.burmeseclassic.com



ဘွားက သတိပေးသလိုခေါ်လိုက်ရင်း ခေါင်းလည်းခါပြသည်။ ရှင် ဆက်မပြောပေမယ့်နေသည့်မျက်နှာက အနည်းငယ်မှလျှော့ကျမ ။

"ဟိုမိန်းကလေး..သွားလေ ဝင်တော့.."

ဘွားက သွားဆိုမှ သမုခေါင်းလေးငုံ့ပြီး ဝင်သွားသည်။

"အဲ့လိုမရှိင်းရဘူးမြေး..အလုပ်သမားဆိုတာ မိသားစုစိတ်ဓာတ်မွေး ထားယ်၊ ဒါမှစေတနာနဲ့ယှဉ်တဲ့ လုပ်အားကိုရတယ်..မွေးချင်းမောင်နှမဖြစ် စေ ကိုယ့်အောက်အလုပ်သမားကဖြစ်ဖြစ် ကိုယ့်ရဲ့အထက်လူကို ချစ် ကြောက်ရှိသေမှုရှိဖို့ လိုတယ်.."

ရှင်ကတော့ ဒါတွေကိုစိတ်မဝင်စားပါ..အဆင့်အတန်းဆိုတာ ခုမှ အားပေါ်ပေါက်လာတဲ့ ပြောင်းလဲမှုကြီးတစ်ခုလည်းမဟုတ်။ အနိမ့်အ မြင့် ဆင်းရဲချမ်းသာဆိုသည့်အလွှာတွေက သမိုင်းအစဉ်အဆက်တည်း က ရှိခဲ့တာ.. ။

"ကြောက်နေရခြင်းက ဖိစီးမှုကြောင့်..ချစ်လို့ရှိသေတာမှာ ဘယ်လို ခိုင်းစေမှုမှ မပါဘူး၊ ဘာနဲ့တူသလဲဆိုတော့ ကြောက်ရွံ့ခြင်းက စပ ရင်ဘာစ်ခုလိုပဲ..ဖိစီးမှုအားလျော့သွားတာနဲ့ ပြန်ကန်တာပဲ..စေတနာမေ တ္တာဆိုတာ ရေစီးကြောင်း.."

ပညာယူဖွယ်စကားလို့မမြင်ဘဲ ရှင်မျက်နှာလေးလွှဲလိုက်ရင်း မသိ သာခေါင်းကုတ်၏။ ပြီးတော့ ရှုံ့မဲ့သွားသည်။ ပြီးမှ ငေ့ပြန်လှည့်လိုက် တော့ မျက်နှာသေလေးနှင့်.. ။

"ဒက်ဒီပြောတာကြားလား..သမီး.."

"ဟုတ်.."

"မောက်မာရိုင်းပျတယ်ဆိုတာ ပစ္စုပ္ပန်လည်းမကောင်းဘူး..သံသရာ လည်း မကောင်းဘူး၊ ဘုရားသွားကျောင်းတက်သီလသမ္မာဒိတွေ မကျင့် ကြ မတည်ဆောက်နိုင်ရင်တောင် တစ်ဖက်သားအပေါ်မေတ္တာစိတ်မွေးနိုင် ရင် ဘုရားရှေ့ထိုင်ပြီး ချေးထားတဲ့ငွေတိုး ဘယ်နေ့စေ့မလဲတွေးနေတဲ့ သူထက် အများကြီးမြတ်ပါတယ်.."

"ငါ့မြေးနဲ့တော့ ခက်ပါပြီကွယ်..တစ်ယောက်တည်းခွဲထွက်ခိုင်းလိုက် ရမှပဲ ဘွားလက်ထဲမှာ သူဘယ်လိုနေထိုင်သွားလာချင်စိတ်တွေဖြစ်နေ သလဲဆိုတာ သိရတယ်..အခုငါတို့ပြောနေကြတာ သမုကိစ္စပဲမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးမြတ်ထွန်း.."

ဘွားက လိုရင်းကိုဝင်ပြောလိုက်ကာ ဒေါ်သက်ထားဆွေကလည်း ခင်ပွန်းသည်ကိုကြည့်ပြီး ခေါင်းညိတ်ပြ၏။ နောက်ထပ်အကြောင်းတစ်ခုကို ဦးမြတ်ထွန်းကမသိသေးပေ။ သွားပါပြီလို့ တွေးလိုက်မိကာ ခေါင်းကြိမ်းသွားသည်။ ဒယ်ဒီကိုပြန်ပြောဖို့ ပြင်ဆင်နေသည့်ဘွားကို ပြေးဖက်ပြီး ဒူးထောက်တောင်းပန်ရတော့မလိုလို..ဒါပေမယ့်.. ။

"မင့်သမီးဘဏ်ကထုတ်သွားတဲ့ငွေတွေ ဘာလုပ်ပစ်လဲသိလား.."

"မသိဘူးလေ..ကျွန်တော်ကမနေ့ညကမှ ရောက်တဲ့ဟာ.."

"ရှင်ဘာမှမလုပ်ဘူးဒယ်ဒီ..ကိုကို့ကားကို နောက်ကဝင်တိုက်မိတာလေ၊ အဲ့ကားကိုပြင်တော့ ကားစုတ်လေးကိုမနည်းကျဦးမှာ..ပြီးတော့ ကားက ပက်ပက်စက်စက်စုတ်နေတာကြီးကို တံပိုးထက်လက်ခကြီးအောင် ဘာလို့ပြင်တော့မှာလဲ."

"အင်း..အဲ့ဒီတော့ သမီးဘာလုပ်လိုက်လဲ.."

"ရောင်းဖို့ပေးထားလိုက်တယ်.."

"ဟင်.."

"ကိုကို့ကိုလည်း ကားလုလုလေးစီးစေချင်တာနဲ့ ရှင်ကလည်း ကိုကို နဲ့ပြန်တည့်ချင်တာနဲ့..အဲ့ဒါနဲ့ ကားအသစ်ဝယ်ပြီး.."

"ဘယ်လို..ဘယ်လို.."

သေစမ်း.. ၊

ရှင့်မျက်နှာလေး မဲ့သွားသည်။ ဒယ်ဒီဘယ်တုန်းကမှ ရှင့်ကိုမဆူ ဘဲနဲ့ ခုတော့ပြင်ဆင်နေတာ အတိအကျ.. ၊

"ကားဝယ်ပေးလိုက်တယ်ပေါ့..ဘာကားလဲ၊ သမီးမှာမုန့်ဖိုးငွေ ဘယ်လောက်တောင် ရှိလို့လဲ.."

"အဲ့ဒါပြောတာပေါ့မောင်ရယ်..မောင့်သမီးက လင်းကိုဆိုက်ဂ်နဲ့ ဝယ်ပေးလိုက်တာ.."

ဦးမြတ်ထွန်းဝင်း မျက်ခုံးတွေဆတ်ခနဲပင့်တက်သွားသည်။ ဘွားလည်း အတော်မလွယ်တဲ့ကိစ္စမို့ ပြောရပေမယ့် ဖအေကပြုံးပြင်မှုသည် စိုးရိမ်နေ၏။

"အဲ့ဒီငွေလောက်ကို မြေးအတွက် ငါကဂရုမစိုက်ပါဘူး..တို့မှာ အောပေးစရာ ဒီမြေးလေးပဲရှိတဲ့ဥစ္စာ.."

www.burmeseclassic.com

www.burmeseclassic.com


ငွေပမာဏကြောင့် နှမြောကြီးစွာမဖြစ်ဖို့ သမက်ကိုသိစေလိုက်သည်
...။

"အခု ဟိုကောင်လေးက ကားကိုမယူပါဘူးတဲ့လေ.."

"လင်းရောင်ဖြာက.."

"ဟုတ်ပါ့ကွယ်..ဒီကလေးက ဟိုအရင်တည်းဂျွတ်ဆတ်ဆတ် မာ
...ကျောလေးပါ၊ ခုထိမာန်တွေတက်နေတာ မယုံနိုင်ဘူး.."

'လင်းရောင်ဖြာ'ဆိုသည့် နာမည်ကြားလိုက်တိုင်း ရင်ထဲမှာခိုးလိုးခု
... တစ်စုံတစ်ရာရှိနေခဲ့တာအမှန်ပင်။ ဒီလိုဖြစ်ရခြင်းဟာ 'ကိုကို'လို့ လက်
...ဆိုးပူဆာတတ်ခဲ့သော သမီးလေးရဲ့ခင်တွယ်မှုတွေအလကားဖြစ်ခဲ့ရ
...ကြောင့် ကျန်ရစ်သည့်အခုအခံစိတ်ဆိုရင် သူတို့ဘက်ကသဘောထား
...ရာကျနေသလားမသိ.. ၊

ဦးမြတ်ထွန်းဝင်းအကြည့်တွေ မျက်တောင်ဖျားလေးတွေ စိုက်ချထား
... ငြိမ်သက်နေသည့်ရှင့်ထံ ရောက်ခဲ့၏။ ဒီကလေးကျမှခင်တွယ်ရ
...ကောင်းလားလို့ သမီးကိုလည်းစိတ်တိုအမျက်ထွက်ခဲ့မိသေးသည်။ ခုတစ်
... ဒီကောင်လေးနဲ့ပတ်သက်ခဲ့မိပြန်ပြီ.. ၊

"အဲ့ဒါကိုပြောရရင်တော့ ဒီသားအမိနဲ့ပတ်သက်ဖို့ ဘယ်သူပြန်စခဲ့
...လဲလို့ မေးရမှာပဲ.."

ဒေါ်သက်ထားဆွေ မျက်နှာပျက်သွားသည်။ ဘွားမျက်နှာကြီးက
...တော့ အကြီးအကျယ်မလုံမလဲဖြစ်သွားခဲ့လျက်.. ၊

"အဲ့ဒါငါပဲလေ..ဘာဖြစ်လို့လဲ.."

"အမေဆိုရင်တော့ ကျွန်တော်ဘာပြောလို့ရမှာလဲအမေရယ်..ဒါပေ
...ဲ့ ဟိုတုန်းတည်းက ဒီကောင်လေးနဲ့ပဲအဆင်မပြေဖြစ်ခဲ့ကြတာကို.."

"ဟဲ့..အဆင်မပြေဖြစ်တာကဘာလဲ၊ ကိုယ့်ကလေးအတွက် ကစား
...ဖော်လိုချင်လို့ မွေးစားဖို့သွားခေါ်တယ်..ကလေးကမလိုက်ချင်လို့ မခေါ်
...ဖြစ်ခဲ့ဘူး၊ ဒါရေးကြီးခွင်ကျယ်ဖြစ်ခဲ့တဲ့ ကိစ္စလည်းမဟုတ်ဘူး.."

"ရေးကြီးခွင်ကျယ်ဆိုတာ ဘယ်အဆင့်ကိုပြောတာလဲတော့ ကျွန်
...တော်မသိဘူး..ဒါပေမယ့် လင်းရောင်ဖြာဆိုတဲ့ကလေးပြောသွားတဲ့ စကား
...တွေကြောင့် ကျွန်တော်ကတော့ သူ့ကိုခုထိမမေ့သေးဘူး.."

ဒါတောင် ဒီကောင်လေးပြောတာတွေကို သူတိုက်ရိုက်ကြားခဲ့တာမ
...ဟုတ်၊ ပြောရမည်ဆိုလျှင် ပြောခဲ့တဲ့စကားတွေက ကလေးနဲ့တန်လို့လား..

www.burmeseclassic.com

www.burmeseclassic.com



သမက်ဖြစ်သူဘာတွေတွေးနေသည်ကို ဘွားကလည်းသိသည်။ ခက်တာ ကပြောဆိုဖြစ်ခဲ့သမျှကို ခရေစေ့တွင်းကျပြန်ပြောပြထားမိသည်မို့.. ၊

"သားမလိုက်ချင်ဘူး.."

"ဒီကောင်မလေးအတွက် သားကိုခေါ်တာဆို မလိုက်ချင်ဘူးမေမေ.."

"သူတို့ချမ်းသာတာတွေ သားတို့ရတာမဟုတ်ဘဲနဲ့မေမေ.."

"သားကို သူတို့ခိုင်းချင်လို့ခေါ်တာ သားသိတယ်..ဟိုကောင်မလေး ရဲ့ ခိုင်းဖက်သားမလုပ်ဘူး.."တဲ့.. ၊

ကိုယ့်ရှေ့မှာလည်း ပြောခဲ့တာပဲ။ သူ့အမေနဲ့ပြောနေရင်လည်း ရိုး ရိုမ်ကြောင့်ကျပြီး တိုးတိုးတိတ်တိတ်လေးပြောတာမျိုးမဟုတ်တဲ့။ ဒါ ကြောင့် ဒီကလေးကိုခေါ်ဖို့ မလွယ်မှန်းသိခဲ့သည်။ သိတဲ့အတိုင်းပဲ သူ့ဟာ သူထွက်ပြေးသွားခဲ့၏။ ဒါတွေက ဟိုတုန်းကပြီးခဲ့တဲ့ အဖြစ်တွေဆိုရင် လည်း ကောင်းသား.. ၊

ရန်ကုန်ကို ရှင်သွားချင်သည့်အကြောင်းတရားများစွာ စုဆောင်းခ လာသည့်အချိန်မှာ အလိုလိုက်နေကျစိတ်က မြေးကိုကြာကြာမျက်နှာညို မခံနိုင်ခဲ့ပေ။ နောက်ပြီး မြေးကိုစိတ်ချလက်ချလွှဲအပ်နိုင်ဖို့ ရိုလင်းတို့ ရှိသည်လို့တွက်ခဲ့တာပါ.. ၊

"ကလေးတွေမဟုတ်ကြတော့ဘူးဆိုတာကို ကျွန်တော်တို့မေ့ထားလို့ မရဘူးအမေ.."

ဦးမြတ်ထွန်းဝင်းက မကျေနပ်ခြင်းကို အစပျောက်မခံဘဲ ပြန်ပြန် နေခဲ့လျက်.. ၊

"ကလေးတုန်းက ကလေးသဘာဝမို့ ဘာတွေပြောပြောပွင့်လင်းတာ ..ဟန်မဆောင်တာအမျိုးမျိုး တွက်ပြီးဖြေလို့ရတယ်၊ အခုအရွယ်တွေ ရောက်နေကြပြီ..သူကသမီးထက်လည်း အသက်ကြီးသေးတယ်၊ ခုချိန်မှာ သူပြောသမျှကို အရူးစကားကလေးစကားလို့ သတ်မှတ်ထားလို့မရတော့ ဘူး.."

"ဟုတ်ပါတယ်..ဒါပေမယ့်တောင်ငှက်လည်းတောင်ငှ မောင်းတော ကလည်းမောင်းထောင်ပဲလေ၊ သူလည်း သူမလိုချင်တာကို ငြင်းခွင့်ရှိတယ် ..မြေးကလည်း သူကြောင့်ဖြစ်တာမို့လို့ ပေးလျှော်ခဲ့တယ်၊ ဒါလည်းလုပ် သင့်တာပဲ.."

"မလုပ်သင့်တာက သူ့ကားသူပြန်ပြင်ပေးရမယ့်ဟာမပေးဘဲ ဆိုက်

www.burmeseclassic.com

www.burmeseclassic.com


ကြီး ဝယ်ပေးခဲ့တာလေ..”

ဒေါ်သက်ထားဆွေက ဝင်ပြောလိုက်ရင်း ရှင့်ကိုစိတ်ဆိုးသည့်မျက်နှာနှင့် လှမ်းကြည့်၏။ တစ်ဦးတည်းသောသမီးမို့ မဆူရက် မဓာနကျော်ခဲ့ပေမယ့် မိန်းမတစ်ယောက်အနေနဲ့ မိန်းမသားမာနကတော့ ရှိသင့်ဘယ်မို့လား..။ မိန်းမတစ်ယောက်၏ ဂုဏ်သိက္ခာဆိုသော မာန်မာနကဒီလိုအဖြစ်ကို လက်မခံနိုင်အောင်ဖြစ်နေမိသည်။

“သမီးကိုပဲမာမီမေးချင်တယ်..ငယ်သူငယ်ချင်းတွေဆိုလည်း ရန်ဖြစ်ကြ ပြန်တည့်ကြနဲ့ ငယ်သံယောဇဉ်ဆိုတာ ရှိလာကြတယ်၊ သမီးနဲ့လင်းဆောင်ဖြာက ရှယ်တူလည်းမဟုတ်ဘူး..”

“လေးနှစ်လောက်ပဲကွာတာကို..”

မိဘတွေဒီလောက် အခြေအတင်ဖြစ်နေတာမြင်သားနဲ့ သင်းလေးအစောဒက တက်နေသေးသည်။ ဒေါ်သက်ထားဆွေ နှုတ်ခမ်းဖိဖိကိုက်လိုက်ရင်း ကိုယ့်စိတ်ကိုထိန်းနေရသည်။ ပြီးမှ.. ၊

“ဘယ်နှစ်နှစ်ပဲကွာကွာ အဲ့ဒါထားလိုက်တော့..သမီးကသူ့ကို ဘယ်လိုပတ်သက်ချင်တာလဲ၊ ဒါကမေးသင့်တဲ့နေရာ မေးရမယ့်အချိန်တော့မဟုတ်ပေမယ့် မေးရတော့မှာပဲ..သမီးတို့ကလေးတွေ မဟုတ်ကြတော့ဘူး..သမီးက သွားပေးခဲ့တဲ့ပစ္စည်းကို ယောကျ်ားလေးကလက်မခံနိုင်ပါဘူးဆိုပြီး ပြန်ပို့တယ်၊ အရှမ်းကိုအဆင်ဆိုးတယ်ရှင်လေး..”

“သူ့ဟာသူမလိုချင်လို့ ပြန်ပေးတာပဲမာမီရယ်..ကိုကိုက မာနကြီးတာလည်း သိသားနဲ့..”

“ကိုကိုလို့ခေါ်နေတာလည်း မာမီမကြိုက်ဘူး..”

“အဲ့ဒါ ဟိုအရင်တည်းက ဘွားတို့ပဲ..”

“ဟုတ်လိမ့်မယ်..သူဒီကိုပါလာရင် သမီးနဲ့သူမောင်နှမလို ရင်းနှီးသွားအောင် ခေါ်ခိုင်းခဲ့တာ၊ အခုခေါ်စရာမလိုဘူး..”

“ကဲပါသက်ထားရယ်..အလိုလိုက်တော့လိုက်လို့၊ ပြောပြီဆိုတော လည်း အကုန်လုံးတစ်ဆုံးပဲ..”

“မပြောလို့မရဘူးလေမေမေရယ်..”

“ဟုတ်တယ်..အဲ့ဒါတွေ ညည်းအဖေလုပ်လာခဲ့တာပဲ၊ ညည်းတစ်ခ ပြောရင် ငါ့မှာတစ်ခါမျက်နှာပူရတယ်..”

“ဒီလိုသဘောနဲ့ပြောမိတာ မဟုတ်ပါဘူးအမေ..”

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမမျက်နှာညိုတော့ ဦးမြတ်ထွန်းဝင်းက ပြေပြစ်သည့်မျက်နှာ နှင့် ရှေ့မှာဝင်ထိုင်လိုက်ရင်း.. ။

"တစ်ခုတော့ရှိတာပေါ့..အမေ့မြေးကို အမေအရှိန်းအလိုလိုက်တယ်"

"ငါ့ကိုကလေးချော့သလို ချော့နေဖို့မလိုဘူး..လေပြည်ထိုးလိုက် နောင့်နဲ့ပေါက်လိုက်လုပ်နေသလိုပဲ.."

"အမေကလည်း.."

"လာ ရှင်လေး..ဘွားကိုဇက်ကြောနည်းနည်းဆွဲပေးစမ်း.."

"ဟုတ်.."

ပြောကြဆိုကြဖြစ်ပြီဆို ဘွားတို့သူ့မြေးကိုခေါ်ထုတ်သွားပါပြီ။ လင် မယားနှစ်ယောက် မျက်လုံးချင်းဆုံရင်း သက်ပြင်းကိုယ်စီချမိကြ၏။

"သမီးဘဏ်စာရင်းထဲမှာ ဘာဖြစ်လို့ဒီလောက်ငွေအမောင့်တွေ ထည့်ပေးထားတာလဲသက်ထားရယ်..ဒါကြောင့် ခုလိုတွေဖြစ်ကုန်တာ.."

"သက်ထားကထည့်ပေးစရာလားမောင်..မေမေပဲနေမှာပေါ့၊ ပြီးတော့ ဖေဖေကလည်း မွေးနေ့ရောက်တိုင်း မုန့်ဖိုးဆိုပြီးတစ်မျိုး..လက်ဆောင်က တစ်မျိုး.."

"ဘိုးအေဘွားအေနှစ်ယောက် ပိုက်ဆံတွေဗုန်းကြဲနေတာနဲ့တော့ ခက် ပြီ.."

"ကြားသွားပါဦးမယ်မောင်ရယ်..မေမေကဒေါသကြီးပါဘိသနဲ့.."

"ဖေဖေကရောမကြီးလို့လား.."

စိတ်ညစ်နေသည့်ကြားက ပြုံးမိကြသေးသည်။ အမြဲတမ်းချမ်းမြေ့ နေခဲ့တဲ့ မိသားစုလေးပါ.. ။

လင်းရောင်ဖြာဆိုသည့် ကောင်လေးပါဝင်လာကာမှ ခု.. ။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၃)

"ဟဲ့..နင်ဘယ်သွားမလို့လဲ.."

ခြံပြင်ရောက်လာကာမှ အပြင်သွားမည့်ပုံစံနှင့် သမုကိုမြင်လိုက်တော့ အားရပ်မေးလိုက်မိသည်။ သမုကကြည်ပြာရောင်အပွင့်နုပ်နှင့်ဝတ်စုံအ လေးကို လက်တွန့်ခါးတွန့်လေးနှင့် မြန်မာဆန်ဆန်ဝတ်ထားသည်။ င်ကို စက်ဆွဲထားကာစမို့ ပျော့နွဲ့နအိနေကာ ပါးမို့လေးတွေသိသာ အောင် ထွက်နေသဖြင့် သူမမျက်နှာလေးကပေါ်လွင်သည့်အလှတို့နှင့် င်းနှစ်နေ၏။ အသက်ချင်းဆို တစ်နှစ်ခွဲလောက်ပဲကွာသည်လို့ လူကြီး တွေက ပြောကြသည်။

ဒါပေမယ့် ဒီအရွယ်တွေရောက်လာကြတော့ နှစ်နှစ်သုံးနှစ်ကွာသည့် ရွယ်တွေက မတိမ်းမယိမ်းတွေလို ဖြစ်နေခဲ့၏။ ထို့ပြင် သမုထက်ရှင် အသားပိုဝင်းကာ မျက်နှာပုံပန်းအရလည်း ပို၍နုငယ်နေသောကြောင့် အသက်ကွာသည်တောင် မထင်ရပေ.. ၊

ရှင်ကလည်း သမုကိုကြည့်သည်။ သမုကလည်း ရှင့်ကိုပြန်ငေးနေမိ မေးခွန်းရှိထားတာကို ပြီးမှသတိရလိုက်ပြီး.. ၊

"အာ..ဟို သမု.."

"စိတ်မရှည်လိုက်တာဟာ..ဘာလဲ ဟိုဒီလိုးလွှဲဖြေမလို့လား၊ နင့်ဘာ ဘယ်သွားသွားစိတ်မဝင်စားဘူး..ငါကမ္ဘာအေးဘုရားလမ်းဘက် ရောက်မှာ လိုက်ချင်လား.."

"ဟင့်အင်း..သမုသွားမှာ အဲ့ဒီဘက်မဟုတ်ဘူး.."

"ပြီးရော.."

မိန်းကလေးချင်းမို့ လမ်းတူနေရင်တော့ ခေါ်တင်သွားမလို့ပါ။ သမု

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဆိုတဲ့ မိန်းမကဘာလဲ.. ။

ကြည့်လိုက်ရင် မလှုပ်တလှုပ်အေးတိအေးစက်နဲ့။ တစ်ခါတလေအသက်မဲ့သလိုလည်း နေတတ်သေးသည်။ ဒီလိုပုံစံနေတဲ့ မိန်းမတွေရှိလို့ မာမီတို့ဆူလို့ပူလို့မဆုံး ဖြစ်နေကြတာပါ။ ဘွားကသိပ်လက်ခံချင်ပုံမပေါ်ဘဲ ရှင်ကလက်ခံခဲ့တာဖြစ်သည်။ ခုတော့ နှစ်ယောက်အတူရှိနေပေမယ့် မိန်းနဲ့ရေ။ ကိုယ်ပဲခေါင်းညိတ်လက်ခံခဲ့တာမို့ ခေါ်ထားပြီးမှ ဘာတတ်နိုင်မှာလဲ.. ။

"အမလေး.."

ကိုယ့်အတွေးနဲ့ကိုယ် ကားမောင်းလာခဲ့စဉ် ရွှေဂုံတိုင်ဘက်ကိုကွေ့အချိုးမှာ ကားရှေ့မှာဘွားခနဲပေါ်လာသည့် လူရိပ်ကြောင့်ရှင့်မျက်လုံးတွေပြာဝေသွားသည်။

"ဟာ..တိုက်မိသွားပြီလားမသိဘူး.."

"ခင်ဗျားဘယ်လိုမောင်းလာတာတုန်းဗျ.."

"မဟုတ်ဘူး..မတိုက်မိလိုက်ပါဘူး.."

ရှင်ထိတ်လန့်ကာ နှလုံးခုန်သံကရင်ဘက်ကြီးကွဲထွက်တော့မယ့်အတိုင်း.. ။

"ဘုတ်..ဘုတ်.."

"ဟော့..ဆင်းလေ.."

ကားမှန်ကိုလာပုတ်ပြီးခေါ်ကြကာမှ ကားပေါ်ကဆင်းဖို့သတိရသည်။ ကြည့်လိုက်တော့ ဒေါသမျက်နှာတွေနှင့် ယောကျာ်းသုံးယောက်ကကားနားမှာဖြစ်ကာ မလှမ်းမကမ်းမှာ ရပ်ကြည့်ကြသူတချို့နှင့် တချို့က ရပ်မကြည့်ဘဲ စပ်လည်းစပ်စုလိုသည်မို့ ခပ်တွဲ့တွဲ့သွားရင်း လှမ်းကြည့်နေကြ၏။

ဟိုလူဘယ်မှာလဲ..သေသွားပြီလား.. ။

မကြောက်နဲ့ရှင်..အောက်ကိုဆင်းလိုက်တော့၊ ဖြစ်လာရင်ရှင်းရမှာပဲ ကြောက်နေလို့ပြီးမသွားဘူး.. ။

ရှင့်အကျင့်ကိုက ရုတ်တရက်မို့ဟင်ခနဲ ဟာခနဲလန့်ဖျန့်သွားတာရှိရင်ရှိမည်။ ရင်ဆိုင်ရဖို့ဖြစ်လာရင်တော့ ကြောက်ရွံ့နောက်တွန့်သွားတယ်ဆိုတာ မရှိ.. ။

ခါးကိုဆန့်ထားလိုက်ပြီး အသက်ဝဝရှူသည်။ ပြီးတော့ တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ထုံး လျှောကျသွားအောင်ပြန်ရှုထုတ်လိုက်၍ တံခါးလှည့်ဖွင့်သည်။ သူမဒီ
နေရာကို ကားဖြတ်လာတည်းက ဝရန်းသုန်းကားထိုးရပ်သွားတဲ့အထိ
လှမ်းမြင်နေသည့် လင်းရဲ့စိတ်ဝင်စားမှုက ရှေ့ကိုတိုးရင်း မှန်ပြတင်းတစ်
ချပ်ကို ဖွင့်ကြည့်လိုက်မိတဲ့အထိ.. ။

ဟုတ်သည်..ဒါရှင်ထိပ်ထားပဲ.. ။

"ဘာလဲ..လင်း.."

"ငါနဲ့သိတဲ့ မိန်းကလေးပါ.."

"ဘာဖြစ်နေလို့လဲ.."

စကားထိုင်ပြောနေကြရင်း သူငယ်ချင်းတွေကလည်း ပြတင်းပေါက်
နားကပ်လာကြ၏။ အလုပ်အားတဲ့ရက်မှာ ကျောင်းတုန်းကသူငယ်ချင်း
တွေ မကြာခဏဆုံဖြစ်ကြသည်။ ဒီနေရာက သူရိန်မင်းတို့အိမ်ဖြစ်ကာ
လမ်းကွေ့လည်းဖြစ်သည်။ အစွန်အဖျားနေရာမဟုတ်ပေမယ့် ပြန်ဆောက်
ဖို့ဖျက်ချထားသည့် ခြံဝင်းကျယ်ကြီးတွေ ဆက်နေသဖြင့် လမ်းကျယ်သ
လို လူရှင်းကားရှင်းသည့်နေရာလည်း ဖြစ်နေသည်။

"လူတိုက်မိတာထင်တယ်ကွ..မင်းအသိဆို ထွက်ကူလိုက်ပါကွာ.."

သူမြင်နေရသည့်ပုံစံအရ မသမာမှုတစ်ခုခုဖြစ်နိုင်တာကိုသိသည်။
သို့သော် လဲကျနေသည့်လူကို လှမ်းကြည့်မိကာ.. ။

"ငါသွားမယ်.."

"ငါတို့လည်းလိုက်ခဲ့မယ်.."

သူရိန်မင်းနဲ့အာကာတို့ကလည်း ကမန်းကတန်းထွက်လိုက်လာကြ
၏။ ရှင်က ပိုက်ဆံအိတ်ဖွင့်ကာ ဒေါကန်နေသည့်လူသုံးယောက်ကို ဘာ
တွေပြောပြီး ဘယ်လိုဖြေရှင်းဖို့ကြိုးစားနေသည်မသိ။ လဲကျနေသည့် အ
သက်လေးဆယ်လောက် ယောကျ်ားကြီးကတော့ ဖင်ထိုင်လဲနေရာမှ မ
ကွေးနိုင် မဆန့်နိုင်ဖြစ်နေသည့် ခြေထောက်တစ်ဖက်ကို ဒရွတ်ဆွဲလျက်
ထရပ်ဖို့ ကြိုးစားရင်းအကြိမ်ကြိမ် လဲပြိုနေလေသည်။

"ဒါဆိုရင်တော့ ကျေနပ်ပါတော့ရှင်..ငါးသိန်းဆိုတာ မနည်းတော့
ပါဘူး.."

"မင်းနော်..မင်းကိုမိန်းကလေးမို့ ဒီနေရာတင် ကျေအေးပေးလိုက်
တာ.."

"အမလေး..ပေးတဲ့ပိုက်ဆံကိုယူပြီး လူကိုကြိမ်းပါးနေသေးတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင်တို့ကိုယောက်ျားကြီးတွေဆိုပြီး လန့်ဖျန့်ပေးတယ်ထင်နေသလား အဲ့တစ်ယောက်ကို ကားတိုက်ပါတယ်ဆိုတာလည်း ယုံလွန်းလို့မထင်နဲ့

စိတ်တိုတိုနှင့် ရှေ့ကိုခြေတစ်လှမ်းတိုးပြီး ပြောမိသေးသည်။ ပြီး ပတ်ဝန်းကျင်အခြေအနေကြောင့် ချက်ချင်းပြန်ဆုတ်လိုက်မိပြီး.. ၊

"ဟိုမှာနာတဲ့လူက တကယ်နာနေလို့ ဆေးဖိုးပေးတာ..ပြဿနာ လည်း မရှည်ချင်လို့.."

သူတို့ကလည်း မျက်နှာတွေတင်းနေကာ.. ၊

"ဘာကြောင့်ဖြစ်ဖြစ် ငါတို့မကျေနပ်ရင် နင်လွယ်မယ်ထင်လို့လား"

"မလွယ်တာတွေပြောမနေပါနဲ့..အဲ့ဒီမှာအော်နေတဲ့ လူကြီးကိုခေါ် သွားလို့ ရပြီ.."

"အမိန့်မပေးပါနဲ့..ပြဿနာမရှည်ချင်ဘူးဆိုရင် နင်ပဲကိုယ့်လမ်း ကိုယ်သွားလိုက်.."

"ပြီးရော.."

ရှင်ကားထဲပြန်ဝင်ကာ တံခါးပိတ်လိုက်လျှင် ထိုအသံကြောင့် ရှုံ့ ညည်းနေသူ မျက်လုံးပြူးမျက်ဆံပြူးထဖြစ်ကာ.. ၊

"ဟာ..ဘာလုပ်ကြတာတုံး၊ ငါ့ကိုဆေးခန်းပို့ပေးကြဦးလေ..ဟဲ့ ကောင်မလေး ငါ့ကိုဆေးရုံပို့ပေး.."

ကားကိုနောက်နည်းနည်းပြန်ဆုတ်၍ ကွေ့မောင်းသွားဖို့ဖြစ်သည်။ သို့သော် ဒီဘက်ကိုခေါင်းလှွဲကွေ့လိုက်တာနှင့် ကားရှေ့မှာယောက်ျား သုံးယောက်.. ၊

ကိုကို.. ၊

ရှင်ဝမ်းသာအားရဖြစ်သွားသည်။ ကားကို ချက်ချင်းစက်ပြန်သတ် ကာ အောက်ပြန်ဆင်းလိုက်ရင်း.. ၊

"ကိုကို ရှင်ဘာမှမဖြစ်ဘူး..အားလုံးရှင်းပြီးသွားပြီ.."

"မပြီးသေးဘူး.."

ဟင်.. ၊

နှစ်ယောက်ရှေ့ကနေ လင်းကထွက်လာပြီး ဟိုလူတွေနားရောက် သွားကာ.. ၊

"အဲ့ဒီပိုက်ဆံတွေ အေးဆေးပြန်ပေးရင် ပြဿနာမကြီးတော့ဘူး ပေါ့ဗျာ..ဒီအကွက်တွေက ရိုးနေပါပြီ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်..မင်းဘာပြောတာလဲ.."

"လင်း.."

ပြဿနာမဖြစ်ခင် အာကာကအနားကပ်လိုက်ကာ.. ။

"ဟိုမှာလူနာက သွေးသံရဲရဲနဲ့ တော်တော်သည်းနေတာကွ..လိမ်ဆင်ညာတ်လောက်ဘူး.."

လင်းက လူနာကိုရောသူတို့တွေကိုပါ ငုံကြည့်ကာ.. ။

"ဟုတ်တယ်..တကယ်လဲသွားတာ သွားထူပြီး ကားပေါ်တင်ပေးအားလိုက်ကွာ.."

"အို..မဖြစ်ဘူး၊ အဲ့ဒါကြီးကို ကားပေါ်တင်စရာလား..ကိုကိုဘာတွေသိနေတာလဲ၊ ရှင်ရှင်းပြီးပြီဆိုမှ.."

လင်းရဲ့လက်ကိုဆွဲ၍ ရှင်ကအသည်းအသန်တားသည်။ လင်းကညည်မကြည့်ဘဲ လက်ကိုခါချပစ်ကာ.. ။

"ဒီလူကိုအင်းယားလမ်းထဲမှာ အရှုးချမ်းသာလို့ခေါ်ကြတယ်..သူတို့ လူပျိုကြီးညီအစ်ကိုနှစ်ယောက်ပဲ ရှိတယ်၊ အစ်ကိုကြီးသေသွားပြီးခိုးလောင်ပြီးတဲ့နောက်မှာ သူဒီဘဝရောက်သွားတာတဲ့.."

ဟိုလူသုံးယောက် မျက်စိမျက်နှာပျက်ကုန်ကြ၏။

"အဲ့ဒီတော့ ခင်ဗျားတို့ကိုလည်း ကျွန်တော်မသိဘူး..ကျွန်တော်ပြောတာကိုလည်း ယုံချင်ယုံမယုံချင်နေ၊ ဒီလူကားရှေ့ဖြတ်ကူးတာကနေ ခင်ဗျားတို့ဒီကားနောက်က ရောက်လာတာထိအားလုံး ကျွန်တော်မြင်တယ်..သူထားတဲ့ပိုက်ဆံကိုချထားခဲ့ပြီး အေးဆေးထွက်သွားမလား..ရဲခေါ်ရမလား.."

"ဘာလဲ..ငါတို့နဲ့သိတယ်ကွ၊ ငါတို့ကသူ့ကိုဆေးခန်းပို့ပေးမှာ.."

"အဲ့ဒါညာတာ..ငါမသိဘူး၊ ငါ့ကိုသူတို့နဲ့မထည့်နဲ့နော်..လူလိမ် လူညာတွေ ဖြီးတာရှီးတာ အောင်မလေး..ငါ့ခြေထောက်ဖြတ်ရတော့မယ်၊ ဒီကားသမားမ မောင်းပြေးဖို့လုပ်တာ အဲ့ကောင်မလေး.."

အရှုးချမ်းသာက ခြေထောက်မထောက်နိုင်ဘဲ ဆွဲထူပေးကြသည့်အာကာတို့ကို အတင်းဖက်တွယ်ထားရင်း အော်နေတော့သည်။ လင်းကဒီလူတွေပြန်ထားရစ်ခဲ့သော ပိုက်ဆံတွေကိုဘောနက်ပေါ်မှာ ဖိပေါက်ချလိုက်ပြီး.. ။

"မင်းပိုက်ဆံပေါ်တိုင်း ဒီလိုဖြေရှင်းဖို့ကြိုးစားနေလား..ကိုယ့်ကားနဲ့

www.burmeseclassic.com



တိုက်မိတာဖြစ်ဖြစ် မတိုက်မိဘဲဖြစ်ဖြစ် လဲပြိုထိခိုက်သွားတဲ့လူနာကို အား ပြီး မောင်းပြေးတာဘယ်လောက် သေးသိမ်ညံ့ဖျင်းတဲ့စိတ်ဓာတ်လဲ..

"ပိုက်ဆံဆိုတာ ဒီလိုဖြေရှင်းသုံးစွဲဖို့ပဲကိုကိုရဲ့..သူ့ခြေထောက်အပိုင်း ပိုင်းကျိုးသွားတာလည်း မဟုတ်ဘူး၊ ငွေငါးသိန်းနဲ့နောက်ခြေထောက်အ ချောင်းထပ်လိုချင်ရင်တောင် ရဦးမှာ..ကိုကိုဝင်ရှုပ်လို့ အခုပိုရှုပ်ကုန်ပြီ ရှင့်ကားပေါ်မှာ အရှုးနဲ့သွေးတွေသံတွေနဲ့..နေဦး နေဦး.."

ရန်လည်းတွေ့နေရသေးသည်။ တံခါးဖွင့်နေပြီဖြစ်သည့် အရူးရှ သာနဲ့ အာကာတို့ကိုလည်း ပြေးဆွဲတော့မလိုလို တဖားဖားဖြစ်နေကာ..

"နောက်မှာသားရေခင်းရှိတယ်..မထည့်လိုက်နဲ့ဦး၊ နေဦးနော်..နေဦး လို့.."

"ဟိုမှာလူနာက မခံနိုင်တော့ဘူးဖြစ်နေပြီ..အာကာ ထည့်လိုက်.."

"အို..နေပါဦးဆိုမှ ကိုကိုနော်၊ ဟိုလူတွေနေဦး...အယ်.."

လူနာကိုပဲ ပြေးဆွဲတော့မလို လင်းဆီပြေးလာပြီး ရန်တွေ့တော့မည် ဟိုပြောဒီပြောမို့ သူမရဲ့ဆံပင်တွေရော လက်ကောက်ဝတ်မှာမတရား ဖြင့်ပွထားသည့် အင်္ကျီလက်စရောနှစ်ခုစလုံး ဝေ့ဝဲလွင့်ခါနေတော့သည်၊ လူနာကားထဲကို သေချာရောက်သွားမှန်းသိလိုက်သည်နှင့် ရှင်သတိလ သွားသလို တောင့်မတ်ငြိမ်သက်သွားလျှင် လင်းကလက်ပိုက်ကြည့်နေရင်း ပြုံးလိုက်ကာ.. ၊

"ဟော့..ကားထဲဝင်လေ၊ ဆေးရုံလိုက်ပို့လိုက်.."

ရှင်ဆတ်ခနဲဖြစ်သွားကာ သူ့ကိုလှည့်ကြည့်လာပြီး.. ၊

"ကိုကိုတကယ်ရက်စက်တယ်သိလား.."

"ဘာကိုလဲ.."

"ကိုကိုလုပ်လိုက်တာ သူများကားသွားပြီး.."

ဆံပင်တွေဖွလိုက် ခြေဆောင့်လိုက်နှင့် ဇိုချလိုက်တော့မယ့်အတိုင်း ပြီးတော့ မျက်နှာလေးဆတ်ခနဲမော့လာကာ.. ၊

"သွားပြီ..ရှင်အဲ့ဟာမျိုးဆို ဘယ်တော့မှမစီးဘူး.."

"ဒါဆို မင်းနေခဲ့လိုက်ပေါ့..လူနာပို့ပြီးရင် ကားပါပြန်ပို့လိုက်မယ်.."

"ဘာ..ဘယ်လို.."

"ဟော့..ဒါမင်းပြဿနာနော်..ငါတို့က လူနာကြောင့်ဝင်ပါရတာ၊ မင်း ချမ်းသာလို့ အလိမ်ခံနိုင်ပေမယ့် လူနာဒုက္ခရောက်မှာစိုးလို့.."

www.burmeseclassic.com

www.burmeseclassic.com


ပြောပြီးတာနှင့် သူမလက်ထဲကကားသော့ကို လှမ်းယူသွားလျှင် အ...ဘာမဲ့ ကြောင်တောင်တောင်လေးကျန်ရစ်၏။ ပြီးမှ ပျာပျာသလဲဖြစ်...ဘာ.. ။

"ကိုကိုနေဦးလေ..ရှင်ကကျန်ခဲ့ပြီး ဘာနဲ့ပြန်ရမှာလဲ.."

ဟိုဘက်တံခါးကို တဖားဖားပြေးသွားပြန်သည်။ ပြီးတော့ ကားထဲ...ဦး ဝင်ထိုင်တာမဟုတ်.. ။

"ခဏလေးကိုကို..ခဏလေးနော်.."

သူမကားတံခါးကို ကိုယ်နဲ့ခံထားပြီး ဘာတွေလှန်လှောရှာဖွေနေ...သည်ခဲသိ။ ပြီးတော့ ထိုင်ခုံအောက်ကိုရှာနေရင်း လက်ထဲမှာပါလာတော့...ရေဘူးကြီးတစ်ဘူး.. ။

"ဟော့..ဘာလုပ်မလို့လဲ၊ အမွှေးနံ့တွေမဖျန်းနဲ့နော်..ငါလုံးဝမခံနိုင်...။"

"အမွှေးမဟုတ်ပါဘူး..ပိုးသတ်ဆေး.."

"ဘာ.."

"ဟာ.."

"ဒီ..ဒီမှာ ဒဏ်ရာတွေနဲ့.."

"အောင်မလေး..ခြေထောက်ကကိုက်လာပြီ၊ ငါ့ကိုမြန်မြန်ပို့ကြပါ...ား.."

လူနာက အသံသေးအသံကြောင် ထအော်လိုက်လျှင် ရှင့်မျက်နှာမဲ့...သွားပြီး ဒေါသကြောင့် ဆတ်ခနဲကိုယ်ကိုမတ်လိုက်မိကာ.. ။

"ဒုန်း.."

"အား..သေပြီ.."

အပေါ်တံခါးဘောင်နဲ့ နောက်စေ့ဆောင့်မိသွားလျက် ဒေါသကဆ...ဦးကိန်းတွေဖြစ်သွားခဲ့၏။

"ပို့ပေးမယ်..အဲ့ဒီပါးစပ်မပိတ်ရင်တော့ ဆေးရုံမပို့ဘဲ ရေဝေးပို့ပေး...လိုက်မှာ မယုံရင်ထပ်အော်ကြည့်.."

"ဟိတ်..မင်းကြမ်းတန်းလှချေလား.."

"ကြမ်းမှာပေါ့..ဒီမှာသူများနာသွားတာကို ကိုကိုတို့ဘာလို့ပြုံးစိစိ...ဖြစ်နေကြလဲ.."

"ပြုံးစရာမို့ပြုံးတာပေါ့ကွ..ဘယ်သူက မင်းခေါင်းကိုကိုင်ပြီး အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တန်းနဲ့တိုက်ဆောင့်ပေးလိုက်လို့လဲ၊ ကိုယ့်ဒေါသနဲ့ကိုယ်.."

"ပြောပေါ့..ရှင်ချည်းပဲ အမှားတွေလုပ်မိနေတာ ဟုတ်တယ်၊ ကိုကို ကောင်းတယ်..ရှင်လုပ်သမျှမှားတယ်၊ ကိုကိုကောင်းဖို့ပဲလိုတာမို့လား လုပ်ပေါ့.."

"ဟော့..မင်းမပြီးနိုင်တော့ဘူးလား.."

"ဟား ဟား ဟား ဟား.."

နောက်ကနစ်ယောက် ပါးစပ်ကြီးတွေကျယ်သလောက် ဖြဲဟပြီး ရယ် ချလိုက်လျှင် သူမပြောတာဘာမှားသွားလို့လဲဆိုသည့် မျက်ဝန်းလေးတွေ ကစုးရဲနေခဲ့လျက်.. ၊

"ရှီး.."

"ဟာ.."

"ဟစ်..အဟွတ် အဟွတ်.."

ရှင်က စပရေးဘူးကို တရှူးရှူးလျှောက်ပန်းပစ်လိုက်ရာ ကားထဲ၌ ရှိသမျှလူတွေ ချောင်းတွေဆိုးကုန်တာ ကုန်းကုန်းကွကွ.. ၊

"လုပ်..လုပ်ပါဦးလင်းရ၊ အဟွတ် အဟွတ်..ငါ အဲ့ဒါနဲ့စာတ်မတည့် ဘူးကွ.."

"ရှင်ထိုင်ထား.."

တိုင်တဲ့သူကတိုင်သည်။ လင်းကလည်း ကမန်းကတန်းတားဆီး၏ ရှင်က ထိုင်ခုံတစ်လုံး၏အပေါ်အောက်တွေကို စိတ်ကြိုက်ဆွတ်ဖျန်းပြီး

"ရှင်ကကားပေါ်မှာ လူစိမ်းပါလာရင်အဲ့လိုပဲ ပိုးသတ်ဆေးဖျန်းနေ ကြလေ..ခုသွေးသံရဲရဲနဲ့ဆိုတော့.."

"အေး..ဆေးရုံရောက်ပြီးရင် မင်းဘာသာမီးပုံရှို့ပစ်ပစ် ကြိုက်သလို လုပ်..အခု အဲ့ဒါတွေလုပ်တာက.."

"ခုလုပ်မှဖြစ်မှာပေါ့ကိုကိုရဲ့..လူနာကြီးက ခုပါလာတာ ခုပိုအရေး ကြီးတာလေ၊ ပြန်ရင်လည်း အဲ့ကားကိုရှင်ပြန်မစီးပါဘူး..ဟွန်း.."

ဆောင့်ခနဲဝင်ထိုင်လိုက်သဖြင့် ကားတစ်စီးလုံးသိမ့်သိမ့်ခါသွားသည် ပြီးတော့ မှန်တွေအားလုံးချပစ်လိုက်ပြီး ဒတ်ရှ်ဘုတ်ထဲက ပဝါပါးလေး တစ်ခုကို ထုတ်ယူပြီး.. ၊

"မောင်းလေ..ဘာလုပ်နေတာလဲ.."

ဒေါသတွေနဲ့ နီရဲရင့်ညိုနေသည့် မျက်နှာကိုလှည့်ကြည့်ကာ သူမက

www.burmeseclassic.com

www.burmeseclassic.com



…ားမလည်နိုင်သလို၊ ထိုစဉ် ကားကဝေါခနဲဆောင့်ထွက်သွားလျှင် …ထံမှ 'အား'ခနဲအော်သံနှင့်အတူ ရှင့်မျက်နှာလေးမဲ့လျက်.. ။

"ဖြစ်ရတယ်..သူများကားကိုလည်း ကိုယ့်သဘောနဲ့ကိုယ်လုပ်နေ …တယ်၊ ဒေါသက သတင်းကျွတ်ဖြောက်အိုးကျနေတာပဲ.."

လင်းက မျက်မှောင်ကုတ်နှင့် လှည့်ကြည့်သည်။ ရှင်ကမသိသလိုလို …ိုက်သလိုလို။ နောက်ကနေမြင်နေ ကြားနေရသည့်အာကာနဲ့သူရိန် …ို့မှာ အစီအစဉ်မရှိဘဲ လုပ်လိုက်ရသည့်လင်းရဲ့ဦးဆောင်မှုမှာ ဘယ် …ို ဆရာခေါ်ရမှန်းမသိ။ လောလောဆယ်မှာတော့.. ။

"အဟွတ် အဟွတ်..အဟမ်း ဟမ်း.."

"ဒုက္ခပါပဲ..ခြေထောက်နာရတဲ့အထဲ ဒီပါးစပ်ကြီးနဲ့ချောင်းဆိုးတာ …ငြိုးလိုက်တာကွာ.."

"ချောင်းဆိုးတာ ပါးစပ်နဲ့မဆိုးဘဲ ဘာနဲ့ဆိုးရမှာလဲဗျ..ခင်ဗျားကပဲ …ရတယ်ရှိ အဟွတ်..အဟွတ်.."

"ဆိုးလို့ရတယ်..ငါ့အဘွားဆိုရင် အဟွတ်..အဟွတ် ဘွတ်..ဘွတ်.."

ခိတ်တိုရတဲ့အထဲ ပြုံးစိစိတွေဖြစ်သွားကြသည်။ အရူးကတစ်မျိုး.. …ဘဲ့ ခင်ကြီးကျယ်ကတစ်မျိုး.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ဆေးခန်းရောက်သွားတော့လည်း သူမကဖုန်းတစ်လုံးနဲ့ ခြည့်ဆော ခုံတွေမှာ ဟိုလျှောက်ဒီလျှောက်.. ၊

"ဟုတ်တယ်ဦး..အဲ့ကားကိုပဲ.."

"... ................."

"ဟာ..လဲမှာပဲ၊ ဒယ်ဒီ့ကိုကြိုပြောရင် တားမှာပေါ့..ဟင့်အင်း မ ချင်တော့ဘူး၊ လဲမယ် လဲပြီးမှဒယ်ဒီတို့ကိုပြောမယ်..ရပါတယ်ဆို.."

သူမဖုန်းပြောနေသည့် အကြောင်းအရာကိုကြားလိုက်ရသဖြင့် လ ရဲ့ခြေလှမ်းတွေ ပို၍မြန်ဆန်သွားခဲ့ပြီး. ၊

"ဟုတ်ဦး..ဒါဆို အဲ.."

မျက်နှာရှေ့တည့်တည့်လာရပ်ပြီး ခါးထောက်လိုက်သည့် လင်း မြင်လိုက်လျှင် ရှင်ဘာမှဆက်မပြောနိုင်အောင် ဖြစ်သွားကာ.. ၊

"ဘာဖြစ်လို့လဲကိုကို.."

မေးပြီး ဟိုကြည့်ဒီကြည့်ဖြစ်သွားစဉ် အရှုးချမ်းသာဝင်သွားသည အခန်းရှေ့မှာ လူတချို့မိုးတို့မတ်တပ်ရပ်နေကြတာကို မြင်လျှင်.. ၊

"ဟင်..ဟိုအရှုးကြီးဆုံးသွားပြီလား၊ ဟုတ်လားကိုကို..ခြေထော လေးကိုထိတာနဲ့ သေသွားတယ်.."

မေးပုံက အသက်ရှုရပ်တော့မတတ် တအံ့တသြ၊ လင်းစိတ်တို့ သည်။

"ဟုတ်တယ်..ခင်ဗျားကားမလဲခင် အသုဘပို့ရဦးမယ်ဆိုတာ ငါ ပြောတာ.."

"အို..ဘာဆိုင်လို့လဲ၊ လဲလဲမလဲလဲ သူများကားနဲ့မသာတင်စရာလာ

www.burmeseclassic.com

www.burmeseclassic.com

နှာနံ့ယာဥ်ငှားပေးလိုက်ပေါ့..”
“ရှင်ထိပ်ထား..”
“မရဘူး..ဒီတစ်ခါ ကိုကို့ကိုလုံးဝမလိုက်လျောနိုင်ဘူး..”
ဟာ.. ။
အော်ထည့်လိုက်တာ စိတ်လွတ်ကိုယ်လွတ်ကြီး.. ။
“ရှင်က ကိုကိုမို့လို့ ငြိမ်နေလိုက်တာသိလား..ဒီကအခွင့်အရေးယူ ယ်ပြောရင် ကိုကိုကြိုက်မှာမဟုတ်ဘူး၊ သူများခေါင်းမညိတ်ရသေးဘူး ကိုစိတ်ကြိုက်ထင်သလို..”
“တော်တော့..”
ခပ်ကြိတ်ကြိတ်ပြောရင်း သူမလက်လေးကိုဆွဲ၍ ဘေးတံခါးကနေ ပြင်ထိ ခေါ်ထုတ်လာခဲ့ရင်း.. ။
“စကားပြောရင် ဘေးပတ်ဝန်းကျင်ကို ထည့်မတွက်တာမင်းအကျင့် ..ပြောစမ်း..”
“ရှင်က ဘေးပတ်ဝန်းကျင်ကို ပြောနေတာမှမဟုတ်ဘဲ..”
သူမကပြန်အော်ပြီး လက်ကိုရုန်းသည်။ လင်းကဆွဲထားချင်လို့မ ဘ်ပေမယ့် ပြန်ရုန်းတာကိုပဲ လျှော့မပေးနိုင်ဖြစ်ကာ ပို၍ဖိဆုပ်ထား ထ်ပြီး..။
“ငါ့ကိုကပ်သပ်မပြောနဲ့..ဘယ်နေရာမှာမဆို ပတ်ဝန်းကျင်နဲ့လွတ် င်းတာမရှိဘူး၊ ကိုယ်ပြောတဲ့စကား ကိုယ်ဘယ်ရောက်လို့ရောက်မှန်း ည်ရင် နောက်တစ်ခါဝါးလုံးခေါင်းထဲဝင်ပြော..”
“ရတယ်..ကိုကိုလည်းလိုက်ခဲ့လေ..”
“ဘာ..”
“ဝါးလုံးခေါင်းဖြစ်ဖြစ် သစ်ခေါင်းထဲဖြစ်ဖြစ် ပြောဖော်ရှိမှပြောလို့ရ မဟုတ်ဘူးလား..”
“ရှင်ထိပ်ထား..ငါမင်းနဲ့စကားစမြည်ပြောဖို့ လိုက်လာတာမဟုတ် ..”
အံကြိတ်ထားရသည့်ဒေါသသံက အေးစက်ပြတ်တောက်နေသဖြင့် င်က မျက်နှာလေးကိုတမင်မော့ပစ်ကာ.. ။
“ရှင်ကလည်း ကိုကို့ကိုလာပြောပါ လိုက်ခဲ့ပါခေါ်လို့လား..ဒီထိ ာက်လာခဲ့တာ ကိုကိုလုပ်တာလေ၊ ရှင့်ကားနဲ့တိုက်မိတယ်ပဲထား..ရှင့်
www.burmeseclassic.com

www.burmeseclassic.com



ကိစ္စရှင်ရှင်းပြီးပြီ..အဲ့ဒါကို ကိုကိုသဘောနဲ့ကိုကိုလုပ်လာတာ..”

လာပြန်ပြီဒီစကား.. ။

“ဒီကခေါင်းမညိတ်ရသေးဘူး..ကိုကို့ဘာသာဇွတ်တက်..ဇွတ်..”

“ဟိတ်..”

သူအော်လိုက်တော့ ရှင့်နှုတ်ခမ်းလေးညွန့်ခနဲ မဲ့ကျသွား၏။ ပြီးတော့ မျက်နှာလေး လွှဲပစ်ရင်း.. ။

“သူအော်တာတော့ ကြားကောင်းတဲ့ပုံ..”

“မင်းကိုပြောရရင် ဒီအကြောင်းပဲပြန်ရောက်နေတာ ပြီးမှာမဟုတ် တော့ဘူး..အခု ဟိုကောင်တာမှာ ဆေးဖိုးသွားရှင်း..”

“ဘာ..”

ဆေးဖိုးဆိုတော့ ပြူးတူးပြူတဲလေး ပြန်ကြည့်၏။

“ဒါနဲ့သေပြီဆို ကိုကိုရွဲ့ပြောတာလား..”

လင်းက ထိုမေးခွန်းကိုမဖြေဘဲ ကျွတ်ခနဲမဲ့သည်။ ပြီးမှ.. ။

“ဒီကဆေးစာအားလုံးယူပြီး သိမ်းထား..ပြီးရင် လူနာအခြေအနေ ပြီး မင်းဘာလုပ်ပေးနိုင်သလဲ မင်းတတ်နိုင်တာတစ်ခုခု..”

ထပ်ပြောလာတော့မှ လင်းတမင်ရွဲ့ပြောခဲ့တာမှန်း သေချာသွားက

“လုပ်စရာရှိတာ အခုပဲလုပ်ပေးခဲ့မယ်ကိုကို..ဘာလုပ်ပေးရမလဲ၊ ရာဝန်တစ်ယောက်ထည့်ပေးလိုက်ရမလား..နှစ်ငှားပေးရမလား၊ ငွေ ချင်လည်းဖြစ်တယ်..အဲ့ဒီဒဏ်ရာကြီးနဲ့လူကိုတော့ တွဲပါ ကားပေါ်တင် နဲ့ နောက်ထပ်ကရိကထတွေ ထပ်လုပ်မပေးနိုင်ဘူး..”

“အဲ့ဒါမင်းပဲ..”

စကားပြောတာ ဒေါ်တွေပါလာကာမှ ဖုန်းလာတော့ ထုတ်ကြည့်ပြီ နားထောင်လိုက်လျှင်.. ။

“ဟုတ်ပါတယ်..ကျွန်တော်ပါ၊ အန်ကယ်လ်မျိုးလားမသိဘူး..မေ ဖုန်းကဘာယ်လိုလုပ်..”

“..... ...............”

“ဗျာ..ဟုတ်ကဲ့၊ ကျွန်တော်ခုပဲလာခဲ့ပါ့မယ်..”

ချက်ချင်းကြီးဖုန်းပြောရင် ထွက်သွားသဖြင့် ရှင်ပျာသာခတ်သွား သည်။ သူမ လင်းရဲ့နောက်ကို ပြေးလိုက်သွားခဲ့ရင်း.. ။

“အန်တီရီတစ်ခုခုဖြစ်တာလားကိုကို..ကိုကိုမှာကားမှမရှိတာ ရှ

www.burmeseclassic.com

www.burmeseclassic.com



...ပို့မယ်လေ.."

"မလိုဘူး..မင်းကိစ္စမင်းရှင်း.."

"ပြီးပြီပဲကိုကို..ဒီကလူနာက အကောင်းကြီးကို၊ ရှင်လိုက်ပို့ပါမယ် ... လာပါ.."

မမေ အိမ်ရှေ့ထွက်ဈေးဝယ်ရင်း မူးလဲလို့ဆေးခန်းရောက်နေသည် ... ဒီလိုမျိုး မဖြစ်ခဲ့ဘူးသဖြင့် စိုးရိမ်စိတ်ကြောင့် ပူထူနေခဲ့သည်။ ရုတ် ...ရက် တက္ကစီကလည်းမရသည်မို့ ရှင့်ကားဆီပဲထွက်လာမိကာ..၊

"ဒီကကိစ္စတွေ မမေ့ကိုလျှောက်ပြီး အာမချောင်နဲ့.."

သူမပဲပြောပြီး ရှေ့ကနေအပြေးတပိုင်းထွက်သွားသည်။ ပြီးတော့ဘာ ...သလဲမှတ်ပါသည်။ သူမကမောင်းသူထိုင်ခုံပေါ်ကို ပိုးသတ်ဆေးတွေ ...၍ စတီယာရင်ပါမကျန်..၊

"လာ..ကိုကိုလာ.."

ပြောပြန်ရင်လည်း ကိုယ်ပဲဇီဇာကြောင်သည် ဖြစ်ရဦးမည်မို့ သူမရဲ့ ...ကြောင်မှုကို လစ်လျူရှုလိုက်ရလေသည်။

သူဘယ်တုန်းကမှ သူမနဲ့ပတ်သက်ဖို့ စိတ်မကူးခဲ့ဘဲ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

"သား.."

"ဘယ်လိုဖြစ်တာလဲမေမေ.."

လင်းဆုပ်ကိုင်လိုက်သည့်လက်ကို နှစ်သိမ့်သလိုပြန်ကိုင်ပြီး ပြုံးဖို့ ကြိုးစားမိသည်။ သို့သော် ခေါင်းထဲမှာ မူးဝေနေဆဲရှိရာ ပြုံးချင်ပေမယ့် မပြုံးနိုင်.. ။

"မေမေဘာမှမဖြစ်ပါဘူးသားရယ်..ဖြုန်းခနဲ မိုက်ခနဲဖြစ်သွားတာကို မထိန်းနိုင်ဘူး ဖြစ်သွားရုံပါ.."

"အဲ့ဒါကိုဘာမှမဖြစ်ဘူးပြောလို့ရမလားမေမေရာ..ခုရော မေမေ့မျက်နှာ မကြည်သေးပါဘူး၊ မူးနေတုန်းပဲလား.."

"မေမေ..ရ.."

မျက်လုံးတွေက လင်းရဲ့နောက်ကလွှပ်ရှားသွားသည့် အရိပ်ဆီ ရောက်သွားလျှင်.. ။

"သမီးလေးပါလား.."

ဒေါ်ရီလင်းမျက်လုံးတွေက နီကျင်ကျင်ကနေ အားဆောင့်တက် လိုက်သော မီးလုံးကဲ့သို့.. ။

"သမီးဘယ်သူနဲ့လာတာလဲဟင်..သမီးကိုကိုနဲ့လာတာလား၊ အန်တီ ဒီလိုဖြစ်တာကို ဘယ်လိုသိလာတာလဲ.."

"ရှင်နဲ့ကိုကိုက.."

"သူငယ်ချင်းအိမ်ရှေ့မှာ တိုက်တိုက်ဆိုင်ဆိုင်ဆုံမိတာမေမေ..အဲ့ဒီမှာ မေမေ့ဖုန်းဝင်လာတော့ စိတ်ပူပြီးသူ့ကားနဲ့ တန်းထွက်လာခဲ့တာ.."

"တိုက်ဆိုင်တာကြည့်စမ်း.."

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလိုက်တာလို့ တဆုံးထိမပြောခဲ့ပေမယ့် မေမေ့အပြုံးတွေမျက်နှာတွေကို သူသိနေသည်။ ဒီမိသားစုနဲ့ပတ်သက်ပြီး ကြွေးတင်သလိုခံစားနေခြင်းက သူနဲ့အတူမြင်လိုက်ရတော့ အတော်ကြီးပျော့ရှင်ကျေနပ်သွားသလည်း သိသာနေခဲ့လျက်.. ။

"လာလေသမီးလေး..လာထိုင်၊ သမီးမာမီတို့ရော သမီးလာတာသိကြလားဟင်..ကားပြန်ပို့လိုက်တဲ့ကိစ္စအတွက် အန်တီစိတ်မကောင်းပါဘူးအမီးရယ်နော်..အဲ့ဒါကလေ.."

"မေမေ.."

လင်းက ဒေါ်ရီလင်းရဲ့လက်ကို သတိပေးသလို ဖိဆုပ်ထားလိုက်သည်။

"လောလောဆယ်မေမေ့ကျန်းမာရေးက ပိုအရေးကြီးနေတာ မဟုတ်ဘူးလားမေမေ..သူလည်း အနားမှာရှိနေလို့ လိုက်လာတာပါ.."

"အဲ့လိုတော့ကိုကိုမပြောပါနဲ့..အန်တီ့သတင်းကြားလိုက်လို့ ရှင့်ဘာအစီးရိမ်ပြီး လိုက်လာတာပါ.."

"သိတယ်..အန်တီထင်ပါတယ်၊ အန်တီလည်းသမီးမျက်နှာလေးကိုမြင်လိုက်မှ ရောဂါတောင်တစ်ဝက်ကျသွားသလားပဲ..သမီးမာမီတို့ကိုလည်း ပြောပြပေးနော်သမီး၊ အဲ့ဒီကိစ္စအတွက် အန်တီထပ်လာချင်သေးတာ..ပြောရရင် ခုချိန်ထိအန်တီကားမစီးတတ်သေးဘူး၊ တက္ကစီနဲ့လာရင်လည်း လိပ်စာက.."

"မေမေမောနေပါ့မယ်..မျက်နှာကလည်း ခုထိဖြူဖျော့နေသေးတာ.."

လင်းတကယ်စိုးရိမ်လာတာဖြစ်သည်။ လူကနေမကောင်းသေးဘဲနှင့်ကိုမြင်လိုက်တာကြောင့် ကိုယ့်အခြေအနေကိုမေ့နေသလားမသိ။ မေမေ့ကြောင့်တော့ ခက်ပါတယ်.. ။

"အန်တီကကောင်းသွားပါပြီ..မူးတာမော်တာတွေ လူကြီးတွေကဖြစ်နေတတ်တာပဲဟာ၊ အဲ့ဒါအန်တီကသားမွေးထားလို့..ကိုကို့နေရာမှာသာသမီးမိန်းကလေးဆိုရင် မိဘမျက်နှာကိုပိုသိတယ်.."

"ဟုတ်ပသမီးရယ်.."

ဒီကောင်မလေး ကိုယ့်စကားဘယ်လိုအရာဝင်နေပြီဆိုတာ သိရဲ့လား... ။

လင်းဒေါသတွေ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က သားတွေကိုခြုံငုံပြောတာပါ..ကိုကို့တစ်ယောက်တည်းပြော တာမဟုတ်ပါဘူး၊ အထူးသဖြင့်သားဆိုတာ.."

"ဟော့..မင်းကိုယ့်အကြောင်းကိုယ် မပြောတတ်ဘူးလား.."

"ကိုယ့်အကြောင်းကိုယ်ပြောမို့ပဲလေ..ရှင်က အန်တီဆီနေ့တိုင်းသ ပြီး အဖော်.."

"မလိုဘူး..အမေ့အတွက် ငါရှိရင်ဖြစ်တယ်၊ မင်းကိုယ်မင်းပဲ နေတ အောင်နေ.."

ခုလေးတင်ပဲ သူမဘာဖြစ်လာခဲ့သလဲ.. ။

သွားလေရာမှာ အုတ်အော်သောင်းနင်း အကျယ်တဝင့်တွေနဲ့။စကား ပြောလည်းလူသိ ပြဿနာတက်ပြီဆိုလည်း ကွဲစိကွစနဲ့ပြီးသွားတာမျိုး ဒီမိန်းကလေးကို ဒီလောက်မြင်တွေ့ရရုံနဲ့ သူမရဲ့နေထိုင်ပြောဆိုမှုတွေ တစ်ဆုံးထိခန့်မှန်းကြည့်လို့ ရသည်။ အသန့်အပြန့်ကြိုက်တာ တစ်ပါး အပေါ် အထင်မြင်သေးတတ်တာအဆုံး.. ။

သူမမှာ နူးညံ့ညင်သာသည့်စိတ်ဓာတ် အယူအဆလည်းရှိမယ့်ပုံ ပေါ်ပါ.. ။

"အန်တီကရော ရှင်လာတာမကြိုက်ဘူးလားဟင်.."

"အိုကွယ်..မကြိုက်စရာလား၊ သမီးလေးကို အန်တီကဟိုတုန်းတည်း က လိုချင်ခဲ့တဲ့ဟာ.."

လင်းမျက်နှာ အတွေးများနဲ့အုံ့မှိုင်းနေခဲ့လျက် ရှင်ကသွားတန်းလေး တွေပေါ်အောင် ရယ်နေခဲ့၏။ ဒေါ်ရီလင်းကလည်း ရှင့်လက်လေးကို ဆ ကိုင်ထားရင်း ကျေနပ်ပီတိတို့နှင့် ပြည့်နှက်လျက်.. ။

"သမီးလေးက ဟိုတုန်းကထက်အများကြီးပိုလှလာတယ်..ချစ် လည်းကောင်းတယ်၊ ဆံပင်ရှည်ကောက်ကောက်လေးတွေက ရွှေအိုရောင် လေးသမ်းနေတော့ တကယ့်အရုပ်လေးအတိုင်းပါပဲ.."

တစိမ့်စိမ့်ကြည့်၍ မြတ်နိုးမဆုံးဖြစ်နေတဲ့အတိုင်း။ သူဘာမှမပြော တော့ဘဲ ဆရာဝန်ဆီသွား၍ အမေ့ကျန်းမာရေးကိုမေးမြန်းနေစဉ် ဖုန်းလာ လျှင်.. ။

"ဟလို.."

"......... ........."

"သမု..အင်းပြောလေ ဘာဖြစ်လို့လဲ.."

www.burmeseclassic.com

www.burmeseclassic.com


"... ........"

"အခု ဘယ်နားမှာလဲ.."

"............ ...."

"တို့လည်း မေမေနေမကောင်း.."

ပြောပြီးမှ ရှင်နဲ့မေမေကြည်ကြည်လင်လင် ရှိနေတာကိုတွေးမိကာ..

"အိုခေ..တို့အခုလာခဲ့မယ်၊ မင်း အဲ့ဒီဆိုင်ထဲမှာပဲထိုင်နေ..ဘယ်မှထ ...နဲ့၊ သူတို့တစ်ခုခုလှုပ်ရှားလာရင် တို့ကိုမစ်ဒ်ကောလ်ပေးလိုက်လေ."

သမုကို ဦးမိုးယံတို့သားအဖ ဒုက္ခပေးဖို့ကြိုးစားနေကြပြန်ပြီ။ ဒီမိန်း ...လေးကျမှ ဘာဖြစ်လို့ဒီလိုအဖြစ်တွေက ပတ်လည်ဝိုင်းနေခဲ့တာလဲ.. ...အတွက်စိတ်ပူကာ မေမေ့ကိုပြောပြီး တန်းထွက်သွားဖို့ လှည့်လိုက် ...။

"ရှင်ပြန်တော့မယ်လို့.."

သူ့နောက်မှာ ရှင်ကကြိုးရှည်လေးနဲ့အိတ်ကို ပခုံးမှာချိတ်ထားပြီးမှ ...မလေးနဲ့ပြန်ချိတ်ထားလျက် ရပ်နေကာ.. ။

"အန်တီကလည်း အခြေအနေစောင့်ကြည့်ရဦးမှာဆိုတော့ ညနေ ...ကမှ ဆင်းရမှာလေ..အဲ့ကြောင့် ပြန်တော့မယ်.."

"ခဏနေပါဦး.."

သူတားလိုက်တော့ ရှင်ကမျက်ခုံးတန်းလေးတွေ တွန့်နေလျက်..၊

"ဘာလဲ..အခု တစ်ယောက်ယောက်ဆီကိုသွားမလို့ ရှင့်ကိုလူနာ ...င့်ထားခဲ့ချင်တာလား.."

"မင်းကြားတယ်ပေါ့.."

"ကြားတာလည်းရှိ..မကြားတာလည်းရှိ.."

ဒါရှင့်ရဲ့လက်သုံးစကားပေမယ့် လင်းကတော့ ထူးဆန်းသွားကာ ...ရင်စွဲ့ဖြေလိုက်တာလိုလို.. ၊

"ဒါဆို ငါလိုအပ်တယ်ထင်လို့ တမင်ပြန်ဖို့ဖြစ်သွားတာပေါ့.."

"မဟုတ်ပါဘူး..ရှင်သူများကို ကူညီဖို့ခဲယဉ်းတတ်ပေမယ့် ကူညီ ...ည့်သူကို နောက်ယုက်တဲ့အထိ မယုတ်မာဘူး.."

"ဒါဆိုလည်း မင်းသိနေတဲ့အတိုင်း အခုပြန်ဝင်ပြီးမေမေ့နား... ခဏ ...ပေး..ငါအရေးကြီးကိစ္စပေါ်လာလို့.."

"ကိုကို.."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခြေလှမ်းပြင်လိုက်လျှင် ရှင်ကမန်းကတမ်း တားဆီးမိလျ
"ရှင်ကစောင့်ပေးချင်တယ်..ဒါပေမယ့် ဆေးရုံဆေးခန်းတွေကို
အရမ်းရွံတာ၊ အဲ့ကြောင့် အိမ်ရောက်မှလာကူပေးမယ်လေနော်.."
"ဟာ..မင်းကပ်သပ်လှချေလား၊ မင်းရောမဖျားနာတော့ဘူးတဲ့လာ
ကျွတ်.."
မလိုတဲ့စကားတွေပြောနေရင်း အန္တရာယ်ရှိနေတဲ့သူအတွက် အခ
တွေဖြုန်းသလိုဖြစ်နေရသဖြင့် စိတ်ကမရှည်ချင်.. ၊
"အခု ခဏတော့သွားနေပေးပါ..အိုခေ.."
ဒါသနဲ့မဟုတ်ဘဲ ချော့မော့သလိုပြောမိသည်။ မေမေ့နားမှာ ဘယ
သူမှမရှိဘဲတော့ သူသွားလို့မဖြစ်.. ၊
"အင်းပါ..ကိုကိုမြန်မြန်ပြန်ခဲ့နော်.."
ရှင်ကလည်း စိတ်မပါပေမယ့် ခေါင်းညိတ်ရှာသည်။ ပြီးတော့ ကာ
သော့ပေး၍.. ၊
"ကိုကိုကားယူသွားလေ.."
"မလိုပါဘူး..ရတယ်.."
"ရမှန်းတော့သိတာပေါ့..ကိုကို့ကားမရှိတာ ရှင့်ကြောင့်ပဲဥစ္စာ၊ အဖေ
ကြီးတယ်ဆိုပြီး ကားပြေးရှာနေရဦးမယ်..အင့်.."
သူခေါင်းထပ်ခါသင့်မခါသင့် တွေဝေသွားစဉ် ရှင်ကလက်ထဲက
သော့ထည့်ပေးသွား၏။ ပြီးတော့ လှည့်ထွက်သွားသည့်ရှင့်ကျောပြင်လေး
မှာ ဆံနွယ်တွေဝေ့လွှဲသွားပုံကို အမှတ်တမဲ့လိုက်ကြည့်နေမိရင်း.. ၊
"ဟော့.."
သူမနောက်ကို ခြေနှစ်လှမ်းလောက်နှင့် ရောက်သွားကာ သူမလက်
လေးကိုပါ ဆွဲလှည့်လိုက်ပြီး.. ၊
"ငါ့အတွက်မလိုဘူး.."
ပြော၍ ကားသော့ကိုပြန်ထည့်ပေးလိုက်သည်။ ရှင်က နှုတ်ခမ်းလေး
တွေ ဖွင့်ဟကျန်ခဲ့ရင်း.. ၊
"ကြီးလိုက်တဲ့မာန..အဲ့မှာကိုယ့်ခြေထောက်ကိုလည်း ပြန်ကြည့်ဦး
ကြမ်းပေါ်မှာရှိရဲ့လား..ကင်းမြီးကောက်ထောင်ပြီး ကောင်းကင်တက်ချိတ်
နေလားလို့.."
ရှင့်အသံလေးနောက်က ကပ်ပါလာလျှင် ဆေးခန်းရဲ့အဝင်ဝမှာရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ချူ မျက်လုံးတွေသူ့ထံရောက်လာကြ၏။ ထို့နောက် ပြုံးစိစိတချို့မျက်တွေကြောင့် တစ်ကိုယ်လုံးပူပူထူထူကြီးဖြစ်သွားတာ ရှက်သည့်စိတ်သိ။ နောက်ပြန်လှည့်သွားပြီး နားရင်းပိတ်အုပ်ပစ်ချင်တာ အံကြိတ်မိတဲ့အထိ.. ၊

တကယ်ကို မပေါင်းသင့်မပေါင်းထိုက်တဲ့ ကောင်မလေး.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)

"မင်း အခုဘယ်မှာနေနေတာလဲသမု.."

"အမေ့မိတ်ဆွေအိမ်မှာပါ.."

"အဲ့ဒီအိမ်မှာရော မင်းအဆင်ပြေရဲ့လား..အဆင်ပြေရင်တောင် များအိမ်မှာ ဘယ်လောက်ထိကြာကြာနေလို့ရမှာလဲကွ.."

သမုလွယ်အိတ်ကြိုးကို ချေနေရင်း ရှင့်မျက်နှာကိုမြင်လာလိုက် မိုးယံတို့သားအဖရဲ့ အငြိုးကြီးသည့်မျက်လုံးတွေကို မြင်လာလိုက်..

သူမဘယ်လိုပြောပြရမလဲ.. ။

ရှင်လေးတို့အိမ်မှာနေရတာကို ကိုကိုလင်းကိုမသိစေချင်တာ ဘ လိုအကြောင်းပြချက်မရှိ။ ဒါပေမယ့် ပြောဖို့ကြိုးစားလိုက်တိုင်း မပြော ဘူးပဲဖြစ်နေခဲ့မိသည်။ ကိုကိုလင်းနဲ့ရှင်လေး ပတ်သက်နေကြသည် ဖြစ်ပေါ်မှာ သူမဘယ်လိုအတွေးမျိုးနဲ့ မျိုသိပ်နေခဲ့မိတယ်ဆိုတာလ မသိ။ ဒီနေ့ သူမအပြင်ထွက်မိသည်နှင့် ဦးမိုးယံနဲ့သူ့သားကို ပက်ပင်း လိုက်ရကာ.. ။

"နင့်အမေနေမကောင်းဘူးသမု..အိမ်ကိုပြန်လိုက်ဦး.."

"အမေနေမကောင်းရင် သမုကိုပြောမှာပေါ့.."

လို့ သူမပြန်ပြောလိုက်မိသည့်အတွက် ဦးမိုးယံဒေါသချောင်းချော ထွက်သွားခဲ့ပြီး.. ။

"နင်ကငါတို့ကို ရန်သူလိုသဘောထားနေတာလား..ဒီမှာ ရှင် ထွက်ပြေးလို့ လွတ်သွားတယ်မထင်နဲ့နော်၊ လိုချင်ရင်အနီးလေးပဲ..ငါ ကို ယုတ်မာချင်အောင်တော့ လာမလုပ်နဲ့.."

"ကြိမ်းမောင်းမနေနဲ့အဖေ..ထားလိုက်၊ အဲ့ လေးကို ကျွန်

www.burmeseclassic.com



...ပေးပြမယ်..ဒီတစ်ခါ အဖေဝင်ကူစရာမလိုဘူး.."တဲ့.. ।

ပြောပြီးထွက်သွားကြသည်။ ဒါပေမယ့် မလှမ်းမကမ်းကနေ ကိုကို ...လာတာကိုမြင်လိုက်ရသဖြင့် သမုရှေ့ဆက်မသွားဝံ့တော့ဘဲ နီးစပ် ...အအေးဆိုင်တစ်ဆိုင်ထဲ ဝင်ထိုင်နေလိုက်ရသည်။ ပြီးတော့ အရေးကြုံ ...တိုင်းသတိရမိတာက ကိုကိုလင်းကိုပဲဖြစ်ကာ.. ।

"သမုကြောင့် ကိုကိုလင်းအလုပ်ရှုပ်စိတ်ရှုပ်ဖြစ်နေပြီလားဟင်..အန် ...တလည်း နေမကောင်းဖြစ်နေတုန်းဆိုတော့.."

သူမမျိုသိပ်တွေဝေနေတာကို မချင့်မရဲစိုက်ကြည့်နေသည့် လင်းရဲ့ ...ကြည့်တွေက စူးရဲခြင်းတွေပြေလျော့သွားကာ.. ।

"မင်းအဲ့ဒါတွေ ထည့်တွေးပေးနေဖို့မလိုဘူး..အခုအဲ့ဒီအိမ်မှာနေရ ...အဆင်ပြေရဲ့လား၊ အဲ့ဒီအတွက် တို့လုပ်ပေးနိုင်တာ တစ်ခုခုရှိရင် ...ပြော.."

သမု ခေါင်းညိတ်လိုက်မိသည်။

"ပြေပါတယ်..ဟိုလေ.."

ဘာကစပြောရမလဲ.. ।

ရှင်တို့အိမ်မှာနေရတဲ့အဖြစ်ကို မျိုသိပ်ထားဖို့မသင့်တော့မှန်း ကိုယ့် ...သာနားလည်လာပေမယ့် ပြောဖို့ကြိုးစားမိတိုင်း ခက်ခဲနေခဲ့လျက်.. ।

"ဘာတွေတွန့်ဆုတ်နေတာလဲသမု..မင်းတစ်ခုခုပြောချင်နေတာမို့ ...သား၊ ဘာလဲ ငွေရေးကြေးရေးလား.."

"ဟင့်အင်း.."

သူမပျာပျာသလဲခေါင်းခါတော့ လင်းကတစ်စုံတစ်ခုကိုတွေးမိကာ..

"တို့လည်းမချမ်းသာပါဘူး..ဒါပေမယ့် မင်းလိုအပ်နေတယ်ဆိုရင် ...တော့.."

"မဟုတ်ပါဘူးကိုကိုလင်းရယ်..ဟိုလေ သမု..သမုအခုနေနေတာက ...တို့..ရှင် မရှင်ထိပ်ထားတို့အိမ်မှာဆိုတော့.."

"ဘယ်လို.."

လင်း တအံ့တသြဖြစ်သွားသည်။ ရှေ့မှာလာချပေးထားသည့် သံ ...ရာရည်ဖန်ခွက်ကို ဘေးကိုရွှေ့လိုက်ရင်း စားပွဲပေါ်မှာလက်...င်..

"ရှင်ထိပ်ထားတို့အိမ်မှာဟုတ်လား..ဒါဆို မင်းအိမ်...ပြသနာဖြစ် ...ပြီးတည်းက ပြောင်းနေခဲ့တယ်ဆိုတာ ရှင်ထိပ်ထား...ဆီမှာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်.."

"သူ့ကိုမင်းသိသားနဲ့ တို့ကိုဘာလို့မပြောခဲ့တာလဲ.."

သမု မျက်လွှာချသွားသည်။ မျက်လုံးမျက်ခုံးလေးတွေ အထူးလှ
သည့်မျက်နှာလေးက ကော့နက်သည့်မျက်တောင်ဖျားတို့ စိုက်ခနဲစင်း
သွားတာလည်း တစ်မျိုးလေးလှနေတာပင်။ လင်းကထိုမျက်နှာလေး
ကြည့်၍ တိတ်ဆိတ်စွာနားစွံနေခဲ့၏။

"မသိဘူး..သမုအဲ့ဒါကိုပြောဖို့မလိုဘူးလို့ ထင်ခဲ့တာလား၊ ပြောဖို့
ကြောင်းမဖန်ခဲ့တာလား ဒါမှမဟုတ် ကိုကိုလင်းနဲ့မရှင်တို့ကို အဲ့လော
ထိ ပတ်သက်ထားတဲ့လူတွေမှန်း မသိခဲ့လို့လား.."

သူမစကားကြောင့် လင်းမျက်မှောင်ကုတ်သွားသည်။

"ဘာကိုဘယ်လောက်ထိလဲ.."

"ကိုကိုလင်းနဲ့မရှင်က ငယ်ငယ်လေးတည်းက ဆုံဖူးခဲ့တာလေ..
ကြီးချင်းလည်း.."

"ရပြီ.."

ရှင်နဲ့သူမအတူတူနေမှတော့ ဒါတွေကိုသိနေနိုင်တာပဲ။ ပြီးတော့ အ
ရှင့်မိဘတွေလည်း ရောက်နေကြသည်ဖြစ်ရာ.. ၊

"မင်းနဲ့ရော ရှင်နဲ့သိတာလား..မိဘချင်းသိနေတာလား.."

စိတ်ထဲမှာ တွေးမိလိုက်တာက ရှင်နဲ့သမုအသက်ချင်းသိပ်တော့က
မည်မထင်ပါ။ ကွာစေဦးတော့ 'မရှင်'လို့ခေါ်ရလောက်အောင် ဖြစ်ဖို့မ
ထို့ကြောင့် တစ်စုံတစ်ရာကို တန်းခနဲတွေးလိုက်မိကာ.. ၊

"မင်းအဲ့ဒီမှာနေရလို့ သင်တန်းမတက်ရတော့တာလား.."

မေးချင်တာက 'အဲ့ဒီမှာ အိမ်အကူလိုနေရတာလား'လို့ပါ.. ၊

သမုက ခေါင်းခါလိုက်ရင်း.. ၊

"လောလောဆယ် သင်တန်းတက်လို့မကောင်းသေးဘူးလို့ အမေ
ပြောတာပါ..သူတို့က ဘာမှမပြောပါဘူး.."

"အင်း..တို့မမေးသင့်ပေမယ့် တစ်ခုတော့သိချင်တယ်.."

"ဘာလဲဟင်.."

အအေးဆိုင်ရဲ့အပြင်ကို လှမ်းကြည့်လိုက်ရင်း သူမကိုဒီမေးခွန်းမေ
သင့်ရဲ့လားလို့ တစ်ချက်တွေးဖြစ်၏။ သို့သော် ဒီအကြောင်းကိုရှေ့ဆက်
ပြောဖို့က ဒါမသိရရင်တော့ ဦးတည်ချက်မဲ့နေမှာဖြစ်ရာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နဲ့ဘယ်လိုပတ်သက်ခဲ့တာလဲဆိုတာပါ..ဆွေမျိုးတော့ မဟုတ်ကြဘူးလို့.."

"မဟုတ်ပါဘူး..သမုတို့မှာ အဲ့လောက်တောင့်တင်းတဲ့ဆွေမျိုးအသိုင်းအဝိုင်းမှ မရှိတာ.."

ရင်ထဲမှာပူလောင်ပြင်းပြလာသည်။ လင်းဆီက ဒီလိုမေးခွန်းရောက်လာမှ သူမဒါကိုမပြောဖြစ်ရသည့်အကြောင်းအရင်းက ပေါ်လာခဲ့၏။ဟိုတုန်းက အမေသည်ရှင်လေးတို့ရဲ့အိမ်အကူဆိုတာ.. ।

"ရတယ်..မင်းပြောဖို့ခက်နေရင်.."

"မခက်ပါဘူးကိုကိုလင်းရယ်..မလွယ်ပေမယ့် ကိုကိုလင်းကဖုံးဖိထားမယ့်လူမှ မဟုတ်တာ.."

မခက်ပါဘူးဆိုပေမယ့် သူမလက်ဖဝါးချင်းထပ်ဆုပ် ပွတ်ချေရင်းလက်ချောင်းတွေးမျိုချလိုက်ပြီးမှ.. ।

"အမေကဟိုအရင်တုန်းက သူတို့အိမ်မှာ အလုပ်လုပ်ခဲ့တာ.."

ရင်ထဲမှာ တင်းကျပ်နေသည့်အရာကို ဖွင့်ဟဝန်ခံလိုက်ရင် စိတ်ပေါ့သွားသည်လို့ ပြောကြသည်။ သူမအတွက်တော့ မဟုတ်ပါလား..।

လက်ဖဝါးတွေက ဆုပ်ကိုင်မမိတော့သလို အင်အားမဲ့သွားခဲ့သည်။ ထိုဝန်းအိမ်မှာ မျက်ရည်ကြည်တို့ကြောင့် စိုစွတ်လာ၏။ ပြီးတော့ ရှက်ရွံ့စရာကောင်းလှသည့် ပယ်မှုသည် သူ့ရှေ့ကနေ အခိုးအငွေ့အဖြစ် ပျောက်ကွယ်သွားချင်သည်အထိ.. ।

ထိုစဉ် သူမရဲ့ထပ်ဆုပ်ထားသည့် လက်ခုံလေးနှစ်ဖက်ကို လင်းကနူးညံ့သိမ်မွေ့စွာ ဆုပ်ကိုင်လာခဲ့လျက်.. ।

"ဘယ်အချိန်က ဘာအလုပ်ပဲလုပ်ခဲ့ရလုပ်ခဲ့ရ အဲ့ဒါကဘဝပါပဲ..ဒါကို အားငယ်ကြေကွဲနေဖို့မလိုဘူး၊ အားလုံးက ကိုယ့်ဘဝမြင့်မားချင်တယ်ကြိုးစားကြတယ်၊ မြင့်တဲ့သူက မြင့်သွားသလို နိမ့်တဲ့သူက နိမ့်ကျန်ခဲ့တယ်၊ အဲ့ဒါဘဝတွေပါ..အခု မင်းအဲ့ဒီအိမ်မှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေရသလား.."

ဟင်.. ।

သမုက သူ့မျက်နှာကို စူးစူးလေးကြည့်သည်။ ပြီးတော့မှ.. ।

"ကိုကိုလင်း ဘာကိုမေးတာလဲဟင်.."

မေးလိုက်ရင်း မျက်နှာလေးညိုးကျသွားကာ.. ।

www.burmeseclassic.com

www.burmeseclassic.com



"သူများအိမ်မှာနေရတာတော့ စိတ်ချမ်းသာနိုင်ပါ့မလားကိုကိုလင်း ရယ်..ဒါပေမယ့် သမုတို့မှာတခြားလုပ်မ်းဆွဲစရာ အကမ်းအလှမ်းမှမရှိတာ အဲ့ဒါကြောင့် ကိုယ်တတ်ထားတဲ့ပညာလေးနဲ့ ရောင့်ရဲပါသမီးရယ်လို့ အ မေပြောတော့ သမုနားထောင်လိုက်တာ.."

"မဟုတ်ဘူးလေ..မင်းကိုအန်တီက အဲ့ဒီအိမ်မှာညှော်သည်လို ခ တဖြုတ်နေခိုင်းတာလား..ဒါမှမဟုတ်.."

သူဆက်မပြောဖြစ်တော့ပေ။ ဘာပြောလာမလဲ နားစွင့်နေပြီး သမုနှုတ်ခမ်းလွှာလေးမှာ မချိပြုံးလေးခိုတွဲသွားခဲ့လျက်.. ။

"သမုကို ညှော်သည်လိုလက်ခံရအောင် အမေကသူတို့ရဲ့မိတ်ဆွေ မဟုတ်ခဲ့တာ..သမုလည်း.."

"မင်းအဲ့ဒီမှာမနေချင်တာသေချာရင် တို့တစ်ခုခုစီစဉ်ပေးလို့ရတယ် ဟိုတစ်ခါပြောခဲ့သလိုပေါ့၊ အခု မင်းသေချာရင်တော့ အန်တီခွင့်ပြုဖို့ လိုက်ပြောပေးမယ်.."

"သမုလည်းပြောခဲ့ပြီးပြီထင်ပါတယ်..ကိုကိုလင်းကို သူတို့မျက်မှ ကျိုးသွားမှာ သမုမခံနိုင်ဘူး၊ အမေကလည်း စိုးရိမ်နေတယ်..အဲ့ဒါကြော ကိုကိုလင်းကို အိမ်ကိုသိပ်မခေါ်ဖြစ်တော့တာ..ကိုကိုလင်းသိက္ခာအတွ ပါ.."

"တို့ကတော့ ယောက်ျားနဲ့မိန်းမ ဒီအခြေအနေ ဒီအရွယ်တွေမှာ ပြောစရာတွေဖြစ်တတ်လို့ မင်းအတွက်ဆင်ခြင်လိုက်တာပါ..ဦးမိုးယံ သားအဖကို ဂရုစိုက်လို့မဟုတ်ဘူး.."

"ကျေးဇူးတင်ပါတယ်ကိုကိုလင်းရယ်..တကယ်လို့အခြေအနေ လာပြီဆိုရင်တော့ သမုကိုအမေကရွာပြန်ပို့မယ်တဲ့၊ ဦးမိုးတို့က သမု ဘယ်ရွာဇာတိဆိုတာ မသိဘူးလေ..သမုတို့နဲ့ကိုကိုလင်းတို့ တစ်ရွာတည် သားချင်းတွေဆိုတာလည်း မသိဘူး.."

ဒေါ်မေရှင်က ရွာသူပေမယ့် အပျိုပေါက်အရွယ်တည်းက မြို့ပေါ် အလုပ်လုပ်နေခဲ့တာဖြစ်ကာ သမုရဲ့အဖေနဲ့မြို့ပေါ်မှာ ပြန်ဆုံမိပြီး ကြောင်းဆက်ပေါင်းဖက်ခဲ့တာဖြစ်သည်။ သမုနဲ့လင်းတို့ပြန်ဆုံကြပုံ လည်း ထိုနည်းအတိုင်း။ သို့သော် လင်းကရွာမှမွေးသူဖြစ်လျက် သူမ တော့ မြို့ကြီးပြကြီးမှာမွေးခဲ့သူ.. ။

ထို့ကြောင့် သူမရဲ့အနာဂတ်သည်.. ။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၇)

"အနာဂတ်တွေ ပစ္စုပ္ပန်တွေတွက်မနေစမ်းပါနဲ့..အဲ့ဒီစုတ်စုတ်ပြတ်ပြတ်တွဲ့ကလည်း အလုပ်လုပ်ရင်တစ်လတစ်သိန်းကျော်ပဲ၊ အိုင်တီပညာရှင်ဖြစ်သွားလည်း နှစ်သိန်းကျော်မှာမဟုတ်ဘူး.."

သမုသင်တန်းပြန်တက်ဖို့ ပြောလိုက်တာနှင့် ရှင်ကလက်သည်းနီဆိုးနေရာကနေ လက်ခါရင်း မှုတ်နေရင်း လှမ်းပြောတာရှုံ့ရှုံ့မဲ့မဲ့.. ၊

"ဘာပဲဖြစ်ဖြစ်သမီးရယ်..သူ့ဒါကိုခုံမင်လို့ပဲ စခဲ့ပြီးပြီ၊ အဆုံးထိတက်ချင်မှာပေါ့.."

"ဆုံးတော့ဘာဖြစ်လာမှာမို့လို့လဲမာမီရယ်..ယူခဲ့တဲ့မေဂျာက သမိုင်း၊ တက်ချင်တဲ့သင်တန်းက IT ဟွန်း..ရယ်စရာကြီး.."

ရှင် မစာမနာပြောနေပုံကြောင့် သမုမျက်နှာလေး ငယ်နေရှာသည်။ ခေါင်းသက်ထားဆွေနဲ့ဦးမြတ်ထွန်းဝင်းက သမုကိုအားပေးသလို ပြုံးပြကာ..

"သမီးက ITကိုဘယ်လိုဝါသနာပါသွားတာလဲ.."

"အေး..နောက်ပြီး အဲ့သင်တန်းက လူတိုင်းဝင်ဖြေလို့မရဘူးလို့လည်းကြားပါတယ်၊ ဒီလိုနော်..သမီးကျောင်းပြီးခဲ့တဲ့မေဂျာနဲ့ အဆက်မစပ်မရှိဘူးလားလို့ မေးကြည့်တာ.."

"ဟုတ်ပါတယ်..ဒါပေမယ့် အဲ့ဒီမှာဝင်ခွင့်စာမေးပွဲဖြေဖို့ သမုနဲ့အစ်ကိုရင်းလို ခင်မင်နေတဲ့ဆရာတစ်ယောက်က ကူညီခဲ့တာပါ.."

"ဩော်.."

"သူက ဝိုင်းသင်ပေးတာပေါ့.."

"ဟုတ်ကဲ့.."

"မာမီရယ်..အဲ့ကဒီပလိုမာဘွဲ့လေးရလည်း ဘာဖြစ်လာမှာတဲ့လဲ

www.burmeseclassic.com

www.burmeseclassic.com


နည်းပညာတက္ကသိုလ်ကနေ ဘီအီး၊အမ်အီးနဲ့ ကျောင်းပြီးထားတဲ့လူ တောင် လမ်းဘေးမှာဦးထုပ်တွေဆောင်းပြီး အလုပ်ကြမ်းသမားတွေနဲ့ လားငါလားရှုန်းနေရတာကို သူ့လိုအနံ့လေးခံပြီးရတဲ့ ဒီပလိုမာဘွဲ့ဆို သွားပြီ..အဲ့နားမှာ သံတိုသံစသစ်တိုသစ်စတွေ လိုက်ကောက်ဖို့ပဲရမယ်

"သမီး.."

"ရှင်.."

ဦးမြတ်ထွန်းဝင်းရဲ့ဒေါသသံက အတော်ကြီးစိတ်ထိန်းနေရတာ လွင်နေသည်။ ဒါပေမယ့် ရှင်ကလည်းလက်သည်းနီဆိုးထားသည့် လ လေးတွေတခါခါနှင့်.. ။

"ဒယ်ဒီ..ရှင်လို့.."

"သမီးကို ထုးခိုင်းနေတာမဟုတ်ဘူး..တစ်ဖက်သားကိုချိုးချိုးဖွဲ့ဖွဲ့ တတ်တာတွေ ဆင်ခြင်ဖို့.."

"ရှင်က အရှိအတိုင်းသူမြင်တတ်ဖို့ ပြောနေတာပါ.."

"ကျွတ်.."

"မောင်ရယ်..တော်ပါတော့.."

ဒေါ်သက်ထားဆွေ ကိုယ့်သမီးအပြောအဆိုမတတ်တာကိုသိပေမ တခြားမိန်းကလေးရှယ်တူရှေ့မှာ ဆူပူခံရမှာမျိုးတော့ မနှစ်မြို့ပါ။ ကြောင့် ဒီစကားဝိုင်းကိုသာ သိမ်းဖို့ကြိုးစားရင်း.. ။

"သမုရေ..သမီးသင်တန်းတက်ဖို့လည်း အန်တီစီစဉ်ပေးမယ်နော် စိတ်မပူနဲ့.."

ပြောပြီး ဦးမြတ်ထွန်းဝင်းကိုလည်း ခေါ်ထုတ်သွား၏။ ဒယ်ဒီ တော့မှာကို သိနေသဖြင့် မာမီရှင့်ကိုကူညီသွားတာမှန်း ရှင်ကလည်း သည်။ သူမ လူမှန်းသိတတ်တည်းက ဒယ်ဒီနဲ့မာမီဆိုတာကို မှတ်မိရှိ ရင်းနှီးခဲ့ရကာ ဘွားနဲ့ဘိုးဘိုးကြီးလက်ပေါ်မှာပဲ သူမကြီးပြင်းခဲ့ရတာဖြ သည်။

ဒီနေ့ထိလည်း မာမီတို့နိုင်ငံရပ်ခြားမှာ စီးပွားရှာကူးသန်းလို့ကော နေတုန်း။ ဒါနဲ့တောင် ပြန်လာသခိုက်လေးမှာ တစ်ဦးတည်းသောသမီး လေးရယ်လို့ ရှင့်ကိုအလိုလိုက်အကြိုက်ဆောင်ပေးခဲ့တာ ဒယ်ဒီနှစ်ခါ ခဲ့လို့လဲ..ဒါတွေတွေးရင် ဒေါသတွေပါရတာ အမြဲတမ်း ။

"ဟဲ့..ဒီမှာသမု.."

www.burmeseclassic.com

www.burmeseclassic.com


"ရှင်.."

သမုက နေရာမှထသွားဖို့ပြင်ရင်း သူမဝယ်လာသည့်စာအုပ်တွေနဲ့ ကိုင်ပဝါထုတ်လေးကို ကောက်ယူလိုက်ပြီးမှ.. ၊

"မရှင် ဘာလဲဟင်.."

"အင်း..ပြောတော့ပြောမလို့ပဲ၊ အထုပ်ကဘာထုပ်လဲ.."

"လက်ကိုင်ပဝါတွေပါ.."

"လက်ကိုင်ပဝါ.."

"ဟုတ်ကဲ့.."

"ဘာလုပ်ဖို့လဲ.."

သမုက လက်ကိုင်ပဝါအထပ်လိုက်လေး ထုတ်ထားသည့်အိတ်ကို ခေါ်တင်ထားသည့် စာအုပ်ထပ်ပေါ်မှာတင်၍ လက်ဖဝါးတစ်ဖက်နဲ့ သလို ဆုပ်ကိုင်ထားလိုက်သည်။ မသိရင် ရှင်ကဆိုးဆိုးဆတ်ဆတ် ကြည့်မှာ မခံနိုင်သလိုလို။ ရှင်ကတော့ သူမပုံစံကို မြင်နေပေမယ့် ကိုမှဂရုမစိုက်မိ.. ၊

"ဟင်..ဟဲ့ ငါမေးနေတယ်လေ.."

"လက်ကိုင်ပဝါတွေ စုရတာဝါသနာပါလို့ပါ..ဘာမှမလုပ်ပါဘူး.."

"ဖြစ်ရလေ..အထူးအဆန်းပဲ.."

စိတ်ဝင်စားဖွယ်တွေကြားရပေမယ့် ရှင်စိတ်ဝင်စားတာက ဒီလောက် တော၊ လက်သည်းနီနောက်တစ်ဖက်ဆိုးဖို့ ဘူးကိုဖွင့်နေရင်း.. ၊

"နင်တခြားအလုပ်သွားလုပ်နေမယ့်အစား နေ့စဉ်ငါ့ရဲ့လက်သည်း သည်းတွေကိုပဲ ပြုစုခြယ်မှုန်းပေးစမ်းပါ..တစ်လဘယ်လောက်လိုချင် လဲပြောလိုက်.."

သမုဖျတ်ခနဲမော့ကြည့်သည်။ ပြီးတော့ ချက်ချင်းပြန်ငုံ့သွား၏။ ရှင် လက်သည်းနီဆိုးနေရင်းမမြင်.. ၊

"လူဆိုတာ လက်ရှိအခြေအနေကိုလက်ခံပြီး နေတတ်ဖို့လိုတယ်ဟ.. ာက်မြင့်မားဖို့တော့ လူတိုင်းမှာစိတ်ကူးတွေရှိကြတာပဲ၊ ဒါပေမယ့် လာသေးတာကိုတွေးပြီး ကြိုတင်မာန်ဝင့်နေရင် ချောက်ကမ်းပါးသို့ ရုပ်နေပြီး ပန်းခင်းလမ်းကြီးအမှတ်နဲ့ ဆက်လျှောက်သွားသလို ဖြစ် မှာပေါ့..စိတ်ကူးဆိုတာ ပျောက်ကွယ်နေတဲ့ပန်းတိုင်ပဲ.."

သမုမျက်နှာလေး ဆွေးနေသလား၊ ငေးနေသလားမသိပေမယ့် မျက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းတို့သည် စကားပြောနေသည့် ရှင့်နှုတ်ခမ်းတွေဆီမှာ စူးစိုက်ငြိမ်သ
နေခဲ့၏။ ရှင်ပြောနေသည့်စကားတွေက နှလုံးသားထဲကို လက်နက်
လို ပစ်ခွင်းဝင်နေခဲ့လျက် ရှင့်ရဲ့ဖြူဝင်းသော ရွှေသားရုပ်သွင်နှင့်သ
ရောင် နှုတ်ခမ်းလွှာတို့သည် သူမ၏အသိအမြင်အာရုံမှာ ပန်းပုဆရာ
ယောက်နဲ့ ထွင်း၍ထုဆစ်နေသော ရိုက်ချက်တွေလို နက်ရှိုင်းစွာစွဲထင်
သည်။

သူမက ရှင်ထိပ်ထား..ကိုယ်ကသမုရှင်.. ၊

သူမကကိုယ့်ကိုယ်ကို 'ရှင်'လို့ပြောနေခဲ့လျက် ကိုယ်ကတော့'သ
သာ ဖြစ်ခဲ့သည်။ သူလည်း 'ရှင်' ကိုယ်လည်း'ရှင်' လို့ပြောနိုင်သော်လ
သူမဘဝက ပင်တိုင်စံထိပ်ထားလို ခြွေရံသင်းပင်းတို့နှင့် ပြည့်စုံသာ
နေခဲ့ပြီး ကိုယ်ကတော့သူမရဲ့ရံရွေဖော်လို.. ၊

'ရှင်'နှစ် 'ရှင်'ဖြစ်ခဲ့သည့် ဘဝနှစ်ခု၏ ခြားနားချက်သည်.. ၊

"ဟဲ့..သမု.."

"ဟင်.."

တွေဝေငေးငိုင်သွားမိတိုင်း 'ရှင်'ခေါ်လိုက်သည့်အသံကြောင့်
ပြန်ထူးမိသမျှ လန့်လန့်ဖျန့်ဖျန့်။ 'ဟဲ့' ထိပ်စီးနှင့် ရှင့်ရဲ့ခေါ်သံသ
သမုရဲ့နားထဲမှာ သံရည်ပူစီးချောင်းတစ်ခုနှယ်.. ၊

"ငေးလိုက်ငိုင်လိုက်တာလည်း ဘာနဲ့နှိုင်းရမှန်းတောင်မသိတော့
..နင့်ကို ငါ့ဖိနပ်သွားယူပေးစမ်းပါလို့ ပြောနေတာမကြားဘူးလား.."

"ဟင်..ဖိနပ် ဟုတ်လား.."

"ဟုတ်တယ်..ဟုတ်တယ်၊ ဖိနပ် ငါ့ဖိနပ်..မနက်ကဝယ်လာတ
ပြင်မှာ ဖိနပ်ချွတ်မှာ..သိပြီလား သမုမ.."

'သမုမ'ဆိုသည့် နောက်ထပ်မိုးကြိုးတစ်စင်း နားထဲကိုပစ်ဝင်
သည်။ ရှင်က လက်သည်းနီဘူးကိုပြန်ပိတ်ပြီး ဘေးကဘောက်စ်ထဲ
ထည့်ရင်း.. ၊

"ဖိနပ်ဝယ်လာပြီး ကိုယ်ဝယ်ခဲ့တဲ့အရောင်ကို မျက်လုံးထဲမှာ
တော့ဘူး..ခြေသည်းနီဆိုးလိုက်ရင် ဖိနပ်နဲ့အရောင်ကွဲသွားမှာ

သူမရှင်းပြနေပေမယ့် သမုမကြားတော့ပေ။ သူမနှုတ်ချင်နေ
က မတိမ်းမယိမ်းအရွယ်ချင်း ဖိနပ်ကောက်ပေးနေရမည့် ကိုယ့်
ကြောင်းကိုပဲဖြစ်သည်။ ပြီးတော့ ကိုကိုလင်းရဲ့မျက်နှာချောချောကို

www.burmeseclassic.com

www.burmeseclassic.com


သည်။

ရှင်က ကိုကိုလင်းကိုသဘောကျနေသည်။ ကိုကိုလင်းကတော့ ရှင့် ရေးပေးခဲ့ပုံမပေါ်ပေ။ ဒါပေမယ့် သူမအပေါ်မှာကိုကိုလင်းက လိုလေ ရှိ ဖြည့်ဆည်းပံ့ပိုးနေခဲ့သည်။ သူတို့နှစ်ယောက်က အရောင်မတူ ယ့် တစ်တန်းတည်းပူးယှက်စီးမိုးနေသော သက်တန့်လိုအလင်း တွေဆိုရင် သူမကတော့ သက်တန့်ကိုမော့ငေးနေရသည့် အညတြ ယ်လား..ဒါဆို ကိုကိုလင်းရဲ့နွေးထွေးခြင်းကြင်နာမှုတွေက ဘာဖြစ် ယ့်ဘက်မှာရှိနေရတာလဲ.. ။

ထိုအခါ သူမနဲ့လင်းနဲ့စတင် ဆုံဆည်းခဲ့သောပုံရိပ်တွေက ရုပ်ရှင်ပြ တွေလို တဖျတ်ဖျတ်ပေါ်လာခဲ့၏။ စိတ်နဲ့လူကမကပ်ဘဲ အိမ်အဝင် ခြံရင်းဘက်မုန်တွေနဲ့ ကန့်ထားသည့်ဖိနပ်ချွတ်စင်ဘေးကို ရောက် ခဲ့သည်။ အိတ်လိုက်ဒီတိုင်းလေးရှိနေသေးသည့်ဖိနပ်ဘူးကို တွေ့ သည်၊ ဒါပေမယ့် သူမမြင်ယောင်နေတာက ဖိနပ်တွေမဟုတ်.. ၊

"အား.."

"ညီမ..ညီမဘယ်ထိသွားသေးလဲ၊ ဆောရီးပါကွာ..တစ်ချက်လှည့် လိုက်တုန်းက မင်းကိုမတွေ့လိုက်တော့.."

"ရပါတယ်အစ်ကို.."

လင်းက ကားဘက်ခ်ဆုတ်နေသည်။ သူမက ကားနောက်ကနေ သွားလိုက်မိ၏။ ထိုနေ့မှာ လင်းနဲ့ပထမဆုံးဆုံဆည်းခဲ့ရတာဖြစ်ကာ သက်ထဲက လွတ်ကျကွဲသွားသည့် သူငယ်ချင်းလက်ဆောင်ပေးလိုက် အလုပန်းအိုးလေးကိုလည်း အစားလိုက်ဝယ်ပေးခဲ့၏။

"အရမ်းလှတာပဲ..ဒီလိုမျိုးကြေးပြားတွေနဲ့ လွယ်အိတ်တွေခုနောက် သိပ်မတွေ့ရတော့ဘူးနော်.."

"အင်း..ဟိုအရင်ကလည်း ကြေးပြားတွေနဲ့တော့ မဟုတ်ပါဘူး၊ ဒါ အမေရိကကသူငယ်ချင်းတစ်ယောက် သူလက်ဆောင်ရထားတာလေ၊ တော့ တို့ကိုလက်ဆောင်ပြန်ပေးထားတာ.."

"ဟုတ်လား..ဒါကမြန်မာနိုင်ငံက ယဉ်ကျေးမှုလက်ရာလေးရှယ်

"သူတို့တွေလည်း ဒါကြောင့်ဝယ်သွားကြတာနေမှာပေါ့..ကိုယ့်သူ ချင်းကလည်း ဟိုမှာပရိုဂရမ်မာပဲလေ၊ လက်ဆောင်ကပ်ိုင်ခြားကနေ

www.burmeseclassic.com

www.burmeseclassic.com



သံသရာလည်ပြီး မြန်မာပြည်မှာပဲ ခေါင်းချချင်တာဖြစ်မယ်.."

"ဟုတ်မယ်..ဟုတ်မယ်၊ သမုတို့မြန်မာပစ္စည်းဆိုတော့ ဥစ္စာရင်း...
လို့လေ.."

ပေါ့ပါးစွာရယ်မောရင်း ခင်မင်ရင်းနှီးမှုတွေပိုတိုးခဲ့ကြသည်။ နော...
တော့ အိမ်ထိပါလာပြီး အမေနဲ့ပါသိကျွမ်းခဲ့ရကာ ဟိုမေးဒီမေးဖြစ်ကြ...
တစ်ရွာတည်းဇာတိတွေမှန်း သိခဲ့ကြ၏။ ရင်းနှီးခဲ့ပြီးသည့်နောက်မှာ ကို...
လင်းလို့ ဘယ်လိုခေါ်ဖြစ်သွားမှန်းတောင် သူမသတိမထားမိခဲ့ပေ..၊

လင်းအပေါ်သူမစိတ်ကိုက ရင်းနှီးပြီးသားဖြစ်နေခဲ့သည်။ လင်း...
အပြုံးတွေအပေါ်မှာ ယုံကြည်သည်။ ထို့ကြောင့် ထိုယောကျ်ား၏ထော...
ပံ့ကူညီမှုတွေအပေါ် ဘယ်လိုသံသယမှမဖြစ်ဘဲ ယုံကြည်စွာလက်ခံ...
တာ ဖြစ်သည်။ ခုကျတော့ သူ့ဘက်ကရိုးသားစွာလား..မရိုးသားခဲ့...
လားမသိပေမယ့် သူမလင်းကိုပဲ တမ်းတနေမိပါပြီ.. ၊

ခလုတ်ထိမှအမိတဆိုသော်လည်း သူမကတော့ဒုက္ခသောကတွေ...
ကြုံလာရတိုင်း လင်းကိုပဲသတိရခဲ့သည်။ လင်းကိုသာရင်ဖွင့်ချင်သည်...
သူမဘာတွေဖြစ်နေပါသလဲ..

ငုတ်တုတ်ထိုင်ချလိုက်ပေမယ့် ဖိနပ်ထုတ်ကို မယူဖြစ်ဘဲ ငိုင်...
သည်။ တခြားသောလှပသည့် ဖိနပ်တွေကိုငုံ့ကြည့်ငေးနေရင် မြင်နေ...
က လင်းရဲ့မျက်နှာ.. ၊

"ဟဲ့..ဩော် ဘာလုပ်နေတာလဲသမုမရယ်.."

ကြာလွန်းလို့ထွက်လိုက်လာသည့်ရှင်က အဖြူရောင်ဂါဝန်ပျော့...
နှင့် ခပ်တွန့်တွန့်ရွှဲ့ပြောင်နေသော ဆံပင်တွေကဒီတိုင်းဖားလျား.. ၊

"ဟို..ဖိ ဖိနပ်တွေက လှလို့ကြည့်နေတာပါ.."

"ကြည့်နေတာဆိုလည်း နင့်မျက်စိရှေ့က တုံးလုံးပက်လက်လဲနေ...
ဖိနပ်ကိုအောက်တန်းထဲ ထည့်သိမ်းလိုက်ပါလား..ငါကဖိနပ်ချွတ်ရင်...
နပ်တစ်ဖက် အမြဲတမ်းမှောက်လျက်ကျန်တယ်..အဲဒါတမင်လုပ်တဲ့အ...
ပဲ.."

သမုကခေါင်းညိတ်ကာ ဖိနပ်နှစ်ဖက်ကို သေချာကပ်လိုက်ပြီးမှ...
ပေါ်လှမ်းတင်လိုက်သည်။ ရှင်က ကြည့်နေရင်းတစ်စုံတစ်ခုကို သ...
သွားကာ.. ၊

"နေဦး..အဲ့ဒီဟိုဘက်က ဖိနပ်အနီလေးယူလိုက်စမ်းပါ၊ ဟိုနေ...

www.burmeseclassic.com

www.burmeseclassic.com



...တ်နဲ့သွားတာ အဲဒ်ဖိနပ်လားမသိဘူး..ယူလိုက်ပြီးရင် ဒီမှာချ.."

သမုက သူမပြသည့်ဖိနပ်ကိုယူလိုက်ပြီး ရှင့်ရှေ့မှာသေချာချပေး...သည်၊ ရှင်က လက်သည်းနီဆိုးထားသဖြင့် ဖိနပ်ကိုမကိုင်ဘဲ လက်ချောင်း...တွေ ဖြန့်ကားနေလျက် ဖိနပ်ကိုစီးနေတာ ခပ်ယိုင်ယိုင်။ ဖိနပ်နဲ့ခြေ...ာက်ကိုကိုင်ပြီး သေချာစွပ်ချပေးဖို့ထိ သမုကပဲလုပ်ပေးနေရလျှင်..၊

"ဟော..ညှိသည်ရောက်နေတာ သမီးတို့မမြင်ကြဘူးလားကွယ်.."

ဒေါ်သက်ထားဆွေအသံကြားမှ သမုနဲ့ရှင်တို့လှည့်ကြည့်မိကြသည်။ ...ရှင့်ဖိနပ်စင်က ပေါ်တီကိုအောက်ထိမြင်ရကာ အထဲကရော အပြင်က...ာ မြင်နိုင်သည့်မှန်တွေဖြစ်၏။ ထိုအခါ မျက်ခုံးခပ်တွန့်တွန့်နှင့် ဒီတိုင်း...ကြည့်နေသည့် လင်းကိုနှစ်ယောက်စလုံး မြင်လိုက်ရပြီး..၊

"ကိုကိုလာတယ်.."

ရှင့်အသံလေး ဝမ်းသာအားရဖြစ်သွားခဲ့ပြီး..၊

"ကိုကိုလင်း.."

သမုရဲ့ချောက်ချားစွာ ရေရွတ်သံကိုတော့ ရှင်မကြားခဲ့ပေ။ လင်းရဲ့...ကြည့်တွေကလည်း သမုဆီမှာပဲအတန်ကြာ စူးစိုက်နေခဲ့လျက်..၊

"လူလေးက ဩော်..မရီလင်းရဲ့သား ဟုတ်တယ်မို့လား၊ ငယ်ရုပ်...းတောင် မပျောက်ဘူးပဲ.."

"ဟုတ်ကဲ့.."

ခေါင်းညိတ်လိုက်ရင်း ဘေးမှာဖိနပ်ချွတ်လိုက်သည်။ ထိုစဉ်..၊

"ဩော်..ချွတ်နေတာကို အတင်းစီးပေးနေရလား၊ ဖယ်စမ်းပါ.."

"ဒုတ်.."

"အား.."

ရှင်ကဖိနပ်ကို စိတ်မရှည်နိုင်ဘဲ ဒီတိုင်းခါထုတ်ပြီးချွတ်လိုက်လျှင် ...ဘ်တုတ်လေးထိုင်ပြီး စီးပေးနေသည့်သမုရဲ့ ရင်ဘက်ဆီဖိနပ်က ပွမ်းဝစ်...င်၏။

"ဟော့..မင်း.."

လင်းမျက်နှာ ရဲခနဲဖြစ်သွားသည်။ ဒေါသကြောင့် မျက်လုံးအရောင်က...ဲသွား၏။ ရှင်ကိုယ်တိုင်ဒီလောက်ဖြစ်သွားမည်မထင်ခဲ့သဖြင့် မျက်လုံး...းပြူးသွား၏။

"ဘယ်လိုလုပ်လိုက်တာလဲသမီးရယ်..ဖိနပ်ချွတ်မယ်ဆိုလည်း ကိုင်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူကို ဖယ်ခိုင်းမှပေါ့.."

"ရှင်က ကိုကို့ကိုသွားကြိုမလို့ စိတ်စောသွားလို့ပါ.."

ဖြေရှင်းရင်း လင်းကိုကြည့်ပြီးမျက်နှာချိုသွေးသလို ရယ်ပြလိုက်သည်။ လင်းက နည်းနည်းလေးတောင်မပြုံးဘဲ သမုကိုတစ်ချက်ကြည့်လိုက်ပြီးမှ.. ။

"ကျွန်တော် မေမေပစ္စည်းပို့ခိုင်းလိုက်လို့ လာပို့တာပါ.."

"ဟုတ်လား.."

ဒေါ်သက်ထားဆွေ ဒီအခြေအနေကနေ ဆွဲထုတ်ချင်နေတာမို့ တာထက်ပို၍ ပျာပျာသလဲပြုံးရယ်ဆီးကြိုမိသည်။

"လာ..သား လာ.."

တကယ်ဆို ကားတစ်စီးလုံးအလကားရတာကို ပြန်ပို့လိုက်တည်းက ဒီကောင်လေးအပေါ်မှာ ဘဝင်မကျခဲ့တာပါ။ ဒီအရွယ်ရောက်မှသေချာ မမြင်ဘူးပေမယ့် ကားလာပို့တုန်းက ဒေါ်ရီလင်းကိုယ်တိုင်လာပြီး သားဓာတ်ပုံကိုလည်း ပြခဲ့သည်။ သူ့သားအတွက်လည်း တောင်းပန်ခဲ့ ရှင်ရန်ကုန်ကို သွားဖို့ဖြစ်လာတုန်းက မေမေဘာလို့မတားခဲ့တာလဲဆို ဒီကောင်လေးမာနကြီးတာ သိလိုက်တည်းက တွေးမိခဲ့တာဖြစ်သည်။ ပေမယ့် ပြီးသွားပြီပဲလို့ သဘောထားခဲ့သည်။ ခုတော့ မျက်စိရှေ့ရော လာပါပြီ.. ။

"ထိုင်သား..ထိုင်.."

ဧည့်ခန်းမှာထိုင်ဖို့ပေးရင်း မယုံနိုင်အောင်မြင့်မားထွားကျိုင်း သည့် လင်းရဲ့ပုံစံကို သေချာကြည့်လိုက်မိသည်။

"ဒီမှာအန်တီအတွက် မေမေပေးလိုက်တာပါ.."

"ဟုတ်လား..ဘာများလဲ.."

အိတ်က အဝတ်အထည်မှန်းသိသာပါသည်။ ဒေါ်သက်ထား ဖွင့်ကြည့်လိုက်ပြီး.. ။

"အို..အရောင်နုနုလေးတွေပဲ၊ အများကြီးပဲကွယ်.."

"ဟုတ်ကဲ့..ဘန်ကောက်ကပြန်လာတဲ့မိတ်ဆွေတစ်ယောက် ပေး ပါ၊ အဲ့ဒါတွေကို မေမေကအန်တီ့အတွက်ပဲ ပို့ပေးပါဆိုလို့.."

"ဟုတ်လား..ထိုင်းဆက်တွေကွယ် လှလိုက်တာ.."

"ရှင့်အတွက်ရောပါလားကိုကို.."

www.burmeseclassic.com

www.burmeseclassic.com



ရှင်က ဒေါ်သက်ထားဆွေဘေးမှာ ဝင်ထိုင်ချလိုက်ပြီး အထည်တွေကို ဆွဲထုတ်တော့သည်။ လင်းက ခေါင်းခါ၍.. ။

"မေမေပြောလိုက်တာတော့ အန်တီ့ကိုပေးလိုက်ဖို့ပဲ ပါတယ်..မင်းအတွက် မပါဘူးထင်တယ်.."

"ဟယ်..အန်တီကလည်း.."

"သမီးရယ်..ဒီမှာအများကြီးပဲဟာ၊ သမီးအတွက်လည်း အတူတူပေါ့.."

ဒေါ်သက်ထားဆွေကလည်း ရှင်မေးလိုက်တည်းက အမေးခံရတဲ့သူ ဒါ ဖြေရမခက်အောင် အဆင်ပြေပြေပြောဖို့ပါပဲ၊ ဒါပေမယ့် လင်းကတော့ ရှင်မေးလိုက်လို့ ဖြေရခက်သွားသည်ပုံမရှိခဲ့ဘဲ.. ။

"သမီးရေ..မောင်လင်းရောင်ဖြာအတွက် ကော်ဖီသွားလုပ်လိုက်ပါဦး.."

"ဟုတ်.."

ကိုယ်တိုင်သွားလုပ်ပေးတော့မလို ချက်ချင်းထရပ်လိုက်သည်။ သို့သော်.. ။

"မိသဲရေ.."

"ရှင် မမထား.."

"ရှင်ကိုထားခဲ့..ကော်ဖီနဲ့မုန့်ယူလာပေး.."

ထိုစဉ် လင်းရဲ့အကြည့်တွေက တကူးတကခုန်လွှားရောက်သွားသည်။ ဒေါ်သက်ထားဆွေသတိထားမိလိုက်ကာ ဖျတ်ခနဲလှမ်းကြည့်၏။ နပ်စင်ကနေ ထထွက်လာသည့်သမှ..။ဒီဘက်ကိုကြည့်လိုက်တော့ ကိုယ့်ဘေးက သတိထားမိပုံတောင်မပေါ်။ ထို့ပြင် သူမကသမှုကို လှမ်းမြင်သွားဟာ.. ။

"ဘာဖြစ်သွားတာလဲ..ဖိနပ်နဲ့ထိမိတာလေးကို.."

သမှ လှမ်းကြည့်လိုက်တော့လည်း ရှင့်မျက်နှာမှာခဏ။ လင်းဆီကိုဘာ၊ ပြီးတော့ မျက်နှာလေး ငုံ့ပစ်ရင်း.. ။

"ဘာမှမဖြစ်ပါဘူးမရှင်..ဖိနပ်လည်း စီခဲ့ပြီးပါပြီ.."

"ဟဲ့..နင့်ကိုဖိနပ်စီခိုင်းတာမှ မဟုတ်ဘဲ..ဘာလုပ်ခိုင်းတာလဲပြော.."

သမှ တုံ့ခနဲဖြစ်သွားသည်။ ရှင်ခိုင်းလိုက်တာ ဝယ်လာသည့်ဖိနပ်ထုတ်ယူခဲ့ဖို့.. ။

www.burmeseclassic.com

www.burmeseclassic.com



သေလိုက်စမ်းသမုရှင်..ကိုကိုလင်းရှေ့ကျမှ ဘာဖြစ်လို့အယော
ယောင်အမှားမှားတွေ လုပ်ရတာလဲ။ ရှက်ရွံ့သိမ်ငယ်ချင်းကြောင့် အ
စိတ်နဲ့မသိစိတ်တွေ ခလုတ်တိုက်လဲပြိုကုန်သည်။ ပတ်ဝန်းကျင်က လှ
ရှားမှုမှန်သမျှ ကိုယ့်အထက်ကနေ ငုံ့ကြည့်ရယ်မောနေသည့်နှယ်.. ၊

ဖိနပ်အိတ်ကို သွားပြန်ယူဖို့လှည့်ထွက်ခဲ့ရင်း တစ်ခါတည်းလမ်းပေ
ထိ ထွက်ပြေးပျောက်ကွယ်သွားချင်မိသည်။ သူမဒီလိုအဖြစ်ဆိုးနေချိန်မှာ
မှ ကိုကိုလင်းရောက်လာခဲ့တာ ဘယ်ဘဝက ကျိန်စာကြောင့်လဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"ကျွတ်.."

"ဘာတွေဖြစ်နေတာလဲသား..အဲ့ဒီအိမ်ကို ကိုယ့်ဘာသာစိတ်လိုလက် ထွက်သွားပြီးတော့.."

အလုပ်စားပွဲကထကာ နဖူးပွတ်လိုက် လမ်းလျှောက်လိုက်ဖြစ်နေ ည့် သားရဲ့ဘေးကိုဒေါ်ရီလင်း ရောက်လာသည်။ စိတ်ထဲမှာသိနေပေ သားကိုယ်တိုင်ဝန်ခံလာမှ ပြောပြချင်သည့်စကားတွေမို့.. ।

"သားဘယ်လိုစိတ်ကူးနဲ့သွားတာဖြစ်ဖြစ် သားရောက်လာတယ်ဆို ဖြစ်ခဲ့တဲ့ကိစ္စအဝဝအတွက် နေသာထိုင်သာဖြစ်သွားမှာပဲလို့ မေမေက င်ခဲ့တာ..ဒါကြောင့် ဝမ်းသာအားရလွှတ်လိုက်တာပဲ.."

တကယ်ကမ်းလင်းက အဲ့ဒီအိမ်မှာသမုရှိနေလို့ အခြေအနေသွား ည့်တာသာဖြစ်သည်။ ဒါကိုသိလိုက်ရသည့်ခဏမှာ ဒေါ်ရီလင်းစိတ် ရခက် ဒေါသထွက်ရခက်.. ।

"မေမေမေးဖို့လိုလာပြီထင်တယ်သား..သားကအဲ့ဒီမိန်းကလေးကို တ္တာရှိနေပြီလား.."

လင်းက နားမလည်သလို လှည့်ကြည့်လျှင်.. ।

"သမုကိုမေးတာပါ..ရှင်လေးကိုသားမေတ္တာမရှိမှန်း မေမေသိတာ .."

မေမေ့စကားသံတွေက ထေ့ငေါ့တာလိုလိုပါ။ ဒါပေမယ့် လင်းက င်းခါလိုက်ရင်း.. ।

"မေတ္တာရှိနေတာလားလို့မေးရင်တော့ ဟုတ်တယ်လို့ဖြေရမှာပဲမေ မေတ္တာဆိုတာ လူတိုင်းအပေါ်မှာ ထားသင့်တဲ့အရာပါ.."

www.burmeseclassic.com

www.burmeseclassic.com



"မေမေက အဲ့လိုထားတဲ့မေတ္တာကို မေးတာမှမဟုတ်ဘဲ..မေမေဘာ ကိုရည်ရွယ်မှန်းသိရဲ့သားနဲ့ ရှောင်လွှဲဖြေမနေပါနဲ့၊ သမုကိုသားချစ်နေသ လား.."

"အင်အားမဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကို ကိုယ်တတ်နိုင်သ ကူညီနေတာပါ..ယောကျ်ားတစ်ယောက်က မိန်းကလေးတစ်ယောက်အ ပေါ် ကူညီတယ်ဆိုတာင့်ညှာစာနာမှုတွေပါမေမေ၊ ဒီလိုရှိလာတိုင်း ပိုးပန် နေတယ်လို့ ပြောလို့မရပါဘူး.."

"မဟုတ်သေးဘူးသား.."

ဒေါ်ရီလင်း လက်မခံနိုင်ပါ။ အချစ်ရဲ့အနက်အဓိပ္ပါယ်တွေအပေ လူတိုင်းက ကိုယ်ခံစားမိတဲ့အတိုင်း ဘာသာပြန်နေကြသည်။ လူတ ယောက်က အချစ်ကချိုသည်။ တစ်ယောက်ကခါးသည်။ တစ်ယောက်က ပူလောင်သည်။ တစ်ယောက်ကအေးမြသည်။ ဒီလိုသုံးသပ်ချက်တစ် ထုတ်ပြန်ရတာလွယ်ကူပေမယ့် အချစ်ဘယ်အရပ်ကနေ ဘယ်လေတို လို့ ပါလာသလဲ..၊ ဘာကြောင့် ကိုယ့်ဆီကိုမှ ဗဟိုပြုခဲ့သလဲ.. ၊

ထွက်သွားပြီဆိုရင် ဘယ်အရပ်မျက်နှာကိုဗဟိုပြုနေပါသလဲ..၊အချ ၏ များမြောင်သောရှုပ်ထွေးခြင်းတွေကျတော့ ဘယ်သူများဖွင့်ဆိုရှင်းလ နိုင်လို့လဲ..။ လူတိုင်းချစ်တတ်ကြသည်ဆိုလျှင် လူတွေဘာလို့ အသည် ကွဲကြပါသလဲ..၊

အချစ်ကို နားမလည်နိုင်လို့သာ ဒီနေ့ထိငိုကြွေးလွမ်းကြ ဘဝဇာ ခုံမှာ အချစ်ကတစ်စိတ်တစ်ဒေသသော ကံဇာတ်ဆရာပဲဖြစ်နေခဲ့တာ မဟုတ်ဘူးလား..၊

လင်းရဲ့ရင်ထဲကို ဒေါ်ရီလင်းနားလည်စပြုလာလေ စိုးရိမ်မကင်းဖြ ရလေ.. ၊

"သူတို့သားအမိက ကိုယ်နဲ့ရပ်ဆွေရပ်မျိုးဆိုပေမယ့် သိတောင်သိ တာမဟုတ်ဘူး..နောက်ပြီး သူ့အမေက.."

"မေမေကဘာဖြစ်လို့ ဒီလောက်ထိတွေးနေတာလဲ..ကျွန်တော် အပေါ်မှာ အကျပ်အတည်းဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်အပြင်ဘာ မပိုဘူးမေမေ.."

ခုမပိုသေးလည်း နောက်ဆိုပိုမလာနိုင်ဘူးတဲ့လား..မျက်လုံးထဲ မြင်နေတွေ့နေကျအတိုင်း နေ့စဉ်ညစဉ်အေးဆေးဖြတ်သန်းကျော်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူမအပေါ် ပိုမိုစူးစိုက်စရာ အကြောင်းတစ်ခုခုပေါ်လာတာနဲ့ ပြောင်းအလဲမြန်လွန်းတဲ့ စိတ်ရဲ့သဘောကိုဘယ်သူအစိုးရသလဲ.. ၊

ခုတောင်သမုကို ရှင်တို့အိမ်မှာ သနားစဖွယ်မြင်ခဲ့ရပါသည်ဆိုပြီး သတ်စိတ်ပျက်နေတာ မျက်စိရှေ့တင်။ သမုရဲ့အလှ သမုရဲ့ဘဝမျိုး ချူချင်ခြွေချင်သူတွေပေါ်လာလိမ့်မည်။ အထူးသဖြင့် ဆင်းရဲတဲ့မိန်း လေးတစ်ယောက်က ဒီလောက်လှနေတာ ဘယ်လောက်အန္တရာယ်များ သလဲ..၊ သူမလေးကို ကူညီရင်း ကယ်တင်ရှင်နဲ့ရင်သိမ့်တုန်တွေ စိုးရိမ် မှုတွေ များပြားလာခဲ့ရင်.. ၊

"မေမေကတော့ အခြေအနေအချိန်အခါကို မယုံနိုင်ဘူးသား..သားက ပိုပေါက်စလေး မဟုတ်တော့ပေမယ့် မေမေ့သားကခုချိန်ထိ အချစ်နဲ့ ဆက်ဆိုင်ခဲ့တဲ့သူ အချစ်နဲ့တွေ့ရင်ရှုးမှာပဲ၊ မေမေ့သားရှုးလောက်အောင် ဆွဲခဲ့တဲ့မိန်းကလေးက သမုတော့.."

"လွဲနေပြီမေမေ..မေမေမယုံတာကို ကျွန်တော်ရှင်းမပြတတ်ဘူး၊ ဒါ ပေမယ့် သမုကိုကျွန်တော်အဲ့လိုစိတ်နဲ့ မဟုတ်ဘူး..နောက်လည်းဟုတ် စရာ မရှိဘူး၊ ရှင်ထိပ်ထားကအရမ်းရိုင်းတယ်..မောက်မာတယ်၊ သူ့ကျ ရှင်ထိပ်ထားလက်အောက်ရောက်သွားခဲ့တာကို စိတ်မကောင်းဖြစ်နေမိ တာ.."

"အဲ့ဒီစိတ်က သွားလည်းဒီစိတ် စားလည်းဒီစိတ်ဖြစ်နေတာတော့ ကောင်းနိုင်ဘူးမို့လား.."

"ကျွန်တော်မြင်ခဲ့ရတာတွေ မေမေ့ကိုလည်းပြန်ပြောပြပြီးပြီပဲမေမေ ခုခေတ်မှာ အသိပညာမနည်းကြတော့ပါဘူး၊ လူလူချင်းလေးစား မှုက တန်ဖိုးပါ..ဆင်းရဲတဲ့လူမို့လို့ ဘောလုံးတစ်လုံးလို လိမ့်ကန်ခွင့် ပါသလား၊ အဲ့လိုကန်ခွင့်ရနေတာရော ဂုဏ်ယူဖို့ကောင်းနေသလား.."

ဒေါ်ရီလင်းက သားမျက်နှာကိုစူးစိုက်ကြည့်ရင်း ပင့်သက်ရှိုက်၏။

"ဒါဆိုသားက ရှင်လေးဘောလုံးကန်နေတာကို စိတ်တိုနေတာလား.."

"သူက.."

"သမုကဘောလုံးမှ မဟုတ်ဘဲသား..ဘောလုံးလိုအကန်ခံနေရရင် ဘောလုံးတစ်လုံးမဟုတ်ဘူးဆိုတဲ့မာန သူ့မှာရှိမှာပေါ့၊ လူရယ်လို့ ဖြစ်လာရင် မိမိတန်ဖိုးမိမိတင်ရတယ်..သူများစော်ကားတာကို ခေါင်းငုံ့ခံ

www.burmeseclassic.com

www.burmeseclassic.com



တာ ဘယ်သူစော်ကားတာကိုမှ ငြိမ်မခံတတ်တာ..အဲ့ဒါတွေက လူချင်း
ပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကွဲပြားသွားတဲ့တန်ဖိုးတွေပဲ..”

စကားပြောနေရင်း ဒေါ်ရီလင်းကနေရာမှထရပ်သည်။ ပြီးတော့
ဖာကိုကျွေပတ်လျှောက်သွားကာ.. ။

“သားကိုမေမေ့ရဲ့ရင်ခွင်တစ်ခြမ်းတည်းနဲ့ လူလားမြောက်အော
ကျွေးမွေးစောင့်ရှောက်ခဲ့တယ်..ဒီအခြေအနေထိတောင့်မတ် ရပ်တည်နိ
အောင် ကြိုးစားခဲ့တယ်၊ သားအတွက်ပြည့်စုံပိုလျှံဘဝမျိုး မေမေမဖန်တ
နိုင်ပေမယ့် ကိုယ့်ကိုယ်ကိုအမြဲဂုဏ်ယူခဲ့တာ ဘာလဲသိလားသား..”

လင်းက ဆိုဖာအစွန်းတစ်ဖက်မှာ ထိုင်လိုက်ပြီး ဒေါ်ရီလင်းမျက်
ကို တိတ်ဆိတ်စွာကြည့်နေ၏။

“မေမေ ဘယ်လောက်ဆင်းရဲပါစေ..ဘယ်တော့မှ အိမ်ဖော်မလုပ်
သူများအဝတ်တွေလျှော်ပြီး သားကိုထမင်းမကျွေးဘူး..အလုပ်ဟူသ
ဂုဏ်ရှိစွဆိုတာ တချို့ကမှန်တယ်၊ တချို့ကတော့ မမှန်ဘူး..သားအ
ဂတ်မှာ ထိခိုက်ညစ်နွမ်းလာနိုင်တဲ့ အလုပ်မျိုးကို မေမေကကြက်ခြေ
ထားပြီးသား..”

ရွာမှာဈေးလည်း ရောင်းခဲ့သည်။ သူများခြံမှာ ခြံစိုက်ငှားတာလ
နေ့စားလုပ်ခဲ့ရသည်။ နောက်ဆုံးသားအမိနှစ်ယောက် တောထဲမှာထ
လိုက်ကောက်ပြီး ပြန်ရောင်းစားရတဲ့အထိ ကျပ်တည်းခဲ့၏။ ဒါကြော
လည်း ရှင်နဲ့သူမရဲ့အဘွားတို့လာခေါ်တုန်းက ကိုယ့်ရဲ့ကျေးဇူးရှင်
လည်း ဖြစ်သည့်ပြင် သားရဲ့ဘဝနဲ့အများကြီးပတ်သက်ခဲ့သည့် လူအ
ယုံကြည်စိတ်လည်း ဖြစ်ခဲ့၏။

“ငါ့မြေးလေး ဆိုးနွဲ့တာသာသည်းခံမယ်ဆိုရင် သူတို့မောင်နှမအ
အတူ ရှိနေစေချင်တာပေါ့အေ..မြေးကိုလည်းစိတ်ချရမယ်လေ၊ ဒါကြော
တစ်နှစ်လောက် အတူတူထားကြည့်ပြီးတာနဲ့ အမွေစားအမွေခံမွေ
လိုက်မှာ..”

“အေးကွယ်..ကလေးကလည်း ချောချောသန့်သန့်လေးဆိုတော့
နဲ့မောင်နှမဖြစ်ကိုဖြစ်ထိုက်နေပါပြီ..”လို့ ဇနီးမောင်နှံအားပါးတ
တော့ သူမပီတိတွေဖြစ်ခဲ့ရသည်။ ဒါပေမယ့် သားကမပျော်ခို
ဖြစ်မှာ လက်လျှော့ခဲ့ရသည်။ ကိုယ့်ရဲ့ဘဝကြီးတစ်ခုလုံး ဒီသ
တွက်သာ ပုံအောကြိုးစားခဲ့ရသည့်အလျှောက်.. ။

www.burmeseclassic.com

www.burmeseclassic.com



"သားကပြောမှာပဲ..မေမေမွေးထားတာသား သမုကမိန်းကလေးပါ ဘို.."

"မပြောပါဘူးမေမေ..မေမေနဲ့ဘယ်သူ့ကိုမှ မယှဉ်ပါဘူး၊ ကျွန်တော့် ဘဝအစကနေ ခုချိန်ထိချမ်းသာသလား ဆင်းရဲနေသလားဆိုတာတွေနဲ့ ချိန်စက်ကြည့်ဖို့လည်း မလိုဘူး.မေမေကကျွန်တော့်ဘဝရဲ့သူ့ရဲကောင်း ပါ.."

သူပြောနေရင်း ဒေါ်မေရှင့်ကိုမြင်ယောင်လာကာ.. ၊

"ဒါပေမယ့် လူတိုင်းတူနေကြတာမဟုတ်ဘူးလို့ မေမေပဲပြောခဲ့တာ လေ..သမုရဲ့အမေက မေမေ့လိုမဟုတ်ဘူးမေမေ၊ ဒါကြောင့် ကျွန်တော် သူ့အတွက် စိတ်မကောင်းဖြစ်နေမိတာ..မသက်ဆိုင်ပေမယ့် စိတ်ပူနေ တယ်.."

အတင်းအဖျင်းတစ်ခုလို ထုတ်မပြောတတ်ပေမယ့် လင်းရင်ထဲမှာ တောင်မကျကြီးဖြစ်နေခဲ့တာက ဒေါ်မေရှင့်ကိုနားမလည်နိုင်ခြင်းတွေပဲဖြစ် သည်၊ သူ့ဘဝမှာ မေမေ့ရဲ့စဉ်းစားဆင်ခြင်နိုင်မှုတွေကြောင့် ပထွေးကို အဖေမခေါ်ခဲ့ရပေ။ ပထွေးတစ်ယောက်နဲ့နေရထိုင်ရသော ကောင်းခြင်း ဆိုးခြင်းတွေကိုလည်း မခံစားခဲ့ရပါ.. ၊

ဒေါ်မေရှင်ကတော့ အားကိုးရှာခဲ့သည်။ ဒီလူအားမကိုးရတော့မှန်း သိသာတော့လည်း သမုကိုလုံခြုံအောင် သူများအိမ်ကိုပို့ထားခဲ့၏။ ကိုယ့် ဘဝတစ်စိတ်တစ်ပိုင်းမှာ အဲ့ဒီအိမ်မှာဘာလုပ်ခဲ့ဖူးသလဲ..၊ ဒီခြေရာနောက် က လိုက်ခိုင်းမှတော့ သမုလည်းသူမလိုဘဝမျိုး ရောက်မှာပဲဆိုတာ မတွေး ဘူးလား..၊

"သမုက အဆင်းရောအချင်းရောရှိတဲ့မိန်းကလေးပါ..သူနဲ့ဒီလိုဘဝ နဲ့ဘာ မထိုက်တန်ပါဘူး.."

"အဲ့ဒါက သူ့အပေါ်ထားတဲ့ သားရင်ထဲကတန်ဖိုးပဲ.."

ဒါပဲစွပ်စွဲနေသည်ဆိုသော ရှုပ်ထွေးသည့်မျက်ဝန်းတွေရောက်လာ တော့ ဒေါ်ရီလင်းက လင်းနဲ့မျက်နှာချင်းဆိုင်မှာ ပြန်ဝင်ထိုင်လိုက်ရင်း..

"သူ့အကြောင်း မေမေတို့ပြောနေတာ တော်သင့်နေပြီမှန်းမေမေသိ တယ်..ဒါပေမယ့် သားကသဘောမပေါက်ဘူးဖြစ်နေတော့ ပြောရဦးမှာ ။ သမုက စစ်တုရင်ခုံပေါ်က နယ်ရုပ်တစ်ရုပ်ဖြစ်နေရင်တောင် သူ့ကိုအ ကျွန်ရွှေ့နေတာ သားမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်က.."

"သူ့သမီးတာဝန်ကို သူ့အမေယူပါစေပေါ့..မင်းကတာဝန်ယူချင်ရင်တော့ တစ်နည်းပဲရှိတယ်.."

လင်းမျက်နှာ အနီရောင်သမ်းသွားသည်။ ဒေါ်ရီလင်းက ခဏတိတ်နေပြီးမှ..

"မေမေ သူ့ကိုသဘောမကျဘူး.."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

"ကိုကို့ကိုပြောလိုက်ရင် ဒါပဲ.."

"မင်းလည်း ငါ့ကိုမြင်တိုင်း လိုက်မလားစားမလားခေါ်တာတွေ ဆင်..."

လင်းကချာခနဲလှည့်ထွက်သွားသည်။ ကိုယ့်ဘက်ကိုလှည့်လိုက်တာ သမှုမလုံမလဲကာကွယ်ရပ်လိုက်မိသည်။ ဒါပေမယ့် လင်းကတကွ္တစိ ပြီးတက်လိုက်သွားတာဖြစ်၏။ လမ်းဘေးမှာတစ်ယောက်တည်း တစ်စီးနဲ့ ရပ်ကျန်ခဲ့သည့် ရှင့်ကိုတစ်ချက်တော့လှည့်ကြည့်မိကာ..

ရှင်လေး ဒီလောက်ပြည့်စုံလှပနေတာ ကိုကိုလင်းကဘာလို့သဘော တာလဲ..ဆိုသည့်အတွေးက ဝင်လာခဲ့သည်။ ထို့နောက်ရင်ခုန်သံတွေ တိုးတိတ်စွာလှုပ်ခါလာခဲ့၏။ ပွေ့ဖက်ထားသည့်စာအုပ်တွေကို ရင်ခွင် ဖိကပ်ထားရင်း ခြေလှမ်းတွေပါမြန်လာခဲ့သည်။ သူမစိတ်ကူးလွန်း နေပြီလား..။ လင်းပေးလိုက်သည့် စာအုပ်တွေကို ဖက်ထားမိတာနဲ့ ရင်ခုန်သံတွေက နားထောင်လိုက်တိုင်း ကြားနေခဲ့ရ၏။

"အန်တီတို့က မပြန်ခင်သင်တန်းပြန်တက်ဖို့ စီစဉ်ပေးခဲ့မယ်ဆိုတော့ ဘက်ရတဲ့ရက်တွေ မင်းစာကြည့်ထားလို့ရတာပေါ့..အဲ့ဒါတို့စာအုပ် မင်းကြည့်ပြီးရင်ပြန်ပေးလေ.."

ဆိုပြီး လွန်ခဲ့တဲ့တစ်နာရီကျော်ကျော်လေးကပဲ ပေးခဲ့တာပါ။ ရှင်တို့ သူမဘဝဏ္ဍမ်းထိုးမှောက်ခုံဖြစ်နေခဲ့တာကို ကိုကိုလင်းတွေ့သွားပေမဲ့ သူမထင်သလိုဖြစ်မသွားခဲ့ပေ။ အထင်မြင်မသေးသည့်ပြင် ကြည့်ရှုထား တိုးလာသည့်ကိုကိုလင်းမျက်ဝန်းတွေကြောင့် သူမအားအင်တွေဖြစ် သာခဲ့၏။ ဘဝအမောပြေစေသော ကိုကိုလင်းမျက်နှာပေါ်ကအပြုံး

www.burmeseclassic.com

www.burmeseclassic.com


သည်.. ။

"တိ.."

"အမေ့ရေ.."

"ဘုတ်.."

လူကိုထိမတတ် ကပ်လာပြီးမှ ဟွန်းတီးလိုက်သဖြင့် သမုလန့်ဖျ
ကာ ဖက်ထားသည့်စာအုပ်တွေပါ လွတ်ကျကုန်၏။ ရှင်ကကားကို ဒ
မရဲ့ရှေ့ထိ တိုးလိုက်ပြီးမှရပ်ကာ မှန်ချ၏။ ပြီးတော့ အားနာသလိုရယ
လိုက်ပေမယ့် လှောင်ရယ်သံမျိုးပဲဖြစ်နေခဲ့လျက်.. ။

"လမ်းပေါ်မှာလျှောက်နေပြီး ဟွန်းလေးတီးတာကို ဒီလောက်လန့်
သလားသမုရယ်..အဟွန်း.."

"မရှင်က ကပ်တီးလိုက်တာကိုး.."

သမုက ဖျတ်ခနဲထိုင်ချလိုက်ကာ စာအုပ်တွေကိုအသည်းသန်လိုက
ကောက်သည်။ ပြီးတော့ တစ်အုပ်ချင်းပွတ်သပ်ခါ၍ ပေါင်ပေါ်တင်ပြီးထ
၏။ သမုက အပေါ်ကနေခေါင်းထွက်ကြည့်လိုက်ရင်း.. ။

"လာ..ကားပေါ်တက်လေ၊ ပြန်မှာလား ဘယ်သွားမှာလဲ.."

"ရပါတယ်..သမုဘာသာပြန်ပါ့မယ်.."

"လာပါ..ငါ့ကြောင့်နင်လန့်သွားတော့ ငါ့မှာအပြစ်ရှိသွားပြီ၊ လာ
သွားစရာရှိရင်လည်း ငါလိုက်ပို့မယ်.."

သူမသဘောမနောကောင်းနှင့် ချော့မော့တောင်းပန်သလိုပြောနေ
ဆိုမှ.. ။

ဟင်.. ။

စာအုပ်သုံးအုပ်၏ အပေါ်ဆုံးမှာတင်လိုက်သော စာအုပ်မျက်နှာ
ကနာမည်သည်.. ။

လင်းရောင်ဖြာ.. ။ကိုကိုပဲ.. ။

ရှင်တံခါးဖွင့်၍ ကမန်းကတန်းဆင်းသည်။ ပြီးတော့ စာအုပ်ကိုဖ
ခနဲ ဆွဲယူလိုက်၏။ ငုံ့ကြည့်လိုက်တော့လည်း အောက်ကစာအုပ်က လ
ရောင်ဖြာပဲဖြစ်ကာ နောက်ဆုံးစာအုပ်ထိလင်းရောင်ဖြာ..။ သုံးအုပ်
ကို သူမလက်ထဲမှာ ဆွဲယူကိုင်ထားပြီးမှ.. ။

"နင်က ကိုကိုနဲ့သိနေတာလား..ဘယ်လိုသိတာလဲ၊ ငါလည်းဘာ
မသိရပါလား.."

www.burmeseclassic.com

www.burmeseclassic.com



သမုမျက်လုံးအဝိုင်းသားလေး ငေးနေခဲ့၏။ ရှင်က ရှေ့တိုးလိုက်တော့ သူမကနောက်ဆုတ်မိကာ.. ။

"သမု.."

"ပြောပါ..ပြောစမ်းပါ၊ မန်းဒေးတုန်းက ကိုကိုငါ့ဆီလာတာနင်နဲ့ တည်းတွေ့တယ်..အဲ့ဒါ.."

မျက်လုံးထဲမှာ မြင်ယောင်သွားသည်။ သမုကို ကိုကိုကြည့်လိုက်တဲ့ အကြည့်.. ။

"ဟော့..မင်း.."

သူမဖိနပ်နဲ့သမုကို ခိုက်မိသွားစဉ် ကိုကိုဖြစ်သွားတဲ့မျက်နှာ..။ ပြီးတော့..ပြီးတော့ ကိုကိုသူမဆီဘယ်တုန်းကမှ မလာဘူးဘဲနဲ့ အဲ့နေ့က ရောက်လာခဲ့တာ.. ။

"သြော်..လက်စသတ်တော့ နင်နဲ့သိနေတာကိုး.."

သမုမျက်လွှာချပစ်တော့ ရှင်ဒေါသထွက်သွားသည်။ ရဲရဲတောက်နေသော တိရုပ်လက်ပြတ်လေးသည် သူမပါးကိုအရောင်ထိုးထားတဲ့အတိုင်း ရှိသည့် ပါးပြင်လေးတွေပါ နီမြန်းနေခဲ့လျက်.. ။

"အဲ့လိုမြဲ့စိစိပုံကို အရမ်းမုန်းတာပဲ..ကိုကိုနဲ့နင်သိတယ်ဆိုတာ ဘာဖုံးထားရတာလဲ၊ ကိုကိုနဲ့မကလို့ သိကြားမင်းနဲ့ပဲသိသိ သိခွင့်ရှိတယ်..နင်နဲ့သိနေတာကို ဘယ်သူကဘာပြောမှာမို့လဲ၊ ဖုံးထားတာက ဘာစရိုက်လဲပြော.."

"သမုတမင်ဖုံးထားတာမဟုတ်ပါဘူး.."

"သြော်..သြော်၊ ဒါဆိုပြောပါဦး..နင့်ရှေ့မှာသူ့အကြောင်းတွေ ငါတို့ပြောနေကြတယ်၊ ကိုကို့ကိုငါအဖြစ်သည်းနေလို့ နင့်ရှေ့မှာပဲ ငါ့ကိုမာမီတို့ ပြောနေကြတယ်..မန်းဒေးတုန်းကလည်း ငါတို့အားလုံးဆုံမိကြတယ်၊ အဲ့ တုန်းကလည်း တမင်ဖုံးထားတာ မဟုတ်ဘူးပဲလား.."

သူမဘာပြောရမှန်းမသိ ဖြစ်နေဆဲ.. ။မိန်းကလေးနှစ်ယောက်အချေအတင်ပြောနေကြသည် ထင်ရသော်လည်း အဖြူရောင်မြန်မာဝတ်စုံလေးနှင့် သမုကရေငုံနှုတ်ပိတ်နေဆဲရှိကာ အနီရဲရဲနှင့်ဂျင်းန်ကွာတားလေးဝတ်ထားသော ရှင်ကဒေါသတွေဗလပွနှင့်.. ။

"ဘာလဲ..ငါကကိုကို့ကို လိုက်ကြိုက်နေရတယ်..ကိုကိုကတော့နင့်ကို အရေးပေးနေတယ်ဆိုပြီး နောက်ကွယ်ကနေ ဖီးလ်တွေမြင့်နေတာလား"

www.burmeseclassic.com

www.burmeseclassic.com



"သမုအဲ့လိုမဟုတ်ဘူးမရှင်..သမုနဲ့ရင်နှီးနေတဲ့ ကိုကိုလင်းက မ
တို့အတွက် အရေးပါနေတာမြင်ရပြီး မပြောရဲဖြစ်သွားခဲ့တာ.."

"ဟုတ်တယ်..အရေးပါတယ်၊ ဒါပေမယ့် နင်မပြောဘဲနေတာက
ဆိုးတယ်..ငါကနင့်အလုပ်ရှင်ဖြစ်နေလည်း နင်ရတဲ့အခွင့်အရေးကို.."

"အလုပ်ရှင်မဟုတ်ပါဘူး.."

သမု ပက်ခနဲပြန်ပြောလိုက်တော့ ရှင့်စကားသံတစ်ဝက်နဲ့ တိတ်
သွားသည်။ အံ့ဩခြင်းဖြင့်သမုရဲ့မျက်ဝန်းတို့ကို စူးစိုက်နားစွဲ့ထားမိ

"သမုနေရေးထိုင်ရေးအတွက် မရှင်ဆီမှာအချိန်တစ်ခုလောက် ခို
ရုံပါ..သမု မရှင်ရဲ့ဖိနပ်ကို တိုက်ချွတ်ပေးနေရင်တောင် အဲ့ဒါသမုရဲ့
တတ်မှုပဲ..သမုက အိမ်ဖော်မဟုတ်ဘူး.."

ရှင်က နားလည်သွားသည့်မျက်ဝန်းတို့ဖြင့် ခပ်ထေ့ထေ့ပြုံးနေ

"အမေရဲ့အလုပ်ရှင်ဖြစ်ခဲ့တိုင်း သမုရဲ့အလုပ်ရှင်လို မဆက်ဆံ
မရှင်..သမုက မရှင်ရဲ့အလုပ်သမားမဟုတ်ပါဘူး.."

"ဟုတ်ပြီ..ဒါဆိုဘာလဲ.."

သူမတိတ်တိတ်နေပြန်လျှင်.. ၊

"နင့်ကိုငါနဲ့နေရင် ခိုင်းမှာပဲလို့ပြောပြီးသား..ခိုင်းပါလို့လည်း န
မေက ပြောခဲ့တယ်၊ အဲ့ဟာဘာကြောင့်လဲ နားမလည်ဘူးလား..မတူ
မတူနဲ့သမုရှင်၊ ရှင်ချင်းတူနေလို့ ငါနဲ့နင်အတူတူပဲလို့ထင်ရင် န
ချောက်ကမ်းပါးထိပ်မှာ ဘောလုံးလိုက်ဖမ်းတဲ့ ငမိုက်သားပဲ..ဒီမှာ.."

ရှင်က သမုကိုစာအုပ်တွေ ထိုးပေးလိုက်ပြီးလက်နှစ်ဖက်ခါရင်

"နင့်ကိုငါမနှိမ်ပါဘူး..ဒါပေမယ့် နင့်ကိုယ်နင်သိပ်အထင်ကြီးနေ
တော့ သနားဖို့ကောင်းတယ်၊ ကိုကိုနဲ့နင်ခင်နေနေ ချစ်နေနေ ငါ့အိမ်
နေနေလို့ မကောင်းတတ်ဘူးဆိုတာ ဘာမှမရှိဘူး..နင့်ကိုလည်းငြို
မဟုတ်ဘူး၊ ငါစိတ်တိုတာက နင့်ကိုယ်နင်အထင်ကြီးပြီး ငုံ့သလိုလို
သလိုလို ဖုံးဖိစောက်ကားတာကိုပဲ.."

ရှင်ကပြောပြီး ပခုံးလေးတွန့်ရှုံ့မဲ့သည်။ ပြီးတော့ ကားကိုနော
မှီလိုက်ပြီး လက်ပိုက်၍.. ၊

"သဘာဝတရားတွေဘယ်လိုရှိရှိ ဇာတ်လမ်းတွေထဲဘယ်လို
ရေး ငါရေးမယ့်ငါ့ဘဝဇာတ်ခုံမှာ ငါကမင်းသမီး ငါ့ကရိုက်တာက
သမီးကာရိုက်တာပဲ..ငါဖန်ဆင်းခဲ့တဲ့ ငါ့ရဲ့မင်းသားကလည်းဇာတ်

www.burmeseclassic.com



ဘယ်သူနဲ့လက်တွဲရမယ်ဆိုတာ နဖူးမှာစာပါပြီးသားပါ၊ အဲ့ဒါမှတ်ထား..ရှင်ထိပ်ထားရေးတဲ့ Full script.."

ပြောပြီးရယ်သည်။ ဆံပင်တွေဝေ့ခါသွားအောင် တမင်မျက်နှာမော့ပြီး လှဲထွက်သွား၏။ တံခါးပိတ်လိုက်သံ ဂျိမ်းခနဲမှာ ရင်ခွင်ထဲကိုပြန်ရောက်နေပြီးသည့် စာအုပ်တစ်အုပ်သမှုလက်ထဲကနေ နောက်ထပ်ပြုတ်ကျလေသည်။

နာကျင်ခြင်းက ရင်နဲ့မဆံ့.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

မိုးချုပ်မှ ကားမောင်းနေရသဖြင့် ဦးမြတ်ထွန်းဝင်းစိတ်တွေတို
သည်။ ပိုပြီးတိုသင့်တာက ကိုယ့်သမီးပေမယ့်ကွယ်ရာမှာ ဒုက္ခရောက်
တုန်းမို့ ပူပန်စိတ်ကအရင်ဖြစ်နေလို့သာ.. ၊

"ဖြည်းဖြည်းမောင်းပါမောင်ရယ်..မောင့်သမီးကားပျက်တာ
လှည်းတန်းစင်တာရှေ့မှာ လူကြားသူကြားဘာမှ မဖြစ်နိုင်ပါဘူး၊ မောင့်
သာမျက်လုံးသိပ်မကောင်းဘဲနဲ့ ညကြီးမိုးချုပ်.."

"လူကြားသူကြားဖြစ်ဖြစ် ရုပ်ရှင်ရုံထဲ စားသောက်ဆိုင်ထဲဖြစ်
မိန်းကလေးတွေအတွက် အန္တရာယ်ရှိတာချည်းပဲကွ..ဒါကြောင့်မောင်
တာ၊ အပြင်သွားတာကသွား ပြန်ချိန်ကိုသတိထားရမယ်..အကယ်၍
မညီုခင်တည်းကပြန်ဖို့ စိုင်းပြင်းရင် ကားပြင်ဖို့မိဘကိုအကြောင်းကြား
ဆိုတာ အချိန်မလင့်ဘူးပေါ့.."

ကားကလမ်းမပေါ်မှာ ပြေးနေပေမယ့် ကားစည်တဲ့နေရာတွေ
တော့ ရှေ့မတိုးနိုင်။ ကားရှင်းတော့မှောင်ရိပ်ကျသည့်နေရာတွေက
နေသည်။ ကားကျပ်တော့ ခရီးကြာသည်။ ကားရှင်းတော့လည်း လွ
မောင်းရဲ။ ထိုစဉ် မှောင်ရိပ်တစ်ကွေ့ကို ဖြတ်ကျော်နေစဉ် မဖွယ်ရာသ
မြင်ကွင်းတစ်ရပ်ကို ဇနီးမောင်နှံမြင်လိုက်ရကာ.. ၊

"ရန်ဖြစ်နေကြတာလား.."

"ဖြစ်ဖြစ်ကွာ.."

ပြောပြီးမှ ဦးမြတ်ထွန်းဝင်း သတိထားမိကာ နှစ်ခါပြန်ကြည့်မိ
တစ်ချိန်တည်းမှာ ကားကိုပါဘရိတ်နင်းပြီးသားဖြစ်သျက်.. ၊

"လင်းရောင်ဖြာများလား.."

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ်မောင်..လင်းကိုအုပ်စုနဲ့ဝိုင်းချနေတာထင်တယ်.."

"အံမာကွာ.."

ဦးမြတ်ထွန်းဝင်းက ခြေနင်းအောက်မှာအမြဲဆောင်ထားသည့် သံ ...တ်ကိုနှိုက်ယူပြီး တံခါးဖွင့်သည်။

"မောင်..မောင်မဆင်းနဲ့လေ၊ ဟိုမှာလေးယောက်တောင်မှ.."

"မင်းသာမဆင်းခဲ့နဲ့..အစတည်းက မတရားတာမြင်ရင် သိပ်ကြည့်ရ ...မဟုတ်ဘူး၊ ကိုယ်နဲ့သိနေတဲ့လူကို လစ်လျူရှုသွားရမလား.."

"နေပါဦး..ထားလိုက်ခဲ့ပါမယ်.."

ဒေါ်သက်ထားဆွေစိုးရိမ်တကြီး လိုက်ဆင်းသည်။ ကားရပ်တာမြင် ...တည်းက လူဆင်းလာမှာပဲဆိုတာ သိနေကြသည့်လူငယ်အုပ်စုက ဆင်း ...သည့်လူတွေကိုမြင်တော့ ပြေးမည့်ခြေလှမ်းတွေပြန်တုံ့သွားသည်။

"ဒီခွေးသူတောင်းစားကို သွားအခွေလိုက်ကျွတ်ထွက်သွားအောင် ...ပစ်.."

"ရိုက်ဟော့ကောင်..အဘိုးကြီးအဘွားကြီးတွေကို ငါတာဝန်ထား.."

"မင်းကများ..ငါ့ညီကိုဒဏ်ရာရအောင်လုပ်ရတယ်၊ ကိုင်းကွာ.."

နှစ်ယောက်တည်းကစပြီး လင်းကိုတားဆီးတာဖြစ်ကာ တစ်ယောက် ...ည် ဟိုတစ်နေ့က အရှုံးကိုအကြောင်းပြပြီး ရှင့်ကိုအံချဉ်ဖမ်းဖို့ကြံစည် ...ည့်ထဲက ဖြစ်နေ၏။

"ငါတို့ရှာနေတဲ့ မင်းသားချောကြီးကိုတွေ့ပြီကွ.."

ဖုန်းဆက်ပြီး နောက်တစ်ယောက်ကိုခေါ်သည်။

"ဟီးရှီးကြီးပါလား.."

အနီးအနားမှာပဲရှိနေပုံပေါ်သည့် နောက်တစ်ယောက်က သိပ်မကြာ ...ရောက်လာတော့ အဖော်အပေါင်းတွေနှင့်.. ၊

"ချ..ဒီကောင့်နံရိုးတွေကို ချိုးပစ်.."

တော်ရုံလောက်ကိုတော့ ကိုယ့်ကိုယ်ကိုအထိမနာအောင် ကာကွယ် ...မယ့် လက်နက်တွေတဝင်းဝင်းနှင့် ကွက်ကိုကြောင်ကစားသလိုလုပ် ...တော့ လက်နက်ကိုဦးစားပေးရှောင်နေရသည်။ သေနိုင်သည့်အရာကို ...င်နိုင်ပေမယ့် ထိုးနက်ချက်တွေကြောင့် လင်းအလူးအလဲခံနေရ၏။ ...ဦး.. ၊

"ဟေ့..မင်းတို့ကောင်တွေ ရပ်လိုက်စမ်း၊ ငါရဲခေါ်ပြီးပြီနော်.."

www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ထွန်းဝင်းက လင်းကိုချုပ်ထားပြီးထိုးကြိတ်နေသည့် သုံး ယောက်ဆီ သံတုတ်နဲ့ပြေးဝင်သွား၏။ ထိုအခါကျမှ ဒေါ်သက်ထားဆွေ ခေါ်ဖို့ကို သတိရသွားခဲ့၏။ တကယ်တော့ ဦးမြတ်ထွန်းဝင်းက ဟန်ပြ ကြောက်လန့်ပြီး လူစုကွဲဖို့ကြိုးစားလိုက်တာဖြစ်သည်။

ဒေါ်သက်ထားဆွေကတော့ ဒါကိုအရင်လုပ်ထားသည်လို့ပဲသတိ ကာ ကားဆီပြန်လှည့်ပြေး၏။ ပြီးတော့ အိတ်ကိုင့်ယူပြီး ဖုန်းထုတ် ကြိုးစားလျှင်.. ။

"ဒီလောက်တောင် ဟီးရှီးလုပ်ချင်ဦး.."

"ဟိတ်ကောင်မလုပ်နဲ့.."

စိမ်းသက်သော အနီးကပ်အသံနှင့် ခင်ပွန်းသည်၏စိုးရိမ်တကြီး အော်သံကြောင့် ဒေါ်သက်ထားဆွေအခြေအနေကို တွက်လိုက်မိပြီးလန့် ဖျန့်သွားသည်။ သို့သော်.. ။

"အား.."

"ထား.."

အခြေအနေရှုပ်ထွေးကုန်သည်။ နောက်ကားရောက်လာတော့ ကား က အာလ်ဖက်ဖြစ်ကာ ယောကျ်ားတွေချည်းခြောက်ယောက်ဖြစ်၏။ ထို အခါ လင်းကြောင့်ကနဦးမှတည်းက ဒဏ်ရာရပြီးလဲနေသည့် သူတို့လူ ဝိုင်းတွဲ၍ ထွက်ပြေးကုန်ကြ၏။

"ဒီအန်တီကို ဓားနဲ့ထိုးသွားတယ်.."

"ဒေါ်ဒေါ်..ဒေါ်ဒေါ်.."

ရောက်လာသည့်လူတွေက လင်းနဲ့ဦးမြတ်ထွန်းဝင်းတို့ ဇနီးမောင်နှံ ကို ဝိုင်းတွဲကြကာ ဆေးရုံကိုပို့ပေးကြသည်။ လင်းလည်း သတိမရတော့ သလို ဇနီးသည်ကိုဖေါကပ်ပြီး အန္တရာယ်ကိုမေ့သွားသဖြင့် ခေါင်းရိုက်ခံ လိုက်ရသော ဦးမြတ်ထွန်းဝင်းလည်း သတိမရချက်ရတစ်ချက်နှင့်ဆေးရုံ ရောက်၏။ ဒေါ်သက်ထားဆွေကတော့ ဗိုက်ကိုဓားထိုးခံလိုက်ရတည်းက သတိလစ်သွားတာဖြစ်ကာ.. ။

ကံကြမ္မာက ဘယ်လိုကောက်ကွေ့ကြောင်းတို့ဖြင့် ဆုံမှတ်တို့ကို ဖြ စေသည်မသိ။ ဒါမှမဟုတ် လွဲချော်မှုတွေဖြစ်လေသလား.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ကျွန်မစိတ်မကောင်းလိုက်တာ..ဘယ်လိုပြောပြတောင်းပန်ရမှန်း
ာင် မသိတော့ပါဘူးဦးမြတ်ထွန်းဝင်းရယ်.."

"မလိုဘူး မလိုဘူး..အဓိကက ထားနေထိုင်ကောင်းလာဖို့ပဲ၊ ကျွန်
ာ်တို့က အမြင်မတော်လို့ဝင်ကူညီတာ..ဘယ်သူ့ကြောင့်မှမဟုတ်ဘူး.."

"ဒါပေမယ့် ကျွန်တော့်အပေါ်မှာကျေးဇူးကျေးတင်သွားပါပြီ..အန်
ယ်လ်တို့ဝင်မလာခဲ့ရင် ကျွန်တော့်ကိုဘယ်အခြေအနေထိ လုပ်ကြမလဲ
ိဘူး..သတ်ပစ်ခဲ့ဖို့လည်း ရှိပါတယ်.."

ဆေးရုံမှာသူတို့က သတိရတာနှင့် စကားပြောနိုင်ပေမယ့် ဒေါ်သက်
းဆွေကတော့ အသက်အန္တရာယ်ကလွတ်မြောက်ရုံမို့ တွေ့ခွင့်တောင်မ
..။

"မင်းကဘာဖြစ်လို့ ဒီလိုရန်ငြိုးတွေရှိခဲ့ရတာလဲ.."

"ရန်ငြိုးမရှိခဲ့ပါဘူး..ဒါပေမယ့်.."

ရှင်နဲ့ဖြစ်ခဲ့ကြသည့် ကားတိုက်မိသည့်ပြဿနာကို သူမပြောဘဲနေ
ာ်သည်။ ဦးမြတ်ထွန်းဝင်းနဲ့ သူမရင်းနှီးခဲ့ပေမယ့် လူဖြောင့်စိတ်တို
းမှန်း အကဲခတ်မိနေသည်။ ထို့ကြောင့် ဒီပြဿနာကို ရှင့်ဘက်ကို
ဦးလှည့်ပေးသလို ဖြစ်သွားမှာစိုးသည်။ တကယ်လည်း ကိုယ်ပဲပါဝင်
ာ်သက်ခဲ့တာမို့ ဒါကကိုယ်ရှင်းရမယ့်အပိုင်း...။

"သွားလာရင်းနဲ့ အမြင်မတော်လို့ဝင်ဖြေရှင်းခဲ့မိတာပါ..အဲ့ဒါကို အ
ားသွားကြတာ.."

"ဘုရား ဘုရား..ဒါကိုရန်ငြိုးဖွဲ့သွားတယ်ဆိုတော့ အခုဦးမြတ်ထွန်း
ာ်တို့ကိုလည်း ရန်ငြိုးဖွဲ့သွားပြီပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီလင်းမျက်လုံးတွေ ပြူးကျယ်သွားပြီးဘုရားတသည်။ ဦးမြ ထွန်းဝင်းက ခေါင်းကပတ်တီးကို စမ်းကိုင်ရင်း ခပ်မဲ့မဲ့မျက်နှာနှင့်..

"လူတွေကို သူတို့ပဲမသေရုံတစ်မယ်လုပ်သွားခဲ့တာ..ဘာကိုထပ် ချင်သေးလို့လဲ၊ ငြီးလည်းကြောက်စရာမလိုပါဘူးဗျာ..ဒီလိုကြုံရမယ့် ဖို့ရာပါလာရင် အိမ်ပေါ်မှာနေလည်းပြဿနာက ကိုယ့်ဆီရောက်လာ ပဲ.."

သူစိုးရိမ်နေတာက ဇနီးသည်ကိုပဲဖြစ်သည်။ လင်းအတွက်စိုး ကြီးလွန်းလို့ ဝင်ပါခဲ့တာမဟုတ်မှန်း ကိုယ့်ကိုယ်ကိုသိသည်။ ဒါကြော သူများက ကျေးဇူးတင်နေမှာလည်း မလိုချင်ပါ။ ကိုယ့်ရဲ့မနေတတ်သ စိတ်ကြောင့် ဇနီးသည်ကြားညှပ်သွားခဲ့သည့်အဖြစ်ကိုပဲ တနုံ့နုံ့ခံစား ရသည်။ ထိုစဉ်.. ။

ဆရာဝန်ကြီးရောက်လာတော့ ဒေါ်သက်ထားဆွေသတိရလာပြီ ကြောင်း ပြောပြသည်။

"လုံးဝစိတ်ချရပါပြီ..သတိရလာလို့ ဦးမြတ်ထွန်းဝင်းကိုတောင် နေသေးတယ်၊ ခုလောက်ဆိုဆေးရှိန်နဲ့ ပြန်အိပ်နေလောက်ပြီ.."

"ကျေးဇူးတင်ပါတယ်ဒေါက်တာ..ကျွန်တော်ကခေါင်းမှာပဲ ဖြစ် ပါ၊ သက်သာနေပါပြီ..ကျွန်တော့်ဇနီးကို သွားကြည့်ချင်ပါတယ်.."

"သူနိုးလာရင်ကြည့်လို့ရပါပြီ..ခုခဏတော့ နားပါစေဦး၊ အားလုံ ခေပါတယ်ဗျာ..ဒဏ်ရာကခန္ဓာကိုယ်ထဲက အရေးကြီးအစိတ်အပိုင်းတွေ လွတ်တယ်..ကျွန်တော်တို့အကောင်းဆုံး ခွဲစိတ်ပေးထားတာပါ.."

ဦးမြတ်ထွန်းဝင်းစိတ်ချမ်းသာသွားသည်။ ခေါင်းတညိတ်ညိတ် ကျေနပ်နေမိတုန်း လက်ဆွဲခြင်းတွေအိတ်တွေနှင့် ရှင်နဲ့သမုတို့ရောက် ကြကာ.. ။

"ဒယ်ဒီ..ဒယ်ဒီသက်သာနေပြီ.."

ရှင်က အိတ်နှစ်လုံးဆွဲလျက် မြန်မြန်ဆန်ဆန်ပြေးလွှားဝင်လာ အိတ်တွေကို ဦးမြတ်ထွန်းဝင်းရဲ့ခြေရင်းမှာချလိုက်သဖြင့် ဒေါ်ရီလင် ကောက်ယူပြီး စားပွဲပေါ်သွားတင်သည်။

"ဒယ်ဒီညတုန်းက သတိရလိုက် ပြန်မေ့သွားလိုက်နဲ့ ..ဘမိကိုပဲ နေတာသိလား..ရှင်တအားကြောက်သွားတာ.."

ပြောရင်းမျက်ရည်တွေဝေ့လာကာ ရင်ခွင်ထဲတိုးဝင်၏။ ဦးမြတ်

www.burmeseclassic.com

www.burmeseclassic.com


…က ပြုံးကာ ရှင့်ခေါင်းလေးကိုတယုတယပွတ်သပ်လိုက်ရင်း.. ။

"ဒယ်ဒီဘာမှမဖြစ်ဘူး..ဒဏ်ရာက သွေးထွက်နည်းနည်းလွန်သွားလို့ …ကြီးဆိုတော့ မူးမူးမိုက်မိုက်ဖြစ်သွားတာ..အားလုံးပြီးသွားပြီ မငိုနဲ့ …တော့.."

"ဟုတ်တယ်သမီး..သမီးမာမီလည်း သက်သာနေပါပြီ.."

"ဟင်.."

ရှင်ဆတ်ခနဲမော့ကြည့်လိုက်တော့ ဆရာဝန်ကြီးကခေါင်းညိတ်ပြ…။

"သတိရလာတယ်..စကားတွေပြောပြီးမှ ပြန်အိပ်ပျော်သွားတာ.."

"မာမီစကားပြောနိုင်ပြီပေါ့..ရှင်တို့ကျဘာလို့မတွေ့ရတာလဲ.."

"လူနာ အရမ်းပင်ပန်းမှာစိုးလို့ ပေးမတွေ့သေးတာပါ..ခုလည်းဆေး…ပြန်အိပ်နေတယ်သမီးရဲ့၊ နိုးလာရင် အားလုံးကောင်းနေမှာပါ..ဒါနဲ့.."

ဆရာဝန်က ရှင့်မျက်နှာကိုခပ်စူးစူးထပ်ကြည့်ပြီး တစ်စုံတစ်ခုကိုသ…ရသွားသည့်နှယ်.. ။

"သမီးကို အန်ကယ်လ်သိနေသလိုပဲ.."

"ကျွန်မလည်းသိတယ်.."

ဘေးကနော့စ်ကလည်း ဝင်ပြောရင်းပြုံးလိုက်ကာ.. ။

"စိတ်သိပ်မနှံ့တဲ့လူတစ်ယောက်ကို ဒီဆေးရုံမှာလာတင်ထားတာ …"

"သြော်..ဟုတ်ပြီ၊ ကားနဲ့ထိမိတာဆိုလား.."

သွားပြီ..အဲ့ဒါမှ တကယ်သွားတာ.. ။

ရှင်ခေါင်းနပမ်းကြီးသွားသည်။ ရုတ်တရက်မျက်လုံးက လင်းဆီဒိုင်း…ဆောက်၏။ လင်းကလည်း စိုးရိမ်သွားသည့်မျက်လုံးတွေနှင့် ပြန်ကြည့် …ဘာမြင်လျှင်.. ။

ဘယ်လိုပြောမလဲ..မြန်မြန်စဉ်းစားစမ်းရှင်ထိပ်ထားရေ.. ။

"သမီးဟုတ်လား..ကားတိုက်မိခဲ့တာလား၊ ဘယ်တုန်းကလဲသမီး…ဒီတို့ကို ဘာလို့မပြောတာလဲ.."

"အဲ့ဒါကလေ.."

ရှင့်ကိုယ်လေး မတ်မတ်စန့်စန့်ဖြစ်သွားသည်။ မျက်ရည်တို့ကို လက်…နှစ်ဖက်နဲ့ ပွတ်သပ်ရင်း ဖြေဖို့ကိုအရှိန်ယူသည်။ ဆရာဝန်ကြီးနဲ့နော့စ်

www.burmeseclassic.com

www.burmeseclassic.com



တို့လည်း ပြောလိုက်ပြီးမှ ခပ်အမ်းအမ်းတွေဖြစ်သွားကြလျက်.. ।

"စိတ်မပူပါနဲ့ဦးမြတ်ထွန်းဝင်း..ကျွန်တော်ကအားလုံးသိတယ် မှ
လို့ပါ၊ ဒီလိုရှိပါတယ်..ကားနဲ့မထိဘဲ လူနာကလန့်ပြီးချော်လဲတာပါ၊ ဒ
ရာကိုစစ်လိုက်တော့ ကားနဲ့တိုက်မိတဲ့ဒဏ်ရာမဟုတ်ဘူးဆိုတာ သိရတ
လေ..လူနာကိုယ်တိုင်ကလည်း သူဘယ်လိုလဲကျသွားတယ်ဆိုတာ
တောင်လုပ်ပြပါတယ်.."

"ဟုတ်ပါတယ်ရှင့်..အဲ့ဒီလူနာက စိတ်ရောဂါလည်းရှိတော့ ဒဏ်
အကြောင်းပြပြီး ဆေးရုံတက်နေချင်တာလေ၊ အဲ့ဒါကြောင့် သူတို့ကိုသ
ထားမိလိုက်တာ.."

လူနာနဲ့ရှင်ချည်းပဲ ပြဿနာတက်နေရသဖြင့် ဒီဆေးရုံကလူတွေ
တိထားမိကုန်ကြတာဖြစ်သည်။ လင်းကတော့ ရုံဖန်ရုံခါပဲပါဝင်ခဲ့တာ
အမှတ်တမဲ့။ ရှင်ခေါင်းဖွမိလိုက် ပါးကုတ်လိုက်နှင့် ရှတ်တရက်အက
အတည်းကနေ ရုန်းထွက်ဖို့အဖြေရှာရင်း.. ।

"အဲ့ဒါကဒယ်ဒီရာ..ဟိုလေ ရှင့်ကားနဲ့မထိမိဘဲနဲ့.."

မျက်လုံးက လင်းဆီရောက်ကာ.. ।

'အဲ့ဒီလူကြီးကြောင့်'လို့ ဒေါသဖြစ်ဖြစ်နှင့် စိတ်ထဲမှာရေရွတ်လိုက်
လျက်.. ।

"အဲ့နားကလူတွေက ကိုယ့်ကြောင့်ဖြစ်တာ တာဝန်ယူရမယ်ဘာ
နဲ့ ဝိုင်းပြီးဆေးထိုးကြတာ..အဲ့အရှုးကလည်း စွတ်ဆက်အော်နေတော့

"ဘာကြောင့် ဘယ်လောက်ဖြစ်ခဲ့ဖြစ်ခဲ့ သမီးဒက်ဒီတို့ကို ဖုန်းဆ
လို့ ရတယ်လေ..ပတ်ဝန်းကျင်က ဒို့ထက်မကဖိအားပေးလာကြရင် ဘ
လိုလုပ်မလဲ၊ တခြားနည်းတွေနဲ့ ညစ်ပတ်ကြရင်လည်း ခံရဦးမယ်.."

ဦးမြတ်ထွန်းဝင်း ဒီသမီးအတွက် ရှေ့ရေးနောက်ရေးတွေပါ ခ
ကြည့်မိပြီး ရင်လေးစွာခေါင်းခါမိ၏။ သို့သော် ဆရာဝန်နဲ့သူစိမ်းတွေ
မှာ ပြောလို့မကောင်းတာမို့ မျိုသိပ်နေလိုက်ရကာ.. ।

"အဲ့ဒီလူနာကို သမီးကားပေါ်တင်ပြီး ဆေးရုံခေါ်ခဲ့ရတယ်ပေါ့

"ဟင့်အင်း..ရှင်တစ်ယောက်တည်းမဟုတ်ပါဘူး၊ ကိုကိုလည်း
တယ်.."

"ဟော.."

မှတ်ထား.. ।

www.burmeseclassic.com

www.burmeseclassic.com



အစကထည့်သွင်းတင်ပြဖို့ မဟုတ်သော်လည်း လုံးဝမပြောဘဲလက်ကိုယ်ချွတ်တော့ မထားခဲ့နိုင်။ ထို့ကြောင့် နည်းနည်းတော့ဒုက္ခပေးစိတ်ကူး၍.. ၊

"ရှင်အဲ့လိုဖြစ်နေတုန်းကလေ..အဲ့နားမှာ ကိုကိုလည်းရှိနေတာဒယ်ရှိ.."

လင်းရဲ့မျက်ဝန်းတွေမှာ ဖြစ်သွားသည့်စိုးရိမ်ကြောင့်ကျမှုကြောင့်အလွန်အမင်း ကျေနပ်သွားခဲ့လျက်.. ၊

"အာ့ကြောင့်အကုန်အဆင်ပြေသွားတာ..ကိုကိုက အစအဆုံးကူညီပါတယ်..ဒယ်ဒီတို့သိရင် စိတ်ပူနေမှာစိုးတာနဲ့ မပြောတော့တာ.."

ဦးမြတ်ထွန်းဝင်းရဲ့ကျေးဇူးတင်သည့်အကြည့်နှင့် ခေါင်းညိတ်အသိအမှတ်ပြုခြင်းအတွက် လင်းမလုံမလဲဖြစ်သွားမိသည်။ ဆရာဝန်ကြီးတွေနားတွေကိုကြည့်တော့ ဦးမြတ်ထွန်းဝင်းဒဏ်ရာကို အရင်ကြည့်ကြသည်၊ ထိုအခါ ရှင်ကလင်းရဲ့ဘေးကိုရောက်သွားခဲ့ပြီး သမုလက်မောင်းကိုခက်ခနဲပုတ်ခေါ်၍.. ၊

"ဟဲ့..နင်ဒီမှာဘာလုပ်နေတာလဲ ဖယ်ပေး.."

လူတွေမကြားအောင်တိုးတိုးပြောချင်သည့်စကားမို့ သမုကလင်းရဲ့ဘေးရောက်နေတော့ အော်ထုတ်ပစ်မိ၏။ သမုခေါင်းလေးညိတ်ပြီးပေးရှာသည်။ ရှင်ကလင်းရဲ့ဘေးမှာ တင်ပါးလွှဲလေးထိုင်ချလိုက်ပြီးတစ်ဖက်ထောက်၍ တိုးလိုက်တော့လင်းနဲ့မျက်နှာချင်းနီးသွားကာ..၊

"ကြားတယ်နော်..ဒီကစိတ်ကောင်းလေးမွေးပြီး ကိုကိုညစ်ပတ်တာတွေကို မပြောဘဲဇာတ်ညွှန်းပြောင်းလိုက်တာ.."

လင်းကမျက်မှောင်ကုတ်နှင့် စိုက်ကြည့်၏။ ရှင်ကလည်း ပခုံးလေးတွန့်၍မဲ့ကာ.. ၊

"ရှင့်မှာအပြစ်မရှိတာ ဆရာဝန်တွေတောင်သိတယ်..အဲ့ဒီအရူးကိုကြောင့် ကားပေါ်တင်ပြီးမဆီမဆိုင် တာဝန်ယူခဲ့ရတာတွေ.."

လင်းကပါးစပ်ပိတ်နေသမျှ ရှင်ကပြောလို့ကောင်းနေ၏။

"ရှင့်ဘာသာရှင်းပြီးသားကို ကိုကိုလာချွန်လို့..ဘယ်လိုဘာညာတွေအတိုင်းဇာတ်ညွှန်းထွက်လာရင် ခုချိန်မှာဘယ်လိုတွေဖြစ်သွားမလဲကြည့်လိုက်.."

လင်းရဲ့နှုတ်ခမ်းတွေ ခပ်လွန့်လွန့်မဲ့သွားသည်။ ရှင်ကတစ်ခုခုမှအ

www.burmeseclassic.com

www.burmeseclassic.com



ပြောမခံဘဲ သူမအသံချည်းပဲ တိုးမပေါက်နိုင်။ ပြီးတော့ လူမကြားအောင် လည်း အသံနှိမ့်ထားရသဖြင့် မသိရင်မအူမလည်လူတစ်ယောက်ကို အ နားကပ် ခြိမ်းခြောက်နေသည့်နှယ်.. ။

"အဲ့ဒီတော့ ဒယ်ဒီတို့ဝင်ကယ်ခဲ့ရတာရယ်..ရှင်ကကိုကို့ကိုကာကွ ပြောပေးလိုက်တာရယ် ကိုကို့အပေါ်မှာရှင့်ကျေးဇူးနှစ်ကြိမ်.."

"ဟွန့်.."

"အဲ့လိုအပြုံးမျိုးကလည်း ကျေးဇူးကန်းခြင်းမည်တယ်..ဒီမှာ ကို မာနကြီးကြီးနဲ့ ရှင့်ကိုဂရုမစိုက်တဲ့ပုံတွေ နောက်ထပ်ချိုးဖို့မစဉ်းစားနဲ့ မာမီနဲ့ဒယ်ဒီနှစ်ယောက် နှစ်နာခဲ့တာပါထည့်တွက်ရင် ကျေးဇူးသုံးကြိမ်

တွက်ချက်ပြောပုံက ကျေးဇူးတွေများလေလံတင်ဦးမလားမသိ

အနိုင်နဲ့ပိုင်းလိုက်နိုင်သည့်အပြုံးနှင့် ရှင်ကပြန်ထရပ်သည်။ သို့သော် လင်းကအိပ်ခင်းပေါ်မှာထောက်ထားသည့် သူမလက်လေးကို ဖျတ်ခနဲ ဖမ်းဆွဲကာ.. ။

"မင့်ကျေးဇူးတွေကို ရွတ်ပြပြီးပြီဆိုတော့ ငါ့ကျေးဇူးတွေကိုအော ထောင်သွားဦး.."

ရှင့်ကိုယ်လေးထမလိုပြင်ပြီးမှ ပြန်ထိုင်ကျသွားသည်။ လင်းကကိုယ် ကိုရှေ့ထပ်တိုးလိုက်သဖြင့် မျက်နှာချင်းနီးကပ်သွားပြန်ကာ.. ။

"မင်းပိုက်ဆံတွေကို လိမ်ခွင့်မရလိုက်လို့ အခဲမကျေတဲ့လူတွေပင်ငါ့ ဝိုင်းသမတာ.."

"ဘာ.."

ရှင် နားရှုပ်သွားသည်။ လင်းကသူမရဲ့မျက်ဝန်းလေးတွေကို အနီး ကပ်စိုက်ကြည့်ရင်း နှုတ်ခမ်းလှုပ်ရုံလေသံဖြင့်.. ။

"မင်းနဲ့အဲ့ဒီလူလိမ်တွေရဲ့ ဖြစ်ကြောင်းကုန်စင်ကိုငါခုထိဘာမှမပြော ခဲ့သေးဘူး.."

"အဲ့ဒါလည်း.."

"ဘာလဲ..ငါကဝင်ရှုပ်လို့ဖြစ်ရတယ် ပြောမလို့လား.."

"ဟုတ်တာပဲဟာ..ရှင်ဒုက္ခရောက်နေလို့ ဝင်ကူတာမှမဟုတ်ဘဲ"

"ဒါဖြင့်လည်းဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေ..လူကြီးတွေ တော့ မင့်လိုတွေးမှာမဟုတ်ပါဘူး၊ မင်းရဲ့တာဝန်မဲ့စွာ ဆိုးဖြတ်မယ့်ကိစ္စ ကို ငါကတရားသဖြင့် ဖြစ်စေခဲ့တာ.."

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှတ်တရက်ဆွဲ့အနေခဲ့လျက် စိတ်ကျဉ်းကျပ်လာတော့ လက်ကို ရုန်းသည်။ လင်းကပို၍ဖိညှစ်ဆွဲထားကာ.. ။

"ကျေးဇူးတင်တယ်ဆိုတာ တင်ထိုက်သူကိုပဲတင်ရတာ..ငါကကျေး ောင်ရမှာမင်းမဟုတ်ဘူး.."

"ကဲ..ဟိုဘက်ကလူနာကိုကြည့်ရအောင်.."

ဆရာဝန်ကြီးအသံကြောင့် လင်းကရှင့်လက်လေးကိုလွှတ်လိုက် သည်။ ရှင်ကမတ်တပ်လေး ရပ်လိုက်ပြီးမှ မကျေနပ်နိုင်.. ။

"ကျေးဇူးတင်ရမှာ တော်တော်ကြောက်တယ်နော်..အဲ့လောက်တောင် ကြီးတဲ့မာန ပျောက်ပါလိမ့်မယ်အဲ့ရောဂါတွေ.."

ထစ်ခနဲဆို စိတ်ကျေနပ်အောင် ပြောပစ်လိုက်ချင်သည့် အကျင့်က သည်း ဖျောက်လို့မရ.. ။

"ဗိုက်ကပျောက်ရင် ခေါင်းကိုက်မယ်..ခေါင်းကပျောက်သွားရင် ခြေ ထောက်နာမယ်..ကျေးဇူးမတင်တတ်သရွေ့ဖြစ်နေမှာပဲ၊ အဲ့ဒါကိုဘဝင်နာ ခေါ်တယ်..ကိုကို့ရောဂါကရင့်နေပြီ.."

ကြည့်စမ်း.. ။

မိန်းကလေးလိုလျှာစောင်းမထက်ပေမယ့် လူကိုစုံအောင်စေ့အောင် တွယ်သွားတာကို လင်းအသည်းယားနေမိသည်။ ဒီကောင်မလေးနဲ့ အံကြိတ်နေရ မျိုသိပ်လိုက်ရနှင့် ရန်ဖြစ်ချင်သည့်စိတ်တွေလည်း ဒဏပေါ်လာခဲ့လျက် ကိုယ့်ကိုယ်ကို ဒီလောက်ထိကလေးဆန်ချင်နေ ရက်များလည်းရှက်မိပါ၏။

တော်တော်ဆိုးတဲ့ ကောင်မလေး.. ။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၂)

"သြော်..ညီမလေးကလည်း ဆရာလင်းကိုလာရှာတာလား.."
"မကြည်ပြာရေ..မြင်နေကျတစ်ယောက်လည်း မဟုတ်ပါလား.."
"အင်း..တို့ဆရာက အရမ်းစမတ်တ်ဖြစ်နေတော့လည်း ချော[illegible] လှလှလေးတွေ ဝိုင်းလို့နော်.."
"ဒါပေမယ့် အိုင်တီဌာနကကောင်မလေးနဲ့ပဲထင်ပါတယ်..အဲ့ကော[illegible] မလေးကို အရမ်းဂရုစိုက်တာ.."
"သိတာပေါ့..သမုရှင်ဆိုတဲ့ နာမည်လှလှလေးနဲ့.."
"သူကနည်းနည်းပုတယ်နော်..သမုရှင်က မယ်ရွေးပွဲတက်ဖို့ကော[illegible] အောင်လှတာ.."
"ဟုတ်တယ်..အဲ့ကောင်မလေးက အပြစ်ပြောစရာမရှိအောင်လှ[illegible] ပါဖက်ဖြစ်တယ်.."
"ခစ် ခစ် ခစ်..ကိုယ်တွေကတော့ အပျိုကြီးလုပ်ဖို့လျှောက်လွှ[illegible] ရေးပြီးသားပါကွယ်..ဒီခေတ်ချောချောသွက်သွက်လေးတွေကိုလည်းလို[illegible] မတုရဲပါဘူး.."
"တောက်.."
ဒေါသဖြစ်လွန်းလို့ စတီယာရင်ကို တအားထုပစ်လိုက်မိသည်၊ [illegible] ချင်တော့ ဟွန်းပေါ်တည့်တည့်ကျကာ ပါကင်ထဲမှာအခြောက်တိုက်[illegible] ဟွန်းတီးလိုက်သလို အကျယ်ကြီးထမြည်၏။
"ဘာတွေလဲ..ဘယ်တုန်းတည်းကငြိနေကြတာလဲ၊ အဲလိုမရဘူး[illegible] လား..ရှင်နဲ့တွေ့မယ်.."
"ဒုန်း ဒုန်း.."

www.burmeseclassic.com

www.burmeseclassic.com


ကားကို နောက်ဆုတ်ပစ်လိုက်ပြီး ရှေ့ပြန်ဝိုက်လိုက်တာအကြမ်းပ
ခမ်း။ နောက်ကဘောင်ကိုလည်း တိုက်မိကာ ရှေ့ကတစ်ထွာလောက်
မြင့်လေးကိုလည်း ဆောင့်တက်ခုန်ပေါက်သွား၏။ ရှင့်ကားကို သင်
န်းဝင်းထဲမှာ သွားလာနေကြသည့်လူတချို့က တအံ့တဩလှည့်ကြည့်
ကြ၏။ သူမရင်ထဲမှာတော့ ကြားခဲ့ရသည့်စကားသံတွေမှလွဲ၍ ဘာမှမရှိ။
ကိုကိုမေးလိုက်မိစဉ် ပြန်ကြည့်ကြသည့်ဆရာမတွေရဲ့ မျက်လုံးတွေအ
ေတွကသာ ခါးသီးစွာစွဲထင်နေ၏။ သူမဘယ်လိုမှ မယုံနိုင်ပေ.. ၊

ကိုကိုက ဘာဖြစ်လို့သမုလိုမိန်းကလေးမျိုးကို သဘောကျရတာလဲ..
ခုက ဘယ်လောက်လှနေလို့လဲ..နေစရာတောင်မရှိတဲ့ မိန်းမမျိုးက
ကိုနဲ့တန်လို့လား..အဲ့တစ်ယောက်ကို ရှင့်မျက်လုံးထဲမှာ ဘယ်တုန်းကမှ
ည့်မကြည့်ခဲ့ဘူး။ ရှင်ကတောင် ကိုယ့်ရဲ့ပြိုင်ဘက်လို့မမှတ်ခဲ့တာ ကိုကို
ဘာလို့မှန်းရတာလဲ.. ၊

ကိုကို မာနတွေကြီးနေတာ ဒီလိုမိန်းမကို ချစ်ပြရဲဖို့လား..

ဟင့်အင်း.. ၊ ကိုကိုမချစ်ရဘူး.. ၊

ကားမောင်းနေရင်း ဒေါသတွေကရှေ့က ပြေးနေခဲ့သည်။ လမ်းကို
ကြည့်နေပေမယ့် သမုရဲ့မျက်နှာကိုပဲမြင်နေသည်။ ကားမောင်းနေပေမယ့်
မျက်နှာကို ဖနောင့်နဲ့ပေါက်ပစ်ဖို့ အပြေးသွားနေသလို ပူလောင်နေ၏။

"အဲ့ကောင်မလေးကို အရမ်းဂရုစိုက်တာ.."

"မြင်နေကျတစ်ယောက် မဟုတ်ပါလား.."

"ပါဖက်ဖြစ်တယ်.."

"သမုရှင်က မယ်ရွေးပွဲတက်ဖို့ကောင်းအောင်လှတာ.."

"သူကပုတယ်နော်.."

ဘာလို့ ပုရမှာလဲ..သမုက ရှင့်ထက်ပိုမလှပါဘူး၊ ကိုကိုသူ့ကိုကြိုက်
ဘာ မဖြစ်နိုင်ဘူး..ဆင်းရဲလို့သနားနေတာ..အဲ့ဒါ..။

"တိ တိ..တိ.."

"ဟာ..ဒီကားဘာဖြစ်တာလဲဟ.."

တုံ့နှေးနှေးကားကို စိတ်မရှည်ဘဲ ဟွန်းတီးကျော်တက်ပစ်လိုက်
ည်။ မပေးသေးဘဲ ရှင်ဖြတ်ဝင်ပစ်လိုက်သဖြင့် နောက်ကားမှာ ဝရုန်း
န်းကားဘရိတ်နင်းလိုက်ရင်း ဟွန်းဆောင့်တီးသည်။ ပြီးတော့ အားမရ
ကားထဲကနေခေါင်းထွက်ပြီး အော်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်တီးသည့်ဟွန်းသံနှင့် ပြန်တီးသည့်ဟွန်းသံတွေရော အော်ဟစ် ကြိမ်းမောင်းသံတွေရော ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားသည်။ အော် ချင်သလိုအော် ဘာတွေဖြစ်ကျန်ခဲ့ကျန်ခဲ့။ ရှင့်အသိတွေကရင်ဘက်ထဲ မီးတောက်မတတ်ဖြစ်နေခဲ့၏။ ဒေါသမှလွဲ၍ ဘာမှမရှိ။ မခံချင်စိတ်တွေ ရှက်မိတာတွေ။ ပြီးတော့ ငိုချင်နေသည်။

ငိုပြီဆို ကြိတ်မငိုတတ်သည့်အကျင့်ကြောင့် ငိုမချမိခင်အထိ ပြုံး တော့မည့်လှုပ်လီလှုပ်လဲ့ မျက်ရည်တွေကိုထိန်းထားတတ်တာလည်း အ ကျင့်ပါနေပါပြီ.. ။ဒါပေမယ့် ခုကိစ္စက သူမငိုရမယ့်ကိစ္စမျိုးမဟုတ် ငါငိုလိုက်ရင် သမုကို အရှုံးပေးရမှာကြောက်လို့ဖြစ်သွားမှာပေါ့..ရှုံး လည်းမလိုဘူး၊ ငိုဖို့လည်း မလိုဘူး.. ။

အားတင်းရင်းကားကို အိမ်ပြန်မောင်းလာခဲ့သည်။ ဒီနေ့သူမ ကိုကို ဆီဝင်သွားခဲ့မိတာ မှားတာလား.. ဒါတွေ မကြားခဲ့ရရင် ဒီမျက်နှာဒီအပြု တွေကို မမြင်ခဲ့ရရင် သူမစိတ်ချမ်းမြေ့နိုင်မလား..။

မဟုတ်ဘူး..သိလိုက်ရတာ ပိုကောင်းတယ်။ ကိုကို့အချစ်ကို နင်မ သေးဘူးသမုရှင်..နင့်ကို ကိုကိုကသနားနေတာ..ပြန်မချစ်ဘူးဆိုတာငါသိ တယ်.. ။

"ဆရာလင်း ဒီနေ့အချိန်မပါဘူးထင်တယ်..မနေ့ကတော့ သူ့တပည့် စာမေးပွဲဖြေနေလို့ လိုက်ကြည့်တယ်ဆိုလား.."

ဘာစာမေးပွဲလဲ..အဲ့တပည့်က သမုလား.. ။

သမုလည်း ဒီနေ့သင်တန်းမှာ စာမေးပွဲနောက်ဆုံးနေ့ဆိုပြီး အပြင် မထွက်ခင်ထိ စာကျက်နေတာအပြင်တောင် မထွက်နိုင်။ မာမီကလည်း ခုမှ နလံထစရှိသေးသည်။ ဒယ်ဒီကတော့ ပတ်တီးဖြေပြီးတည်းက ရှင် နေဖို့ ဝယ်ထားသည့်အိမ်ကို ပန်းအလှပင်တွေစိုက်ပျိုးဖို့ ကိုယ်တိုင်သွား ပြီး လုံးပမ်းနေသည်။ ဘွားကတားတာတောင်မရ.. ။

"မမေ့မြေးက ဟိုခြံကိုမြို့စွန်ကျပါတယ် ကြီးလွန်းပါတယ်နဲ့ ဒီ တိုက်နဲ့ခြံကို ထပ်ဝယ်တာလေ.."

"ငါဝယ်ပေးတာပါဟယ်.."

"ဟုတ်တယ်လေ..ဒီအိမ်ကလမ်းထိပ်ကျတယ်၊ ပစောင်ကွေ့တ လမ်းဦးတိုက်တို့ဆိုတာ မနေကောင်းဘူး.."

ဒါတွေအယူသည်းနေရသလားဆိုပြီး ဘွားကပြန်ကဲ့ရယ်နေသေး

www.burmeseclassic.com

www.burmeseclassic.com



ည်၊ ဒယ်ဒီကတော့ ကိုယ်တိုင်လည်းကန်ထရိုက်လုပ်ခဲ့သည်။ အင်ဂျင် ာလည်းဖြစ်တော့ အလုပ်အပေါ်မှာစူးစိုက်ခြင်းသာ ဖြစ်သည်ဟုခံယူ ...၊

"ဒီခြံကိုပြန်ရောင်းဖို့ ကျွန်တော်စိစဉ်ခဲ့မှာ..ဟိုမှာပဲပြောင်းနေကြပါ၊ ...တော်တို့မပြန်ခင် မေမေတို့မြေးအဘွားအတွက် အဆင်ပြေအောင် ...ပေးခဲ့ချင်တာ.."

"ဘယ်နှယ့်..မန္တလေးကအိမ်တွေခြံတွေလည်း ရောင်းမယ်၊ ခုတင် ...ထားတဲ့အိမ်ကိုလည်း ရောင်းဖို့လုပ်နေတယ်..မင့်မှာ နိုင်ငံခြားမှာအ ...လုပ်ရင်း ဒါတွေလုပ်ခဲ့ဖို့လည်း အားနိုင်သေးတယ်နော်.."

"အားပါတယ်..မေမေတို့ကလူကြီးတွေ၊ မွေးထားတာကသမီးလေး ...ယောက်တည်း..ကျွန်တော်မှမလုပ်အားရင် ဒါတွေဘယ်သူလုပ်ပေးမှာ ..."

ဘွားကရွဲ့မေးပေမယ့် ဒယ်ဒီကလည်းဂရုမစိုက်ပေ။ ခုချိန်မှာ အိမ် ...မှာလည်း ကိုယ့်ဘာသာအဆင်ပြေသလို နေနေရသည်။ တခြားသူ ...လည်း မအားကြ။ ဒါနဲ့တောင် သမုကစာကျက်မပျက်။ စားမေးပွဲဖြေ ...လို့ရနေသေးသည်။ ဘွားကတော့မကြိုက်ချင်.. ၊

"နေပါစေမေမေရယ်..သူကခဏလာနေခွင့် တောင်းထားတာလေ၊ ...အလုပ်သမားမှမဟုတ်ဘဲ.."လို့ မာမီက ကာကွယ်ပြောခဲ့၏။

ခုတော့ ဒီမာနတွေနဲ့ ကိုကို့ကိုတက်မှန်းရဲတာလား.. ၊

ကိုယ့်စိတ်ကိုဖြေသိမ့်ဖို့ကြိုးစားပေမယ့် ဒီနှစ်ယောက်ဆီမှာပဲ ဝေ့ဝဲ ...သွားနေမိ၏။ ထို့ပြင် အိမ်ရောက်ကာနီးမှ ခြံထဲကိုဝင်သွားသည့်လင်း ...ားကိုမြင်လိုက်ရလျှင်.. ၊

"ဒါ.."

ရှင့်ရင်ထဲမှာ ဖြောင်းဆန်သွားသည်။ ကားပေါ်မှာသမုပါသွားသည် ... ပြေးကြည့်နေဖို့မလို။ ကားသည် တစ်လမ်းလုံးဝုန်းဒိုင်းကြဲလာခဲ့ ... ခြံဝကျမှတစ်ချက်တုံ့သွားသည်။ သိပ်မရှည်လျားသော ခြံအဝင်လမ်း ... ရှင့်ကားဘာကြောင့်တုံ့သွားလဲဆိုတာကို နားမလည်စွာငေးကြည့်နေ ...နှယ်.. ၊

"ဒါလားမာနကြီးတာ.."

လင်းကဆင်းလာပြီး သမုဘက်ကတံခါးကိုဖွင့်ပေးနေသည်။ ရှင်

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းလေးကိုက်မိရင်း လီဗာကိုဖိနင်းပစ်လိုက်၏။

"ဝေါ.."

"ဒုန်း.."

"ဟင်.."

ကားလာသည့်အရှိန်ကို လှမ်းမြင်လိုက်ကာ သမုမျက်လုံးလေးဝိုင်း သွားသည်။ အထုပ်အပိုးတွေပွေ့ပိုက်၍ ကားထဲကထွက်ပြီးကာမှ လန့်အ နောက်ဆုတ်လိုက်၏။ ထိုအခါ ဘေးမှာရပ်နေသည့်လင်းရဲ့ ရင်ခွင်ထဲ ယိမ်းထိုးကျလေသည်။

"ကျွီ.."

ရှင့်ကားက လင်းရဲ့ကားနောက်ကပ်လျက်မထိတထိ အကွာအဝေး လေးမှာ အသည်းယားဖွယ် ရပ်သွားခဲ့ပြီး.. ၊

"ဂျိမ်း.."

တံခါးကိုနောက်ပြန်ဆောင့်ပိတ်ခဲ့ရင်း ရှင်ကသမုနဲ့လင်းကို မျ တောင်ဖျားလေး စင်းကြည့်သည်။ ရင်ထဲမှာမီးတွေတောက်နေပေမယ့် တဲ့တဲ့လေးပြုံး၍.. ၊

"တော်တော်လန့်သွားတဲ့ပုံပဲ.."

နောက်ဆက်တွဲပြောချင်ပေမယ့် သူမကိုယ့်စကားသံကို အစိုး တော့ပေ။ ထို့ကြောင့် အိမ်ထဲကိုဟန်မပျက်ဝင်လာနိုင်ပေမယ့် ဖိနပ်ချွတ ဖို့လည်း မေ့ကာ.. ၊

"ဒေါက်..ဒေါက် ဒေါက်.."

လှေကားရင်းကျမှ ဒေါက်မြင့်ဖိနပ်ကြီးနဲ့ တအားပြေးတက်ခဲ့မိသည ပြီးတော့ အခန်းထဲပြေးဝင်၍.. ၊

"အလကားလူကြီး..ဘဝင်ရူးကြီး၊ သင်းနဲ့ဒါနဲ့ပဲတန်တာ..အဲ့ဒီမိန်း နဲ့ပဲ ရှင်လိုက်တာ..ဟီး ဟီး.."

ငိုနေတုန်းသူမရဲ့ဘေးမှာ ညင်သာသောလှုပ်ရှားမှုတစ်ရပ်နှင့်အ ရင်းနီးနေသည့် ကိုယ်သင်းနံ့သည် ဘွားအမြဲလိမ်းတတ်သော နံ့သ သနပ်ခါးနံ့.. ၊

ရှင်မျက်နှာမှာ ပွတ်တိုက်မဆုံးဖြစ်နေသည့် လက်တို့ကိုဖြုတ်ခနဲ ၍ မော့ကြည့်လိုက်မိ၏။ သူမကိုငုံ့မိုးကြည့်နေသော ဘွားရဲ့မျက်နှာ မြင်လိုက်ရလျှင် ရုတ်တရက်သူခိုးလူမိသလို ထိတ်လန့်သွားသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဘွားရဲ့မျက်ဝန်းတွေက နားလည်ခြင်းတွေကို စူးစိုက်ကြည့်မိကာ..။
"ဘွား..ရှင်လေ ရှင့်မှာဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ.."
မေးရင်း ဘွားလက်ကိုကိုင်လှုပ်မိ၏။
"ရှင်ကဘာဖြစ်နေလို့လဲ..လို့ အဟင့်.."
ဘွားရဲ့ခပ်ပြားပြားကိုယ်လုံးကြီးကို ထိုင်လျက်ကနေသိမ်းကျုံးဖက်လိုက်မိသည်။ ပြီးတော့ ဘွားရဲ့ရင်ညွန့်အောက်မှာ မျက်နှာဖိကပ်၍ သံတွေကပို၍ ကျယ်လောင်လာသည်။ ဒေါ်ခင်သီတာ့လက်တွေ ရှင့်ရွှေရောင်ဖျော့ဖျော့ဆံနွယ်တွန့်တွန့်လေးတွေပေါ်မှာ ဖွဖွတင်လာခဲ့..။

"အားရအောင်ငိုလိုက်မြေး..ပြီးရင် အဲ့ဒီစိတ်ကိုဖျောက်နိုင်ဖို့ကြိုးစား."
"ဘွားသိလားဟင်..ရှင်ငိုအောင် အဲ့လူကြီးလုပ်တာသိလား.."
မသိဘဲနေမလားမြေးရယ်လို့ ရင်ထဲမှာပြောမိ၏။ မြေးလေးဒီသူငယ်ပါ တွယ်တာစိတ်ရှိနေတာကိုသိသည်။ ဘယ်လိုစိတ်နဲ့ပဲဖြစ်ဖြစ် တစ်တုန်းက ခိုင်းစေဖို့ခေါ်ခဲ့ဖူးသည့်ကောင်လေးပဲမို့ ခေါင်းထဲမှာအလေးကြီးလည်း မထည့်မိပါ။ ဒီကလေး ကိုယ်မြေးအတွက်ဘယ်လိုအကြာက ပါလာပါစေ..ခင်သီတာရဲ့မိသားစုမှာ အရေးပါလာနိုင်မယ့်အဖြစ်နဲ့လည်း တစ်ခါမှတွေးမကြည့်ခဲ့ဘူး..။
ဒါပေမယ့် ရန်ကုန်မှာပြန်ဆုံကြတော့ အခြေအနေတွေက ပြောင်းလဲခဲ့သည်။ သမုဆိုတဲ့မိန်းကလေးပေါ်ပေါက်နေခဲ့သည့်အဖြစ်ကြောင့် ကောင်းတဲ့အခြေအနေဖြစ်လာဖွယ်လည်း မရှိတော့ပေ..။လင်းနဲ့သမုတို့ တိကိုအောက်မှာကားထိုးလာတည်းက သူမမြင်သည်။ နောက်ကမြေး ဘားပါလာတာကိုလည်း မြင်သည်။ ဒေါက်မြင့်ဖိနပ်ကြီးနဲ့ တဒုန်းဒုန်း တက်ပြေးသွားသည့်အဖြစ် ရင်ဘက်ဖိနေခဲ့ရသည်။ ထင်သည့်အတိုင်း လေးမျက်ရည်ပေါက်ပေါက် ကျနေရှာ၏။
"ဘွား.."
"ဟင်.."
"ဘွားဘာတွေစဉ်းစားနေတာလဲဟင်..သမုကို ကိုကိုကချစ်နေတာ ။ သနားလို့ကူညီနေတာမို့လား.."
"ဘွားဘယ်သိမလဲမြေးရယ်..မြေးရဲ့မာမီလည်း လူကောင်းပကတိ သေးတာမဟုတ်ဘူး၊ မြေးကဒီလောက်ငိုမနေနဲ့လေ.."

www.burmeseclassic.com

www.burmeseclassic.com


မျက်ရည်သုတ်ပေးဖို့ မျက်နှာလေးကိုမော့စေပေမယ့် မေးဖျားမှာ ထားသည့် လက်ကိုလွှတ်သွားအောင် ရှင်ကမျက်နှာလေးလွှဲခါပစ်လိုက် ပြီး.. ။

"ရှင် ကိုကို့ကိုလိုချင်တယ်ဘွား.."

"ဘယ်လို ဘယ်လို.."

ဘွားမျက်လုံးပြူးသွားတော့ ရှင်ကခေါင်းကိုတိုးဖက်ပြီး ရင်ခွင်ထဲ မျက်နှာလေး ကပ်လိုက်၏။

"သမုကရှင့်ကို မခံချင်အောင်ပြောတယ်..ရှင်ကသူ့ကိုငါ့ပြိုင်ဘက် ဟုတ်ဘူးလို့ ပြောခဲ့တယ်၊ ဒါပေမယ့် အခုရှင်လိုချင်တာကို သူပဲရသွား တာ.."

"သူတို့က အရင်တည်းကသိခဲ့ကြတာလေ..နောက်ပြီးမြေးသိ တယ်၊ လင်းကယောကျ်ားပီသပေမယ့် မြေးအတွက် သင့်တော်တဲ့အဆင့် အတန်းမျိုးလည်း မဟုတ်ပါဘူး..မြေးရဲ့မာမီတို့သိရင်လည်း ဘယ်လို သဘောကျမှာမဟုတ်ဘူး..နားလည်ပါမြေးရယ်.."

"နားလည်တာကသပ်သပ်..လိုချင်တာကသပ်သပ်ပဲ၊ ကိုကို့ကိုသ ကရသွားရင် ရှင်ကရှုံးပြီပေါ့.."

စိတ်ညစ်ခြင်းများစွာထဲမှာ ကိုယ်ချစ်တဲ့သူဆင်းရဲငိုကြွေးနေသည်ကို ကြည့်နေရခြင်းက အဆိုးဆုံး.. ။

"မြေးရယ်.."

ဘွားရဲ့မျက်နှာသည် အသက်ထက်ပို၍ အိုမင်းညှိုးလျော်သွားခဲ့ပြီ ပင့်သက်ရှိုက်ရင်း.. ။

ကိုယ်ကဖန်ဆင်းရှင်ဆိုရင်လည်း ကောင်းသား.. ။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၃)

"သမီး ဒီနေ့ဘယ်မှမသွားပါလား.."

"ဟုတ်.."

မျက်နှာလေးကနွမ်းနေသည်။ အိမ်နေရင်း လုပ်ထားတတ်သည့်ပုံ ...ိုင်း ဆံပင်တွေကတော့ ဒီတိုင်းဖြန့်ချထားကာ နဖူးထိပ်ဆံပင်တွေကို ...လှန်ပြီး ကလစ်ရောင်စုံပိစိလေးတွေနဲ့ ဟိုတစ်စုဒီတစ်စုဖြစ်သလို ...ညှပ်ထား၏။ ရှပ်အင်္ကျီလက်ရှည်ပွပွကို လက်တော့ခေါက်တင်ထား ...ယ့် တစ်ဖက်ကသေသေသပ်သပ် တစ်ဖက်ကဖရိုဖရဲတွဲရွဲကျလျက်..၊

"ဟ..ဒယ်ဒီ့သမီးမျက်နှာမှာ ဒီနေ့ထူးထူးခြားခြား သဘာဝအရင်းအ...တွေနဲ့ပါလား.."

ဦးမြတ်ထွန်းဝင်းက ထမင်းပွဲမထိုင်ခင် ရှင့်ခေါင်းလေးကိုပုတ်လိုက် ...ယ်ကာ.. ၊

"ဘာလဲ..ဒယ်ဒီတို့ပြန်ခါနီးပြီဆိုပြီး ဝမ်းနည်းနေတာလား.."

"မဟုတ်လောက်ပါဘူးမောင့်သမီး.."

မိဘနှစ်ပါးရှေ့မှာ ဟန်ဆောင်ပြုံးရယ်ဖို့ကြိုးစားပေမယ့် မအောင် ... ဘယ်တုန်းကမှ ဟန်မဆောင်တတ်ခဲ့သည့်မျက်နှာကို သမုန့်မျက် ...င်းဆိုင်ထိုင်နေရသည့်အချိန်မှာ ဟန်ဆောင်ပြုံးနိုင်ဖို့ကပိုပြီးမလွယ်..၊

"ဟော့..စားကြလေ၊ စားနှင့်လို့ပြောထားသားနဲ့ကွာ.."

"မောင်မလာသေးဘဲ ထားဘယ်တုန်းကစားနှင့်ဖူးလို့လဲ.."

ဒေါ်သက်ထားဆွေက စိတ်ဆိုးသလိုမျက်နှာလေးနှင့်ပြောကာ ဦး ...ထွန်းဝင်းကြိုက်တတ်သည့် ဟင်းတွေကိုခပ်ပြီးဦးချလိုက်သည်။ ဦးချ ...င်းမှ ရှင်နဲ့သမုကိုကြည့်၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့စားကြလေကွယ်.."

"ဟုတ်.."

သမုက မရဲတရဲခေါင်းညိတ်ကာ ဟင်းခတ်ပြီးလူကြီးသူကြီးတွေ ဦးချ၏။ ပြီးမှ ရှင့်ပန်းကန်ထဲကိုဦးချလျှင် ရှင်ကသမုရဲ့ဟင်းနဲ့ဇွန်း မပန်းကန်နားရောက်တဲ့အထိ မျက်တောင်ဖျားလေးတွေ စိုက်ချကြည့်ခဲ့လျက်.. ။

"မလိုပါဘူး..နင့်ထက်ငါတစ်နှစ်လောက်ပဲကြီးတာ ကိုယ့်ဘာသာစား.."

ဟင်းခပ်ထားလျက်တန်းလန်းနှင့် သမုလက်လေးလေးထဲမှာပဲ တန့်သွား၏။ ဒေါ်သက်ထားဆွေက အံ့သြသလိုကြည့်၍.. ။

"ဘာဖြစ်ဖြစ် သမီးကအကြီးမို့ဦးချတာပဲသမီးရယ်..အဲ့လိုမရိုင်းရ လေ.."

"ရှင်မှအဲ့လို တခမ်းတနားကြီး မလုပ်ချင်တာ.."

"ကဲပါကွာ..သမီးစိတ်မကြည်ဘူးထင်တယ်၊ သမုလည်း သမီးသာသာစားလိုက်တော့.."

ရှင်နဲ့သမုမျက်လုံးချင်းဆုံသွားသည်။ နှစ်ယောက်စလုံး၏အကြည့် တို့သည် တစ်ယောက်ကိုတစ်ယောက် နားလည်နေသောအဓိပ္ပာယ်တွေ ဖြစ်ကာ သမုကပဲအကြည့်ကို ရုပ်သိမ်း၏။ ထိုစဉ် ဆင်စွယ်ရောင်ငွေခြေ နားနှင့် ခြည်တဘတ်ကို ပခုံးနှစ်ဖက်ကနေ ဒီတိုင်းစုံချလျက် ဘွားက မင်းစားခန်းထဲဝင်လာကာ.. ။

"မြေးက အိမ်တွင်းအောင်းနေတာ မဟုတ်ပါဘူး..ဘွားစကားကို ထောင်နေတာပါ၊ နင်တို့ကကလေးလိမ္မာတော့လည်း တစ်ပြစ်.."

ရှင်ကိုယ်တိုင်ဘွားရဲ့စကားကို နားမလည်ဘဲ အားလုံးမှာအ ကိုယ်စီတွေ ဖြစ်ကုန်ကြ၏။ ဘွားကလွတ်နေသည့်ထိပ်ဆုံးနေရာမှာ ထိုင်လိုက်ပြီး ရှင့်မျက်နှာကိုချစ်စနိုးကြည့်သည်။

"မြေးနဲ့ဘွားတို့ ရှော့ပင်းထွက်မယ်လေ..မကောင်းဘူးလား.."

ဒီတော့မှ ဘွားအဖြစ်သူကမြေးကိုချော့ဖို့ ကြိုးစားနေတာ မြတ်ထွန်းဝင်းတို့ နားလည်သွားကြသည်။ ရှင့်မျက်နှာလေးတော့ ခြားပြီး ကြည်လင်မလာခဲ့ပေ။ သူ့မအတွက် ရှော့ပင်းထွက်ဖို့က အ ကြီးခက်ခဲသည့်ကိစ္စလည်းမဟုတ်။ မကြည်လင်ဖြစ်နေသည့်စိတ်က ဘ

www.burmeseclassic.com

www.burmeseclassic.com



...သည်း မသွားချင်.. ।

"ဒါပေမယ့် ဘွားနဲ့ညစာလိုက်စားရမှာနော်..အဲ့ဒီတော့ ရှောပင်းဖော ...ွက်မလား၊ ညစာစားပြီး အပြန်ကျမှဝယ်ခြမ်းကြမလား.."

ညစာထွက်စားမည်ဆိုတော့ ရှင်စိတ်ဝင်စားသွားသည်။ ဦးမြတ်ထွန်း ...လည်း ထမင်းစားလက်စကို ရပ်ထားလိုက်ပြီး.. ।

"ဟုတ်သားပဲ..ကျွန်တော်တို့မိသားစု အပြင်မှာညစာထွက်မစားရ ...ဘူး၊ မေမေ့စိတ်ကူးကောင်းတယ်..မိသားစုအမှတ်တရလေးလည်း ...ယ်၊ သမီးလည်း relax ဖြစ်သွားတာပေါ့.."

"အင်း..ကောင်းတယ်.."

သမီးမျက်နှာညိုနေတာ နှစ်ရက်ရှိပြီမို့ ဒေါ်သက်ထားဆွေကလည်း ...ာကျေထောက်ခံသည်။ သို့သော်.. ।

"စားသောက်ဆိုင်မှာ စားမှာမဟုတ်ဘူးသမီးရဲ့..ရီလင်းကထမင်းစား ...တာ.."

"ဟင်..မရီကဟုတ်လား.."

"ဟုတ်တယ်.."

"အန်တီရီ.."

ရှင့်မျက်နှာလေးဝင်းထိန်သွားကာ ဟန်မဆောင်နိုင်.. ।

"ကိုကိုတို့အိမ်ကပေါ့.."

"ဟုတ်တယ်မြေး..မြေးရဲ့မာမီက နလံထဆိုတော့ လိုက်ချင်မှလိုက် ...ယ်တဲ့၊ မောင်မြတ်က အမြဲတမ်းအလုပ်ရှုပ်နေတဲ့သူလေ..အဲ့ဒါကြောင့် ...နဲ့မြေးပဲလာရင်လည်း ရပါတယ်တဲ့.."

ဦးမြတ်ထွန်းဝင်းက ကိုင်ထားသည့်ဇွန်းနဲ့ခပ်ရင်းကို အသာချ၍ ...င်းချိုခပ်သောက်လိုက်ပြီးမှ.. ।

"အထူးအဆန်းပါလား..မကြာခင်ပြန်သွားရမယ့် ဧည့်သည်တွေကို ...ဘဲနဲ့.."

"မောင်ကလည်း.."

ဒေါ်သက်ထားဆွေကတော့ သဘောကျပုံမပေါ်ပေ။ စဉ်းစားနေသ... ...ဖြစ်သွားခဲ့ပြီး ထမင်းစားခြင်းက တို့တိတိဖြစ်သွားခဲ့လျက်.. ।

"ဘာအတွက်မှန်းလည်းမသိ..ပြီးတော့ သူ့ဆီထမင်းသွားစားရ ...င်.."

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းကျဉ်းကျဉ်းလေးကို ထမင်းသွားစားဖို့ အကြောင်းအ
ညီညွတ်နေတယ်ပဲထားပါဦး ဒီမှာကပြန်မယ့်ဆဲဆဲ မပြန်နိုင်သေးဘဲ
မာနဲ့ အလုပ်မအားတဲ့သူ.. ။

နောက်ပြီး ဒီလိုတွေဖြစ်ခဲ့ရတာလည်း သူ့သားကြောင့်မဟုတ်
လား။ အဆင့်အတန်းခွဲခြားတဲ့စိတ်နဲ့ 'သွားစရာလား'လို့တွေးမိတာ
မဟုတ်ပါ။ ဒါပေမယ့် စိတ်ထဲမှာခိုးလိုးခုလုဖြစ်သွားမိတာတော့ အမှန်
ထို့ပြင် မေမေ့ကိုပဲလာပါလို့ ဖိတ်တာကပိုဆိုးသည်။ မေမေကတော့
ရှုံကိစ္စလောက်နဲ့ အပြင်ထွက်ဖူးလို့လား.. ။ ဒါပေမယ့် မေမေကဘာ
လို့ ဒီလိုဖိတ်လိုက်တာကို ကျေနပ်တဲ့ပုံစံတွေဖြစ်နေတာလဲ.. ။

"မင်းလည်းကျန်းမာကာစ စိတ်ပြေလက်ပျောက်ထမင်းလိုက်
လိုက်ပါလားထား.."

"စိတ်ပြေလက်ပျောက်ဖြစ်စရာလား မောင်ရယ်..တိုက်ခန်းလေး
မှာ.."

"မေမေကတော့သွားချင်တယ်..လင်းနဲ့မြေးတကျက်ကျက် ဖြ
တာကိုလည်း နောက်ပိုင်းရှင်းနိုးသွားအောင်လို့လေ၊ ရိုလေးကအကြော
နဲ့ဖိတ်တာလို့ သမီးတွေးနေတယ်မို့လား..သူ့ခမျာမျက်နှာငယ်တဲ့ သူ
ကွယ်၊ ဒီကိုမလာဝံ့လို့ သူ့အင်အားလေးနဲ့ပြုစုချင်တာမျိုးပါ..ဘယ်ထ
မြေးလိုက်မယ်မို့လား.."

"လိုက်မှာပေါ့..ကိုကို့ကိုပြောချင်တာတွေ ရှိတယ်.."

"ဒေါက်.."

စကားကောင်းနေကြစဉ် ဟင်းခတ်လိုက်သည့် သမုလက်ထဲက
ပြုတ်ကျလေသည်။ ပန်းကန်ထဲပဲလွတ်ကျတာပေမယ့် ဟင်းရည်တွေ
စင်ကုန်၏။ အားလုံး၏အကြည့်တွေ သူမထံစုပြုံလာလျှင်.. ။

"ဆောရီး..အဲကန်တော့ပါနော်၊ သမုပြန်လုပ်ပါ့မယ်.."

"နေနေ..ထမင်းပြီးအောင်စား မိသဲရေ.."

ဒေါ်သက်ထားဆွေက မိသဲကိုလှမ်းခေါ်ပြီး ပန်းကန်ပြန်သိမ်း
လိုက်ပြီး.. ။

"အသစ်ပြန်လဲပြီးလာချ.."

"ဟုတ်ကဲ့..မေမေကြီး.."

ဒေါ်သက်ထားဆွေ မေမေ့ကိုကြည့်လိုက်တော့ မျက်မှောင်က

www.burmeseclassic.com

www.burmeseclassic.com



စူးရဲနေသည့်မျက်ဝန်းတွေနှင့် သမုကိုစိုက်ကြည့်နေ၏။ သမုက
ယာ မနေတတ်မထိုင်တတ်သလို ခေါင်းတွင်တွင်ငုံ့ထားလျက်
ာထက်ပိုကဲသော ထိတ်လန့်ကြောက်ရွံ့ခြင်းတွေနှင့်.. ။

ဒီအိမ်မှာဘာတွေဖြစ်နေတာလဲ..မမေရောဘယ်လိုအတွေးတွေ ဝင်
ာလဲ..၊ လင်းနဲ့ရှင့်ကို မရင်းနှီးစေဖို့ မနေ့တစ်နေ့ကမှ ပြောခဲ့ကြ
။

ပြောတုန်းကတော့ မမေ့မျက်နှာမှာနောင်တကြီးစွာ ရနေသလိုပင်။
ော့ တစ်မျိုးတစ်ဖုံပါလား.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

"ဟာ..ဟင်းတွေစုံလှချေလား၊ ဒီနေ့ဘာနေ့များပါလိမ့်.."

"အဟွန်း.."

ဒေါ်ရီလင်းက နာရီကြည့်လိုက်ရင်းရယ်သည်။ ပြီးတော့ လ
ထားလိုက်သည့် အိတ်နဲ့အပေါ်အင်္ကျီကိုယူလိုက်ရင်း... ၊

"သားလည်းရေချိုးခဏနားလိုက်ဦးလေ..တော်ကြာညှေ့သည်
လာရင် ထမင်းအတူတူစားရအောင်.."

လင်းက ဟင်းပွဲတွေကိုငုံ့ကြည့်ပြီး သဘောကျသလိုခပ်မဲ့မဲ့ပြု

"ထင်သားပဲ..မေမေ့ထမင်းဝိုင်းကိုကြည့်လိုက်တည်းက ဒါညှေ့
ဖို့ပါလို့.."

"သားကိုလည်း မေမေကဖွယ်ဖွယ်ရာရာချက်ကျွေးနေတာပါ
ရယ်..ဒါပေမယ့် ဒါကလာမယ့်ညှေ့သည်ကိုကြည့်ပြီး ထိုက်တန်အော
ဆင်ရတာဆိုတော့ ကိုယ့်သားကိုကျွေးမွေးဖို့ထက် နည်းနည်းတော့
တာပေါ့.."

"ဟုတ်ပါပြီ..ဘယ်သူ့ကိုဖိတ်ကျွေးကျွေး မေမေစိတ်ချမ်းသာရ
တာပါပဲ.."

လင်းက ရှပ်အင်္ကျီလက်ဝကကြယ်သီးကို ဖြုတ်နေရင်း အခို
အစပ်စုံနေသည့် ထမင်းဝိုင်းကိုနောက်တစ်ခါပြန်ငဲ့ကြည့်၍.. ၊

"တစ်ယောက်တည်းဒါတွေ လုပ်ထားရတာပင်ပန်းလွန်းပါတ
မေရယ်..မနက်က ကျွန်တော်အလုပ်အားနေတာကို ဒီလိုအစီအစဉ်
ပြောပါလား၊ ဘုရားမသွားဘဲ မေမေ့ကိုဝိုင်းကူမှာပေါ့.."

"သားရယ်..သားကဘုရားသွားမယ့်သူ၊ သားဘုရားသွားဖြစ်အေ

www.burmeseclassic.com



မေကတစ်ယောက်တည်း အပင်ပန်းခံလိုက်တော့ သားရဲ့ကုသိုလ်မေမေ ည်းရတယ်လေ..ကဲပါ ကိုယ့်ဘာသာစီစဉ်ပြီး နေ့လည်တည်းက အေး းလုပ်နေရတာ မပင်ပန်းပါဘူး..သားရေသွားချိုး.."

"ဟုတ်.."

လင်းအပြင်ပြန်ထွက်ခါနီးမှ ဒေါ်ရီလင်းသတိရလိုက်ကာ.. ၊

"ဩော်..သား.."

လင်းကပြန်လှည့်ကြည့်ရင်း.. ၊

"ဗျာ.."

"ဘယ်ညည့်သည်တွေလာမှာလဲလို့ မေမေမပြောရသေးဘူးထင်တယ် ားကလည်း မမေးဘူး.."

"အဟွန်း.."

လင်းကရယ်လိုက်ရင်း.. ၊

"မေမေကဒီလိုပဲ အိမ်နီးပါးချင်း ဖိတ်ကျွေးတတ်တာပဲဟာ..ဘာကို န်းလုပ်မေးရမှာလဲ၊ မေမေစိတ်ချမ်းသာနေရင် ပြီးတာပဲ.."

ဒါပဲထပ်ပြောမယ်ဆိုတာ သိပေမယ့် တမင်ကိုပြောပြချင်နေတာမို့ ါ်ရီလင်းက လင်းနဲ့နီးအောင်လျှောက်သွားရင်း.. ၊

"အခု အိမ်နီးချင်းဖိတ်ကျွေးမှာ မဟုတ်ဘူး.."

လင်းရဲ့မျက်ဝန်းတွေက စိတ်ဝင်စားမှုကို ဒေါ်ရီလင်းကသေချာ ြည့်၏။ ပြီးမှ ပြုး၍.. ၊

"မေမေက မမဆွေတို့သားအမိတွေကို ဖိတ်ထားတာ.."

"ဘယ်လို.."

ပြုံးနေသည့် လင်းမျက်နှာတစ်မျိုးပြောင်းသွားသည်။ ဒေါ်ရီလင်း က်နှာမှာလည်း အနည်းငယ်စိုးထိမ်မှုတွေ ဖြစ်သွားခဲ့ပြီး.. ၊

"ဘာဖြစ်လို့လဲသား.."

"မဖြစ်ပါဘူး.."

လင်းက ခေါင်းခါရင်းပြုံးလိုက်သည်။ အန်တီထားတို့ဆေးရုံရောက် သည့်ကိစ္စအတွက် မေမေဘယ်လောက်ထိဗျာများသွားခဲ့သလဲဆိုတာ သိသည်။ ပြီးတော့ ကျေးဇူးတင်နေတာလည်း ပြောလို့မဆုံးရှိနေခဲ့တာ..

"သူတို့ကိုဖိတ်တာ အဆင်ပြေရဲ့လားမေမေ..ဟိုကောင်မလေးက ဘ းလေးရယ်.."

www.burmeseclassic.com

www.burmeseclassic.com



"သားရယ်..မေမေကဖြင့် အဲ့ဒီမိန်းကလေးကိုချစ်လွန်းလို့ အမြဲ တောင်းဖို့တောင် ဆုံးဖြတ်ထားတာ.."

"ဗျာ..ဘယ်လိုမေမေ.."

ပြောမှဖြစ်မှာမို့ ပြောမိလက်စကို ဒေါ်ရီလင်းကအပျက်မခံ..။

"မေမေ့ဘက်ကကမ်းလှမ်းရမှာ မတန်မရာဖြစ်နေနိုင်ပေမယ့် ၎င်း လေးက သားကိုသံယောဇဉ်ကြီးတဲ့ပုံရှိနေတယ်..အန်တီကြီးကလည်း သဘောကျလိုက်လျောမှာပဲ၊ ခုလောလောဆယ် စေ့စပ်ဖို့ဆုံးဖြတ်ရတာ မမထားတို့လည်း ရှိနေတုန်း.."

"နေပါဦးမေမေရာ..သူတို့ကအဲ့ဒီကောင်မလေးကို စိန်မှုန်ရွှေမှုန် ပြီး မွေးလာကြတာ၊ မေမေလုပ်ပုံကြောင့် ကျွန်တော်တို့ကိုသက်သ

"လုံးဝမထင်ဘူးသား..အန်တီခင်ကို မေမေတီးခေါက်ကြည့်ပြီးပြီ

မိခင်မျက်နှာကိုစိုက်ကြည့်ရင်း လင်းခေါင်းထဲမှာအတွေးတွေဝင် သည်။ ဒေါ်ရီလင်းကလည်း လင်းရဲ့မျက်လုံးတွေနဲ့မဆုံမိအောင် မ သာမျက်နှာလွှဲရင်း တစ်ဖက်လှည့်လျှောက်သွားကာ..။

"မေမေက သူတို့ချမ်းသာကြွယ်ဝမှုတွေကို မက်မောလို့မဟုတ်ဘူး တာ အန်တီခင်သိတယ်..သားလည်း မေမေ့စိတ်ကိုသိမှာပါ.."

အသက်တစ်အောင့်နားလိုက်ပေမယ့် လင်းထံကစောဒကတက် ထွက်မလာသည်မို့ ကျေနပ်သွားမိသည်။ မျက်လုံးသည်နာရီဆီ နော ထပ်ဝေ့သွားပြီးမှ..။

"ရှင်လေးကို သားကဆိုးတယ်လို့ထင်ပေမယ့် မေမေကချစ်တ မိန်းကလေးက ရင်းနှီးချင်နေရက်နဲ့ သားကတည်တည်တင်းတင်းကြ နေတာကိုလည်း မိဘတွေရှေ့မှာ အားနာမိတယ်၊ ခုဆိုပိုလို့တောင်အ ဖို့ကောင်းနေပြီ..သားဒုက္ခတွေ့နေတုန်း သူတို့ကကာကွယ်ဖို့ကြိုးစားခဲ့ တာ၊ သားကတော့ လူနာသွားမေးဖို့တောင် မေမေမနည်းတိုက်တွန်း ရတယ်.."

"အဲ့ဒါကြောင့် သမီးတောင်းဖို့ကြိုးစားတာက မနီးစပ်သေးဘူး ..အားနာနာနဲ့ တောင်းရတာလား.."

"ဘယ်လိုပြောလိုက်တာလဲသား.."

"မေမေ့စကားတွေက ရှေ့နောက်မှမညီဘဲ..ကျွန်တော်တွေးမိတ မေမေပြောနေသလိုမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com


လင်းက ဒေါ်ရီလင်းရှေ့ကိုသွားရပ်လိုက်ပြီးမှ မျက်လုံးချင်းဆုံအောင် ကြည့်ကာ.. ။

"အဲ့ဒါ ဘွားသီတာရဲ့တောင်းဆိုမှုများလား.."

ဒေါ်ရီလင်းမျက်နှာ ကွက်ခနဲပျက်၏။ မညာတတ်သည့်မျက်ဝန်းတို့ သည် လင်းရဲ့ရှေ့မှာသနားစဖွယ် ဗျာများနေခဲ့လျက်.. ။

"မေမေ မင်းကိုပြောချင်တာက.."

"မေမေပြောလိုက်တည်းက ကျွန်တော်သိပါတယ်..ဘွားသီတာလို အနကြီးတဲ့သူက ကျွန်တော်တို့အိမ်ကိုထမင်းလာစားတာ ဖြစ်မှမဖြစ် တာ၊ ဒါပေမယ့်နောက်ထပ်ဖြစ်နိုင်တာက ဒီကိစ္စလည်းပျက်မှာပဲမေ .."

"ဘာ.."

ဒုတိယတစ်ခါဖြစ်ပြန်ပြီဆိုသည့် နှစ်ထပ်ကွမ်းဖြစ်နေသည့်ဒေါသ က ဒေါ်ရီလင်းမျက်နှာတစ်ပြင်လုံးကို နီရဲတင်းမာသွားစေလျက်.. ။

"လင်းရောင်ဖြာ.."

လင်းရဲ့လက်မောင်းနှစ်ဖက်ကို မချင့်မရဲဆုပ်ခါပစ်မိရင်း စူးစိုက် ကြည့်ကာ.. ။

"ငါကဘာအစွမ်းအစမှမရှိတဲ့အမေ..မင်းရွာကျေးမှ မင်းကြီးစားမှဒီ ဘဝမျိုးကို ရခဲ့တာ၊ အဲ့ဒီမာနတွေ မင်းငါ့ကိုပြတာလား.."

"မဟုတ်ဘူးမေမေ..လုံးဝကိုမဆိုင်ဘူး.."

"ဆိုင်တယ်..မင်းခုထပ်ပြီးပြော ဖြောင်ငြင်းရဲတာ၊ မိဘအပေါ်မှာ ထားသမှုမရှိခဲ့လို့ဆိုတာ ရှင်းနေတာပဲ.."

လင်းစိတ်ညစ်သွားသည်။ ဒေါသက မေမေ့ရှေ့ကနေ ရှင်ထိပ်ထား သော ပြေးနေခဲ့၏။ ဟိုတုန်းကတည်းက သူမအတွက်အဖော်အလျော်လို ရောက်လာကြတာဒေါ်ခင်သီတာတို့ဇနီးမောင်နှံ။ ခုလည်း သမုနဲ့သူ့ကို နှာထားနဲ့ကြည့်ပြီး ပုတ်ခတ်စကားတွေဆိုခဲ့တာ ဒေါ်ခင်သီတာပဲဖြစ် သည်၊ ကိုယ်လိုလူဟာ သူတို့အတွက်အရေးစိုက်စရာမဟုတ်ပေမယ့် မြေး အတွက်ဆို မိုးပေါ်ကစွပ်ကြယ်ကို လှေကားထောင်ပြီး တက်ယူပေးမယ့် အမျိုးပါ။ ထို့ကြောင့် ဒီနေ့ဒီကိစ္စဖြစ်လာခဲ့ရသည်။ ဒါပေမယ့် ဖြစ် သင့်လို့လား.. ။

"ငယ်ငယ်တည်းက မင်းသူတို့အပေါ်မှာ.."

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်..ကျွန်တော်ခေါင်းညိတ်ခေါင်းခါလုပ်ခဲ့တာ မှာ
တယ်၊ ဒါပေမယ့် ခု..”

“အခုထပ်ပြီး ကျေးဇူးကန်းရင်မေမေတို့ ဘာဖြစ်သွားမလဲလင်းရ
မင်းတွေးကြည့်ပါဦး၊ အရင်တုန်းကတော့ မေမေ့ကျေးဇူးကိုသားကမ
နိုင်ပါဘူးတဲ့..အခုသားရဲ့အသက်သခင်လေ..”

“အဲ့ဒါကိုလည်း အန်ကယ်လ်ဦးမြတ်ထွန်းက မပတ်သက်ချင်
စံနဲ့ ခါးခါးသီးခေါင်းခါတာ မေမေ့ရှေ့တင်ပဲ..ကျွန်တော်မဟုတ်ရင်လ
သူဝင်ကူမှာပဲလို့ပြောတယ်၊ ကျေးဇူးတင်ခံရမယ့်ကိစ္စက သူ့ကိုလက်
တစ်ခုခုနဲ့ အန္တရာယ်ပြုတော့မှာလိုမျိုး သူတို့ဘက်ကကင်းချင်နေတာ

“ဘာဖြစ်လို့အကြောင်းတွေပြနေတာလဲသား..”

လင်းခေါင်းတရမ်းရမ်းဖြစ်သွားသည်။ ပြီးတော့ ဒေါ်ရီလင်းရဲ့
နှစ်ဖက်ပေါ်မှာ ချော့မော့သလိုလက်တင်လိုက်ရင်း.. ။

“အကြောင်းပြတာမဟုတ်ဘူးမေမေ..ရှင်က ဦးမြတ်ထွန်းဝင်း
သက်ထားဆွေတို့ရဲ့သမီး၊ ကျိုကျိုတက်ချမ်းသာတဲ့ တစ်ဦးတည်းသော
မီး..သူတို့ရဲ့စိတ်ရင်းက ဘွားသိတာနဲ့ဘာမှ..”

“အန်တီခင်သီတာရဲ့မြေးလေးသားရဲ့..မိဘတွေက မွေးရုံပဲမွေးခဲ့တာ
အန်တီကပဲ ရှင်လေးကိုပြုစုစောင့်ရှောက်လာခဲ့တာ..အန်တီဆုံးဖြတ်
တယ်၊ မင်းကိုမွေးခဲ့တုန်းကလည်း မင်းအမေနဲ့မင်းကို သူကယ်တင်
ရှောက်ခဲ့တာပဲ..”

ဒါလည်းဟုတ်လိမ့်မည်။ ဒါပေမယ့် သူတို့တောက်လျှောက်မြင်
ခဲ့တာက ဒေါ်ရီလင်းနဲ့သူ့မိသားစုဟာ သနားစရာချို့တဲ့ရှာသည့်မိသ
ပဲဖြစ်သည်။ အမြဲတမ်းသူတို့ခေါ်ယူသုံးစွဲနိုင်သည့် သက်ရှိပစ္စည်းတ
သာသာ၊ ဒါမှမဟုတ် လက်အောက်ငယ်သားအဆင့်.. ။

အိမ်ထောင်ရေးဆိုတာကို ပိုက်ဆံရှိလို့ဈေးဝယ်သလို ဝယ်ယူလို့
မလား..သူ့ကလေးပူဆာတိုင်း လိုက်ဝယ်ပေးနေရင်ရော ဒီကသက်ရှိ
မဲ့ ပစ္စည်းတစ်ခုခု ဒါမှမဟုတ် တစ်စုံတစ်ရာလား.. ။

“သူတို့ကိုငွေရှိတိုင်း ချယ်လှယ်ချင်တာလို့ မင်းကထင်
မေမေကပဲ ကျေးဇူးသိတတ်ချင်တာပါ၊ မလိုတာကို ဖြည့်ဆည်းပေး
ထက် အရမ်းလိုအပ်နေတာကိုဖြည့်..”

“တော်ပါတော့မေမေရာ..သူများလိုတာကိုဖြည့်ဆည်းပေးရအော

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က..ကျွတ်.."

ဘယ်လိုဆုံးဖြတ်ရမလဲ..ဘယ်လိုပဲဖြစ်နေနေ အိမ်ထောင်ရေးတစ်ခုကိုတော့ တစ်စုံတစ်ရာအတွက် ငဲ့ညှာထောက်ထားပြီး မဆုံးဖြတ်နိုင်။

"ကျွန်တော့်ကိုဘာမှ မမေးမြန်းမတိုင်ပင်ဘဲနဲ့မေမေရာ..အရင်တုန်းက ကျွန်တော်ကလေးမို့လို့ထားပါ၊ အခုက အိမ်ထောင်ရေး.."

"ကလေးတုန်းကတောင် မင်းရုန်းထွက်ခဲ့တယ်လို့ ထောက်ပြလိုက်ဘာလား..ခုလည်း ဘာကြောင့်မှလက်မခံနိုင်ပါဘူးလို့ ပြောချင်တယ်ပေါ့"

"အားလုံးလွန်ကျွံနေမှပြောတော့ ကျွန်တော်ကဆွေးနွေးခွင့် တောင်းခွင့်မှမရတော့ဘဲ.."

ဒေါ်ရီလင်းမျက်နှာကလည်း အေးစက်တင်းမာမှုတွေ လျော့ပါးမသွားခဲ့ဘဲရှိကာ..။

"မလွန်ကျွံခင်မေးတော့ မင်းကလက်ခံမှာမို့လို့လား.."

မျက်လုံးချင်းဆုံနေပေမယ့် လင်းဘာမှမပြောနိုင်။ ဒေါ်ရီလင်းကသားကိုတိမ်းလိုက်ပြီး ခပ်ဖြည်းဖြည်းလျှောက်ထွက်သွားရင်း..။

"ဆွေးနွေးကြည့်ပါလို့ ခွင့်ပေးလိုက်ရင်ရော မင်းကရှင်လေးကို ချစ်ည်တူမျှဖို့ သွားဆွေးနွေးမှာလား.."

"သူလည်းချစ်ရည်တူချင်လို့ မဟုတ်ဘူး..အဲဒါကျွန်တော်သိတယ်၊ ချစ်ကြဖို့က ဘာအကြောင်းမှလည်း မရှိဘူး..ရင်းနှီးခဲ့ကြတာလည်း မဟုတ်ဘူး၊ အဲ့ကောင်မလေး သမုကို လိုက်ပြိုင်နေတာ၊ ဘွားသိတာကသည်း မြေးကလက်ညှိုးထိုးတိုင်း အပြင်လူမဝင်ရ ကန့်သတ်နေတာ.."

"ဟုတ်ပြီ..ဒါဆိုသားရင်းနှီးခဲ့တဲ့ မိန်းကလေးကိုပဲလက်ခံချင်တယ်ပေါ့၊ ဘယ်သူလဲ..သမုလား.."

မထင်မှတ်သည့်မေးခွန်းကို ကြားလိုက်ရသလို လင်းအံ့သြသွားသည်။ ဒေါ်ရီလင်းကလည်း ငြင်းစမ်းပါဆိုသည့်အကြည့်တို့နှင့် မလွှဲတမ်းစိုက်နေလျက်..။

"ပြောလွန်းတဲ့ပါးစပ်က တန်ဖိုးမဲ့တယ်..ပညာရှိစကားနည်း ဆိုသတဲ့၊ ဒါပေမယ့် စကားနည်းတဲ့လူတိုင်းကို ပညာရှိလို့သတ်မှတ်နိုင်လား.."

"မေမေဘာတွေပြောနေတာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတတ်တဲ့မိန်းကလေးကို မင်းကတန်ဖိုး မထားနိုင်ဘူးဖြစ်နေတာလေ..မပြောဘဲနေတိုင်းလည်း အထင်ကြီးလေး စားထိုက်နေတာမဟုတ်ပါဘူးလင်းရယ်၊ မင်းကိုမေမေပြောမယ်..မျိုးသိပ် ပြီး အနစ်နာခံတဲ့သူရယ် မျိုးသိပ်ပြီးကြိတ်ကြဲတဲ့သူရယ်..မျိုးသိပ်နိုင်တာ ချင်းတော့အတူတူပါပဲ၊ ဒါပေမယ့် ကြိတ်ကြဲနေလား မကြဲနေလားဘယ်သူ သိမှာလဲ.."

"ကျွန်တော်က.."

"သမုဘယ်လိုမိန်းကလေးမျိုးလဲဆိုတာတော့ မေမေမသိဘူး..ဒါပေ မယ့် သူ့မျက်လုံးတွေက မဖြူစင်ဘူး.."

"သမုမျက်လုံးတွေ ဘယ်အရောင်ပေါက်နေသလဲဆိုတာ ကျွန်တော် လည်း စိတ်မဝင်စားဘူးမေမေ..ဒါပေမယ့် ကိုယ်မချစ်တော့အပြစ်ရှာတာ တဲ့၊ ရှင်ထိပ်ထားကိုဖြူစင်သူလေးလို့ မေမေမြင်နေတာကျတော့ ခွင်းချက် မရှိနိုင်တော့ဘူးလား.."

"မေမေကယုံကြည်တယ်.."

"ဒါပေမယ့် ပေါင်းရမှာကကျွန်တော်.."

"မင်းယုံကြည်ဖို့ပြောနေတာပဲလေ..သားကိုယုံကြည်ပေးပါလို့ မေမေ ပြောနေတာပါ.."

"ကျွတ်.."

လင်းဘယ်လိုထုချေရမှန်းမသိအောင် စိတ်ညစ်သွားမိသည်။

"ကျွန်တော့်ကို မေမေဘာလုပ်ခိုင်းနေတာလဲ နည်းနည်းလောက်ပြန် တွေးပါဦး..ယုံကြည်လေးစားမှုတွေကို ခိုင်းစေဖန်တီးလို့ရသလား၊ ရှင် ထိပ်ထားကိုရော သူတို့အားလုံးကိုရော မေမေဘယ်လောက်ပဲမြတ်နိုး ကြည်နေနေ ကျွန်တော့်ကိုအဲဒီအတိုင်း ဖြစ်စေချင်လို့ရမလား.."

"မိဘတိုင်းလည်း သားသမီးရင်ထဲက ယုံကြည်မြတ်နိုးမှုတွေကို ဆွေးနွေးဘူး..ဆွေးနွေးချိန်လည်းမရဘဲ မိဘစကားတစ်ခွန်းနဲ့ ခေါင်းညိတ် နာခံကြတဲ့ သားသမီးတွေလည်း အများကြီးပဲ..မင်းမေမေ့ကို အဘိုးတွေ တွေနဲ့ တရားပေါ်မနေနဲ့လင်း၊ မေမေလိုချင်တာ မင်းရဲ့နာခံမှုပဲ.."

လင်းကခေါင်းခါပြီး တဖက်လှည့်သွားသည်။ ဒေါ်ရီလင်းရင်ထဲ နောက်ကလိုက်လာရင်း လင်းရဲ့ပြန်စကားကိုစောင့်နေမိ၏။ သားသမီး တွေ ကြီးပြင်းလာကြရင် မိဘမှာစီမံအုပ်ချုပ်ခွင့်မရှိတော့ဘူးလား..မိဘ

www.burmeseclassic.com

www.burmeseclassic.com


ပြောပြော ကိုယ်ထင်ရာကိုယ်လုပ်ခွင့်ရှိသည်လို့ ပြောရဲလာကြတာ တို့အခွင့်အရေးတစ်ရပ်လား.. ။

မိဘနဲ့သားသမီးကြားမှာ မိဘကဒါဆိုဒါ ခေါင်းညိတ်နာခံဖို့မလိုဘူး သည့် ဝါဒတစ်ရပ်ကို ဘယ်သူထုတ်လွှင့်ခဲ့တာလဲ.. ။

"ဘာလို့တိတ်သွားတာလဲသား..မင်းအဖြေကို မေမေစောင့်နေတာ.."

လင်းက ခပ်လှမ်းလှမ်းရောက်မှ ပြန်လှည့်လာကာ.. ။

"သူတို့လာမှာမို့လား..ကျွန်တော်ရှင်ထိပ်ထားနဲ့ စကားပြောချင် တယ်.."

"သူနဲ့တွေ့မှ အပြတ်ပြောမယ်လို့ တွေးမိသွားတာလား.."

"အဲ့ဒါကိုဆွေးနွေးသင့်တယ်မို့လားမေမေ..သူနဲ့ကျွန်တော် လက်ထပ် သွားရင် တစ်သက်လုံးအတူနေသွားရမယ့်ကိစ္စကြီး.."

ထိုစဉ် အနက်ရောင်ပရာဒိုကားကြီးက သူတို့တိုက်ခန်းရှေ့ကနေ လှုပ်လှုပ်ဖြတ်သွား၏။ သေချာတာက ရှင့်ကားပဲဖြစ်လေသည်။ အိမ် တည့်တည့်မှာ ကားရပ်လို့မရသဖြင့် မကြာခင်သူမလေးဒီထဲကိုရောက် တော့မှာသိလိုက်ကာ ဒေါ်ရီလင်းမျက်နှာပျက်သွား၏။

"သူတို့လာကြပြီ..မင်းမေမေ့မျက်နှာကို အိုးမည်းမသုတ်ပါနဲ့.."

ဒေါ်သမကင်း သောကမစင်သော်လည်း ဒေါ်ရီလင်းသားမျက်နှာကို တောင်းပန်သလို မော့ကြည့်၏။

"ဒါကမိတ်ဆုံစားပွဲတစ်ခုပါပဲ..မင်းမကြိုက်သေးရင် ဆုံးဖြတ်ချက်မ သေးဘဲ နေလို့ရတယ်၊ ဒီနေ့ထမင်းစားပွဲကို မပျက်စီးပါစေနဲ့.."

ဒေါ်ရီလင်းပြောနေတုန်း ရှင်ကလက်ကိုင်အိတ်ပြားလေးကို ဒီတိုင်း ကိုင်ပြီး တံခါးရှေ့မှာပေါ်လာသည်။ နက်ပြာရောင်ခန်းဆီးပုံစံအတွန့်အ ကော်များနှင့် Evening Dressဂါဝန်ပျော့က ပခုံးမှာလက်တစ်လုံးကြိုး သေးတစ်ဖက်ပဲပါကာ ပခုံးတစ်ဖက်က ဝင်းဖန့်ကြည်စင်နေသော ပခုံး သားလေးတွေအတိုင်း မြင်နေရသည်။

ရှင်ဘက်ကနေ ခြေရင်းမှာပုံနေတဲ့အထိ ရှင်ကွဲပုံစံကိုထပ်ထား၍ ခါး သိမ်သိမ်မှာ ပန်းတစ်ပွင့်နှင့်တွန့်ရှုံ့ထား၏။ ကြိုးတပ်ထားသည့်တစ်ဖက် က ရင်အုံမို့မို့လေးမှာလည်း ဒီဘိုင်းပဲပန်းတစ်ပွင့်နှင့် ရှုံ့ထားလှုက်လှချင် တိုင်း လှနေ၏။ ခါးကျော်သည့်ဆံပင်တွေက တွန့်နေသည့်ပုံစံ နဖူးကဆံ ပင်တွေကို ကျစ်ဆံမြီးသေးသေးလေးတွေထပ်လုပ်ပြီး ပွပွလေးသိမ်းတင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်။

ဒေါ်ရီလင်းက ရှင့်ပုံစံလေးကိုမြင်လိုက်တာနှင့် မျက်နှာတစ်ပြင်လုံး ပြုံးချိုသွားကာ လင်းကိုလည်းမော့ကြည့်၏။ ဒီလောက်အထက်တန်းကျ ပြီး သန့်စင်ချောမွေ့နေတဲ့မိန်းကလေးကို မင်းမြင်ရဲ့လားဆိုသည့် အကြည့် မျိုးပါ။ ဒါပေမယ့် လင်းရဲ့အကြည့်တွေမှာပျော့ပျောင်းညှံ့သက်ခြင်း မရှိ တာကိုမြင်လိုက်ရပြီး.. ၊

"သား..မေမေပြောတာကိုမမေ့နဲ့နော်.."

ခပ်ကြိတ်ကြိတ်သတိပေးလိုက်ပြီးမှ ပြုံးချိုစွာဖြင့်.. ၊

"သမီးရောက်လာပြီလား..အန်တီခင်တို့ရော.."

"လာမှာအန်တီ..ရှင်ကတမင်စောစောထွက်လာခဲ့တာ.."

"ဟုတ်လား..သမီးဘာစားမလဲ၊ ထမင်းကတော့ လူစုံမှစားကြမေ လေ..အပူသောက်မလား အအေးတစ်ခုခုလား.."

ရှင်က မှုန်ကုတ်ကုတ်ဖြစ်နေသည့် လင်းမျက်နှာကိုပဲကြည့်နေကာ..

"ဟင့်အင်း..ရှင်ကကိုကိုနဲ့ စကားပြောချင်လို့.."

ဟင်.. ၊

နှစ်ယောက်တည်းမထားချင်ပေမယ့် ရှင်ကပြောလိုက်တော့ မထား ချင်လို့ မရတော့ပေ။

"အင်း..ကောင်းသားပဲ၊ သမီးတို့ဧည့်ခန်းမှာပြောကြလေ..သွားလေ သား၊ မေမေမီးဖိုထဲမှာ လိုအပ်တာလေးတွေ ပြင်ဆင်လိုက်ဦးမယ်.."

ထွက်လာခဲ့ရပေမယ့် စိတ်ကမဖြောင့်။ မဖြောင့်ပေမယ့်လည်း မ တတ်နိုင်.. ၊

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၅)

ခေါ်ရီလင်းထွက်သွားတာနှင့် ညှော်ခန်းကိုသွားနေသည့် ရှင့်လက်ကို လင်းကနောက်ကနေ ဆွဲလှည့်ယူလိုက်ကာ.. ၊

"ဒီညနေထမင်းစားဖိတ်ရတဲ့အကြောင်းကို မင်းသိလား.."

"သိတယ်လေ..ကိုကိုလည်းသိတယ်မဟုတ်ဘူးလား.."

"ပြန်မမေးပါနဲ့..ငါမေးတာပဲဖြေ၊ အဲ့ဒါမင်းဖြစ်ချင်တာတွေလား..လူကြီးတွေအားကိုးနဲ့ မင်းငါ့ကိုအနိုင်ပိုင်းဖို့ ကြိုးစားတာ.."

"ဘာကိုအနိုင်နဲ့ ပိုင်းရမှာလဲ.."

ရှင်က သူဖိဆုပ်ထားသည့်လက်ကို ဖယ်ချပစ်လိုက်ပြီး.. ၊

"ကိုကို့ကို ရှင်လိုချင်တယ်..ဒါပေမယ့် လူကြီးတွေကိုရှင်ပြောခိုင်းဘာမဟုတ်ဘူး.."

"မင်းတစ်ခုခုမပြောဘဲ ဒီကိစ္စဖြစ်လာစရာအကြောင်းမရှိဘူး၊ရှင်ထိပ်ထား..အိမ်ထောင်ရေးကို ဘာမှတ်နေလို့လဲ၊ ဒါပြိုင်ဆိုင်အနိုင်လုစရာမဟုတ်ဘူး..ငါလိုချင်တာကို ငါရအောင်ယူနိုင်တယ်ဆိုပြီး ဂုဏ်ယူစရာကောင်းတဲ့ကိစ္စလည်း မဟုတ်ဘူး၊ မင်းကမိန်းကလေး ယောကျ်ားတစ်ယောက်ကို.."

"အို..မသိဘူး၊ မိန်းကလေးမို့မျိုသိပ်နေလိုက်ရင် ကိုကိုကချစ်လာမှာမို့လား..ယောကျ်ားတစ်ယောက်ကိုယူဖို့ နည်းနာနိယာမတွေရှာရှိလို့လား ဘယ်လိုပုံစံနဲ့ပဲလက်ထပ်လက်ထပ် ကိုကို့ကိုရှင်ပိုင်ရရင်ပြီးတာပဲ.."

"ဘာပြောတယ်.."

"ကိုကိုနော်.."

သူ့ရှေ့တိုးလိုက်တော့ ရှင်ကနောက်ဆုတ်သည်။ သို့သော် နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



လေးကို ကိုက်၍ မျက်လုံးချင်းဆုံနေကြည့်ပုံက စိန်ခေါ်နေသည့်အတိုင်း

"တောက်.."

ဒီကောင်မလေးဦးနှောက်ကောင်းသေးရဲ့လား..။တက်ခေါက်ခ
မယ့် မိန်းကလေးဖြစ်နေသည့် တစ်ဖက်သားကိုဒေါသထွက်တိုင်း ခေါ
ချလိုက်ဖို့က ခက်နေသည်။ သို့သော် အဆင်ပြေပြေထွက်သည့်ဒေါသ
တာ ရှိလို့လား.. ၊

အထူးသဖြင့်နှစ်ပေါင်းများစွာတည်းက တနင့်တပိုးအနိုင်ပိုင်း ခ
ဆိုလာခဲ့သည့် ဒီမိန်းကလေးအတွက် သူ့ရင်ထဲမှာအဆင်ပြေနိုင်ေ
ရှုထောင့်ဆိုတာ ဘယ်နေရာမှာမှမရှိပေ။ မျက်နှာမြင်လိုက်တည်းက
ကို 'ငလင်း'လို့ ခေါ်သည်။ ထိုစဉ်ကဆို သူမလေးကဂါဝန်လေးကား
နဲ့ ဖုဖုသေးသေးလေး ကိုယ့်အသက်ကိုယ့်အရပ်က သူမအထက်မှာ
ကြည့်ရအောင်မိုးနေတာ.. ၊

"ငလင်းမို့ငလင်းလို့ ခေါ်တာ.."

"နင့်ကိုငါ့အတွက် အဖော်လိုလို့ လာခေါ်တာ.."

"မလိုက်ချင်လို့မရဘူး..ငါ့ကိုစောင့်ရှောက်ဖို့.."

"ဒီအရုပ်လေးက နင်..ဒါလေးကငါ၊ နင်နဲ့ငါကြီးလာရင် အဲ့လို
မှာသိလား.."

"ဘာလို့မရရမှာလဲ..ငါလိုချင်တာအကုန်ရတယ်၊ နင့်ကိုငါဝယ်မှာ"

သူဘယ်တော့မှမမေ့ခဲ့သော စကားတွေဖြစ်သည်။ အကောင်လေး
ငယ်ငယ်နဲ့ ပြောသွားသည့်စကားတွေက အာဏာရှင်ဆန်သည်။ မိန်း
လေးမတန်မယ့် ရှက်ကြောပြတ်နေတဲ့ကောင်မလေးလို့ အဲ့ဒီကတည်းက
တွက်ခဲ့မိတာ.. ၊

မေမေပြောတော့ ကလေးပဲရှိသေးတာတဲ့။ ဒီစကားတွေတောင် ပြေ
ရမှန်းသိနေတာ မပြောအပ်တာတွေကျမှ မသိတော့တာလား..ရှင်ထိပ်
ဆိုသည့်နာမည်ကို ဘယ်အချိန်ဘယ်နေရာမှာကြားကြား သူမလေး
တဲ့စကားတွေကအစ ရုပ်လုံးရုပ်ကြွများနှင့် ပြန်ပေါ်လာတတ်သည့်
လွန်းလို့တော့မဟုတ်.. ၊

"ဟော့.ဒါကဘယ်လဲ.."

"အား.."

ရှင်က အထဲပြန်လှည့်သည်နှင့် လင်းကလက်ကိုပြန်ဆွဲထားလို

www.burmeseclassic.com


"မင်းနဲ့ငါဆွေးနွေးနေတာလေ.."
"အို..မဆွေးနွေးနဲ့တော့၊ ကိုကိုနဲ့မပြောချင်ဘူး.."
လက်ကိုပြန်ဆွဲရုန်းရင်း နာလည်းနာနေပြီမို့ ရှင့်မျက်နှာလေးမှာ ဒေါသရော နာကျင်တာတွေပါရောထွေးလျက်.. ။
"ကိုကိုလွှတ်နော်.."
"မပြောချင်ဘူးဟုတ်လား..အဲ့ဒီကောင်ကိုမင်းရအောင်ယူဖို့ ကြိုးစားတာလေ၊ မပြောချင်မဆိုချင်ရင် ကင်းကင်းနေပါလား.."
"ကင်းကင်းမှမနေနိုင်တာ..ကိုကိုသိပ်မကြီးကျယ်နဲ့သိလား၊ ကိုကို့ကို ကမ်းလှမ်းတာမဟုတ်ဘူး..ကိုကို့မေမေက ဘွားကိုစပြောတာ ရှင့်ချေးမတော်ပါရစေတဲ့.."
"ဟား.."
စိတ်ပျက်ခြင်းမှာလဲ သတ်ပစ်လိုက်ချင်စိတ်ကပိုဆောင်း၏။
"မင်းလိုမိန်းကလေးကိုငါက..ဟုတ်လား.."
ရှင့်ရဲ့နှုတ်ခမ်းလွှာတွေ တင်းကျပ်စွာပိတ်နေရာကနေ လျော့ရဲလျော့သွားသည်။ အံ့သြသွားသည့်မျက်ဝန်းတို့က လင်းမျက်နှာကိုငေးခနဲကြည့်သွား၍.. ။
"ဟုတ်တယ်..ဘွားကိုအန်တီရီဖုန်းဆက်ပြီး.."
"ဩော်..ဩော်.."
ယောကျာ်းဖြစ်ရသည့်ဒုက္ခက မိန်းကလေးတစ်ယောက်အပေါ်နိုင်စီး နင်းချိုးဖွဲ့ချပြောလိုက်ပြန်လည်းမကောင်း.. ။
"အေး..အဲ့ဒါဆိုလည်း ခုပြောမယ်၊ မင်းကိုမေမေဘာတွေသဘောကျသလဲ မသိပေမယ့် ငါကတော့လုံးဝပဲ မင်းကို.."
"ယူမယ်..ဘယ်သူပြောပြောဂရုမစိုက်ဘူး၊ ကိုကိုကမချစ်လည်းဖြစ်တယ်..မယူချင်ဘဲခေါင်းညိတ်တာဆိုလည်း ရတယ်..ရှင်ကဒါလိုချင်ရင် အစားထိုးပေးလည်းမရဘူး..နောက်ထပ်ပြောင်းလဲပြင်ဆင်ချက်လည်း မလုပ်ဘူး.."
ပြောနေရင်း ရှင့်မျက်ဝန်းထောင့်လေးတွေ နီလာသည်။ လှုပ်ခတ်သည့် နှုတ်ခမ်းသားလေးတွေပါ နီရဲလာခဲ့လျက်.. ။
"ကိုကို..ကိုကိုလွန်လွန်းတယ်သိလား.."

www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါလေးနှင့် လက်ညှိုးထိုးလာပုံက ကတုန်ကယင်.. ။

"ကိုကိုအမြဲတမ်း ရှင့်ကိုဆိုရန်သူအတိုင်းပဲ..ရှင်ဘာမှမလုပ်ရ
ဟိုတုန်းတည်းက ရှင့်ကိုစကားပြောရင် ရက်ရက်စက်စက်.."

"ရက်စက်ချင်အောင် မင်းကရောဘယ်လိုပုံစံရောက်လာခဲ့တာ
ပြန်တွေး.."

လင်းက ဟွန့်ခနဲမဲ့၍ ခပ်နွဲ့နွဲ့ခါးထောက်၏။

"ဒါတွေမင်းရင်ထဲမှာလည်း ရှိနေတယ်ဆိုတော့ မင်းနဲ့ငါပြောခဲ့
တွေကိုလည်း မမေ့သေးဘူးပေါ့.."

သူစိုက်ကြည့်နေသလို ရှင်ကလည်းပြန်ကြည့်နေခဲ့သည်။

"ပြောပါဦး..မင်းငါ့ကိုဘယ်လိုစိတ်ကူးတွေနဲ့ ခုထိပြေလည်မယ်
နေရတာလဲ၊ ဟိုအရင်ကကလေးမို့ ပြောခဲ့တယ်ဆိုရင်တော့ မင်းကက
အရွယ်ပေမယ့် ငါမင်းထက်အသက်ကြီးတယ်.."

"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လဲ..ကိုကိုပဲဆက်ပြောစမ်းပါ.."

"မင်းကိုငါမေးနေတာလေ..ဟိုတုန်းကပြောခဲ့တဲ့ စကားတွေကို
မှတ်မိနေသေးရင် ခုထပ်ပြီးဒီလိုပဲပြောမလားလို့ နည်းနည်းမှမတွေးမိ
လား.."

ရှင့်ရင်ထဲမှာအောင့်သွားသည်။ ကိုကိုမာနကြီးတာကို သူမသတိ
ရဖြစ်နေခဲ့သည်။ ခုကျတော့ မခံချင်စိတ်တွေရော သဘောကျမိတာ
ရော ကိုကို့ကိုဘာလို့ပိုင်ဆိုင်ချင်သလဲဆိုရင် အဖြေအတိအကျမသိ
မယ့် သူမကိုကို့ကိုရမှဖြစ်မည်။ အဲ့ဒါဘာကြောင့်လည်းမသိ.. ။

"မတွေးမိဘူး.."

ကိုယ့်အဖြစ်ကိုယ်တွေးရင်း ကိုကိုမုန်းစေမည့်စကားကိုပဲပြောဖို့
ဆင်လိုက်မိကာ.. ။

"ရှင်ကလှတယ်..အရမ်းလည်းချမ်းသာတယ်၊ ပညာမဲ့လည်းမဟုတ်
ဘူး..ကိုယ်ကျင့်သိက္ခာနဲ့ ဆွေဂုဏ်မျိုးဂုဏ်နဲ့.."

"အဲ့ဒီတော့.."

"ရှင့်ကိုလိုချင်တဲ့လူတွေမှ ဝိုင်းဝိုင်းလည်ပဲ.."

"အဲ့ဒီထဲမှာ လင်းရောင်ဖြာဆိုတဲ့ကောင် ပါမှာပဲလို့တွက်လိုက်တ
ပေါ့.."

ရှင့်နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။ အကြည့်စူးစူးလေး

www.burmeseclassic.com

www.burmeseclassic.com



အရွဲ့တိုက်ချင်သည့်စိတ်တို့ ထောင်းထောင်းထလျက်.. ။

"တွက်တာပေါ့..ဟိုတုန်းက လင်းရောင်ဖြာနဲ့ခု ဘာများကွာခြားနေလဲ၊ ကိုကိုကရှင့်ပိုက်နက်စည်းဝိုင်းထဲမှာပါပဲ.."

ဒေါသတွေဖြစ်လိုက်တော့ကိုကို..။ စူးစိုက်ကြည့်ပြီး ရှင့်မျက်ဝန်းတွေ စိန်ခေါ်နေသည်နှယ်.. ။

"မင်းရဲ့စည်းဝိုင်းထဲမှာရှိနေတယ်ဆိုရင်လည်း ငါကမင်းရဲ့သားကောင်မဟုတ်ဘူး..ဟိုအရင်ပြောခဲ့တဲ့အတိုင်း ထပ်ပြောမယ်၊ မင်းလိုမိန်းမလေးကို ငါဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူး.."

"ကိုကိုမလွန်ဆန်နိုင်အောင် ရှင်လုပ်နိုင်တယ်ဆိုရင်ရော.."

"လုပ်ကြည့်လေ..မင်းတောင်ပြောရုံရှင် ငါကလည်းစကားလုံးတွေနဲ့ပြီး ငဲ့ညှာနေမှာမဟုတ်ဘူး.."

ရှင်ထဲမှာ ဆတ်ဆတ်ခါသွားသည်။ ပြောတိုင်းဖြစ်ခဲ့သည့်မာနကြီးသသွေးတို့ကို ပွက်ပွက်ဆူစေလျက် အရှုံးမပေးနိုင်သည့်အတ္တစိတ်မှာ၍ ဘာဆိုဘာမှမမြင်ခဲ့တော့ဘဲ.. ။

"မာနတွေကြီးစမ်းပါကိုကို..အဲ့ဒီမာနတွေကိုရော ကိုကို့ကိုရော ရှင်ရအောင်ယူပြမယ်၊ အချစ်ကိုဖြစ်ဖြစ် ဘဝကိုဖြစ်ဖြစ် ငွေရှိရင်လိုချင်တာရတယ်..ကိုကို့ကိုရှင်ဝယ်မှာပါလို့ ပြောပြီးသား.."

"ရှင်ထိပ်ထား.."

ဒေါသံသည်နာကျင်ကြေကွဲမှုတွေ ထုံလွှမ်းနေသည်။ ဒေါသကြောင့်တက်ခါနေ၏။ ထိုခေါ်သံသည် လင်းရဲ့နှုတ်ဖျားမှထွက်ပေါ်လာတာမဟုတ်မှန်း သိလိုက်သည့်နောက်.. ။

မာမီ.. ။

ရှင်တစ်ကိုယ်လုံး တုန်ခါသွားမတတ်ဖြစ်လျက် နောက်ကိုဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။

"မာမီ.."

ဒယ်ဒီနဲ့မာမီအတူတူ ယှဉ်တွဲရပ်နေကြကာ ဘွားကတော့နောက်ကျမှဝိတ်ကိုအောက်ကိုဝင်လာ၍ ဘာမှကြားလိုက်ပုံမပေါ်.. ။

"ညည်း..ညည်းက.."

ဒေါသက်ထားဆွေရှက်သည့်စိတ်ကြောင့် သမီးဆီကိုတိုးသွားပေမဲ့ ခြေထောက်တွေကလှမ်းသည်မထင်။ ဦးမြတ်ထွန်းဝင်း၏မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com


တစ်ပြင်လုံးသည်လည်း နီရဲနေခဲ့ပြီး ရှင့်မျက်နှာလေးကိုသာ စိတ်ပျက်
ကွဲခြင်းတို့ဖြင့် စူးစိုက်ကြည့်လျက်.. ၊

"အမိုက်မ.."

"ညည်း..ငါတို့ကိုထည့်မတွက်ဘူးပေါ့၊ ညည်းမှာမိဘအုပ်ထိန်း
တွေ မရှိတော့ဘူးလား..အရှက်သိက္ခာနည်းနည်းလေးမှမရှိတဲ့မိန်းမ..
ဟာ.."

"ဖြန်း.."

"အား.."

"ထား.."

နောက်ထပ်တစ်ချက်လက်လွှဲလိုက်လျှင် ဦးမြတ်ထွန်းဝင်းက
လက်ကိုဖမ်းဆွဲထားလိုက်၏။ ပြီးတော့ ရှင့်ကိုအံကြိတ်ကြည့်ရင်း..

"ဒီလိုသမီးအတွက် ဒုက္ခရောက်မခံနဲ့..မင်းမကျန်းမာသေးဘူး..

"ဘာဖြစ်ကြတာတုံး..နေကြပါဦး.."

"ဘွား.."

"မသွားနဲ့.."

ဘွားကိုမြင်လိုက်တာနှင့် ရှင်ကခြေလှမ်းပြင်သည်။ ဒေါ်သက်ထား
ဆွေက အော်ဟစ်တားဆီး၏။ သို့သော် ဒေါသကြောင့်အသံကမထွက်

"မြေးကိုဘာဖြစ်လို့ ရိုက်တာလဲ..ညည်းတို့ကိုငါ့မြေးကိုရိုက်ဖို့
လာတာ မဟုတ်ဘူး.."

"မေမေသူ့ကို မခေါ်ပါနဲ့.."

ခင်ပွန်းဖြစ်သူလက်ထဲက ရုန်းထွက်ကာ ဒေါ်သက်ထားဆွေကဘွား
ကို ရှေ့ကဝင်ဖက်ထားလိုက်၏။ ပြီးတော့ မျက်ရည်တွေကျလာခဲ့လျ
"သမီးရှက်တယ်..ရှက်လို့သေသွားနိုင်တယ်မေမေ.."

ပြောနေရင်း ရှိုက်ငိုမိကာ.. ၊

"သမီးကိုမသေစေချင်ရင် သူ့ကိုထားခဲ့လိုက်ပါ.."

"ဘာလို့ထားခဲ့ရမှာလဲ..ငါ့မြေးကိုငါက.."

"ဟင့်အင်း..အရှက်မရှိတဲ့မိန်းကလေး၊ အဲ့ဒီယောကျ်ားကိုယ်
တဲ့.."

ဟင်.. ၊

ဘွားမျက်လုံးကြီးပြူးသွားသည်။ ပြီးတော့ စိတ်လှုပ်ရှားအံ့သြ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင်ရပ်နေသည့် လင်းရဲ့မျက်နှာကိုလှမ်းကြည့်မိသည်၊ ဒီကောင်လေးအချိုးမပြောင်းပါလား.. ၊

ဘွားနဲ့မျက်လုံးခြင်းဆုံတော့ လင်းမျက်နှာလွှဲပစ်သည်။ ထိုစဉ် ရှင်ကရင်း အိမ်ရှေ့ကိုပြေးထွက်သွားလေသည်။ ဒေါ်ရီလင်းအပေါ်ထပ်ကအမောတကောဆင်းလာခဲ့ပေမယ့် အားလုံးကပြီးဆုံးသွားခဲ့ပြီဖြစ်ကာ ထဲကိုပြန်ရောက်သွားကြပြီဖြစ်သည့် ဒေါ်သက်ထားဆွေတို့၏ ပုံရိပ်ကိုသာ လှမ်းမြင်လိုက်ရ၏။

"ဘာတွေဖြစ်ကုန်တာလဲလင်း..မမထားငိုသွားတာ မြင်လိုက်တယ်"

အိမ်ရှေ့ကိုပြေးကြည့်ပြီးမှ လင်းရှေ့ကိုပျာတီပျာယာပြန်လှည့်၍..။

"မင်းဘာတွေပြောလွှတ်လိုက်တာလဲ..ဘာတွေပြောပြီး စော်ကားပြန်ပြီလဲလင်း၊ ဟင်..ပြောစမ်း ငါ့ကိုပြောစမ်းမှန်မှန်.."

လင်းရဲ့လက်မောင်းတွေကို ဆွဲရမ်းထုရိုက်၍ ဒေါ်ရီလင်းအော်ပစ်မိသည်၊ ဆိုးဆိုးရွားရွားတစ်ခုခုဖြစ်ခဲ့ပြီကို နားလည်လိုက်သည့်နောက်..၊

"ကျွန်တော် သူတို့ကိုဘာမှမပြောဘူး.."

"မပြောဘဲငိုသွားတဲ့အထိ ဘာဖြစ်တာလဲ..မင်းနဲ့ရှင်လေးလား၊ ရှင်ကို ဘာပြောလိုက်သလဲလို့.."

"သူ့ကို လက်မထပ်နိုင်ဘူးလို့.."

"ကြည့်စမ်း.."

ဒေါ်သကြောင့် အသိစိတ်ထဲမှာမီးပွင့်သွားသည်။ ဒီလောက်အတန်ခံ့ထားရက်နဲ့.. ၊

"ပြောဦးဟယ်.."

"ဖြန်း.."

"အဲ့ဒါမိုက်ရိုင်းဦး..ဘဝင်မြင့်ဦး.."

ပါးနှစ်ဖက်ကို ရိုက်ပစ်လိုက်တာတောင် အားမရနိုင်။ စိတ်ရှိသက်ထုနက်ရိုက်ပုတ်ပစ်ရင်း မျက်ရည်ကျ၏။

သားသမီးတွေကြီးပြင်းလာကြတာ မိဘကိုခြေရာတိုင်းဖို့လား.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၆)

"ကိုကိုလင်း..သင်တန်းမှာမလုပ်တော့ဘူးလားဟင်.."

"ဘာဖြစ်လို့လဲ.."

"ကိုကိုလင်း အဲ့မှာစာချုပ်နှစ်စေ့သွားတာလားလို့.."

စိတ်ရှုပ်နေတုန်းမို့ အလုပ်ကိစ္စတွေလာမေးတော့ သူမဖြေချင်။ သင် တန်းမှာအချိန်ပိုင်း ဝင်ပေးနေတာကိုက ကိုယ်ရည်သွယ်ထားတဲ့ခြေလှမ်း မစခင် ဝင်ငွေရှိနေဖို့ပါ။ ဒီဘွဲ့ကိုယူထားခဲ့ပေမယ့် ဝါသနာပါတာက ပွားရေးပဲဖြစ်သည်။

"သမုက စပ်စုနေတာမဟုတ်ပါဘူး..ညနေတုန်းက ကိုကိုလင်းတို့ သနာတက်ကြတယ်လို့ ကြားတာလေ၊ သမုလည်းအေးဆေးမနေရ ဘူး.."

"ဘာ.."

ဒီစကားကြောင့် လေးကန်ပူလောင်နေသည့်စိတ်အတွေးတွေက ရှို့လွှတ်လိုက်သည့်မီးရှူးတစ်စနှယ်.. ၊

"ဘာတွေဖြစ်လို့လဲ.."

အိမ်မှာဖြစ်သွားပြီး ဟိုကိုပြန်ရောက်သွားကြတော့ သမုကိုဆက် နိုင်ရာမဲ့ခဲ့တာမျိုးလား..။ ထိုစဉ် မိုးဖွဲ့တွေကျလာသဖြင့် သမုကလမ်းပေါ် လှမ်းကြည့်ပြီး.. ၊

"သမုပြန်တော့မယ်..ညဘက်ကြီးလည်း တစ်ခါမှလမ်းမထွက်ဘူး တော့.."

"နေဦး..အခုဘာလို့ထွက်လာတာလဲ၊ ရှင်တို့နဲ့ဘာတွေဖြစ်ခဲ့သလဲ"

သမုက သူ့မျက်နှာကိုမျက်လွှာပင့်ကြည့်ပြီး ဘာမှမဖြေ။ အကို

www.burmeseclassic.com

www.burmeseclassic.com



လက်ပြတ်လေးပေါ်မှာ ခြည်ပါးအင်္ကျီဇာကျဲလေး ထပ်ဝတ်ထားလျက် သည့်ဆလင်းဘက်ခ်အိတ်က ပုံမှန်အပြင်ထွက်ရင်ကိုင်တတ်ကြ ည့် အိတ်မျိုးထက်သိသာစွာ ကြီးနေ၏။ အိတ်ကိုသူကြည့်လိုက်တော့ ကလည်း မလုံမလဲလိုက်ကြည့်သည်။ ပြီးတော့ စားပွဲပေါ်တင်ထား ည့်အိတ်ကို ပေါင်ပေါ်ယူထားလိုက်ရင်း.. ။

"အခု သမုအမေ့ဆီသွားမလို့.."

"အိမ်ပြန်မယ်.."

"ဟုတ်တယ်..သမုအဲ့ဒီမှာ ဆက်မနေသင့်တော့ဘူးထင်လို့၊ ပြီးတော့ ဒီထက်လည်း သည်းမခံနိုင်တော့ဘူး.."

သူမမျက်နှာလေး ငုံ့သွားပြီး ငိုသံပါလာ၏။ လင်းရင်ထဲမှာမီး ကကနေ မီးညွန့်တွေတဖျစ်ဖျစ် တဖောက်ဖောက်တက်လာကြ၏။ တွေဖြစ်ကုန်ပြီလဲ..။ ထပ်ပြီးလည်း မေးချင်စိတ်မရှိတော့ပေ။ မေးပြီး ရော သူဘာလုပ်ပေးနိုင်သလဲ.. ။

သက်ပြင်းရှည်ကြီးနဲ့အတူ ခေါင်းငိုက်စိုက်ကျလေသည်။ သမုမျက် လေး ပြန်မော့လာကာ.. ။

"ကိုကိုလင်းတို့ဖြစ်ကြတဲ့ပြဿနာထဲမှာ သမုပါပါနေတာလားဟင်.. စ်လို့ သမုကတစ်ပြိုင်တည်း ပါရတာလဲ.."

"မိုးတွေရွာတော့မယ့်သမု..မင်းအိမ်ပြန်မယ်ဆိုရင် တို့ကားငှားပေး မယ်.."

သမု လင်းမျက်နှာကိုစူးစိုက်ကြည့်မိသည်။ စားပွဲပေါ်မှာ ဘီယာတစ် ခွင့် ပင်လင်စာချဉ်စပ်သုတ်တစ်ပွဲရှိနေသည်။ ဘီယာကအနည်းငယ် နေခဲ့ပြီး အသုတ်က တို့ထိထားပုံမရှိ.. ။

"ကိုကိုလင်း ဒါတွေသောက်တာ အန်တီကကြိုက်ပါ့မလားဟင်.."

"ဘယ်ကြိုက်မလဲ.."

"သမုလည်း ကိုကိုလင်းအဲ့လိုလုပ်လိမ့်မယ်လို့ မထင်ခဲ့ဘူး.."

လင်းက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး မျက်နှာကိုဖိပွတ်ပစ်သည်။ တစ်ငုံနှစ် က်ပဲ မြည်းစမ်းရသေးသည်။ ခေါင်းထဲမှာ ရီဝေဝေထွေနေပါပြီ။ ပြောချင်စိတ်လည်းမရှိ။ ဘယ်လိုအရာကိုမှလည်း စိတ်မရှည်နိုင်ဘဲ.

"မိုးရွာနိုင်တယ်..တို့အကျီဆောင်းသွားလိုက်.."

ပြောပြောဆိုဆို နက်ပြာရောင်အဖြူရစ်နှင့် ခေါင်းစွပ်ပါသော ဆွယ်

www.burmeseclassic.com

www.burmeseclassic.com



တာလက်ရှည်ကို ရင်ဘက်စေ့ဖွင့်၍ ကိုယ်ပေါ်ကနေချွတ်လိုက်သည်။ ပြီးတော့ လုံးထွေးကိုင်လိုက်ပြီး သမုကိုပေး၍.. ။

"ရော့လေ.."

"ကိုကိုလင်းက သမုမေးတာတွေ မဖြေချင်လို့လားဟင်.."

သူခေါင်းညိတ်လိုက်တော့ သမုမျက်နှာလေးပျက်၏။ ထို့ပြင်..

"ဟုတ်တယ်..စိတ်ကိုကမကြည်တာ၊ မင်းကိုလည်း လိုက်ပို့ချင် မယ့် အဲ့ဒါတွေကြောင့် ခုလိုရှုပ်ကုန်တာဆိုတော့.."

သူခေါင်းခါလိုက်ရင်း.. ။

"မဖြစ်ဘူး..ဆောရီးပါ.."

သမုက အင်္ကျီကိုယူလိုက်ကာ.. ။

"သမုနဲ့ကိုကိုလင်း နောက်ထပ်ဆုံဖြစ်ပါ့ဦးမလားတောင်မသိဘူး ဒီအင်္ကျီကို.."

"ရတယ်..မဆုံရင်မပေးနဲ့တော့လေ၊ ယူပါ..လိုက်မပို့နိုင်တာကို မင်းနားလည်ပေး..အိုခေ.."

သမုရင်ထဲမှာ 'အိုခေ'မနေသည့်အတွက် သူ့ကိုခေါင်းညိတ်မပြနိုင် လမ်းမကြီးဘေးက စားသောက်ဆိုင်မှာ လှမ်းကြည့်လိုက်တာနှင့် လင်း မြင်ရသည်။ ပြီးတော့ စားပွဲထက်မှာဘီယာတွေနဲ့ ဖန်ခွက်ကြီးကိုလည်း မတွေ့လို့မဟုတ်။ ဒါပေမယ့် သူမသိချင်တာတွေရှိသည်။ ပြောပြချင် တွေလည်း ဒီနေ့မှမပြောရရင် ပြောခွင့်ကြုံဖွယ်မမြင်.. ။

ထို့ကြောင့် သူမဝင်လာခဲ့တာပါ။ ဒါဟာနောက်ဆုံးဆိုရင်တော့ သူမရင်ထဲက စကားတချို့ကို လင်းကိုသိစေခဲ့မည်။ ဒါမှလည်းသူမ လွတ် စွန့်ခွာရကျိုးနပ်လိမ့်မည်။

"ကိုကိုလင်းကို ဒါတွေသောက်နေတာမြင်ပေမယ့် သမုဝင်လာ တာကလေ မရှင်တို့နဲ့ကိုကိုလင်းတို့ ဘာဖြစ်ခဲ့တာလဲဆိုတာ သိချင် ပါ.."

လင်းရဲ့အကြည့်တွေ သူမထံနှေးကွေးသည့်နှုန်းဖြင့်ရောက်လာ မသောက်ဘူးသည့် မျက်နှာကနည်းနည်းပါးပါးမှိုချထားတာပေမယ့် ရောင်ဖျော့ဖျော့ပြောင်းနေခဲ့၏။ လှုပ်ရှားမှုတို့လေးလံနေသည့်မျက်တော ဖျားတို့က ခပ်စိုက်စိုက်။ ပြီးတော့ မျက်တောင်ဖျားတို့လှုပ်ခတ်သွား ဘီယာခွက်ဆီ ပြန်ရောက်၏။ ပြီးတော့မှပြုံးကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဟွန့်..သိပ်မသောက်ရသေးပေမယ့် မူးနေပြီထင်တယ်.."

"ကိုကိုလင်းနဲ့.."

"ဆောရီး..ကိုယ်မင်းကိုစကားပြောနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ အဲ့ဒါ ...ကို မပြောချင်ဆုံး.."

"သမုလည်းစပ်စုချင်လို့ မဟုတ်ပါဘူးကိုကိုလင်းရယ်..သမုလည်း ...အိမ်က ထွက်ချင်လာတဲ့အထိ သူတို့ရဲ့မုန်တိုင်းမိခဲ့ရတာပါ.."

နောက်ထပ် မျက်တောင်ဖျားတွေပင့်တက်လာတော့ သမုကမျက်လုံး ...ဆုံအောင် ကြည့်နေရင်း.. ၊

"ကိုကိုလင်းတို့ကို လက်ထပ်ပေးကြမှာလို့ သမုကြားလိုက်တယ်.."

"ဟုတ်တယ်.."

"အဲ့ဒါ.."

"ပျက်သွားတယ်.."

"သမုနဲ့သက်ဆိုင်နေလို့လားဟင်.."

လင်းက ခေါင်းခါလိုက်သည်။

"ဘာမှမဆိုင်ဘူး..မင်းအနေသာကြီးပါ.."

"ဒါပေမယ့် အခုသမုလည်း ဒုက္ခရောက်ရတာပဲလေ..အဲ့ဒါကိုကိုလင်း ...ဖြစ်တဲ့ကိစ္စကို သမုကစိတ်မဝင်စားရဘူးလား.."

သူမဇွတ်သိချင်နေတာမဟုတ်ပါ။ ဒါပေမယ့် ရှင်တို့အိမ်ကသူမ ...လာခဲ့သည့်ကိစ္စအပေါ် လင်းဘက်မှာဒီလောက်ပဲဖြစ်သွားတာကို နာ ...သွားမိသည်။ ဒီ့ထက်မေးသင့်သည်။ ဒီ့ထက်စိုးရိမ်ပူပန်သင့်သည်။ ...သင်တန်းတက်ဖို့ကိစ္စအပြင် မိသားစုအရေးတချို့ကိုပါ လင်းကပူပင် ...ရင်းပေးခဲ့ဖူးတာ။ ခုကျတော့ သမုအတွက်ခံစားပေးတာ ဒီလောက်ပဲ ... ၊

"မင်းကိုတို့ပြောပြီးပြီပဲသမု..မိန်းကလေးဖြစ်တဲ့အတွက် ကိုယ့်ဘဝ ...ရေးကလွဲပြီး မင်းဘာကိုမှအကြီးအကျယ် ခေါင်းထဲမထည့်ပါနဲ့လို့.."

"အဲ့ဒါတွေကပြီးသွားပြီကိုကိုလင်း..အခု သမုဘယ်လိုပဲ.."

စိတ်ရှုပ်ထွေးသွားသည့် လင်းရဲ့အမူအရာကြောင့် သမုစကားမဆက် ... တိတ်ကျသွားသည်။ လင်းကမျက်နှာကို လက်ဖဝါးတစ်ဖက်နဲ့ဖိ ...ရင်း ထိုလက်သည်ဆံပင်တွေကြားထဲထိ တိုးဝင်ဖိသပ်နေလျက်.. ၊

"မင်းနဲ့တို့ခင်ခင်မင်မင်ရှိနေတဲ့အပေါ်မှာ သူတို့တစ်မျိုးတစ်မည်ထင်

www.burmeseclassic.com



နေကြတာ..အဲ့ဒါကို မင်းကိုနေတတ်သလိုနေစေချင်တာ.."

"ကိုကိုလင်းရယ်.."

"ဒီလိုကိစ္စရှိတာကြောင့် မင်းကိုနှင်ထုတ်ပစ်တဲ့အထိ လုပ်မယ့်လူ မဟုတ်ဘူးသမု.."

သမုမျက်နှာလေးက အုံ့အားသင့်သလိုငေးသွားကာ.. ။

"ကိုကိုလင်းက သမုကိုသည်းမခံနိုင်ဘူးလို့ ပြောတာလားဟင်.."

"သည်းခံသင့်တာကိုပဲပြောတာပါ..အခုမင်းထွက်လာခဲ့တယ်၊ ကြ ကျွဲရင် နှုတ်လို့ရတယ်ဆိုပေမယ့် အရမ်းခက်ခဲတယ်ကွ.."

"သမုကလည်း ပြန်သွားဖို့စိတ်ကူးမရှိပါဘူး.."

"လူတိုင်းကတော့ ကိုယ့်ဘဝကိုယ်ရပ်တည်ဖို့ ကြိုးစားနေကြတာ ဒါပေမယ့် အခြေအနေအချိန်အခါဆိုတာ ရှိတယ်၊ ဥပမာ ဒီအခြေအနေ မင်းထွက်လာခဲ့တဲ့အတွက် တို့ဘာမှမကူညီနိုင်တော့ဘူး၊ တို့ဘက် လည်း.."

သူဆက်မပြောနိုင်တော့ပေ။ ရှင်ထိပ်ထားဆိုသည့်သူမအကြော ခေါင်းထဲရောက်လာတာနှင့် မူးနေတာကပိုမူးသွားသည်။ ရင်ထဲမှာ တ ကျပ်နေတာတွေက ဒေါသနှင့်နှစ်ရပ်ပေါင်း၏။

"ဟိုတုန်းကကိုကိုနဲ့အခု ဘာမှမကွာခြားပါဘူး.."တဲ့.. ။

"ကိုကိုက ရှင့်ပိုက်နက်စည်းဝိုင်းထဲမှာပဲ ရှိပါသေးတယ်.."တဲ့..

သူမ ဒီတိုင်းပဲအမြဲတမ်းပြောတတ်ခဲ့သည်။ ဟိုအရင်အချိန်က လူကြီးတွေက 'ကလေးနဲ့အပြင်လျှောက်လည်လိုက်စမ်းပါသားရယ်.. ပြောလိုက်တာနှင့်.. ။

"ငါ့ကိုကျောပိုးခေါ်.."

"ဘွား..ငလင်းကမပိုးဘူးတဲ့.."

"နင်ကငါ့ခိုင်းဖို့ပဲ..ငါခိုင်းတာလုပ်ရမှာပေါ့.."

"နင့်အိမ်စုတ်လေးက ငါတို့လမ်းထိပ်ကမီးကင်းတဲလောက်တော မကောင်းဘဲနဲ့များ..ဟာ ဟာ.."

"နင့်အမေခြုံတဲ့စောင်က ညစ်ပတ်လိုက်တာ..ငါတို့ခွေးတောင်ခွေ နဲ့ ဝွမ်းကပ်စောင်နဲ့သိပ်တာ.."

"ကိုကိုလို့ခေါ်ရမှာလား..သူကဖြင့် ရှင့်ကိုကိုလည်းမဟုတ်ဘဲနဲ့..

နှာခေါင်းလေးရှုံ့ပွပွ ခြေလေးဆောင့်၍ ခေါင်းခါတာကရှိသေးသ

www.burmeseclassic.com

www.burmeseclassic.com



သားနဲ့မလိုက်ဖက်သည့် စကားတွေကိုလည်း ပြောတတ်သည်။ က ဆိုပြီး ပြောခွင့်ရှိနေတိုင်း သူချည်းပဲအံကြိတ်ကျန်ခဲ့ရ၏။ ဘယ်လို ကောင်းမှားခဲ့ကြသည်တော့မသိ။ သူမလေးကို 'ငလင်း'လို့ ခေါ်ပြီး တက်လာတည်းက မုန်းခဲ့သည်။ စကားပြောတိုင်းကြည့်လို့မရ။ ဆင်းရဲ သူတွေဆို ရွံ့မဲ့ကဲ့ရယ်လွန်းတာများတော့ လူကြီးတွေပို့ချတဲ့ဝါဒတွေပဲ သည့် အတွေးကထပ်ဆင့်ဝင်ကာ ချမ်းသာတဲ့လူတန်းစာဆို ကြည့်မရ စိတ်က ရင်ထဲမှာဒဏ်ရာတစ်ခုလိုဖြစ်ခဲ့သည်။ ဒါတွေကကြာခဲ့ပါပြီ ပြန်တွေ့ကြတော့လည်း ဒီပုံစံအတိုင်း... ။

"ကိုကိုလင်း..."

"ဟင်.."

အံကြိတ်၍ငြိမ်သက်နေသည့်လင်းကိုကြည့်နေရင်း ဘာမှဆက်မ တော့ သမုကခေါ်လိုက်ပြီး..

"ကိုကိုလင်းမကျေနိုင်မှန်းသိပါတယ်..သမုကလည်း မျှော်လင့်လို့ တ်ပါဘူး၊ ကိုကိုလင်းကိုမြင်လိုက်တော့ မေးကြည့်ချင်တာနဲ့ဝင်လာခဲ့ သမုသွားတော့မယ်.."

ဆိုမှ လင်းကသူမမျက်နှာကိုကြည့်သည်။ ပြီးတော့ စိတ်ရှုပ်ထွေး မျက်ဝန်းတို့ဖြစ်သွားကာ.. ။

"မင်းအမေအိမ်မှာ ဘယ်လိုအန္တရာယ်ရှိနေတာ မင်းသိရက်နဲ့နော်..'

ဒါကိုစိတ်ပူပေးဖို့တော့ သတိရလာပြီမို့ သမုမချိတရိလေးပြုံးသည်။ သော် လင်းကဘီယာခွက်ကိုကိုင်လိုက်တော့ လန့်သွားကာ.. ।

"မသောက်ပါနဲ့တော့ ကိုကိုလင်းရယ်..ကိုကိုလင်းကကျောင်းဆရာ "

သူ့လက်ကိုဆွဲလိုက်မိသလိုဖြစ်ပြီးမှ သမုကမန်းကတန်းလက်ပြန် သည်။ လင်းကငဲ့ကြည့်လိုက်တော့ ရှက်ကိုးရှက်ကန်းလေး ငုံ့သွား

"မသောက်ပါနဲ့တော့..ခုတောင်ကိုကိုလင်းမျက်နှာက သိသာနေပြီ.."

"ဟွန့်.."

လင်းကပြုံးလိုက်ပြီး ဖန်ခွက်ကိုပြန်ကိုင်၍မော့၏။ တားကာမှ တမင် သည့်အတိုင်း။ ပြီးမှ.. ।

"ဆောရီး..မင်းကိုလိုက်ပို့ချင်ပေမယ့် အင်း..ဆောရီးကွာ.."

www.burmeseclassic.com

www.burmeseclassic.com



ဖန်ခွက်ကိုပြန်ချခြင်းနှင့်အတူ ခေါင်းပါငိုက်ခနဲကျ၏။ သမုနေ
ထရပ်လိုက်မိသည်။ ပြီးတော့.. ။

"သမုသွားတော့မယ်.."

"အင်း.."

နှစ်ယောက်ရဲ့အမေးအဖြေအဆုံးမှာ ဖုန်းသံမြည်လာသည်။ လင်း
မော့ကြည့်ပြီး.. ။

"ဖုန်းကိုင်လိုက်လေ.."

"မဟုတ်ဘူး..ကိုကိုလင်းဆီက.."

"ဟင်.."

ပြောလိုက်မှအိတ်ကိုစမ်းပြီး ဖုန်းထုတ်ယူလိုက်ကာ.. ။

"အဟွန်း.."

သူ့အသိစိတ်တွေ ကယောင်ချောက်ချားစခဲ့ပြီထင်၏။ ဖုန်းကို
ပြီးမှ.. ။

"ဟုတ်..မေမေ.."

"မင်းမေမေ့ကိုရွဲ့ပြီး ထွက်သွားတာလားလင်း.."

"ဟာ..မဟုတ်ပါဘူး၊ ကျွန်တော်.."

"ဘယ်လိုဖြစ်တာလဲအသံက မင်း..မင်း အခုဘယ်မှာလဲ.."

လင်းခေါင်းတစ်ချက်ကုတ်သည်။ ပြီးတော့ မေမေအနားမှာမရှိ
သိနေရက်နဲ့ ဖန်ခွက်ကိုတစ်ဖက်ရွှေ့လိုက်ရင်း ရယ်ဟဟနှင့်.. ။

"ကျွန်တော်ဆိုင်မှာ.."

"အရက်ဆိုင်မှာပေါ့.."

"မဟုတ်ပါဘူးမေမေရာ..လက်ဖက်ရည် မုန့်ဟင်းခါးကအစ
လုံးရတဲ့ဆိုင်ပါ.."

ဖုန်းပြောနေတာကို စိတ်ဝင်စားပြီးသမုရပ်နေမိကာ ပြီးမှနားထော
နေသင့်မှန်း သတိရ၍ နေရာမှခွာဖို့ပြင်၏။ သို့သော်.. ။

"ဟင်..ဘယ်လိုမေမေ.."

"ဟုတ်တယ်..မေမေတို့အိမ်ကထွက်တည်းက သူ့ကားထားခဲ့
ထားတို့ကားနဲ့ပါသွားတယ်ပဲထင်လိုက်တာ၊ အန်တီခင်တို့ကလည်း
ပြန်သွားတာပဲထင်ပြီး သူတို့လည်းပြန်သွားကြတာတဲ့..အိမ်ရောက်
လည်း ပြန်လာနိုးနိုးစောင့်နေရင်းနဲ့.."

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်း လက်ကနာရီကိုပင့်ကြည့်လိုက်ကာ.. ။

"စောပါသေးတယ်မေမေ..ပြန်လာမှာပေါ့.."

"မိုးချုပ်တဲ့အထိ မပြောမဆိုတစ်ခါမှ မနေဖူးဘူးတဲ့သား..အစ်ကို ...ထွန်းတို့ကလည်း ခရီးထွက်တော့မို့ ချက်ချင်းစိစဉ်နေပြီ၊ အန်တီခင့် ...စိတ်သောကဖြစ်အောင် မေမေမလုပ်ချင်ဘူး..ခုလိုဖြစ်ရတာ ဒီတစ်ခါပဲ ...ည်း မဟုတ်ဘူး၊ မေမေ့မျက်နှာကို မင်းတစ်ချက်လောက် ငဲ့ကြည့်ဦး ...င်း.."

တစ်ဖက်ကဘာတွေပြောနေမှန်းမသိပေမယ့် သမုနေရာမှခွာခဲ့မိ ...ည်၊ သူမကိုနှုတ်ဆက်သလို တစ်ချက်ခေါင်းညိတ်ပြကာ လင်းကနာရီ ...ကြည့်မိ၏။ သူ့ခေါင်းထဲမှာ ရီဝေဝေဖြစ်နေသည်။ ကိုယ်ခန္ဓာကိုက ...ကန်ထိုင်းမှိုင်းနေတာဖြစ်၏။ ပြီးတော့ ရှင်ထိပ်ထားတို့မိသားစုအ ...ကြီးနေတာ သူဘာလုပ်ပေးသင့်လို့လဲ.. လိုရောလိုလို့လား..။ သူမနဲ့ ...တ်သက်စရာ ဘာမှမရှိတော့ဘဲ.. ။

"သား..မေမေပြောနေတာကြားတယ်နော်.."

"ကြားပါတယ်..ဒါပေမယ့် သူတို့လူကြီးတွေက.."

"မမထားကပြန်သွားတည်းက အခန်းတံခါးပိတ်နေတာ ထမင်း ...င်ထွက်မစားဘူးတဲ့..သူတို့လင်မယား မင်းကိုကူညီခဲ့တာ ပုပ္ပနွေးနွေး ...သေးတယ်နော်လင်း၊ မင်းခုချက်ချင်း လိုက်ရှာပေးပါ..ဖုန်းခေါ်လိုက် ... ဒီဘက်ကအသံကြားတာနဲ့ ချပစ်တယ်တဲ့၊ မင်းဆက်သွယ်တာကို ...ချင်တာ.."

လင်းစိတ်တိုသွားသည်။ 'ခုလည်း ကိုကိုကရှင့်ပိုက်နက်စည်းဝိုင်းထဲ ...ပဲ'ဆိုတာကို သတိရမိ၏။ ကျေးဇူးကြောင့်ဖြစ်စေ လူကြီးတွေကိုငဲ့ ...စေ အကြောင်းကြောင်းဟာ ကိုယ့်ဘက်ကနိမ့်ကျနေလို့ပဲဖြစ်နေရ ... အနှစ်ချုပ်တော့ မလွန်ဆန်နိုင်ခြင်းသာ.. ။

ခင်းဘာလုပ်မှာလဲ.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၇)

ပေးထားသည့် ဖုန်းနံပါတ်အတိုင်းခေါ်တော့ သူမကမကိုင်။ ခေါ်
ဆော့ချ်ပို့လိုက်မှ..

...မင်းမာမီ အခြေအနေမကောင်းဘူး.. မင်းဘယ်မှာလဲ...

သူပို့လိုက်တာနှင့် မကြာခင်ပြန်ပို့၏။

...မာမီဘာမှမဖြစ်ဘူးရှင်သိတယ်..ကိုကိုက ရှင့်ကိုဘာလို့ဆက်သွ
တာလဲ...

...ဘာလို့ဆက်သွယ်တယ်ထင်နေလို့လဲ..မင်းမာမီနဲ့ ဒယ်ဒီကြော
ပေါ့..မင်းဘယ်မှာလဲ ငါလာခေါ်ရမလား..ဘယ်အချိန်ပြန်လာမှာလ

...မပြန်ဘူး..ရှင့်ကိုပါးရိုက်ထည့်လိုက်တာ ဘယ်လောက်နာသ
လား..ရှင်လုံးဝမပြန်ဘူး...

...မင်းမာမီ ဒုက္ခရောက်သွားလိမ့်မယ်...

...မရောက်ပါဘူး..မာမီကတိုက်တာအဆောင်အယောင်ထဲမှာ ထ
တယ်..ရှင်ကသာလမ်းပေါ်မှာ...

...မင်းကိုဘယ်သူလွှတ်လို့လဲ ရှင်ထိပ်ထား..မိဘကိုစိတ်ပူအောင်
ပြီး မင်းကြောင့် တစ်ခုခုဖြစ်သွားမှ ကျေနပ်မှာလား...

...မာမီဘာမှမဖြစ်ပါဘူးဆိုမှ ရှင်တစ်ခုပဲသိချင်တယ်..ကိုကိုရှ
တကယ်လက်မထပ်ဘူးလား...

ဒီမေးခွန်းမှာ သူဖြေရခက်သွားသည်။ မျက်နှာချင်းဆိုင်မေးနေ
တော့ အဖြေကတစ်ခွန်းတည်းပါပဲ။ ခုချိန်မှာတော့ သူမနောက်ထ
အဆက်အသွယ်ပါ ဖြတ်တောက်သွားရင်ခက်မည်။ နောက်ထပ်စိတ်
ဖွယ်သည့် ခုကျမှသူ့ဖုန်းမှာလည်း ဘက်ထရီအားကပြတ်လုပြတ်ခ

www.burmeseclassic.com

www.burmeseclassic.com


"ညီလေး ဘယ်ပို့ပေးရမလဲ.."

"ဟင်..အဲ ခဏလေးပါဗျာ.."

အိမ်ကထွက်လာတည်းက ကားမပါဘဲဒီတိုင်းလျှောက်ထွက်လာတာမို့ မေမေဖုန်းကြောင့် ရှင့်ကိုရှာဖို့တက္ကစီငှားခဲ့ရသည်။ ဘယ်မှာမှန်းလည်း မသိတော့ တက္ကစီပေါ်တက်လိုက်ခဲ့ပြီး ဘာမှလည်းမပြောနိုင်။ ထိုစဉ် ဒရိုင်ဘာလေးက ဖုန်းဆက်လာသဖြင့် ဝမ်းသာသွားကာ.. ။

"ဟော့..မြန်မြန်ပြော၊ ဒီမှာဖုန်းကဘက်ထရီမရှိတော့ဘူး.."

"ဘာပြောရမှာလဲ..ရှင် ကိုကို့ကိုမေးနေတာဖြေလေ.."

"ဒါအမေးအဖြေတွေနဲ့ပဲ ပြီးမယ့်ကိစ္စမဟုတ်ဘူး..ကျွတ် မင်းခုဘယ်မှာလဲ၊ မင်းနဲ့စကားပြောမယ်.."

"ကိုကိုလက်မထပ်နိုင်ဘူးပဲပြောမှာ.."

"ဘာပဲဖြစ်ဖြစ် နောက်ထပ်ဆွေးနွေးမှာလို့ပဲ သဘောထားလိုက်..မင်းဘယ်မှာလဲ.."

"ရွှေပုန်းညက်အိမ်ရာနားမှာ.."

"အိမ်ရာနားဆိုတာ နေရာပြောလေကွာ.."

"ကိုကိုအဲ့ကိုလာခဲ့ပေါ့.."

သူမဖုန်းချသွားလျှင် ဒေါသက်ထားဆွေတို့ကို အကြောင်းကြားလိုက်ရမလားလို့ တွေးလိုက်မိသေးသည်။ သို့သော် ကံကောင်းထောက်မစွာ ထိုနေရာအနီးကိုရောက်နေသဖြင့်.. ။

"ရပြီ..ရပြီ၊ ဒီနားမှာဆင်းမယ်.."

ဖုန်းကလည်း အားကုန်နေပြီမို့ ရှင်နဲ့မတွေ့ခင်လုံးဝပိတ်ကျသွားမှာ စိုးရသည်။ ကားပေါ်ကဆင်းလိုက်ကာမှ သူဘယ်လိုနေရာမှာဆင်းလိုက်မှန်း နားမလည်နိုင်ဖြစ်သွားမိသည်။ လမ်းမဘေးမှာပေမယ့် မှောင်မိုက်နေသည်။ လူလည်းပြတ်သည်။

ခမ်းလှမ်းလှမ်းမှောင်သည့်နေရာမှာ တက္ကစီတစ်စီးထိုးရပ်သွားတာ မြင်တော့ လှမ်းကြည့်မိသေးသည်။ ပြီးမှ မျက်နှာလွှဲကာ ရှင့်ကိုဖုန်းခေါ်လိုက်ရင်း.. ။

"ပြော..ငါဘယ်ကိုလာရမလဲ.."

"ကိုကိုက ရှင့်ဆီကိုဘာလုပ်ဖို့လဲ.."

"ဟား.. "

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကများနေသဖြင့် တက္ကစီခရှင်းပြီး ခဏစောင့်ပါဦးတောင် မပြော မိခဲ့.. ၊

"ရှင်ထိပ်ထား..ငါမင်းကိုစိတ်ပူလွန်းလို့ လိုက်ခေါ်နေတာမဟုတ်ဘူး နော်၊ အခု အိမ်ရာဝင်းထဲ ဝင်ခဲ့ရမှာလား..ဘယ်မှာလဲ.."

"ဘယ်ကိုမှမလာနဲ့တော့..ကိုကိုလာတာရှင့်ကို ကြိမ်းမောင်းနိမ့်ချ ပဲ.."

"ဟော့နေဦး..ငါ့ဖုန်းစက်ပိတ်သွားလိမ့်မယ်၊ မင်းဘာဖြစ်ချင်သလဲ ပြော.."

"ပြောပြီးသားပဲ.."

"အိုခေ..မင်းနဲ့တွေ့ရင် ငါဆုံးဖြတ်ထားတာကိုပြောပြမယ်.."

"အဲ့ဒါလည်းသိပြီးသားပဲ..တော်ပြီ၊ ကိုကိုနဲ့..အား.."

ဟင်..ဘာဖြစ်တာလဲ.. ၊

နားမလည်နိုင်စွာ ဖုန်းကိုပြန်ကြည့်လိုက်မိသည်။

"ဘာလုပ်တာလဲပြန်ပေး..ကိုကိုရေ ရှင့်ကို..ရှင့်ကိုဒီမှာ..လွှတ်လွှတ်.."

"ရှင်..ဘာဖြစ်တာလဲ.."

"လွှတ်လို့ပြောနေတယ်နော်..ကိုကို အား.."

ဖုန်းထဲမှာအသံကတိုးသွားသည်။ ပြီးတော့ ပျောက်မသွားဘဲ ကြား နေရသေးသည်။

ဒါ ဘာလဲ.. ၊

သူ့အတွေးထဲမှာ ဖျတ်ခနဲလင်းသွားကာ နောက်ကိုလှည့်ကြည့်လိုက် မိ၏။ အတော်အလှမ်းကွာသည့်နေရာမှာ မှုန်ပျပျအရိပ်လေးတစ်ရိပ်..

ရှင်ထိပ်ထားလား.. ၊

မဖြစ်နိုင်ဘူးလို့တွေးလိုက်မိပေမယ့် လင်းထိုနေရာကိုပြေးသွားခဲ့ သည်။ ရှင်ဆိုတာ လုံးဝသေချာသွားခဲ့သည့်နောက်.. ၊

"မင်း.."

ရှင်ကခေါက်မြင့်ဖိနပ်တစ်ရံကိုကိုင်ထားလျက် နက်ပြာရောင်ဂါဝန် လေးကို လက်တစ်ဖက်က'မ'ထား၏။ အတွန့်အဖတ်များနှင့်ဂါဝန် ကြီးနှင့် ဖြန့်ချထားသည့်ဆံပင်တွေကလည်းပွနေကာ ဘယ်လိုပုံပေါ် နေမှန်းတောင်မသိ။ ထိပ်လန့်ပြူးဝိုင်းနေသော မျက်ဝန်းတွေက သူ့ကို လိုက်မှ မျက်တောင်ခတ်ဖို့သတိရသွားပုံပေါ်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကြောင့် ရှင့်ပိုက်ဆံအိတ်ပါသွားပြီ..လိုက်တာမမှီတော့ဘူး.."

"ဘာ.."

"ဟုတ်တယ်..သူများလှမ်းခေါ်နေတာ ချက်ချင်းမှမလာဘဲ.."

"ရှင်ထိပ်ထား..မင်းရှူးနေလား.."

"မရှူးပါဘူး.."

"မရှူးရင် မင်းငါ့နောက်ကိုရောက်နေတဲ့ကိစ္စအရင်ရှင်း.."

ရှင်ကဖိနပ်ကိုင်ရင်း ဂါဝန်'မ'ထားရင်းဖြင့် သူ့နားကနေအလင်း ဆင်ပိုရသည့်ဘက်ကို လျှောက်ထွက်သွားသည်။ လင်းကသူမနောက်က ထပ်ပါသွားလျက်.. ၊

"ဟော့..မေးနေတာဖြေလေ၊ မင်းငါ့ကိုမြင်နေရတယ်မို့လား.."

"မြင်တယ်လေ..မြင်လို့လိုက်လာတာပေါ့.."

လိုက်လာတယ်ဆိုတာကို သူနားရှုပ်သွားသည်။ ဒီနေရာကိုသူ ရောက်လာတာ ခုလေးတင်.. ၊

"ဟိတ်..နေဦး.."

သူမနောက်ကိုလိုက်နေရင်း စိတ်မရှည်ဖြစ်လာကာ လက်ကိုဖမ်းဆွဲ ထားလိုက်ပြီး.. ၊

"ဘယ်ကိုသွားနေတာလဲ..မင်းကိုငါမေးနေတာ.."

"မီးရောင်အောက်ကျမှပြောမှာပေါ့..ဒီမှာမှောင်နေတာ တော်ကြာဟို ယောက်ျားနှစ်ကောင် ထပ်လာရင်ကိုကိုချတတ်လို့လား.."

လက်ကိုပြန်ရုန်းရင်း အော်လည်းအော်သေးသည်။ ထို့ပြင်မျက်နှာ ကလည်း ငိုမဲ့မဲ့လေးဖြစ်သွားခဲ့လျက်.. ၊

"ရှင်အလုခံရတာ နှစ်ခါရှိပြီ..ပထမတစ်ခါ အိမ်ကထွက်လာတည်း က လည်ပင်းကစိန်လော့ကတ်ဖြုတ်ခံရတယ်.."

သူ့လက်တွေလျှော့ရိလျှော့ရဲဖြစ်သွားစဉ် ရှင်ကဆောင့်ရုန်းပစ်လိုက် သည် ၊

"အာ့ကြောင့် ကိုကို့ကိုမြင်လို့ ကိုကို့နားမှာဝင်ထိုင်နေခဲ့တာ.."

"ဘယ်လို.."

ရှင်ကလည်း ငိုတော့မလိုဖြစ်နေကာ လင်းမှာလည်းနားမလည်နိုင် အောင်နေဆဲ.. ၊

"ကိုကို့ကိုဆိုင်ထဲမှာ တွေ့တယ်လေ..အာ့ကြောင့်.."

www.burmeseclassic.com

www.burmeseclassic.com



သူမလင်းနဲ့နီးနီးလေး ပုန်းနေဖို့ကြိုးစားခဲ့တာဖြစ်သည်။ အိမ်
မပြန်ချင်သည့်စိတ်က ကြီးစိုးနေပေမယ့် ညအမှောင်ကိုတော့ကြော
သည်။ မိုးချုပ်တဲ့အထိ ကားလည်းမပါဘဲ အပြင်မှာတစ်ခါမှမနေခဲ့ဘူး
ခုလိုအိမ်မသိဘဲ အိမ်နဲ့အဆင်မပြေလို့ လေလွင့်လာရတဲ့အဖြစ်မျိုးနဲ့လည်း
မကြုံခဲ့ဘူးပါ.. ။

ထို့ကြောင့်လင်းကိုမြင်လိုက်တာနှင့် တခြားကိုမသွားရဲတော့သည်
စိတ်က လင်းမမြင်အောင်လည်း ကာကွယ်နေရသေးသည်။ ကိုယ့်ရဲ့
မသားဟိုကွယ်ဒီကွယ် လုပ်နေတဲ့ပုံကြောင့်လားအစတည်းက အကြ
စည်နဲ့လိုက်နေတာလားမသိ။ ထိုင်နေသည့်သူမပေါ်ကို ခုံကိုခလုတ်တိုက်
ပြီး လဲကျသလိုဝရုန်းသုန်းကား မှောက်လျက်ပိကျလာပြီး.. ။

"ရှင့်လက်မောင်းတစ်ဖက်ပေါ်ကို ဆော့တွေမှောက်ကျကုန်တယ်
ဒါပေမယ့် စိန်ကြိုးပါသွားတာကိုလည်း ရှင်သိတယ်.."

ဒါပေမယ့် သူမထအော်လိုက်လျှင် ရှေ့ဆုံးစားပွဲမှာရှိနေသည့် လင်း
သိသွားမှာမို့မအော်နိုင်။ ထို့ပြင်ပခုံးကနေ ရင်ဘက်တစ်ခြမ်းထိပေကျံ
သည့် ဆော့တွေကြောင့်စိတ်သည်ဒုက္ခများသွားသည့်ပေါ်မှာ ဘယ်ဘ
ကိုမှ မရောက်ဖြစ်လိုက်ဘဲ.. ။

"အဲ့ဒါတွေဖြစ်ရတာကိုကို့ကြောင့်.."

ဒီတစ်ခါလင်းချက်ချင်းပြန်မချေပဖြစ်ဘဲ သူမမျက်နှာလေးကို အံ့
ရင်းဖြင့်.. ။

"စိန်ကြိုးတစ်ကုံးလုံးဖြတ်ယူသွားတာသိသိနဲ့တောင် ပါးစပ်ပိတ်
တယ်..မင်း.."

သူမသာအော်လိုက်ရင် ဆိုင်ထဲမှာဒီလူဘယ်လိုမှလွတ်အောင်
ခွင့်ရမှာမဟုတ်။ ဒါပေမယ့် ရှင်သိတာကျတော့လည်း ဒီလူကပျာပျာသ
တောင်းပန်ရင်း ဆိုင်နောက်ထဲပြန်ဝင်ပြေးသွားတာဖြစ်သည်။ လျှပ်
ပြတ်လှုပ်ရှားသွားပုံက ရှင့်အတွက်ပဲဆေးကြောသန့်စင်နိုင်အောင် တစ်
သွားယူပေးတော့မလိုလို.. ။

ထို့ကြောင့်လည်း လင်းကိုပုန်းကွယ်လိုခြင်း ကိုယ်မှာပေကျံအုံ
ကြားမှာ ရှင်ဇတ်တုတ်မေ့ကျန်ခဲ့ခြင်းဖြစ်၏။ သုံးသပ်လိုက်တော့ သူ
ခိုးချောင်ခိုးဝှက်လှုပ်ရှားမှုနှင့် ဆိုင်ရဲ့နောက်ပိုင်းဘေးပေါက်နဲ့ကပ်လျ
ထိုင်မိသောကြောင့် ဖြစ်ရခြင်းသာ။ ညဖြစ်နေခြင်းကြောင့် မကောင်း

www.burmeseclassic.com

www.burmeseclassic.com



အစီးရခဲ့တာလည်းဖြစ်၏။ လင်းစိတ်မကောင်းဖြစ်သွားပေမယ့် သူမပြော
တာတွေကို နားထောင်ရင်း မချင့်မရဲဖြစ်လာမိသည်။

"မင်းလုပ်ပုံတွေကိုကမဟုတ်တာ.."

"ကိုကိုပါးရိုက်ခံကြည့်ပါလား.."

"ခံရတာပဲ..မင်းပဲခံရတယ်မှတ်နေလား.."

ပြန်အော်မိပြီးမှ ကလေးဆန်သလိုဖြစ်သွားမှန်းသိကာ မျက်နှာပူသွား
သည်။ ရှင့်ထက်သူလေးငါးနှစ်တောင် ကြီးသေးသည်။

"လူကြီးတွေမင်းကြောင့် ဘယ်လောက်ဒေါင်ချာစိုင်းနေကြလဲသိ
လား.."

"မသိဘူး.."

"အေး..ခုသိပြီဆိုတော့ လိုက်ခဲ့.."

"မလိုက်ဘူး.."

လက်ကိုဖမ်းဆွဲလိုက်တည်းက ပြန်ရုန်းမှာကိုသိသည်။ ထို့ကြောင့်
ရုန်းလိုက်တာနှင့် ဖိဆွဲပစ်လိုက်သည်။ ရှင့်ကိုယ်လေးသူ့ပခုံးနဲ့လာ
တိုက်တဲ့အထိ ယိမ်းယိုင်ပါလာကာ.. ၊

"ကိုကိုနော်..အာ့ကြောင့် ကိုကို့နားမှာရှိနေပြီး ရှင်အသံမထွက်တာ.."

"နေပါဦး..မင်းငါ့ကို ဒီနေရာထိသွားခိုင်းပြီး ငါ့နောက်က.."

ပြောရင်း မျက်စိထဲမှာမြင်လာတာ သူ့ကားနောက်မှာရပ်သည့်
တက္ကစီ.. ၊

"မင်းတက္ကစီနဲ့လိုက်လာတာလား.."

"ဟုတ်တယ်.."

"အဲ့တက္ကစီသမားကရော ဘယ်လောက်ယုံရလို့လဲ.."

"တက္ကစီသမားကယုံရတယ်..ရှင်ပြောတဲ့နေရာမှာပဲ ချထားခဲ့တာ
ကိုသာ.."

"ဘာပြောတယ်.."

"ရှင်ကိုကိုနဲ့ပဲလိုက်မယ်..အိမ်ပြန်ပို့မယ်ဆိုလုံးဝပဲ.."

ပြောပြီးတာနှင့် အသည်းအသန်းရုန်းလေသည်။ ထိုအခါသူမကိုင်
ထားသည့် ဖိနပ်တွေပါလွင့်စင်ကျကုန်လျက်.. ၊

"ကိုကိုပြောတော့ ရှင့်ကို.."

"မင်းကိုငါလက်ထပ်ဖို့ဆိုတာ.."

www.burmeseclassic.com

www.burmeseclassic.com



"မထပ်ရင်ပြီးတာပဲ..လွှတ်နော်၊ ရှင်အော်လိုက်မှာ.."

"ရှင်ထိပ်ထား.."

"မခေါ်နဲ့..မလိုက်ဘူး.."

"မင်းကိုဘယ်သူက ဆူမှာမို့လဲ..ဘာကိုကြောက်နေတာလဲ.."

သူမပခုံးလေးနှစ်ဖက်ကို အမိအရဖမ်းဆုပ်ထားလိုက်ပြီး မျက်နှာလေးကိုစိုက်ကြည့်၍.. ၊

"မင်းကိုယ်မင်း ဘယ်အရွယ်မိန်းကလေးလို့ထင်နေသလဲရှင်ထိပ်ထား..အလကားအရှုးကွက်နင်းမနေနဲ့.."

"အရှုးကွက်ပဲနင်းနင်း တကယ်ပဲရူးသွားသွား ကိုကို့ကိုလိုချင်တာပြောတာ ဘာဖြစ်သွားနိုင်လဲ..ကိုကိုမာနကြီးလွန်းလို့ကို လိုချင်တာ၊ ဘူးဆိုလို့လိုချင်တာ..ကိုကိုလည်းငြင်းခွင့်ရှိတာပဲ ငြင်းလေ၊ ခုလည်း ရှင့်ဘာသာဆုံးဖြတ်လို့ရတယ်..ကိုကိုနဲ့မခေါ်ဘူးဆိုရင် ထားခဲ့လိုက်.."

"တောက်.."

သူရွဲ့လို့ပြန်ရွဲ့လိုက်ရင်တော့ ပွဲကကြည့်ကောင်းဦးမည်။ စိတ်လည်း အရိုင်းဆန်ချင်နေမိလျက်.. ၊

"မင်းကိုငါခေါ်သွားမယ်..တကယ်လိုက်ရဲတယ်ပေါ့.."

ရှုန်းနေသည့်ရှင့်လှုပ်ရှားမှုလေးတွေ ရပ်တန့်သွားသည်။ ငြိမ်သက်တိတ်ဆိတ်ခြင်းနှင့်နီးကပ်သော မျက်နှာနှစ်ခုကြားမှာ မျက်လုံးချင်းကြည့်မြင့်စွာ ဆုံဆည်းနေခဲ့လျက်.. ၊

"ဘာလို့မလိုက်ရဲရမှာလဲ.."

"မင်းကိုငါဘယ်တော့မှ ချစ်နိုင်မှာမဟုတ်ဘူးဆိုတာ ကြိုပြောမယ်.."

ရှင်က မျက်နှာလွှဲပစ်ပြီး ငြိမ်သက်နေ၏။

"ကိုယ့်ကိုမချစ်တဲ့ယောကျ်ားတစ်ယောက်နဲ့ အတူနေရတဲ့ဆင်းရဲခြင်းကို မင်းသိသင့်တာထက်ပိုသိအောင် ငါလုပ်မှာဆိုရင်ရော.."

ရှင်ကဟွန့်ခနဲ မဲ့လိုက်ပြီးမှလှည့်ကြည့်ကာ.. ၊

"မိကောင်းဖခင်သားသမီးဆိုတာ မယုတ်မာဘူး.."

"မိကောင်းဖခင်ကမွေးပေမယ့် မိမနိုင်ဖမနိုင်တွေမင်းမကြားဘူးလား..ခုသိရတော့မယ်.."

"ခြောက်လန့်မနေနဲ့ကိုကို..ကိုကို့ကိုရှင်ပိုင်ရရင် ရှင့်ဘဝမှာဘာမှလိုတော့ဘူး၊ ရွှေငွေစည်းစိမ်ခြွေရံသင်းပင်း ရှင်လက်မျက်တစ်ချက်တီး

www.burmeseclassic.com

www.burmeseclassic.com


ခန်ဆင်းလို့ရတယ်.."

သူမပခုံးတွေကို ခပ်ဖိဖိလှွတ်ပေးလိုက်ပြီး လင်းကခေါင်းညိတ်၍..
"မင်းလက်ဖျစ်တီးပေမယ့် ဘာပုံမှပေါ်မလာအောင်ငါလုပ်မှာ..အပြောကြီးမနေနဲ့.."

ရှင်ထိပ်ထားဆိုသည့်ကောင်မလေး ပြောတိုင်းယုံမှာမဟုတ်ပေမယ်..

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၈)

"ဘာပြောတယ်.."
"မင်းဘယ်လိုပြောလိုက်တာလဲလင်းရောင်ဖြာ.."
ဒေါ်သက်ထားဆွေမစားနိုင်မသောက်နိုင်ဖြစ်နေသည့်ကြားက သမီး ရဲ့မင်္ဂလာကိစ္စအတွက် ထွက်စီစဉ်ခဲ့ရသည်။ လူကခပ်ချောင်ချောင်မလှု တလှုပ်နှင့် ဆောင့်ခုန်ဖြစ်သွားသည့်ဒေါ်သက အဆမတန်.. ။
"ငါ့သမီးကိုတောခေါ်သွားမယ်ဟုတ်လား.."
"ဒီလိုပါ..ဒီလိုပါမမထားရယ်.."
"မပြောနဲ့မရီ..အဲ့ဒီလိုကိစ္စတွေ ဘာကြောင့်ဖြစ်လာတာကျွန်မ တယ်.."
"ထား..မင်းထိုင်နေပါ၊ မောင်မေးပါ့မယ်.."
"ဘယ်သူမှမမေးနဲ့..ငါမေးမယ်.."
ဘွားကခပ်လျော့လျော့ခြုံထည်ကို ပခုံးနှစ်ဖက်ပေါ်ထပ်ဆွဲတင်လို ပြီး ခါးမတ်မတ်ပြင်ထိုင်၍.. ။
"မင်္ဂလာပွဲကိုအကျဉ်းချုံးလိုက်တာနဲ့ပတ်သက်ပြီး သက်ထား စကားပြန်ရမယ့် အရေးကြီးအလုပ်ကိစ္စတွေအကြောင်း ငါတို့ရှင်းပြခဲ့ ပြီ.."
ဘွားရဲ့အကြည့်တွေက လင်းနဲ့ဒေါ်ရီလင်းမျက်နှာပေါ်မှာ ကူးလူး ခဲ့လျက်.. ။
"ဒီမင်္ဂလာကိစ္စကြောင့် တစ်မျိုးတစ်မည်တွေးပြီး ငါ့မြေးလေးနဲ့ရင်း ချေပတာမျိုးဆိုရင်တော့ ခုရှင်းမယ်.."
ဒေါ်ရီလင်းခေါင်းခါရင်း တစ်ခုခုပြောဖို့ပြင်မိသည်။ သို့သော် ဘွား

www.burmeseclassic.com

www.burmeseclassic.com



...တော့ဘဲ လင်းကိုလှည့်ကြည့်မိသည်။ လင်းက ဒေါ်ရီလင်းနဲ့မျက်...ချင်းဆုံပြီးမှ ရှေ့ပြန်လှည့်၍.. ၊

"အဲ့လိုမဟုတ်ပါဘူးဘွားခင်..ကျွန်တော်ကအစတည်းက ဝန်ထမ်းလ...အလုပ်ကို ဝါသနာမပါတာပါ၊ ပြီးတော့ပေါင်းကူးရွာကလည်း ရွာဆို...ယ့် တောကျတဲ့နေရာမဟုတ်ပါဘူး..အဲ့ဒီမှာ ကျွန်တော်တို့အိမ်နဲ့ဝိုင်း...ယ် အခုနောက်က နှစ်ဧကပတ်လည်မြေကွက်ကို ကျွန်တော်ဝယ်ထား...အတွက် အဲ့ဒီမှာစီးပွားရေးလုပ်ဖို့အစီအစဉ်က အစတည်းကရှိနေတာ..."

"ဒါဆိုမင်းသွားလေ..ငါ့မြေးကိုခေါ်သွားဖို့မလိုဘူး.."

"အဲ့ဒါသူ့သဘောပါ..ကျွန်တော်သူ့ကို လိုက်ကိုလိုက်ရမယ်လို့ မ...ပါဘူး.."

ဒေါ်သက်ထားဆွေကိုယ်ခန္ဓာ တောင့်ခနဲဖြစ်သွားသည်။ ဦးမြတ်...င်းက ဇနီးသည်လက်ဖဝါးကို ဖိဆုပ်သတိပေးရင်း လင်းကိုပဲစိုက်...ကြည့်နေ၏။

"မြေး..မြေးနဲ့လင်းလက်ထပ်ပြီးပြီပဲ၊ ဘယ်သူဘယ်မှာနေနေ လင်နဲ့...မယားဆိုတဲ့ပတ်သက်မှုက ရှိနေပြီးသား..အဲ့ဒီတော့.."

"ရှင်မနေခဲ့ချင်ပါဘူး.."

လင်းနှုတ်ခမ်းပြုံးသွားသည်။ ထိုနှုတ်ခမ်းကို ဒေါ်သက်ထားဆွေက ...အရဖမ်းကြည့်၏။ ကိုယ့်ချစ်သူကိုယ့်နောက်ပါလာမှာမို့ ကြည်နူး...သည့်အပြုံးမျိုးမဟုတ်ဘူးဆိုတာ သေချာသိနေသဖြင့် ရှက်မိသည်။ ပြီး...တော့ ဒေါ်သကတလိပ်လိပ်တက်လာသည်။ ဒီကောင်လေးရှင့်ကိုလိုက်ရှာ...သည်၊ ခိုးပြေးသွားသည်။ လာတောင်းရမ်းမည်ဆိုသည့် သတင်းတွေကြား...ရတည်းက ခံစားမိနေသည်။ ဒါတွေဟာဘယ်လိုမှ ရိုးရှင်းစွာပတ်သက်...မှု မဖြစ်နိုင်.. ၊

"ဒါဆို မင်းကိုအန်ကယ်လ်တစ်ခုအကြံပေးမယ်..ပေါင်းကူးရွာက ရန်...နဲ့လည်း သိပ်မဝေးဘူး၊ ပဲခူးအစွန်ပေမယ့် လမ်းပမ်းဆက်သွယ်မှု...လုံးနဲ့လည်း ငြိတယ်ဆိုတော့ မင်းပိုင်ထားတဲ့မြေဧကတွေမှာ.."

"စားပင်သီးပင်ပဲစိုက်မှာပါ.."

လူကြီးတွေမျက်နှာ ပျက်ကုန်ကြသည်။

"ကျွန်တော်ဝယ်ထားတာအဲ့ဘက်ခြမ်းကနေ အစိုးရသစ်တောပိုင်

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်နယ်မြေနားထိ အများကြီးပဲ..ဝယ်ခဲ့တန်းကတော့ ရည်ရွယ်
မရှိပါဘူး၊ အများကြီးဝယ်ဖြစ်ဖို့လည်း မဟုတ်ဘူး..ဒါပေမယ့်ရောက်
ဖြစ်တိုင်း အိမ်ခြေတန်းတွေက သူတို့ရဲ့နောက်ကျောခြမ်းကို ရောင်း
ပြီး ရင်းနှီးမြှုပ်နှံဖို့ ကြိုးစားနေကြတော့ အဲ့ဒါကိုဝယ်လိုက်ရင်းမြေက
သွားလို့ပါ..”

“ဒါဆိုမင်းပိုင်တာ ရှာတစ်ဝက်လောက်များရှိနေမလား..”

“အဟွန်း..အဲ့လောက်တော့မရှိသေးဘူးထင်ပါတယ်၊ ဒါ
မြောက်ထောင့်ကြက်လျှာစွန်းကနေ ရဲစခန်းနောက်ကွက်ထိတက်လာ
ရင်တော့..”

“နေပါဦး..မင်းတို့ရွာကဘာမှမလုပ်ဘဲ မြေတွေပဲရောင်းစားနေကြ
လား၊ အိမ်ခြေတန်းတွေရဲ့နောက်ကျောဆိုတော့ ဒါကကျူးမြေပဲ..
နောက်မှာရှိတာနဲ့ပဲ ရောင်းစားလို့ရတာမှတ်လို့..”

ဘွားကစိတ်ထဲဖြစ်လာရင်ဖြစ်သလို ထုတ်ပြောတတ်တဲ့သူ၊
ခွန်းကြောင့် လင်းကပြုံးပြရင်း.. ၊

“ရန်ကုန်မှာလိုကျူးကျော်အိမ်တွေ မြေတွေရှုပ်ရှုပ်ယှက်ယှက်
ဘူး..ကျွန်တော်လည်း မြေပုံမြေရာဇဝင်နားလည်လို့တော့မဟုတ်
ကိုယ့်ဇာတိရပ်ရွာကို တိုးတက်အောင်လုပ်ပေးချင်တာရယ်..ဟိုအ
ဒုက္ခပင်လယ်ဝေခဲ့ရတဲ့ အဲ့ဒီမြေမှာနောက်ထပ်တစ်ဖန် ပြည့်စုံစွာရှင်
ကြည့်မယ်ဆိုပြီးတော့ပါ..”

ဦးမြတ်ထွန်းဝင်းက ခပ်စူးစူးကြည့်၍.. ၊

“အဲ့ဒါကြောင့် သစ်ပင်တွေစိုက်မယ်ပေါ့..”

လင်းမျက်နှာကွက်ခနဲ ပျက်သည်။ ဒေါ်သက်ထားဆွေက ပင့်
ရှိက်ရင်း ဆုံးဖြတ်ချက်တစ်ရပ်ကို ချလိုက်ပြီး.. ၊

“ထားပြောစရာရှိတယ်..ပြောခွင့်ပေးပါ..”

ထားလို့ပြောလိုက်သဖြင့် သူ့ဆီကခွင့်တောင်းတာမှန်း ဦးမြတ်
ဝင်းသိသည်။ အားလုံးကလည်း ဒေါ်သက်ထားဆွေကို လှမ်းကြ
သည်။ ရှင်ကတော့ မာမီ့မျက်လုံးတွေသူ့ဆီရောက်လာသည်နှင့်
ခနဲဖြစ်သွားသည်။ ထင်သည့်အတိုင်း.. ၊

“သမီး..”

“ဟုတ်..မာမီ..”

www.burmeseclassic.com

www.burmeseclassic.com


သားအမိနှစ်ယောက် မျက်လုံးချင်းဆုံနေခဲ့ရင်း.. ၊

"မိဘဝတ္တရားအတိုင်း စီစဉ်ပေးခဲ့ပြီးပြီ..သမီးရဲ့ဂုဏ်သိက္ခာအတွက် ...ပါတယ်၊ ဒါပေမယ့်.."

ဒေါ်သက်ထားဆွေမျက်ဝန်းတွေက ဘယ်မျက်နှာကိုမှတည့်တည့်မ ...ဘဲ ဟိုလိုလိုဒီလိုလိုဝေ့သွားသည်။ ဒါပေမယ့် ဘယ်သူ့ကိုရည်ရွယ် ...နှ်း သူမပြောလိုက်သည့်စကားတို့အရ သိလိုက်ကြကာ.. ၊

"ဒီလိုမင်္ဂလာပွဲမျိုးကို မာမီတို့ကောင်းချီးမပေးနိုင်ဘူး.."

ရှင့်မျက်နှာလေးငယ်ကျသွားကာ ဒယ်ဒီ့ကိုအားကိုးတကြီးကြည့်၏။ ...ဘ်ယွန်းဝင်းက စိုက်ကြည့်နေပြီးမှ မျက်နှာလွှဲသွားခဲ့၏။ ကိုယ့်သမီး ...နှာပေါ်က ခံစားမှုတွေကို အကဲခတ်လိုက်တည်းက သူမဘာပြော ...မည်ကို ဘွားကလည်းခန့်မှန်းမိနေပါပြီ။ သို့သော်.. ၊

"သမီးနဲ့လင်းရောင်ဖြာဘယ်လိုကျိုးကြောင်း ညီညွတ်ခဲ့သည်ဖြစ်စေ ...လည်း အသိအမှတ်မပြုဘူး..မင်္ဂလာပွဲဆိုတာလည်း ဒီမိသားစုမှာ ...ဘူး.."

"မာမီ.."

"အခု သမီးကိုမာမီမေးမယ်..မာမီတို့နဲ့စင်္ကာပူလိုက်ခဲ့မလား လင်း ...ဖြာနဲ့လိုက်သွားမှာလား.."

"မာမီရယ်..ရှင်တို့မနက်ကမှ.."

"မနက်ကထိ မာမီဒီလိုမဆုံးဖြတ်သေးဘူး.."

"ဒါဆိုရင်သားက ရွာမှာနေမယ်လို့ပြောတာကြောင့်ပေါ့.."

ဒေါ်ရီလင်းမျက်နှာငယ်စွာ ရှင်းပြရင်း ဘွားကိုလည်းအကူအညီ ...င်းသလို လှမ်းကြည့်သည်။ ပြီးမှ.. ၊

"ဒီကိစ္စကို တစ်ယောက်နဲ့တစ်ယောက်ညှိနှိုင်းလို့ရပါတယ်မမထား ...လူငယ်တွေက သူတို့စိတ်ကူးကိုတင်ပြလာရင် ဝိုင်းဝန်းတည့်မတ် ...မှာပေါ့..သားကလည်း.."

ဘာမှဝင်မပြောသည့် သားကိုဒေါ်ရီလင်းမချင့်မရဲလှည့်ကြည့်မိ ...

"သားကလည်း နာခံမှာပါရှင်.."

ခုချိန်မှာလူကြီးတွေကျေနပ်ဖွယ် စကားတစ်ခွန်းလောက်ပင်နှုတ် ...က်လိုက်ရင် အားလုံးအဆင်ပြေသွားနိုင်သည်။ ဒါပေမယ့် လင်းက

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသည်ကောင်းသည် မှန်တာမှားတာဘာမှပြောလာမည့်ပုံမရှိ..

ဒေါ်သက်ထားဆွေတို့ကလည်း လင်းနေထိုင်ပုံကြောင့်ပဲ တ... စားနေရတာဖြစ်သည်။ ကိုယ့်သမီးကရယူဖို့ကြိုးစားခဲ့သည့်အဖြစ်ကို နဲ့ကြားခဲ့ရသည်။ မျက်လုံးနဲ့လည်းမြင်ခဲ့ရသည်။ ဒါတွေကိုရှက်လွှ... သမီးကိုအပါခေါ်ပြီး ပြန်ထွက်တော့ဖို့ပါ။ ခုကျတော့.. ။

သမီးကိုခိုးသွားသည့်လင်းရောင်ဖြာက မိသားစုထဲပြန်ပါ... သည်။ အရင်ကစာတည့်စုန်းကို မေမေကိုယ်တိုင်ရေးခဲ့သည်။ နောက်... တစ်မျိုးထွက်လာတော့ ဒေါ်ရီလင်းစီစဉ်ရေးသားခဲ့တာဖြစ်ပုံရ၏။ ... သူရေးရေး ကိုယ့်သမီးကပျော်ရွှင်စွာဦးဆောင်ကခုန်ချင်နေတာမို့ ... ထပ်ပေးခဲ့တာပါ။ သို့သော် အားလုံးဟာဒီတိုင်းရိုးရှင်းစွာမဟုတ်ဘဲ ... ဘက်က သိက္ခာတရားကိုချခင်းနင်းချေခံရဖို့ဖြစ်လာပြီဆိုရင်တော့..

"ရှင်လေး..မာမီမေးနေတာဖြေလေ.."

ရှင့်ကိုယ်လေး ဆတ်ခနဲဖြစ်သွားသည်။ လင်းကိုလည်းလှည့်ကြ... လိုက်သေးသည်။ လင်းရဲ့မျက်နှာပေါ်က မတုန်မလှုပ်ခိုင်ကြည်နေ... သည် မိဘနှစ်ပါး၏ မျက်နှာတစ်ပြင်လုံးကို ဖွေးဆုတ်သွားလိုက် ရဲ... လာလိုက်နှင့် ရှက်သွေးပြောင်းပြန်စီးကုန်ခဲ့လျက်.. ။

"အရှက်မရှိတဲ့မိန်းမ.."

ဒေါ်သက်ထားဆွေအသားဆတ်ဆတ်တုန်အောင်ဖြစ်ရသည့် ဒေါ... များနှင့် ထရပ်လိုက်စဉ် လူကယိုင်ခနဲဖြစ်၏။ ဦးမြတ်ထွန်းဝင်းကမန်း... တန်းထ၍ ဇနီးသည်ကိုထိန်းကိုင်ထားလိုက်ရင်း.. ။

"ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ရမယ်ထား..အဲ့ဒီပြဿနာတွေကို ... မရှင်းနဲ့တော့.."

ပြောရင်း အိမ်ထဲကိုတွဲခေါ်သွားခဲ့သည်။ ဒါပေမယ့် ဒေါ်သက်... ဆွေက နောက်ပြန်လှည့်ကြည့်လျှင် မျက်ဝန်းထဲမှာလက်ခနဲစင်ကျသွား... သည့် မျက်ရည်စက်တို့နှင့်.. ။

"ညည်း..ညည်းကအမြဲတမ်းငါ့သမီးပဲ၊ ဒါပေမယ့် အခုဒီအိမ်ပေါ်... နေ ထွက်သွားလိုက်တာနဲ့ ငါတို့ကိုညည်းရဲ့မိဘလို့မသတ်မှတ်နဲ့တော့..."

"မာမီနော်..ရှင့်ကိုအဲ့လိုမပြောသွားနဲ့.."

ရှင်ဆတ်ခနဲထပြီး အတင်းပြေးလိုက်သည်။ ဒေါ်ရီလင်းလိုက်ဆွဲ... မ မီပေမယ့် ဘွားကဖမ်းဆွဲထားလိုက်ကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"သူအရမ်းခံစားနေရတယ်..မြေးလိုက်သွားလည်း အဆင်ပြေမှာမဟုတ်ဘူး.."

"သမီးမငိုပါနဲ့ကွယ်..သမီးမာမီကို ဘွားရအောင်ရှင်းပြပါ့မယ်.."

ဘွားရဲ့မျက်လုံးတွေကတော့ မြေးကိုဖက်ထားကာ လင်းထံမှာစူးရဲရောက်နေခဲ့၏။ ရှင်ထံမှာငိုရှိုက်သံတို့သည် မြေးကိုမျက်နှာညိုမြခံသော ဘွားအေတစ်ယောက်၏ရင်တွင်းသို့.. ।

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၂၉)

"မင်းတစ်ခုခုဝင်ပြောသင့်တယ်သား..မင်းအရမ်းကို အေးစက်လွန်း
တယ်သိရဲ့လား.."

"တမင်နေတာမှ မဟုတ်ဘဲမေမေ..ကျွန်တော်ဒီတိုင်းရည်ရွယ်ခဲ့တာ
ပဲ.."

"မဟုတ်ဘူး..အဲ့ဒါမင်း.."

ဒေါ်ရီလင်းမခံမရပ်နိုင်ပြောရင်း နေရာမှထလာကာ အသံကိုထိန်း
လိုက်၍.. ၊

"ရှင်လေးကိုမင်းမကျေနပ်တာ ရှင့်ကိုခေါ်ထုတ်သွားချင်တဲ့စိတ်
အဲ့ဒီမြေကွက်တွေပေါ် ကျသွားတာ.."

"ဒီမှာပဲနေနေ..ဟိုကိုပဲခေါ်သွားသွား သူနဲ့ကျွန်တော်လင်မယားပါ
ယောက်ျားသွားတဲ့နေရာ ဇနီးမယားကလိုက်ရတာပဲမို့လား..သူကိုယ်တိုင်
ဒါကိုနားလည်လို့ မိဘငြူစုခံပြီးလိုက်ခဲ့တာ.."

ကြည့်စမ်း.. ၊

ကိုယ့်သားမျက်နှာကို သေချာကြည့်ပြီးအံ့ဩလို့မဆုံးဖြစ်ရတာ ဒီနေ့
ပထမဆုံးပဲထင်သည်။ မျက်နှာမှာအေးစက်မှုအပြင် ဒေါသဖြစ်နေတာ
စိတ်ပျက်တာ ပျော်ရွှင်တာဘာကိုမှ အကဲခတ်မရ။ ရှင့်ကိုသူခိုးသွားပြီး
တာ အကြောင်းကြားခဲ့ပေမယ့် ဒေါ်ရီလင်းမယုံနိုင်သည့်စိတ်ဖြင့် ထိုင်
မရ ထလို့အဆင်မပြေ.. ၊

ပြန်ရောက်လာတော့လည်း ရှင့်ကိုခေါ်လာပုံကအစိုက်မခံရဲ
လျှောက်ပတ်ပြေးနေသည့် ကလေးကိုပြန်ခေါ်လာတဲ့အတိုင်း.. ၊

"သားဘာတွေလုပ်လာတာလဲ..မင်းပဲပြောတော့ မေမေကရှာ

www.burmeseclassic.com

www.burmeseclassic.com


...တာတောင် ထားလိုက်ပါဆိုပြီး.."

"ဟုတ်တယ်မေမေ..ရှာနေရင်းနဲ့ခရီးလွန်သွားတော့ မထူးပါဘူးဆို ...တဲ့.. ။

မိန်းမရိုးသွားတယ်ဆိုတော့လည်း ပေါ့ပေါ့လေး။ အခုမိန်းကလေး ...နဲ့ ကတောက်ကဆဖြစ်လာခဲ့တာကိုလည်း မျက်နှာတစ်ချက်မှမပျက် ... ။

"အခု..ရှင်လေးရော.."

"ဝင်သွားတာပဲ.."

"လင်း..မင်းမေမေ့ကို လေးစားသမှုရှိသေးရင်.."

"လေးစားတယ်..ဒါပေမယ့်ဘာမှမတောင်းဆိုနဲ့တော့မေမေ၊ ကျွန် ...တည်ဆောက်ခဲ့တဲ့အိမ်ထောင်ရေးက ကျွန်တော့်စိတ်နဲ့မဟုတ်ဘူး.. ...အတွက် မေမေစိတ်ချမ်းသာအောင်လို့ပဲ၊ နောက်ထပ်ဆက်မယ့်ခရီး ...တော့ ကျွန်တော်ကိုယ်တိုင်ပဲဖြစ်ပါရစေ.."

မပြောဘဲနေတော့လည်းတစ်မျိုး ပြောလာတော့ဆုံးဖြတ်ပြီးသားအ ...အမာနှင့်.. ။

"မဟုတ်ဘူး..မေမေပြောချင်တာက မမထားတို့နဲ့မေမေတို့အခြေအ ... အရမ်းကွာတယ်လေ၊ မဂ်လာဦးညကိုတော့ သူတို့လက်ဖွဲ့ထားတဲ့ ...ကြီးမှာ.."

"လုံးဝမအိပ်ဘူးမေမေ.."

ဒေါ်ရီလင်းဘယ်လိုဆက်တိုးပြောရမှန်းလည်း မသိတော့ပေ။ ဒေါ် ...ထားဆွေတို့က ရှင်ကရန်ကုန်မှာနေချင်တယ် ပြောလာတည်းကရန် ...မှာတိုက်နဲ့ခြံ ဝယ်ခဲ့သည်။ ရှင်ကရောက်လာတော့ မကြိုက်ပါဘူးဆို ... လက်ရှိနေတဲ့နှစ်ထပ်တိုက်လုလုလေး ထပ်ဝယ်၏။

မြေးဘွားနှစ်ယောက်တည်းနဲ့ တိုက်ကနှစ်လုံးဖြစ်သွားခဲ့သည်။ ရှင် ...ထပ်လိုက်သည့်အတွက် အရင်ဝယ်ခဲ့သည့် တိုက်နဲ့ခြံကျယ်ကြီးကို ...ဖွဲ့ကြတာပါ။ ထို့ပြင်မင်္ဂလာဦးညအတွက် တစ်အိမ်လုံးတစ်ခြံလုံး ...ဆင်ဖို့ မလွယ်ကူသည့်ကြားက အဖျင်စီငှားပြီး တတ်နိုင်သမျှအလှ ...မ်းမံထားခဲ့သေးသည်။

"အဲ့ဒီအိမ်ကိုမလိုချင်ပါဘူး..မနေချင်ပါဘူးဆိုတဲ့စကား...မင်းဒီည ...လိုက်ဖို့မလိုဘူး၊ မထားကမကျန်းမာသေးဘူး..သူတို့လင်မယားနှစ်

www.burmeseclassic.com

www.burmeseclassic.com


ယောက်စလုံးရဲ့ကျေးဇူးလည်း မင်းအပေါ်မှာရှိသေးတယ်၊ ဒါတွေကို
ငဲ့ညှာရမှန်းသိရင် ဒီစကားကိုဘယ်အချိန်မှာ ပြောရမယ်ဆိုတာလည်း
လည်ရမှာပေါ့.."

"ကျွန်တော်ကလည်း အဲ့ဒါတွေကိုလက်ခံရမှာ ချေးထုပ်ခေါင်း
တင်ရမှာလိုပဲမေမေ.."

လင်းကလည်းပြောကာမှ ပိုတိုးနေသလိုနည်းနည်းမှမလျှော့

"အဲ့ဒီကောင်မလေးနဲ့ပတ်သက်မိခဲ့တာ အဲ့ဒါတွေကြောင့်..ဒီမင်္ဂလာ
ပွဲဖြစ်သွားခဲ့တာလည်း အဲ့ဒါတွေကြောင့်ပဲ၊ သူပြောတာမှန်သွားတယ်
ဖြစ်ချင်တာဖြစ်သွားတယ်၊ အဆုံးသတ်အဖြေက ငွေကြေးချမ်းသာ
တစ်စုရဲ့လက်အောက်မှာ ချို့တဲ့သူကကျရှုံးတယ်ဒါပဲ.."

"မင်းမှားနေပြီ.."

"မမှားဘူးမေမေ..နောက်ထပ်မမှားဖို့လည်း တော်တော်စဉ်းစား
မှာ..မေမေသွားနားပါတော့.."

ပြောပြီးတာနှင့် အထဲလှည့်ဝင်သွားသည်။ သားအမိနေဖို့တိုက်
က ပေနှစ်ဆယ်ငါးဆယ်မို့ အဆင်ပြေပေမယ့် ရှင့်လိုမိန်းကလေး
တွက် အလွန်မတန်ကျဉ်းကျပ်သေးနပ်နေသေးသည်။ ပြန်လာကြ
က ရှင်ငိုပြီးအထဲဝင်သွားတာ ပြန်ထွက်မလာခဲ့ခြင်းနှင့်ပတ်သက်၍

"သား.."

လင်းနောက်ကို ဒေါ်ရီလင်းပြေးဆွဲမတတ်လိုက်သွားမိကာ..

"နောက်ထပ်ပြီးရှင်လေးကို အရွဲ့တိုက်ဆူတာပြောတာတွေ ဆင်
စမ်းပါ..မင်္ဂလာဦးညဆိုတာ မငိုကောင်းပါဘူး.."

စိုးရိမ်ကြီးပြီး ပြောမိပြောရာတွေထွက်ကုန်လျှင် လင်းကပြန်ငဲ့
ပြီး ပြုံးကာ.. ၊

"ငိုနေတာခေါင်းအုံးတောင် မျောနေပြီလားမသိဘူး..အဲ့ဒါကျွန်
နဲ့ဆိုင်လို့လား.."

ရုတ်တရက်ငိုင်သွားပြီးမှ ဒေါ်ရီလင်းစိတ်တိုသွားသည်။

သင်းပဲ ရှာခဲ့တဲ့ပြဿနာအစအဆုံးကို မဆိုင်ဘူးလို့များပြော
သည်။ စိတ်ပျက်မိခြင်းသည် ကိုယ့်သားပါလားလို့ မကြေမချမ်း
နေရတဲ့အထိ.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၀)

"ဟိတ်..ရှင်ထိပ်ထား.."

"ဟင်.."

အအိပ်ဆက်သည့်အကျင့်က နာမည်ခေါ်လိုက်တာနှင့် သတိဝင်လာ ည်၊ ဒါပေမယ့် မျက်လုံးတွေကဖွင့်လို့မရ.. ၊

"ရှင်ထိပ်ထား.."

"ဟင်လို..သူများအိပ်နေတာကို.."

"ဒါအိပ်ချိန်မဟုတ်တော့ဘူး..ထ.."

"ထမယ်..မနက်စောစောထမယ်.."

"မရဘူး..ထဆိုထ.."

ကိုယ်ပေါ်ကစောင်ကိုဆွဲခွာချလိုက်မှန်းသိလျှင် ရှင်လူးလဲထသည်။ ာထတာတော့မဟုတ်ပေ။ စောင်ကိုအမိအရပြန်ဆွဲထားတာဖြစ်ကာ..

"ကိုကိုစိတ်ပုတ်လှချေလား..ရှင်တစ်ညလုံးငိုထားရတာ.."

"မင်းကိုဘယ်ဧယင်ကျူးက ငှားလိုက်လို့လဲ.."

ဟင်.. ၊

ဖန်စပ်နေသည့်မျက်လုံးတွေ ဖျတ်ခနဲပြူးကျယ်သွားသည်။ ကိုယ်က တွေကြောင့် ငိုနေရတာကိုပြောလိုက်တာကကြည့်စမ်း... ၊

"ကိုကိုမာမီတို့ကို ပြောလိုက်တာပေါ့လေ.."

လင်းရဲ့မျက်ခုံးနှစ်ဖက် ဆတ်ခနဲမြင့်တက်သွားသည်။

"ဧယင်ကျူးတယ်ဆိုတာကို သိနေတာလား..ဟွန်း ငါကမင်းရဲ့နော ရှုကို အထင်သေးသွားတာ.."

သူတကယ်ပါ။ နယ်ပိုင်းခလေ့တွေထိ သူမသိထားခဲ့မိမယ်မထင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



မိတာအမှန်။ ရှင်ကတော့ သူ့ကိုစူးစူးစိုက်စိုက်လေးကြည့်ပြီး မျက်ရည်ေ
ဝေ့နေ၏။ ပြီးတော့ စောင်ကိုလုံးထွေးကိုင်ပြီး ခြေရင်းမှာဖြစ်သလိုပုံ
လိုက်၏။ ပြီးမှ ကုတင်ပေါ်ကဆင်းလျှင်.. ။

"ဟော့..မရဘူး၊ ကိုယ့်အိပ်ရာကိုယ်သိမ်း.."

"မသိမ်းနိုင်ပါဘူး..ပြီးရင်.."

မိသဲလာသိမ်းမှာပေါ့လို့ ပြောမိအံ့ဆဲဆဲ.. ။

"စောင်ကိုပြန်ကိုင်.."

ရှင်မျက်လုံးကျိန်းနေသည်။ အိပ်လည်းအိပ်ချင်နေသေးသည်။ စ
ပွဲပေါ်ကနာရီကို ပြန်ကြည့်လိုက်တော့လည်း မနက်ခြောက်နာရီခွဲပဲရှိသေ
သည်။ အိမ်မှာဆို အိပ်ရာထချိန်ဆိုတာ သူမထချင်တဲ့အချိန်ပဲဖြစ်သည်
အိပ်ရာပေါ်မှာ ငုတ်တုတ်ထမထိုင်ခင်တည်းက မိန်းကလေးတစ်ယော
ကို လှမ်းခေါ်သည်။ ကိုယ်မျက်နှာသစ်ဖို့ ဝေယျာဝစ္စကအစ ဘရေ့ဖက်
စားဖို့ ကြိုက်တာစီစဉ်ခိုင်းတဲ့အထိ မှာထားပြီးနောက်ထပ်ပြန်မှိန်းနေသေ
သည်။ ရန်ကုန်အိမ်ရောက်လာတော့မိသဲ..ခုတော့.. ။

"ဟော့..ပြောနေတာကြားလား.."

"ခုမှခြောက်နာရီခွဲပဲရှိသေးတယ်..ညကလည်း ရှင်တစ်နာရီခွဲကျော်
မှ အိပ်တာကို.."

"မင်းကိုဘယ်သူက မအိပ်နဲ့ဦးတားထားလို့လဲ..ပြိုင်ဆိုင်ငြင်းမနေ
အဲ့ဒီစောင်ကို ဖြန့်လိုက်.."

ရှင်လှည့်ကြည့်လိုက်ပြီး စိတ်ညစ်သွားသည်။ အစတည်းက ကို
ပုံစံဒီလိုပဲလာမယ်ဆိုတာ တွက်ပြီးသားပါ။ လက်ထပ်မယ်ပြောတည်း
နှိပ်စက်ပါ့မယ်လို့ ကြိမ်းဝါးနေတဲ့လူကြီး.. ။

စိတ်သည် မာမီငိုယိုပြောခဲ့တဲ့စကားတွေကြောင့် ငိုချင်လာလိုက်
ကိုနဲ့နေရပြီမို့ ပျော်သလိုဖြစ်သွားလိုက်။ ခုလိုရက်စက်မယ့်ဟန်ရေးပြ
တော့လည်း ဝမ်းနည်းမိလေသည်။

"သျှောင်နောက်ဆံထုံးပါရတယ်မြေး..မြေးရဲ့မာမီကို ဘွားနားလ
အောင်ပြောမယ်၊ မြေးလည်းလုပ်ချင်တာ လုပ်ခဲ့ပြီမို့လား..နောက်တ
သောကဖြစ်စရာတွေ မတွေးနဲ့တော့၊ လူဆိုတာကိုယ်လုပ်ခဲ့ပြီးရင် 
သွားရင်ပြင်ဖို့ပဲရှိတယ်..နောင်တရစရာကိုတွေးပြီး နစ်မွန်းနေရမှာမဟု
ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"လင်းရောင်ဖြာက ဘယ်လိုစိတ်ဓာတ်ရှိမှန်းမသိပေမယ့် လူယုတ်မာ အစ်ယောက်တော့မဖြစ်နိုင်ပါဘူး..မြေးသူ့ကိုစည်းရုံးပေါ့ကွယ်၊ သူကြင် နာမှ ကိုယ်ချမ်းသာမယ်..သူပျော့ပျောင်းမှ ကိုယ့်မိဘရဲ့ဂုဏ်သိက္ခာကို ထားစားရမှန်းသိမယ်၊ အဲ့ဒါမြေးကကြိုးစားရမှာ.."တဲ့.. ၊

ဘွားလည်း ကိုကို့ကိုဒေါသထွက်နေတာပါ။ ဒါပေမယ့် သူမရဲ့စိတ် နှမ်းသာရေးကဘာအဓိကလဲဆိုတာကို ဘွားသိသည်။ ထို့ကြောင့် အစွမ်း ကုန်လိုက်လျော့ရှာ၏။ မထည့်ချင်ပေမယ့် ထည့်လိုက်ရကာ.. ၊

"ဘွားရှိနေမယ်မြေး..ဘာမှအားမငယ်နဲ့၊ ဘဏ်မှာလည်းအများကြီး ထည့်ပေးထားမယ်..ကြိုက်သလောက်သုံးပျော်ပျော်နေနော်.."လို့လည်း မှာ ထားသည်။

"ဟာ..ဘယ်လိုလုပ်နေတာလဲကွ၊ စောင်ကိုကိုင်ပြီးဖုန်ခါနေတာ ဘား.."

"စောင်ကြီးကအကြီးကြီး..ရှင်မှမနိုင်တာ.."

"မနိုင်ပေမယ့်မင်းကိုယ်ပေါ်ရောက်အောင်တော့ တင်နိုင်တယ်မှတ် ထား..ရအောင်ပြန်ခေါက်၊ ဒီအိမ်မှာအိမ်အကူမရှိဘူး..ကိုယ်ထူကိုယ်ထ.."

"အိမ်အကူမရှိရင်ငှားမယ်..ရှင့်အတွက် ထမင်းပွဲပြင်ဖို့၊ရေချိုးဖို့၊ဖိနပ် တိုက်ဖို့၊လက်သည်းနီဖျက်ဖို့ကအစ..တစ်ပြိုင်တည်းဆယ်ယောက်လောက် ငှားမယ်..အေးဆေး.."

လင်းမျက်နှာတင်းသွားသည်။

"ဒါငါ့အိမ်..မင်းတို့အိမ်ကြီးလောက် မကြီးကျယ်ဘူး၊ မင်းငှားနိုင် ပေမဲ့လည်း ငါ့အိမ်မှာလူပိုလက်မခံဘူး.."

ရှင်ကဆံပင်တွေဖိုယိုဖားလျားနှင့် သူ့ကိုတအံ့တသြမော့ကြည့်သည် ပြီးတော့ ရန်တွေဖို့ကိုဆံပင်တွေကို ဟိုဘက်နားမှာညှပ်လိုက် ဒီဘက်နား ညှပ်လိုက်နှင့် ပြင်ဆင်လိုက်သေး၏။ ပြီးမှ.. ၊

"အဲ့အိမ်ကြီးမှာလိုက်မနေချင်တာ ဘယ်သူလဲ..ကိုကိုမလိုက်လို့ရှင် က ဒီလိုမီးခြစ်ဘူးလေးထဲမှာ လာနေရတာလေ.."

"ဘာ.."

"ပြောပြတာ..ကိုကို့အိမ်ဆိုတာကြီး ခေါင်းစဉ်တပ်မလာနဲ့ ကိုယ်လို လူပြီးရင်တော့ သူများအတွက်လည်း.."

"မရဘူး..ငါ့လိုအပ်ချက်ဘာမှမရှိဘူး၊ ခုချိန်ထိငါ့ဆန္ဒ၊ငါ့လိုအပ်ချက်

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ဘာအတွက်ငါပေးဆပ်နေရမှန်းလည်း မသိဘူး..အဲ့ဒီတော့ ချင်တာက မင်းပဲလိုချင်တာရနေတာ၊ မင်းပဲယူ မင်းပဲပြန်ပေးရမှာ ခေ.."

"မခေပါဘူး.."

ရှင်ဆတ်ခနဲထရပ်လိုက်သည်။ ပြီးတော့ စောစောစီးစီးနှသစ်လ ဆန်းနေသည့် လင်းမျက်နှာနဲ့အဝတ်အစားတွေကို သေချာကြည့်၏။ ဒါရောင်ဖောက်သော ပန်းနုရောင်ရှပ်လက်ရှည်နှင့် ခရမ်းရင့်ရောင် က မီးလည်းမိုတ်ထားပြီဖြစ်လျက် နေရောင်မလာ၍ မှောင်ရိပ်သမ်း သော အခန်းထဲမှာအနုမြူရောင်လို လင်းနေသည်။ ပြီးတော့ ဝင်းမှုန် သည့်မျက်နှာက ပို၍ကြည့်ကောင်းနေကာ.. ၊

"ကိုကိုညက ဘယ်အချိန်ပြန်ရောက်လာတာလဲ.."

မဆီမဆိုင်မေးလိုက်တော့ လင်းမျက်မှောင်ကုတ်သွားကာ.. ၊

"ပြန်ရောက်ရအောင် ငါကဘယ်သွားနေလို့လဲ.."

"ညက ဘတ်ချ်လာနိုက်လေ.."

"ဟား ဟား ဟား.."

ဒါလေးမေးတာကို ရယ်ချလိုက်တာအားပါးတရ။ ပြီးတော့ လ စေ့စေ့ကြည့်ပြီး လှောင်ရိပ်သမ်းနေဆဲအပြုံးနှင့်.. ၊

"စိတ်ကူးတွေယဉ်နေတယ်ဟုတ်လား..မင်းနဲ့လက်ထပ်တာကို ငါ ဘတ်ချ်လာနိုက်လုပ်နေတယ်ပေါ့.."

မနက်ကလက်မှတ်ထိုးပြီး ညပိုင်းမှာဟိုတယ်လ်မှာပဲ ညှော်ခံပွဲ ခဲ့၏။ မာမီတို့ဝယ်ထားသည့်ခြံကြီးထဲမှာစီစဉ်ဖို့ပေမယ့် မာမီတို့က ညော့်သည်ဖြစ်နေသည်။ လောလောဆယ်ကျန်းမာရေးကမကောင်း၊ သွားဖို့က နေ့ညရှေ့နေရသည့်အဖြစ်ကြောင့် မတတ်နိုင်ခဲ့ပေ.. ၊

ဟိုတယ်လ်မှာပဲအကျဉ်းရုံးဆိုပေမယ့် နှစ်ဖက်မိတ်ဆွေတွေ လောက်တော့ စုံစုံလင်လင်ပါပဲ။ ဒါတောင် လင်းရဲ့မိတ်ဆွေဆိုတာ အ သားလူရှယ်တစ်ဖွဲ့ပဲမြင်လိုက်ရကာ.. ၊

"ညှော်ခံပွဲမှာတောင် ငါဘယ်သူ့ကိုဖိတ်ထားတာတွေလဲ.."

"ကိုကိုအဲ့လိုလုပ်ရတာ ပျော်တယ်မှတ်လား.."

"မင်းပျော်ဖို့ပါ..ငါ့အတွက်ဘာမှမလိုဘူး၊ မင်းတို့ကျေနပ်ဖို့ မေ ဖြည်းဆည်းချင်တယ်..ငါကတော့သရုပ်ဆောင်ပေါ့.."

www.burmeseclassic.com

www.burmeseclassic.com


"အဲ့လိုကိုကိုစိတ်မဝင်စားတာတွေ ပေးဆပ်နေရတဲ့ပုံစံတွေ သတိရ ဆုတ်ကြွားနေရတာလည်း ပေးဆပ်နေတာပဲလား.."

လင်းမျက်နှာရဲခနဲဖြစ်သွားသည်။ လက်ဖဝါးတို့သည် သူမရဲ့ဖခုံး လေးတွေပေါ် ဖိဆုပ်ကိုခြင်းသို့ရောက်လျက်.. ။

"စကားတွေသိပ်တတ်နေတယ်ဟုတ်လား..ဒါပေမယ့် ငါနားဝင်မချို စကားတတ်တိုင်းပြောခွင့်လည်း မပေးနိုင်ဘူး..မင်းလိုချင်လွန်းလို့ ငါ့ဘဝကို မင်းတို့ရှေ့မှာချခင်းပေးခဲ့ပြီးပြီ၊ အဲ့ဒီမှာဆူးတွေပဲဖါဖါ ပိုင်ပဲဖြစ်နေနေ မင်းမနင်းလို့မရတော့ဘူးရှင်ထိပ်ထား.."

ရှင်က စူးစူးစိုက်စိုက်ကြည့်နေပြီး ရှုန်းလည်းမရုန်း.. ။

"ဆူးစူးလည်းခံရမယ်..နွံနစ်ရင်လည်း ကိုယ့်သမိုင်းနဲ့ကိုယ်ပဲ၊ ရှေ့ ဆက်မင်းနဲ့ငါ့ရဲ့အိမ်ထောင်ရေးက ဖြူချင်ဖြူမယ်မည်းချင်မည်းမယ်.. ပျော်ရင်ပျော်မယ်၊ အငွေ့ပျံပျောက်ရှသွားဖို့လည်းရှိတယ်..အဲ့ဒီတော့ ရုန်းထွက်ဖို့ကြိုးစားခွင့်ရှိသလို နေမယ်ဆိုလည်းထာဝရပဲ၊ ငါ့ဘက်ကို ကြည့်နဲ့..ကိုကိုဘာလုပ်မှာလဲလို့လည်း မမေးနဲ့.."

"ကိုကိုက ရှင့်ကိုစစ်တိုက်နေတာပဲ.."

"ရင်ဆိုင်တယ်လို့ခေါ်တယ်..မင်းရင်မဆိုင်ချင်ရင် ရှောင်ထွက်သွား တယ်လေ.."

"ဘယ်တော့မှမထွက်ဘူး..ကိုကိုမာနကြီးသလောက် ရှင်ကလည်း ထင်ရာလုပ်နေရရင် မြွေပွေးကိုပါးစပ်ဖြဲပြီး သွားတိုက်ပေးရမလား ဘာပဲ..အဆင်ပြေမှာပါ.."

စိန်ခေါ်မိပေမယ့် ငိုချင်နေသည်။ အိပ်ရေးမဝတည်းက သူ့လိုပဲစိတ် ရန်လိုချင်နေတာဖြစ်သည်။

မာနတွေကြီးစမ်းပါကိုကို.. ။

"ဟိတ်..စောင်ပြီးအောင်ခေါက်.."

ရှင်အံကြိတ်ပြီးထွက်သွားတာနှင့် လက်ကိုပြန်ဆွဲထားကာ.. ။

"ရော့..ဒီအစတစ်ဖက်ကိုကိုင်ထား.."

လက်ထဲကို စောင်ရဲ့ထောင့်စွန်းတစ်ဖက် ထည့်ပေးလိုက်ပြီး.. ။

"ဒီမှာ..ဒီတိုင်းဆွဲဆန့်ပြီး တစ်ဖက်စွန်းကိုပဲယူ၊ ပြီးရင် အဲ့ဒီအစနှစ် ကို ဒီလိုထပ်ကိုင်လိုက်.."

သူများကိုခိုင်းချင်လွန်းလို့ စောင်ခေါက်နည်းသင်ပေးနေရှာတာ သ

www.burmeseclassic.com

www.burmeseclassic.com


နားဖို့တောင်ကောင်းသေးတော့.. ।

"ဟာ..ဘာလုပ်တာလဲ.."

"လွှတ်ကျတာလေ..အဲ့လိုပဲအနားကပ်ပြီး ကြိမ်းမောင်းနေရင် တုန်လက်တုန်ဖြစ်တတ်တယ်.."

"ကြောက်ရှာတာကိုး.."

ပြောပြန်ရင်လည်းမကောင်း။ ခပ်ချဉ်ချဉ်ကြည့်လိုက်ရင်း ကိုင်ထားသည့်စောင်ကို ပစ်ချ၍ထွက်လာခဲ့သည်။ သို့သော်အလျှော့ပေးဖို့လည်း စိတ်မကူး.. ।

"အဲ့ဒီစောင်သေချာမခေါက်ဘဲ မင်းထွက်လာရင်ငါနဲ့တွေ့မယ်.."

"ကောင်းတာပေါ့.."

"ဘာ.."

"ခေါက်မှာပါလို့.."

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၁)

"အလှူခံပါဗျို့.."

ရောက်လာကြသည့် အလှူခံတွေက ရပ်ကွက်လူကြီးတွေရော မိတ် သူငယ်ချင်းတွေပါ ခုနစ်ယောက်ရှစ်ယောက်.. ။

"အထဲဝင်ပါဦးရှင့်.."

ဒေါ်ရီလင်းက လူကြီးတွေကိုတံခါးဖွင့်ပေးပြီး ဧည့်ခန်းမှာနေရာထိုင် ပေး၍.. ။

"နှစ်ကျိုပ်ရှစ်ဆူဘုရားပူဇော်ပွဲအတွက်မို့လား..ကျွန်မကလည်း ဒီနှစ် ော်ပွဲမလုပ်ကြပါလားလို့ မျှော်နေတာပါ.."

"ဟုတ်ပါ့ဗျာ..ရာသီဥတုကမကောင်း ဦးဆောင်သူတွေကလည်း အ အကြောင်းမညီညွတ်ကြဘဲ ဒီနှစ်ကျမှနောက်ကျသွားတာပါ.."

လူကြီးတွေကလူကြီးချင်း ပူဇော်ပွဲကိစ္စပြောနေကြတုန်း လူငယ်တွေ တော့ လင်းနားကပ်၍ပြောချင်ရာပြောနေကြကာ.. ။

"လုံးဝမကျေနပ်ဘူးကိုလင်း..မင်းရဲ့ဘတ်ချ်လာနိုက် ငါ့ကိုလုံးဝမ ဘူး.."

"ငါတို့လည်းမပါလိုက်ရပါဘူး..မင်္ဂလာပွဲပြီးတာနဲ့ တန်းပြန်လာခဲ့ ကိုယ့်လူကလည်း အလိုက်မသိ.."

လင်းကရယ်နေကာ ရှင်ထွက်လာမှာစိုးသည့်စိတ်နှင့် အိမ်ထဲလည်း သာကြည့်မိသည်။ ခုနကတော့ရေချိုးကာနီး သုံးနေကျဆပ်ပြာမရှိ မေမေ့ကိုကပ်ပြောနေတာကြားသည်။ ရေချိုးပြီးသွားပြီလား..မပြီးသေး ထွက်မလာတာလား..။ သူမထွက်လာရင်တော့ ဒီနေရာမှမလိုအပ်ဘဲ လာရမည့် စကားတွေကရင်လေးဖွယ်.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲကိုလင်း..ခုကျတော့ကောင်မလေးက ချစ်စရာလေး နေပြီလား.."

"အသိသာကြီးပဲဆရာစိုးရာ.."

ထက်စိုးသူကအိုင်တီသင်တန်းကျောင်းမှာ လင်းနဲ့အတူလုပ် သည်။ သူလည်းကိုယ့်လိုစီးပွားရေးပဲ ဇောက်ချလုပ်ဖို့စိတ်အားထက် နေသူဖြစ်ကာ လွန်ခဲ့သည့်တစ်နှစ်ကအိမ်ထောင်ကျခဲ့တာဖြစ်သည်၊ နီးချင်းဖြစ်သည့်ပြင် ငယ်ပေါင်းကြီးဖော်လိုရင်းနှီးကြသဖြင့် စနောက် ဘယ်သူကြိုက်ကြိုက်မကြိုက်ကြိုက်.. ၊

"ငါအလျှုခံကိစ္စအကြောင်းပြပြီးလိုက်လာတာ ဘာလို့လဲသိလား" ဟုကပ်ပြောလျှင် လင်းမျက်နှာနီသွားသည်။

"လာအစ်မနေနဲ့စိုးသူ..ပြောရင်သတ်.."

"မသတ်ပါဘူး..နည်းနည်းပဲပြော၊ ကောင်မလေးကိုမင်းသဘော သွားပြီမလား.."

"ကျကျမကျကျမင်းအလုပ် ဘာပါလဲ.."

"သိချင်လို့ပါကွာ..သင်တန်းမှာလိုက်လာတုန်းကတော့ အဲ့ဒီကော မလေးကိုမင်းပဲ.."

"ဘာလဲ.."

"ဘာလဲဆရာစိုး...ငါတို့ရောသိခွင့်ရှိလား.."

"ချေတာဒီကောင်..ကြိုက်သလိုလို မကြိုက်ဘူးလိုလို.."

"ချေတာမဟုတ်ဘူး..သူနဲ့ငါနဲ့ကကျောင်းတော်ကရန်စ.."

"ဟော.."

"ဟုတ်လား..ငယ်ငယ်တည်းကဆုံခဲ့ကြတာလား၊ အဲ့ကတည်းက တည့်ခဲ့တာပေါ့.."

"ဆိုပါတော့.."

လူကြီးတွေကသပ်သပ် လူငယ်တွေကအုပ်စုတစ်စုဖြစ်သွားခဲ့လ လင်းလည်းမဖြေချင်ပေမယ့် ခေါင်းကုတ်ဖင်ကုတ်တွေဖြစ်နေရလေ

"မျက်နှာကြီးက ဒီဘက်လှည့်စမ်းပါကိုလင်းရာ..မင်းထက်သိ ကောင်မလေးက.."

"အသက်.."

ကိုမင်းဝေက ဝင်နောက်တာခပ်တည်တည်..၊

www.burmeseclassic.com

www.burmeseclassic.com


"အသက်ပိုငယ်တယ်လို့.."

ထက်စိုးသူက စပ်ဖြဲဖြဲဖြစ်သွားကာ.. ။

"ငါထင်တယ်..မတည့်ကြဘူးဆိုတော့ ကစားဖော်တွေဖြစ်ခဲ့တာကို ...တာ၊ ကြီးရင်မိုငယ်ရင်ချီတဲ့၊ သေချာတာကတော့ ကောင်မလေးကို ...ကျောပိုးထမ်းခဲ့ဖူးတယ်..ဟုတ်တယ်မို့လား.."

မထင်မှတ်ဘဲမေးလိုက်သည့်မေးခွန်းက ချက်ကောင်းထိ၏။ လင်း...တရက်ဘာပြေရမှန်းမသိဖြစ်သွားသည်။ မျက်လုံးထဲမှာ ဟိုအတိတ် ...ပုံရိပ်လေးတွေပြန်ပေါ်လာခဲ့လျက်.. ။

"အဲ့ဒါဘာပုံကြီးလဲဟင်.."

"စပါးခွံတွေမမြင်ဘူးလား.."

လူကြီးတွေက ကလေးချင်းရင်းနှီးမှုကစားဖော်ဖြစ်လာမှာဟု ယူဆ...ည်၊ သူ့လက်ထဲကို ရှင့်လက်ဖောင်းဖောင်းလေးထည့်လိုက်ပြီး ယုံယုံ...ည်ကြည်.. ။

"ညီမလေးနဲ့လျှောက်လည်လေသား.."

"မင်းညီမလေးကညှော်သည်နော်..လက်ကိုတွဲထား.."တဲ့.. ။

ဘွားခင်ကဆို သည်းသည်းလှုပ်၊ သူကလည်းခေါ်သွားခဲ့ပါသည်၊ ...ခင်းဆန်စက်ပိတ်သွားသည့်အချိန် စပါးခွံပုံကြီးနားကို.. ။

"စပါးခွံဆိုတာဘာလဲဟင်.."

"သိချင်သွားတက်ကြည့်.."

"ကိုကိုအရင်တက်.."

ကိုကိုခေါ်ဖို့ လူကြီးတွေသင်ပေးအပြီးမှာ ကိုကိုချင်းမိုးမွန်အောင်ခေါ် ... သူကတော့နားကြားပြင်းကတ်ပြီးရင်းကတ်.. ။

"ခြေထောက်တွေနစ်နစ်သွားတယ်..ကိုကိုကျတော့ တက်လို့ရတယ်၊ ...ကိုကျောပိုးခေါ်.."

"ဘာလို့ခေါ်ရမှာလဲ.."

"ဟိုထိပ်ထိ ကိုကိုပဲတက်လို့ရတယ်ဆို.."

ဒေါသတကြီးကြည့်လိုက်ပေမယ့် စိတ်အချဉ်ပေါက်သွားခြင်းသည် ...ကောင်မလေးကို ကိုင်ပေါက်ချင်စိတ်တွေဖြစ်လာခဲ့တဲ့အထိ။ ဒါပေ... ကိုင်ပေါက်စရာမလိုတဲ့နည်းကိုတွေးမိပြီး ပျော်သွားသည်။

"လာတက်.."

www.burmeseclassic.com

www.burmeseclassic.com


ဆိုပြီး သူမလေးရှေ့မှာထိုင်ချပေးလိုက်တော့ ကျောကုန်းပေါ်ခွတ
ပြီး လည်ပင်းကိုအကျအနဖက်သည်။

"ထိပ်ထိတက်မှာတကယ်နော်.."

"အင်း..တက်မှာ.."

"ငါ့ခြေထောက်တွေက နှစ်ယောက်စာထမ်းနေရရင် ခိုင်မှာမဟု
ဘူး.."

စကားကြိုခင်းထားလိုက်သည်။ စပါးခွံပုံကြီးက ဝါးနှစ်ပြန်ေ
ပါးမြင့်၏။ လူကိုကျောပိုးပြီးတက်သွားတော့ ခြေထောက်တွေက ကျွံ
ဝင်သွားသဖြင့် အတော်ပင်ပန်းလေသည်။ သူမလေးက သဘောတွေ
နေတာ ခိုးခိုးခစ်ခစ်ရယ်သံတွေထွက်လို့.. ။

ကိုယ်ကလည်း ရည်ရွယ်ချက်နဲ့မို့ အသေအလဲရုန်းပြီး ထိပ်ရော
အောင်တက်သည်။ ထိပ်ရောက်တာနှင့်လာထား.. ။

"လည်ပင်းကိုတအားဖက်မထားနဲ့ မောရတဲ့အထဲအသက်ရှူလို့
တော့ဘူး.."လို့ပြောထားပြီး ခဏမှာ.. ။

"အား..ကိုကို့ မာမိရေ.."

ကောင်မလေးကိုထိပ်ကနေ ဖြုတ်ချထည့်လိုက်တာ စပါးခွံတွေ
သူမလုံးထွေးပြီး ဒလိမ့်ခေါက်ကွေး။ ရှင့်အော်သံလေးပြာနှမ်းစုံးရှနေ
ခုထိနားထဲမှာကြားနေတုန်း။ ပြီးတော့ တစ်ယောက်တည်းပြုံးလိုက်မိသွ

"တွေ့လား..တစ်ညနှစ်ညပဲရှိသေးတယ် ရုပ်ကြီးက.."

"ဟော့ကောင်..လျှောက်ပြောမနေနဲ့.."

"သားရေလာပါဦးကွယ်..ဒီမှာဆွမ်းတစ်နပ်စာ မေမေတာဝန်ယူ
တယ်၊ အရှဏ်ဆွမ်းလေ..သားရော.."

"ဩော်..မေမေဆန္ဒရှိသလိုလှူပါ၊ ကျွန်တော်လည်းကုသိုလ်ရတာ

လူကြီးတွေကရယ်နေသည်။ ဒေါ်ရီလင်းကတော့ သားအတွက်
နပ်ပီတိတွေဖြစ်နေရလျက်.. ။

"ဟုတ်ပါတယ်..သားသဘောကိုမေမေသိပါတယ်၊ ဒါပေမယ့်
သားက အိမ်ထောင်ကျနေပြီ..သားတို့ဇနီးမောင်နှံရဲ့အလှူလေးလ
သင့်တာပေါ့၊ မေမေကသားအပ်တဲ့ပိုက်ဆံနဲ့ လှူပြီးပြီ..အခုသားတို့

"အတူတူပါပဲမေမေရာ..မိသားစုတွေပဲ.."

"ဟုတ်ပါတယ်..ဒါပေမယ့်ဇနီးမောင်နှံအမည်နဲ့လည်း လှူရမှာ

www.burmeseclassic.com

www.burmeseclassic.com


ပြောလိုက်တာက မေမေမဟုတ်။ ရှင့်အသံကြားလိုက်တာနှင့် လင်း
ပျက်သွားသည်။ အားလုံး၏အကြည့်တွေက သူမဆီတန်းမတ်စွာ
ကျလေသည်။ မီးခိုးရောင်ဘောင်းဘီရှည်ပွပွ တီရှပ်အဖြူရောင်ပွ
နှင့် ဆံပင်တွေကိုရှေ့ဆံပင်တွေအကုန်သိမ်းလုန်ထားသဖြင့် မကျဉ်း
ယ်ကကြီးပုံနဖူးလေးက ထင်းနေ၏။

"ချွေးမလေးက အချောလေးပဲဗျ.."

"ဟုတ်ပဗျာ..လူပျိုကြီးမိန်းမခိုးသွားတယ်ဆိုလို့ အံ့သြနေတာ၊ ဈာန်
ချင်စရာလေးကိုး.."

ည့်သည်လူကြီးတွေက ချီးကျူးနေကြသည်။ ငယ်တဲ့လူတွေက
သဘောမနောကောင်းသည့် မျက်နှာတွေနဲ့ပြုံးချိုလို့ပါ။ အန်တီက
တ်ပရှင်'လို့တောင် ပြောနေသေး။ 'ဒီလူကြီးကိုက မမြင်တတ်တာ'
ထဲကရေရွတ်ရင်း ရှုံ့မဲ့တော့မလိုဆံပင်သပ်၍ ခပ်ကွယ်ကွယ်လုပ်
ည့်မျက်နှာကို ရှင်ကစိုက်ကြည့်၏။ ဘာရမလဲ.. ၊

"ကိုကို.."

လင်းရဲ့လက်မောင်းကို ဖက်ထားလိုက်ပြီးခေါ်ကာ.. ၊

"ရှင်နဲ့ကိုကို့နာမည်နဲ့ ဆွမ်းတစ်နပ်ထပ်လှူမယ်လေ..အန်တီကအ
ဆွမ်းဆို ရှင်တို့ကနေ့ဆွမ်းပေါ့၊ မဟုတ်ဘူးလား.."

"ဟုတ်တယ်..ဟုတ်တယ်၊ အဲ့ဒါအဆင်ပြေတယ်.."

"မေမေပဲလှူပါစေ..ဘယ်သူ့နာမည်နဲ့ဖြစ်ဖြစ် ဘာအရေးကြီးလို့လဲ.."

"ဘယ်ဟုတ်မလဲသားရယ်..ဓမ္မာရုံမှာ ဘလက်ခ်ဘုတ်ဒ်ပေါ်တင်မှာ
ဒါမှလှူမယ့်လူတွေက ဘယ်နေ့ဘယ်အလှူရှင်ရှိသားပြီးဆိုတာ သိ
ကို.."

အလှူ့ရှင်နာမည်တွေ ဘုတ်ထောင်ပြီးကြေငြာထားတာ မသိလို့မှ
ဘဲ။ ဒါပေမယ့်လိုလို့လား..။ လက်ကိုတွဲထားပြီး ပြုံးရယ်နေသည့်
လေးကို တစ်ချက်ငုံ့ကြည့်မိလျက်.. ၊

"အဟွန်း..ကျွန်တော့်စိတ်ကူးက မင်္ဂလာဦးအလှူလို့သဘောထားလို့
အမေ့စိတ်ကြိုက်လှူဖို့ ကျွန်တော်တို့ဇနီးမောင်နှံက ထောက်ပံ့ရသ
အဲ့လိုဖြစ်စေချင်တာ.."

"ဩော်.."

www.burmeseclassic.com

www.burmeseclassic.com



"အင်း..ဒါလည်းကောင်းသား.."

ရပ်ကွက်လူကြီးတွေကထောက်ခံကြပေမယ့် ဒေါ်ရီလင်းမျက်နှာ
သည်။ ထက်စိုးသူတို့လည်း ရှင့်ကိုအားနာသွားကာ လှမ်းကြည့်ကြ
ပြသနာသည် လူကြီးတွေပြန်သွားသည်နှင့်.. ।

"ကိုကိုကဘာဖြစ်နေတာလဲ.."

"မင်းကရော ဘာတွေထဖြစ်တာလဲ.."

"ကိုကိုကသဘာဝမကျတာ.."

"သဘာဝကျဖို့မလိုဘူး..မနေ့ကနေဒီနေ့ ဘာမှမကွာဘူး၊ မနှ
ဒီနှစ်လည်း အတူတူပဲ..ဘာမှမပြောင်းလဲဘဲ သိုသိုသိပ်သိပ်လေး
သွားချင်တာ..လိုရင်းကဒါပဲ.."

"သိုသိုသိပ်သိပ်ပြီးချင်တယ်ဆိုတာ ကိုကိုကရှင်နဲ့လက်ထပ်
တာကို ပြောတာလား.."

လင်းကမျက်နှာလွှဲပစ်၏။ ရှင်ကရွဲ့ဖို့ အခိုင်အမာဆုံးဖြတ်၍

"ရှင်ကတော့လူသိစေချင်တယ်..ဦးလင်းရောင်ဖြာဆိုတဲ့လူကြီး
ကချစ်လွန်းလို့လက်ထပ်ဖို့ ကြိုးစားခဲ့ရတာ၊ သူကခုထိရှက်နေတုန်း
ရှင့်ကိုဒေါသထွက်စိတ်ကောက်နေတုန်းပါပဲဆိုတာလည်း ထည့်ပြော

ကြည့်စမ်း..ရှင်ထိပ်ထား.. ।

"နှစ်ကျိတ်ရှစ်ဆူသော ဘုရားတွေသတင်းသုံးတဲ့ယာယီစ
တွေ ကုန်အောင်လျှောက်လှူမယ်..ဦးလင်းရောင်ဖြာနှင့်ချစ်ဇနီး
ထားဆိုပြီး အထက်ပါသတင်းထူးလေးတွေကိုလည်း ဘယ်သူ
မမေးမေး ထည့်ပြောမယ်.."

"မင်း.."

လင်း လက်ကိုဆောင့်ဆွဲလိုက်တာနှင့် ရှင်ကလည်း ချက်ချ
ရှန်းပစ်ကာ.. ।

"ကိုကိုအဲ့လိုဖြစ်ချင်တာမှတ်လား..ဒီမိန်းမ ကျွန်တော်မချစ်ဘ

"ဟိတ်.."

ရှင့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းထားလိုက်ပြီး နှုတ်ခမ်း
မရအောင် သူ့လက်နဲ့ဖိကပ်ပိတ်ထားမိကာ.. ।

"ဘာတွေစွတ်အော်နေတာလဲ..အပြင်မှာ မေမေကျုံးဝယ်နေ

"ဟင့်..ဝူး.."

www.burmeseclassic.com

www.burmeseclassic.com


သူ့လက်ကိုအတင်းဖယ်ချပေမယ့် မအောင်မြင်။ လင်းကပါးစပ်ပိတ်ကျက်နှင့် အခန်းထဲထိခေါ်သွားပြီးမှ လက်ကိုရောလူကိုပါလွှတ်ပေးပြီး.. ။

"ဒီထဲမှာကြိုက်သလောက်အော်..အပြင်မှာ တစ်ယောက်ယောက်သိင်သွားပြောကြည့်.."

"ဂျိမ်း.."

တံခါးကိုပိတ်ပစ်ခဲ့ပေမယ့်.. ။

"သွားပြောတော့ ဦးလင်းရောင်ဖြာကြီးပါဝါမြင့်သွားတာပေါ့..ရှင်အဲ့လိုဖြစ်ချင်တာလေ.."

သူမအသံလေးကို ကြားနေရသေးသည်။ အဲ့ဒီကောင်မလေး ဘာလဲ..။ လည်ဂုတ်ကိုဖိပွတ်ရင်း ဆံပင်တွေပါဖွပစ်လိုက်မိသည်။ ဒီကောင်တောင်ရဲ့ချင်ချိတ်ချင်နေတာ နောက်ဆိုသတိထားဖို့လိုပြီးမှန်းခိလိုက်သည်။

ဒီကိစ္စတွေမှာ ဘယ်သူကဂုဏ်ယူပါတယ်ပြောမိလို့လဲ..။ သူမအရာဒါတွေကို လူသိရှင်ကြားပြောနေရတာ ဘယ်လိုဂုဏ်ကျက်သရေသွားသလဲ.. ။

အဲ့လိုမေးလိုက်ရင် ဖြေပါလိမ့်မယ်..အသေအကျေရွဲ့ချိတ် စောင်းပြီး.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၂)

"သားရေ..ထမင်းစားရင် သမီးလေးကိုပါခေါ်နော်၊ မမေမေအား
ပြင်ပေးထားတယ်.."

ရေချိုးပြီးထမင်းစားမလို့ပါပဲ။ ဒါပေမယ့်မေမေပြောလိုက်တော့
ခြေလှမ်းတုံ့သွားမိကာ.. ၊

"မေမေကခုထိမသွားရသေးဘူးလား..မင်္ဂလာဆောင်အတွက်
ဖွဲ့ဝယ်စရာရှိလို့ဆို.."

ဒေါ်ရီလင်းကခုမှလက်ကိုင်အိတ်လေး လက်မှာချိတ်၍အပြင်
ဖို့ပြင်လာတာဖြစ်ကာ.. ၊

"ဘာအရေးကြီးလို့လဲသားရယ်..ညမှသွားမယ့်ဟာ.."

"မေမေ့.."

"ဟင်.."

"အရင်တုန်းက ကျွန်တော့်ကိုပဲဂရုစိုက်ရတယ်..မိန်းမရကာမှ
နှစ်ယောက်စာပင်ပန်းနေတယ်ဆိုရင် အဲ့ဒါမဟုတ်သေးဘူးနော်.."

"ဘယ်မှာပင်ပန်းလို့လဲသားရယ်..ထမင်းအိုးထဲမှာ လူတစ်ယော
စာပိုလာတာ မေမေ့ပခုံးပေါ်ထမ်းထားရတာမှ မဟုတ်ဘဲ.."

"ရှင့်ကိုမေမေအရမ်းအလိုလိုက်ထားတာ မကောင်းဘူး.."

"မေမေအလိုလိုက်လိုက်မလိုက်လိုက် နောက်ကျရင်သူကို
ချင်တတ်ချင်လာမယ်..သူ့မှာလောဘတွေလည်း ဒီ့ထက်များလာလိ
လောလောဆယ်တော့ အိမ်ထောင်ကျတာရက်ပိုင်းပဲရှိသေးတာသား
ပြီးတော့ ရှင်လေးကအရမ်းအလိုလိုက်ခံထားရတဲ့ကလေးသာသာ

မေမေ့ကိုရှင်ထိပ်ထားအကြောင်း ဘယ်တော့မှပြောရမှာမဟု

www.burmeseclassic.com

www.burmeseclassic.com



ဘွက်မိပြီးသားပါ။ ဒါပေမယ့်ဒါကြောင့်လူကြီးပိုပင်ပန်းနေရတဲ့အဖြစ်တော့ မလိုချင်.. ။

"သား.."

ဒေါ်ရီလင်းက သားမျက်နှာအောက်မှာသွားရပ်လိုက်ပြီး ချစ်စနိုးကြည့်ရင်း.. ။

"ရှင်လေးကိုသားမမုန်းဘူးဆိုတာ မေမေသိပါတယ်..ကလေးဘဝကတည်းက အပြောအဆိုမတည့်ခဲ့ကြတာကစပြီး.."

"ခုပိုဆိုးတယ်မေမေ..ရိုင်းစိုင်းတယ် မောက်မာလာတယ်၊ ပြောသမျှကြေးစည်းစိမ်ကမပါမပြီး.."

"သားရယ်.."

"မုန်းတယ်မေ့တယ်ဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက်ခံစားချက်တစ်ရာနဲ့မြုပ်နှံပတ်သက်ထားဖူးမှဖြစ်လာတာတွေပဲ..သူနဲ့ကျွန်တော့်ကြားမှာ အဲ့ဒါတွေမရှိခဲ့တဲ့အတွက် မုန်းစရာအကြောင်းလည်းမရှိဘူး.."

"ဟုတ်ပါပြီ..ဒါပေမယ့်သားရယ်၊ ဇနီးမယားဆိုတာ လင်ယောက်ျားမျက်နှာသာပေးမှုနဲ့ သာယာကြရတာ..ရှင်လေးကိုကြင်ကြင်နာနာဆက်ဆံပါ.."တဲ့.. ။

မှာကြားပြီး မေမေကထွက်သွားသည်။ ပြောသမျှဆန့်ကျင်ပြောဆိုနေတာမဖြစ်ချင်လို့ တိတ်တိတ်ဆိတ်ဆိတ်နေခဲ့လိုက်ပေမယ့် ရင်ထဲမှာတော့ ရေရွတ်နေမိသည်။ ကြင်နာတာလွယ်တယ်မှတ်လို့လား.. ။

"အဟမ်း..အဟမ်း၊ ကဲ..ခုလေးတင်ပဲ သဇင်ခြောက်လမ်းအိမ်နံပါတ်( )ကဦးလင်းရောင်ဖြာနဲ့ ချစ်လှစွာသောဇနီးချောလေးရှင်ထိပ်ထားတဲ့ခင်ဇနီးမောင်နှံက မိဘမဲ့ကလေးစာသင်ကျောင်းအတွက် အလှူတော်ငွေသိန်းကျပ်တိတိပါခင်ဗျာ.."

ဟင်.. ။

လင်းနားနှစ်ဖက်ထောင်သွားသလားမသိ။ အိမ်ရှေ့သွားကြည့်လိုက်တော့ လမ်းထဲဝင်လာသည့်အလှူခံကားက တစ်အိမ်ကျော်လောက်မှာရပ်ပြီအသံချဲ့စက်ကနေ အတိအကျအော်နေတာဖြစ်သည်။

"ဦးလင်းရောင်ဖြာနဲ့ချစ်လှစွာသောဇနီးချောလေးရှင်ထိပ်ထားတဲ့ ခင်ချစ်လှစွာသောဇနီးချောလေးနဲ့ဦးလင်းရောင်ဖြာတို့ ဤပြုရသောအလှူ၏ကောင်းကျိုးတရားကြောင့်......"

www.burmeseclassic.com

www.burmeseclassic.com



ဆုတွေပေးနေတာမနည်းမနော။ ထို့ပြင် ဦးလင်းရောင်ဖြာနဲ့ချစ်သ
စွာသောဇနီးချောလေးကို ဖင်ပြန်ခေါင်းပြန်အော်နေတာ မမြင်ရပေ
မျက်နှာပူလာသည်။ ကြားရတာနားရှက်ပါ၏။ မသိရင်တမင်တကား
ကြော်ငြာချင်လို့ လှုလိုက်တာလိုလို.. ၊

လင်းရဲ့ခြေလှမ်းတွေ နောက်ထဲကိုတောက်လျှောက်လှမ်းသွား
သည်။ ဘယ်မှာလဲ..ရှင်ထိပ်ထား.. ၊ဒါမေမေလုပ်သွားတာ ဘယ်လို
ဖြစ်နိုင်။ ဟုတ်နေရတောင် ဒီအသံကြားလိုက်တည်းက သူခံစားမိလို
တာ ရှင်ထိပ်ထားလုပ်ချလိုက်ပြန်ပြီဟ.. ၊

"ဟား ဟား ဟား.."

အပေါ်ထပ်ထပ်ခိုးကိုတက်လာသည့် လှေကားနားရောက်လာ
သူခြေလှမ်းတုံ့သွားသည်။

"ခိ ခိ..ခစ်.."

ရယ်သံမှန်းသေချာသဲကွဲလိုက်တာနှင့် လှေကားကနေတက်သွား
တာ တစ်လှမ်းတည်းခုန်တက်လိုက်တဲ့အတိုင်း။ သို့သော် အပေါ်တစ်ထ
လုံးမှာ သူမမရှိဘဲ ဝရန်တာနားရောက်မှ.. ၊

"ဝမ်းသာလိုက်တာ..အားရလိုက်တာ ခစ် ခစ်.."

ကြည့်လိုက်တော့ ခိုးခိုးခစ်ခစ်ရယ်နေရင်း ခြေမြှောက်လက်မြှော
နှင့် ခုန်ပေါက်နေသောရှင်ထိပ်ထား.. ၊

"ကောင်းတယ်..ဘာတတ်နိုင်သေးလဲဦးလင်းရောင်ဖြာ၊ မာန
သားကြီး..ဘဝင်ရူးကြီး ဟား..ဟ.."

"သိပ်တတ်နိုင်တာပေါ့..လာခဲ့.."

ပတ်ဝန်းကျင်လူတွေမြင်နေတာတောင် အရှက်မရှိခုန်ပေါက်နေသ
သူမကိုလက်ထွက်ဆွဲရတာတောင် လင်းမျက်နှာပူပူနှင့်.. ၊

"လာစမ်း..မင်း.."

"ကိုကိုနော်.."

"ဘာကိုကိုနော်လဲ.."

အထဲကိုဒရွတ်တိုက်မတတ် ဆွဲခေါ်လာခဲ့ပြီးမှ ပခုံးလေးနှစ်ဖက်
လှည့်ယူလိုက်ကာ.. ၊

"အိမ်ရှေ့ထွက်ပြီး ဘာအရူးထတာလဲ..မင်းမရှက်ဘူးလား.."

"ဘာကိုရှက်ရမှာလဲ..အလှူငွေထည့်ဝင်တာ မျက်စရာလို့ကိုက်

www.burmeseclassic.com

www.burmeseclassic.com



...သ်သူပြောလဲ.."

"ခေါ်မနေနဲ့ကိုကိုလို့.."

စိတ်တိုတိုနဲ့အော်လိုက်မိကာ.. ၊

"ခုနဘယ်လိုခေါ်နေသလဲ..အဲ့လိုပဲခေါ်၊ လူကိုရှိသေသမှုမရှိဘဲနဲ့ ...ကောင်းမြင်ကောင်းအောင် ခေါ်မနေနဲ့အပိုပဲ.."

"ပြီးတာပဲ..ရှင်ကြီးလည်းအဲ့လိုခေါ်ဖို့ပဲတန်ပါတယ်.."

"ဘာပြောတယ်.."

"ဘဝင်ရူးကြီး.."

"မင်း.."

"မာနမင်းသားကြီး.."

"ရှင်ထိပ်ထား..မင်းနော်.."

"ဘာလဲ..ခုနခေါ်နေတာ အဲ့ဒါတွေပဲလေ၊ ရှင်ချောင်းနားထောင်နေ... ဘာရှိသေးလဲအပြည့်အစုံပြန်ရွတ်ပြ.."

"ငါ့.."

စိတ်နောက်လက်ပါလျက် မြောက်ခနဲလွှဲလိုက်မိသည်။ ရှင်ဇက်လေး ...သွားပြီး မျက်လုံးတွေပါမှိတ်ကျသွားကာ.. ၊

"အား..'

အာခေါင်ခြစ်အော်သည်။ ပြီးတော့.. ၊

"ကိုကိုနော်..ဟောဒီမှာမေလေးရေ.."

"တောက်.."

ကိုယ့်ဒေါသကိုယ်ဖြေရင်း အသက်ရှူတွေပြင်းနေခဲ့၏။ သူဒီလောက် ... စိတ်မြန်လက်မြန်ဖြစ်တတ်သူမဟုတ်ပေ။ ဒီကောင်မလေးလွန်ကိုလွန် ...နှီးသည်။ သူမိန်းမယူခဲ့တာလား..။ ကလေးထိန်းရာထူးပြောင်းသွားတာ ...း..ဘာလဲ.. ၊

မနီးစပ်သည့်အခြေအနေတွေကို ဇွတ်ဖန်တီးပြီးဇွတ်တိုးဝင်ခဲ့တာ ...ခု..။ လက်ထပ်တာကိုဘာထင်နေလို့လဲ..။ အိမ်ထောင်ပြုသည် အိမ်... ...ာင်သည်ဖြစ်သည်ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်နေသလဲ.. ၊

"လူကိုပဲဒေါသတွေ ထွက်ပြမနေပါနဲ့..ကိုကိုကရောဘာဖြစ်နေတာ ... ရှင်နဲ့ကိုကိုလင်မယားတော်ပါတယ်ဆိုတာ ဘယ်သူ့သိက္ခာစိုးလို့ ဒီ ...ာက်ဖုံးဖိထားချင်တာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဖုံးဖိထားချင်တယ်ပြောရအောင် မင်းကိုငါကဘယ်ပုတ်နဲ့ဖော အုပ်ထားလို့လဲ..ပြော.."

"ဟမ်..ပုတ်ဆိုတာဘာလဲ.."

"ကျွတ်.."

စိတ်ပျက်လက်ပျက်စုတ်သတ်လိုက်တော့လည်း တစ်မျိုး.. ၊

"မသိလို့မေးတာလေ..ရှင်းမပြချင်ရင်လည်း ဒီကမသိတဲ့မီးနင်း နဲ့ လာမပြောနဲ့.."

"အိမ်ထောင်ပြုပြီး အိမ်ထောင်သည်ဆိုတဲ့ဒီရှင်နယ်ရိုတောင်မသိ နဲ့ မင်းဘယ်မီးနင်းကိုသိမှာလဲ.."

"ဘယ်မီးနင်းမှမသိလည်း ကိုကို့မျက်လုံးတွေကမီးနင်းကိုတော့ အတိအကျသိတယ်..အဲ့ကြောင့် တမင်သွားလှူလိုက်တာ၊ ဒီလိုပြော ပါ အော်ပေးပါဆိုပြီးစာရွက်နဲ့ကို သေချာရေးပြီးလှူခဲ့တာ.."

"ရတော့မယ်ကုသိုလ်တွေ.."

"ကုသိုလ်မရလည်း ဦးလင်းရောင်ဖြာကြီးအိမ်ပေါ်ကို ခုန်ဆွခုန် တက်လာအောင်လုပ်လိုက်နိုင်တယ်လေ..တန်ပါတယ်.."

လင်းရဲ့မျက်နှာကြီးနီရဲလာသည်။ ရှင်က သူ့ရှေ့ကနေထောက် ထောက်ကြွ တမင်လျှောက်ပြီးထွက်လာခဲ့၏။

ဟွန်း...ဒီကရော ပြောချင်လွန်းလို့လား...။ ရှင်ကြီးနဲ့အကြင်လ ယားပါဆိုတာ လူတွေသိအောင်ကြေညာချင်လွန်းလို့လား...။ ရှင့်ကိုအဲ တိုတိုထွာထွာတွေထပ်လုပ်ကြည့်..။ရှင်ကြီးနဲ့ဖက်ပဲသတ်ရသတ်ရ..

ပြောလည်းပြောနေသေးသည်။ တစ်ယောက်တည်းမျက်စောင်း ထိုးလိုထိုးမိ။ ပြီးတော့ အိပ်ခန်းထဲဝင်လာကာ မွေ့ရာပေါ်ဆောင့်ခနဲ ချလိုက်သည်။ ထိုစဉ် အလှူခံစက်ကလည်း အော်နေတုန်း... ၊

"ဦးလင်းရောင်ဖြာနဲ့ ချစ်လှစွာသောဇနီးချောလေးရှင်ထိပ်ထား မိဘမဲ့ကလေးစာသင်ကျောင်းအတွက်.."

အလှူရှင်တစ်ဦးတက်လာတိုင်း ပူးတွဲအော်ပေးနေသဖြင့်တစ်ရပ်က လုံးမှာ ရှင်နဲ့လင်းရဲ့နာမည်ကိုပဲကြားနေရကာ ရှင့်မျက်နှာလေးရှုံ့မဲ့

"ဒုက္ခပါပဲ..နာငြီးလာပြီ.."

နားနှစ်ဖက်ပါပိတ်ပြီး ညည်းညူမိကာ.. ၊

"ငါအဲ့လောက်ကြီးအော်ခိုင်းတာလည်း မဟုတ်ဘဲနဲ့..တစ်ခါနှစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ပြီဥစ္စာ.."

"ဘုန်းကြီးပါစေ..သက်ရှည်ကျန်းမာပါစေ၊ သည်လင်သည်မယား.."

"မရတော့ဘူး.."

စိတ်တိုနေမိသည့်ကဏ္ဍမှာ ဒီအသံကရယ်စရာမဟုတ်တော့ဘဲ ထိုင်နေဆတ်ခနဲထရပ်မိသည်။ ပြီးတော့ တံခါးကိုဆွဲဖွင့်လိုက်လျှင်.. ၊

"ဒါကဘယ်ကိုလဲ.."

တံခါးရှေ့မှာ လင်းကရပ်နေကာ ရှင်ကလည်းသူ့ကိုမြင်မှ နှုတ်ခမ်းကို ဖိပိတ်ပြီးရှောင်ထွက်၏။

"မေးနေတယ်လေ.."

"နားငြီးလို့.."

"ဟော့.."

ဒီတိုင်းကြည့်နေပြီးမှ သူမဘာလုပ်မယ်ဆိုတာသိလိုက်ပြီး လက်ကိုအရလှမ်းဆွဲလိုက်ရင်း.. ၊

"ရှင်ထိပ်ထား..မင်းကိုရှုးနေလားလို့မေးရလွန်းလို့ ငါတကယ်ရှုးချင်ပြီ.."

"ကိုကိုမကြားဘူးလား..ဒီမှာနားငြီးနေပြီ.."

"အဲ့ဒါမင်းအော်ခိုင်းထားတာလေ.."

"အော်ခိုင်းတာက လှူလိုက်တုန်းကလေ..ကိုကိုကြားပြီးရင်ပြီးတာပဲ၊ စမ်းပါ..အော်တာမရပ်ဘူးဆိုရင် ပိုက်ဆံထပ်ပေးလိုက်မယ်.."

ထိုအခါကျမှသူမကိုင်လာသည့် သိုးမွှေးလုံးလေးက ပိုက်ဆံအိတ်ပိုဘူးပါလားလို့သိလိုက်ရ၏။ လင်းကပိုက်ဆံအိတ်ကို ဆွဲယူလိုက်ပြီး..

"အလှူအတန်းဆိုတာ မင်းဘယ်လိုနားလည်ထားသလဲမသိဘူး..ဆမယ့် မင်းကလှူတာမဟုတ်ဘူး၊ ပိုက်ဆံသွားပေးပြီး ငရဲယူနေတာ.."

"ဘာဖြစ်လဲ..အဲ့ငရဲကို ကိုကိုတစ်ဝက်မျှယူဖို့မလိုဘူး၊ ရပြီလား.."

"သမီးရေ..သားတို့ဘယ်ရောက်နေကြတာလဲ.."

ပြောမည့်စကားတို့သည် မေမေ့အသံကြောင့်နေရာမှာတင် ရုတ်သိမ်းဆုံးခြင်းသို့ရောက်၏။ ရှင်ကချာခနဲပြန်လှည့်ဝင်သွားကာ သူဒီတိုင်းကျန်ရစ်၏။ ထို့ပြင် လက်ထဲမှာကျန်ခဲ့သည့်ပိုက်ဆံအိတ်လေးကို ငုံ့ကြည့်မိရင်း သက်ပြင်းရှိုက်မိရင်း..၊ကိုယ့်ကိုယ်ကိုဘယ်လိုစိတ်ညွှန်းနဲ့နေမိမှန်းတောင်မသိတော့တဲ့ အဖြစ်.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၃)

"ကိုကိုတမင်လုပ်တာ အဲ့ဒါ..ရှင်သိတယ်.."

"သမီးရယ်.."

ပြောပြီးတာနှင့်လင်းကထွက်သွားပြီဖြစ်ကာ ရှင်ကချုံးပွဲချင့်
ဒေါ်ရီလင်းချော့တော့ချော့နေပေမယ့် ရှင်အငိုတိတ်အောင် ရင်ငြိမ်
ဖွယ်စကားလည်း မပြောပေးနိုင်ဘဲဖြစ်နေကာ..

"အိမ်ထောင်ဦးဆိုတော့ ခွဲနေခဲ့လို့မကောင်းဘူးလေ..နောက်
သမီးပြန်လာပေါ့၊ ဒါမှမဟုတ်ရင်လည်း မေလေးလိုက်လာမယ်လေ
လေးပြန်လာရင် သမီးကိုပါပြန်ခေါ်လာလို့ရတာပဲ.."

ဒါလည်းမဟုတ်။ ရှင်ကိုကို့ကိုလည်း တောမှာမထားခဲ့နိုင်ပါ၊
လည်းမနေချင်။ ကိုယ်အဲ့လိုဖြစ်နေမှန်းသိလို့ လင်းလုပ်ရက်တာကို
မာနကြောင့်ခံရခက်နေ၏။

"သူ့ကြောင့်မာမီတို့ နိုင်ငံခြားထွက်သွားတာကိုလည်း နှုတ်
ဆက်ရဲဘူး..ဘွားကလည်း ရွာကိုပြန်မနေပါနဲ့လို့ အတန်တန်ပြော
တာ.."

"သမီးကိုကိုက ငယ်ငယ်တည်းက အဲ့လိုဇွတ်လုပ်တတ်တာ
ကြောင့်မေလေးနဲ့ သမီးဘွားတို့နဲ့မျက်နှာပျက်ခဲ့ရတာလေ၊ ခုလည်း
အိမ်ထောင်ရေးမြဲအောင်ပဲ စိတ်ကိုလျှော့ပါသမီးရယ်နော်..ပြီး
သားကဒီအလုပ်မှာ ခေါက်ချလုပ်တော့မှာ၊ မိသားစုစားဝတ်နေရေး
ကို သားမယားဖြစ်တဲ့သမီးက ကလေးလိုဆိုးမနေနဲ့တော့လေနော်

ရှင်က ဒေါ်ရီလင်းကိုမျက်ရည်စိုနေသည့်မျက်ဝန်းတို့နှင့် လှည့်
သည်။ မေလေးက ကိုကိုလက်တုံ့ပြန်နေတာကျတော့ စီးပွား

www.burmeseclassic.com

www.burmeseclassic.com


...ပြပြီး ကိုယ့်ကိုချည်းသည်းခံခိုင်းနေတာလား.. ။

မဖြစ်နိုင်ပါဘူး..ရှင်နဲ့ကိုကိုရွှေပုန်းညက်အိပ်ရာနားမှာ ဘာတွေငြင်း ...ဖြတ်ခဲ့ကြတယ်ဆိုတာ မေလေးကို ကိုကိုပြန်ပြောထားတဲ့ပုံမှမရှိတာ။ အချစ်ကဆန်းကြယ်တာလား..။ သူမရဲ့အတိတ်က ဆုတောင်းမှားခဲ့ ...ငှဲကြွေးတစ်ခုလား..၊ ကိုကို့ကိုသူမတွယ်တာခဲ့သည်။ စွဲလမ်းခဲ့သည်၊ ...တွေ့တဲ့အချိန်မှာ ကိုကို့ကိုမြင်လိုက်တော့ သူမမျိုသိပ်ဟန်ဆောင်နိုင် ...ခဲ့၏။

ကိုကိုကတော့ စိမ်းကားရက်လေသည်။ သူမအတွက်မင်္ဂလာဦးညဆို ...သည်း ညများစွာထဲမှာ ထူးမခြားနားရောပါပျောက်ဆုံးခဲ့ရသည်။ အိမ် ...င်သည်ဘဝဆိုတာရော ဘယ်မှာလဲ..၊အချစ်ဆိုတာ နီးနှောရောယှက် ... သွေးချင်းညားဖို့အဓိကမဟုတ်ပါ။ ကိုယ်ချစ်တဲ့သူရဲ့ အလေးထားဂ ... ယုယကြင်နာကြည်ဖြူလို့ လိုက်လျောမှုတွေနဲ့ဖြစ်တည်လာခြင်း ... အချစ်ပဲဖြစ်သည်။

မချစ်ပါဘူးလို့ကြေညာထားတဲ့လူတစ်ယောက်ဆီက ယုယမှုကို ...င့်တနေရလောက်အောင် ရှင်မရူးသေးပါ။ ဒါပေမယ့် ရက်စက်တာ ...ကိုတော့ နာကျင်မိပါ၏။ မိန်းမသားတစ်ယောက်ရဲ့အိမ်ထောင်သည် ...ဘမျက်နှာဟာ ခင်ပွန်းသည်ယောကျ်ား၏ရင်ခွင်သာဖြစ်သည်။ ကိုကို ...ဘယ်လိုထင်နေလို့လဲ.. ။

ရှင်ဆိုတဲ့မိန်းကလေး ရူးချင်ယောင်ဆောင်နေတာကိုကို..၊ရှင်နဲ့ဇနီး ...င်နံ့အဖြစ်တောင် ရပ်တည်မပြချင်တဲ့ကိုကို့ကို ရှင်ကလည်းအောက် ...ခယနေမှာမဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ..၊

တော်တော့ ရှင်ထိပ်ထား.. ။ ရူးချင်ယောင်ဆောင်တာတွေ နင်တော် ...ပြီ။ ကိုယ်လိုချင်တာကို ရအောင်ယူခဲ့ပြီးပြီဆိုရင် နှစ်ခုပဲရှိတယ်။ နင် ...အလိုကျနေမလား..။ အတိုက်အခံတွေနဲ့ ခရီးဆက်မလား.. ။

ပစ္စည်းတွေကောက်ကပ်ထည့်နေရင်း ရှင်ဒါကိုပဲအထပ်ထပ်စဉ်းစား ...မိသည်။ တရားခံသည် ကိုယ့်ရဲ့ဇွတ်တရွတ်ဆန်တဲ့စိတ်လား..သမု ...ကြောင့်လား..၊ သမုနဲ့ကိုကို ဘယ်လောက်ထိရင်းနှီးနေနိုင်သလဲဆိုတဲ့ သ ...တိုစိတ်သည် ကိုကို့ကိုလိုချင်တာသက်သက်လား..သမုကိုအရှုံးမပေး ...သည့် မာနလား.. ။

နင်နဲ့ငါပြိုင်ဘက်ဖြစ်မလာနိုင်ဘူးလို့ စိန်ခေါ်ခဲ့ပြီးမှ အရှုံးကိုရင်မ

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်လိုခြင်းသည်.. ။

"ဘုန်း.."

"အမေ့.."

သူမငေးနေမိတုန်းမို့ တစ်ကိုယ်လုံးတုန်ခနဲဖြစ်အောင် လန့်ဖျန့်သွား ခဲ့၏။ ကြည့်လိုက်တော့ လင်းကသူမရှေ့မှာအဝတ်ထုပ်တစ်ထုပ်ကို ချလိုက်တာဖြစ်ကာ.. ။

"ငိုင်မနေနဲ့..ဒီညနေပဲဆင်းမှာ မြန်မြန်လုပ်.."

"ကိုကို့.."

"ပြော.."

ရှင်မွေ့ရာပေါ်မှာ တင်ပလ္လင်ခွေလေးထိုင်နေရာကနေ လျှောဆင်းပြီး လင်းရှေ့မှာရပ်ကာ.. ။

"ကိုကို မာမီတို့ကိုအတိုက်အခံလုပ်ချင်တာဆိုရင် အခုမာမီတို့လည်း ပြန်သွားကြပြီလေ..ဘွားကလည်း တောကိုမသွားပါနဲ့လို့ ကိုကို့ကိုပြော ထားသားနဲ့.."

"ဘာတွေပြောနေတာလဲ..ငါလုပ်နေတာဘယ်သူနဲ့မှမဆိုင်ဘူး၊ မင်း ကြောင့်ဒီလိုတွေထလုပ်ရအောင် မင်းနဲ့ပတ်သက်ပြီးကောင်းဖို့မကောင်းဖို့ အစီအစဉ်ငါ့ခေါင်းထဲမှာ ဘာမှမရှိခဲ့ဖူးဘူး.."

ရှင်ထဲမှာဆူးတစ်ချောင်း နစ်ဝင်သွားသလိုပင်။ လင်းက တစ်ဖက် လှည့်သွားပြီး ဘာတွေရှာနေသည်မသိ။ ပြီးတော့မှ ပြန်လှည့်လာကာ..

"စားအိုးစားခွက်တွေပါ သွားထည့်ယူခဲ့..ဟိုမှာဘာမှမရှိဘူး.."

"ရှင်မှ.."

"မေမေ့ကိုငါပြောထားတယ်..မေမေထုတ်ပေးတာ ကောက်ထည့်ခဲ့ ပဲ.."

"ကိုကို့.."

လင်းကအပြင်ပြန်ထွက်သည်။ ရှင်က ပိတ်တားထားကာ.. ။

"ရှင့်အတွက်ဘွားကို မိန်းကလေးဖော်ထည့်ပေးဖို့ပြောထားတယ် အဲ့ဒါ.."

"လူပိုပါလို့မဖြစ်ဘူး.."

လင်းက စကားမဆုံးခင်ဖြတ်ပြောကာ ရှိုးကေ့စ်ပေါ်မှာတင်ထား သည့် ကြိုးစည်းထားသည့်ဖိုင်ထုတ်ကိုယူသည်။ ပြီးတော့ သူ့ခရီးဆောင်

www.burmeseclassic.com

www.burmeseclassic.com


ထဲ သွားထည့်၍.. ၊

"မှတ်ပုံတင်နဲ့သွားတိုက်ဆေးတွေ သွားပွတ်တံတွေပါပြီလား.."

"ရှင့်ဟာတွေတော့ မေလေးထည့်ပေးထားတာပဲ.."

"ဟာ.."

လင်းကအိတ်ကိုဇစ်ပြန်မပိတ်ဘဲ ကိုယ်ကိုမတ်မတ်ပြန်ရပ်လိုက် သည်။ ရှင်က ပန်းနုရောင်တီရှပ်လက်တိုလေးကို ခါးစည်းနှင့်ဘောင်းဘီ ...ရှည်နဲ့ ဝတ်ထား၏။ မျက်နှာလေးကမြင်နေကျလို မိတ်ကပ်နှုတ်ခမ်း ...မှမရှိဘဲ ပြောင်ပြောင်တင်းတင်းလေးဖြစ်နေလျက် မျက်ခုံးတန်းလေး ...ပါ အရောင်ဖျော့နေ၏။ သူမလေးအားအားရှိတိုင်း ငိုနေတာသူမြင် သည်။ စိတ်တော့မကောင်းပေမယ့် ကိုယ့်ရည်ရွယ်ချက်ကိုလည်း အပျက် ...နိုင်.. ၊

"နေရာတကာမေမေချည်းပဲလား ရှင်ထိပ်ထား..ငါ့အဝတ်အစားအ ...အဆောင်တွေကိုတော့ မင်းမှာတာဝန်ရှိတာ နားလည်မှပေါ့.."

"နားလည်တော့ရော ကိုကိုဘာရောင်ကြိုက်တယ်..အိမ်နေရင်းဘယ် ...ဝတ်ပြီးနေတယ်၊ အပြင်ထွက်ရင်ဘယ်လိုဝတ်တတ်သလဲ..ဘာရော ...တဲ့အတွက် ဘာဆေးတွေဆောင်ထားရသလဲ၊ သွားတိုက်ဆေးကဘာ ...ဆိပ်လဲ..ခေါင်းလိမ်းဆီက.."

"တော်တော့.."

"အဲ့ဒါတွေ ရှင်ဘာမှမသိဘူးဆိုတာ ပြောပြတာ.."

"မသိရင်မေးပြီးလုပ်လေ..မသိဘူးဆိုပြီး နေလို့ရမလား.."

ပြောပြီး အပြင်ကိုလှည့်ထွက်သွားသည်။ ပြန်လာတော့ သွားတိုက် ...နဲ့ပစ္စည်းအတိုအထွာတွေပါလာ၏။ ရှင်ကဒီတိုင်းလေးရပ်နေဆဲရှိ ... ၊

"မာမီတို့က ဘွားကိုမှာသွားတယ်တဲ့.."

ရှင်ပြောတော့ လင်းရဲ့လှုပ်ရှားမှုတွေရပ်တန့်သွားသည်။ သူမဘက် ...လှည့်မလာပေမယ့် ပြောလာမည့်စကားကိုနားစွင့်နေတာမှန်းသိသည်။ ...ကြောင့်.. ၊

"ကိုကိုတောသွားမယ်ဆို ရှင့်ကိုခေါ်ထားလိုက်တဲ့..အဲ့ဒါနောက်ဆုံး ...ရှင့်အရေးပဲတဲ့.."

"နောက်ဆုံးတွေက ပြီးပဲမပြီးနိုင်ပါလား.."

www.burmeseclassic.com

www.burmeseclassic.com


လှည့်မကြည့်ဘဲရယ်ဟဟအသံနှင့်ပြောတော့ ရှင့်မျက်နှာလေးတ
သွားသည်။ ထိုစဉ်လင်းကလည်း သူမဘက်ကိုလှည့်ရပ်လိုက်တာ
မျက်လုံးချင်းဆုံသွားခဲ့ပြီး.. ၊

"နောက်ဆုံးဘယ်နှစ်ခုလောက်ရှိတယ်လို့ မင်းကြားဖူးလဲ.."

ရှင်ကအံ့လေးကြိတ်၏။ လင်းကဟွန့်ခနဲရယ်ကာ.. ၊

"မင်းအတွက်ပြောတာပါ..ပြီးသွားပြီဆိုရင် မမျှော်လင့်တော့ဘူး
ပြီးသေးတော့ မျှော်လင့်နေပြန်ရော..နောက်ဆုံးတွေမပြီးနိုင်သရွေ့မင်း
နေရမှာ.."

"ကိုကိုကတော့ သွားမှာပဲပေါ့.."

"ဟုတ်တယ်..ဒါပေမယ့်မင်းအမေ ချန့်စ်ပေးထားတာကိုမျှော်လင့်
သေးရင် မင်းသဘောပဲ၊ ဘယ်သူ့မှမင်းကိုကြိုးတုပ်မခေါ်ဘူး.."

"ဟုတ်တယ်..မခေါ်ဘူး၊ ရှင့်ကိုကြိုးတုပ်လို့လည်းမရဘူး..ရှင်က
ကို့ကို ကြိုးတုပ်ချင်လို့လိုက်မှာ.."

သူတစ်ဖက်လှည့်ပြီး ပြုံးမိသည်။ စိတ်ထဲမှလည်း 'ငါ့အစီအစဉ်
မင်းမသိသေးလို့ပါ'ဟု ရေရွတ်လိုက်မိ၏။

"သားရေ..ဒီမှာသားတို့အတွက်အဝတ်လျှော်ဆပ်ပြာဆီနဲ့..ဟင်.."

ဒေါ်ရီလင်းဝင်လာပြီး ကိုင်လာသည့်ဆပ်ပြာဘူးနှစ်ဘူးကို ချ
လိုက်ကာ.. ၊

"သမီးရဲ့အဝတ်အစားတွေက များလှချေလား..လိုမှထပ်သယ်လ
ရတာပဲသမီးရယ်..ဟိုနဲ့ဒီသိပ်လည်း မဝေးပါဘူး.."

"အဝတ်အစားချည်းပဲ မဟုတ်ပါဘူး..မေလေးပေးထားတာတွေပါ
လို့.."

အထဲမှာညဘက်စားဖို့ ကွတ်ကီးထုပ်တွေရော ချောကလက်တွေ
နေကြာစေ့တွေအချဉ်အစပ်ထုပ်တွေ အဝတ်တွေအောက်မှာ အိတ်တစ်
လောက်ပါနေသည်။ ယယ်ယယ်တည်းကရောက်ဖူးသည့် ပုံရိပ်တွေကို
ချာမမှတ်မိပေမယ့် စုတ်စုတ်ပြတ်ပြတ် အိမ်ဆိုင်သေးသေးလေးတစ်
ဒါမှမဟုတ်နှစ်ဆိုင်လောက်ပဲရှိသည်။ ထို့ကြောင့် မုန့်တွေအပြင်
ချောင်းတွေ အသားခြောက်တွေလည်းထည့်ထားခဲ့သေးသည်။

တကယ်တမ်းမှ ဒီခရီးကိုသွားရမှာပဲဆိုတာ ကြိုသိနေတည်းက
ရီလင်းက'သမီးဘာကြိုက်လဲ'ဆိုတာ ဘယ်အချိန်ဘာစားတတ်လဲက

www.burmeseclassic.com

www.burmeseclassic.com



ပြီး စီစဉ်နေခဲ့တာဖြစ်သည်။ ရှင်ကလည်းဘွားကိုသေချာမပြောပြထား ပါ၊ ဘာကြောင့်ဆိုတာမသိပေမယ့် မာမီတို့နဲ့ကိုကို့ကို ပဋိပက္ခတွေမရှိ ချင်ပေ။ မိဘကစိတ်မချနိုင်ပေမယ့် ကိုကိုဘယ်သွားသွားလိုက်ဖို့ သူမ ဆုံးဖြတ်ထားပြီးသားမို့..၊ ရှင်ခံနေတာတစ်ခုက ကိုကို့ဘက်ကနူးညံ့ ပျော့ပျောင်းမှုမရှိသော ဆက်ဆံရေးကြောင့်.. ၊

"ဩော်..သမီးရယ်၊ စားစရာတွေကို အဝတ်တွေနဲ့ရောထည့်ထားတာ ..ပြန်ထုတ်လိုက် ပြန်ထုတ်လိုက်၊ တော်ကြာအင်္ကျီတွေနံကုန်မှာပေါ့.."

ဒေါ်ရီလင်းက သူထုတ်ပိုးပေးထားတာမို့ အထဲမှာဘာပါမှန်းတန်း သိတာ ပြန်ဆွဲထုတ်ဖို့ကိုင်၏။ ရှင်ကလင်းကို လှမ်းကြည့်သည်။ လင်းက လည်းရှင်နဲ့အိတ်ကို စိတ်ဝင်တစားလှည့်ကြည့်ကာ.. ၊

"ဘာလဲ..အထဲမှာစားစရာတွေလား.."

"ဟုတ်တယ်သား..မေမေပဲဝယ်ခြမ်းထည့်ပေးထားတာ၊ ဟိုမှာစားဖို့ ..."

"ကျွန်တော်ကသူ့ကိုအငတ်ထားမှာမှ မဟုတ်ဘဲမေမေ..ဟိုမှာလည်း အပ်တာလောက်တော့ ဝယ်လို့ရတာပဲ.."

"ဩော်..ဝယ်လို့ရတဲ့စားစရာကို သမီးကကြိုက်ဦးမှလေ.."

"မေမေ့.."

"မေမေကဝယ်ပေးပေမယ့် သယ်သွားရမှာကရှင်ပါ..ရှင်သယ်နိုင်လို့ ယ်တာ ကိုကို့ခေါင်းပေါ်ရွက်လာရမှာစိုးလို့လား.."

"ခေါင်းပေါ်ရွက်ရတာထက်ဆိုးတယ်ကွ..မင်းအဲ့ဒါတွေ သယ်သွား ဘို့ ဟိုမှာထပ်မရှိတော့ရင် ဘယ်လိုစားမလဲ.."

သူပြောချင်တာက ကာလံဒေသံဆိုတာကို လိုက်လျောညီထွေနေ တတ်အောင်ပါ။ ပြီးတော့ ရှင့်ကိုအစစအရာရာပြောင်းလဲပေးဖို့ လိုနေပြီမို့..

"ရောမကိုရောက်ရင် ရောမလိုကျင့်ရတယ်.."

"ရောမကိုပဲဖြစ်ဖြစ် ကျောက်ခေတ်ထဲပဲပြန်ရောက်ရောက်..ရှင်က တော့ ရအောင်သယ်မှာပဲ.."

မပြေလည်မှုတွေနှင့် ဤခရီးကိုစခဲ့ကြသည်။ ဒေါ်ရီလင်းလည်းလိုက် လို့မရ။ ဘွားလည်းဘာမှမတတ်နိုင်။ ရှင်နဲ့လင်းတို့တစ်ချက်စလည်း ပေးမဖြောင့်ဘဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၄)

"ဒီကောင်လေးလေသံဟန်ပန်အရင်က ဘယ်လိုရှိခဲ့ရှိခဲ့ အခု... သမက်ဖြစ်နေပြီသက်ထား.."

"........... ......."

"ညည်းက မအေ့ကိုတောင်ပြစ်တင်ကဲ့ရဲ့ရဲ့ရယ်လို့ပါလား.."

".......... ........"

"ငါကသွားအေပါသက်ထားဆွေရယ်..အဲ့ဒါကိုတော့ လုံးဝခေါ်... ညိတ်နိုင်ဘူးဟေ့.."

"........ .........."

"ပြောရမယ်လေ..ညည်းမှာလုပ်ငန်းနဲ့ခင်ပွန်းနဲ့၊ ကျုပ်မြေးလေး... မလိမ်ပိုးမလိမ္မာအမိုက်လေးရယ်.."

"........ ........."

"နေလိုက်ပေါ့အေ..ကျုပ်ကတော့လုံးဝမစွန့်လွှတ်နိုင်ဘူး၊ ဟုတ်... ..ရောက်နေတယ်.."

ပြောရင်းလှည့်ကြည့်လိုက်တော့ ဦးဝေလုကဆိုဖာကနေ ထလျှော... လာ၏။ သို့သော်.. ၊

"ညည်းအဖေကလည်း မပြောချင်ဘူးတဲ့..ဒါပဲ.."

"ဟော.."

ဖုန်းပြောင်းယူဖို့လက်ကမ်းလျက်နှင့် ဦးဝေလုကြောင်တောင်တော... ကျန်ရစ်ခဲ့၏။ ဒေါ်ခင်သီတာဖုန်းကိုခွပ်ခနဲ ချပစ်လိုက်တာတောင်ဒေါ်... က အကင်းမသေးနိုင်.. ၊

"ရှင်ပြောနေလည်း ရှင့်သမီးကိုဒေါသထွက်မှာပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"အေး..ဒါပေမယ့် မထွက်ရသေးဘူးလေကွာ၊ ငါ့သမီးနဲ့စကားလေး ...သေးပြောမလို့ဟာ.."

"ရှင်မကြားဘူးလား.."

"ကြားတယ်လေ.."

"အဲဒီတော့မပြောနဲ့တော့.."

ဒေါ်ခင်သီတာက ဘီးဆံပတ်မြင့်မြင့်ကြီးမှာ စိန်သွားတန်းနှင့်ရွှေဘီး ...ထိုးလျက် ခပ်ရွှဲရွှဲနားပန်ကြီးနှစ်ဖက်မှာ စိန်နားကပ်ကြီးတွေက ...လှုပ်တဖျတ်ဖျတ်။ ပခုံးနှစ်ဖက်မှာ အမြဲတမ်းရှိနေသည့် တဘက်စ ...ကိုတစ်ဖက်တစ်ချက် ဒေါပါပါဆွဲတင်လိုက်လျှင် လက်တွေမှာစွပ် ...သော နဝရတ်လက်စွပ်ကြီးတွေက ခန့်ညားထည်ဝါနေ၏။ ဦးဝေလု ...မိုးသည်ကိုတရားကျသလိုကြည့်ရင်း သက်ပြင်းချ၏။ ပြီးတော့ ဆို ...ပြန်ထိုင်လိုက်ရင်း.. ၊

"အသက်တွေလည်းမငယ်တော့ဘူးမသီတာရေ..သားသမီးတွေက ...မိသားစုကိုစွ သူတို့ဘာသာရှင်းကြပါစေကွာ.."

ဒေါ်ခင်သီတာ ဆတ်ခနဲလှည့်ကြည့်၏။

"ဖြစ်ရလေကိုဝေရယ်..သူတို့မိသားစုက ကိုယ့်မိသားစုပဲလေ၊ အိမ် ...င်ကျပြီဆိုတည်းက သူ့ဘာသာတစ်ပြည်တစ်ရွာထွက်ပြီး စီးပွားရှာ ...စွ..ဒါနဲ့ပဲ သူ့မိသားစုနဲ့သူဖြစ်သွားရောလား.."

သမက်ကသဘောထားဖြောင့်မှန်သည်။ နေရာတကာမှာမျှတတဲ့ ...ရင်းလေးလည်းရှိသည်။ ပြောဆိုမကောင်းတာက ကိုယ့်သမီးသာ။ ...ည်းမြတ်ထွန်းဝင်းက လင်းကိုသိပ်ကြည့်မရတာတောင် သမီးနဲ့ပတ် ...ပြီး မတော်ချင်လို့မရသည်မို့ ဆိတ်ဆိတ်နေဖော်ရသည်။ သမီးဖြစ် ... မာန်မာနတွေကြီးမားထွားကျိုင်းလျက်.. ၊

"နို့..တို့မြေးလေးကလင်းရောင်ဖြာကို တစ်ဖက်သတ်မေတ္တာရှိနေဆို"

"ဟုတ်တယ်..အဲဒါကြောင့် ကျွန်မလည်းမလိုက်လျောချင်ဘဲလိုက် ...နေတာပေါ့၊ ကိုယ့်ကလေးကိုမှစိတ်မဆင်းရဲစေချင်တာ..မြေးလေး ...ည်း ဒီလောက်တော့သိက္ခာမမဲ့ပါဘူး၊ ခုဟာကမရှေ့သမီးဝင်နေ... ...တာ.."

ကောင်မလေးက အများအမြင်မှာတော့ သူ့ဟာသူနေတာပါပဲ။ ဒါ ...ယ့် မနေတတ်တဲ့မျက်လုံးတွေက အကဲခတ်ရလွယ်နေသည်။ သူမရင်

www.burmeseclassic.com

www.burmeseclassic.com



ထဲက မရှိုးသားမှုကိုမျက်လုံးတွေမှာ မြင်နေရတာမို့ သူမကြောင့် ကလေးငိုယိုဆင်းရဲနေရပြီဆိုရင်တော့ ကြည့်မနေနိုင်ပါ.. ။

ဒါကြောင့်တစ်ဖက်လှည့်နဲ့ ဒေါ်ရီလင်းကိုအကြောင်းကြားပြီး သူမှမသိအောင် ကြိတ်စီစဉ်ခဲ့တာဖြစ်သည်။ ကိုယ့်ဘက်ကပွင့်ပွင့် လင်းပြောပြလိုက်တာနှင့် လင်းကိုသမုနဲ့ငြိသွားမှာစိုးသည့် ဒေါ်ရီလ ချက်ချင်းအကောင်အထည်ဖော်၏။

"ဒါဆိုမေရှင့်သမီးကို မင်းတို့မောင်းထုတ်လိုက်တာပေါ့..ခမ ကိုးမဲ့နေတုန်းကွာ.."

နားထောင်ပြီးတာနှင့် ဦးဝေလုကတန်းကောက်မေးသည်။ ဒေါ် တာ တူးတူးခါးခါးခေါင်းခါလေသည်။

"ထင်ရက်ပါ့ကိုဝေရယ် ရှင့်မလည်း..ကျွန်မကမြေးလေးနဲ့ပတ် ရင်အဆိပ်တက်တာကို ဝန်ခံပါတယ်၊ ဒါပေမယ့် သူများအပေါ် ယုတ်မာဘူး..အဲ့ကောင်မလေးသူ့ဟာသူပြောပြီး ဆင်းသွားတာ.."

"မြေးကများတစ်ခုခု.."

"ကိုဝေ.."

"ဟော.."

"ရှင်ရန်ကုန်လိုက်လာတာ မြေးကိုစိတ်ပူလို့လား..အဲ့ကောင်မ ကို ကာကွယ်ပေးချင်လို့လား.."

ဦးဝေလုမျက်နှာကြီး မသိမသာမဲ့သွားသည်။ သူလိုက်လာခဲ့ မြေးရဲ့မင်္ဂလာပွဲကိုတောင် မမီလိုက်ပါ။ ထို့ပြင် သမီးနဲ့သမက်က ဟိုကိုပြန်ရောက်မလာခဲ့ဘဲ တစ်ခါတည်းတန်းပြန်သွားကြသည်။ စပြီး ရန်ကုန်မှာခြေချခဲ့ခြင်းနဲ့ပတ်သက်၍ ခုထိဘာတွေဖြစ်ကုန်တာ တာ ဦးဝေလုဘာမှမသိခဲ့ပေ။ မသိတာတွေကို မသိတာကစပြီးမေးမိ လည်း အပြစ်.. ။

"အဲ့ဒီမိန်းကလေးက ကျောင်းပြီးပြီးသား..ရှင့်မြေးထက်တစ်နှစ် တော့ ငယ်မှာပေါ့၊ အဲ့ဒါကို လင်းရောင်ဖြာရှိတဲ့ အိုင်တီသင်တန်းမှာ ဖို့.."

"နေစမ်းပါဦး..အိုင်တီသင်တန်းနဲ့ သူယူခဲ့တဲ့မေဂျာနဲ့ဘာဆိုင် တုန်း၊ ဒီလိုလိုင်းပြောင်းချင်တိုင်း ရလို့လား.."

ရှင်းပြတော့လည်း ရှင်းမပြတတ်တာတွေ ထပ်မေးလာသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘာလည်ပင်းကုတ်မိကာ.. ။

"မသိဘူးရှင်..တကယ်ပါပဲ အဲ့ဒါတက်ဖို့စာမေးပွဲဖြေရင်ရတယ်ပြော
"

ဦးဝေလုက ကိုယ့်ဘာသာမေးပြီးဇနီးသည်မရှင်းတတ်ဖြစ်သွားတာ
ချင်သွားသည့်မျက်နှာကြီးနှင့် ခေါင်းညိတ်၏။ ပြီးတော့သကြား
ဖျော်ပေးထားသည့်ကော်ဖီကို တစ်ငုံယူသောက်သည်။

"အဲ့ဒီမျက်နှာကြီးက ဘာဖြစ်ရတာလဲပြုံးတုံ့တုံ့.."

"ဩော်..မင်းပဲမဲ့နေပြန်လည်း ဘာဖြစ်ရတာလဲမဲ့တဲ့တဲ့လို့ ပြောဦး
"

"အဲ့ဒီတော့ ဘယ်လိုနေနေဘယ်လိုမှ ကြည့်ပျော်ရှုပျော်မဖြစ်တဲ့
မျက်နှာကို သတိရပေါ့.."

"အံမာကွာ.."

ဒါကျတော့မခံနိုင်။ ကိုင်ထားသည့်ကော်ဖီပန်းကန်ကို ကမန်းက
ချကာ.. ။

"ဘယ်လိုကြည့်ကြည့် ဘယ်အချိန်ကြည့်ကြည့် အဆင်ပြေတဲ့ရုပ်
မျိုးမို့ ခေါင်းညိတ်ခဲ့ဆို..အဲ့ဒါဘယ်သူပြောခဲ့တာလဲ.."

"ရှင်နားကြားမှားခဲ့တယ်ထင်တာပဲ.."

ဦးဝေလုက လူချောကြီးပါ။ ဒေါ်ခင်သီတာဆိုတာ ဦးဝေလုလောက်
သေမယ့် အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ ကိုယ်သာလျှင်အနိုင်
ခဲ့တာဖြစ်သည်။ ထို့ကြောင့် ဒေါ်ပွသွားသည့်မျက်နှာကြီးကိုကြည့်ပြီး
ချင်နေမိသည်။ အိမ်မှာနစ်ယောက်တည်းနေကြရင်လည်း အဘိုးအ
တွေမို့ ပျင်းရိငြီးငွေ့ရသည်ဆိုတာလည်းမရှိခဲ့။ အသက်တွေသာကြီး
ခဲ့ပေမယ့် အနိုင်လုရ ရန်ဖြစ်ရနှင့်။ ပြီးတော့လည်း ကိုယ့်ကိုအနိုင်ပေး
ရယ်မောပျော်ရွှင်စေခဲ့တဲ့ခင်ပွန်းကောင်း.. ။

ဒါကြောင့် လင်းရောင်ဖြာကိုလည်း ဒီလိုခင်ပွန်းကောင်းဖြစ်စေချင်
သည်၊ မြေးလေးကိုလည်း ကိုယ့်လိုပဲချမ်းမြေ့ပျော်ရွှင်စေချင်၏။ ကိုယ်
လည်း သူချစ်ကိုယ်ချစ်မဟုတ်ခဲ့ပါ။ မိဘတွေလက်ထပ်ပေးခဲ့တာပေ
နားလည်လိုက်လျောမှုတွေကနေ မြတ်နိုးချစ်ခင်မှုတွေဖြစ်လာခဲ့တာ
မြေးလေးအတွက်ဒေါ်ခင်သီတာအများကြီး မျှော်လင့်နေမိတာဖြစ်သည်

ထိုအခါ ရှင်လေးနဲ့သမုရှင်တို့အကြောင်းကို ပြန်ဆက်ပြီးသတိရသွား

www.burmeseclassic.com


ခဲ့လျက်.. ။

"သမုရှင်တဲ့ 'ရှင်'ချင်းတူနေလို့များ ဘက်တိုက်ချင်နေသလား
ဘူး..ကျွန်မသိနေတယ်၊ အဲ့ဒီမိန်းကလေးမြေးအပေါ်မှာ အတိုက်အ
တွေနဲ့.."

"မင်းကလည်းကွာ..ဟုတ်ပါ့မလား၊ မေရှင်ကရောအဲ့လို.."

"အမေကအိမ်အကူလုပ်ခဲ့ပေမယ့် သူကအိမ်အကူလာလုပ်
ဟုတ်ဘူးလေ..နောက်ပြီး မိသဲတို့ခေါ်တာကမမထား၊ သူက မရှင်

အဲ့ဒါကရောဘာဆိုင်လို့လဲဆိုသည့်မေးခွန်းနှင့် ဦးဝေလုက
သည်။ ဆိုင်တာမဆိုင်တာလည်း ဒေါ်ခင်သီတာမရှင်းတတ်ပါ.. ။

"သေချာတာကတော့ ကျွန်မပြောတာတွေဟုတ်နေလို့သာ
မြေးလက်ထပ်တော့မယ်ဆိုတာနဲ့ သူဒီကနေထွက်သွားတာပဲ..ရှင်
ကြည့်လေ၊ သူ့အမေတောင်သူဆုံးဖြတ်လို့ သဘောတူခဲ့ရတာ..ဟို
မှာအန္တရာယ်ရှိနေတာသိသိနဲ့ ဘယ်အမေကဒီမှာလုံခြုံနေတာကို ခေါ်
ချင်မှာလဲ.."

"အင်း..ခုလောက်ဆို ဘာတွေဖြစ်နေပြီလဲမသိဘူး၊ လင်းရော
က မြေးကိုကြင်ကြင်နာနာရှိပါ့မလား.."

"မရှိသေးလည်း ရှိလာမှာပဲ..မြေးကိုသူကိုယ်တိုင်လက်ထပ်ခ
တောင်းရမ်းခဲ့တာ၊ အဲ့ဒါဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် လင်မယား
ပတ်သက်မှုက အားလုံးထက်ပိုရင်းနှီးမှာပဲ..ကျွန်မစိုးရိမ်နေတာက
လေးကို တောခေါ်သွားတဲ့ကိစ္စ.."

"အေး..အဲ့ဒါလည်းငါတို့လိုက်ပူပေးလို့ရတဲ့ကိစ္စမှမဟုတ်ဘဲ၊
ပြောသလို ကြားလူမပါတော့သူတို့ပိုရင်းနှီးမှာပဲလို့ မျှော်လင့်နေရုံ

လင်းရောင်ဖြာဆိုတဲ့ကလေးသူငယ်လေးကို မြေးအတွက်က
ဖြစ်အောင် သွားခေါ်ခဲ့တာကိုက မြေးလေးရဲ့ဖူးစာဖက်လို့သတ်မှတ်ခဲ့
ဖြစ်သွားခဲ့လေသလား..ထိုစဉ်.. ။

"ဟော.."

ညှော်ခန်းရှေ့မှာ ခပ်ရှိ့ရှိ့ပေါ်လာသည့် ဒေါ်မေရှင်ကိုမြင်လို
ဒေါ်ခင်သီတာတို့တအံ့တဩဖြစ်သွားကြသည်။ ခုပဲပြောနေတာသူ
သားအမိအကြောင်းမို့ တိုက်တိုက်ဆိုင်ဆိုင်.. ။

"ဘယ်လိုရောက်လာတာလဲမေရှင်..တိတ်တိတ်ဆိတ်ဆိတ်.."

www.burmeseclassic.com

www.burmeseclassic.com



"ခြံစောင့်နဲ့ကောင်မလေး ပန်းခြံပြင်နေကြတယ်လေ..အဲ့ဒါကြောင့် ...ကိုကိုခွင့်တောင်းပြီး ဝင်လာခဲ့တာပါ.."

"သြော်..ပြောပါဦး၊ ဘာကိစ္စလဲ.."

"ထိုင်လေ..ထိုင်.."

ဦးဝေလုက ဒေါ်မေရှင့်မျက်နှာကိုကြည့်နေရင်း ဘာပြဿနာပေါ်လာ ...သလဲဆိုတာ ကိုယ့်ဘာသာတွေးကြည့်နေ၏။ ဒေါ်ခင်သီတာကတော့ ...ည်သည်တင်းသည်မမည်သော မျက်နှာထားဖြင့်သာ.. ၊

"မေမေကြီးတို့ကို ကျွန်မတောင်းပန်ချင်လို့ပါ.."

"ဟင်..ဘာအတွက်လဲ.."

"ကျွန်မသမီးလုပ်သွားပုံနဲ့ပတ်သက်ပြီး.."

"မလိုပါဘူးအေ..ညည်းတို့သားအမိ အဆင်ပြေသွားတယ်လို့ပဲမှတ် ...တယ်၊ အစတည်းက တို့ကခေါ်တာမှမဟုတ်တာ..ညည်းတို့အဆင်မပြေ ...ရှိလို့ ငါတို့ကခိုလှုံခွင့်ပေးခဲ့တယ်၊ ဒါပဲလေ..မနေချင်လို့သွားတာ ဘာ ...ဖြစ်ပါဘူး.."

ဒေါ်မေရှင်ကတော့ မျက်နှာပူနေတာပါ။ သမီးကထင်ရာမလုပ်တတ် ...၊ ဒါပေမယ့် ဒီအိမ်မှာမှကိုယ်ထားသလိုမနေနိုင်ပါဘူး ထဖြစ်သည်၊ ...ကပြောဆိုတောင်းပန်ပြီး အပ်ခဲ့တာကို သူမကတော့ဝင်လိုဝင်ထွက် ...ထွက်။ ပြီးတော့ ပြောသေးသည်.. ၊

"သမီးအားလုံးကိုသည်းခံနိုင်တယ်..ရှင်လေးမိုက်ရိုင်းတာကို မခံနိုင် ...''တဲ့.. ၊

သူမလေးဒီအိမ်မှာ ဘာတွေပြောပြီးထွက်သွားလဲတော့မသိပါ။ ဒါ ...မယ့် စေတနာနဲ့ကူညီစောင့်ရှောက်ထားကြတာမို့ သူမမှာတာဝန်ရှိနေ ...သည်၊

"ဒါအထူးတလည်လာတောင်းပန်ရမယ့် ကိစ္စမှမဟုတ်တာဘဲမေရှင်"

"ဟုတ်ပါတယ်..ဒါပေမယ့်လာအပ်ခဲ့တုန်းက တလေးတစားခွင့် ...ောင်းအပ်နှံခဲ့တာမို့လို့ ထင်သလိုထွက်သွားမယ်ဆိုရင် စော်ကားသလို ...ဖြစ်မှာစိုးရိမ်လို့ပါ.."

"ပြောပါဦး...အခုတော့ညည်းယောကျ်ားသားအဖရဲ့ရန်က မိတ်ချရ ...ဲ့လား၊ သူတို့ကဘယ်မှာနေတာလဲ..ညည်းသမီးကရော.."

"သူတို့နဲ့ကျွန်မ စာရင်းရှင်းပြီးပါပြီ.."

www.burmeseclassic.com

www.burmeseclassic.com


"ကွာရှင်းလိုက်တာလား.."

"ဟုတ်ပါတယ်မေမေကြီး..သူတို့ရန်ကတော့ အိမ်မှာရှင်းသွားပါ ဒါပေမယ့် သမီးကတော့ကျွန်မနဲ့မနေပါဘူး.."

"ဩော်အေ.."

ဒီကောင်မလေးရွက်ကျပင်ပေါက်လို ဟိုနေဒီနေနေရတာ ဂုဏ် ကွာကြီးလုပြီလို့များ ထင်နေသလား..။ ဦးဝေလုခေါင်းညိတ်လိုက်ရင်း

"အင်း..သားသမီးတွေက အချိန်တန်အရွယ်ရောက်လာရင် ဒီလို ပဲ၊ သူတို့လူလားမြောက်ပြီဆိုတာကို တစ်နွယ်တစ်စင်ထောင်ပြီး သက် ထူချင်ကြတာ..ဒါနဲ့မိန်းကလေးက အခုဘယ်မှာနေနေတာလဲ၊ စီးပွား လုပ်နေတာလား.."

ဒေါ်မေရှင်မျက်နှာက မသာမယာပါ။ ခုထိလည်းထိုင်ပါဆိုတာ ထိုင်ဘဲ မတ်တပ်ရပ်နေဆဲရှိကာ.. ၊

"သူများတွေမြို့တက်ပြီး အလုပ်ရှာကြ..ကြီးပွားတိုးတက်ဖို့ကြိုး ကြတယ်၊ သူကတော့တောပြန်တယ်လေ..ကျောင်းဆောင်သစ်မှာ လ အားပေးဆရာမတွေခေါ်နေလို့တဲ့၊ အဲ့ဒီမှာပဲ ဆရာမလုပ်တော့မယ်လို့ပြော သွားတယ်.."

"ဒါလည်းကောင်း..ဟင်.."

ဒေါ်ခင်သီတာကိုယ့်စကားကို အဆုံးမသတ်နိုင်ဘဲ'ဟင်'ခနဲဖြစ်သွား သည်။

"မေရှင်..နင့်သမီးက ဘယ်တောကိုပြန်တာလဲ.."

"ကျွန်မတို့ရွာကိုပါ ပေါင်းကူးရွာ.."

ပေါင်းကူးရွာဆိုတာ ရီလင်းတို့ရွာပဲ... ၊

ဒေါ်ခင်သီတာစိုးရိမ်စိတ်တွေ ရှုန်းရင်းဆန်ခတ်ထဖြစ်ကုန်၏။ လ နဲ့သမုတို့က ဇာတိရပ်ရွာတူတွေလို့ပြောတာကြားဖူးသည်။

ဒါဘယ်လိုဆိုးရွားတဲ့ တိုက်ဆိုင်မှုတွေလဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၅)

"အဲ့လောက်တောင်ဆိုးသွားတာလား.."

"ဟုတ်တယ်ဗျ..ရာသီဥတုကြောင့်ဆိုတော်သေးတယ်၊ တောင်ပိုင်းက ...ည်တူးတုန်းက ဖော်ထားတဲ့မြေတွေပါ ဒီဘက်အကုန်ပြိုကျလာတာလေ ...ခ်ပင်တွေလဲတာနဲ့ရောပြီး ရွှံ့တွေနုံးတွေနဲ့ စုပြုံထပ်ကုန်တာလေ၊ အဲ့ ...ဖြစ်သွားတော့တာပဲ..ဒါနဲ့ကိုလင်းတို့ဟိုဘက်မှာ ကားထားခဲ့ရတာ ...း.."

"မဟုတ်ပါဘူး..ငါတို့က Expressနဲ့လာတာ.."

"စကားနောက်မှပြောလေ.ရောက်တည်းက ဘာမှမစားရသေးဘူး.."

အိမ်ဆိုသည့်ပျဉ်ထောင်အိမ်ခပ်သေးသေးလေးပေါ်မှာ ဖုန်တက်နေ ...ည့်ဖျာတွေ ကုလားထိုင်တွေ သော့ခတ်ပိတ်ထားသည့်အိပ်ခန်းရယ် ...ာက်ဖေးမီးဖိုချောင်ဆိုတာလည်း ကြောင်အိမ်လေးနဲ့အထဲက မြင်နေရ ...ည်။ အိုးခွက်ပန်းကန်လေးအနည်းငယ်ကြောင့်သာ မီးဖိုချောင်မှန်းသိ ...ည်။ ဘယ်မှာဘယ်လိုချက်ပြုတ်စားသောက်သည်ဆိုတာမသိ..

ရောက်တယ်ဆိုအိတ်တွေပစ်ချပြီး ကိုယ့်ခြေထောက်ကိုပြေးဆေး၍ ...ယ့်အိတ်ထဲကအဝတ်နဲ့ပဲ ပြန်သုတ်ရသည်။ ဖင်ချထိုင်စရာတစ်နေရာ ...း ဖုတ်ဖတ်ခါလှဲကျင်းပြီး သေချာတောင်မထိုင်ရသေးခင် ဧည့်သည် ...ာန်းရောက်လာ၏။

"ကျွန်တော်တို့ရွာတိုးတက်လာပြီ စည်ကားနေပြီနဲ့သက်ပြင်းတော င် ...ရသေးဘူး အဲ့လိုဖြစ်သွားတော့တာပဲ.."

"အင်း..လမ်းပြန်ဖွင့်ဖို့ကကြာဦးမယ်ထင်တယ်.."

"ကြာမှာပဲကိုလင်း..မြေပြိုတာကြောင့် အောက်ကတဲတားလည်း နာ

www.burmeseclassic.com



မှာပဲ၊ ခိုင်ခိုင်ခံ့ခံ့ရှိပါဦးမလားဆိုတာ သေချာစစ်ရဦးလေ..ပိုဆိုးတာ မီးမရတာ ငါးရက်ရှိပြီ.."

ကြားရတာစိတ်ချမ်းသာဖွယ် မရှိပါလား။ ရှင့်မျက်နှာလေးရှုံ့မဲ့ ကာ 'ငါ့အဲ့လောက်တောင် ကံဆိုးနေတာလား'လို့ တွေးမိရတဲ့အဖြစ် ပြီးတော့ ကိုယ့်ခြေထောက်ကိုပြန်ငုံ့ကြည့်မိသည်။ ရွှံ့တွေဗွက်တွေထဲ ဖြတ်ခဲ့ရင်း ဘာတွေနဲ့ဘယ်လိုထိရှမိသည်မသိ။ ရေဆေးချလိုက်မှ ခြည်ဥနေတာတွေ ခြစ်ရာထင်နေတာတွေ ဖနောင့်နဲ့ခြေဖဝါးစောင်း မှာ ရဲတွတ်နေလေသည်။ ထို့ပြင် နာလည်းနာနေတာမို့ တောရောက် သည့်အဖြစ်က ရှင့်အတွက်ဝင်ဝင်ချင်းဆောက်နဲ့ထွင်းသလို.. ၊

"ကိုလင်းတို့ဘာမှမစားခဲ့ကြရသေးဘူးမို့လား.."

"အင်း..ရပါတယ်၊ ခဏနေမှ.."

"အခုပဲဆာနေပြီကိုကိုကလည်း..ထမင်းဆိုင်ဘယ်မှာရှိလဲဟင်.."

ရှင်ဟန်မဆောင်နိုင်ဘဲ ဝင်ပြောလိုက်မိလျှင်.. ၊

"ဘယ်နှယ့်ဝယ်စားစရာလား ညီမလေးရယ်..ကိုလင်းတို့ရောက် တယ်ကြားတည်းက စားဖို့သောက်ဖို့ငါတို့ကစီစဉ်နေကြတာ ခဏပဲစော လက်ဆေးခွက်ရှေ့ရောက်ဖြစ်စေရမယ်.."

လက်ဆေးခွက်ဆိုတာ ဘာလဲ..။ ရှင်က ရယ်ပြနေပမယ့် အီလည် လည်နှင့်.. ၊

"ငါ့ညီမလေးက ဖွေးဖွေးနုနုလေးနဲ့ချစ်စရာကောင်းလိုက်တာဟယ် ကိုလင်းကစနဲ့ချောကြီးဆိုတော့ နှစ်ယောက်လိုက်မှလိုက်.."

"ဟုတ်ပါ့ဗျာ..ဒါပေမယ့် မင်္ဂလာဆောင်တောင်မဖိတ်လိုက်တာ သိပ်မမိုက်ဘူးလား.."

"နင်ကလည်း ဒါမျိုးဆိုရှေ့ကထွက်ချင်တယ်မို့လား..မြို့မှာလုပ်ရ ကိစ္စ ဖိတ်တော့သွားနိုင်မှာကျလို့၊ သူများခရီးပမ်းလာရတဲ့အထဲ နင် လည်း စကားနာမထိုးစမ်းပါနဲ့.."

"မရဘူး..မရဘူး၊ ခုလည်းမင်္ဂလာဆောင်ပြီး ပူပူနွေးနွေးပဲမို့လား ကျွန်တော်တို့ကို ကျွေးမွေးဖို့ပြင်ထား.."

"ထမင်းရပြီမိခိုင်ရေ..လင်းတို့ကိုဒီခေါ်လာမှာလား.."

ခြံတွေပဲခြားကာ အိမ်ချင်းကသိပ်မကွာလှပေ။ မရှိမဝေးကလှ ခေါ်သံကြောင့် ရှင်အသံကိုသေချာလိုက်ရှာကြည့်လျှင် ဘာစ်ဖက်ခြံအတွ

www.burmeseclassic.com

www.burmeseclassic.com



ခြေဖျားထောက်ပြီးလှမ်းအော်နေသည့် ဒေါ်ကြီးတစ်ယောက်ကို မြင်

"ဘယ်လိုလဲ..လင်းတို့အစ်မတို့အိမ်လိုက်စားမလား၊ ဒီပို့ပေးရမ
"

"ဟာ..ရပါတယ်မပို့ပါနဲ့.."

"ဟာ..မလုပ်ပါနဲ့၊ ပို့ပေးပါ.."

နှစ်ယောက်ဆီကနှစ်သံထွက်လာတော့ မခိုင်ကလင်းကိုကြည့်လိုက် ကြည့်လိုက်။ ပြီးတော့ ရယ်ကာ.. ၊

"ဘယ်နှယ့်တစ်ယောက်တစ်မျိုးပါလား.."

"မဟုတ်တာ..ကျွန်တော်တို့ပဲ လိုက်ခဲ့ပါ့မယ်.."

"ရပါတယ်လင်းရယ်..ညီမလေးကစိမ်းသေးတော့ အမ်းမှာပေါ့၊ ဒီကို ပေးပါ့မယ်..ဘာမှအားနာဖို့မလိုဘူး၊ တို့ရွာမှာရေလွှယ်မီးလွှယ်တွေဖြစ် ဘာ ငါ့မောင်ရဲ့ကြိုးပမ်းမှုတွေပါ..ဒီလိုမှမပြုစုရရင် ဘယ်ဖြစ်မလဲ၊ အောင်ပိုင် နင်လည်းပြန်တော့..သူများထမင်းစားမလို့.."

မခိုင်က အရိပ်ကဲနားလည်ကာ သဘောလည်းကောင်း၏။ လင်းက ကိုအားနာတိုင်း ရှင့်ကိုငဲ့ကြည့်မိကာ သူမထွက်သွားသည်နှင့်..၊

"အဲ့လိုအလိုက်မသိကြပ်ကြပ်လုပ်..လူချစ်လူခင်ပေါဦးမယ်.."

"မပေါမှန်းသိပါတယ်..ကိုကိုတောင် ရှင့်ကိုမေတ္တာရှိတာမှမဟုတ်
"

ထမင်းပွဲတွေရောက်လာတော့ စားပွဲဝိုင်းလေးလာခင်းလိုက် ဟင်းပွဲ လာချလိုက်နှင့် မခိုင်တို့အိမ်သားတွေပါ အလုပ်တွေရှုပ်နေကြ၏။ သုံးပြင်ဆင်ခင်းကျင်းပြီးမှ မခိုင်နဲ့ခုနလှမ်းခေါ်သည့်ဒေါ်ကြီးပဲကျန် ၊

"ကဲ..အားပါးတရစားကြ၊ သမီးလေးကြည့်ရတာ တို့တောအစာတွေ ကျပါ့မလားမသိဘူး..ဒီအချိန်မှဆိုတော့ ရှိတာလေးနဲ့လွယ်တာလေး ယ်ထပ်ဖြည့် ချက်ပြုတ်ရတာလေ.."

အချိန်တွေ နေ့လည်တစ်နာရီရှိနေပြီဖြစ်သည်။

"ဒါလေးက ကင်းမုန်ညွန့်ဟင်းချိုလေး..ဒါကငါးနုသန်းခြောက်လေး ငရုတ်ပွခြောက်လေးနဲ့ကြော်ထားတာလေ၊ ဟိုဟာလေးက ငါးလေး ပ်စားကြည့်မွှေးနေတာပဲ.."တဲ့.. ၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ပါသေးသည်။ ဆတ်သားခြောက်နဲ့ခရမ်းချဉ်သီးအ
ဆီပြန်ဆိုတာရယ် သရက်ချဉ်သုတ်ဆိုတာရယ် ဆေးဘဲဥဆိုတ
စိတ်အဝင်စားဆုံး.. ।

"ဒါက ဘာလဲဟင်..သေချာမကြားလိုက်လို့.."

"ဆေးဘဲဥလေ..ရန်ကုန်သူကမစားဖူးဘူးလား၊ အဲ့ရော..ခ
သီးစိမ်းလေးနဲ့ ရှယ်သုတ်ထားတာ.."

စားချင်စရာလေးမို့ သေချာကြည့်မိတော့ ဝါကြည်ကြည်
ရော ဝါနောက်နောက်ညိုမြည်းမြည်းတွေစုံနေကာ ဘဲဥနဲ့တူပေ
လည်း မတူ.. ।

"မြည်းကြည့်လေသမီးရဲ့..အရမ်းကောင်းတာ၊ ညည်းအစ်မက
တုန်းကရွာထိပ်မှာ ထမင်းဆိုင်ဖွင့်ထားတာလေ..အိမ်ထောင်ကျပြ
ယောကျ်ားကဘာမှမလုပ်ရဘူးပြောတာနဲ့ အငြိမ်းစားရနေတာ.."

ဟင်းကြော်ငြာပြီး သမက်ကြော်ငြာထင်သည်။ ရှင်ကဟင်း
ပေါ် စိတ်ဝင်စားမှုမရှိသည်မို့ ဆေးဘဲဥကိုသာအာရုံစိုက်နေမိလ

"ဘဲဥကို ဘဲမကြီးတွေကဥတာမလားဟင်.."

"အဲ.."

အားလုံးတိတ်ကျသွားကာ ဒေါ်စန်းရီဆိုသည့်ဒေါ်ကြီး မျက်
၏။ လင်းကြားထဲကမျက်နှာပုကာ.. ।

"မင်းကလည်း..အဲ့ဒါ.."

"ရှင်မသိလို့မေးတာပါ..ဘဲကဘယ်နှစ်မျိုးတောင်ရှိလို့ ဆေး
ရိုးရိုးဘဲဥဆိုပြီး ကွဲပြားနေတာလဲ.."

"အဲတော်.."

"ဟား ဟား ဟား.."

"ဖြစ်ရလေတူမကြီးရယ်..ငါ့နှယ်.."

မခိုင်ကလက်ခုပ်လက်ဝါးတီးပြီး တဟားဟားရယ်ချလိုက်၏။
စန်းရီက ခေါင်းတခါခါနှင့်.. ।

"ဒါတောင်မစားဖူးဘူးလားရန်ကုန်သူရယ်..အဲ့ရောဟယ် ငါ့အ
တော့ ကိုလင်းတို့ကလေးကိုမုန့်ပေးကြိုက်လာတာဖြစ်မယ်.."

ရှင့်ပါးပြင်လေးတွေ ရဲတွတ်သွားသည်။ လင်းကင့်ကြည့်ပြီ
လောက်လျှောက်မေးရလားလို့ ဆူတော့မလိုလို သူများတွေလိုပဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



...လိုနှင့်.. ။

"အဟွန်း..သူ သူတို့တစ်အိမ်လုံးကမကြိုက်ကြဘူး၊ ဘယ်လိုပြောရ ...အားလေ့စားထမရှိတာပေါ့.."

"ဩော်..ဖြစ်ရလေ ငါ့နယ်.."

ငါ့နယ်'တွေချည်းပြောကာ ရယ်ပဲရယ်နေသည်မို့'ဆေးဘဲဥ'ဆိုတာ ...ချာရှင်းပြတာလည်းမရှိခဲ့ဘဲ.. ။

"ကိုင်း..စားကြလွတ်လွတ်လပ်လပ်၊ ညစာလည်း ငါကျွေးမှာနော်.. ...လည်းပိုကောင်းရမယ်၊ ရန်ကုန်သူလေး မပြန်နိုင်ဖြစ်သွားအောင်

ရှင်တို့ချည်းထားခဲ့ပြီး ထွက်သွားကြသည်။ လင်းကသက်ပြင်းရှည် ...ကာ.. ။

"အဲ့ဒါကြောင့်ခက်ကာ..ပြောရင်လည်း ဟင်.."

ထမင်းပန်းကန်ရှေ့မှာ ခေါင်းငိုက်စိုက်လေးငြိမ်နေတာကို ငိုနေမှန်း ...သိလိုက်။ လှည့်ကြည့်လိုက်မှလက်ခနဲလက်ခနဲဆင်းကျနေသည့် ...ည်စက်တွေကို မြင်လိုက်ကာ.. ။

"ငိုနေတာလား..ဘာဖြစ်သွားတာလဲ.."

"ပျော်လို့လေ..ရှင်ကြီးလည်းပြောအားရှိသွားတာပေါ့၊ ရယ်လိုက်စမ်း

ငိုသံပါလေးနှင့် မျက်နှာတစောင်းလေးမော့လာတော့ ဆံပင်တွေက ...င်တစ်ဖက်မှာမျက်ရည်စတို့နှင့် ကပ်တွယ်နေသည်။ ပြီးတော့ လက် ...တစ်ဖက်နှင့်ဆံပင်တွေကို သပ်ချပစ်လိုက်ပြီး နေရာမှထထွက်သွား ... လင်းနောက်ကနေလိုက်ကြည့်မိစဉ် သူမရဲ့ခြေဖဝါးစောင်းလေးတွေနဲ့ ...ောင့်လေးတွေကအစ ရဲတွတ်နေတာကိုမြင်လိုက်ကာ.. ။

"ဟော့..ထမင်းစားပြီးမှ အဲ့ဒါဆက်ပြောမယ်၊ ပြန်ထွက်လာခဲ့.."

ခေါ်ပြီး သူခဏစောင့်နေခဲ့သည်။ ရှင့်ထံမှလှုပ်ရှားသံမကြားရ။ ထ ...ာင်းတွေကို ပြန်ကြည့်မိကာ သူမမစားတတ်ဘူးဆိုတာလည်း တွေး ...သည်။ ဒါပေမယ့် နေတတ်စားတတ်အောင် တမင်ခေါ်လာတာမို့..

"ရှင်ထိပ်ထား.."

"ဒေါက်..ဒေါက်.."

"ကိုကို့ဘာသာစား..ရှင်မစားဘူး.."

www.burmeseclassic.com

www.burmeseclassic.com



လင်းကတံခါးတွန်းဖွင့်ပြီး အထဲဝင်လိုက်သည်။ အခန်းထဲမှာ ရှိပေမယ့် ဖျာတောင်ခင်းထားတာမဟုတ်ပေ။ အဝတ်ဗီရိုထဲမှာ ခင်း စရာတွေရှိပေမယ့်လည်း ဘာမှထုတ်ရသေးတာမဟုတ်။ ရှင်က သူ ထောက်သုတ်ထားသည့်အဝတ်ခေါက်လေးကိုခင်းပြီးကြမ်းပေါ်မှာ ဒူးကိုယ်ပြန်ဖက်ပြီးထိုင်နေ၏။ နှုတ်ခမ်းတင်းတင်းစေ့၍ မာန်အပြ တင်းနေပေမယ့် ထိုမျက်နှာလေးမှာ မျက်ရည်အရွှဲသွား..၊

"မစားလို့မရဘူး..ထ၊ တော်ကြာပန်းကန်တွေလာသိမ်းရင် စားထားတော့ အားနာစရာကောင်းတယ်.."

"အားနာရင်ကိုကိုတစ်ယောက်တည်း ကုန်အောင်စားလိုက်..ရှင် ဘူး.."

"ဟာ..မင်းချည်းပဲအလိုမကျနိုင်ဖြစ်နေပါလား၊ ကိုယ်မကြိုက် လည်း လူမှုရေးအရကြိတ်မှိတ်မျိုချရတာပဲကွ..အခု မင်းမကြိုက်တာ မမျိုသိပ်နိုင်ဘဲ ဟိုမေးဒီမေးလုပ်လိုက်သေးတယ်၊ ဟိုကဗွေမယူ တောင်.."

"ကိုကို.."

ရှင် စိတ်တိုတိုနဲ့အော်ပစ်မိကာ.. ၊

"ရှင့်ကိုရွဲ့နေတာလား..ရှင်ဘာမှမသိတာကို ဝိုင်းဟားပြီးတာ မကျေနပ်နိုင်သေးတာလား၊ ကိုကိုဘာပြောချင်တာလဲ.."

"ဘာ.."

"ကိုကိုတို့လူကို နလပိန်းတုံးဆိုပြီးဝိုင်းရယ်နေကြတာ..ဟုတ်ပါ ရှင်ကဘာမှမသိတဲ့မိန်းမပါ.."

"ဩော်..မင်းကအဲ့ဒါကြောင့်ငိုနေတာလား.."

သူတကယ်မသိခဲ့ပေ။ ဗိုက်ဆာနေချိန်မှာ မစားနိုင်တဲ့ဟင်း ရောက်လာလို့ဝမ်းနည်းသွားတယ်ပဲ တွေးမိခဲ့၏။ ထို့ကြောင့် သူ့မျက် မှာ ပြုံးရိပ်ထင်ခဲ့လျက်.. ၊

"သူတို့ရယ်တာကို ရှက်နေတာလား..မသိပါဘူး ဒါမျိုးကိုမင်း ကောင်းမှန်းမသိဘူးထင်နေတာ.."

ပြောရက်တာကြည့်စမ်း..။ လူကိုရှက်ကြောပြတ်နေသလိုမျိုး

"အရမ်းမုန်းဖို့ကောင်းတဲ့လူကြီး.."

ရှင်သူ့ကိုတွန်းပစ်လိုက်ပြီး နေရာမှထရပ်သည်။ လင်းကသူ့ပ

www.burmeseclassic.com

www.burmeseclassic.com



းကို ပြန်ဆွဲထားလိုက်လျှင် ရှင့်ကိုယ်လေးသူ့ပေါ်လဲကျသွား၏။ အစ
ည်းကခြေဖျားထောက်နေတာမို့ လင်းလည်းသူမကိုဖက်လျက်နှင့် ကြမ်း
ါလဲကျသွားလေသည်။

ရှင့်လည်တိုင်လေးမှာ နွေးခနဲဖြစ်သွားသည်။ ပြီးတော့မှဘေးတိုက်
ကျသွားကာ နှစ်ယောက်သားမျက်နှာချင်းနီးကပ်စွာ ခဏတစ်ဖြုတ်ငေး
ခဲကြ၏။ သို့သော် ရှင်ကအရင်သတိဝင်လာပြီး သူ့ရင်ဘက်ကိုတွန်း
လိုက်၏။ လင်းကလည်း ကမန်းကတန်းလွှတ်လိုက်ရင်း.. ၊

"ဆောရီး..ငါအဲ့ဒါ.."

မရည်ရွယ်ခဲ့ပါ။ ဒါပေမယ့်မပြောဖြစ်လိုက်ပေ။ ရှင်ကသူ့ရှေ့ကနေ
က်ပြေးသွားပြီဖြစ်ကာ သူကထထိုင်လိုက်ကာ ရင်ဘက်ပေါ်ကနေ တစ်
ဘာစ်ခုလျှောကျသွားသဖြင့် လက်နဲ့ဖိထားလိုက်မိသည်။

ငုံ့ကြည့်လိုက်လျှင် ရှင့်ရဲ့အင်္ကျီရင်ဘက်က ပြုတ်ကျန်ရစ်သည့်အ
ရောင်ကပ်ပန်းလေးတစ်ပွင့်.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၆)

အိမ်သနိ့ရှင်းရေးကိုလည်း အိမ်နီးချင်းတွေပဲဝိုင်းလုပ်ပေးကြသည်။ ရှင့်အဝတ်စားဟောင်းတွေကို လျှော်ဖွတ်ဖို့မခိုင်းကပဲ တခြားမိန်းကလေး လေးကို လက်ညှိုးထိုးခိုင်းလိုက်လျှင်.. ။

"ဟာ..နေပါစေဗျာ၊ သူ့ဟာသူလုပ်ရမှာပေါ့.."

"အိုကွယ်..ဒီမှာရေလိုချင်ရင် နှိပ်ရတယ်၊ ပိုက်ကလာတော့ရေကြည် မခံဘဲ တန်းသုံးရင်အနံ့မကောင်းဘူး.."

"အေးလေကွယ်..ချက်ပြုတ်ဖို့တွေလည်း လုပ်မနေနဲ့၊ ရွာထဲမှာကြ ရင် မီးသွေးတောင်ပြတ်ဦးမလားပဲ..လမ်းကပိတ်နေတော့ ဘာပစ္စည်းမှ မဝင်တော့ဘူးလေ၊ လမ်းပြန်ဖွင့်မှပဲ ဝယ်ရခြမ်းရအဆင်ပြေမယ်..ဒြေ သည်ဆိုပိုဆိုးတာပေါ့၊ မသိတာတစ်မျိုး မလုပ်တတ်တာကတစ်မျိုး.."

ရွာမှာဈေးကလည်း သုံးရက်တစ်ပတ်ဈေးလေးပဲရှိသည်။ လမ်း မပိတ်ခင်ကတော့ တခြားကလာရောင်းသည့်ဈေးသည်တွေနှင့် အစုံအ ခြောက်ဘာမဆို အလွယ်တကူဝယ်စားရှု.. ။

"ဘယ်နှယ့်ဇနီးချောချောလှလှလေး ယူထားပြီးအလုကြည့်နေဖို့ စဉ်းစားဘဲနဲ့မင်းကွာ.."

ယောက်ျားချင်းစကြတော့ တွေလားဆိုသည့်အကြည့်နှင့် ရှင်ကမျက် စောင်းလေးတဝင်းဝင်း။ သူမကိုက ချစ်မွှေးပါနေတာလား..၊ ကံဖြစ် ကောင်းနေတာလားမသိပါ။ သူကြိုတင်စီစဉ်လာခဲ့သမျှ ဘာမှအကော အထည်ဖော်ခွင့်မရခဲ့ဘဲ ရှင့်ကိုပဲလူတိုင်းက တသသတမမဖြစ်နေကြသည်။ ဒီကောင်မလေးကို လောကဓာတ်သဘာဝတွေ သိစေချင်သည်။ နေရာ ကာမှာ ငွေနဲ့ချည်းဆုံးဖြတ်လို့မရဘူးဆိုတာ နားလည်စေချင်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ယောကျ်ားတစ်ယောက်ကို သက်ရှိသက်မဲ့တစ်စုံတစ်ရာသော ပစ္စည်းတစ်ခုခုလို အလိုရှိတိုင်းကောက်ယူခဲ့သည့်အဖြစ်မှာ သူရှုံးပြီး သူမကအောင်နိုင်ခဲ့၏။ တကယ်ဆို အိမ်ထောင်ရေးတစ်ခု၏ ဖြစ်တည်ခြင်းဟာ ရယူလိုမှုသက်သက်ဖြင့် ဖမ်းဆုပ်ထားလို့မရပေ။ သူမရဲ့အတွေးတွေ အမြင်တွေတစ်ဖက်သတ်ဆန်လွန်းတာကို ဘယ်လိုဖြတ်ကျောက် တည့်မတ်ပေးရမှန်းမသိခင် သူဘာမှကြိုးစားခွင့်မသာခဲ့ဘဲ..၊

"ဩော်..ပြောဖို့မေ့နေတယ်သိလားကိုလင်း၊ နင်တို့ထက်အရင်လေးတင် ရွာကိုသမုပြန်လာတယ်.."

ဟင်.. ၊

လင်းအံ့ဩသွားသည်။ ရှင့်မျက်နှာလေးဆတ်ခနဲ မော့လာသည်။ တစ်နေကုန်ပင်ပန်းနေပြီမို့ အိပ်လည်းအိပ်ချင်ပါပြီ။ ဒါကြောင့်သူမအသံတိတ်နေကာ ဘက်ထရီမီးချောင်းလေးလာဆင်ပေးနေသည့်နေရာမှာ အသုံးမရှိအလုပ်ရှာပြီး ထိုင်ကြည့်နေခဲ့တာဖြစ်၏။ သို့သော် လေးလံထိုင်းမှိုင်းနေသည့်အာရုံအစစုက သမုဆိုသည့်နာမည်ကြောင့် ခေါင်းထဲမှာပြိုးပြိုးပြတ်ပြတ်တောင် လက်သွားလားမသိ.. ၊

"မင်းနဲ့တိုင်ပင်ပြီး လာကြတာလား.."

"ဗျာ..မဟုတ်ပါဘူး.."

"ဒါပေမယ့် သူရောက်တော့ပြောတယ်..ကိုကိုလင်းလည်း မကြာခင်လာမှာတဲ့၊ အိမ်ထောင်ပြုလိုက်တာမပြောတော့ ငါတို့တောင်ရှင်ထိပ်ထားပါလာမယ်ဆိုတာ မသိခဲ့ဘူး၊ မင်းဘာသာရောက်ခါနီးဖုန်းဆက်တော့မှ.."

ဒေါ်စန်းရီကပြောနေရင်း မခိုင်ကိုလည်းသက်သေထူသလို မေးဆတ်သည်။ လင်းကတိုင်ပင်မထားပါဘူးဆိုတော့ သူတို့ကိုယ်တိုင်အံ့ဩပြီးတော့ဝေဖြစ်သွားတာမျိုး.. ၊

"နို့..မင်းနဲ့ဒေါ်ကြီးမေရှင်တို့ ရန်ကုန်မှာဘယ်လိုဆုံခဲ့ကြတာလဲ၊ တိုက်ဆိုင်လိုက်တာနော်.."

"အဲ့ဒါက.."

ရှင်းပြမလို့အစချီလိုက်ပြီးမှ ဘာရယ်မဟုတ်ဘဲရှင့်ကိုလှမ်းကြည့်လိုက်မိသည်။ ရှင်ကအစိမ်းပွှာယ်များစွာပါဝင်သောအကြည့်တို့နှင့် ဘယ်အချိန်ကတည်းကကြည့်နေခဲ့သည်မသိ။ သူကြည့်လိုက်တော့ ဆတ်ခနဲမျက်လွှဲ၏။ ပြုံးနေသည့်လင်းရဲ့အပြုံးတွေပါ လျော့ရိလျော့ရဲဖြစ်ကုန်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ရှင်သူ့ကို အထင်လွဲသွားတာလား.. ။

ဒါပေမယ့်သူနဲ့ဘာဆိုင်လို့လဲ..တမင်ချိန်းဆိုတိုင်ပင်ပြီး လာခဲ့
တာလည်းမဟုတ်၊ ချိန်းစရာဘာအကြောင်းမှလည်း မရှိခဲ့ဘဲ.. ။

"သမုကတော်တော်ကို ကျက်သရေရှိတာနော်..ကျောင်းစိမ်းဝတ်
လေးနဲ့ ဆရာမလေးဖြစ်လာတော့ယဉ်စစခန့်ခန့်လေးရယ်.."

"ဟုတ်တယ်..ဒါတောင် ဆရာမအတည်မဖြစ်သေးဘူး၊ လုပ်အား
အဆင်ပြေမှ အစမ်းခန့်လာမှာ.."

ရှင်နေရာမှ ထထွက်လာခဲ့သည်။ သမုကဒီရွာမှာမွေးခဲ့တာလည်း
ဟုတ်ဘဲ ရွာကလူတွေကဘာလို့အရေးတယူချစ်ခင်နေကြတာလဲ..။ သ
နဲ့ကိုကိုမတိုင်ပင်ခဲ့ဘဲ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့ကြတာမှ ဟုတ်
လား.. ။

'သူတို့မချစ်ခဲ့ကြဘူးဆိုတာ ဟုတ်ပါ့မလား'ဆိုသည့်အတွေးက
တစ်ခါကျမှ အကြီးကြီးနောင့်ယှက်လာခဲ့၏။ ရွာ၏သဘောထားအရ
သည်ရှိသည့်အိမ်မှာ လူတွေစုံနေပြီး တဟားဟားရယ်မောနေကြပေ
ပတ်ဝန်းကျင်ကတော့ အမှောင်ထုနှင့်အတူ တိတ်ဆိတ်နေပြီဖြစ်သ
ဒါတောင်ခုမှ ညကနနယ်ပျိုမျှစ်နေဆဲ.. ။

ခင်းကျင်းပေးထားသည့်သင်ဖြူးပေါ်မှာ ခေါင်းအုံးလေးက
ခေါင်းအုံးစွတ်ဖြူလွလွလုလုလေးနဲ့ဖြစ်ကာ မွှေ့ရာကမရှိ။ ပင်ပန်းနေ
ဒီတိုင်းလှဲအိပ်လိုက်ရင်း ဘာကြောင့်ဆိုတာမသိဘဲ ရှင်မျက်ရည်တွေ
လည်လာခဲ့သည်။ သူများချက်ပြုတ်ပြီးလာချကျွေးသည့် ထမင်းဟင်း
ကို စားရသည်။

ကိုယ်ကြိုက်တာမပါ။ မသိတဲ့အစားအစာတွေကို သူမဘယ်လို
စားရဲပေ။ အိမ်မှာဘာတွေချက်ထားထား ကိုယ့်အကြိုက်တွေမှန်းသိသ
ဘွားကသူမစားသမျှ လိုက်ခပ်ပေး ပြောပြပေးနှင့်အဆင်ပြေနေခဲ့သ
တော့အရောင်အဆင်းမတူ အနံ့အရသာကွဲပြားမှာသေချာနေသော
တွေက ငါးဆိုလည်းသူမမမြင်ဘူးတာတွေ။ အသီးအရွက်ဆိုလည်း အ
အရွက်မကြိုက်သည့် သူမအတွက်ကနတ်သုဒ္ဓါလောက်ကောင်းနေ
အလကားသာ.. ။

ထို့ကြောင့် ကိုကိုရဲ့အားနာမှုများကြောင့် ထမင်းဟင်းတွေကို ဟ
ဒီဖွနှင့် ဗိုက်ထဲလည်းမရောက်ဘဲ ပြီးသွားခဲ့သည်။ ညစာကျတော့လ

www.burmeseclassic.com

www.burmeseclassic.com



။

ချိန်မှာဗိုက်ကတဂျုတ်ဂျုတ်မြည်နေပြီဖြစ်လျက် လက်တွေပါမဆုပ် ပြန့်ချင်အောင်ဖြစ်နေခဲ့၏။ သွားရည်စာနဲ့အသားခြောက်တွေ စည် းတွေယူလာခဲ့ပေမယ့် Expressကားကြီးပေါ်မှာ ခရီးဆောင်အိတ် လဲခံလိုက်ရသဖြင့် ဖုန်းတောင်မရှိတော့သည့်အဖြစ်.. ။

ဘကယ်တမ်းအဲ့ဒါတွေပါလာခဲ့ရင်လည်း ပြင်ဆင်ချက်ပြုတ်ပြီးမှ ာင်းမယ့်ဟာတွေပါသည်။ သူမဘယ်လိုချက်ပြုတ်ရမလဲ..။ ဘယ် မီးဖို..။ သူမသိတာက ဂတ်စ်မီးဖိုပဲဖြစ်၏။ ဒီကမီးဖိုချောင်ထဲမှာ းဖိုရှိနေတာလည်း သူမမသိ။ လျှပ်စစ်မီးဖိုဆိုတာလည်း ဘာလုပ် မှန်း ခုချိန်ထိမသိသေးပေ.. ။

နင်ဘာသိလို့လဲရှင်..နင်သိတာဘာရှိသေးလဲ.. ။

"ဟား ဟား ဟား.."

"အံ့သြပါ့ရန်ကုန်သူရယ်.."

"ဟော့တော့..ဒါလေးတောင်မသိဘူးလား.."

ရယ်သံတွေ လှောင်ရယ်သံတွေကိုပြန်သတိရတော့ ငိုချင်လာ၏။ င်.. ။

'ဒါမျိုးတွေကို မင်းရှက်ရမှန်းမသိဘူးထင်နေတာ'တဲ့.. ။

"အဟင့်..ဟီး ဟီး.."

ရှင်ခေါင်းအုံးပေါ်မျက်နှာမှောက်ချကာ ငိုချလိုက်မိသည်။ ဘွားကို ာငိုနေမိကာ ဖုန်းဆက်လို့တောင်မရသည့်အဖြစ်ကြောင့် ရှိုက်သံတွေ နှင့်ထွက်ပေါ်လာ၏။ သူမမျက်ရည်လွယ်တတ်နေပါပြီ။ အတွေးတစ် က်တာနှင့် ပူဆွေးခြင်းသည်မျက်ရည်ကို မြန်မြန်ဆန်ဆန်ထုတ်လွှင့် အဆင်သင့်ဖြစ်နေတတ်၏။

ကိုကို့ကို သူမချစ်လွန်းလို့လား..။ နင်ခံစားနေရတာ တန်ရဲ့လား ။

ဒီထိခေါ်လာပြီး နင့်ကိုနှိပ်စက်ဖို့ ပြင်ဆင်လာတဲ့သူ့ရင်ထဲက ရက် ခြင်းတွေက ဘယ်လောက်ထိရှိနေသလဲနင်သိနိုင်မလား..။ သူဘာ ုပ်ဦးမှာလဲ..။ ပြီးတော့ သူ့ကိုပါရမီဖြည့်ပေးဖို့ သမုလည်းရှိနေခဲ့ တွေးမိသမျှသည် ကိုယ့်အတွက်သက်သာဖွယ်မရှိသည့်အဖြစ်တွေပဲ င်မျက်ရည်တွေမစဲနိုင်။ ဘယ်သူ့ကိုမှလည်း တိုင်ပင်လို့မရ။ ရင်ခွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုမှာပြေးတွယ်ငိုချင်သော်လည်း သူမအတွက်နွေးထွေးစွာ နှစ်သိမ့်မည့်သူ ဘယ်သူမှမရှိ.. ၊

တောရွာကိုစရောက်ခဲ့သည့်နေ့မှာပဲ သူမထမင်းငတ်သည်၊ ထောက်တွေမှာ ထိခိုက်ပွန်းရှဒဏ်ရာတွေနှင့်လှုကမလှုပ်ချင်။ စားစရာ တနင့်တပိုးသယ်လာသည့်အိတ်တောင်မှ အိတ်ချင်းလဲယူခံလိုက်ရ ကံဆိုးမှုက သူမအတွက်ဖြစ်လာခဲ့တာပဲ.. ၊

ထို့ကြောင့်ကားပေါ်ကဆင်းတာနှင့် လင်းကမျက်နှာထိမျက်နှာ နှင့် မာန်မဲလျက်.. ၊

"ကောင်းတယ်..အဲ့ဒါမင်းသမိုင်းပဲ၊ ပစ္စည်းသခ်ါရလူသခ်ါရ များကြီးမတွေးနဲ့၊ မင်းယူလာတဲ့စားစရာတွေတောင် ဝိရိယရှိပေမ ခုမစားရတော့ဘူး..ကိုယ်ပိုင်ပေမယ့် စံထိုက်မှစံရတာ စားထိုက်မှ တာ.."တဲ့.. ၊

ပြောခွင့်ရသည့်နှင့်ပြောချသွားတာ တနင့်တပိုး။ ခုချိန်မှာသ မနေနိုင်ပါဘူး။ ဒီတိုင်းမစားနိုင်ပါဘူး သွားညည်းလိုက်ရင် ဘယ် ကားလုံးတွေနဲ့ပစ်ပေါက်လေမလဲ.. ၊

တွေးနေတာတောင်မဆုံးလိုက်ဘဲ အခန်းတံခါးကပွင့်သွား၏၊

"ဘာမှမစားဘဲ အိပ်ရာထဲဘာလို့ဝင်နေတာလဲ.."

ရှင်မျက်နှာကိုခေါင်းအုံးနဲ့ ဖိကပ်ပွတ်ပစ်ပြီး မျက်ရည်တွေကို ပစ်သည်။ ပြီးတော့ ပုစွန်ထုပ်ကွေးလိုပို၍လက်ပိုက်ကွေးရင်း အိပ်သ ငြိမ်နေလိုက်၏။

"ရှင်ထိပ်ထား.."

"........ ......"

"မင်းမအိပ်ဘဲနဲ့ ဟော့..ခေါ်နေတယ်လေ.."

ခေါ်ရင်းပခုံးကိုပုတ်လိုက်သဖြင့် ရှင်စိတ်တိုသွားသည်။

"ရှင့်ဘာသာစားစားမစားစား အိပ်အိပ်မအိပ်အိပ် ကိုကိုနေသ နေပါလား.."

ပြောတော့ ငိုသံလေးပါနေသဖြင့် လင်းကမတတ်တပ်ကနေမျှ ကုတ်ကြည့်သည်။ ပြီးတော့ အနားကပ်လာပြီး အိပ်ရာစွန်းမှာလက် ဖက်ထောက်ငုံ့ကာ.. ၊

"ဘာဖြစ်လို့ငိုပဲငိုနေတာလဲ..မင်းအရင်က မျက်ရည်မလွယ်တ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..အခုလွယ်တတ်နေပြီ.."

ရှင်ကပြောရင်း ထထိုင်လိုက်သဖြင့် လင်းကိုယ်မတ်ခနဲပြန်ဖြစ်သွားသည်။

"အခုမျက်ရည်လွယ်နေပြီဆိုတော့ ဘာဖြစ်သွားနိုင်သလဲ ပြောလေကို..ကိုကိုအောင်မြင်တာလား ရှင်ကညံ့နေတာလား.."

"နှစ်ခုစလုံးဖြစ်လိမ့်မယ်.."

ပန်းနုရောင်စပို့ရှပ်နှင့် ကြက်သွေးပုတ်ရောင်ပုဆိုးကိုဝတ်ထားသည့်င်းက နှစ်ပေမီးရောင်အောက်မှာလည်း ရှင်းသန့်ချောမွေ့နေသည်။ ရှင်ထားနဲ့ပတ်သက်၍ ကြင်နာရိပ်မထင်တတ်သော မျက်ဝန်းတွေသာမခဲ့လျှင် သူဟာရှင့်မျက်လုံးထဲမှာ ရွှေမင်းသားလေးလိုဖြစ်နေမလား..။

ဒါပေမယ့် မြင်နေရသည့်ခပ်ထေ့ထေ့မျက်လုံးတွေကို ရှင်စူးစူးရဲရဲကြည့်မိကာ.. ။

"ဟုတ်ပါတယ်..ရှင်ကဒီရွာမှာကုန်းပေါ်ကငါးလိုပဲ.."

နားစွင့်လိုက်တော့ အပြင်မှာစကားသံတွေတိတ်ဆိတ်သွားပြီမို့ ဧည့်သည်တွေမရှိတော့မှန်းသိလိုက်သည်။ ဟိုအရင်ကဆို ဒီအိမ်လေးကလူကြီးတွေအခေါ် သုံးပင်အိမ်မမည်သော တဲသာသာလေးပါ။ ခုတော့ အိမ်မှာ ဧည့်ခန်းနဲ့အိပ်ခန်း မီးဖိုခန်းတွေနဲ့ အတော်အသင့်ကျယ်ဝန်းသောသပ်သည့်ပျဉ်ထောင်အိမ်လေးဖြစ်နေခဲ့သည်။

အန်တီရီလင်းအပြောအရ ကိုကိုကရွာနဲ့အဆက်အသွယ်ရှိနေခဲ့သည်။ အောက်ကျဆင်းရဲစွာ နေထိုင်ခဲ့ရသည့်ဘဝကိုပြန်ကြည့်ရင်း ကြိုးစားခြင်းဖြင့် အချိန်နဲ့စက်ပြီး ငွေရှာနေခဲ့သည်။ ဒုက္ခရောက်နေသည့်ရွာသားများကို ကူညီ၏။ မနက်က မခိုင်ပြောပုံအရဆို ရွာရဲ့တိုးတက်ရာတိုးတက်ကြောင်းတွေမှာတောင် ပါဝင်ထားခဲ့သေးသည်တဲ့.. ။

ဒါကြောင့်'လင်းရောင်ဖြာ'သည် ရွာကိုအလင်းရောင်ပေးခဲ့သူလိုလို တစ်ရွာလုံး၏အလေးထား ဂရုစိုက်မှုတွေရနေခဲ့တာဖြစ်လိမ့်မည်။ သူမကတော့ ကိုကို့ရဲ့ဘေးမှာ အားလုံးရဲ့လှောင်ရယ်စရာ ထူးဆန်းသတ္တဝါလို ။

"အခု ရောက်ရောက်ချင်းကိုကိုအောင်မြင်နေပြီဆိုတော့ ဘာဆက်လုပ်မှာလဲ..ရှင်ကဘာလုပ်ရမှာလဲ..'

www.burmeseclassic.com

www.burmeseclassic.com



"ငါ့စကားနားထောင်ရုံပါပဲ..အောင်မြင်မှုဆိုတာ ဒြပ်စင်တ
လား၊ ဆုပ်ဖမ်းရယူနိုင်ခြင်းတစ်စုံတစ်ရာလား..အဲ့ဒါကိုငါမသိဘူး၊
မယ့် မင်းကဒီမရောက်ခင်တည်းက အောင်မြင်ခဲ့တာမို့လား.."

"ကိုကို့ကိုလက်ထပ်နိုင်တယ်ဆိုပြီးလား.."

"မဟုတ်ဘူး.."

လင်းကခေါင်းခါလိုက်ပြီး စားပွဲခုံစွန်းကို နောက်ပြန်မှီကာ
လက်ပိုက်သည်။

"ငါ့ကိုမင်းကလက်ထပ်တာမှမဟုတ်ဘဲ..လက်ထပ်တာကငါ့
ဖြစ်တာပါ၊ ဒါပေမယ့် မင်းရဲ့အစွန်းရောက်ယုံကြည်ချက်တွေ ရလို
ထဲက တစ်ခုတော့ဖြစ်ခဲ့တယ်.."

"ဘာမှမထူးပါဘူး..အဲ့ဒီတော့ရှင်ကအရင်အောင်မြင်ခဲ့တာကို
ရှင်ခံနေခဲ့တယ်ဆိုတာသိပြီ၊ အခုကစပြီး ကိုကို့အလှည့်လို့သတ်မှ
မယ်ဆိုတာလည်း ရှင်နားလည်ပါတယ်..ဒါပေမယ့် နောက်ကနေ
တာ သူ့ရဲ့ကောင်းမဆန်ဘူးကိုကို၊ ရှင့်ကိုကိုကိုဘယ်လိုလက်ဆင်
ပေးမှာလဲ..ပြောစမ်းပါ၊ ကိုကိုပြောပြလည်း ရှင်ကရှောင်မပြေးပါ

"အဟွန်း.."

လင်းရယ်လိုက်ပေမယ့် ရင်ထဲမှာအုံသြနေခဲ့သည်။ ပြီးတော့ ဒီ
ထင်နေခဲ့သည့်သူမရဲ့အတွေးတွေကို ဖျက်ချဖို့စိတ်ကူးဝင်လိုက်တာ
ဖျက်မချဖို့ ပြန်ဆွဲတင်းမိကာ.. ၊

"တိုက်ပွဲတစ်ခုလိုရင်ဆိုင်ကြဖို့ထိတော့ မလိုပါဘူး..ဒါပေမယ့်
ငါ့စကားကိုနားမထောင်နိုင်သရွေ့ မင်းနဲ့ငါရဲ့အပေးအယူတွေကလ
အမြဲတမ်းအတိုက်အခံတွေဖြစ်နေမှာပဲ..ပြောချင်တာက ငါကအတို
တွေဖြစ်ချင်တာမဟုတ်ဘူး၊ မင်းကိုယ်မင်းသိပ်ယုံကြည်ပြီး စွတ်ဖက်
တဲ့ မောက်မာရိုင်းပြမှုတွေကိုပဲ ဖယ်ထုတ်ပစ်မှာ.."

"ဗီဇဆိုတာ လူကခွာခဲ့တယ်တဲ့..ကိုကိုမုန်းတဲ့အဲ့ဒီကာရိုက်တာ
ကို ရှင်ကတမင်လုပ်ယူနေတာမဟုတ်တဲ့အတွက် ကိုကိုအောင်မြင်ဖို့
ချာဘူး.."

"တစ်ဖက်ကလက်နက်ချအညံ့ခံရင် တစ်ဖက်ကအောင်မြင်မှာ

ရှင့်မျက်နှာလေးမီးရောင်အောက်မှာ ပါးမို့လေးတွေနဲ့ရဲလျက်
တောင်ကော့လေးတွေကြောင့် ချစ်ဖို့ကောင်းနေသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုက်ကြည့်မိတိုင်း 'ငလင်း'လို့ခေါ်တတ်တဲ့ ဂါဝန်ကားကားလေးနဲ့ တုတ်တုတ်မလေးကို သတိရလာခဲ့သည်။

"ကိုကိုလို့မခေါ်ချင်ပါဘူး.."

"ငါ့ကိုကုန်းပိုးခေါ်သွား.."

"ငလင်းနော်..ဘွားနဲ့တိုင်ပြောမှာ.."

"အန်တီကြီးရေ..ငလင်း မီးမီးကိုရိုက်တယ်.."

ရှင့်ကိုငုံ့မိုးကြည့်နေရင်း အတိတ်ကပုံရိပ်တွေတဖျတ်ဖျတ်ပေါ်လာသည်။ ထို့ကြောင့်ပြုံးလိုက်မိ၏။ အဲ့ဒီတုန်းက သူအလွန်မုန်းတီးခဲ့သော ထိပ်ထားဆိုသည့်မိန်းကလေးက ခုတော့သူ့ဇနီးပါတဲ့.. ၊

"ဟွန့်.."

"ဘာရယ်တာလဲကိုကို..ဒီနေ့ရှင့်ကိုသူတို့ဝိုင်းရယ်ကြတာကို တွေးမိသလား.."

"မင်းရောငါ့ကို အံ့တကြိတ်ကြိတ်နဲ့ကြည့်နေပြီး ဘာတွေးနေလဲ.."

ရှင့်မျက်ဝန်းလေးတွေ မသိမသာလွှဲဖယ်သွားသည်။

"ကွယ်ရာသွားသွားပြီး မျက်ရည်တွေကျနေတိုင်း 'လုပ်ထားဦးပေါ့' မကြိမ်းမိဘူးလား.."

ရှင်တအံ့တသြမော့ကြည့်လိုက်တော့ လင်းကဟွန့်ခနဲမဲ့ပြီး လက်ပိုက်သည်။ ပြီးတော့အဝတ်ဗီရိုဆီလျှောက်သွားရင်း.. ၊

"မင်းသိအောင်ပြောမလို့ပါ..ငါခုထိ မင်းကိုဘာပညာမှမပေးရသေး အဲ့ဒီတော့ 'လုပ်ထားဦး'လို့ ခဏခဏအံ့ကြိတ်ခံစားမနေနဲ့..စစ်မ ကြက်ခင်မြားကုန်တော့ တကယ်တမ်းခံနိုင်ရည်မရှိဘဲဖြစ်မယ်.."

ရှင်ငိုနေတာကို သူဘယ်လောက်ထိအားရနေသလဲ..။ပြုံးနေသည့် နှာကြီးက မပြီးနိုင်။ ကျေနပ်နေလိုက်တာ စကားလုံးတွေကကြွားရွှား ခားနေကြ၏။

"ကိုကို.."

"ပြော.."

"ကိုကို့ကိုရှင်မကြောက်ဘူး.."

ဟမ်.. ၊

ဗီရိုကိုကိုင်လိုက်သည့်လက်က ပြန်ပြုတ်ကျ၏။ မကြောက်ဘူးဆို ညငိုသံကြောင့် သူနောက်ပြန်လှည့်ကြည့်မိလျှင် ရှင်ကမျက်ရည်ကျခြင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မုန်းတီးစွာပွတ်တိုက်သုတ်ပစ်နေရှင်း.. ။

"ကိုကိုနိုင်ပါတယ်..ဒါပေမယ့် ကိုကိုပညာပြမှာတွေကို ရှင်မကြေ ဘူး၊ ရှင့်ကိုဘာလုပ်စေချင်တာလဲ..ဒီလောက်တောင်မာနကြီးချင်ဦး ထမင်းအငတ်ထားမှာလား.."

"ထားစရာလား.."

ပြန်လှည့်လာသည့်မျက်နှာကပြုံးနေလျက်.. ။

"ငါမကျွေးလည်း မင်းကိုသူများတွေကကျွေးမှာပဲ.."

ရှင်ကအံကြိတ်သည်။ မထိတထိပြုံးလိုက်တိုင်း လေးထောင့်ဆန် သည့်မျက်နှာ၏ ညို့အားကပြင်းသွားတတ်ကာ သူမထိုမျက်နှာကိုမုန်း မရသော စိတ်ပျက်ခြင်းများဖြင့်.. ။

"အဲ့ဆို ရှင့်ကိုကိုကိုဘယ်လောက်ထိနှိပ်စက်ဖို့ စိတ်ကူးနေသ ရှင်ထွက်မပြေးပါဘူး၊ ကိုကို့အစီအစဉ်တွေကို ပြောပြပါ..အဲ့ဒါတွေကို ဆိုင်ပြမယ်၊ ကိုကိုမယုံဘူးလား.."

သူမကိုနှိပ်စက်ဖို့အစီအစဉ်တွေရှိထားတယ်လို့ သူမဘာကြောင့် နေတာလဲ..။ ရှိထားခဲ့ရင်ရော အဲ့ဒါမျိုးကို သူမနဲ့တိုင်ပင်ကိုက်နေ လား.. ။

"ရှင်ထိပ်ထား.."

လင်းက သူမဘေးမှာသူ့ရင်ဘက်နဲ့ ရှင့်ရဲ့ပခုံးစွန်းလေးမထိ နီးကပ်စွာရပ်လိုက်ပြီး.. ။

"ငါမင်းကိုနှိပ်စက်တော့မယ်လို့ မင်းထင်နေတယ်..ဒီရောက်တ က ငိုချည်းပဲငိုနေတယ်၊ ဘာလို့လဲ မင်းပြန်ချင်နေပြီလား..ဒါမှမ မပြန်ခင် ငါကဒီလိုလုပ်ပါတယ် နှိပ်စက်ပါတယ်လို့ ရွာမှာလျှောက်ဖွ ချင်တာလား.."

"မြားတစ်စင်းနဲ့ငှက်နှစ်ကောင် ပစ်နိုင်တဲ့ပညာမျိုး ရှင်မတတ် ကိုကို..ပရိယာယ်ဝေဝုစ်တွေလည်းမသိဘူး၊ လိုချင်တပ်မက်လာရင် ကို မီးပုံထဲကျနေရှင်တောင် ကိုယ့်ကိုမပူအောင် တုတ်လေးနဲ့ကော် လား..မီးကိုငြိမ်းလိုက်မလား ဘာမှတွေးမှာမဟုတ်ဘူး၊ လက်ကိုင် ရှင် လောင်တယ်မှတ်ပဲ.."

ပြောနေရှင်း လင်းနဲ့မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်ကာ.. ။

"ရှင်ကအဲ့ဒီလောက်တုံးတဲ့မိန်းမပဲ..အခုကိုကို့ကို ရှင်တစ်ယော

www.burmeseclassic.com


...ည်းလိုက်လာတာ..”

“လိုက်လာပြီးမှ ချောက်ချားနေတာလား..”

“ဟုတ်တယ်..ဒီရွာမှာပဲ ဟိုအရင်တည်းကရှင့်ကိုကိုကို နိုင်စားခဲ့တာ ...ကိုမကြိုက်တာတွေပြောပြီး နိုင်ရတာကိုပျော်ခဲ့တယ်..ရှင့်ကိုဖူးဖူးမှုတ် ...ကြပြီး ရှင်တိုင်ပြောတိုင်းကိုကိုအရိုက်ခံရရင် ပျော်တယ်..ခုကိုကို ...လှည့်..”

“ပြောပါဦး..အဲ့ဒီတော့ မင်းကိုဘာပြန်လုပ်ရင်ကောင်းမလဲ..”

သွားတွေပေါ်အောင်ရယ်ပြီး သူလှည့်ထွက်သွားလျှင် ရှင်ကနောက် ...လိုက်ရင်း.. ။

“ဘာပြန်လုပ်မလဲတွေးပြီး ရင်ပူနေရတာကပိုဆိုးတယ်ကိုကို..ကိုကို ...သဲမှာ ရှင်အနေအထိုင်မတတ်လို့ ငါလက်ထပ်ခဲ့ရတယ်ဆိုတဲ့ အထင် ...းမှုကြီးနဲ့ ကိုကိုရှင့်ကိုမုန်းနေတာ..အစကရည်ရွယ်ချက်မရှိထားလည်း ...ရှိနေပြီ၊ ရှင်ငိုနေတာမြင်တိုင်း အဲ့ဒီလိုကျေနပ်အားရမှုတွေနဲ့..”

“မင်းမမောသေးဘူးလား..”

တံခါးနားကျမှ သူခြေလှမ်းတုံ့သွားတော့ ရှင်ကသူ့ဘေးထိတိုးသွား ...က်ပြီး.. ။

“မမောပါဘူး..ရှင်ကဘာမှမသိနားမလည်ဘဲ ချမ်းသာတဲ့အသိုင်းအ ...းအားကိုးနဲ့ ထင်ရာလုပ်တတ်တဲ့မိန်းမဆိုတဲ့ ကိုကို့အကြည့်တွေအပြော ...ကို မလိုချင်တာ..”

“အဲ့ဒီတော့..”

“ရှင်သိတယ်ကိုကို..သတ္တိလည်းရှိတယ်၊ ဆင်းရဲတာကိုမခံချင်ပေ ...ယ့် ခံနိုင်အောင်ကြိုးစားမယ်..အဲ့ထဲမှာကိုကိုပေးမယ့် ဒုက္ခတွေလည်းပါ ...ယ်၊ ရှင့်ကိုကိုကိုကြည့်တဲ့ အကြည့်တွေပြောင်းသွားတဲ့အထိ..”

“မင်းငါ့အချစ်ကိုရဖို့ ကြိုးစားချင်တာလား..”

“ရှင့်ရင်ထဲကို ကိုကိုစိတ်မဝင်စားပါနဲ့..ရှင်ဘာတွေလုပ်ပြနေနေ ...ာင်းသွားတာဆိုးသွားတာ ဘာဖြစ်လာလာ ကိုကိုချစ်ချင်မှဖြစ်တာပါ၊ ...တ်တယ်မှတ်လား..ရှင်ကလိုချင်တာရှိရင် ရဖို့ကြိုးစားတယ်၊ ရပ့်မလား ...့ ဘယ်တော့မှမတွေးဘူး..”

“ရနေသမျှတော့ ယုံကြည်မှုတွေခိုင်မာနေကြတာပဲ..”

ပေးတာမပေးတာ ကိုကို့သဘောပါကိုကို.. ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာမခံစားဘူးခဲ့သော နာကျင်မှုတွေကို ခံစားမိလာသည်၊ ကိုယ့်မျက်နှာပေါ်က မဲ့ပြုံးတွေကို နူးညံ့သည့်အပြုံးချိုတွေအဖြစ် အလိုရှိ ခဲ့၏။

ဘာဖြစ်တာလဲ..အရင်လိုပေါ့ပေါ့ပါးပါးနေစမ်းရှင်ထိပ်ထား.. ခု ထိ နင်လိုချင်တာဘာမဆို ရနေတုန်း.. ၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၇)

"ကိုကိုလင်းအတွက် ဟင်းလာပို့တာလေ.."

သမုအသံလား..။ ရှင်အိမ်နောက်ဖေးထွက်ပြီး မမြင်ဖူးသည့်သစ်ပင်ပန်းတွေကို လိုက်ကြည့်နေတုန်းအိမ်ရှေ့ကအသံကြားလိုက်သဖြင့် ...ပြီးသားဖြစ်သွားသည်။ ခြေလှမ်းတွေကလည်းအိမ်ပေါ်ကို ပြန်လည် ...ည်ထားခဲ့လျက်.. ၊

"ဘယ်လိုလဲ..မင်းအဆင်ပြေနေတယ်မို့လား.."

"ပြေလည်းပြေရတော့ကိုကိုလင်းရယ်..ကိုကိုလင်းတောင်မှ.."

"ကိုလင်းကိုမပြောနဲ့ဆရာမရေ..သူ့ဇနီးလေးက နနငယ်ငယ်ချစ်စ...၊ ဆံပင်တွေကခါးထိရှည်တယ်..ရွှေရောင်လိုလို အဖြူလိုလိုတွန့်...ကွေးကွေးလေးတွေ လုပ်ထားတာ.."

"ဟဲ့..မသိရင်မှတ်ထား၊ အဲ့ဒါကိုကြဲရည်ရောင်လို့ခေါ်တယ်.."

"ဟာ..မဟုတ်ပါဘူး၊ ကြဲရည်ရောင်ကျွန်မသိပါတယ်..သူကရွှေ...လေးလည်း သမ်းနေတဲ့ဟာ.."

"အဲ့ဒါကျတော့ ငါသိသွားပြန်ပြီ..အဲ့ဒါကိုဂရေးလို့ခေါ်တယ်၊ မသိ...ထားကျ.."

"လာပြီ..မခိုင်လာမှပဲ အားလုံးရှင်းသွားတယ်.."

"လုံးဝမဟုတ်ဘူး..ငါကတော့လက်မခံဘူး..'

...ကားသံတွေအရ လူတွေတော်တော်များနေပုံပင်။ ပြီးတော့ ရှင်အိ...ငြိုအသံပဲဖြစ်သည်။ သမုနဲ့ပါလာတာ ဆရာမတွေဘယ်နှစ်ယောက်...လဲ..။ ဆရာမတွေဆိုရင်ရော မိန်းမငယ်လေးတွေလို မဟုတ်က...ကို ငြင်းခုံအနိုင်လုနေရသလား.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ..မရှင်ကိုသမုကမြင်ဖူးပြီးသားပါ၊ ကြော်ငြာဝင်မနေ... အေးမိရော အိမ်ထောင်မပြုသေးဘူးလား..သမုရောက်လာမကြာ... တော့ ဒီဘက်ပိုင်းကိုခုမှပဲ.."

"သူ့ကိုကိုလင်းရောက်နေတယ်ကြားမှပဲ ပြူးပြူးပြဲပြဲထဖြစ်... ခိုင်.."

"ဟုတ်လား..ဆရာမနဲ့ကိုလင်း အဲ့လောက်ရင်းနှီးကြတာ သိ... မသိဘူး.."

"ရင်းနှီးလားမရင်းနှီးလားတော့မသိဘူး..သမုကဖြင့် သူ့ကို... ပေးထားတာဆို ဘာမှလေတိုးမခံဘူး.."

"သင်းရယ်..စာအုပ်တွေဘောပင်နဲ့တွေပါ သေချာထည့်ပြော... ဟုတ်ဘူး.."

သမုအသံလေးက ရှက်သွေးကြွယ်နေတာ သိသာနေလျက်...

"အံမယ်..'ကိုကိုလင်းလက်မှတ်လေး'ဆိုပြီး အဲ့ဒီစာရွက်တွဲ... ရက်ကို ညတိုင်းတသသထုတ်ကြည့်ပြီး.."

"အယ်..သင်းနော်၊ ဘာတွေပြောနေမှန်းမသိဘူး.."

"ဟား ဟား ဟား.."

"ခစ်..ခစ်.."

သမုနဲ့ပါလာသည့်သင်းသန္တာနဲ့လဲ့လဲ့စံတို့က စရောက်ရယ်... ကြသော်လည်း မခိုင်ကတော့ တအံ့တသြဖြစ်သွားပြီး လင်းကိုယ်... ပြောလို့ ဘာလုပ်ရမှန်းမသိဘဲ ရယ်နေမိစဉ်.. ၊

"အဲ့ဒီစာရွက်လေးနှစ်ရွက်ဆိုတာ ဘယ်မှာလဲသမု.."

"ဟော..ရှင်ထိပ်ထား.."

မခိုင်နားလည်သွားသည်။ ရှင့်မျက်နှာပေါ်ကတင်းမာမှုနှင့်... ရင်းနှီးနေခဲ့သည့်အခြေအနေအရ ရှင်နဲ့သမုတို့သည်.. ၊

"မရှင်.."

"ဟုတ်တယ်..ငါ.."

ရှင်အပြင်ထွက်လာသည်နှင့် အားလုံးတိတ်တိတ်ဆိတ်ဆိတ်... ကြသည်။ ပျော့အိပါးလျသောအဝါနုရောင်ဂါဝန်ရှည်သည့်ရင်... အတွန့်အရှုံ့များနှင့် ခါးကျပ်ဖြစ်ကာ ခြေဖျားထိပွပွလေးလျှပ်လွဲ... ၏၊ ပခုံးချိတ်သာသာ ကြိုးပြားလေးပဲပါပေမယ့် အိမ်နေရင်းပုံ...

www.burmeseclassic.com

www.burmeseclassic.com



...ခရိုင်း.. ။

သူမကိုအားလုံးတအံ့တသြငေးနေခြင်းသည် လှလို့ငေးတာဖြစ်နိုင် ...် သူမနဲ့အတူပါလာသည့်ဒေါသအရှိန်ကြောင့်လည်းဖြစ်နိုင်သည်။ ...ယ့် အားလုံးစကားတွေကိုအစအဆုံးကြားလိုက်ပြီးသည့်အချိန်မှာ ...နေ ပြုံးပြုံးလေးထွက်သွားဖို့က ဘယ်လိုမှမဖြစ်နိုင်တော့ရာ.. ။

"နှင့်ဆီမှာ ကိုကိုလက်မှတ်နဲ့စာရွက်ဆိုတာ ငါမေးနေတာ.."

...ပ်ပြောလိုက်တော့ သမုမျက်နှာလေးဖျတ်ခနဲငုံ့သွားသည်။ ရှက် ...ဖြင့် ဘာပြောလို့ဘာဖြေရမှန်းလည်း မသိရှာ။ ပြီးမှအားတင်း ...ရင်း ရှင့်ကိုမော့ကြည့်ကာ.. ။

"သမုမှာရှိတဲ့စာရွက်က ရိုးရိုးအေးဖိုးနှစ်ရွက်တွဲထားတဲ့စာရွက်တွေ

"...းသလားဆန်းသလားလို့ ငါမေးနေတာမှမဟုတ်ဘဲ..စာရွက်ထဲမှာ ...လက်မှတ်ပါနေတဲ့အတွက် အဲ့ဒါကိုနင်သိမ်းထားဖို့မလိုဘူး.."

"ရှင်ထိပ်ထား.."

...င်းက ရှင့်လက်ကိုလှမ်းဆွဲကာ သူ့ဘေးမှာထိုင်ချပြီးသားဖြစ်သွား ...င် အားစိုက်ဖိလိုက်သည်။ ဧည့်ခန်းမှာကုလားထိုင်တွေရှိပေမယ့် ည ...စကားဝိုင်းဖွဲ့ကြလျှင် တောရွာဓလေ့အတိုင်း ကြမ်းပေါ်မှာပဲ လွတ် ...ပ်လပ်နေကြတာမို့ သူတို့ထိုင်နေတာက ဧည့်ခန်းအစပ်ကအတက် ...င်းကြမ်းပေါ်မှာဖြစ်သည်။

သမုတို့မိန်းကလေးတွေနဲ့ ဒေါ်ကြီးတစ်ယောက်ကအိမ်ပေါ်မှာဖြစ် ...အမျိုးသားတစ်ယောက်နဲ့မခိုင်တို့က ခုထိအိမ်အောက်ကနေ မတ်တပ် ...း စကားလာပြောနေတာဖြစ်၏။ ရှင့်ကိုသူ့ဘေးမှာ အတူထိုင်ဖြစ် ...ဆွဲထားလိုက်ပြီးမှ ကပ်၍.. ။

"ဘာတွေလျှောက်ပြောနေတာလဲ..နားစွန်နားဖျားကြားပြီး.."

...တ်ပါစေတော့လို့ ကပ်ပြောလိုက်ကာမှ ရှင်ကသူ့လက်ကိုဆတ် ...တ်ချပစ်လိုက်ပြီး.. ။

"နားစွန်နားဖျားကြားတာ မဟုတ်ဘူးကိုကို..သေချာကြားလို့ထွက် ...း အဲ့ဒီလက်မှတ်ကို ညတိုင်းထုတ်ကြည့်နေတယ်ဆိုတာ ဘယ် ...ဆိုးရွားသလဲ..အဲ့ဒီစကားကျတော့ လျှောက်ပြောနေတာလို့ ဘယ် ...ပြောဘူး.."

www.burmeseclassic.com

www.burmeseclassic.com


'ဘယ်သူမှမပြောဘူး'ဆိုတော့ အနားမှာရှိနေကြသည့် မခိုင်တို့ လုံးပြုံးကုန်သည်။ လင်းအားနာသွားမိကာ ဘယ်လိုစကားနဲ့ဖြေ မှန်းတောင် မသိတော့ပေ.. ။

"အဲ့ဒီလက်မှတ်ကို ဘာ့အတွက်ပဲရထားထား..ညတိုင်းထုတ် ပြီး ဘယ်လိုဖြစ်ပျက်ရှုနေတာဖြစ်ဖြစ် နောက်နေ့ကစပြီး ရှင်ထိပ်ထား ခွင့်မပြုနိုင်ဘူး..အဲ့ဒီတော့ပြန်ပေးပါအဲ့စာရွက်.."

"ဒါကတော့ညီမရယ်..လက်ဆောင်တို့အမှတ်တရတို့ဆိုတာ သူကပေးတာဖြစ်ဖြစ် ဘယ်သူမဆိုတန်ဖိုးထားကြတာပါပဲ.."

သင်းဆိုသည့်အသားဖြူဖြူ မျက်နှာခပ်ပြားပြားနှင့်တစ်ယော တော်တော်ခံပြင်းနေသည့် မျက်နှာထားနှင့်ဝင်ပြောသည်။ ရှင်ကဟ မဲ့၍.. ။

"လက်ဆောင်ဟုတ်လား..လက်မှတ်ကဘာ့အတွက်လဲ၊ အဲ့စာရွ ဘာ့စာရွက်လဲ.."

"ရှင်ထိပ်ထား.."

"ကိုကို့ကိုတစ်ခွန်းမှ မမေးဘူးနော်..ပြောတာကြားတည်းကသိ ဒါမျိုးက.."

"ဘယ်ကိစ္စဖြစ်ဖြစ် ဘာမှကြီးကျယ်တာမဟုတ်ဘူး..တော်တော့

"မရှင်လိုချင်ရင် သမုပြန်ပေးပါမယ်..ဒါပေမယ့် အဲ့စာရွက်က မဟုတ်ပါဘူး၊ ကိုကိုလင်းနဲ့သမု.."

"မလိုဘူး..ဘာ့အတွက်ဘာ့အဓိပ္ပာယ်မှမပါဘူးဆိုတာ ငါတွေ တယ်၊ ဒါပေမယ့် နင့်လက်ထဲမှာ ကိုကို့လက်မှတ်ထပ်မရှိစေရဘူ ခေ.."

သမုခေါင်းလေးညိတ်၍ ဖိနပ်ချွတ်လှေကားထစ်ဘက်ကို လှည့် လိုက်သည်။ ပြီးမှ ခြေထောက်လေးအရင်ချပြီး ဖိနပ်စီးရင်း.. ။

"ကိုကိုလင်းအတွက် ကြက်အသည်းအမြစ်လေးချက်လို့ လာ ပါ.."

ဟင်းပန်းကန်ကိုလှည့်ကြည့်ပြီး လင်းကိုပါအသိပေးသလိုလ ၍.. ။

"လှယ်နေဖို့မလိုဘူးနော်..ဘူးလေးပါပေးတာ.."

"ဘာလဲ..ဘယ်သူ့ကိုပြောနေတာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ရှင်က နေရာမှမထဘဲ အားလုံးရှေ့မှာရှိနေဆဲ ပန်းရင့်ရောင်ဟင်း ...လေးကို သူမရှိရာတွန်းပို့လိုက်ပြီး.. ။

"ပြန်ယူသွား..ကိုကိုစားဖို့ဖြစ်ဖြစ် ကိုကိုဝတ်ဖို့ဖြစ်ဖြစ် နင်ပေးချင် ...င်းပေးလို့မရဘူး၊ နောက်ဆိုမှတ်ထားစမ်း..မိန်းမရှိတဲ့ယောကျာ်းတစ် ...ာက်ကို ရင်းနှီးချင်ရင် သူ့မိန်းမကိုအရင်ပေါင်းဦး၊ အဲ့မိန်းမမကြည် ...ဆိုရင် သူ့ယောကျာ်းကို ဒူးအထက်တောင်မော်မကြည့်နဲ့..ကြိုက်တဲ့ ...ခေတပ်လို့ရတယ်.."

လင်းမျက်နှာတစ်ပြင်လုံး ရဲတွတ်သွားသည်။ သမုခြေတုန်လက်တုန် ...ဖြစ်ကာ လေကားထစ်တွေကျော်နင်းမိပြီး မြေပြင်ပေါ်မတ်တပ်လေး ...တိုင်းပြုတ်ကျ၏။ ရှိသမျှလူတွေ'ဟင်'ခနဲ 'ဟာ'ခနဲဖြစ်ကုန်အောင် တ ...ာသြကြီးဖြစ်နေကြတာ မှင်တက်မိနေတဲ့အတိုင်း.. ။

"ဟဲ့..ပြန်ယူသွားလေ၊ ငါကလွှင့်ပစ်နေရဦးမယ်.."

"ရှင့်..မင်း.."

"ဟို..ကိုလင်း နေကြပါဦး၊ ဒီလိုမဖြစ်ကြပါနဲ့.."

လင်းဒေါသထွက်လွန်းသဖြင့် အသားတွေပါတုန်၏။ ရှင့်လက်လေး ...ျတ်ခနဲဆောင့်ဆွဲကိုင်လိုက်ပြီး အိပ်ခန်းထဲထိဆွဲခေါ်လာခဲ့ရလျှင်..

"ကိုလင်းရေ..မောင်လေး ရန်မဖြစ်ကြနဲ့၊ အိမ်ထောင်ဦးဆိုတာ နား ...ည်မှုလွဲတတ်ကြတယ်မောင်လေးရဲ့.."

လူကြီးတွေကစိတ်မဖြောင့်နိုင်ဘဲ လှမ်းအော်နေကြကာ မခိုင်လည်း ...ာ်တော်နဲ့မသွားနိုင်။ လင်းကတော့ ရှက်နေတာပဲသိကာ.. ။

"ရှင်ထိပ်ထား..မင်း မင်းတော်တော်သိက္ခာမဲ့ပါလား.."

"ရှင်ကသိက္ခာမဲ့တယ်ဆိုတော့ ကိုကိုလင်းရေလို့ခေါ်ပြီး ကြက်အ ...ည်းအမြစ်လာပေးတဲ့ မိန်းမကတော့သိက္ခာတွေကြီးမားနေလို့လား.."

"ကြီးတယ်..ပြီးတော့ သူကဒီရွာမှာကျောင်းဆရာမ.."

"မနေ့တစ်နေ့ကတော့ ရှင့်အိမ်ဖော်ပဲ.."

ရှင်ကသူဖိကိုင်ထားသည့်လက်ကို လှုပ်ခါချနေရင်း တစ်ခွန်းမှမခံ။ ...း်ကြိတ်ရင်း သူမကိုယ်လေးကို နံရံနဲ့ဖိကပ်ပစ်လိုက်သည်။

"မင်းဟာလူတင်နှငယ်တာမဟုတ်ဘူး..စိတ်ဓာတ်လည်းသေးသိမ် ...း နှုတ်ကလည်းကြမ်းတယ်..လူမှုကျင့်ဝတ်ဆိုတာလည်း မင်းဘာမှ ...ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုသိရဦးမှာလဲ..ကိုယ့်ယောကျ်ားကိုကြောင်တောင်နှိုက်သွား တော့ အဲ့ဒီလူမှုကျင့်ဝတ်တွေအရ ဘာလုပ်လို့ရသလဲ၊ မြင့်မြတ်တဲ့စိတ် ကြီးမွေးပြီး ကိုယ့်ယောကျ်ားကိုကောက်စားသွားလည်း ပြုံးပြုံးလေးကြည့် နေရမှာလား.."

"ကြည့်စမ်း...မင်း.."

"ကြမ်းတဲ့ပါးစပ်က အကြမ်းတမ်းဆုံးထွက်ရင် ဆဲဖို့ပဲရှိတယ်..မြန်မာ ပျော့ဖတ်ဖတ်နဲ့ အကြူဇယားတွေခင်းတော့ အဲ့ပါးစပ်ကကောင်းလား.."

"တော်..မင်းတော်တော့.."

"ဒုန်း..."

"အား.."

ရှင့်ရဲ့စူးစူးဝါးဝါးအော်သံနှင့် ထိမိခိုက်မိသံတွေကြောင့် အနီးအနား မှာရှိနေကြသည့် မခိုင်တို့သားအမိပဲပြေးတက်လာကြကာ.. ၊

"ဘာတွေဖြစ်ကုန်ကြတာတုန်း...ကိုလင်းရေ.."

"ရှင်ထိပ်ထားကို တစ်ခုခုလုပ်လိုက်ပြီဒီကောင်လေး.."

ဟနေသည့်အိပ်ခန်းတံခါးကို အလောတကြီးတွန်းဖွင့်ပြီး ဝင်လိုက် ကြလျှင် မခိုင်တို့သားအမိဟင်ခနဲဖြစ်သွားကြ၏။ 'ဒုန်း'ခနဲအသံသည် လည်း ရှင့်ကိုထိုးလိုက်တာမဟုတ်မှန်း နားလည်သွားကြကာ.. ၊

"နံရံကိုထိုးလိုက်တာလား.."

"မနည်းဘူး...ပေါက်ပြဲကုန်တာကြည့်စမ်း၊ ပျဉ်တွေကအလတ်ကြီး သေးတာ လက်ကိုပဲထိတာပေါ့ လင်းရယ်.."

နံရံဆိုလျှင် ကိုယ့်လက်ကိုထိန်းချုပ်မှုရှိနေလိမ့်မည်။ ပျဉ်တွေဆိုတော့ ဒေါသဖြစ်သလောက်ပေါက်ကွဲပစ်လိုက်သဖြင့် လက်ကအထိနာသွား၏ မနာလိုက်ဘဲ ငုတ်တုတ်လေးထိုင်၍ လက်ပေါ်မျက်နှာမှောက်ချပြီး ငိုနေ တာရှင်ပဲဖြစ်ကာ၊ မော့လည်းမကြည့်ဘဲ.. ၊

"အဲ့ဒါသူများကိုထိုးလိုက်တာ သိလား...နည်းနည်းလေး လွဲသွား တာ.."တဲ့.. ၊

မခိုင်တို့သားအမိတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ငို လို ရယ်ရမလို။ ဒါမှမဟုတ် လင်းကိုပဲကဲ့ရယ်ရမလား.. ၊

ဘယ်နှစ်မိုင်ကနေ ပြေးထိုးတာမို့လို့ ဒီမျက်နှာကိုလွဲရတာလဲလို့..

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၈)

ညအိပ်ရာဝင်ချိန်ရောက်တော့ ရှင်ဘယ်လိုမှခေါင်းချလို့မရဘဲဖြစ်နေ၏။ မင်္ဂလာဦးညဆိုတာလည်း ရှင်ပဲတစ်ယောက်တည်းမိုးလင်းခဲ့ရသည်။ နောက်ညတွေမှာလည်း ကိုကိုနဲ့အတူတူအိပ်ဖို့ သူမမမျှော်လင့်ခဲ့ပါ။ ကိုကိုကမင့်ကိုမချစ်တာလို့တွေးပြီး ပေါ့ပေါ့ပါးပါး.. ၊

ကိုယ်ကရောချစ်လွှန်းလို့ တင်းမာနေမိသလား..။ ဒီလိုမျိုးလည်း ကိုယ်ဖြစ်မနေတော့ ကိုကိုနဲ့သူမ နေတတ်သလိုနေခဲ့ကြတာမှာ ဘာအဖုအထစ်မှမရှိခဲ့ပါ။ ခုကျတော့ ပြဿနာရှိလာပြီဖြစ်သည်။ တောရဲ့ရာသီသဘာဝကိုက ညရဲ့ပကာသနချို့တဲ့လွန်းတာမို့ အိပ်သေးသေးလေးပေမယ့် အမှောင်ထုနဲ့တိတ်ဆိတ်ခြင်းက ကြီးစိုးတတ်သဖြင့် လင်းအိပ်ရာမဝင်ခင် အိပ်ပျော်အောင် ကြိုးစားရသည်။

ဒီညလက်ကဒဏ်ရာကို မခိုင်တို့ပဲဆေးတွေထည့် ဆေးတိုက်လုပ်ပေးကြကာ ညစာလည်းမစားတော့ဘဲ ဘုရားစင်ရှေ့မှာဝင်လှဲနေတာအိပ်နေတာလားမသိ မအိပ်ဘူးလားမသိ။ အချိန်ကိုကြည့်တော့ ညကိုးနာရီရှိနေပြီဖြစ်သည်။ အိပ်ခန်းခုတင်ပေါ်မှာ ရှင်ငုတ်တုတ်လေးထထိုင်ရင်း တိတ်ဆိတ်နေသည့်ညကိုပဲ ဘာသံကြားရမလဲထပ်ပြီး နားစိုက်ထောင်နေမိသေးသည်။

ကြက်တွန်သံတစ်ချက်ကြားလိုက်ရပြီး နောက်ထပ်ကြက်တွန်သံအဝေးဝေးကနေ ထွက်လာကြ၏။ ထိုအခါဘွားကိုသတိရမိလေသည်။

“ဘယ်နှစ်နာရီထိုးပြီလဲမြေးရေ..အိပ်လို့လည်းမရပါဘူး၊ ခေါင်းရင်းက ပါတီလုပ်နေကြတာ..မပြီးသေးဘူးထင်တယ်၊ ဒုက္ခ..ဒုက္ခ ညညဆိုအာရွာတွေမှာ လူဖြစ်ချင်စိတ်ပေါက်ပေါက်လာတယ်..တကယ်ပါပဲ

www.burmeseclassic.com

www.burmeseclassic.com



သက်ကြီးခေါင်းချကြက်တွန်သံလေးနဲ့ ဘယ်လောက်တရားမှတ်ရင်း...
ချမ်းလိုက်မလဲ..”

“ဘွားကတောမှာနေဖူးလို့လား..”

“မြို့မှာမွေးတာနဲ့ဘဲ မသိဘဲနေမလားမြေးရဲ့..ဘွားတို့မနေဘူးတဲ့... သ သိပ်မရှိဘူး၊ ခဏတဖြုတ်ပေမယ့် ပျော်တဲ့နေရာဆိုရင် လနဲ့နှစ်...
အောင်နေတာ..”တဲ့.. ၊

ဒီကြက်တွန်သံတွေကို ဘွားပြောတာထင်သည်။ သူမကတော့ ...
သက်ပေ။ ကြက်တွန်သံတွေကြောင့် အထီးကျန်သလိုလို ငိုချင်သလို...
စိတ်အခန့်မသင့်တဲ့အခါ ရူးချင်စိတ်တောင်ဖြစ်နိုင်သေးသည်။ မှန်းလို...
ပါဘိ.. ၊

“တောက်..တောက်..”

ဟင်.. ၊

ရှင်ဆတ်ခနဲဖြစ်သွားသည်။ ခုတင်ကိုငုံ့ကြည့်လိုက်မိသည်။

“တောက် တောက် တောက်..”

ဘုရား ဘုရား.. ၊

ခုတင်ကို တုတ်နဲ့ခေါက်နေတာ..ဒါ.. ၊

“ဂျိ..ဂျိ ဂျစ် ကျလစ်..”

ဒါ လက်သည်းနဲ့ခြစ်နေတာ..မဟုတ်ဘူး တစ်ခုခုနဲ့သစ်သားကို...
နေတာ. .၊

ခြင်ထောင်ထဲမှာငုတ်တုတ်ထိုင်ရင်း အသံကြားတိုင်း ဘယ်ဘက်...
လိုက် ညာဘက်ကြွလိုက်နှင့် ခေါင်းအုံးပေါ်နောက်ပြန်ထိုင်မိမလို ဖြစ်...
၏။

“ဂိ..”

“အမေ့ရေ..”

နားနှစ်ဖက်ကိုလန့်ဖျန့်ပိတ်မိကာ ရန်ခုန်သံသည်တစ်ကိုယ်လုံး...
လွင့်ပါသွားမတတ် ဆောင့်ခုန်လာခဲ့၏။ ကိုယ်ကိုကြွကာ ခါးနောက်...
နေသည့် ခေါင်းအုံးကိုရင်ခွင်ထဲမှာ ပိုက်လိုက်သည်။ စိတ်ကူး...
ဘေးမှာ သွားအိပ်ဖို့ဖြစ်ကာ ခြင်ထောင်ကိုဖွင့်၍ အပြင်ထွက်လိုက်...

“တောက် တောက် တောက်..”

‘အမလေး..’

www.burmeseclassic.com

www.burmeseclassic.com


အစ်ယောက်တည်းကမ္ဘာပျက်နေကာ ရှင်ခြင်ထောင်ထဲပြန်ရောက် ၏၊ ဒီအသံမကြားခင် ကိုကို့ဆီရောက်အောင်ပြေးရင်ဖြစ်မလား..။ င်မှန်းသိနေခဲ့၏။ ဒီတိုင်းဆိုကိုယ်လှုပ်ရှားသမျှ သိနေတဲ့မကောင်း ကာ သူမခုတင်ပေါ်ကခြေချလိုက်တာနှင့် ခြေထောက်ကိုလှမ်းဆွဲ မှာပင်။ ခုလောက်ဆိုရင်ရော သူမကိုကို့ဆီသွားဖို့ကြံနေတာကို သိ သား.. ၊

ကြောက်စိတ်ကြောင့် ရှင့်လက်ဖျားလေးတွေပါ တုန်ယင်လာကာ..

"ကိုကို..ကိုကိုရေ.."

"ဟင်..ဘာလဲ.."

"ရှင့်ကိုလာခေါ်ပါ.."

သင်းကမအိပ်ရသေးတာလား..နိုးသွားတာလားမသိ။ ချက်ချင်းပြန် ကတော့ရပေမယ့်.. ၊

"ဘာကိစ္စလဲ..မင်းခုတင်ခြေရင်းမှာ ချပေးထားတယ်၊ နောက်ဖေး ာမလိုဘူး.."

"မဟုတ်ဘူး..အဲ့ဒါမဟုတ်ပါဘူး၊ ရှင့်ကိုလာခေါ်ပါဆို.."

သင်းအထဲဝင်လာတော့ လက်ထဲမှာဓာတ်မီးလေးပါလာသည်။ ပြီး ရှင်ဘာဖြစ်နေသလဲမမေးဘဲ အလင်းရောင်ဖျော့ဖျော့သာရှိတော့ နံစ်ပေချောင်းဘတ်ထရီမီးလေးကို အခန်းပြောင်းချိတ်လိုက်သည်။ င်းအားက ဖွေးခနဲမြင့်တက်သွားခဲ့ပြီး.. ၊

"ပြီလား.."

"ဟင့်အင်း..အဲ့ဒါကြောင့်မဟုတ်ဘူး၊ ရှင်ကိုကိုနဲ့လိုက်အိပ်မှာ.."

သင်းပြန်ထွက်သွားမှာစိုးကာ ခေါင်းအုံးကိုလက်တစ်ဖက်ကဆွဲ၍ခြင် ကမန်းကတန်းဖွင့်သည်။ ပြီးတော့ ခုတင်အောက်ကိုခြေထောက် လျှင်.. ၊

"အမလေး..ဆွဲပြီ၊ ခြေထောက်ကိုသရဲ..သရဲ.."

သင်းကခြေထောက်ကို ဓာတ်မီးနဲ့ထိုးလိုက်ပြီး.. ၊

"ဘာသရဲမှမဟုတ်ဘူး..မင်းဂါဝန်နဲ့ခြေထောက်နဲ့ငြိနေတာ.."

ဟုတ်ဘူး..သရဲ.. ၊

ဖြစ်ကိုင့်မကြည့်ဘဲ သေလုမျောပါးပြန်တက်ကာ.. ၊

"ခုတင်ကိုတုတ်နဲ့ လာခေါက်လိုက်..လက်သည်းနဲ့ခြစ်လိုက်နဲ့ရှင့်ကို

www.burmeseclassic.com


လာခြောက်နေတာ၊ ကိုကိုငုံ့ကြည့်လိုက် အောက်..အောက်မှာတ
တယ်ကိုကိုရဲ့.."

"ကျွတ်.."

"ရှိတယ်ကိုကို..ငုံ့ကြည့်လိုက်ပါဆို.."

ပြောပြီးစောင်နဲ့ခေါင်းမြီးခြုံလိုက်ကာ အိပ်ရာထဲဝုန်းခနဲပြန်လှဲ
ပြီးတော့ စောင်ကိုခြေဖျားခေါင်းဖျားလုံအောင် ဆွဲနေရှင်း..။

"ကိုကိုဘာကြီးလဲ..အား မပြောနဲ့..မပြောနဲ့ဦး.."

ဓာတ်မီးနဲ့တစ်ချက်ဝေ့ကြည့်လိုက်ပြီး လင်းမျက်နှာရှုံ့မဲ့နေ
လောက်ဖြစ်လှတာ 'တွေ့တယ်..အစွယ်ကြီးနဲ့နည်းတဲ့ကောင်ကြီး
ဘူး'လို့ပြောထည့်လိုက်ရင် တစ်ခါတည်းအသက်ပါသွားနိုင်၏။

"ကိုကို..ကိုကိုအပြင်ထွက်သွားတာလား.."

အသံလေးတုန်နေပြီမို့ လင်းပင့်သက်ရှိုက်မိရှင်း..။

"မထွက်ဘူး..ခင်ဗျားလိုက်အိပ်လို့လည်းမရဘူး၊ ဘုရားခန်း
မယားမအိပ်ကောင်းဘူးဆိုတာ နားမလည်ဘူးလား.."

ခေါင်းမြီးခြုံထဲက ရှင့်မျက်လုံးလေးနှစ်လုံးပေါ်လာသည်၊

"အောက်မှာဘာမှမတွေ့ဘူးလား.."

"ဘာရှိလို့တွေ့ရမှာလဲကွ..သစ်သားအိမ်ဆိုတာ မြည်တာပဲ၊
ဟုတ်ဘူး..တောဆိုတဲ့သဘာဝကိုက ဒီအတိုင်းပဲ.."

'မဟုတ်ဘူး..ကိုယ့်ကိုရည်ရွယ်ပြီးခေါက်နေတာ သိတယ်'
ပြောချင်သေးသည်။ ဒါပေမယ့် လင်းဒေါသဖြစ်ပြီး ပြန်ထွက်သွား
မည်။

"အဲ့ဆို ကိုကိုဒီမှာပဲအိပ်လေ.."

"မအိပ်နိုင်ဘူး.."

"ကိုကိုနော်.."

မအိပ်ချင်တာကိုပဲ လူကိုခြိမ်းလားခြောက်လားနှင့်..။

သူ့မကြောင့်ပဲလက်မှာ ပတ်တီးအဖွေးသားနဲ့လက်က ခု
တုန်း။ စောစောစီးစီးလည်းအိပ်လို့မပျော်တတ်တော့ ပိုဆိုးသည်၊
ထဲ သူ့မဆီကလှုပ်လှုပ်ရွရွအသံတွေထွက်နေသေးသည်။

"ကိုကို..ကိုကိုဘာလုပ်တာလဲ.."

လင်းလှည့်ထွက်သွားတာနှင့် ရှင်ခေါင်းအုံးကိုအပေါ်ဆွဲ၍ ခု

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ဂုဏ်းခနဲအသံကြောင့် လင်းလှည့်ကြည့်လိုက်တော့ နောက်ကပ်လိုက်သည့် ရှင်နဲ့အင့်ခနဲ.. ။

"ဟာ..ဘာလိုက်ဖြစ်တာလဲ.."

"ကိုကိုမအိပ်ရင် ရှင်လိုက်အိပ်မှာပဲ.."

"ခင်းတော်တော်ခက်ပါလား.."

"ဟင့်အင်း...လိုက်မှာပဲ.."

စိတ်တွေလည်းညစ်ရပါ၏။ ဘယ်လိုပြောလို့မှလည်း နားမလည်။ အောင်တစ်ခုကို ဒီလိုပုံစံနဲ့အခြေမတည်ချင်သည်မို့ သူမနဲ့သူနီးနီးကပ်နေချင်ပေ။ ရင်းနီးကြည့်ဖို့လည်း စိတ်မဝင်စားခဲ့။ ညကလိုအဖြစ်ကြောင့် မျက်နှာချင်းမဆိုင်ချင်လောက်အောင် ဖြစ်နေနိုင်တာကိုရောတွေးမိဘူးလား.. ။

ဒါပေမယ့် တမင်ကြောက်ပြနေတာ မဟုတ်မှန်းလည်းသိနေသဖြင့် ထပ်ဥပေက္ခာထားပြီး ထွက်မသွားနိုင်ဘဲ.. ။

"ခင်းဒီမှာအိပ်တာ သုံးညရှိနေပြီ..ခုမှဘာထဖြစ်တာလဲ.."

"ဟိုညတုန်းက ကိုကိုမအိပ်ခင်အိပ်ပျော်သွားတာကိုး...ဒီညကျတော့"

"တောက် တောက် တောက်.."

"အမလေး.."

ရှင်တုန်ခနဲဖြစ်သွားကာ ခေါင်းအုံးကိုလွှတ်ချပြီး လင်းခါးကိုသိမ်းလိုက်သည်။

"ကြားလား...ကုတင်အောက်မှာလေ.."

"လုပ်ပြန်ပြီ..အဲ့ဒါသစ်သားမို့ ဟိုမြည်ဒီမြည်ဖြစ်နေတာ..ဒီမှာလာ.."

"ဟင့်အင်း.."

ကြောက်သည့်ရောဂါသည် ဘယ်လိုသက်သေနဲ့မှ ဆေးမတိုးဘဲဖြစ်ရာ နောက်ဆုံးတော့တစ်ယောက်အိပ်ခုတင်ပေါ်မှာပဲ တစ်ဖက်တစ်အိပ်လိုက်ရကာ.. ။

"ကိုကို ဒီဘက်တိုး.."

"ရတယ်.."

"တိုးပါကိုကိုကလည်း...ရှင်လည်းရပါတယ်.."

"ဘာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟို..ထိ ထိ အိပ်လည်းရတယ်လို့.."

သူမဘာသာစကားတွေမှားနေကာ လင်းမကြည်မလင်ဖြစ်နေ မျက်နှာနှင့် တစ်ဖက်လှည့်စောင်းလိုက်လျှင်.. ။

"မလှည့်သွားနဲ့လေ..ကိုကို.."

"အား..သေပြီ.."

"ဆောရီး..ကန်တော့ကိုကို ကိုကိုကန်တော့ပါရဲ့.."

လျှာခလုတ်တိုက်မတတ်တောင်းပန်နေပေမယ့် အတင်း လိုက်သည့်အရှိန်ကို နည်းနည်းလေးမှမလျှော့.. ။

"မင်း..ဟိတ် လွှတ်လေကွာ၊ နာလို့အော်နေတာ မင်းမကြ လား.."

"ကြားပါတယ်..ကိုကိုကလည်း၊ ဒီဘက်လှည့်..ဟင်.."

ဘတ်ထရီမီးရောင်သည် ရုတ်တရက်ဖြုတ်ခနဲ ဖျော့ကျသွား နောက်ထပ်မှုန်တိမှုန်ဝါးလောက်ထိ ဖျော့ကျသွားကာ မီးချောင်းကို ရရုံ ဆိုးရွားသွားရာ.. ။

"မီး..မီးပျက်တော့မယ်၊ မှောင်သွားရင်ရှင်တို့.."

"တောက် တောက် တောက်.."

"အောင်မလေး.."

"ဟာ..ဟော့.."

သူမဘက်ကိုလှည့်မလို့ပေမယ့် လှည့်ချိန်မရလိုက်ပေ။ နောက် သူ့တစ်ကိုယ်လုံးကို ခွကျော်ခုန်ချကာ ရင်ခွင်ထဲကိုတစ်ကိုယ်လုံး လက်ခတ် တိုးဝင်၏။ ထိုအခါ လက်ကဒဏ်ရာကိုထိမိမှာစိုး၍ မြောက်ရှောင်ရ၊ သူမပြုတ်ကျသွားမှာစိုးပြီး ပြန်ဖက်ထားရနှင့်တစ် ကိုတစ်ယောက် မက်မောမြတ်နိုးစွာပွေ့ဖက်ထားမိကြသလို အတိအ လေသည်။

'ဘယ်လိုဖြစ်ရတာလဲ..ဘာဖြစ်တာလဲ' ဆိုသည့် ဆူပူကြိမ်း တွေ မဆိုနိုင်တော့သည့်အပြင် လင်းအကြီးအကျယ်ဒုက္ခများနေ မက်မောနှစ်သက်ဖွယ် သူမရဲ့ကိုယ်သင်းနံ့ကြောင့် အသက်ရှူ ဖြစ်နေရလျက် ပွေ့ဖက်ထားရသော နူးညံ့နွေးအိသည့်အထိအတွေ့ ကြောင့် တဒိတ်ဒိတ်လှိုက်ခုန်လာသည့် ရင်ခုန်သံတို့သည်.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃၉)

"အား..ကျွတ် ကျွတ်.."

နာကျင်နေတာကိုသိနေသော်လည်း သူဘယ်လိုမှလှုပ်လို့မရပေ။ အခန်းသည်သန်းခေါင်ကျော် မိုးသောက်လည်းမရောက်သေးဘဲ မနက်လေးနာရီတောင်မထိုးသေး.. ၊

"ဟိတ်..ရှင်ထိပ်ထား.."

"........ ........."

"ဟိတ်.."

"ဟင်.."

ရှင်မျက်လုံးတွေဖွင့်လာတာနှင့် ပိန်းပိတ်မှောင်နေတာကိုသိကာလျှော့ရိလျှော့ရဲလက်တွေက တင်းခနဲပြန်ဖက်ထားပြီးသားဖြစ်သွားကာ..

"ကိုကိုဘယ်သွားမလို့လဲ.."

"ထမလို့ပေါ့ကွ..တစ်ညလုံးကြီးခင်ဗျားထင်သလိုလုပ်နေတာ၊ ဒီမှာခုံးတစ်ခြမ်းလေဖြတ်ပြီလားတောင် မသိဘူး.."

"မဖြတ်ပါဘူးကိုကိုရယ်..ဒီလောက်မှောင်မှောင်မည်းမည်းထဲမှာထပါနဲ့၊ မမြင်မစမ်းနဲ့နော်..ဒီတစ်ခါပဲရှင့်ကိုအလိုလိုက်ပါ..မိုးလင်းမှ အတူတူထမယ်လေ.."

သူမစကားတွေအချိုးမပြေဖြစ်လာကာမှ ကိုယ်စခဲ့တာကိုသတိရသည်။

"ကဲ..ခဏဖယ်ကွာ၊ ဓာတ်မီးဖွင့်ထားလိုက်မယ်.."

တစ်ညလုံးကောင်းကောင်းအိပ်မပျော်ခဲ့ရသဖြင့် လက်ဒေါသလည်းထွက်နေသည်။ ဒဏ်ရာရှိသည့်လက်မောင်းကိုမှ သူမကအုံးစက်ရာလုပ်

www.burmeseclassic.com



ပြီး စက်တော်ခေါ်ရှာသဖြင့်လက်မောင်းကနေ တစ်လျှောက်လုံးအထော
ကြီးကိုက်ခဲနာကျင်နေခဲ့၏။ မှောင်နဲ့မည်းမည်းထဲမှာ ခာတ်မီးဖွင့်လို
မှ သူမရဲ့လက်ကိုဖြေချသည်။ ပြီးမှ.. ။

"ကိုကိုအရမ်းနာသွားလားဟင်.."

"နာတယ်ဆိုတော့ မင်းဘာလုပ်ပေးနိုင်လို့လဲ.."

'ခုမှ ကြောင်သေရုပ်လေးနဲ့ လာလုပ်မနေနဲ့'လို့ ပြောလိုက်ရင်
ကောင်းဘဲရှိတော့မည်။ ထို့ပြင် မိုးမလင်းမချင်းသူ့ကိုမျက်စိအောက်
အပျောက်မခံဘဲ မျက်နှစ်သစ်တာ အိမ်သာဝင်လာကအစ လူနားမှာက
နေပြီး ကျီးလန့်စာစား.. ။

"မိုးမလင်းသေးဘူး..အိပ်ချင်ပြန်အိပ်.."

လင်းကနည်းပညာနှင့်ကမ္ဘာစာအုပ်ထူကြီးယူလာပြီး ခာတ်မီးဖွ
ထားသည့်နားမှာပဲ ငုတ်တုတ်ထိုင်၏။ ရှင်ကခုတင်စွန်းမှာနောက်ပြန်ထိ
ပြီး ခြေထောက်တွေကိုပါကမန်းကတန်း အပေါ်ဆွဲတင်လိုက်ကာ.. ။

"ကိုကိုလည်း ခါတိုင်းထတဲ့အချိန်မရောက်သေးဘူးလေ.."

လင်းမျက်လုံးကြီးဝင်းခနဲတက်လာတော့ ရှင့်ကိုယ်လေးတောင့်မ
သွားကာ.. ။

"ဒီတစ်ခါရှင် ကိုကို့ကိုမဖက်ထားပါဘူး..ဟို ကိုကို့လက်မောင်း
နေသေးလား.."

"ရှင်ထိပ်ထား..မင်းအိပ်မှာအိပ်၊ ငါ့ဘာသာဘာဖြစ်ဖြစ်.."

"ဟင့်အင်း..မိုးလင်းမှပဲ ပြန်အိပ်တော့မယ်.."

ပြောပြီး အခန်းထဲကိုပဲဟိုကြည့်ဒီကြည့်နှင့် ပြောလိုက်တော့ည
အကြောင်း.. ။

"ရှင့်ကို ကိုကိုစိတ်ဆိုးနေတုန်းပဲမို့လား.."

လင်းက စာအုပ်ကိုပဲကြည့်နေရင်း.. ။

"အခု မင်းစကားများနေတာက ပိုဆိုးတယ်..မအိပ်ချင်လည်းပါး
ပိတ်ပြီးထိုင်နေ.."

"ကိုကိုကလည်း အိမ်ကြီးတစ်အိမ်လုံးမှာ..အဲ အိမ်ပိစိလေးထဲမှာ ရှ
နဲ့ကိုကို နှစ်ယောက်တည်းရှိတာ၊ ကိုကိုကအဲ့လိုမျက်နှာပုတ်ကြီးခ
တော့..ရှင်တစ်ယောက်တည်း.."

လင်းကမော့မကြည့်ပေ။ စာအုပ်ကိုငုံ့ကြည့်နေသည့်မျက်နှာကို ရှ

www.burmeseclassic.com

www.burmeseclassic.com


နေတင်ပေါ်ကနေ လှမ်းငေး၏။ ခုလိုမျက်နှာအနေအထားဆိုပေါ်လွင် ထက် ပိုနေသလိုရှိသည့်လင်းရဲ့နှာတံနဲ့ မျက်ခုံးတို့ကအလွန်ကြည့် ကောင်းသောဖွဲ့စည်းမှုဖြင့် အထူးသဖြင့် သေသပ်ခန့်ညားနေတတ်၏။

အပေါ်နှုတ်ခမ်း၏ထောင့်ချိုးတို့က ပေါ်လွင်နေကာ တိုစိတ်စိတ်မျက် တောင်တို့၏ မျက်စပ်ဝန်းတို့က ဖြူနုနုစိမ်းဖန့်ဖန့်လေး ထင်းနေတတ် သည်။ မျက်နှာကနေ စာရွက်ကြားထဲလက်ညှိုးထည့်၍တင်ထားသော ဘီတီးတွေနဲ့ လက်ဆီရောက်သွားခဲ့ပြီး.. ၊

"ကိုကိုရှင့်ကိုအဲ့လောက်အောင် ဒေါသထွက်ခဲ့တာ ဘာဖြစ်လို့ထိ အောင်မထိုးလိုက်တာလဲ.."

မတည့်ရာမတည့်ကြောင်းစလာသည်နှင့် လင်းဖျတ်ခနဲမျက်လွှာပင့် ကြည့်သည်။

"ကိုကို့လက်အဲ့လောက် ထိခိုက်မိသွားတာ ပျဉ်တွေပေါ်ထိုးမိသွား လို့ရယ်..ရှင့်မျက်နှာသာထိရင် အဲ့အရှိန်နဲ့ဆိုရှင်တော့.."

"ဟုတ်တယ်..လွဲသွားတာကံကောင်းတယ်မှတ်၊ နောက်တစ်ခါဆို ဒီးဝသတိပြန်လည်မလာအောင် ထိုးဖို့ဆုံးဖြတ်ထားတာ.."

"ဟင်.."

ရှင်ဟင်ခနဲဖြစ်သွားသည်။ သဘောပေါက်သွားပြီလို့ ထင်လိုက် သော်ငြား.. ၊

"ကိုယ့်ကိုယ်ကိုတော့ မလုပ်ပါနဲ့ကိုကိုရယ်..ရှင့်မှာကိုကို့မျက်နှာပဲရှိ တာ၊ ကိုကိုသတိပြန်လည်မလာရင် ရှင်တစ်ယောက်တည်း..ညကလိုများ ဘုရား..ဘုရား.."

မသိတတ်ဆိုးရွားစွာ ဘုရားတနေပုံများ လည်ပင်းထညစ်ပစ်ဖို့ ကောင်းလေသည်။

www.burmeseclassic.com


အခန်း(၄၀)

"ဘယ်လို..ဘယ်လို.."

"တကယ်လားလင်းရယ်..ဒီလောက်မျိုးကောင်းတဲ့သစ်ခွတွေကို အ လကားတိုက်ယူသွားဖို့ ပြောရမယ်လို.."

"ဟုတ်တယ်မခိုင်..ကျွန်တော်လည်းဒီမှာကြာကြာနေလို့မဖြစ်ဘူး မြေပြိုလို့လမ်းပျက်တဲ့ကိစ္စကို ကိုယ်ထူကိုယ်ထနဲ့ပြန်မလုပ်ဘူးဆိုရင် မီး ကိန်းကဘယ်လောက်ကြာမယ် မသိဘူး..မီးမရှိရင်ဘာမှလုပ်လို့မရဘူး"

"မင်းလည်းမီးစက်မောင်းပေးဖို့ ပြင်နေတာပဲလေ..တို့ရွာလူကြီး လည်း မင်းနဲ့အတူရွာကိုမီးပေးဖို့ လုပ်နေတာပဲ.."

မီးစက်နဲ့လက်ပ်တော့ပ်ဖွင့်လို့ရပေမယ့် တခြားနေရာတွေမှာ မီးစက် နဲ့အဆင်မပြေနိုင်ပေ။ ဒီကြားထဲသူ့လက်က အကြောလိုက်ပြီးယောင်နေသ ဖြင့် ထိုလက်ကဘာမှမလုပ်နိုင်ဘဲ ဖြစ်နေသည်။ ပြဿနာအားလုံးသည် ကိုယ့်ကြောင့်ပဲမို့ စကားဝိုင်းထဲမှာ မျက်နှာငယ်စွာရှိနေခဲ့လျက်.. ।

"သစ်ခွတိုင်တွေကို ကိုကို့ခြံထဲမှာ စိုက်မလို့လားဟင်.."

လင်းက သူမကိုလှည့်ကြည့်ပြီးမဖြေ။ ဒေါ်စန်းရီကပဲ.. ।

"ဟုတ်တယ်သမီးရေ..ညည်းယောကျ်ားက သူ့မြေကွက်ထဲမှာရွာအ တွက်လည်း အဆင်ပြေအောင် လျှပ်စစ်နဲ့အိမ်ဆောက်ပစ္စည်းကုန်မာဆိုင် ဆောက်မှာလေ..ခြံကိုသမီးရောက်ဖူးပြီလား.."

"ဟင့်အင်း.."

'ခုထိလိုက်မပို့သေးဘူးလား'ဆိုသော အံ့ဩသည့်အကြည့်တွေလင်း ဆီရောက်သွား၏။ ရှင်လည်းသိမ်ငယ်သလို ခံစားလိုက်မိကာ သူမဘာ က ဘာမှလည်းပြောရေးဆိုခွင့်မရှိ။ ဒါပေမယ့် ဒယ်ဒီတို့ကိုသူပြောခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



တောမှာပဲခြံစိုက်စားတော့မလိုလို။ ကိုယ်လည်းသူသွားတဲ့အတိုင်း ...ောင်နောက်ဆံထုံးပါဖြစ်ရမှာလိုလို။ ခုကျတော့ ဒီလိုမဟုတ်ဘဲ.. ။

"အစတုန်းက မြေရှိုင်းတွေရှင်းပြီးသားဖြစ်အောင် ဝင်ငွေလည်းရ ...င်ဆိုပြီး ခြံခတ်ပြီးဥယျာဉ်လုပ်ထားတာလေ..ဥယျာဉ်ကလည်းဖြစ် ...တာမှ သဇင်တွေလှိုင်လှိုင်ပေါ်ပေါ်ကွယ်၊ ခုတော့တဖြည်းဖြည်းဖြုတ် ...နေတာ ပန်းပင်တွေသိပ်မကျန်တော့ပါဘူး.."

"အေးလေ..မောင်လေးရယ်၊ တို့ကပြန်ရောင်းပေးတော့လည်း အဆင် ...ဘူးဆိုတော့.."

"ဘာလို့အဆင်မပြေတာလဲဟင်..တောမှာမို့ပန်းတွေက ရောင်းလို့မ ...လား.."

ရှင်ဝင်မေးတော့ မခိုင်ကရယ်သည်။

"ဘယ်ကလာရှင်ထိပ်ထားရယ်..တောမှာပျိုးပေမယ့် တောပန်းတွေမှ ...တာ၊ သစ်ခွတို့သဇင်တို့က တော်ဝင်ပန်းတွေဥစ္စာ..နောက်ပြီးလင်း ...ဆောင်ခဲ့ရတာ နည်းတဲ့စရိတ်စကမှမဟုတ်ဘဲ.."

"သိပ်လည်းမကျန်တော့ပါဘူး..အားလုံးပေါင်းမှ တိုင်သုံးဆယ်ကျော် ...တ်ပဲထင်တယ်၊ အဲ့ဒါတွေကို မခိုင်တို့ကိုပဲ.."

"အို..မဟုတ်တာ ပေးခဲ့မယ်လို့တော့မပြောနဲ့၊ တန်ဖိုးကြီးတာတွေ ...ာက်အများကြီး မယူဝံ့ပါဘူး..တစ်ပင်တလေတောင်မှ ကျုပ်တို့ရွာ ...ချင်း အမြင်စောင်းခံပြီး အလကားမယူချင်တဲ့ဟာ.."

"ဒီလိုလုပ်ပါလား..သမုက.."

ဒေါ်စန်းရီက စိတ်ကူးကောင်းရသလို အားတက်သရောပြောပြီးမှ ...သတိရပြီး စကားထစ်သွားသည်။ မခိုင်ကလည်း မအေကိုဆက်မ ...ဲ မျက်ရိပ်ပြ၏။ သို့သော်.. ။

"သမုကိုရောင်းခိုင်းဖို့လား.."

သင်းကဂရုစိုက်ဖို့မလိုသည့်လေသံနှင့် ဒေါ်စန်းရီစကားကို ထပ်ခင်း ...က်ပြီး.. ။

"ကျွန်တော်သတိရပါတယ်..ဝယ်ထားတဲ့ ကျွန်တော့်မြေထဲမှာလည်း ...ဘိုးဘွားတွေရဲ့ လယ်မြေတချို့ပါနေတယ်ဆိုတော့.."

"အေး..အဲ့ဒါပြောတာ သမုကိုတော့မသိဘူး၊ မေရှင်တို့ငယ်ငယ်က ...အဲ့ဒါတွေအငှားစိုက်ခဲ့ကြတာလေ၊ ရောင်းနေတဲ့ကာလမှာ သဇင်

www.burmeseclassic.com

www.burmeseclassic.com


ကိုဘယ်လိုဂရုစိုက်ရမယ်..သစ်ခွကိုဘယ်လိုထားရမယ်ဆိုတာတော့ မှာပဲထင်တာ..”

“ကျွန်တော်လည်းထောက်ခံတယ်ဗျ..”

စကားဝိုင်းထဲကိုအောင်ပိုင်တို့လူစု ဝင်ပါလာကြသည်။ သူ ခြံနောက်ကခြံတွေရှင်းဖို့ မနက်တည်းကခေါ်ထားတာဖြစ်ကာ ထမင်း နားဖို့ ထွက်လာကြတာဖြစ်၏။

“မနေ့ညနေကတောင် ဆရာမသုံးယောက်ကိုသဇင်ခြံထဲမှာ သေးတယ်..သမုရှင်ဆိုတဲ့ဆရာမကိုတော့ ကျွန်တော်မရင်းနှီးပါဘူး ပေမယ့် မျက်လုံးစိမ်းလည်းဖြစ်..လှလည်းလှတော့တန်းသတိထားမိ အဟီး..”

အောင်ပိုင်က သမုနဲ့ရှင်တို့ရဲ့ပြဿနာကို သိခဲ့သူမဟုတ်ပေ။ ဒေါ်မေရှင်ကို ရွာသားတော်တော်များများသိကြပေမယ့် သမုရှင်ဆို သိပ်မသိကြ.. ။

“သမုဆိုတဲ့ဆရာမက သဇင်တိုင်တွေအကြောင်းပြောနေတာ တယ်..သူတော်တော်သိတယ်ကိုလင်း..မင်းသူနဲ့တွဲရင်..”

“အိုကွယ်..သူကကျောင်းတစ်ဖက်နဲ့ဥစ္စာ..”

ဒေါ်စန်းရီက စကားမဆက်ဖြစ်အောင် ဝင်ဖျက်သည်။ မခိုင် ရှင့်ကိုအားနာကာ.. ။

“နင်တို့ထမင်းစားနားကြမှာမို့လား..သွားကြလေ..”

“သွားမှာပါ..ကျွန်တော်ကကိုလင်းခြံအကြောင်း ပြောနေသံကြား အကြံပေးတာပါ..”

ရှင့်ခေါင်းထဲမှာ တွေးစရာတွေပလုံစီနေပါပြီ။ သမုကဘယ် တည်းကရောက်နေလို့ ကိုကို့ခြံကိစ္စတွေကိုသိနေတာလဲ.. ။ကိုကို့ တွေနားမှာ ဘာလို့တဝဲလည်လည် လုပ်နေတာလဲ.. ။

သူ့ကိုသိတဲ့လူတွေရော မသိခဲ့တဲ့လူတွေရော သူမအကြောင်း လာပြီဆို သူမရဲ့ကောင်းခြင်းအဖြာဖြာတွေကိုသာ ပြောမဆုံးအောင် ကြတာ ကိုယ့်ရှေ့မှာတမင်တကာများလား..။ သူမဘက်မှာတော့ ကြည့်လိုက်တာတောင် ကိုယ့်ခင်ပွန်းကိုယ်တိုင်က ဂရုစိုက်ပြ မပြ.. ။

နင်ကရောဂရုစိုက်ချင်ဖွင့်ရှိလို့လား ရှင်ထိပ်ထားရယ်.. ။နင့်

www.burmeseclassic.com

www.burmeseclassic.com



ါတွေဖြစ်လာတာလေ။ အသံတိုတ်သိမ်ငယ်ခြင်းတို့ဖြင့် ရှင့်အသံလေး
သွားခဲ့သည်၊ သူမတစ်ယောက်တည်း ခေါင်းလေးငုံ့သွားတော့ လင်း
ခနဲငဲ့ကြည့်သည်။ ထိုအကြည့်ကိုမခိုင်ကလည်းသိသည်။ ထို့ကြောင့်
ားနာစိတ်တွေနှင့် အောင်ပိုင်တို့ကိုပဲတွင်တွင်နှင်လွှတ်နေမိလျက်..၊

"သမုတို့ကလည်း မိန်းကလေးတွေသဘာဝအတိုင်း ပန်းကြိုက်လို့
နေကြတာနေမှာပေါ့..ကျောင်းဝင်းနဲ့လည်း နီးနီးလေးကိုး.."

ဒေါ်စန်းရီက နောက်ထပ်ဖြေစကားပြောသည်။ ထိုအခါကျမှ ရှင့်
ထဲမှာ တွေးစရာတွေထပ်ပေါ်လာခဲ့ပြီး.. ၊

ကိုကိုသာနေကောင်းနေရင် အဲ့ခြံကိုသွားနေမှာပါ။ သစ်ခွတိုင်တွေ
နဲ့ခြံထဲမှာပဲ နေနေမှာလည်းသေချာသည်။ ဒါဆို သမုနဲ့ကိုကိုဘယ်
ာက်တောင် လွှတ်လွှတ်လပ်လပ်တွေ့ရမလဲမသိ။ တွေးလိုက်မိတာနှင့်
ာက်ဝန်းလေးတွေ လင်းဆိုရောက်သွားသည်။ နောက်ထပ်တစ်ခါတွေး
ာက သမုနဲ့ကိုကိုဒီမှာလာဆုံကြတာ တိုက်ဆိုင်မှုမဖြစ်နိုင်..ဟု..၊

"ဒီလိုလုပ်ပါလားမောင်လေး..အဲ့ဒီပန်းပင်တွေကို တစ်ယောက်
ာက်နဲ့ ပြန်ရောင်းခိုင်းရင်ရော.."

"ဟုတ်တယ်..ကျောင်းဝင်းဘေးမှာပဲပြန်ချပြီး ဈေးလေးနေ့ဆိုတခြား
ာဧည့်သည်တွေ တအားလာတာလေ၊ ဧည့်သည်တွေက စားသောက်
ာက် စားပင်သီးပင် ပန်းအလှပင်တွေပဲလာဝယ်ကြတာ..ငါတို့က
ည်း ရောင်းပေးချင်ပါတယ်..ဒါပေမယ့်.."

"ရတယ်..အဲ့ပန်းတွေရှင်သွားရောင်းမယ်.."

"ဟေ.."

"ဟင်..တကယ်.."

မခိုင်တို့အံ့သြသွားကြပေမယ့် လင်းနှုတ်ခမ်းမှာပြုံးရိပ်ထင်သွားသည်
ာ် ဖျတ်ခနဲမဲ့သွားပြီး တည်တည်တံ့တံ့ပြန်ဖြစ်၏။

"အဲ့ဒါတွေကတစ်ရက်တည်း ရောင်းရတာလားဟင်..ဘယ်လိုရောင်း
လဲ.."

"မင်းကဘာနားလည်လို့လဲရှင်ထိပ်ထား.."

လင်းရဲ့စကားကြောင့် အောင့်သည်းအောင့်သက်ဖြစ်သွားမိသည်။
ာ် ကိုယ့်ရဲ့ပြိုင်ဆိုင်ရန်ဖြစ်တတ်ခြင်းကြောင့် သမုလိုမိန်းမနေရာ
ာမည့်အဖြစ်ကို ခံစားမိလာသည်မို့.. ၊

www.burmeseclassic.com

www.burmeseclassic.com


"နားလည်အောင် ကိုကိုရှင်းပြပေါ့..ရှင်တို့မှာပိုက်ဆံသုံးစရာလ
ရှိတော့တာမဟုတ်ဘူး.."

"ဟင်.."

နောက်ထပ်အံ့ဩစရာတွေဖြစ်ကုန်တော့ လင်းကမျက်မှောင်က
လျက်.. ။

"မင်းကအဲ့ဒါကြောင့် ဈေးရောင်းချင်တာလား..လွယ်လွယ်လေး
မမှတ်နဲ့နော်၊ မနိုင်မနင်းဖြစ်ကုန်မှ 'အမလေး'အော်ရင် မင်းသိက္ခာ
ကားဖြစ်ပြီ.."

"နေကြပါဦး..ပိုက်ဆံကိစ္စ အဒေါ်ကိုပြောပြစမ်းပါ၊ လင်းက
လား..ပိုက်ဆံမရှိဘူးဆိုတာ ဘာကြောင့်လဲ..ကျုပ်တို့လည်း ဘာမှ
ပါလား၊ ကေန္တ ပိုက်ဆံမရှိတော့လို့ ပြန်ဖို့ပြောနေတာများလား.."

ထိုအခါကျမှ ကားပေါ်မှာအိတ်ချင်းမှားခဲ့သည့်အဖြစ်ကို ပြန်
ပြရသည်။ မခိုင်နဲ့ဒေါ်စန်းရီ ပါးစပ်အဟောင်းသားတွေဖြစ်နေကြလ

"ဖြစ်ရလေကိုလင်းရယ်..အဲ့ဒါစောစောကမပြောဘူးကြည့်စမ်း
ဆံလိုလို့ဈေးထွက်ရောင်းရတာကြီးတော့ မလုပ်ပါနဲ့ဟယ်..ငါတို့
ပန်းတွေကိုနမျောလို့ပြောတာပါ၊ မရှိရင် ကြိုက်သလောက်ယူသုံး
တယ်..သုံးစွဲဖို့လောက်တော့ ငါတို့ချေးငှားနိုင်ပါတယ်.."

လင်းက ခေါင်းခါပြရင်းရယ်ကာ.. ။

"အဲ့လောက်မဆိုးရွားပါဘူး..ကျွန်တော်ပြန်ဦးမှဖြစ်မှာမို့ပါ.."

ပြောရင်း ရှင့်ကိုငဲ့ကြည့်ကာ.. ။

"မင်းတကယ်ရောင်းနိုင်ရင် ရောင်းလို့ရတယ်..ဒါကလေးက
ဟုတ်ဘူးဆိုတာတော့ ခေါင်းထဲထည့်ထား.."

"လင်းရယ်..ရှင်က.."

"ဖြစ်လောက်ပါတယ်မခိုင်..ကျောင်းနားနီးတော့ သမုလည်းရှိ
ကျွန်တော့်ပန်းတွေဖြစ်နေတဲ့အတွက် သူကူညီမှာပါ.."

ရှင့်မျက်နှာလေး တင်းသွားသည်။ ဘယ်လိုပဲသည်းခံနေဖို့
ထားပါစေ။ တစ်စုံတစ်ယောက်နဲ့နှိုင်းယှဉ်နှိမ့်ချတာမျိုးတော့
နိုင်.. ။

"ဘယ်သူ့အကူအညီမှမလိုဘူး..မွေးတည်းကဘယ်သူမှ တ
တာမဟုတ်ဘူး၊ ရှင့်ဘာသာရောင်းမယ်..ကိုကိုတစ်ခုပဲကတိပေး

www.burmeseclassic.com

www.burmeseclassic.com



ဘာလဲဆိုသည့် မျက်ဝန်းတွေရှင့်ဆီရောက်လာသည်။

"အဲ့ဒါတွေရောင်းလို့ကုန်တာနဲ့ ရန်ကုန်ပြန်မယ်လို့.."

"ဟွန်း.."

"အဲ့ကတိပေးမှ ရှင်စိတ်ဖြောင့်ဖြောင့်လုပ်နိုင်မှာ.."

"ပြန်မှာမို့လို့ အဲ့ဒီမြေမှာလည်း နောက်ထပ်ဘာပင်မှမကျန်ခဲ့စေချင်ရှင်းနေတာ ဘာကိုကတိပေးရမှာလဲ.."

ရှင်က ခွတ်တရွတ်ခေါင်းညိတ်ခိုင်းတော့သည်။ ဒီရွာမှာသူမမနေချင်။ ကိုကိုရှိတဲ့အရပ်မှာ ပျော်အောင်နေဖို့ဆုံးဖြတ်ခဲ့ပေမယ့် သမုကြောင့်မြဲတမ်းစိတ်အနှောက်အယှက်ဖြစ်နေရမှာကို မလိုချင်။ ထိစ်ခနဲဆို ကိုယ့်လည်း သည်းခံနိုင်စွမ်းပါရမီရှိခဲ့တာမဟုတ်။ လူတွေအမြင်မှာ မျက်နှာချခေါင်းငုံ့ပြီး မျက်ရည်လေးသုတ်ပြပြီး ရှောင်ထွက်သွားတော့သနားစရာယ်.. ။

တကယ်ကမ်းသမုရှင်ဆိုသည့် သူမရင်ထဲမှာဘယ်လိုရှိနေတယ်ဆိုတာ ရှင်ခံစားမိနေခဲ့တာ သင်းနဲ့စသိကတည်းကပင်။ ဖြစ်ကြပြီဆိုရင်ယှဉ်နိုင်စွမ်းမရှိတဲ့သူက အရှုံး.. ။

ကိုယ်ဘာပြောပြောယုံကြည်ပေးမည့်သူလည်းမရှိ။ ထို့ကြောင့်သူမအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။ ကိုကိုပိုင်တဲ့အဲ့ဒီပန်းတွေနဲ့ သမုလုံးဝစပ်ပတ်သက်ခွင့် မရှိစေရ.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၁)

နာရီကအလန်းမြည်သံကြောင့် ရှင်အိပ်ရာကနိုးသွားသည်။ အ စိတ်ဝင်လာပြီး မျက်လုံးတွေကရှုတ်တရက်ဖွင့်မရအောင် အိပ်ချင်မူး ဖြစ်နေခဲ့၏။ မျက်လုံးကိုအတင်းပွတ်သပ်ပြီး လှမ်းကြည့်လိုက်တော့ တင်ဘေးမှာကုလားထိုင်ချပြီး အိပ်ပေးခဲ့သည့်လင်းက စာအုပ်ကိုဗိုက်ပေ တင်လျက် ဒဏ်ရာမရှိသည့်လက်ကို ခေါင်းအောက်ခုပြီးမျက်လုံးတွေ မှိ ထားသည်။

မိုးသောက်ရောင်ခြည်ပေါ်နေပြီမို့ လင်းပြန်မှိန်းနေတာဖြစ်လိမ့်မည် ညကလက်ကိုက်လို့ဆေးတွေလိမ်းလိုက် ပြန်ထိုင်ပြီးစာဖတ်လိုက်နှင့် သူ မအိပ်မချင်းမြင်နေခဲ့၏။

"ကိုကို.."

"ဟင်.."

အနားကပ်ခေါ်လိုက်တော့ လင်းမျက်လုံးတွေဖွင့်ကြည့်ကာ..

"ခုမှမင်းအလှအပတွေ ထပြင်နေလည်းအလကားပဲ..ဈေးချိန် တော်ကြာဆိုကွဲပြီ.."

"ဟင်..ဟုတ်လို့လား.."

လင်းက ဘာမှမပြောဘဲ မျက်လုံးတွေပြန်မှိတ်သွားလျှင်..

"အဲ့ဒါမနက်ခြောက်နာရီ ရှင်အလန်းမ်ပေးနေတုန်းက ကိုကိုဘာ မပြောတာလဲ.."

"မင်းမလုပ်နိုင်မှန်းသိလို့ပေါ့..တော်ပြီကွာ၊ မင်းကိုစောင့်ပေးရ ကောင်းကောင်းမအိပ်ရသေးဘူး.."

"ကိုကို.."

www.burmeseclassic.com

www.burmeseclassic.com


ရှင်မခံရပ်နိုင်ဖြစ်ကာ လင်းမျက်လုံးမှိတ်လိုက်တာနှင့် အနားမှာထိုင်ဆိုက်ပြီး လက်ကိုကိုင်လှုပ်၏။

"ဒီမနက်ဈေးထိပ်မှာ မုန့်တွေချထားဖို့ကိုကိုပဲ ခိုင်းလိုက်တာလေ.."

"ဟုတ်တယ်..သမုကိုတာဝန်ပေးဖို့ ပြောထားပြီးပြီ၊ ဒီမနက်ကျောင်းသည်းပိတ်တယ်ဆိုလို့.."

"ဘာ.."

မိုးအလင်းရောင်နှင့်အတူ ရှင့်အသံလေးစူးသွားသည်။ ပြီးတော့ ရှက်သည်းရှက်မိ၏။ ဒီအချိန်ထမယ်ဆို သူမရအောင်ထခဲ့သည်။ လုပ်မယ်လို့ပြောခဲ့တဲ့အတိုင်း ဖြစ်အောင်လုပ်ဖို့လည်းဆုံးဖြတ်ပြီးသား။ သူကတော့ ခုကိုခိုင်းဖို့ ပြင်ဆင်ထားခဲ့ပြီး ကျောင်းချိန်တွေကိုပါတိုက်စစ်ထားခဲ့သားသည်။

"ကိုကို့အလုပ်ကိစ္စကို ရှင်နဲ့မတိုင်ပင်ဘဲ ကိုကိုကသမုလက်ထဲထည့်ချင်တယ်ပေါ့.."

"ကျွတ်.."

လင်း ကျွတ်ခနဲစုတ်သက်ကာ ကုလားထိုင်မှာလှဲနေရင်းကနေ ခါးမတ်ပြင်ထိုင်၏။ ပြီးတော့.. ၊

"မင်းကိုငါစိတ်မစားဘူးလို့ ပြောပြီးပြီထင်တယ်.."

မှိန်ပျပျဘတ်ထရီမီးရောင်နှင့် မိုးအလင်းရောင်နှစ်ခုကြားမှာ တစ်ဘက်မျက်နှာကိုတစ်ယောက် ခပ်မှုန်မှုန်မြင်နေရလျက်.. ၊

"မင်းဘာမှမသိနားလည်တာ သိနေရက်နဲ့ ငါ့အလုပ်ကိစ္စတွေထဲထည့်တွေးနေရင် ငါပဲလူမိုက်ဖြစ်မှာပေါ့.."

"သမုကတော့သိနေတယ်ပေါ့..သိနေတယ်ဆိုရင် သိရတဲ့အကြောင်းကို ပြောပြစမ်းပါ၊ ကိုကိုတို့ဘယ်တုန်းတည်းက ဘယ်လောက်ထိရင်းနှီးဆက်သက်ခဲ့ကြတာလဲ.."

"အဲ့ဒါမင်းနဲ့မဆိုင်ဘူး.."

"ဆိုင်တယ်..ကိုကိုရှင့်စိတ်ကို မဆွနဲ့နော်၊ အခုရှင်ပြောထားသားနဲ့ဒီကိုတမင်လုပ်ကြတာ..သမုကိုပဲခိုင်းချင်လို့ သမုကိုပဲပတ်သက်ချင်လို့ဒါကိုကိုဖောက်ပြန်တာသိရဲ့လား.."

"ဟော့.."

စောစောစီးစီးကြမ်းကောင်းတာတွေ ပြောနေသဖြင့် လင်းကမျက်

www.burmeseclassic.com

www.burmeseclassic.com



နှာထားနှင့်တားဆီးကာ.. ။

"မင်းအဲ့လိုစကားတွေအပြင် မပြောတတ်ဘူးလားရှင်ထိပ်ထား.."

ရင်ထဲမှာနင့်ခနဲဖြစ်သွားသည်။ မျက်လုံးချင်းဆုံသည်အချိန်မှာ ပျပျအလင်းရောင်က လုံလောက်စွာဖြန့်ခင်းနေပြီဖြစ်ကာ.. ။

"ကိုကိုလည်း ရှင့်ကိုဒီထက်ပိုပြီး အထင်မကြီးနိုင်ဘူးမို့လား.."

"တစ်ယောက်ယောက်အပေါ်မှာ အထင်ကြီးတာအထင်သေးတာ ရင်ဘက်ထဲလာတာမဟုတ်ဘူး..အမြင်အရပဲဆုံးဖြတ်ကြတာ၊ မင်းကိုငါ အထင်သေးနေတယ်ဆိုရင်တော့ အဲ့ဒါအထင်သေးစရာတွေပဲ မြင်နေလို့ မှာပေါ့.."

ရှင့်မျက်ဝန်းမှာမျက်ရည်တွေ ဝေ့ခနဲတက်၏။ အိပ်ရာထက ဘောင်းဘီရှည်ပွပွ ရှပ်အင်္ကျီပွပွလေးနှင့် သူမပုံစံကရိုးကျေ့စ်မှန်ပုပုလေး မှာ အရိပ်ထင်နေသည်။ ဒီရောက်တည်းက ရွာထဲကအလှကုန်ဆိုင်လေး ညဝတ်အင်္ကျီလေးတွေ ပြေးဝယ်ရသည်။ လင်းရဲ့ဘောင်းဘီအင်္ကျီတွေ က အဆင်ပြေတာလေးတွေ ရွေးယူပြီးဝတ်ခဲ့ရ၏။

သူမမှာအဝတ်အိတ်ရော ပိုက်ဆံတွေရောပါသွားသည့်ပြင် ထိုထဲ ဘဏ်စာအုပ်လည်းပါ၏။ လင်းမှာတော့သူကိုင်တဲ့ငွေမပါဘဲနေမလား ဒါပေမယ့် ဒေါ်ရီလင်းပေးသည့်ငွေကို ရှင်ကယူထည့်ထားမိသည့်အပြ ကြောင့် သူဘာမှထည့်မလာခဲ့ဘူးလို့ လင်းကလုံးချသည်။

ငွေရေးကြေးရေးကိစ္စပြောဖြစ်တိုင်း 'မင်းမှအသုံးမကျတာ'လို့ ရှ ရင့်သီးသီးပြောခဲ့၏။ တကယ်တော့ဒီခရီးကိုထွက်လာတည်းက ကို ရည်ရွယ်ချက်က ရှင်စိတ်ပျက်ပြီးနောက်ပြန်လှည့်သွားစေချင်တာပဲ ဖြစ် လိမ့်မည်.. ၊

'မင်းငါနဲ့တကယ်လိုက်ရဲသလား'လို့ သေချာမေးပြီးမှ ရှင့်လက် ဆွဲခေါ်သွားခဲ့တာ ငရဲကျစေဖို့.. ၊

"ဟုတ်ပါတယ်..ရှင်ကတန်ဖိုးမဲ့ပါ၊ အဲ့လိုစကားတွေပဲပြောတတ် အထင်ကြီးစရာမကောင်းတဲ့မိန်းမပဲ..ဒါပေမယ့် အခုရှင်ဖြစ်အောင်လ မယ်၊ အဲ့ဒီပန်းတွေရှင်ပဲကုန်အောင် ရောင်းမယ်..အဲ့ဒါသမုန့်ယူပြီး အ ထင်ကြီးခံရဖို့မဟုတ်ဘူး၊ ကိုယ်ပြောခဲ့တဲ့စကားကိုယ်တာဝန်ယူချင်လို့.."

ရှင်ငိုသံပါလာတော့ လင်းကစိုက်ကြည့်သည်။

"နောက်ထပ်တစ်ခါ သမုန့်ကိုကို့ကိုဘယ်တော့မှ မစွပ်စွဲမိဖို့ ရှင်ကြ

www.burmeseclassic.com

www.burmeseclassic.com



...သိ..ဒီထက်ကင်းအောင်လည်းနေမယ်.."

"ဟိတ်.."

ရှင်ကအင်္ကျီလဲဖို့နေရာမှ ဆတ်ခနဲထထွက်သွားလျှင် လင်းကလက်...ထားလိုက်ပြီး.. ။

"နေဦး.."

သူပါထရပ်လိုက်ကာ ရှင့်မျက်နှာလေးကို စူးစိုက်ကြည့်၍.. ။

"မဟုတ်ကဟုတ်ကနဲ့ မာနတွေကြီးပြမနေနဲ့..ဒါမြို့မဟုတ်ဘူး၊ ဈေး...ဒို့မပြောနဲ့ လူမှုရေးစီးပွားရေးမင်းဘာမှလည်း.."

"သိသိမသိသိ မလိုဘူး..တတ်တတ်မတတ်တတ် လုပ်မယ်.."

ရှင်က သူ့လက်ကိုဖြုတ်ချပစ်လိုက်ပြီး အဝတ်စားလဲဖို့ကာထားသည့်...ကာလေးထဲဝင်သွားသည်။ ပြီးတော့ ပြန်ထွက်လာပြီး လင်းထဲက...ထားသည့် တီရှပ်အညိုလေးနဲ့ဘောင်းဘီရှည်ကိုထုတ်ယူပြီး ပြန်...။

လင်းမျက်နှာတင်းနေလျက်နှင့် အခန်းပြင်ထွက်လာခဲ့သည်။ ပြီး...ပြန်ဝင်မယ်ပြင်ပြီးမှ မဝင်ဖြစ်။ ထိုစဉ် ခြံဝင်းထဲကိုအောင်ပိုင်ဖို့လူ...လာကြကာ.. ။

"ကိုလင်းရေ..ငါတို့ဝါးတိုင်တွေတန်းပြီး သစ်ခွတွေချိတ်ခဲ့ပြီ၊ မြန်မြန်...လိုက်နော်.."

အထဲမှာအင်္ကျီလဲနေရင်း ရှင့်မျက်ဝန်းမှမျက်ရည်နှစ်စက် ပေါက်ခနဲ...ဆင်းလေသည်။ သို့သော် အချိန်မမီလိုက်မှာစိုးသည့်လက်တွေက...မြန်လှုပ်ရှားခြင်းသို့ရောက်လျက်.. ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၂)

ဈေးလေးဆိုတာ လမ်းကြောလေးတစ်ကြောတည်းမှာ ချခင်း
နေကြသည့် ဈေးဖြစ်ကာ အသားစိမ်းငါးစိမ်းက သိပ်မများဘဲ အ
ခြောက်တွေ ဆေးဥဆေးမြစ်တွေပဲများလေသည်။ ပြီးတော့ ကိုယ်
စပ်ချုပ်ထားသည့် ကလေးဝတ်စုံလေးတွေ ဂါဝန်လှလှလေးတွေလည်း
သည်။

မြို့မှာလိုရယ်ဒီမိတ် လူကြီးအင်္ကျီလှလှပပတွေလည်းပါ၏။
သည်ဆိုလို့ ရှင်နဲ့မလှမ်းမကမ်းမှာ မြေကြီးပေါ်ဒီတိုင်းချခင်းထား
ဘာပင်တွေမှန်းလည်းမသိသောအထုပ်နှင့် အပင်ပေါက်လေးတွေ
သည့် ဈေးသည်ရှိသည်။

တစ်ခါမှဈေးမရောင်းခဲ့ဘူးသဖြင့် ရှက်သလိုလို အမ်းသလို
ဖြစ်ကာ စကားသွက်လှပါသည့်ပါးစပ်က ဈေးတစ်ခါပြောရတိုင်း
ကျက်ထားတာမေ့သလို ပြန်စဉ်းစားရတာတွေလည်း မကြာခဏ
ထွက်ခင်တည်းက ဈေးကစည်နေပေမယ့် ရှစ်နာရီလောက်ထိ ရှင်
ရတာ သစ်ခွပင်လေးသုံးပင်ပဲရှိသေးသည်။

ညှိသည်ဆိုတာဘယ်သူတွေမှန်းမသိ။ အိမ်ရှင်ဆိုတဲ့လူ
လည်းမမြင်ဘူးခဲ့သောကြောင့် လူအုပ်စုမြင်တိုင်း ကိုယ့်ဆီဝင်လာမှာ
လို့ ရင်တွေခုန်နေခဲ့သည်။ မဝယ်ဘဲပြန်ထွက်သွားမလားလို့ သော
များနေရ၏။ ထွက်သွားပြီဆို ဝမ်းနည်းအားငယ်စွာကျန်ခဲ့ခြင်းသည်
လိုခံစားမှုကြီးဆိုတာ ပြောမပြနိုင်အောင်ပင်။

သစ်ခွတစ်ပင်ကို နှစ်ထောင့်ငါးရာ။ ဒါကဘယ်လိုရှားပါး
ဘယ်လိုဂရုစိုက်ရပါသည်ဆိုတာတွေ မခိုင်တို့သင်ပြတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးချိုချိုထားဖို့လည်း ပါပါသေးသည်။
ဒါဆိုသူမဘာလိုအပ်နေပါသလဲ.. ။
ငွေရှာရတာ ဒီလောက်ထိခဲယဉ်းနေသလား..၊ မြို့မှာတဖျောဖျော သုံးနေခဲ့သည့် ပိုက်ဆံတွေကိုမြင်ယောင်ကာ ငါ့ကိုပညာပေးဖို့ကိုကို လုပ်နေတာလားလို့လည်း တွေးမိသေးသည်။ ဒါပေမယ့် သူဒီဇန်းတွေကို ရောင်းကုန်ချင်၏။ ကိုကိုပညာပြနေတာဖြစ်ဖြစ် ဒီလိုအကြောင်းဖန်လာတာဖြစ်ပါစေ 'မင်းဘာသိလို့လဲ'လို့ ကိုကိုပြောနေတာတွေ ခံနိုင်ပါ.. ။
"ဟဲ့ကောင်မလေး..ဩော် ဈေးသည်ကလည်းငေးပါဘိ.."
"ဟင်..ရှင် ဟုတ်ကဲ့ပါ.."
တိုင်းရင်းသားဝတ်စုံနှင့်မိန်းမကြီးနှစ်ယောက်ကို ဘာလူမျိုးမှန်းမသိ ရွှင်ပြုံးပြရင်း ပျာပျာသလဲ. ။
"ယူပါအန်တီ..ပန်းပင်လိုချင်လို့လားဟင်.."
"နင့်အပင်တွေလာကြည့်မှတော့ လိုချင်လို့ပေါ့.."
"ဟုတ်ပါ့..ဆံပင်နီကြောင်ကျားဖို့ယို့ဖားလျားနဲ့ အင်္ဂလိပ်သရဲကျနေ.."
စကားသံဝဲပေမယ့် ကိုယ့်မျက်နှာကြည့်ပြီးကျကျနနကြီး အတင်းနေတာကို ရှင်နားလည်နေသည်။ ဒေါသလည်းထောင်းခနဲဖြစ်၏။ သော် မျိုသိပ်လိုက်နိုင်ပြီး.. ။
"သစ်ခွလား..သဇင်လား.."
"ရော်..သဇင်ကိုကိုင်နေတာ သဇင်လိုချင်လို့ပေါ့.."
"တော်ကွယ် တော်ကွယ်..ဝယ်မနေနဲ့တော့.."
"အန်တီ့..အန်တီနေပါဦး၊ သမီးပြောပါ့မယ်.."
သူမလိုက်ဆွဲမတတ်ခေါ်ပါသော်လည်း အမျိုးသမီးကြီးတွေက မျက်နှာင်းတောင် လှည့်ထိုးသွားသေးသည်။ ထို့ပြင်.. ။
'ညနေစောင်းသာဆို အဲ့ဒီဖို့ယို့ဖားလျားကို ဖုတ်ကပ်မှာပဲ'လို့ လှည့်သွား၏။ ရှင်ခြေလှမ်းတုံ့ကျန်ခဲ့လျှင်.. ။
"အဟွန်း..ဟွန်း သမုရေ..ဒီမှာတွေ့ပြန်ပြီ ရေစက်ရှိကြပုံပဲနော်.."
စကားသံကြားလိုက်သဖြင့် နောက်လှည့်ကြည့်လိုက်မိသည်။ သမုနဲ့ ပါလာသည့် သင်းသန္တာဆိုသော ဆရာမ.. ။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်တော့မကောင်းပါဘူး..ဒီမနက်ကလေးတွေအတွက် စတုံး ကျွေးမယ့်အလှူရှင်ရှိတယ်၊ ဒါတွေခုချက်ချင်းဖယ်ပေးပါ.."

သင်းကပြောပြီး လက်ပိုက်သည်။ သမုက သူမနောက်မှာဖြ ဘာမှဝင်မပြောပေမယ့် မျက်နှာကမတည်မပြုံး.. ၊

"ဒါကဈေးလမ်းမဟုတ်ဘူးလား..သူများတွေလည်း ရောင်းနေ တာပဲ.."

"ရွာမှာဈေးလမ်းဆိုပြီးသတ်မှတ်ထားတာ မရှိဘူး.."

"ဒါဆိုကျောင်းလမ်းလို့သတ်မှတ်ထားတာရော ရှိလို့လား.."

ရှင်ပြန်မေးလိုက်တော့ သင်းမျက်နှာပျက်သွားသည်။ ဟိုတစ် ပြုံးချက်နှင့် တမင်လာဖွဲ့တာမှန်းရှင်သိသည်။ သူမကရောကြောက်ပ ပြီး အော်ပြေးမယ့်သူလား.. ၊

"ဟုတ်တယ်..ကျောင်းလမ်းလို့သတ်မှတ်ထားတာမရှိဘူး၊ ဒါပေ တခြားသူတွေကလွတ်တယ်..ရှင်ကတော့မလွတ်ဘူး၊ ကျောင်းစည်း မှိုပြီး တိုင်တွေထူထားတာ ကျွေးမယ့်လူတွေလာရင် ပစ္စည်းသယ်လာ လှည်းပါမယ်..ဒီနေရာမှာမီးဖိုမယ်.."

ဒါဖြစ်နိုင်ရဲ့လား.. ၊

ရှင်ကိုယ်ရပ်နေတဲ့နေရာကို ပြန်ကြည့်လိုက်မိသည်။ ကျောင်းဝ ခါးရဲ့ဘေးမှာ ကပ်နေတာတော့မှန်သည်။ ဒါပေမယ့် ဒီနေရာမှာရ လေးဖြစ်သည်ဆိုတာက ဒီကျောင်းနဲ့လွတ်မှဖြစ်မယ်ဆိုရင် ဈေးနေ ဘယ်သူကသတ်မှတ်မှာလဲ.. ၊

တခြားဈေးသည်တွေရောင်းနေရတာလည်း ကြိတ်ကြိတ်တိုးနေ မကြာခင်ဈေးကွဲတော့မှာကိုလည်း သိနေကာ သင်းတို့ကိုရှင်ဒေါသ လာမိ၏။ ထိုစဉ်.. ၊

"ဒီမှာမိန်းကလေး..သဇင်တိုင်တွေက နှစ်တိုင်တည်းလား၊ မိုးဥ ဘယ်လိုလဲ..ငါတို့ကတော့ ပန်းပင်သာချစ်တာ အပင်စိုက်ရတဲ့ဒုက္ခ တာမဟုတ်ဘူး.."

"ဒီမှာလည်း ဆင်စွယ်ရောင်အဆုတ်ကြီးတွေ ကြည့်ပါဦး..လှ တာ.."

"အဖူးတွေလည်း ခဲနေတာပဲဟဲ့.."

"သဇင်ဥတွေက ဟိုလှည်းပေါ်မှာဟိုမှာ..ဈေးသည်ခေါ်လိုက်

www.burmeseclassic.com

www.burmeseclassic.com


...ကြည့်ရအောင်.."

ဝယ်သူတွေကျလာတော့လည်း တစ်ပြုံတစ်မကြီးပဲဖြစ်ကာ မြို့သူ ...သားတွေပါပါလာ၏။ ညှိသည်တွေလာကြတယ်ဆိုတာ ခုမှပဲမြင်ရ ... ရှင်ပျာယာခတ်သွားသည်။ သစ်ခွကိုင်တဲ့သူတွေရော သဇင်တိုင်ကို ကြည့်တဲ့သူတွေရော သဇင်ဥတွေမှာပါစုပြုံသွားတော့ မျက်လုံးပြူးသွား ...သည်။ မေးသမျှကိုလည်း မဖြေနိုင်တော့ဘဲ.. ။

"သဇင်တိုင်က ဒါပဲလားကွယ်.."

"ရှိပါတယ်ဘာဘာ..ဒီမှာအများကြီးထုတ်ထားဖို့ အဆင်မပြေလို့ပါ.."

"တူမကြီး သဇင်ဥတွေက တစ်ပိဿာထုပ်တွေလား..ဘယ်လောက် ...."

"အဲ့ဒါတစ်ထုပ်ကို(× × ).."

"ကျုပ်မေးတာက တစ်ပိဿာထုတ်လားလို့ပါ.."

သွားပြီ..။ တစ်ပိဿာ နှစ်ပိဿာတွေရှင်ဘာမှနားမလည်ပေ။ ထို ...ဲ ဒန်အိုးကြီးတွေရေပုံးတွေတင်ထားသည့် နွားလှည်းကြီးမောင်းလာ ...လုမ်းမြင်လိုက်လျှင် သဇင်ဥတွေတင်ထားသည့် ကိုယ့်လှည်းနဲ့မလွတ် ...ပ်ဖြစ်နေတာကို သတိရသွား၏။ သင်းကလည်းမကျေမနပ်ရေရွတ် ...ကိ လှည်းဆိုလျှောက်ထွက်သွားလျှင် ရှင့်စိတ်တွေက ဟိုဘက်ရောက် ...က် ဒီဘက်ရောက်လိုက်.. ။

"ကလေးမ..သြော် ဘာမှလည်းမသိဘူး၊ ဈေးသည်မဟုတ်ဘူးလား ...င်းက.."

"ရှင်.."

"ဟိုတစ်ခါဒီရွာမှာပဲ ခြံထဲကနေဝယ်သွားတာပါ..အဲ့ဒီသစ်ခွပင်တွေ ... အရွက်တွေကြွေကျပြီး အရိုးချည်းကျန်တော့တယ်..အတက်သစ် ...သည်း ထွက်မလာတော့ဘူး၊ ပြထားတာဖြင့် လှမှလှကောင်းမှကောင်းပဲ.."

"ကဲပါမေမေရယ်..ဘယ်လိုပြန်ပြီး ပျိုးထောင်ရမလဲ အခုရောက်တုန်း ...မေးခဲ့လေ၊ အဲ့သစ်ခွကပွင့်ရင် အရမ်းလှတာ..နမျောစရာကြီး.."

တစ်ယောက်ကစိတ်မရှည်သလို ပုံစံဖြစ်လာ၏။ သားအမိဖြစ်ပုံရ ... သူတို့ကလည်းရှင့်ကို စိတ်မရှည်ဖြစ်လာကြလျက်.. ။

"အဲ့ဒီသစ်ခွတွေကို ဘယ်လိုပြန်လုပ်ရင်ရလဲ ပြောပြစမ်းပါ.."

ရှင်နဲ့ရွယ်တူမိန်းကလေးက မျက်မှောင်ကုတ်လေးနှင့်မေးသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ တောနဲ့မတန်အောင်လှနေသောဆံပင်အရောင်တွေနှင့် ပန်းသ
ဖြစ်နေသော ရှင့်ကိုခြေဆုံးခေါင်းဆုံးကြည့်နေသေးသည်။ ရှင်က
ထိုမျက်လုံးတွေအပေါ်မှာ ဂရုစိုက်ခံစားမနေအားရှာ။ သူမပျာယာခတ်
သည်က မဖြေနိုင်သောမေးခွန်းတွေနှင့် စိတ်မရှည်ပုံပေါက်လာသော
သူတွေကို ပြန်ထွက်မသွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာ.. ၊

"ဒါက ဒီလိုရှိပါတယ်အန်တီ.."

သမုက ရှင့်ဘေးမှာယှဉ်ရပ်လာပြီး ရှင်းပြကာမှ.. ၊

"သစ်ခွပင်က ဂရုမစိုက်တတ်ရင် ဒီလိုပဲဖြစ်တတ်ပါတယ်..ကျွန်
တို့က ပန်းအတုတွေရောင်းတာမှမဟုတ်တာ၊ တကယ်ပွင့်နိုင်တဲ့ပန်း
ကို ရောင်းတာပါ..အဲ့လိုဖြစ်သွားရင် အပင်မှာအမြစ်အတက်တွေထွ
လာအောင် လုပ်လို့ရပါတယ်.."

အမျိုးသမီးကြီးနဲ့မိန်းကလေးတို့ သမုဘက်ကိုအထင်တကြီးလှ
သွားကြသည်။

"အခုအရွက်ကြွေနေတဲ့အပင်ရဲ့ အမြစ်ဖျားလေးတွေကို နည်းန
သန့်ပြီး အောက်ဖျားလေးတွေကိုပဲ နည်းနည်းစီညှပ်ထုတ်ပစ်လိုက်.."

"အင်း..ဟုတ်ပြီ.."

"ပြီးရင်လေ အဲ့ဒီအမြစ်လေးနဲ့အနေတော်လောက်ဖြစ်မယ့်
ခွက်ဖြစ်ဖြစ် ပလပ်စတစ်ဘူးလေးတစ်ခုခုလောက်ရှာပြီး အမြစ်တွေ
ထည့်..ရေသွားမထည့်နဲ့နော်၊ ပြီးရင်ဖန်ခွက်နဲ့အပင်ကို အိတ်နဲ့စွပ်ပြီး
လုံးဝမဝင်အောင် ပတ်ချည်ထားလိုက်.."

"အဲ့ဒီတော့ ဘာဖြစ်လာမှာလဲ.."

"သစ်ခွကပူအိုက်စွတ်စိုတာကိုကြိုက်တယ်..သူ့ကိုအမြစ်အတက်
သစ်လေးတွေထွက်အောင် ရေငွေ့ပြန်ပေးရတာပေါ့၊ အဲ့လိုလုပ်ထားလို
ပါ..နှစ်ပတ်ကျော်သုံးပတ်လောက်ဆို အန်တီ့သစ်ခွအမြစ်အတက်တွေ
ဝထွက်နေလိမ့်မယ်.."

"သြော်..ရှင်းပြပေးတာကျေးဇူးပါဆရာမရယ်၊ ဒါနဲ့ဒီအပင်တွေ
ကျောင်းကရောင်းတာလားဟင်..ရန်ပုံငွေတွေဘာတွေရှာတာလားလို့.."

"မဟုတ်ပါဘူး..အပွန်း.."

သမုနဲ့ရှင် မျက်လုံးချင်းဆုံသွားသည်။ သမုရဲ့မျက်လုံးတွေက
တောက်လက်ဖြာနေခဲ့ပြီး နှုတ်ခမ်းမှာပိုင်နင်းသည့်အပြုံးတို့နှင့်.. ၊

www.burmeseclassic.com

www.burmeseclassic.com


"ဈေးသည်ကသူပါပဲ..ကျွန်မကအမြင်မတော်လို့ ဝင်ပြောပေးတာ ..."

"ဩော်..ဈေးသည်ဖြစ်ပြီး ဘာမှလည်းမသိဘဲနဲ့.."

"ဆရာမကိုအားပေးမယ်..သစ်ခွပင်နှစ်ပင်.."

ဘေးကမိန်းကလေးက သစ်ခွပင်တွေဝင်ရွေးနေ၏။ ရှင့်ပါးပြင်လေး ... နီမြန်းနေကာ သူ့မှာချေပစရာစကားလည်းမရှိ.. ။

"ကဲ..ဈေးသည်ကိုဖယ်ခိုင်းမို့ထွက်လာပြီး ဈေးဝင်ရောင်းပေးနေတာ ...ဆရာမရေ၊ ကိုယ့်ယူနီဖောင်းလည်းသတိရဦး.."

သင်းက ပစ္စည်းတွေနဲ့လှည်းနားကနေ ခပ်ကျယ်ကျယ်လှမ်းအော် ...သည်။ ပြီးတော့.. ၊

"အဲ့ဒီဝါးတိုင်တွေရော သဇင်ဥတွေနဲ့လှည်းရောပဲ.."

ရှင်ဈေးရောင်းရမှာလား..။ ပစ္စည်းပြေးသိမ်းရမလားမသိအောင် စိတ် ...ရှုပ်များနေ၏။ ဘာမှလည်းမလုပ်ဖြစ်ဘဲ ပန်းပင်ဝယ်သွားကြသည့်ပိုက် ...တွေကိုင်ရင်း ဒီတိုင်း.. ၊

"ကလေးမရေ..သဇင်ဥတွေလိုချင်လို့ပါ၊ ဒါ ဘာမျိုးတွေလဲကွ.."

"အဲဒါ သဇင်ထွက်သမျှထဲမှာ အကောင်းဆုံးထားဝယ်မျိုးတွေပါရှင့်"

သမုကလှမ်းဖြေလိုက်ကာ.. ၊

"ကဲ..ရှင်ဘာမှမသိဘူးမို့လား၊ ကျွန်မရောင်းပေးမယ်..သိမ်းစရာရှိ ...သွားသိမ်း.."

လူတွေရှေ့မှာတော့ မရှင်တဲ့..။ ခုကျတော့ ရှင်နဲ့ကျွန်မ.. ၊

မျက်နှာထားကတင်းနေသည်။ ဒါပေမယ့် ရှင်ချက်ချင်းခေါင်းညိတ် ...ိုက်သည်။ သူသိသလိုမှ ကိုယ်မသိမှတော့ ကိုယ့်ထက်တတ်ရင်ဆရာ ...င်ရမှာပါ.. ၊

ရင်ထဲမှာ ရှက်ရွံ့ခြင်း တနုံ့နုံ့နာကျင်ခြင်းတို့ ပြည့်သိပ်နေခဲ့လျက် ...အားမဲ့ရသောအဖြစ်မှာ ခြေဖျားလေးထောက်၍ သစ်ခွပင်တွေချိတ်ထား ...သည့် သံကြိုးကိုလှမ်းဖြုတ်သည်။ သို့သော် မမီတမီမော့၍ ဘယ်လိုမှ ...အောင်မြင်ဘဲ.. ၊

"အား.."

မျက်လုံးထဲကို အမှိုက်ဝင်သွားလေသည်။

"ဘုတ်..ဒုန်း.."

www.burmeseclassic.com

www.burmeseclassic.com



လက်ကလွှတ်လိုက်ကာမှ သစ်ခွပင်ကပြုတ်ကျ၏။ မျက်နှာငုံ့လို
သော်လည်း ကက်စင်နှင့်ပွတ်မိသွားကာ နဖူးမှာလည်းပူခနဲဖြစ်၏။

"ဘာဖြစ်ကုန်တာလဲ.."

"အရုပ်ကဖြင့် ပေမမိဘဲနဲ့..တစ်ခုခုနဲ့တက်ဖြုတ်တာမဟုတ်ဘူး"

"အား..နာလိုက်တာ.."

ရှင် မျက်လုံးမဖွင့်နိုင်ပေမယ့် ပတ်ဝန်းကျင်ကအသံတွေကိုကြား
ရသည်။ မျက်လုံးထဲကိုခဲလုံးအကြီးကြီးဝင်နေသလို အလွန်အမင်းနာကျ
နေသည်မို့ မျက်ရည်တွေကျလာပုံက မျက်နှာသစ်နေတဲ့အတိုင်း..

"ရှင်.."

သူမဘေးကို လင်းပြေးသွားမိသည်။ ပြီးတော့ မျက်လုံးတစ်ဖက်
အုပ်ထားသည့်လက်ကို အတင်းဖယ်ချပစ်ကာ..

"မျက်နှာမော့လိုက်..မျက်လုံးကိုအတင်းဖိကြိတ်မထားနဲ့နော်၊ န
နည်းလျှော့ထား.."

"ကိုကို.."

"ဟုတ်တယ်..ကိုယ်လိုက်လာတာ၊ မျက်လုံးကိုမှုတ်ပေးမယ်..တ
နစ်ခါလောက်ဆို နေသာသွားလိမ့်မယ်."

"ကိုလင်း..ကျွန်တော်တို့ဆက်လုပ်ထားလိုက်မယ်၊ ခေါ်သွားတော့"

"ကိုကို..ပန်းတွေ.."

"ဘာမှမဖြစ်ဘူး..လာ ဒီဘက်တိုး.."

ရှင့်ပခုံးလေးကိုဖက်၍ စင်နဲ့ဝေးသည့်ဘက်ကိုခေါ်သွားလျှင် သမ
ဝယ်သူတွေနဲ့စကားပြောရင်း လှမ်းကြည့်နေ၏။ ဝယ်သူတွေကတော့
ဘောကျကျေနပ်သွားကြကာ.

"ကောင်းပါလေ့ကွယ်..အဲ့လိုလေးသိရရင် ဝယ်ရဲတာပေါ့၊ မဟုတ်
မပြုတတ်မပြင်တတ်နဲ့.."

"ဆရာမလေးက သဘောကောင်းလိုက်တာ.."

"ခုနဆံပင်ဝါဝါဖားလျားလေးနဲ့ကောင်မလေးက ဘာမှလည်းမ
ဘူး..ကိုယ်ရောင်းတဲ့ပစ္စည်းကို အကြောင်းမသိဘဲနဲ့ဘယ်လိုလုပ်
ရောင်းစားမလဲ.."

"ဩော်..ဈေးသည်နဲ့မှမတူတာ၊ ကိုယ့်ကိုယ်ကိုပြန်သနေတဲ့လူမျိုး
ကို အသိသာကြီး.."

www.burmeseclassic.com

www.burmeseclassic.com



ကားသံတွေကို ရှင်ကြားနေရသည်။ ကိုကိုလည်းကြားနေလိမ့်မည် ကိုကိုလိုက်လာခြင်းကို ဝမ်းသာခြင်းမဖြစ်တော့ဘဲ သိမ်ငယ်စိတ် ာ လှိုင်းထန်နေခဲ့ပြီး..၊

"ရလား..မျက်လုံးနည်းနည်းဖွင့်ကြည့်.."

"ဟင့်အင်း.."

ှင့်လို့ရနိုင်လား မရနိုင်ဘူးလားသိလည်းမသိချင်တော့ပေ။ သူမဒီ ာနေ အမြန်ဆုံးထွက်သွားဖို့သာ မျက်လုံးစုံမှိတ်၍ ဆုတောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၃)

"ရော့..ဒီမျက်စဉ်းထည့်လိုက်.."

မျက်နှာရှေ့ကို ပုလင်းလေးရောက်လာတော့ ရှင်ကပုလင်းကို ဘဲ သူ့ကိုမော့ကြည့်သည်။ ပြီးတော့ စားပွဲပေါ်မှာချထားသည့် ကြားထဲက စာရွက်နှစ်ရွက်ကိုဆွဲယူပြီး ထရပ်လိုက်၍.. ।

"ဒါ ဘယ်လိုရောက်လာတာလဲကိုကို.."

လင်းက ဆေးပုလင်းကိုစားပွဲပေါ် ချထားလိုက်ပြီးမှ ကိုယ် မတ်ပြန်ရပ်၍ စာရွက်တွေနဲ့သူမကို ကြည့်သည်။

"အဲ့ဒါမင်းတောင်းထားလို့ လာပေးသွားတာလေ.."

"လာပေးလို့ဒီရောက်လာတာ ရှင်သိတာပေါ့ကိုကို..ဘယ်သူ တာလဲလို့.."

"သမုလာပေးတာ မနက်က.."

သမုပဲဆိုတာကိုသိသည်။ မနက်ကဆိုတာကို မယုံနိုင်။ မန က ဈေးထဲမှာသူမကိုတွေ့တာ အစောကြီးရှိသေးသည်။ ရှင်ဆီလာ ခင်အစောကြီးကို ကိုကို့ဆီဝင်လိုက်သေးတယ်ပေါ့.. ।

"သူကဘာဖြစ်လို့ ရှင်မရှိကာမှလာရတာလဲ.."

လင်းကမျက်မှောင်ကုတ်နှင့် လှည့်ကြည့်သည်။

"ဘယ်အချိန်လာလာ ဒီပစ္စည်းကိုမင်းပြန်တောင်းတယ်..သူ ပေးတယ်၊ အခုမင်းပြန်ရပြီ မပြီးဘူးလား.."

"ကိုကိုက.."

"စကားစရှာပြီး မတည့်အောင်မခင်းနဲ့..အဲ့ဒီမှာ မျက်စဉ်းခ ချင်လည်းနေလို့ရတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို.."

သူမနဲ့စကားများချင်စိတ်မရှိလည်း ရှောင်ထွက်လို့မရ။ ပြောချင်တာ ချင်း ဖွတ်တရွတ်.. ၊

"ကိုကိုက မင်းပြန်တောင်းတယ်ပဲထည့်ထည့်ပြောနေတာ...ဘာလို့ ရှင်ပြန်တောင်းလိုက်တာရော သူပြန်ပေးတာကိုရော ကိုကိုသဘောမ ဖြစ်နေတာလား..ရှင်ပြန်တောင်းလို့ သူပြန်ပေးရရှာတယ်ဆိုပြီး.."

"မင်းချည်းပဲဖွင့်ဆိုချက်တွေ ပေးနေတာလားရှင်ထိပ်ထား..ငါ့ရင်ထဲ ဘယ်တုန်းကနားလည်သွားတာလဲ၊ ဆက်ပြောကြည့်ပါဦး..အခုငါ့ရင် ဘာတွေထပ်ရှိနေသေးသလဲ.."

ရှင်ကစူးစူးရဲရဲကြည့်နေဆဲ လင်းကလည်းပြန်ကြည့်နေခဲ့သည်။ နေရင်း သူမမျက်ဝန်းလေးတွေမှာ ပြိုးပြိုးပြက်ပြက်ဖြစ်လာသဖြင့် ည်လည်နေပြီကို သိလိုက်သည်။ ရှင်ကသူ့ကိုမကြည့်စေချင်သလို ခနဲမျက်နှာလွှဲခါပစ်၍.. ၊

"ဟုတ်ပါတယ်..သူကတော်ပါတယ်၊ သူ့လိုမိန်းမနဲ့မိတ်ပျက်ရမှာကို နမျောမှာပေါ့.."

လင်းကဘာမှမပြောဘဲ လှည့်ထွက်သွားလျှင်.. ၊

"မနက်ဖြန်လည်းကျန်တဲ့ဆယ်ပင်ကို ရှင့်ဘာသာသွားရောင်းမယ်.."

"ဘာ.."

လင်းလှည့်လာသည့်ပုံက ရှင်ကပဲခြောက်လက်မသံချောင်းကြီးကို မယ်လို့ပြောလိုက်တဲ့အတိုင်း.. ၊

"ရှင်ထိပ်ထား..မင်းရွဲ့တာမင်းပဲဒုက္ခများတာ မဟုတ်ဘူးနော်.."

"ဘယ်သူကရွဲ့နေတာလဲ.."

"မရွဲ့ရင်စိတ်ကူးဖို့မလိုဘူး...မင်းဘာသိတာရှိသလဲ၊ ဘာမှမသိလို့ သေးရင် သိအောင်အရင်လုပ်ရတယ်.."

"သိသိမသိသိပါ..အဲ့ဒီအပင်တွေရှင်ရောင်းမယ်လို့ ပြောခဲ့ပြီးသား.."

"ဘာလဲ..ကျန်တဲ့ဆယ်ပင်ကိုသမုကို ပေးလိုက်လို့မင်းဖြစ်နေတာ"

လင်းကစိတ်တိုနေသလို အမျိုးမျိုးသောနည်းနဲ့ နှိမ်ချပြောဆိုခံနေရ ရှင့်မျက်နှာလေးကလည်း နီရဲနေလေသည်။ မျက်လုံးတစ်ဖက်မှာ အမှိုက်ဝင်လို့ဖိပွတ်ထားသဖြင့် မျက်ထောင့်တွေနီကာ မျက်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



စပ်လေးတွေယောင်နေသေးသည်။

ထိုမျက်ဝန်းတွေမှာ မျက်ရည်တွေပြည့်သိပ်လာတော့ လင်း
ခေါက်လိုက်မိကာ.. ।

"တော်တော်ဂျီတိုက်တဲ့မိန်းမ..အဲ့ဒီအပင်တွေ ဘယ်လောက်
လဲ၊ မင်းရောင်းမယ်ပြောထားပြီး မရောင်းတော့ရော နေဆယ်စင်း
တစ်ပြိုင်တည်းထွက်လာနိုင်လား.."

"အို..မသိဘူး၊ ရှင်ကဆုံးဖြတ်တဲ့အတိုင်း လုပ်ရမှ..အဲ့အပင်
ပြားမှ တန်တန်မတန်တန် နေဆယ့်ငါးစင်းလောက်ပဲထွက်ထွက်.."

"ဆူညံဆူညံနဲ့ပါလားဟေ့.."

"ကိုလင်းကတော့ဗျာ..မပြောချင်တော့ဘူး.."

ဒေါသထွက်နေတုန်း အောင်ပိုင်နဲ့မခိုင်တို့ကိုမြင်လိုက်ရလျှင်
ကအိမ်ရှေ့ကိုထွက်လိုက်ရင်း.. ।

"အောင်ပိုင် မြို့ကဘာအကြောင်းကြားတာရှိလဲ.."

"မီးစက်ဒီနေ့ရောက်တယ်တဲ့..ကိုလင်းဘက်က ငွေလွှဲထားတဲ့
ပိုင်းနဲ့ဟိုက ဆားဗစ်ထည့်ပေးတဲ့လူတွေနေ့လည်လောက်ရောက်မယ်
နေသေးတဲ့ငွေအမောင့်ကို.."

"ငါပို့ခိုင်းထားပြီးပြီ..သူတို့ပစ္စည်းရောက်တာနဲ့ ငွေရောက်မှာအ
ပါပဲ.."

"ကဲ..သွားစရာရှိရင် သွားကြလေ.."

မခိုင်ကအိတ်တွေဆွဲလျက် အထဲဝင်လာသဖြင့် သူလှည့်ကြည့်
တော့ ရှင်ကအိတ်တွေကိုထွက်ယူနေတာမြင်ကာ.. ।

"ဘာလုပ်မှာလဲ..အဲ့ဒါတွေက.."

"ရှင်လေးက ဟင်းချက်သင်ချင်လို့တဲ့..အဟွန်း၊ ဒါမျိုးဆိုမခိုင်
သိပ်ဆရာလုပ်ချင်တာ..လာထား၊ ဆရာဖြစ်အတတ်သင်ပေးမှာ.."

သူရှင့်ကိုကြည့်လိုက်တော့ ရှင်ကမျက်ရည်ကြောင်းလေးတစ်
မျက်နှာလေးစူပုတ်ကောက်ချိတ်လျက်။ သူမျက်နှာပူသွားသည်။
တွေလာရင် မျက်ရည်သုတ်ပြီးဟန်ဆောင်ပြုံးရယ်ထားဖို့တော
လည်တဲ့ကောင်မလေး.. ।

လင်းမယားနှစ်ယောက်အကြည့်တွေနဲ့ ကြင်နာနေကြတာကို
ခတ်မိကာ အောင်ပိုင်ကပြုံးစိစိ။ မခိုင်ကတော့ မသိသလိုပုံစံနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြုလို့ရယ်လို့ပါ.. ၊

"ဒါဆို ကျွန်တော်တို့ပစ္စည်းထားဖို့ ဘုန်းကြီးကျောင်းကိုနေရာသွား ထားလိုက်မယ်.."

"အေး..ငါရေချိုးပြီးလာခဲ့မယ်.."

"လူကြီးဦးမောင်ကတော့ ပျော်နေတာကိုလင်းရေ..သူ့လူတွေနဲ့ဝိုင်း ယ်မယ်တဲ့၊ တစ်ရွာလုံးကိုချိတ်ရမယ့်မီးကြိုးတွေချည်းပဲ နည်းတာမှမ တ်တာ.."

အိမ်ထဲမှာမခိုင်ဝယ်ခြမ်းလာသည့် ဟင်းချက်စရာတွေကို တစ်ခုစီ ကြမှတ်နေရင်း အပြင်ကစကားတွေကိုလည်း ရှင်နားထောင်နေမိသည်။ စ်ရွာလုံးကိုမီးပေးဖို့ ရွာလူကြီးကတောင် တစ်ဦးတည်းမတတ်နိုင်တာ ကိုကဘယ်လောက်ချမ်းသာနေလို့လဲ.. ၊

ရှင်သည်လင်းအကြောင်းတွေး၍ပဟေဠိတွေဖြစ်နေခဲ့လျက် လင်းက တော့ တခြားအကြောင်းတွေပြော၍ ကိုယ့်ဒေါသကိုယ်လမ်းကြောင်း ပြောင်းပေးမယ့် မအောင်မြင်။ အိမ်ရှေ့မှာရေထွက်ချိုးရင်း ရေကန်ရဲ့ဘေး ရှင့်အတွက်ရေချိုးဖို့ အခန်းလေးကန့်ပေးရတာကို မျက်လုံးရောက်သွား သည်။ သူမကိုကောင်းကောင်းဒုက္ခပေးနိုင်ပြီဆိုပြီး သူဒီခရီးကိုအားပါး ရထွက်ခဲ့တာဖြစ်သည်။ ကားပေါ်မှာ ရှင့်ရဲ့ခရီးဆောင်အိတ်အလဲခံရ တောင် နမျောစိတ်မဖြစ်ဘဲ ရာသီဥတုကိုယ့်ဘက်ပါနေပါလားလို့ ူးမိခဲ့သေးတာ.. ၊

တကယ်တမ်းကျတော့ ဘယ်မှာကိုယ့်ဘက်ပါလို့လဲ..။ ရွာထဲမဝင် င်တည်းက လမ်းတွေပျက်လို့မီးမရသည့်အဖြစ်ကို ကြုံခဲ့ရသည်။ ဒီနေ့ထိ ချားပို့တဲ့ထမင်းဟင်းတွေနဲ့ နစ်ပါးသွားနေရတုန်း။ မီးသွေးမီးဖိုကို ဒါ ကြီးလဲလို့မေးသည်။ အသားငါးစိမ်းတွေကို ထိမိတာနှင့်ဝေါ့ခနဲပျို့ တ်သေးသည်။

ဘူးသီးခရမ်းသီးမှလွဲလျှင် တခြားဟင်းသီးဟင်းရွက်ဆို ဘာသီးမှန်း သိ၊ ဘာရွက်မှန်းမသိ။ သူသည်လည်း ဘဝကိုတိုးတက်ရာတိုးတက် ကြောင်းသာ အာရုံစိုက်ခဲ့တာမို့ အိမ်မှုကိစ္စဆိုထမင်းအိုးတစ်လုံးတောင် ဖြောင့်အောင်တည်တတ်ခဲ့တာမဟုတ်ပေ။ ထို့ကြောင့်သူမကို ဒီလိုကိုင်ပါ လို့ချက်ပါလို့ သင်မပေးနိုင်။

သင်ပေးနိုင်ရင်တောင် သူမကိုသင်ပေးဖို့တော့ စိတ်ကူးမိမှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com


ပေ။ သူမကိုဒုက္ခပေးဖို့စိတ်ကူးတွေက ဤသို့သောအကြောင်းများကြောင့် မညီမညွတ်ဖြစ်ခဲ့ရကာ.. ၊

"မမခိုင်..ဒီမှာမြေဖြူခဲတွေနဲ့ သုတ်ထားတဲ့လုံးလုံးလေးက ဘာလဲ လေးလဲဟင်.."

လင်းရေချိုးပြီးပြန်တက်လာတာနှင့် မီးဖိုချောင်ဘက်က ရှင့်ရဲ့မေး တတ်ဆိုးရွားခြင်းတို့ကို ကြားလိုက်ရလေသည်။ မခိုင်ရဲ့ရယ်သံက ဘာကြောင့် သဘောကျသွားသည်မသိဘဲ မပြီးနိုင်.. ၊

"ဖြစ်ရလေရှင်ထိပ်ထားရယ်..ငါလေနှင့်ကို အဲ့လောက်ထိဖူးဖူးမှုတ် ခံထားရတဲ့ သူဌေးသမီးမှန်းမသိခဲ့ဘူးသိလား၊ ငါကိုက လူကဲခတ်ညံ့တာ ပါဟယ်..နှင့်ပုံစံလေးကိုမြင်တည်းက အဲ့လိုအဆိုးတုံးလေးဆိုတာ သိရမှာ ခစ်..ခစ်.."

အဆိုးတုံးလေးလို့ချစ်စနိုးပြောသံကြောင့် လင်းခေါင်းခါမိ၏။ ပြီး တော့ ထိုနေရာမှခွာဖို့ ခြေလှမ်းမိလျှင်.. ၊

"အဲ့ဒါမြေဖြူတွေမဟုတ်ပါဘူး ရှင်ထိပ်ထားရယ်..မှတ်ထားအဲ့ဒီလုံး လုံးလေးကို ဆေးဘဲဥလို့ခေါ်တယ်၊ ဒါတွေကထုံးပြာနဲ့စပါးခွံတွေနဲ့ ရော မွှေထားတာ ဘဲဥကိုမဆလာနဲ့အုပ်လိုက်တာပေါ့..အဲ့ဒါကိုသရွတ်ကိုင် တယ်လို့လည်း ခေါ်တယ်.."

"ဩော်..ဒါဆိုဆေးဘဲဥကို ဆေးဘဲဥသပ်သပ်မွေးတဲ့ဘဲကနေ မွေး တာမဟုတ်ဘူးပေါ့.."

"လုပ်ပြန်ပြီ..ခစ် ခစ်.."

နားထောင်နေရင်း လင်းမျက်နှာပြုံးသွားသည်။

"ဘဲဥကို ဘဲမကဥတယ်..ကြက်ဥကိုကြက်မက ဥတယ်၊ အဲ့ဒါကို ဥ ဥတယ်လို့ခေါ်တယ်..မွေးတယ်လို့မပြောရဘူး.."

"အဲ့ဒါရှင်သိပါတယ်..မမခိုင်ကလည်း.."

"တွေ့လား..ခုပဲမွေးတယ်လို့ပြောပြီး.."

"အဲ့ဒါက အဲ့လိုပဲပြောမိသွားတာ.."

"ခစ် ခစ် ခစ်.."

လင်းရယ်လိုက်မိကာ ထိုနေရာမှခွာခဲ့သည်။ အရှုံးမလေး.. ၊

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄၄)

မီးဖိုချောင်မှာ မှောင်သည် မိုက်သည် အနံ့အသက်မကောင်းပါဟု ဆိုတာ ထမင်းစားတိုင်းညှော်ခန်းမှာပဲစားဖြစ်ခဲ့သည်။ ဒီနေ့ကျတော့ အထူးထမင်းပွဲဖြစ်ကာ.. ।

"ကိုကိုစားကြည့်..ရှင်ချက်ထားတာ.."

ဟင်းပွဲကသုံးပွဲတောင်။ ဒါပေမယ့် အသားဟင်းမပါဘဲ ဆေးဘဲဥ သုပ်တစ်ပွဲရယ်၊ ငါ့ကိုတူနဲ့ငရုတ်ပွကြော်ရယ် ပဲကြာဇံဟင်းချိုကျဲလေးနှင့်..

"ဘယ်လိုလဲဟေ့..ငါတို့စားဖို့မှူးကောင်းရဲ့လား.."

ဒေါ်စန်းရီကလည်း ဒီဘက်ကူးလာပြီး ဟင်းပွဲတွေကိုကြည့်သည်။ မခိုင်ကဘေးက ထိုင်နေလျက်.. ।

"ကဲ..မြည်းကြည့်လေလင်းရယ်၊ ငါ့ညီမလေးချွေးတလုံးလုံးနဲ့ချက် ထားရတာ.."

လင်းကအထင်မကြီးပါဘူးလို့ ပြောချင်သည့်အပြုံးနှင့် ဟင်းတွေကို ကြည့်၍.. ।

"ဆေးဘဲဥတွေ မခိုင်အပိုဝယ်လာလို့ ကျွန်တော်စားရတာထင်တယ်" ဟင်.. ।

ရှင်တို့နှစ်ယောက်စလုံး အံ့ဩသွားကြ၏။ လင်းကခပ်မဲ့မဲ့ရယ်ကာ..

"ဆေးဘဲဥဘယ်နှစ်လုံးလောက် ပစ်လိုက်ရလဲ.."

"ကိုကိုသိတယ်.."

"ဟွန်း.."

လင်းရဲ့မဲ့ပြုံးကြောင့် ရှင့်မျက်နှာလေးငယ်သွားရှာသည်။ မခိုင်က မကြည့်ရက်နိုင်ဘဲ.. ।

www.burmeseclassic.com

www.burmeseclassic.com


"အလုပ်လုပ်နေရင် အမှားဆိုတာရှိတာပဲကိုလင်းရယ်..သူ့ခများ မီးဖိုချောင်ဝင်ဖူးတာကို၊ အဲ့လိုနည်းနဲ့ အားပေးရလား..သိချင်တတ်ချင် စိတ်ရှိရင် အိမ်မှုကိစ္စဆိုတာ သင်ယူစရာကိုမလိုတာ၊ ကြည့်နေ..ငါ့ညီမ တစ်ပတ်အတွင်း ဟင်းချက်ကောင်းတဲ့အိမ်ရှင်မဖြစ်အောင် ငါသင်ပေး မယ်.."

"အင်း..လုပ်ကြည့်ပေါ့.."

"ကိုကို ရှင့်ကိုအဲ့လောက်တောင်အထင်သေးလား.."

အားငယ်စိတ်ကို ရင်ထဲမှာကြာကြာမထားတတ်သည့်အကျင့် မာန်မာနနဲ့သာခေါင်းထောင်လာတတ်သည်မို့ ရှင့်စကားလုံးတွေက အ တမ်းလိုလို နူးညံ့ခြင်းကင်းနေခဲ့လျက်.. ၊

"ကိုကို့ကိုချက်ကျွေးချင်လို့ ရှင့်လက်သည်းတွေတောင် ညှပ်ထု ပစ်ခဲ့ရတာသိလား.."

လင်းမျက်ခုံးတွေပင့်သွားကာ ရှင့်လက်ကိုလိုက်ကြည့်၏။ ပုံစံက ကို သရော်လှောင်ပြောင်နေမှန်း သိသာနေလျက်။ ရှင်ပင်ပန်းသမျှ သဲ ရေသွန်စံစားသွားရရှာသည်။ ထိုစဉ် ခြံရှေ့ကိုရောက်လာသူက သ သင်းသန္တာ.. ၊

"အယ်..ထမင်းစားနေပြီလား.."

နှစ်ယောက်သားတစ်ချက်တော့ အမ်းသွားကြပြီး အထဲကိုဆက် လာကြသည်။ သင်းရဲ့မျက်နှာကဟိုအရင်တစ်ခေါက်ကလို သမုဘေး အဖော်နဲ့မတူဘဲ အားလုံးနဲ့ရင်းနီးနေသည့်အပြုံးတို့ ဖြန့်ခင်းနေသည် သမုလက်ထဲမှာလည်း ပန်းရောင်ပလပ်စတစ်ဘူးလေးကိုင်ထား၏။ သူ အားလုံးသိလိုက်တာ အထဲမှာဟင်းတွေပဲဖြစ်လိမ့်မည်ဟု.. ၊

"ကိုကိုလင်းကိုပြောစရာရှိတာနဲ့လေ..ထမင်းစားချိန်ဆိုတော့ ဟင်း လေးလည်းပေးချင်လို့.."

"ဟုတ်လား..လာလေ.."

သမုကရှင့်ကိုလှမ်းကြည့်ပြီး လှေကားထစ်လေးပေါ်တက်လာ မယ့် အိမ်ပေါ်ထိမရောက်ဘဲ.. ၊

"မလာတော့ပါဘူး..ဟိုလေ ကိုကိုလင်းရဲ့လက်မှတ်ပါတဲ့စာရွက် သမုမိတ္တူယူထားတယ်သိလား.."

ဟင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



ထိုပြဿနာကိုမခိုင်တို့လည်း သိထားကြသဖြင့် ရှင့်ကိုဖျတ်ခနဲလှမ်း ကြ၏။

"စာရွက်က အလုပ်လျှောက်လွှာလည်းဖြစ်နေတော့ လိုအပ်ရင်အသုံး ပါ.."

လင်းမျက်နှာပုသွားသလိုကြီးဖြစ်မိ၏။ ဒေါ်စန်းရီကလည်း မျက် ကုတ်သွားကာ.. ၊

"အလုပ်လျှောက်လွှာမှာ လင်းကလက်မှတ်ထိုးပေးထားတာလား.."

"ဟုတ်ကဲ့ကြီးကြီး.."

သမုကသွက်လက်စွာဖြေရင်း ရှင့်ကိုလည်းဖျတ်ခနဲဝေ့ကြည့်၏။

"သမုရဲ့ပညာရေးတစ်လျှောက်လုံး ကိုကိုလင်းလက်ပေါ်မှာပါပဲ..အ ကောင်းကောင်းရဖို့ သင်တန်းဝင်ခွင့်တွေထိ ကိုကိုလင်းအစအဆုံးကူ တာ.."

"ဩော်..အင်း အင်း ကိုယ့်ရွာသားချင်းကိုး.."

"ဟင်းပေးလိုက်လေသမုရယ်..ဟိုမှာထမင်းစားတော့မှာ ထင်တယ်."

သင်းကစားပွဲပေါ်က ဟင်းတွေကိုကြည့်သလိုနှင့် ရှင့်မျက်နှာကိုစိုက် ပြီး ခပ်ထေ့ထေ့ပြုံးကာ.. ။

"ကိုလင်းရောင်ဖြာက အိမ်မှာချက်မစားဘူးလားဟင်..ဩော် ဟို.. တို့အိမ်ကပို့နေတယ်ကြားလို့မေးတာပါ၊ သမုကလည်း ထမင်းစား ပြောရှာပါတယ်..သူ့ကိုကိုလင်းစားရသောက်ရတာ ခက်ခဲနေရှာမှာ လေ.."

"မခက်ပါဘူး..အားလုံးအဆင်ပြေပါတယ်.."

လင်းက သင်းကိုပြောပြီး သမုကိုကြည့်ကာ.. ၊

"နောက်ကိုဒုက္ခမရှာပါနဲ့..ခုလည်း ကျွန်တော့်အတွက်.."

"ဒါတွေသူ့ဇနီးချောလေး ချက်ပြုတ်ထားတာပါ..ဟင်းချိုတွေအ တွေများ ကောင်းမှကောင်း.."

"ကောင်းပေမယ့် စိမ်းစိမ်းစိုစိုမပါသေးဘူးမို့လား.."

သမုကပြောလိုက်ပြီး သူမဘူးလေးကိုဖွင့်၍ လှမ်းပေးသည်။

"သမုကဆိတ်သားနပ်လေးလုပ်လာတာ ကိုကိုလင်းရဲ့..ကိုကိုလင်း ကြိုက်တာ သမုသိပါတယ်.."

"သိနေလည်း နင်ချက်ပေးဖို့မလိုဘူး.."

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပိတ်ပြီးငြိမ်သက်နေခဲ့တာ အားမတန်လို့မာန်လျှော့ခဲ့
ဟုတ်ပေ။ သမုဆိုတဲ့မိန်းမ ဘယ်လောက်ထိကန်းတက်လာမလဲ
ဒေါသတွေတနံ့နံ့နှင့် ကြည့်နေခဲ့တာဖြစ်သည်။

"နောက်ကိုနင်ဒီအိမ်ဘယ်တော့မှ မလာနဲ့.."

"ဖျန်း.."

"ဘုတ်.."

ရှင်ကပန်းကန်ဘူးပေးနေသည့်လက်ကို တအားလွှဲပြီးပုတ်ထု
လိုက်၏။ ဟင်းဘူးကလွင့်ခနဲမြောက်သွားကာ မြေပြင်ပေါ်ဘုတ်ခ
ကျ၏။ ဟင်းတွေလည်း မွစာကြဲသွားလေသည်။

"ရှင်ထိပ်ထား.."

"ဟုတ်တယ်..ရှင်ထိပ်ထား၊ ကိုကိုဘာလုပ်ချင်လို့လဲ..လုပ်

"မင်း.."

လင်းရဲ့လက်တစ်ဖက် ရိပ်ခနဲမြောက်တက်သွားသည်။ ရှင်က
လုံးတွေမှိတ်ချလိုက်ပြီး ပေကပ်ရပ်နေလိုက်၏။ သို့သော်လက်သည်
နာနားထိကျမလာခဲ့ဘဲ ရပ်တန့်သွားကာ.. ၊

"မင်း..မင်းကွာ.."

ရှင့်လက်မောင်းလေးတစ်ဖက်ကို ဆောင့်ခနဲဆွဲခါ၍ တွန်းချပ
သည်။ ကုလားထိုင်သည်ဆိုဖာမဟုတ်သောကြောင့် ရှင်ပစ်စလက်
ထိုင်ကျသွားကာ ရင်ဘက်တစ်ခုလုံးအောင့်တက်နာကျင်သွားသည်။
ပြင် နောက်ပြန်လဲကျသဖြင့် လက်ကကို့ယို့ကားယားဖြစ်သွားလျက်
ပွဲပေါ်က ဟင်းပွဲတွေကိုထိခတ်မိကုန်ပြီး.. ၊

"အို..ဟင်းတွေမှောက်ကုန်ပြီ.."

"ဆရာမတို့လည်းလာတိုင်း ဒီလိုပဲဖြစ်နေရတာအားနာစရာ
ဒီမှာလည်း ရန်ဖြစ်နေလို့ပြန်လိုက်ပါနော်၊ ဒေါ်ကြီးကကြားထဲက
ပြေအောင်ပြောတာပါ.."

"လာ..သမု သွားမယ်.."

သင်းရဲ့စကားသံနဲ့ နောက်ပြန်ကြည့်သွားသည့် မျက်လုံး
ပွာယ်ကို မခိုင်သေချာမြင်လိုက်သည်။ စိတ်ထဲမှာလည်း တစ်မျိုးဖြ
ခဲ့၏။ အိမ်ရှင်ဆိုတာ ဘယ်ညှော်သည်အပေါ်ဖြစ်ဖြစ် သိတူညီမျှ
ကြိုဆိုရမည်သာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှိလာလျှင် နှစ်ဖက်စလုံးဘက်က ကြည့်ရမှာပေါ့..ဘာ ကြောင့်ရှင်ကိုဒီလိုကြည့်သွားတာလဲ.. ၊
ဘာကယ်ကိုရှုပ်ထွေးပါ၏ ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄၅)

လက်ဖက်ရည်ဆိုင်က သိပ်မကျယ်သလောက် လူဆယ်ယော
လောက်ရှိနေပြီဆို တစ်ဆိုင်လုံးပြည့်နေတဲ့အတိုင်း။ သို့သော် ညပိုင်း
လက်ဖက်ရည်အပြင် ယမကာလေးပါတွဲဖက်ထားသဖြင့် ညပိုင်းကျ
စည်ချိန်ဆိုလည်း မမှား။ ဆိုင်ထဲမှာတင်မကဘဲ ဆိုင်ပြင်မှာပါ
လေးတွေ ချထားပြီး စိုပြေစည်ကားနေတတ်ကာ လင်းတို့တစ်ဖွဲ့က
ယောက်.. ၊

လက်ဖက်ရည်လည်းပါသလို ဘီယာလည်းပါ၏။ ညမှောင်
မှာ မိုးစာတတ်လားဆောင်းစာတတ်လားမသိဘဲ အေးစိမ့်စိမ့်လေးရှိနေ
ဆိုင်ထဲက ဘတ်ထရီမီးရောင်ကလည်း လမ်းပေါ်ကိုမှုန်ပျပျပင်..

"လုပ်လေ..မင်းမသောက်ဘူးလား.."

"သောက်နေတာပဲ.."

"မဟုတ်ပါဘူး..ငါကလက်ဖက်ရည်ကိုပြောစရာလား.."

ကိုတာတေက မီးစက်တွေမော်တာတွေပြင်သည့်သူဖြစ်ကာ
တော့ သူ့ထက်ကျွမ်းတဲ့သူမရှိ.. ၊

"နောက်ညတွေဆို ငါတို့ရွာမီးလင်းပြီကွ..အပွန်း မီးစက်သံတ
ပေါ့ကွာ.."

"လုပ်ပါ ကိုလင်းရ..ဆွဲစမ်းပါ၊ တစ်ခါတလေပဲဟာ.."

ကိုတာတေကမြောက်ပေးလိုက် ကြည်လင်ကတိုက်လိုက်
ကတော့ ခေါင်းပဲခါနေကာ.. ။

"မလုပ်ပါနဲ့ဗျာ..မေမေဆိုရင် အဲ့ဒါကိုအပြင်းအထန်တားမြစ်

"မိဘကတော့ ဘယ်မိဘမှကိုယ့်သားအရက်သောက်တာ မ

www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ..ဒါပေမယ့် အခုမင်းကအိမ်ထောင်ကျနေပြီ၊ မင်းဂရုစိုက်ရမှာ မင်းမိန်းမဖြစ်သွားပြီ..”

စလာပါပြီ..။ စိတ်ညစ်ဖွယ်တွေကို တမင်ထားခဲ့ပြီးလူစုစုထဲ တမင် လာထိုင်ပါမှ စလာတော့မပြောချင်တဲ့အကြောင်း.. ၊

“လင်နဲ့မယားလျှာနဲ့သွားတဲ့..လင်မယားစိတ်ဆိုး ရန်ဖြစ်တာမဆန်း ပါဘူးကွာ၊ ရော့..ဒါလေးနည်းနည်းချလိုက်စမ်းပါ..”

“နေပါစေ..”

ရှာမှာ ရှင့်အတွက်ကသူ့တစ်မျက်နှာပဲရှိသည်။ သူမဘယ်လိုပဲနေ ဆိုင်ဆိုးသွမ်းပါစေ ငယ်တဲ့သူမို့သူနားလည်ပေးရမည်။ နားလည်မပေး နိုင်ရင်လည်း မပေးနိုင်တဲ့အကြောင်းနဲ့ ရန်ဖြစ်လိုက်ရုံ။ ဒါပေမယ့် မူးနေ ပြီဆိုရင်တော့ ကိုယ့်ဘက်ကအမှားပါသွားနိုင်သည်။ ပြီးတော့ ရှင်က ကြောက်တတ်သည်။ သူမူးမူးရူးရူးနဲ့အိပ်ပျော်နေပျော်ဖြစ်သွားလို့မရ..၊

ညညဆို သူမမအိပ်မချင်း မျက်လုံးဖွင့်လို့ရနေသမျှ ‘ကိုကို’လို့ပဲ ခေါ်ခေါ်နေကာ အိပ်ပျော်သွားတာတောင် ယောင်ခေါ်တဲ့အထိကြောက် တတ်လေသည်။ ဒီကောင်မလေးဆိုးတာမှ တကယ့်ကိုသည်းမခံနိုင်အောင် ပါ၊ ကိုယ့်လက်ကဒဏ်ရာတွေကို ငုံ့ကြည့်ပြီး ကိုယ့်ဘာသာသက်ပြင်းချ ခဲ့သည်။ ခုလည်း သူ့တွန်းလိုက်မိတဲ့အရှိန်နဲ့ သူမနာကျင်သွားမှာသေချာ ပါသည်။ ဒါပေမယ့် ဒီလောက်ထိရိုင်းစိုင်းလွန်းတာကိုတော့ ဘယ်လိုမှနား လည်မပေးနိုင်ပါ.. ၊

“ဘာလို့လက်ကိုတကြည့်ကြည့်နဲ့လဲ..ကောင်မလေးကိုရိုက်ခဲ့တာ လား..”

“ဟား ဟား ဟား ဟား..”

ကိုတာတေကမေးတော့ ကြည်လင်ကဖန်ခွက်ကို ဒိုင်းခနဲဆောင့်ချ ပြီး တအားရယ်၏။

“အထင်တွေစွတ်ကြီးနေပြန်ပြီကိုတေရာ..လင်းရောင်ဖြာက မိန်းမကို ရိုက်တယ်ဆိုရင် ပြိုကျနေတဲ့မြေကြီးတွေ သူ့အလိုလိုတောင်ပေါ်ပြန်တက် လာန်မှာပေါ့..”

“ဟုတ်လား..မသိပါဘူးကွာ၊ လင်းတို့လင်မယားကြင်ကြင်နာနာမ ကြဘူးလို့ ကြားထားတာ..”

“အဲ့ဒါကြမ်းကြားလေကြားပါ..ဟီး ဟီး၊ ဒီလောက်လှတဲ့သူ့ဌေးသမီး

www.burmeseclassic.com

www.burmeseclassic.com



လေးကိုရထားတဲ့ဥစ္စာ.."

လင်းမျက်နှာ ကွက်ခနဲပျက်၏။ ဒါပေမယ့် အလင်းရောင်အားနည်း နေသည့်ထဲမှာ ဘယ်သူကမှ ဂရုစိုက်ကြည့်မနေကြပေ.. ။

"နောက်ထပ်သတင်းကြားသေးလား ကိုတေကြီး..ဟိုကျောင်းဆရာ လေးက လင်းနားမှာတဝဲဝဲဖြစ်နေတဲ့အကြောင်း.."

"ဟေ.."

"ကြည်လင်..မင်းလျှောက်အာမချောင်နေနဲ့နော်၊ တစ်ဖက်ကကြား သွားရင် မကောင်းဘူး.."

"အံမယ်..ရုပ်ကြီးက၊ ဟာ ဟ..ကိုယ့်လူကမင်းသားလောက်ချော တော့ ပါရမီထူးတာပေါ့၊ တို့များတော့.."

"နေစမ်းပါဦး..ခုလေးတင်ပဲ မိန်းမနဲ့စကားများလာတာဆို.."

သွားပြီ.. ။

လူမှုရေးအလွန်သိတတ်နားလည်သည့် ကိုတာတေက ယမကာအေ ဝင်သွားရင်တော့ သိတတ်မှုတွေကိုပါ အရည်ဖျော်မျိုချတတ်သူဖြစ်က

"လုပ်စမ်းပါဦး..ငါလည်းကြားတော့ကြားသား၊ အဲ့ဒီဆရာမလေး ရည်စားဟောင်းလား..မင်းတို့ကချောချောလှလှစုံတွဲလေးဆိုတော့ ရွာ ပေါ်ပြူလာဖြစ်နေတာလေကွာ၊ မင်းလုပ်ရင်ဘာဖြစ်ဖြစ် သတင်းကြ ပြီးသားပဲ..ဘယ်လိုသိတာလဲဆိုတဲ့ရုပ်ကြီး လုပ်မနေစမ်းပါနဲ့၊ အဲ့ဒီဆရာ က တို့ရွာသားပဲတဲ့..သမုဆိုလား.."

အစဖော်သည့်လူကဖော်တော့ ခုပဲဖြစ်လာခဲ့တဲ့ကိစ္စကို ပြန်တွေးမိ အားလုံးကသူ့နေရာနဲ့သူရှိနေကြရင် သူ့အလိုလိုပြီးဆုံးသွားမှာပင်။ ဒါ ပေမယ့် သမုကရှင်တို့မိသားစုနဲ့ ပတ်သက်ခဲ့ဖူးသူဖြစ်နေသည်။ ပြီးတော့ အတူနေခဲ့ကြသည်။ ငြိခဲ့ကြသည်။ ဘယ်သူကဘယ်လိုမုန်းမာန်ဖွဲ့ခဲ့သ မသိဘဲ သမုဆိုလျှင်ရှင်က လက်ပြင်ပြီးသား.. ။

သမုဘက်ကလည်း သည်းခံရှာပါသည်။ ဒါပေမယ့် တိုက်ဆိုင်ေ သည့်အကြောင်းရင်းတွေပေါ်မှာ ရှင်ကနည်းနည်းလေးမှသည်းမခံ၊ သည်းမခံတတ်မှန်း သိနေသော်လည်း သမုကလည်းရပ်တန့်မသွားခဲ့

"ရည်စားဟောင်းလား ဘာလားတော့မသိဘူး..အဲ့ဒီဆရာမကလည်း ဆရာမပဲဗျ..ဟဲ ဟဲ.."

ဟိုဘက်မှာထိုင်နေသည့်အောင်ပိုင်က အကုန်လုံးကိုကြားနေသ

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကျဲကျဲပြောရင်း လင်းတို့ဘက်ကိုလှရောခုံရောရွှေ့လာပြီး ဆိုင်ကော်ကာ.. ။

"ကျွန်တော်ကြားခဲ့တယ်..ကြီးကြီးနဲ့မခိုင်တောင် အဲ့ဒီဆရာမတမင်လုပ်နေလားမသိဘူးလို့ပြောပြီး ဒေါပွနေကြတယ်ဗျ.."

"ဟုတ်လား..ဘာတွေလာလုပ်လို့လဲ.."

"ဟင်းလာလာပေးနေတာလေ..ဟိုတစ်ခါပေးတုန်းကလည်း နောက်မပေးနဲ့ဆိုပြီး ကိုလင်းကတော်လေးက သောင်းကျန်းထားတယ်..ခုပြီး လက်မှတ်ကိစ္စဆိုလား..အဲ့ဒါဟင်းလာပို့ရင်းနဲ့ ဘာဖြစ်ဆိုလား.."

အောင်ပိုင်ကပြောလည်းပြောချင်သည်။ ပြောလည်းမပြောတတ်။ င်းကရှုံ့တွတွမျက်နှာနှင့် ဆံပင်တစ်ချက်သပ်ကာ.. ။

"တစ်ဖက်မိန်းကလေး နစ်နာပါတယ်အောင်ပိုင်ရာ..လျှောက်ပြောမစမ်းပါနဲ့၊ ငါကကူညီထားဖူးလို့ ဒီမှာလည်းသူကပြန်သိတတ်တဲ့သဘာပါ.."

"ငါဖြင့်ထင်ပေါင်.."

"အေးလေ.."

ကိုတာတေနဲ့ကြည်လင်တို့က တက်ညီလက်ညီခေါင်းခါ၏။ အောင်ပိုင်ကရယ်ကာ.. ။

"အဲ့ဒါပဲ..အဲဒီဆရာမ ကြီးကြီးတို့ပြောသလို ကိုလင်းကတော်လေးကိုခင်.."

"ကဲပါ..မပြောကြနဲ့တော့၊ ငါတို့ရဲ့လင်းရောင်ဖြာ ဒီညညစ်လာရှာ..ရော့ ကိုလင်း..ချ.."

ဒီတစ်ခါမငြင်းဖြစ်တော့ဘဲ ဘီယာတစ်ဝက်လောက်နှင့်ဖန်ခွက်ကိုကောက်ကိုင်လိုက်မိသည်။ ညစ်နေတာကတော့ တကယ်ပါ။ ရှင်နဲ့ပတ်သက်သမျှ သူ့ရင်ထဲမှာလိပ်ခဲတည်းလည်း ခံစားနေရသမျှသည် ဒီနေ့ယ်ထိလက်ရောက် ကျူးလွန်ခဲ့မိတော့ ပူလောင်မှုတွေပါတိုးလာခဲ့၏။ ခကိုရိုက်ပုတ်နာကျင်စေခြင်း မပြုခဲ့ပေမယ့် တအားတွန်းပစ်ခဲ့မိသည်။ အဖြစ်ကိုနောင်တရနေမိတာလား..။ အဲ့ဒီတုန်းကဒေါသစိတ်က မပြေလား.. ။

သူတစ်ညနေလုံးလျှောက်သွားနေခဲ့တာ ခုထိအိမ်မပြန်ဖြစ်ခဲ့ပေ။ ဒါည်း လွတ်လပ်ပျော်ရွှင်စွာ သွားလာနေခဲ့တာမဟုတ်မှန်း သူ့ကိုယ်သူသိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ငိုပြီဆို မျက်ရည်ကြိတ်ကျ မျိုသိပ်နေတာမျိုးမဟုတ်သော မျ
ရည်စက်လက်နှင့် ရှိုက်လည်းရှိုက်ငိုတတ်သော မျက်နှာလေးကိုပဲမြ
ယောင်နေမိသည်။

နုလောက်ဆို သူမမနားတမ်းငိုပြီး ခေါင်းတွေဘာတွေကိုက်နေမလာ
..။ သူ့ကိုမကျေနပ်ဖြစ်ပြီး မေတ္တာတွေပို့ နာကျည်းနေမလား..။ မင်းသ
လည်းမင်းပဲ..ရှင်ထိပ်ထား.. ၊

မင်းလောက်ဆိုးတာ ငါမတွေ့ဖူးဘူး။ နည်းနည်းလေးမှ သည်း
တတ်တာမင်း..။ စိတ်ထဲမှာအထင်ရောက်တာနှင့် ကောက်ခနဲပြောချလို
တာမဆင်ခြင်။ သမုဘယ်လိုအချိုးမျိုးနဲ့ပဲလာလာ ကိုယ်ထင်တာမြင်တာ
ကို ဒီလိုလုပ်ပြဖို့လိုသလား.. ၊

နုတော့ သူ့ရယ် သမုရယ်..သူမရယ် ဘာမဟုတ်တဲ့ပြဿနာလေး
တွေနဲ့ နာမည်ကျော်နေခဲ့ပြီ.. ၊

"ဟား..ကိုလင်း လုပ်လှချေလား.."

"တော်..တော်၊ ထည့်မပေးနဲ့တော့..ဒီကောင်ကအရှိုင်းရယ်.."

သူပြုံးလိုက်မိသည်။ ဖန်ခွက်ကိုဒေါက်ခနဲ ပြန်ချလိုက်ပေမယ့် ဘာ
သူမှထပ်ဖြည့်မပေးတော့ အသံထွက်အောင် ရယ်လိုက်မိသည်။ သူ
လည်းထည့်သလောက် မျိုချဖို့ဆုံးဖြတ်ပြီးသား.. ၊

နုချိန်မှာ ရှင့်ကိုငဲ့ညာဖို့လည်း မမြင်တော့ဘဲ ရင်ပူနေတာအရ
ကြောင့်လား သူမကြောင့်လား..မကွဲပြားသည့် ပူလောင်မှုကိုနှစ်သက်
မင်လှစွာဖြင့်.. ၊

www.burmeseclassic.com


အခန်း(၄၆)

"ဟော..လင်းပြန်လာပြီ.."

"ပြန်လာပြီရှင်ရေ..ကဲ တို့လည်းပြန်လို့ရပြီ.."

ဒေါ်စန်းရီနဲ့မခိုင်တို့က ညှော်ခန်းမှာထိုင်ရာကနေ ဝမ်းသာအားရကြီး ...ကြ၏။ ရှင်က လင်းပုံစံကိုလှမ်းကြည့်ပြီး နေရာမှတုပ်တုပ်မှမလှုပ်။ ...ားအတက်မှာ ယိုင်ခနဲဖြစ်သွားသည့်လင်းက ကိုယ့်ကိုယ်ကိုထိန်း ...ခြစ်ရုပ်ပစ်သည်။ ပြီးတော့ ပွဲမဝင်ခင်ကြိုတင်ပြင်ဆင်သလို မျက်နှာ ...ည်း ပွတ်၏။ ဆံပင်တွေကိုသပ်ပြီးမှ ဆက်တက်လာသည်။

ဘယ်မျက်နှာကိုမှ တည့်တည့်မကြည့်ဘဲ ခြေရင်းပိုင်းဖိနပ်ချွတ်နေ ...ကို သွား၏။ ဒေါ်စန်းရီတို့ကတော့ လူချင်းလွဲသွားသဖြင့် ဘာကိုမှသ ...သားမိဘဲ ဆင်းသွားခဲ့ကြပြီး.. ၊

"ရန်ထပ်ဖြစ်မနေကြနဲ့ဦးလင်းရေ..ရှင်ကခေါင်းကိုက်လို့မထူနိုင် ..."

"မင်းနောက်တစ်ခါ ကိုယ့်မိန်းမကိုအဲ့လိုအကြမ်းပတမ်း ထပ်လုပ်ရင် ...တော့ ငါတို့ဝင်မပါတော့ဘူး..ဖြစ်ကြ အဲ့ဒီမှာ.."

တောအထာအရ ညကိုးနာရီခွဲဆိုတာ ညဉ့်နက်နေပြီမို့ ဒေါ်စန်းရီတို့ ...တော့ လင်းကိုမြင်လိုက်တည်းက ပြန်ခွင့်ရသည့်အရေးကို အလျင်အ ...အသုံးချ၍ ပြန်သွားကြသည်။ ရှင်လည်းအိပ်ချင်နေပြီဖြစ်သည်။ အချိန် ...ခေါင်းတွေကိုက်နေသဖြင့် မခိုင်ယူလာပေးသည့်ဒီကိုဂျင်တစ်လုံး ...ာက်ထားခဲ့သည်။ ဆေးကြောင့်လား တအားငိုထားလိုက်လို့လားမသိ ... သူမလည်းမျက်ခွံတွေလေးကာ ခေါင်းမထူချင်.. ၊

လင်းက ရေသွားသောက်သေးသည်။ ပြီးမှ ပြန်ထွက်လာကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com


"မင်းသွားအိပ်လေ.."

"ကိုကိုအရက်သောက်လာတာလား.."

သူကမဖြေဘဲ ရှင့်ဘေးမှာဝင်ထိုင်လိုက်သည်။ ရှင်က ကိုယ်ဘေး သွားကာ လင်းကိုရွံရှာသလို ငဲ့ကြည့်၍.. ။

"နံလိုက်တာ.."

နှာခေါင်းလေးရှုံ့ရင်း နေရာမှထလိုက်လျှင် လင်းကလက်ကိုဆွဲ လိုက်ပြီး.. ။

"မင်းကိုငါမေးစရာရှိတယ်.."

"မမေးနဲ့..ဘာမှမေးမနေနဲ့၊ ရှင် ကိုကို့ကိုမခေါ်ဘူး.."

"ဘာအတွက်နဲ့လဲ.."

"ဘာအတွက်လဲဟုတ်လား..ကိုကို့ကိုပြောရင် ရှင့်အပေါ်မှာ ခဲ့တာ ဘာမှမရှိဘူး.."

"ကောင်းပါမယ်လို့များ အာမခံခဲ့မိသလား..ပြော.."

မျက်လုံးတွေက ရီဝေနေသည်။ နှုတ်ခမ်းသားတွေက မဲ့တော တစ်ခုခုပြောတော့မလိုလို မထိတထိလှောင်ရိပ်တို့နှင့်။ ပြီးတော့ ရှ ဆွဲထားသည့်လက်ကို ပို၍ဖိဆုပ်ထားလိုက်ရင်း.. ။

"မင်းကိုဒီထက်ပိုလုပ်ချင်ခဲ့တာ နားလည်လား..ငါ့စိတ်ကူးထဲမှာ နေခဲ့တာ မင်းအတွက်ဒုက္ခဗျာပါဒတွေလေ၊ ဟွန်း..အဲ့ဒါတွေ ဘာမှ ရသေးဘူး.."

မျက်နှာရှေ့ကပ်ကပ်လေးလာပြောတော့ ရှင်မျက်နှာရှောင်ရင်း မျက်နှာကိုတွန်းပစ်လိုက်မိကာ.. ။

"လုပ်ပါလား..တစ်စစီနုပ်နုပ်စင်းပစ်ဖို့ ရှိသေးတာပဲ၊ ကိုကို့ကို ရှင်နားလည်နေပြီသိလား..ကိုကိုမပေးရသေးတဲ့ဒုက္ခတွေလည်း ရှင် ပြီ၊ ကိုကိုနဲ့အဲ့ဒီမိန်းမ.."

"ဟော့..ဟော့ အဲ့ဒါတွေမပါဘူး၊ မင်းနဲ့ငါ့အကန့်သီးသန့်ပဲပြော ဖက်က သူ့ဂုဏ်သိက္ခာနဲ့သူ၊ မင်းပဲထင်ချင်ရာထင် ပြောချင်သလို ကျွတ်..တော်တော်ခက်တဲ့ကောင်မလေး၊ မင်းကို ငါ.."

"ဖယ်..လွှတ်.."

ရှင့်ရင်ထဲမှာ စူးစူးနင့်နင့်နာကျင်သွားမိကာ သူ့ကိုတအားတွန်း ရုန်းထွက်လိုက်သည်။ သို့သော် သူမထရပ်လိုက်သော်နှင့် လင်းက

www.burmeseclassic.com



ိုက်ကာ ရှင့်ကိုယ်လေးသည် သူ့ရင်ခွင်ထဲမှာ မွေးပွရုပ်လေးတစ် ...။

"မင်းကိုငါဘာများနိုပ်စက်ရသေးလို့လဲ..အခု မင်းထင်ရာမြင်ရာစွပ် ို့ ငါလိုက်ရှင်းနေရတာပဲရှိသေးတယ်၊ ငါ့ဘက်ကမင်းကိုတိုက်ရိုက် ့င်တာတွေ ဘာမှမလာသေးဘူး.."

ရီဝေဝေတွေနေသည့်အမြင်အာရုံထဲမှာ ရှင်ကအရမ်းလှနေသည်။ ရန် ို့လို မီးရောင်တွေဖွေးဖွေးလှုပ်နေတဲ့အောက်မှာမဟုတ်ဘဲ ဘတ်ထ ောင်ခပ်ဖျော့ဖျော့လေးနဲ့ကျမှ သူမရဲ့အပေါ်နှုတ်ခမ်းထောင့်ချိုးလေး ာ ပိုလှနေသည်။ မျက်တောင်ဖျားလေးတွေ အရိပ်ထင်နေချိန်မှာ ို့မော့ကြည့်လိုက်လျှင် ပက်ပက်စက်စက်ညို့၏။

သူမကိုစိုက်ကြည့်လိုက်မိတိုင်း ကိုယ်မလိုလားခဲ့တာတွေ မချစ်ခဲ့ တွေက ကြက်ပျောက်ငှက်ပျောက်။ ပြီးတော့ ငိုထားသည့်မျက်နှာလေး ျက်တောင်ဖျားတို့စိုကပ်ပူးယှက်နေလျှင်.. ၊

"ကိုကိုနော်..ဟင့်အင်း.."

"မင်းကဘာလို့ ဒီလောက်တောင်လှနေတာလဲ.."

"ဟင့်အင်း..အား နံလိုက်တာ.."

သူမူးနေလို့ ထင်ရာပြောနေမှန်းရှင်သိသည်။ လူကိုသာတန်ဖိုးမဲ့စွာ ကားဖို့ကြိုးစားနေတာ သမုကိုထိပါးပြောမိတော့ မူးနေတာတောင် ွယ်ဖို့သတိရသည့်လူ.. ၊

"ကိုကိုမရဘူးနော်..မနမ်းရဘူး၊ ဟင့်အင်း..လွှတ်.."

လင်းကလည်းအတင်းအကျပ်ဆွဲချုပ်ထားကာ ရှင့်မျက်နှာလေးကို ိုက်ဖို့ကြိုးစား၏။ ညှော်ခန်းမှာနှစ်ယောက်တည်းလုံးထွေးမွန်းကြပ် ာ ရှင်ဘယ်လိုမှရုန်းမရတော့ ဒေါသထွက်လာ၏။ လက်ကစားပွဲခုံ ာ အကြမ်းပန်းကန်လုံးလေးကို ဖမ်းဆုပ်လိုက်မိသည်နှင့်.. ၊

"ကဲ.."

"အား..ရှင့် မင်းကြည့်စမ်း.."

သူ့လက်တွေပြေကျသွားသည်။ ခေါင်းမှာပူထူနာကျင်သွားပေမယ့် ာက်ကိုတော့ အမိအရပြန်ဆွဲထားကာ.. ။

"တော်တော်လက်ယဉ်တယ်ဟုတ်လား..မင်းတွေ့မယ်၊ မင်းနဲ့ငါ.."

ပြောနေရင်း ကုလားထိုင်ကျောမှီမှာ တအိအိမှိကျ...ြမ်သက်သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင်.. ။

"ကိုကို.."

ရှင်ထိပ်လန့်သွားသည်။ ပတ်ဝန်းကျင်ကိုနားစွင့်လိုက်တော့ ဆိတ်ငြိမ်သက်နေ၏။

"ကိုကို..ကိုကို့ကို ရှင်ဖြည်းဖြည်းလေးရိုက်လိုက်တာပါ၊ ဘာမှ မဖြစ်ဘဲနဲ့..ကိုကို.."

ရှင်ကမန်းကတန်းထကာ လင်းရဲ့ခေါင်းကိုရင်ခွင်ထဲမှီကျလာအောင် ဆွဲယူရင်း ဆံပင်တွေထဲကိုလျှောက်စမ်းကြည့်သည်။ ကိုယ်ရိုက်လိုက် နေရာကိုသိပါလျက်နှင့် ထိတ်လန့်ဗျာများနေကာ တစ်ခေါင်းလုံးလျှော ဖွရင်း လက်ကိုပြန်ကြည့်မိလိုက် စမ်းကြည့်လိုက်.. ။

သွေးမထွက်ပါဘူး..။ ဟုတ်တယ်..သွေးမရှိဘူး။ ငါဖြည်းဖြည်းလေး ထုလိုက်တာပါ။ ပြီးတော့ ပန်းကန်လုံးလေးက ဆေးဘဲဥလောက်တောင် မကြီးဘဲနဲ့.. ။

"ကိုကို.."

"......."

"ကိုကိုသတိမေ့သွားတာလား..အိပ်နေတာလား..လို့..ကိုကို.."

ပခုံးကိုအတင်းလှုပ်ခါနေမိရင်း လင်းရဲ့ကိုယ်ကြီးကိုယ့်ဘက်လဲ လာတော့ မနိုင်မနင်းဖက်ထားလိုက်ရသည်။ ဒီကုလားထိုင်ပေါ်ကနေ ကိုကို့ကို ဘယ်လိုရွှေ့မလဲ.. ။

"ကိုကို..ကိုကို.."

ခေါ်နေရင်းသတိရကာ စားပွဲပေါ်က သူမဆေးသောက်ပြီးကျန်သည့် ရေကို လက်ဖျားနဲ့လှမ်းတို့လိုက်ပြီး.. ။

"ကိုကို.."

"အင်..ဘာလဲကွာ.."

မျက်နှာကိုရေမွှားတွေပြေးစင်သွားတော့ လင်းအသံထွက်လာသည်။ သူ့မျက်နှာသူပြန်စမ်းပြီး ရှုံ့မဲ့နေတုန်း လင်းရဲ့လက်တစ်ဖက်ကိုပခုံးပေါ် ဝင်လိုက်ပြီး.. ။

"ထ..ထကိုကို၊ ကိုကို့ကိုအိပ်ရာထဲပို့ပေးမယ်.."

"အင်း..သွားမယ်.."

"ကိုကိုထလေ.."

www.burmeseclassic.com

www.burmeseclassic.com



အမြဲမပြတ်သတိပေးနေခေါ်နေတာတောင် လင်းက မတ်တပ်ရပ်ပြီး ကျိုးနေ၏။ မနိုင်မနင်းကြီးထမ်းပိုးထားရသဖြင့် ရှင့်တစ်ကိုယ်လုံး င်းရဲ့ကိုယ်ခန္ဓာကြီးအောက်မှာ ပျောက်နေတော့သည်။ ထိုပြင်ဘုရား မှာ ချပေးလိုက်မလိုဖြစ်ပြီးမှ သတိရလိုက်၏။

အတင်းနှိုးနေတာတောင် အိပ်ပျော်နေတာ ချပေးလိုက်တာနှင့် လင်း ပျော်သွားရင် ခေါ်လို့တောင်ရတော့မှာမဟုတ်ပေ။ ဘုရားခန်းမှာလည်း မယားမအိပ်ရဘူးဆိုလျှင်.. ၊

"အား.."

"အမေ့.."

ကိုယ့်အစီအစဉ်နဲ့ကိုယ် လင်းရဲ့ကိုယ်ကြီးကိုအိပ်ခန်းထဲပဲ သယ်လာ တာ ခုတင်ပေါ်ချလိုက်တော့ တွန်းချလိုက်သလိုဖြစ်သွားပြီး.. ၊

"အား..ကိုကို ရှင့်ဆံပင်တွေကိုကို့အောက်မှာ.."

"ကျွတ်..ကျွတ်၊ မင်းဘယ်လိုလုပ်နေတာလဲကွ..ကျောကိုအောင့်သွား ပဲ.."

"ကိုကိုကိုမှမနိုင်တာ..နည်းနည်းပါးပါးတော့ ကိုယ့်ဘာသာထိန်းဦး ပေါ့၊ ကျောနည်းနည်းကြွပေး..ကိုကို့အောက်မှာဆံပင်တွေပိနေပြီ.."

ပြောနေရင်းနဲ့လင်းက နဖူးပေါ်လက်တင်ပြီး ငြိမ်သက်သွား၏။ ဆံ င်တွေကိုအဖိခံထားရသဖြင့် ခေါင်းကနာနေသည့်အပြင် သူ့ရင်ဘက်ပေါ် မျက်နှာတစ်ခြမ်းလုံးပြားကပ်နေရသည့်အဖြစ်ကြောင့် ဘယ်လိုမှသည်း နိုင်တော့ပေ။ ရှင်ဒေါသထွက်လာကာ လင်းရဲ့ရင်ဘက်ကို ထုချပစ် က်သည်။

"ကဲ..အဲဒါအိပ်ဦး.."

"အ..သေပြီကွာ.."

"သေပေါ့..ဒီမှာသူများလည်း နာနေပြီ.."

"ရှင့်..မင်း.."

"နိုးသွားပြီလား..အဲ့ဒါမှုဦးလေ အိပ်ချင်ဦး၊ ရှင်ကြီးအောက်မှာ ဒီက င်တွေဖိမိနေတယ်..ခုချက်ချင်းကြွပေး.."

လင်းမျက်လုံးတွေပွင့်လာသည်။ မသိရင် သူ့ရင်ဘက်ပေါ်မှာ ရှင် ထားဆိုတဲ့ကောင်မလေး မျက်နှာလေးဖေးတင်ပြီး ကိုယ့်ကိုပဲငေးနေ လို့။ ဒါပေမယ့် မီးတောက်မတတ်စူးရဲနေသည့် ဒေါသတွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူသဘောပေါက်သွားသည်။ အမူးအမော်တွေပါပြေသွားအောင် လှ... သည့် သူမရဲ့ရန်လိုနေသောနှုတ်ခမ်းလွှာလေးတွေကြောင့် ပြုံးလိုက်မိရ...

"ကိုယ့်ကိုမင်းသယ်လာတာလား.."

"ဟုတ်တယ်..အပြင်မှာအိပ်ပျော်သွားရင် ရှင်မအိပ်နိုင်ဘဲကျန်ခဲ့... စိုးလို့ မာန်တွေတက်မနေနဲ့.."

"ဩော်..ဩော်.."

"ဩော်မနေနဲ့..ဒီမှာနာလှပြီ.."

တော်တော်တရားကျဖို့ကောင်းပါ၏။ ဖွတ်တရွတ်လုပ်တတ်... လည်းသူမပဲ။ သူများကဖွတ်လုပ်တော့လည်း တစ်ချက်လေးမှသည်း... လူတစ်ကိုယ်လုံးကို အသုံးတည့်သလိုသူမပဲ တွန်းလားထိုးလား၊ ထုလို... ရိုက်လိုရိုက်။ ရင်ဘက်မှာနာနေဆဲကို မဲ့ပြုံးနှင့်မျိုသိပ်လိုက်ရင်း..

"ငါဒီထဲမှာအိပ်တာမဟုတ်ဘဲ မင်းခေါ်လာတာ.."

"ဟုတ်တယ်လေ..ဟုတ်တယ်လို့ပြောနေတာပဲ၊ ကိုကိုကရော.."

"ဘာလဲ.."

ခေါက်သဆောင့်ခုန်ထွက်သည်။ ခေါင်းကျတော့ ကြွလို့မရ..

"ကိုကိုတွန်းထိုးသွားလို့ ရှင်ခေါင်းကိုက်ပြီး ဆေးသောက်ထ... တာ.."

"မင်းကိုငါတစ်ချက်ပဲတွန်းတာ..မင်းငါ့ကို ဘာတွေလုပ်နေလဲပြော..."

"ကိုကို့ကိုဘာလုပ်လို့လဲ..အပြင်မှာငုတ်တုတ်ကြီး အိပ်ပျော်သွား... စိုးလို့ ခေါ်လာခဲ့တာ.."

"အဲ့ဒါမင်းကြောက်လို့ မင်းအတွက်ခေါ်တာလေ..တော်ပြီကွာ၊ အိ... ချင်စိတ်ပျောက်သွားမှခက်မယ်.."

"ဟင်.."

လင်းက သူမကိုယ်လေးကိုတွန်းဖယ်ကာ ထထွက်သွားလျှင်..

"ကိုကို့.."

ရှေ့ကပြေးတားပြီး မျက်နှာကိုသေချာမော့ကြည့်မိသည်။ လင်း... ကြောတွေ ခပ်စင်းစင်းရှိနေဆဲ ဒီပုံစံဆိုရင်တော့ ခေါင်းချလိုက်တာ... အိပ်ပျော်မှာ သေချာလေသည်။ သူမဘယ်လိုမှတစ်ယောက်ထည်း... ရဲပါ..

"အထဲမှာပဲအိပ်ပါ.."

www.burmeseclassic.com

www.burmeseclassic.com


"မင်းခိုင်းတာငါကလုပ်ရမှာလား..ဖယ် ရှေ့က.."

"ကိုကိုကလေ..ကိုကိုမူးနေတာပဲကောင်းတယ်.."

ရှင်ခေါင်းကိုစုံကုတ်သည်။ ခြေဆောင့်ပြီးလည်းငိုမလိုဖြစ်သေး၏။ ...င်းမျက်နှာပြုံးယောင်သမ်းသွားသည်။ သို့သော် မျက်မှောင်ကုတ်ထား ...ကဲ်ရင်း.. ।

"ဘာလဲ..အရက်သွားဝယ်ပေးဦးမလို့လား.."

"အံမယ်..ဘာလို့ဝယ်ပေးရမှာလဲ၊ ကိုကိုနော်..ရှင်အရက်သမားဆို ...ရမ်းရွံတာ.."

"ဟွန်း.."

လင်းကရယ်လိုက်ပြီး သူမမျက်နှာကိုစေ့စေ့ကြည့်၍.. ।

"သိပြီ..နောက်ဆိုနေ့တိုင်း သောက်မယ်.."

"ဘယ်လို.."

မီးပွားတစ်စဘယ်လိုအရှိန်နဲ့ လွင့်စင်သွားသည်မသိ။ လင်း သူ့ ...သာခုတင်ဆီပြန်လှည့်သွားတာ လှဲအိပ်လိုက်တာအားလုံးကို မတ်တပ် ...းကနေ ရှင်လိုက်ငေးနေရင်း ရင်ထဲကနာကျင်မှုကို ဖြည်ထုတ်ဖို့ကြိုး ...းနေမိသည်။

နင့်ပုံစံဒီလိုမဟုတ်ပါဘူး..။ ဘာလို့အကြီးကြီးခံစားနေတာလဲရှင် ...ထား..။ နင့်ဘဝမှာ နင်လိုချင်တာရဖို့ အမိကဆို..ကျေနပ်လိုက်စမ်း..

ဟင့်အင်း.. ।

မျက်ရည်တစ်စက်လိမ့်ခနဲကြွေဆင်းသွားသည်။ ဝမ်းနည်းလာတိုင်း ...ဆဲကဖြေသိမ့်မှုတွေက ဒီတိုင်းပဲပြောနေခဲ့သည်။ ကိုယ့်ရင်ထဲကိုလည်း ...ခလည်နိုင်တော့ပေ။ ကြာလာတော့ ရင်ထဲကဖြေရှင်းမှုတွေကိုပါ နာ ...ည်းလာခဲ့တဲ့အထိ.. ।

တကယ်တော့ သူမလိုချင်တာ ဘာတစ်ခုမှမရခဲ့ပါလား.. ।

www.burmeseclassic.com


အခန်း(၄၇)

"လူကြီးကအစည်းအဝေးခေါ်တယ်ဆို..ရှင်လည်းလိုက်မယ်.."

"မင်းနဲ့ပတ်သက်တဲ့ကိစ္စမှမဟုတ်တာ..ဘာလိုက်လုပ်မှာလဲ.."

ပြောလိုက်တော့ ရှင်ဘာတစ်ခွန်းမှထပ်မပြောဘဲ ကျန်ရစ်ခဲ့သ ဒါပေမယ့် သူ့ဒါကိုပဲတွေးမိနေကာ.. ။

"ထိုင်လေလင်းရောင်..ဘာလဲ ဘာဖြစ်ကျန်ခဲ့လို့လဲ.."

ကိုယ့်အတွက်ပြင်ထားသည့်ထိုင်ခုံရှေ့မှာ မထိုင်ဘဲရပ်နေမိပြီး ကြီးဦးကြာခိုင်ပြောတော့ မျက်နှာပူသွားမိသည်။ ထိုစဉ် သမုနဲ့ကျော အုပ်ဆရာကြီးရော ဆရာမနှစ်ယောက်သုံးယောက်ဝင်လာကြကာ..

"လာပါ..လာပါ၊ ဆရာကြီးတို့အတွက် ဒီဘက်မှာပါ.."

ကျောင်းချိန်ထဲမှာမို့ သမုတို့ကကျောင်းစိမ်းဝတ်စုံတွေနဲ့ဖြစ်ကာ ထဲကအတော်အသင့်ပြေလည်သည့်လူတွေ လုပ်ငန်းရှင်တွေလည်း သည်။ သို့သော် ဆရာအတွက်ပြင်ထားသည့်ဘက်မှာ ထိုင်ခုံက လျှင်.. ။

"ဟော့..ထိုင်ခုံတစ်လုံးမြန်မြန်ယူခဲ့ပါဟ..ဒီမှာဆရာတစ်ယော

"ရတယ်ဦးကြာ..မမှာနဲ့တော့၊ ဟိုမှာခုံတစ်လုံးပိုနေတာပဲ.."

ခုံအလွတ်သည် လင်းရဲ့ဘေးမှာဖြစ်ကာ လင်းကလည်းခုံကိုဆွဲ ပြီး လက်ဆင့်ကမ်းဖို့ဖြစ်သည်။ သို့သော်.. ။

"ဩော်..လူတွေပေါ်ကကျော်ခွယူမနေပါနဲ့၊ညီမရာမအဲ့ဒီဘေး သွားထိုင်လိုက်ပါ..ဘာဖြစ်လဲ ကိုယ့်လူတွေချည်းပဲ.."

လင်းနဲ့သမုမျက်လုံးချင်း ဆုံသွားသည်။ သင်းသန္တာဖော်ရွေ အပြုံးတို့နှင့်.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ..သွားလိုက်ပါ၊ စကားလေးဘာလေးပြောရတာပေါ့.."
အစည်းဝေးလုပ်မယ့်လူကြီး အိမ်ရှေ့ကုက္ကိုရိပ်မှာ ပင်စည်ပါထည့် ါင်မိုးမိုးထားသော်လည်း ဘေးအကာအကွယ်ဘာမှမရှိပေ။ ထို့ င့် လမ်းပေါ်ကလည်းမြင်နိုင်၏။ ထိုအချိန်လမ်းပေါ်မှာ စက်ဘီးတစ် ်ရှိနေသူက အောင်ပိုင်ဖြစ်ရာ.. ၊

"ဟား.."

သွားကြီးအဖြီးသားနှင့် 'ဟား'တစ်လုံးကို သူ့မျက်နှာကိုလှမ်းကြည့်မိ ုတိုင်း ကြားကြမှာပင်။ သမုကလင်းရဲ့ဘေးကို ရောက်နေပြီဖြစ်ကာ ာဆံပင်တွေကို နောက်မှာဆံထုံးပုံစံဖွဖွလုလုလေး သိမ်းလိပ်တင် ာ သဇင်သုံးခက်ကိုဆင့်ပန်ထား၏။ အောင်ပိုင်ကိုမြင်လိုက်သဖြင့် ိတ်ရှုပ်သွားပေမယ့် သူမကတော့ သတိထားမိပုံမပေါ်.. ၊

အစည်းအဝေးခေါ်ရခြင်းသည် လင်းကမီးစက်အလှူရှင်ဖြစ်ကာ ရွာ ိုမီးသွယ်ရေးကိစ္စအဝဝအတွက် ရွာထဲကပြည့်စုံပြေလည်သူတွေနှင့် ွေးဆုံးဖြတ်ရန်ဖြစ်သည်။ လင်းကတော့ ရွာကိုမီးရအောင်သူတတ် ာလောက် ကူညီပြီးပြီမို့ ကျန်တာရွာကလူတွေဆွေးနွေးကြဖို့သာ..၊

"ကျွန်တော့်အနေနဲ့ကိုယ့်ရွာကို အလင်းရောင်ရစေချင်တာပါပဲ..လော ဆယ်လျှပ်စစ်မီးမရမီဆိုပေမယ့် မီးရရင်လည်းမီးစက်ကလွှတ်လို့ရ မဟုတ်ဘူး၊ အဲ့ဒီတော့ဒီကိစ္စကို လတ်တလောဖြေရှင်းရုံပဲလို့တော့ ှတ်လို့မရဘူး..ရေရှည်အတွက်အစီအစဉ်ဆွဲထားရမယ်၊ မရှိတဲ့လူ ာလည်း ဒါကပိုက်ဆံရှိတဲ့လူတွေ လုပ်ကြမှာဆိုပြီးနေလို့မရသလို င်းရဲတဲ့လူတွေကို ကျွန်တော်တို့ကကပ်တွက်နေလို့လည်းမရဘူး.. ာက ရပ်ရွာညီညွတ်မှတိုးတက်မှာ.."

လင်းကတိုတိုပဲပြောကာ ဆရာတော်ကြီးက သူ့ကျောင်းဝင်းကျယ် ဲ့ဆောင့်မှာ မိုးလုံလေလုံဆောက်ပြီးမီးစက်ကို တာဝန်ယူဖို့သဘော ည်။

"ဒါကောင်းတယ်ဘုရား..အရှင်ဘုရားကိုပိုက်ဆံအပ်ရမယ်ဆိုမှ မီး ာတွက်ဆီဖိုးကိုထုတ်ကြမှာ၊ ဦးစီးမှာတော့ တပည့်တော်ပါပဲဘုရား.."
လူကြီးတွေ ပြောဆိုဆွေးနွေးနေစဉ် သမုကလင်းကိုငဲ့ကြည့်ကာ..၊

"ကိုကိုလင်းက လူကြီးတန်းမဟုတ်သေးပေမယ့် အရှေ့ရင့်ကျက် နော်..ပြီးတော့စီးပွားရေးမှာလည်း အောင်မြင်နေသားနဲ့ လျှို့ထား

www.burmeseclassic.com

www.burmeseclassic.com



တယ်.."

"ဘာကိုလဲ.."

"တွေ့လား...ကိုကိုလင်းနဲ့ ဟက်ကာတင်ထွန်းဆိုတဲ့လူတွေအဖွဲ့
နိုင်ငံခြားကုမ္ပဏီကြီးတစ်ခုနဲ့ချိတ်ပြီး အလုပ်လုပ်နေတာရယ်၊ တ
တည်းဘဏ်သုံးခုဖောက်ခံရတဲ့သတင်း ပြီးခဲ့တဲ့နှစ်က နိုင်ငံခြားသတ
ဖတ်လိုက်ရသားပဲ..အဲ့ထဲမှာဟက်ကာတွေလက်မှိုင်ချပြီး ဘာမှရမသ
ဘဏ်က အဲ့ကုမ္ပဏီကြီးကိုဂုဏ်ပြုတော့ ကိုကိုလင်းတို့ကထိပ်ဆုံးက
အဲ့ဒါပဲပတ်သက်ပြီး နောက်ဆက်တွဲအကျိုးဆက်တွေက ကိုကိုလင်းအ
ချမ်းသာနေပြီဆိုတာပဲ.."

"မင်းတော်တော်သိတာပဲ.."

"အဟွန်း.."

သမုက ပန်းတွေကိုကိုင်သလိုလို ဆံပင်ကိုင်သလိုလိုနှင့် ခေါင်
ငုံ့၍ရယ်သည်။

"အဲ့ဒါတို့ဆရာလုပ်တာပါ..တို့က.."

"လျှို့ပြန်ပြီကိုကိုလင်းရယ်..အဲ့ဒီဆရာကြီးကလည်း ကိုကိုလင်
လိုတော်တယ်ဆိုတာ.."

စကားပြောနေတုန်းရယ်သံတွေ အုန်းခနဲထွက်လာသဖြင့် စ
နေတဲ့ဆီပြန်ကြည့်မိကြ၏။

"ကောင်းတယ်..ကောင်းတယ်၊ ဒေါ်ဒေါင်းစိန်ကိုအဲ့လိုပညာအ
မဟုတ်ရင်အဲ့အဘွားကြီးက တကယ့်ကော်တစ်ရာ.."

ဘာတွေပြောကြမှန်းမသိဘဲ စကားဝိုင်းထဲလည်းဝင်မပါလို
အစည်းအဝေးပြီးတော့ သူနဲ့သမုပဲထိုနေရာမှာကျန်နေခဲ့ကြကာ..

"မင်းကျောင်းပြန်တက်ရမှာမို့လို့လား.."

"ရတယ်..သမုကလုပ်အားပေးဆိုတော့ အတန်းပိုင်မရှိသေး
လောလောဆယ်ထိန်းပေးရုံပဲ..ကိုကိုလင်းက သမုနဲ့စကားမပြော
လားဟင်၊ ဒါမှမဟုတ် အားများမအားလို့လား.."

"တစ်ခုမှမဟုတ်ဘူး.."

"ဒါဆိုရင်တော့ ရှင်ထိပ်ထားကြောင့်ပေါ့.."

မရှင်လို့ခေါ်နေတာသိထားသဖြင့် ရှင်ထိပ်ထားလို့ခေါ်လို
တစ်ချက်တော့ပြန်ကြည့်မိသည်။ သမုကလည်းသိသည်။ ထို့ကြေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုသမုက ဒီလိုပုံစံနဲ့မမရှင်လို့ခေါ်နေရင် ဘေးလူတွေကဘာ ...င့်လဲလို့ မေးကြမှာလေ.."

လင်းကစိုက်ကြည့်နေ၏။ သမုကမျက်လွှာပင့်မကြည့်ဘဲ အစည်းအ ...သူတွေအတွက် ခင်းကျင်းကျွေးမွေးထားသည့် လက်ဖက်သုပ်နဲ့ ...ကြမ်းတို့ကို ဘေးရွှေ့လိုက်ကာ သူမလက်ထဲမှာတကိုင်ကိုင်လုပ်နေ ...ည့် ပလပ်စတစ်ဘူးလေးကိုဖွင့်လိုက်ကာ.. ၊

"ကိုကိုလင်းအတွက် တမင်ထည့်ယူလာတာ..ဒါတော့စားရမယ်နော်၊ ...ထဲကပုတ်ချမယ့်သူလည်း မရှိပါဘူး.."

ခုန်လာဥနီကိုအမျှင်လေးတွေ ခြစ်ချပြီးမြေပဲဆံလေးနဲ့ သုတ်ထား ...ဖြစ်ကာ ဘူးကိုဖွင့်လိုက်တည်းက မွှေးနေတော့သည်။

"ဒီအစည်းအဝေးက ကိုကိုလင်းရဲ့ပွဲလေ..ကိုကိုလင်းလာမှာပဲဆိုတာ ...ဲ့ သုပ်လာခဲ့တာ၊ ခုလိုအတူတူထိုင်ခွင့်ရမယ်လို့တော့ မထင်ခဲ့ဘူး ..."

ပြောနေရင်း ရေနွေးကြမ်းပန်းကန်လုံးကို ရေနွေးငှဲ့ထည့်ပြီး သေချာ ...သည်။ လက်ညှိုးသွယ်သွယ်လေးထည့်ပြီး သေချာပွတ်သပ်ဆေးပြီး ...ပ်ကျပ်ပြီး ရေနွေးထည့်ကာ.. ၊

"စားလေကိုကိုလင်း..ရေနွေးပူပူလေးလည်းသောက်.."

"ကျေးဇူး.."

လင်းထိုင်နေရတာ စိတ်ထဲမှာတစ်မျိုးဖြစ်နေမိသည်။ လမ်းဘေးလူ ...ချင်မှာပေမယ့် သူမနဲ့ရှင်နဲ့ပြဿနာတတ်ထားတာကို မသိတဲ့သူ ...ရှိ၊ ပြီးတော့ လူတော်တော်များများက သူမနဲ့ကိုယ့်ကိုရည်စား ...င်းတွေလို့တောင် ထင်နေကြသေးသည်။ သင့်တော်ရဲ့လား..

"ဟေး..ကိုလင်းမပြန်သေးဘူးလား၊ လာလေ..လိုက်ပို့ပေးမယ်.."

ရွာထဲက အအေးဆိုင်ပိုင်ရှင်ဦးမိုးက ဆိုင်ကယ်လ်ရပ်ပြီးလှမ်းခေါ် ...ျင်.. ၊

"အဲ..ဟုတ်ကဲ့.."

"ကိုကိုလင်းကလည်း သမုကစကားပြောကြမယ်ဆိုပြီးနေခဲ့တာ.."

အတူတူထရပ်လိုက်ပေမယ့် သမုကမျက်နှာမကောင်း...ဆိုရင်း.. ၊

"ဟုတ်ပါပြီ..ရော့၊ ဒါလေးတော့ ယူသွားနော်.."

www.burmeseclassic.com

www.burmeseclassic.com



ဘူးကိုလက်ထဲထည့်ပေးတော့ ငုံ့ကြည့်ပြီးလင်းဘာလုပ်ရမှန်း... ဖြစ်ရပြီဆို ဒီအစားအသောက်ပေးလို့ ဖြစ်ရသည်ချည်းသာ.. ။

"စားစေချင်လို့ဟာ..ယူသွားပါကိုကိုလင်းရယ်၊ ကိုကိုလင်းမိန်း... မျိုးထင်မှာစိုးရင် တစ်ယောက်ယောက်ကပေးတယ်လို့ ပြောလိုက်...

လင်းကယူလိုက်ပြီးမှ သမုကိုငဲ့ကြည့်ကာ.. ။

"ယူသွားပါ့မယ်..ဒါပေမယ့် မင်းကိုရှင်ကစော်ကားရင်လည်း... ကောင်းဘူး၊ တို့ကလည်းညာစရာမဟုတ်တာကို ညာနေမှာမဟုတ်... လေ..နောက်ဆိုရင်တော့ တို့စားဖို့သောက်ဖို့အတွက်နဲ့ မင်းတကူး... တွေ လုပ်မနေပါနဲ့.."

သမုမျက်နှာလေး သိသာစွာဆွေးသွားသည်။ သူ့မျက်နှာလွှဲ၍ ... စောင့်နေသည့်ဆီလှည့်လာခဲ့လျှင်.. ။

"ကိုကိုလင်း.."

သမုက သူ့နားထိလျှောက်လာသည်။ အရပ်မြင့်၍ကိုယ်လုံးလု... သမုရဲ့လျှောက်လှမ်းလာပုံက ကဗျာတစ်ပုဒ်ဖြစ်သွားနိုင်သည်။ ဒါကြော... ပဲ သူလည်းဟိုအရင်တည်းက သမုကိုရင်းနှီးကူညီနေရင်း ပတ်ဝန်း... ကို သတိရလာခဲ့တာဖြစ်သည်။ သမုကမြင်တဲ့သူတိုင်း သတိထားမိအော... ဆွဲဆောင်မှုရှိသည့်ကိုယ်ဟန် အလှပိုင်ရှင်ဖြစ်ရာ.. ။

"ရင်းနှီးတဲ့သူငယ်ချင်းတွေက ကိုကိုလင်းနဲ့သမုချစ်နေကြပြီလို့... ပြီး ဘယ်တော့လက်ထပ်ကြမှာလဲလို့ စနေကြတာ.."

လင်းအံ့ဩသွားပြီး သူမဆက်ပြောလာမှာကို နားထောင်နေမိသ... သမုပါးပြင်လေးတွေက မှုန်နံ့သာအောက်မှာပဲ ပန်းနုရောင်လေးပြေး... လာသည်။ ပြီးတော့ မျက်တောင်ဖျားလေးတွေ ခပ်စိုက်စိုက်ချထားရင်...

"သမုက သမုဘာမှမဖြေရှင်းခဲ့တော့ ကိုကိုလင်းနဲ့ရှင်နဲ့လက်... သွားတယ်ဆို သမုရှက်လွန်းလို့ဘဝပျက်မတတ်ပဲ.."

သူမဘယ်လိုသဘောနဲ့ ဒါတွေပြောပြနေတာလဲ..။ လင်းဘာမှ... ဘဲ ငြိမ်သက်နေဆဲရှိကာ သမုကလည်းမျက်နှာလေး ငုံ့နေလျက်န...

"တကယ်တော့ သမုအပြစ်ပါပဲ..ဒါကြောင့် ကိုကိုလင်းလ... လိုက်တာနဲ့ သမုလည်းရွာကိုတန်းထွက်လာခဲ့တာ၊ ဒါပေမယ့် ...ဖြ... ဒီမှာ သမုတို့ထပ်ဆုံကြတာလဲ.."

သူ့မျက်နှာ မရဲတရဲလေးမော့လာကာ.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် သမုဆုံခွင့်မရရင်တောင် ကြုံရင်တော့ခေါ်လို့ရတယ် ဒီသား..ရှင်ထိပ်ထားနဲ့ကိုကိုလင်း ဘာမှမပတ်သက်ခဲ့ပေမယ့် သမုနဲ့ကို ကိုလင်းက ဟိုအရင်တည်းက.."

"ခဏလေး.."

သူလက်ကာရင်း စောင့်နေသည့်ဦးမိုးကိုသွားတော့ဖို့ လက်ပြလိုက် သည်။ ဦးမိုးကလည်း အကြာကြီးစောင့်နေပြီးမှ ဒီတိုင်းထွက်သွားရတော့ သြသလို သမင်လည်ပြန်ကြည့်သွားသေးသည်။ သမုကတော့ သူမအ တွက်အချိန်ယူလိုက်သည့်အဖြစ်ကို ကျေနပ်သွားကာနှုတ်ခမ်းမှာ အပြုံး လေးတစ်စ တင်လာခဲ့လျက်.. ။

"သမုပြောတာက ကိုကိုလင်းရှိတဲ့နေရာ သမုလာတာ..ကိုကိုလင်းအ တွက် စားစရာလာပေးတာ အဲ့ဒါတွေအတွက်တော့ သမုဘက်ကကိုကို လင်းရပ်တည်သင့်ပါတယ်၊ သမုတို့ရင်းနှီးခဲ့တဲ့သံယောဇဉ်တွေကို ရှင်ထိပ် ထားမသိပေမယ့်.."

"လင်နဲ့မယားပတ်သက်ကြတဲ့ ချစ်ခြင်းမေတ္တာနဲ့ယှဉ်ရင် လူသား ချင်းဖြစ်တတ်ကြတဲ့ သံယောဇဉ်ဆိုတာဘာမှမဟုတ်သေးဘူးသမု.."

"ချစ်ခြင်းမေတ္တာတွေနဲ့ပြောရအောင် ကိုကိုလင်းကသူ့ကို ချစ်လို့ လက်ထပ်ခဲ့တာမှမဟုတ်ဘဲ.."

"ဘယ်လို.."

"တိ..တိ.."

နောက်ထပ်ဆိုင်ကယ်လ်တစ်စီးထပ်ရောက်လာတော့ မခိုင်နဲ့ရှင်ထိပ် ထားဖြစ်နေကာ လင်းထိပ်ခနဲဖြစ်သွားသည်။ ရှင်ကပိတောက်ခြောက် ရောင်တီရှပ်လေးနှင့် ဘောင်းဘီရှည်ပွပွလေးကိုဝတ်ထားသည်။ မခိုင်ဆိုင် ကယ်လ်ရပ်လိုက်တာနှင့် ရှင်တို့သူတို့ရှိရာကို ဘောက်ဆတ်ဆတ်လေး လျှောက်လာပြီး.. ။

"အစည်းအဝေးပြီးနေပြီမို့လား..ကြာလို့ရှင်လိုက်လာတာ.."

ဘေးလူတွေလှမ်းကြည့်နေကြသဖြင့် ရှင်ကရင်ဘက်လေးမောက် ထက်သွားအောင် ပင့်သက်ရှိုက်၍ ကိုယ့်စိတ်ကိုထိန်း၏။ ပြီးတော့မှ လင်း ကိုင်ထားသည့်ဘူးလေးကို ဖျတ်ခနဲကြည့်ကာ.. ။

"နင်ငါ့ယောကျ်ားကို တစ်ခုခုမှမကျွေးရရင် လဲသေသွားမလားပဲ.. အိပ်တောင်မသက်တော့ဘူး၊ ဘာကြောင့်လဲ..ဆေးတွေဘာတွေခတ်ဖို့

www.burmeseclassic.com

www.burmeseclassic.com


များကြိုးစားနေတာလား..”

“တော်တော်သိနေတာပဲ..ဒါဆိုကိုကိုလင်းကို ရှင်အဲ့လိုနည်းနဲ့
အောင်ယူခဲ့တာလားလို့ ကျွန်မကမေးရင်ရော..”

“ဘာပြောတယ်..”

ရှင်ထိန်းချုပ်ဖို့ မေ့သွားခဲ့သည်။ စိတ်ရှိသလောက်အော်ပစ်မိရင်
သမုန့်လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲလိုက်လျှင်.. ။

“မင်းတော်တော့..”

လင်းမျက်နှာတစ်ပြင်လုံး နီရဲနေကာ ရှင့်လက်ကိုဆောင့်ဆွဲဖြု
လိုက်ပြီး.. ။

“မင်းငါ့ကိုအမြဲတမ်း ပြဿနာရှာတယ်..လာ ပြန်မယ်..”

“သူပြောတာကိုကိုမကြားဘူးလား..အိစိအိစိနဲ့ ကြိတ်ကြဲနေတာ..”

“ရှင်ထိပ်ထား..”

လင်းရဲ့အသံကြောင့် ဒေါ်သအတိုင်းအတာကို သတိထားမိသည်။
ဒါပေမယ့် ကိုယ်ခံလိုက်ရတာကို မကျေနပ်နိုင်။ ပြီးတော့ လင်းကိုင်ထာ
ဆဲဟင်းဘူးကို ဆတ်ခနဲဆွဲယူပြီး လွှင့်ပစ်လိုက်ကာ.. ။

“သွား..အဲ့ဒီမှာ နင့်ဟာတွေနဲ့မျောရင်ပြန်လိုက်ကောက်သွား၊ နော
ထပ် ဘယ်နှစ်ကြိမ်မြောက်ကြိုးစားဦးမလဲ..လက်စွမ်းရှိသမျှချက်၊ မျ
နှာပြောင်ပြောင်နဲ့လာပို့..နင့်ဟာတွေကိုငါ့ယောကျ်ားဘယ်တော့မှမစားဖေ
ရဘူး၊ မယုံရင်စမ်းကြည့်လိုက်..”

ပတ်ဝန်းကျင်တစ်ခုလုံး လူတွေအုန်းအုန်းထသွားသည်။ အစည်းအ
ဝေးပြီးသွားပေမယ့် လူတချို့က မပြန်ကြသေးဘဲ လူကြီးဦးကြာခိုင်အိမ်
ထဲမှာပဲရှိနေကြသေးတာမို့ အိမ်ထဲကနေအပြုံလိုက် ထွက်ကြည့်ကြတာ
တအံ့တဩ.. ။

“သွားပြန်တော့..မခိုင်ပြန်ခေါ်သွားဗျာ..”

“အို..မပြန်ပါဘူး၊ ကိုကိုမနေခဲ့ရဘူး..”

“ကဲပါဟယ်..ငါဒေါ်တုတ်ဆီဝင်စရာရှိပါသေးတယ်၊ ဆိုင်ကယ်
ယူသွားကြ..မင်းလည်းပြန်လိုက်တော့..”

လင်းကလူသတ်ချင်လောက်အောင်ဖြစ်နေသည့် ဒေါ်သမျက်ဝန်း
တွေနှင့် စူးစူးရဲရဲကြည့်သည်။ ရှင်ကနှုတ်ခမ်းလေးစူထားပေမယ့် မျက်လု
ချနေတာ ကလေးဆိုးလေးအတိုင်း.. ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သွားကြလေ.."

နှစ်ယောက်ကိုကြည့်၍ မခိုင်ရင်လေးစွာသက်ပြင်းချသည်။ လင်းက ခိုင်ကယ်လ်ပေါ်ခွထိုင်လိုက်သည်နှင့် ရှင်ကနောက်ကလိုက်ထိုင်ကာ ခါး ကိုဖက်ထားလိုက်၏။ သို့သော်.. ၊

"ဝေါ.."

"အမေ့.."

ရှင်လန့်ဖျန့်ကာ လင်းရဲ့ခါးကိုသေလုမျောပါး ကျုံးဖက်ထလိုက်ရ သည်။

"ဟား ဟား ဟား.."

မုန့်လင်မယားဆိုင်လေးရှေ့မှာ ရပ်နေသည့်အောင်ပိုင်က အသံပြ ကြီးနှင့် ရယ်ချလိုက်ကာ.. ၊

"ဘာမှမဟုတ်ဘူး..ကိုလင်းညဏ်များတာ၊ ဘာလို့လဲသိလား.."

"သိတယ်..မိန်းမကနာနာဖက်အောင်လို့.."

"ခစ် ခစ် ခစ်.."

"ဟား ဟား ဟား.."

"တကယ်ပဲဗျာ..ကိုလင်းကတော့ မိန်းမကိုမချစ်သလိုလို ဂရုမစိုက် သလိုလိုနဲ့ ပြီးကျတော့..အဲ.."

လူတွေအားလုံး ပြုံးနိုင်ရယ်နိုင်ဖြစ်ကုန်ကြကာ လွတ်လပ်စွာရယ်မော နေနောက်နေကြ၏။ ထိုအချိန်မှာ ထွက်သွားပြီးမှပြန်ငဲ့ကြည့်လိုက်သည့် ခုကိုသတိထားမိလိုက်သဖြင့် အောင်ပိုင့်ပါးစပ်ပြဲကြီးက ဟိုမရောက် ဒီမရောက်တိုးလိုးတစ်လစ်နှင့် ရယ်သံသည်တိခနဲ.. ၊

www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၄၈)

"ရှင်ထိပ်ထား..မင်းဘာဖြစ်ချင်တာလဲ ပြော.."

"အဲ့ဒါသမုဆိုတဲ့မိန်းမကို ကိုကိုမေးရမှာ..သူဘာဖြစ်ချင်နေတာ အဲ့ဒီဟင်းတစ်မျိုးမျိုးမှ ကိုကို့ကိုကျွေးခွင့်မရရင် ထမိခြုံပြီးစကြာဝဠာ ခေါင်းနဲ့တက်ဆောင့်သေတော့မလား.."

"မင်း.."

"ရှင်လေးရယ်..ပြဿနာဖြစ်လာရင်တော့.."

"အန်တီကြီးပဲစဉ်းစားကြည့်..သူလာရင်ဟင်းဘူးလေးနဲ့၊ ရှင်ဘာ မချက်ပြုတ်တတ်ဘူးဆိုတာကို ဖော်ပြချင်တာလား..ကိုကို့ကိုကျွေးနေ မို့ ဒီအချိန်ရောက်တိုင်း ကျွေးကိုကျွေးချင်နေတာလား.."

"ဟော့.."

"ရှင်ပြောတာမဖြစ်နိုင်တာ ဘာမှမပါဘူးကိုကို..အဲ့ဒီလိုပဲတွေး ဖြစ်လာကာ.."

သူမေးလိုက်တာ ဝါကျတစ်ကြောင်းတည်းပါ။ ရှင်ပြောနေ ဘယ်သူ့စကားမှ တိုးမပေါက်တော့အောင် စက်သေနတ်ပစ်တဲ့အတိုင်း

"အစည်းအဝေးလုပ်တဲ့နေရာထိ ဟင်းဘူးယူလာတာ အန်တီ ကြည့်လေ..မမခိုင်လည်းမြင်တာပဲ.."

မခိုင်လည်းတကယ်မြင်ခဲ့တာမို့ ဒရောသောပါးခေါင်းညိတ်လို သည်။ သမုမေးလိုက်သည့်မေးခွန်းအတွက် ဘာမှမချေပနိုင်ခဲ့သည် ကို တနုံ့နုံ့ရှိနေကာ.. ၊

"သူဘာဖြစ်လို့ ကိုကို့ကိုပဲလိုက်ဂရုစိုက်နေတာလဲ..ကော်မှတ် စာရွက်ဆိုတာလည်း သူတို့ပြောလို့ရှင်သိရတာ၊ အဲ့ဒါလည်းပြီးခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးထားလိုက်သေးတယ်..သူပဲမပြီးနိုင်ဘဲမိတ္တူတွေဘာတွေရှိသေးဆိုပြီး..”

“ရှင်..မင်းတော်တော့လို့ငါပြောနေတယ်နော်..”

“ကိုကိုရှင့်ကိုပဲ အော်မနေပါနဲ့..အဲ့ဒီမိန်းမရှေ့မှာ ရှင့်ကို ကိုကိုဆူတာ အရမ်းမုန်းတယ်သိလား..”

“မင်းလုပ်ပုံတွေကတော့ ချစ်စရာကောင်းနေသလား..”

“ချစ်စရာကောင်းအောင်လုပ်နေတော့ရော ကိုကိုကချစ်မှာမို့လို့လား.. သိတယ် ကိုကိုသူ့ရှေ့မှာ ရှင့်ကိုမချစ်ဘဲယူခဲ့ရတာတွေ ပြောပြောပြီး..”

“ဟော့..မင်းတိတ်စမ်း..”

“ကိုကိုနော်..”

“ဟဲ့..ကလေးတွေ၊ဩော်..လက်ပါခြေပါတွေမလုပ်ကြနဲ့နော်..လာ မိခိုင်၊ ငါတို့သွားမှလင်မယားဖြစ်တာကြားလူရှိရင် ပိုဆိုးတတ်တယ်” ဒေါ်စန်းရီက မခိုင်လက်ကိုဆွဲ၍ တကယ်ထွက်သည်။

“အမေရယ်..ရှင့်ကို ကိုလင်းက ဆွဲချုပ်ပြီးပါးစပ်ပိတ်ထားတာ..”

“အောင်မလေး..ကျုပ်သိပါတယ်အေ၊ ဒီကောင်မလေးကိုလား..လင်း သထွက်သလောက်သာရိုက်နေရင် ခုလောက်ဆို တစ်ကိုယ်လုံးဒဏ် တွေ အပ်ချစရာတောင်ရှိမှာမဟုတ်ဘူး..ပူမနေနဲ့၊ လက်မပါတတ်တဲ့ ကျားတွေက အဲ့လိုတရှယ်ရှယ်တကြိမ်းကြိမ်းနဲ့ပဲ..ပြီးတော့ ဘာမှမ ဘူး၊ မိန်းမကလက်မြန်ရင် သူတို့တောင်ပြန်ခံရဦးမယ်..”

မခိုင်ကတော့ လက်ဆွဲခေါ်လို့သာပြန်လိုက်သွားရသည် ရှင့်ကိုစိတ်မ ၊ ဒီကောင်မလေး ကလေးဆန်ပေမယ့် ချစ်စရာလေးပါ။ အသားအ သေးတွေ နုနယ်လိုက်တာတည်းဝင်းမွတ်ရှိန်းမြနေတာ ရိုက်ဖို့မပြောနဲ့ ကြိမ်းကြိမ်းဖိဆုပ်ထားရင်တောင် သွေးခြည်ဥသွားနိုင်သေးသည်။

လင်းကတော့ သူချည်းပဲဒေါသများကို ပြန်မျိုချနေကျအတိုင်း.. ၊

“မင်းနောက်တစ်ခါ ဒါမျိုးလုပ်ကြည့်..”

“ကိုကိုတို့လည်း နေတတ်အောင်နေလေ..”

ပါးစပ်ပိတ်ခံလိုက်ရသဖြင့် သူမကနှုတ်ခမ်းကို လက်တွေနဲ့ဘယ်ပြန် ပြန်ပွတ်သပ်ခါနေကာ မျက်ရည်လေးတွေလည်း ဝေ့နေခဲ့လျက်..၊

“ရှင့်ကိုသူပြောလိုက်တာ ကိုကိုကြားလား..”

“ကြားတယ်..ငါကြားမှန်းမင်းလည်းသိတာပဲ၊ ဘာဖြစ်လို့ပူတွေရှေ့ ဒါဝဲထပ်ခါထပ်ခါပြောနေတာလဲ..ဘယ်သူ့မှာဂုဏ်သိက္ခာရှိသွားသ

www.burmeseclassic.com

www.burmeseclassic.com



လဲ..”

“ကိုကို့မှာရှိတယ်ထင်တာပဲ..”

ရှင်က မျက်ရည်မကျအောင်မျက်နှာလေးမော့ထားပြီး အံကြိတ်

“ကိုကိုသူနဲ့လွဲခဲ့ရလို့ အရမ်းကိုခံစားနေရရင်လည်းနှစ်ယောက်
သွားတွေ့ပြီး လွမ်းမနေကြနဲ့..”

“အဲ့ဒီတော့ မင်းကခေါင်းလောင်းထိုးလှူမလို့လား..”

“ဘာလို့လှူရမှာလဲ..”

ရှင်က ပက်ခနဲပြန်အော်သည်။

“သတ္တိရှိရင် ရှင်ရှေ့မှာလာလွမ်းကြလေ..အဲ့ဒီမိန်းမနောက်
ကွက်ကွက်စရာ ပါးမရှိဖြစ်မသွားရင် ကြိုက်သလိုပြော..”

ဒေါသထွက်ရမလို ရယ်ရမလိုနှင့် လင်းကျွတ်ခနဲဖြစ်သွားမိ
ရှင်ကမပြီးနိုင်.. ။

“အဲ့လိုလာလုတာမျိုးများ ရှင်ထိပ်ထားတို့အလှော့ပေးလိုက်တ
ရင် ကမ္ဘာကြီးပြောင်းပြန်လည်သွားဦးမယ်..ဟွန်း..”

“မင်းတတ်တာဒါပဲ..နေရာတကာအနိုင်ရတိုင်း တော်နေတ
မထင်နဲ့..”

လင်းက ရှင့်မျက်နှာကို စူးစိုက်ကြည့်လိုက်ရင်း.. ။

“မှတ်ထား..လောကမှာကိုယ့်ကိုယ်ကို သိလှတတ်လှပြီလို့ထင်
လူက ဉာဏ်အနည်းဆုံးပဲ၊ တစ်နည်းပြောရရင် အဲ့ဒါလူစင်မမီတဲ့
ဒီလိုလူက မင်းဖြစ်နေမလားပဲတွေး..”

ရှင်‘ဟင်’ခနဲဖြစ်ကျန်ခဲ့သည်။ ‘မင်းတတ်တာဒါပဲ’တဲ့။ ပြောရက်
တာကိုကိုရယ်.. ။

မျက်ရည်သည် အပူပေးခံလိုက်ရသည့်ဖယောင်းတုံးလို စိုစိုစွတ်
ဖြစ်လာသည့်ခဏမှာပဲ တပေါက်ပေါက်လိမ့်ဆင်းကျလာခဲ့၏။

‘ကိုယ်ချစ်တဲ့သူကပြောရင် ပိုပြီးနာကျင်ရတယ်’တဲ့၊ လင်းရဲ့နှ
က ရက်စက်ရင့်သီးသောစကားလုံးတိုင်းဟာ သူမရင်ကို အဆိပ်
တွေ ပစ်စိုက်နေသလိုပင်။ ဘယ်လိုလူ..ဘယ်လိုလက်နက်ကို
ကြောက်ပေမယ့် ကိုကိုရဲ့ရက်စက်မှုတွေကိုရခဲ့တိုင်း အချိတ်ိုင်း
သည်သာ အလဲလဲအကွဲကွဲ.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄၉)

"ကိုကိုမသွားရဘူးနော်.."

"..........."

"ရှင်ဘာတွေကြိုးစားလုပ်နေနေ ကိုကိုဘယ်တော့မှအကောင်းမပြော

"........... ......"

"ဟိုမိန်းမချက်တာကို စားခွင့်မရလို့ကိုကိုရှင့်ကိုမဲနေတာ.."

ရှင်ကအော်ဟစ်နေရင်း ရှိုက်ကြီးတငင်ငိုချလိုက်သည်။ လင်းမျက်တွေ ဖျတ်ခနဲပွင့်သွား၏။ ကားဂိုတ်ဝင်းထဲမှာ ကလေးချင်းရန်ဖြစ်ပြီး အော်သံတွေကြောင့် သူလန့်နိုးသွားခြင်းဖြစ်သည်။ နာရီငုံ့ကြည့်လိုက်တော့ နေ့လည်ဆယ့်နှစ်နာရီကျော်နေပြီ.. ၊

"ဟာ..ကိုလင်းနိုးသွားပြီလား၊ ဆောရီးကွာ..ငါထင်လို့ဒီကလေးတွေ သာမောင်းတာနောက်ကျသွားတယ်.."

ဂိတ်မှူးဦးသန်းဝင်းက ပုဆိုးနှစ်ဖက်စမပြီး ဝင်လာကာ.. ၊

"ကားပျက်နေတယ်တဲ့ကွ..ခုနဖုန်းဝင်လာတယ်၊ နောက်နာရီဝက်စောင့်လိုက်ပါဦး..လာကွာ၊ အပြင်ထွက်ပြီး 'ဂျိုး'ကလေးမှာထမင်းစားရအောင်.."

"မစားတော့ဘူးဦးလေးသန်း..ကျွန်တော်ထပ်လည်းမစောင့်တော့ ကျွန်တော်စောင့်နေတဲ့ပါဆယ်ပါလာရင်သာ ဦးလေးသန်းသိမ်းထား ..ညနေအောင်ပိုင့်ကိုလွှတ်လိုက်မယ်.."

ပြောပြီးတာနှင့် အပေါ်ထပ်ဂျာကင်ပါးလေးကို ပခုံးပေါ်တင်သည်။ ဦးသန်းဝင်းကနားမလည်စွာဖြစ်လျက်... ၊

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ..မင်းအလုပ်ကိစ္စအရေးကြီးတဲ့ပစ္စည်းမို့လို့ စောင့်တာမဟုတ်ဘူးလား.."

"အဟွန်း..အောင်ပိုင်ကလည်းစိတ်ချရပါတယ်.."

"ဒါဖြင့်လည်းစားပြီးမှပြန်ပါကွာ..နေလည်းပူပါတယ်၊ မွန်းလွဲ ကာမှ ဘာမှလည်းမထူးတော့ဘဲနဲ့.."

လင်းကခေါင်းခါပြီးဆိုင်ကယ်လ်နှိုးသည်။ နေပူတာက အရင်လောက် မကြီးဆိုရင်တော့ ဟုတ်ပေမယ့် ခုကစက်ဘီးဆိုင်ကယ်လ်သွားသာရုံ ကြမ်းဘက်က ကွေ့ထွင်ထားကြသည့်လမ်းလေးဖြစ်သည်။ လော ဆယ်နေပူနေရင်လည်း သူ့ဂရုစိုက်မိမှာမဟုတ်ပေ.. ၊

မနေ့ညတည်းက ရှင်ဘာမှမစားဘဲအိပ်ရာဝင်သွားခဲ့သည်။ မန လည်းအစောကြီးနိုးနေကာ ခေါင်းရင်းပြတင်းတံခါးဖွင့်ပြီး ဒီတိုင်းရ နေ၏။ သူမငိုနေတာလားလို့တော့ တွေးမိသည်။ အနားသွားကြည့် လည်း စိတ်ကူးခဲ့သေးသည်။ ဒါပေမယ့် သူဒီတိုင်းလှည့်ထွက်လာ သည်။

ရှင့်ကိုသူအလျှော့မပေးနိုင်သည့်စိတ်က မုန်းလို့မဟုတ်ပါ။ သူ မဆင်မခြင်ပြောဆိုလှုပ်ရှားမှုတွေကို လန့်နေမိတာလည်းဖြစ်နိုင်က ခါအလျှော့ပေးလိုက်မိလျှင် နောက်ထပ်ဘာကိုမှတားဆီးချုပ်ကိုင် လွယ်တော့မှာကို စိုးရိမ်တာလည်းပါ၏။ ဒါပေမယ့် မနေ့ကတော့သူ ဆိုဆက်ဆံခဲ့မိတာတွေ လွန်သွားခဲ့သည်။

ဒါကိုနားလည်နေမိလို့လည်း မိုးလင်းတည်းကသူမကိုပဲ တ ကြည့်ဖြစ်နေခဲ့ရ၏။ မပြောဆိုမမေးမြန်းမိပေမယ့် စိတ်တွေလည်း ခဲ့သည်။ တကယ်တမ်းက သူမအသံလေးတိတ်နေသည့်အဖြစ်ကပဲ သူ မနေတတ်မထိုင်တတ်ဖြစ်နေစေတာပင်.. ၊

"တီ..တီ.."

ဆိုင်ကယ်လ်ရွာထဲဝင်လာသည်နှင့် ပြဿနာတစ်ရပ်ကဆီးကြို နေခဲ့၏။ ရွာဦးကျောင်းဘက်ကဆိုင်ကယ်လ်ဟွန်းသံကြောင့် လှည့် လိုက်လျှင်.. ၊

"လင်းရောင်ရေ..ခဏ.."

ရွာလူကြီးရဲ့တူဝမ်းကွဲဖြစ်သူကိုဘဂျမ်းက လက်ပြ၍ဆိုင်က သူ့ဆီဦးတည်လာ၏။ ရွာထဲမှာသူ့နာမည်ကို လူကြီးလူငယ်အား

www.burmeseclassic.com

www.burmeseclassic.com



ါးစမ်းထဲတွေ့သလို ခေါ်ကြတာဖြစ်ကာ ကိုဘဂျမ်းကကွမ်းချိုးတက်နေသော ပါးစပ်နီနီကြီးဖွင့်၍ အသားကုန်ရယ်ပြရင်း.. ।

"မင်းနဲ့လူကြုံလေးထည့်လိုက်ပါရစေ.."

ကိုဘဂျမ်းရဲ့ဆိုင်ကယ်လ်နောက်မှာ သမုကိုတွေ့လိုက်ရသဖြင့် လင်းရဲ့အပြုံးတွေလျော့ရိလျော့ရဲဖြစ်သွားခဲ့လျက်.. ।

"ဆရာမခြေခေါက်လဲသွားတာကွာ..ညောင်ပင်အောက်မှာ ဆော့နေတဲ့ကလေးတွေလက်ချက်ပေါ့၊ လုပ်ပါ..ကျောင်းကိုလိုက်ပို့ပေးလိုက်စမ်းပါ၊ ကျုပ်ပျောက်သွားတဲ့နွား ဟိုဘက်တောလမ်းထဲမှာ တွေ့တယ်ဆိုလို့ပြေးကြည့်လိုက်ချင်လို့..ကျုပ်နွားဟုတ်နေရင် တစ်ယောက်ယောက်ယူသွားတာလား..နွားကအလည်လွန်တာလား ရှင်းရဖို့လည်းရှိသေးတယ်.."

သမုကကျောင်းစိမ်းဝတ်စုံလေး ကပ်ကပ်ချပ်ချပ်နှင့်ကျော့ရှင်းနေသစ်နေ၏။ သူမခေါင်းမှာသဇင်နှစ်ခက် သို့ တစ်ခက်တော့မြင်ရတတ်ကာ ကြီးပုံနဖူးလေးက ကျဉ်းကျဉ်းမို့ဆံပင်တွေသိမ်းလှန်ထားတိုင်း ကြည့်ကောင်းသည်။ မျက်လုံးချင်းဆုံသွားသည့်ခဏမှာ သမုကလင်းရဲ့မျက်လုံးတွေကိုမြင်အောင်ဖတ်သည်။ ကိုယ့်ရဲ့အလှအပပေါ်မှာ ရှုမြင်သုံးသပ်တာလား..ဆိုင်ကယ်လ်နဲ့တင်ခေါ်သွားဖို့အတွက် တွန့်ဆုတ်နေတာလား..

"ရပါတယ် ကိုကိုလင်းအဆင်မပြေဘူးထင်တယ်..ဦးဘဂျမ်းလည်းသွားစရာရှိတာသွားပါ၊ သမုဘာသာဖြည်းဖြည်းပဲလျှောက်သွားပါ့မယ်.."

လင်းကိုယ့်ဘာသာတွေဝေသွားမိတာကို အားနာသွားမိကာ.. ।

"မဟုတ်ပါဘူး..ရပါတယ်လာလေ၊ လမ်းလည်းကြုံနေတာပဲဟာ.."

သမုကကျေနပ်စွာပြုံးလိုက်ရင်း နောက်ကထိုင်သည်။ ပြီးတော့လင်းရဲ့ခါးကို သိုင်းဖက်ထားလိုက်ပြီး.. ।

"ဖက်ထားမယ်နော်ကိုကိုလင်း..သမုကဆွဲခြင်းတစ်ဖက်နဲ့မို့.."

"အင်း..မင်းအဆင်ပြေသလိုလုပ်ပါ၊ ရပြီလား.."

"ဟုတ်.."

အခြေအနေအချိန်အခါသည် ဘယ်ဆရာဇာတ်ညွှန်းရေးလိုက်သည်သိဘဲ သမုကိုတင်ပြီးကျောင်းကိုလိုက်ပို့ပေမယ့်.. ।

"ခဏလေးကိုကိုလင်း.."

ကျောင်းထဲကွေ့ခါနီးမှ ဆရာမသင်းသန္တာထွက်လာတာနှင့်ဆုံမိကာ..

"ဟယ်..ခြေထောက်နာနေတယ်ဆို.."

www.burmeseclassic.com

www.burmeseclassic.com



ရွာဦးမှာခြေထောက်နာလာခဲ့တာကို ကျောင်းကိုဘယ်လိုသတင်း ရောက်နေသလဲဆိုလျှင်.. ။

"ကျောက်ဒိုးနဲ့ဖိုးခွားတို့ ပြေးလာပြောတာလေ..သူတို့ကကျောင်းက အစောကြီးလာပြီး ဆော့နေကျ၊ အဲ့ဒါကြောင့်ငါတောင် ဆရာကြီးကိုခွင့် တိုင်ပေးထားပြီးပြီ.."

သမုကဆိုင်ကယ်လ်ပေါ်ကဆင်းလိုက်စဉ် ယိုင်ခနဲဖြစ်သွားသဖြင့် လင်းရဲ့လက်မောင်းကအင်္ကျီကိုဖမ်းဆွဲလိုက်၏။ အင်္ကျီပါသွားတော့ လက် ကိုပါပေးပြီးသားဖြစ်သွားခဲ့ပြီး တစ်ယောက်လက်တစ်ယောက်ဆုပ်ကိုင် ထားမိရင်း.. ။

"တော်တော်နာနေလားသမု..ပြန်တက်လေ၊ ကျောင်းဝင်းထဲထိလိုက် ပို့ပေးခဲ့မယ်.."

"အို..ဒီလောက်နာနေတာကို ပြန်ပါဆိုသမုရယ်၊ ဒီနေ့ကလေးတွေက မီးစက်နေရာချဖို့ ဘုန်းကြီးကျောင်းမှာခြုံရှင်းဖို့ လုပ်အားပေးသွားကြမှာ စာလည်းသင်ဖြစ်မှာမဟုတ်ဘူး၊ ကိုလင်းရောင်ဖြာရယ်..လက်စနဲ့သမုကို အိမ်ပြန်ပို့ပေးလိုက်ပါနော်၊ အကူအညီတောင်းတာပါ.."

"အဲ..ကျွန်တော်က အင်း..ရပါတယ် တက်လေသမု.."

"ရရဲ့လားကိုကိုလင်းရယ်..တော်ကြာ ရှင်ထိပ်ထားသောင်းကျန်းနေ ပါဦးမယ်.."

ရှင့်ကိုအဲ့လိုမိန်းကလေးမျိုးအဖြစ် သူများတွေပါးစပ်ဖျားမှာ ပြောသ ကြမှာကို သူမလိုချင်ပေ။ ထို့ကြောင့်ဆုံးဖြတ်ချက်က ပိုပြီးမြန်ဆန်သွား ကာ သမုတို့မိန်းကလေးတွေနေကြသည့် အိမ်လေးဆီပြန်လှည့်လာခဲ့ ၏။ လင်းရဲ့ခါးကိုဖက်ထားရင်း သမုကတော့တသိမ့်သိမ့်ကြည်နူးမှုများ ဖြင့်.. ။

ထိုအချိန်မှာ ရှင်ကလည်းဦးထုပ်ဝိုင်းလေးဆောင်းလျက် ရွာထဲ အိမ်ဆိုင်မှာ ဆေးဘဲဥထွက်ဝယ်တာဖြစ်သည်။ သူမရွာကိုရောက်ကာ တည်းက မိုးလင်းလာရင်ပေါင်မုန့်လေးတစ်ချပ် ကော်ဖီပလိန်းတစ်ခွက် နှင့်ပြီးရကာ ထမင်းစားတော့အရွက်သုပ်လေးတွေ ဘဲဥချဉ်ဟင်းတွေနှင့် စားဖြစ်သည်။ နောက်တော့ ဆေးဘဲဥသုပ်ကို ခံတွင်းတွေနေသဖြင့် မနေ့ ဆီကသေချာသင်ထားလိုက်သည်။ ဒီရွာကပြန်ခွင့်ရတဲ့အခါ ဆေးဘဲဥ သုပ်တော့ တတ်ခဲ့ပြီလို့အမှတ်တရဖြစ်နေလောက်အောင် အမုန်းစား

www.burmeseclassic.com



ည်းစိတ်ကူး၏။

သို့သော်အိမ်နားကဆိုင်လေးမှာ ဆေးဘဲဥမရှိပေ။ ဟိုဆိုင်ဒီဆိုင် ကိုက်ရာရင်း ရွာလူကြီး၏အိမ်ဘေးက ကုန်စုံဆိုင်ကြီးထိရောက်ခဲ့ရသည်။ ဒီသိလာဖြစ်မယ်မှန်းသိရင် သူမစက်ဘီးယူခဲ့မိမှာပါ။ ကံဆိုးချင်တော့ နေသာတဲ့နေ့မှပဲ အပြင်ကိုထွက်လာခဲ့မိတဲ့အဖြစ်.. ။

"ဆောင်းဝင်တော့မယ်လေ..အနွေးထည်တွေရောက်နေတာ မကြည့် တော့ဘူးလား.."

"အနွေးထည်ကိုကြည့်ဖို့လာတာပါပဲ..ဒါပေမယ့်အနွေးထည်ထက် ဘဲဝင်စားစရာကောင်းတာကို တွေ့လို့..အဟွန်း.."

ဆေးဘဲဥကိုင်လိုက်သည့်လက်က တုံ့သွားသည်။ ကုန်စုံဆိုက်က အဖက် အထည်ဆိုင်ကတစ်ဖက်ဖို့ အထည်ဘက်ကလူရိပ်တွေကိုလည်း ည့်မကြည့်မိခဲ့။ သို့သော် ထွက်လာသည့်စကားသံအရ ကိုယ့်ဘက်ကို ည့်ပြောလိုက်တာမို့ ကိုယ့်ကိုယ်ရည်ရွယ်တာမှန်း သိလိုက်သည်။

"အဟွန်း..ငါတို့ဆရာမတွေကို ဝက်ဝက်ကွဲအောင်အရှက်ခွဲခဲ့တာဆို ို့ စိတ်ဝင်စားလို့ပါ.."

"စိတ်မဝင်စားပါနဲ့..ပါးစပ်သွက်လက်ကမြန်နဲ့ တကယ့်ငရုတ်သီး .."

ရှင့်လက်တွေဆတ်ဆတ်တုန်လာသည်။ ဘဲဥကိုကိုင်လိုက်ချလိုက် င်း ကိုယ့်ကိုယ်ကိုဘာလုပ်နေမိမှန်းလည်း မသိတော့ပေ။ ဘေးကဈေး ယ်တချို့ရောက်လာကြကာ ဟိုဘက်ကစကားသံတွေကြောင့် သတိထား ာန်တူသည်။ ရောင်းနေတဲ့သူကလည်း အသံမထွက်။ ဝယ်နေခဲ့သူက ည်း လက်ကသာလှုပ်ရှားနေပြီး အသံတိတ်ဆက်သွယ်ခြင်းဖြင့် ပတ် န်းကျင်ရဲ့တခြားအသံဗလံတွေ တိတ်ကျသွားခဲ့သည်။

"ဟဲ့..ခုနကပဲဆိုင်ကယ်လ်ကြီးနဲ့ ဆရာမအသစ်လေးကိုပြန်ကြိုသွား .."

"ဟုတ်မှာပေါ့..ဟိုဆရာမပြောသံကြားတာတော့ အဲ့ငရုတ်သီးလေး ဖြတ်ခုတ်သွားတာတဲ့၊ မြို့မှာတည်းကဟိုနှစ်ယောက်က ချစ်သူတွေ ဘယ်လောက်ပတ်သက်ကြသလဲဆိုရင် သူ့ဂျာကင်ကြီးတောင် ဆရာ သစ်လေးဆီမှာ ရှိတယ်ဆိုပဲ..အဟွန်း ဟွန်း.."

"ဒါကျတော့အသံမထွက်ရဲတော့ဘူး ထင်တယ်နော်..စာရွက်စုတ်ထဲ

www.burmeseclassic.com



က လက်မှတ်တောင်ပြန်တောင်းတယ်ဆိုတော့ ဂျာကင်တစ်ထည်လုံးကြ ဆို လည်ပင်းတက်ညှစ်နိုင်တယ်၊ ခစ် ခစ်..သူ့ခမျာလည်းဒါပဲတတ် တာထင်ပါတယ်ဟယ်..ပုံစံလေးကကလေးပေါက်လေးနဲ့ ရထားတဲ့ယော ကျ်ားကိုထားစရာမရှိအောင် ဖြစ်နေရှာတာ..”

“သူ့ပုံစံကြည့်ပါလား..ဒါပဲတတ်မှာပေါ့၊ ယောကျ်ားနောက် ကောက်ကောက်လိုက်ပြီး ဥစ္စာခြောက်နေတာ..”

ရှင့်မျက်လုံးတွေပြာလာသည်။ ကိုယ်စိုက်ကြည့်နေသည့်အချိန်မှာ အတင်းတုပ်နေသည့်မျက်လုံးတွေ သူမဆီခိုးချောင်းခိုးဝှက်ရောက်လာ သည်။ ပြီးတော့ ကြောက်သလိုပခုံးတွန့်ပြီးရယ်ကြ၏။

“ဒီလောက်တောင် သူများအတင်းပြောချင်တာ..ကဲဟာ..”

“ဟာ..”

“အောင်မလေး..”

“အား..”

အတင်းတုပ်နေသည့် ရွာသူသုံးယောက်သာမကဘဲ အနီးအနား သည့်လူတွေပါ ပြေးလွှားရှောင်ရှားကုန်ကြသည်။ ဆေးဘဲဥတွေ အ တွေသာမက ကြက်သွန်ဥတွေပါ ပလူပျံကုန်ကာ.. ၊

“မှတ်ထား..ရှင်ထိပ်ထားက ဥစ္စာခြောက်ရုံပဲတတ်တာမဟုတ် ကိုယ့်ကိုစော်ကားရင်လည်း အဲ့လိုလုပ်တတ်သေးတယ်..”

“ဟာ..လုပ်ပါဦးဟ၊ ငါ့ပုလင်းတွေ..”

ရှင်ကတွေ့ရာနဲ့ ဆွဲလွဲပေါက်နေ၍အားမရတော့ဘဲ အအေးပုလင်း တွေကို ပြေးဆွဲလျှင် ဘေးလူတွေပါမျက်လုံးပြူးကုန်ကြ၏။ ထိုအဖြစ် ကို လင်းလုမ်းမြင်နေရသည်။ ဘာတွေဖြစ်နေမှန်းမသိပေမယ့် ရန်ပွဲဆို တွက်မိ၏။ ဆိုင်ကယ်လ်ကိုလွှတ်သည့်ဘက်က ကွေ့ရှောင်ခဲ့ပြီးမှ အ တမဲ့ပြန်ငဲ့ကြည့်မိလျှင် ရှင်ထိပ်ထားကိုမြင်လိုက်ရသဖြင့် ထိတ်ပျာ ၏။

ဟာ.. ၊

ဆိုင်ကယ်လ်သည် ကျွဲခနဲထိုးရပ်ကာ ဒေါက်ထောက်ဖို့လည်း မရ.. ၊

“အန်တီထား..မလုပ်ပါနဲ့..”

သူတအားပြေးသွားရင်း ရှင့်ကိုနောက်ကနေသိမ်းဖက်ထားလို

www.burmeseclassic.com

www.burmeseclassic.com



ချင်ထဲထည့်ကွယ်လိုက်ပြီး.. ।

"မလုပ်ပါနဲ့..ကျွန်တော်တောင်းပန်ပါတယ်.."

"လင်းရောင်.."

"ကျွန်တော့်မိန်းမပါ..ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်.."

ဒေါ်ထားဦးကလည်း အဝတ်လျှော်သည့်လက်ရိုက်တုတ်ကြီးကို ကိုင်ထားလျက် လင်းကကြားခံလိုက်တော့ အတော်ကြီးအရှိန်ထိန်းလိုက်ရကာ.. ।

"ငါကရိုက်ချင်လို့မဟုတ်ဘူး..နင့်မိန်းမက သရဲပူးနေတဲ့အတိုင်းပဲ၊ ဘယ်ရှိတာတွေနဲ့လုပ်နေတာ တော်ကြာသေကြေကုန်ရင် ဘယ်နှယ့်လုပ်မတုံး..အဲ့ဒါကြောင့် သတိလစ်သွားအောင် ဇက်ပိုးအုပ်ထည့်မလို့.."

ခေါင်းကိုမထိမိအောင် ဇက်ပိုးရိုက်မလို့ တုန်တုန်ယင်ယင်နဲ့ချက်ချင်းလို့သာ မဟုတ်ရင်ရှင့်ကိုသူဘယ်လိုမှ ကာကွယ်ချိန်ရလိုက်မှာ မဟုတ်ပေ။ ထို့ပြင်ဇက်ပိုးကိုရည်ရွယ်ပေမယ့် ခေါင်းကိုသာထိသွားခဲ့ရင် ဒုက္ခကြီးနဲ့မတွေးရဲစရာပင်.. ।

သူရှင့်ကို ဘေးလွတ်ရာထိဆွဲထုတ်လာခဲ့စဉ် ပြေးလွှားရောက်လာကြသည့် ရင်းနှီးတဲ့လူတွေကပါ ရှင့်ကိုဝင်ဆွဲကြ၏။

"ပြန်ခေါ်သွားပေးပါ..အန်တီစန်းတို့ရှိပါလိမ့်မယ်.."

ထူးဆန်းစွာပင်..။ သူဆွဲဖက်လိုက်တည်းက ရှင့်ရဲ့အော်ဟစ်သံတွေ ငြိမ်ကျသွားခဲ့တာဖြစ်ကာ ဟိုလူတွေခေါ်သွားတော့လည်း အသာတကြည်ပါသွားခဲ့လေသည်။

ပြီးတော့ သူမရဲ့ချွေးသံတို့နှင့်စိုရွှဲနီရဲနေသာ မျက်နှာတစ်ပြင်လုံးမှာ ငေးစူးစူးရဲရဲကြည့်သွားသည့် မျက်ဝန်းလေးတွေ.. ।

www.burmeseclassic.com


အခန်း(၅၀)

မခိုင်ရယ် ဒေါ်စန်းရီရယ်အပြင် ခြေရင်းအိမ်ကမုန့်စုံလုပ်ငန်း
သားအမိတွေလည်း အိမ်ပေါ်မှာရှိနေကြသည်။ ရှင်ကသူ့ကိုမြင်သ
အားလုံးနှင့်အတူထိုင်နေရာမှ ဆတ်ခနဲထရပ်လိုက်၏။ မျက်နှာတ
လုံးမှာ မျက်ရည်တို့ရွှဲနစ်နေလျက်.. ။

"မင်းဒါပဲတတ်သလားလို့ မေးဦးမလို့လားကိုကို..ဒီလောက်
သိက္ခာမဲ့ရလားလို့ ပြောချင်နေပြီမို့လား.."

"မဟုတ်ဘူး..မင်းအဲ့လိုဝုန်းဒိုင်းမကြဲနဲ့.."

"ကြမယ်..ရှင်ဒါပဲလုပ်တတ်တယ်၊ ဒါပဲတတ်တယ်ဆိုလို့ ဟုတ်
ဆိုတာသိအောင် တမင်ပြခဲ့တာ..အဲ့ဒီတော့ ကိုကိုအခုဘာဖြစ်ချင်
ရှင့်ကိုဘယ်လိုအပြစ်ပေးချင်သလဲ..အားနာဖို့မလိုဘူးပြော.."

"မင်း.."

လင်းပါးစပ်တစ်လုံးကြီးပြောဖို့ ပြင်လိုက်ပြီးမှ ရှိနေသည့်လူ
ကြည့်ပြီး ပြန်ထိန်းလိုက်သဖြင့် အားလုံးပဲတစ်ယောက်နဲ့တစ်
လက်တို့ပြီး အိမ်ပေါ်ကဆင်းသွားကြ၏။

"မောင်လေး..ရှင်လေးမမှားဘူးနော်၊ မင်းထပ်မဆူပါနဲ့.."

မခိုင်ကစိတ်မချစွာ မှာသွားသေးသည်။ သူသိပြီးခဲ့ပါပြီ။ ရှင်
ကြောဝင်ရှိက်ဖို့ ကြိုးစားခဲ့သည့်ဒေါ်ထားဦးကပဲ သူ့ကိုပြန်တောင်း

"ငါမုန်းလို့မဟုတ်ပါဘူး..ငါ့ဆိုင်မှာပစ္စည်းတွေပျက်စီးလို့
ဟုတ်ဘူး၊ သေနိုင်ကြေနိုင်တဲ့လက်နက်တွေပါလာပြီဆို အ
ရောက်ကုန်မှာ..သူဘယ်လောက်ဒေါသကြီးနေလဲ မင်းလည်း
ဒါပေမယ့် ကြီးလောက်ပါတယ်..အတင်းတုပ်နေတာလည်း

www.burmeseclassic.com



မိန်းကလေးကိုမစာမနာပြောဆိုတူးဆွနေတာ..ငယ်တဲ့သူကခံနိုင်မ
..”တဲ့.. ၊

“ပြီးတော့ ပြေးလိုက်ကြတာအမှုနဲ့တောင်ရှာမတွေ့ဘူး..ကိုလင်းမိန်းမ
ဘော့ဗျာ၊ ဒေါ်ကြီးထားရိုက်ဖို့ကြတာလည်းမပြောနဲ့ ကိုလင်းသာဝင်
ရင် မအေးစိန်တို့ပြေးလို့လွတ်မယ်မထင်ဘူး..”လို့ ဘေးလူတွေ
း ဝင်ပြော၏။ ထိုအချိန်မှာ သူကိုယ်တိုင်သမုအိမ်ရောက်နေခဲ့သည့်
ကြ ရှင့်ကိုရှင်းရခက်ပြီမှန်း သူကြုံတွေးမိခဲ့တဲ့အတိုင်း.. ၊

“အဲ့ဒီမှာခဏထိုင်ဦး..မင်းကိုငါအေးဆေးပြောမယ်..”

“မလိုဘူးကိုကို..ကိုကိုရှင့်ကိုဘယ်လိုမိန်းမလို့ ထပ်သတ်မှတ်ဖို့ရှိ
သဲ၊ ကိုကိုသတ်မှတ်ချက်ကို ရှင်စောင့်နေတာ..ပြီးရင် ရှင့်အလှည့်..”
လင်းခြေလှမ်းတုံ့သွားသည်။ ရှင်ကနှုတ်ခမ်းလေးကို ဖိကိုက်ထား
အင့်ခနဲရှိုက်၏။ ပြီးတော့ မျက်ရည်သုတ်ရင်း.. ၊

“ရှင်ကိုကို့ကိုယုံခဲ့တာ..အဲ့ဒီမိန်းမပိုင်စိုးပိုင်နင်းတွေ ပြောဆိုလုပ်ကိုင်
ည်းက တွေးမိသင့်တာကို ရှင်ကငတုံးမ..”

“မင်းဘာတွေပြောနေတာလဲ..”

“ကိုကိုကရော အခုဘယ်ကပြန်လာတာလဲ..”

“ငါ..”

“သမုတို့အိမ်ကလေ အဲ့အိမ်မှာကျောင်းဆရာမနစ်ယောက်နေတယ်..
ောင်းချိန်မှာ သမုကိုပဲကိုကိုဝင်ခေါ်သွားပြီး..”

“ခင်းလျှောက်မပြောနဲ့..”

လင်းဒေါသထွက်သွားကာ သူမနားကပ်သွားရင်းအော်ပစ်လိုက်၏။

“ငါဘာလုပ်သလဲသိချင်ရင် ငါ့ကိုမေး..ငါဖြေတာကိုနားထောင်ပြီး
င်း..”

“ကိုကိုဘယ်တော့မှဖြေမှာမဟုတ်တာတွေကို သူတို့ပြောနေကြတာ
ဘယ်သူခိုးမှခိုးတယ်မပြောဘူးကိုကို၊ ကာယကံရှင်ဆိုတာ ပတ်ဝန်း
ကျင်နားနဲ့မဆုံမှ ကြားရတာ..”

“သြော်..ဒါကျတော့ တော်တော်ဗဟုသုတကြွယ်နေပါလား..”

“ဟုတ်တယ်..ဒါကျမှသိနေတတ်နေတာ၊ ရှင်တတ်တာဒါပါပဲကိုကို
တယ်၊ ကိုကို့လိုတော်တဲ့မိန်းမကိုပဲ ကိုကိုလိုချင်ခဲ့တာ..အခုကျောင်း
ဖြစ်ပြီး သိမ်မွေ့ယဉ်ကျေးနေတဲ့မိန်းမကိုပဲ ကိုကိုတမ်းတနေတာ..”

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ထိပ်ထား.."

"ရှင့်ကို ကိုကိုမအော်နဲ့.."

လင်းကအော်သလိုရှင်ကလည်း ပြန်အော်သည်။ ပြီးတော့ သူ
ဘက်ကိုအတင်းပြေးတွန်းပြီး ထုရိုက်ပစ်၏။

"ရှင့်ကိုမုန်းတယ်..ရှင်အဲ့မိန်းမကို ပြန်ကြိုက်နေတာ ဒီငတုံးမက
ခဲ့လို့သိလား.."

"ရှင့်..မင်းမဟုတ်တာတွေနော်.."

သူမတအားထုရိုက်နေတာကို တိမ်းဖယ်ရှောင်ရင်း ဖြေရှင်းဖို့ကြိုး
တာမရ။ သူမရဲ့လက်တွေကို ဖမ်းဆွဲလိုက်ပေမယ့် ချွေးတို့ဖြင့်ချော်
သွားခဲ့ပြီး ရှင်ကသူထပ်မဆွဲနိုင်အောင် နောက်ဆုတ်ရပ်လိုက်၏။ လင်း
လက်ကာတားရင်း.. ।

"အခု ကိုယ်ပြောတာမင်းနားထောင်..မင်းဘာကြောင့်ရန်ဖြစ်ခဲ့
ကိုယ်သိခဲ့ပြီးပြီ၊ ကိုယ်သမုနဲ့.."

"ဟင့်အင်းမပြောနဲ့.."

"မပြောလို့ရမလား..မင်းငါ့သိက္ခာကို အထင်လွဲစော်ကားနေ
စရာ မရှိဘူး.."

"ဟုတ်တယ်..ကိုကို့ကိုစော်ကားခွင့်ရဖို့အတွက် ရှင်ကရွာလယ်
အရင်သွားပြီး စော်ကားခံလိုက်တာလေ၊ ရှင်ကအဲ့လိုမိန်းမပဲ..ဒါ
ကိုကို့ဂျာကင်တစ်ထည်လုံး တခြားမိန်းမဆီရောက်သွားတာမသိ
ဘူး.."

"ဘာ.."

"ဟွန်း..ကိုကို့ကိုရှင်မုန်းတယ်၊ အရမ်းစိတ်နာတယ်..ကိုကိုနဲ့
တော့ဘူး ရှင်ပြန်မယ်.."

"ဟား.."

"ဂျိမ်း.."

သူအံ့အားသင့်နေဆဲမှာ ရှင့်ရှင့်သီးသီးတွေပြောထွက်သွားကာ
ခန်းတံခါးကို ဂျိမ်းခနဲပိတ်ပစ်၏။

ဂျာကင်.. ဘာဂျာကင်လဲ.. ।

သမုဆီမှာ သူ့ဂျာကင်ရှိနေတယ်လို့ ပြောလိုက်တာလား..

ဒါဘာယ်လိုမှမဖြစ်နိုင်ပေ။ ကြားစကားတွေကို ဒီလောက်တော

www.burmeseclassic.com

www.burmeseclassic.com



ယ်ရသလား..။ ဒါကိုငါမှားခဲ့တာမရှိဘူးဆိုသည့်မာနနှင့် မရှင်းဘဲနေ
ကဲ့ဖို့ စိတ်ကဖြစ်သေးသည်။ ဒါပေမယ့် သမုအိမ်ထိ သူရောက်သွား
သည့်အဖြစ်က ဆိုးရွားစွာရှိနေခဲ့ပြီဖြစ်ရာ.. ။

"တောက်.."

တက်ခေါက်ရင်း နံရံကိုလက်ပြန်ထုပစ်လိုက်မိသည်။ ရှုပ်ထွေးမှုတွေ
က ဂျာကင်ကိစ္စတစ်မှုတိုးလာခြင်းသည်.. ။

ဟင်.. ။

ပွထနေသည့်ခေါင်းထဲမှာ ဖျတ်ခနဲသတိရလိုက်သည်က မိုးဖွဲလေး
ကျနေသည့်လွန်လေပြီးသောည..။ ထိုညက စားသောက်ဆိုင်ထဲမှာ
ဝင်လိုက်လာသည်။ မိုးတွေရွာနေလို့ သူ့အင်္ကျီကိုသူကိုယ်တိုင်ပဲ ချွတ်
ခဲ့သည်။ ထိုညမှာပဲ ရှင့်လက်ကိုဆွဲပြီး သူ့ဘဝထဲကိုခေါ်ခဲ့ပါ၏။ သတိ
ကဲ့သည်နှင့် ခေါင်းထဲမှာပွထသွားသည်။

လွန်ခဲ့သောတစ်ချိန်ချိန်ကအဖြစ်တစ်ခုဟာ သူများပြောလို့သိသွား
ရင် ထိုအဖြစ်က ချုံ့လို့ချဲ့လို့အလွယ်ဆုံး။ ပြီးတော့ မရှင်းလည်းခက်
လည်းခက်.. ။

တုန်လှုပ်ချောက်ချားခြင်းသည် ကိုယ့်ရဲ့တန်ဖိုးကြီးသောအရာတစ်ခု
ခွန်ချောက်ကမ်းပါးထိပ်သို့ မြန်မြန်ဆန်ဆန်မျောပါသွားတာမြင်နေ
နှင့် ငုတ်တုတ်မေ့ပြီး ထိုင်ကြည့်နေမိသလိုရုတ်တရက် အရုပ်ကြိုး
ဖြစ်သွားခဲ့၏။ ဒီဂျာကင်ကိစ္စကို သမုမှလွဲ၍ဘယ်သူပြောတာမှမ
င်၊ ပြီးတော့ အရှိအတိုင်းပြောတာမဟုတ်ခဲ့၍သာ ရှင့်နားထဲကိုဒီလို
င်းတစ်ရပ်အဖြစ် ရောက်လာတာဖြစ်သည်။ သမုဘာသဘောနဲ့ ဒီ
တွေလုပ်နေတာလဲ.. ။

"ဒုန်း.."

တွေးနေတုန်း အခန်းထဲကအသံကြောင့်လှည့်ကြည့်လိုက်လျှင် ရှင်
သူမရဲ့အဖြူရောင်ဘေးလွယ်အိတ်လေးလွယ်လျက် လက်တစ်ဖက်မှာ
ဆောင်အိတ်လေးဆွဲလျက်.. ။

"ရှင်ထိပ်ထား.."

လင်းမျက်နှာပျက်သွားကာ သူမရှေ့ကိုတန်းရောက်သွား၏။

"ခင်းဘာလုပ်တာလဲ.."

"ဘာလုပ်တာလဲ..ရှင်မမြင်ဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



"မြင်တယ်..မင်းဘာလုပ်နေတာလဲ ကိုယ့်ကိုယ်ကိုမေ့နေသလားလို့ ပြောတာ၊ ခုပြန်ဝင်.."

"ဘာလို့ဝင်ရမှာလဲ..ကိုကိုဖယ်နော်.."

"ရှင့်.."

"မသိဘူးဖယ်ပေး.."

လင်း ရှင့်လက်မောင်းလေးတစ်ဖက်ကို ဆွဲထားကာလက်ထဲကအိတ်ကိုပါ ဆွဲလုလိုက်ပြီး အခန်းထဲပစ်ထည့်လိုက်ရင်း.. ၊

"မင်းနဲ့ငါလက်ထပ်ထားတာ..အဲ့ဒီအိမ်ထောင်ရေးက အဆင်မပြေတစ်နေ့ကွဲကြဖို့မဟုတ်ဘူး.."

"ဘာအိမ်ထောင်ရေးလဲ..ရှင်ကကိုကို့အိမ်ထောင်ရေး ကိုကို့မိန်းမရော ရှင့်ကိုသဘောထားခဲ့လို့လား..ဒီမိန်းမသိက္ခာမဲ့တယ်ဆိုပြီး အဖမတန်သလို ကိုကိုဆက်ဆံခဲ့တာတွေလေ၊ အဲ့ဒါတွေကို ရှင်ဘယ်တုန်းကခေါင်းထဲမထည့်ခဲ့ဘူး..ဒါပေမယ့် ဒီနေ့ထည့်လိုက်ပြီ၊ ကိုကိုရှင့်ကိုဘာတော့မှ.."

"ရှင်ထိပ်ထား..မင်းထင်ရာတွေပြောနေတာ ပြီးဦးမှာလား.."

"မပြီးဘူး..ရှင့်ကြောင့် ကိုကိုနားငြီးမှာပဲ၊ ပြဿနာတွေရှင်းရမှာ ရှင်ကအဲ့ဒါတွေလုပ်ဖို့ပဲတတ်တာ၊ ရှင်ကြီးသူများကိုခေါ်လာတာ ရွာသားတွေနဲ့ပေါင်းပြီး နှိပ်စက်ချင်လို့..ရှင်လန့်ဖျန့်ပြီး ပြန်ပြေးအောင်လို့.."

"ပြေးစေချင်ရင် မင်းကိုရွာထိခေါ်လာဖို့မလိုဘူးရှင်ထိပ်ထား..မင်းငါ့ဘဝထဲအဝင်ခံခဲ့တာလည်း ဘယ်သူဖိအားပေးခဲ့တာမှမဟုတ်ဘူး၊ ငါ့သမုဘာမှ.."

"ဟင့်အင်းမကြားချင်ဘူး..မသိဘူး၊ ရှင့်ကိုမုန်းတယ် အရမ်းမုန်းတယ်..လွှတ်.."

လင်းစိတ်မရှည်ဖြစ်လာကာ သူမကိုယ်လေးကိုအတင်းအကျပ်ဖက်ထားလိုက်ပြီး.. ၊

"ကိုကိုနော်..မရဘူး ဟင့်အင်း..ဟောဒီမှာမမ.."

ရှင် သူ့ရင်ခွင်ထဲကအတင်းရုန်းကန်အော်နေရင်း တိတ်ကျသွားသည်။ အနမ်းတို့သည် မိုးသက်လေနှင့်အတူ တဖွားဖွားဖြိုဆင်းလာသည့် မိုးစက်ပွင့်လေးတွေလို စိုစွတ်ပေမယ့် နွေးနေသည်။ အေးနေပေမယ့် သိမ့်သိမ့်လှိုက်ဖြာနေခဲ့၏။ ရှင်တဒင်္ဂမေ့မူးသွားခဲ့သော်လည်း.. ၊

www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း..လွှတ်.."

အတင်းရုန်းထွက်လိုက်ပြီး လက်တစ်ဖက်ကရိုပ်ခနဲ.. ၊

"ဖြန်း.."

လင်းမျက်နှာတစ်ဖက်လည်သွား၏။ ရှင်ကနောက်ဆုတ်လိုက်ရင်း ကိုက်ပစ်လိုက်သည့်လက်ဖဝါးကို ဖိဆုပ်ထားခဲ့လျက်.. ၊

"ဒီမိန်းမ ဒါလိုချင်တာပဲဆိုပြီးတော့လား..မရဘူးကိုကို၊ ဖွတ်လိုက် ကြိုက်တတ်တဲ့မိန်းမမှာလည်း သိက္ခာတော့ရှိသေးတယ်..အဲ့ဒီမိန်းမနဲ့ပတ် သက်ထားတဲ့ ကိုကို့ကိုရှင်ရွံတယ်၊ အဲ့ဒီမိန်းမကိုနမ်းခဲ့တဲ့ နှုတ်ခမ်းတွေနဲ့.."

"ဟိတ်..တိတ်စမ်း မင်း.."

"မတိတ်နိုင်ဘူး..ကိုကို့ကြောင့် ရှင့်ကိုဒီနေ့လူတွေ ကျီးထိုးသလိုဝိုင်း ဆဲကြတာ၊ ကိုကိုနဲ့အဲ့မိန်းမချစ်ခင်ကြင်နာနေလို့ ရှင်က.."

သူမဆက်မပြောနိုင်တော့ဘဲ ငိုချလိုက်သည်။ ပြီးတော့ အခန်းထဲ ဝင်၍ တံခါးပိတ်ပစ်လိုက်၏။ လင်းမျက်နှာမော့၍ ဆံပင်တွေနဲ့လက်နဲ့ ဒိသိပ်တင်သည်။ ပြီးတော့ အခန်းရှေ့ထိသွားကာ.. ၊

"မင်းနားတွေပိတ်မထားဘဲနားထောင်..ငါနဲ့သူဘာပတ်သက်မှုမှ မ ရှိဘူး၊ ဟိုတုန်းကရော ခုရော နောက်လည်းပတ်သက်ဖို့မရှိဘူး..ဂျာကင် အိခွကလည်း အသိမိတ်ဆွေချင်း ကူညီပတ်သက်ခဲ့တဲ့ပုံစံမျိုးနဲ့ သူ့ဆီ ရောက်နေတာ.."

"သြော်..ကိုကိုဝန်ခံပြီပဲ.."

"ဒါပေမယ့် ငါတို့ဘယ်လိုအကြောင်းနဲ့ ပေးကမ်းဆက်ဆံမိပါတယ် ဆိုတာတွေအထိ ငါမင်းကိုရှင်းပြနေမှာ မဟုတ်ဘူး..အဲ့ဒါကငါ့ဂုဏ်သိက္ခာ အတွက်ပဲ.."

"ရပါတယ်..ကိုကိုဂုဏ်သိက္ခာအတွက် ကိုကိုထားချင်တဲ့ နေရာကို အုန်လုပ်ထားခဲ့လို့ရတယ်၊ ရှင်ကလည်း ရှင့်ဂုဏ်သိက္ခာအတွက် အဲ့ဒီဂျာ ကင်ကိုရအောင်ပြန်ယူမှာ..လက်ဆုတ်လက်ကိုင်ပြစရာသက်သေပေါ့.."

"တောက်.."

ဒီကောင်မလေး ဒီလောက်တောင်တစ်ယူသန်ခေါင်းမာတတ်မယ်လို့ ညည်းနည်းလေးတောင်မထင်ခဲ့မိပေ။ နမ်းမိသည့်အတွက် ဒဏ်ခတ်ခံလိုက် သည့်ပါးတစ်ဖက်မှာ လက်ခုံနဲ့ကပ်ရင်း အခန်းရှေ့က အဖြူရောင်အိတ် လေးကို မျက်လုံးရောက်သွားမိသည်။ ပါးမှာကပ်ထားမိသည့်လက်ကိုဖိ

www.burmeseclassic.com

www.burmeseclassic.com


ညှစ်ဆုပ်ပစ်မိရင်း.. ။

မင်းလာချင်တိုင်းဝင်လာလို့ရပေမယ့် ပြန်ချင်တိုင်းပြန်သွားလို့တော့ မရဘူးရှင်လေး..အချစ်ကြောင့်ဖြစ်ဖြစ် အမုန်းကြောင့်ဖြစ်ဖြစ် ငါ့ရင်ထဲမှာ အမြဲတမ်းရှိနေခဲ့တာမင်းပဲ.. ။

ငါ့ရဲ့အချိန်တိုင်းက မင်းပဲဆိုတာ.. ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၁)

"ကိုလင်းရေ.."

"လင်း ဘယ်မှာလဲ..စက်ဘီးရော ဆိုင်ကယ်လ်ရောရှိနေသားနဲ့.."

"ကျွန်တော်ရှိတယ်မခိုင်.."

"ဟဲ့..နောက်ဖေးမှာဘာလုပ်နေတာတုံးမင်းက.."

"ထမင်းတွေလည်းစားမထားဘဲ ဧကန္တသွားအိပ်နေတာမို့လား.."

လင်းမျက်နှာမှုန်အစ်အစ် နီမြန်းနေတာကို မခိုင်ကမြင်လိုက်တာနှင့် ...က်ချက်ချ၏။ လင်မယားစကားများဆူညံသံတွေ ငြိမ်သက်သွားမှ ...ဆင့်ချိုင့်နဲ့ ထမင်းဟင်းတွေထည့်ပြီးလာပို့ ပေးထားတာပါ။ ညည် ...ာဲ ခပ်လျော့လျော့မှီထိုင်ရင်း မျက်နှာမော့မျက်လုံးမှိတ်ထားသည့် ...ကိုလက်တို့မပြောခဲ့ပေမယ့်.. ၊

"ရှင်လေးလည်းဘာမှမစားရသေးဘူးနော်..ချော့မော့ခေါ်ပြီး အတူ ...က်ကြ၊ ဆေးဘဲဥသုပ်လေးပါတယ်လို့.."

ကြားမှာပဲဆိုတာသိလို့ ပြောပြီးထွက်လာခဲ့တာ ခုကျတော့ ချိုင့်က ... လက်ရာမပျက်။ ကိုယ်တော်လေးက နောက်ဖေးခြံထဲကသစ်ပင် ...က်မှာတဲ့.. ၊

"လင်းရေ..မင်းကောင်မလေးကို ဘာတွေကြိမ်းလားမောင်းလားထပ် ...က်လဲဟင်.."

"ကျွန်တော်မလုပ်ပါဘူး..အခန်းထဲမှာသူရှိ.."

"ရှင် ထွက်သွားပြီ.."

"ဗျာ.."

"ငါထင်တယ်..မင်းမသိလောက်ဘူးဆိုတာ.."

...ား အမိတစ်လှည့်စီပြောကြရင်း ခေါင်းကုတ်ကြ ...မိပြင်ဝတ်ကြ

www.burmeseclassic.com


နှင့်.. ၊

"နေ့လည်ကရန်ဖြစ်တဲ့ကုန်စုံဆိုင်က ကောင်မလေးလာပြော
လွယ်အိတ်နဲ့ခရီးဆောင်အိတ်နဲ့ ထွက်သွားတာမြင်လိုက်တယ်တဲ့၊
လည်း နာရေးအိမ်မှာဒီညနေအချက်အပြုတ်နေ့မို့ သွားကူနေကြတာ
နယ်ဟယ် အလုပ်တောင်မလုပ်ရသေးဘူး..ပြန်ပြေးလာရတယ်၊ လို
..လိုက်စမ်း.."

ဒေါ်စန်းရီစကားမဆုံးခင် လင်းအိမ်ရှေ့ပြေးသွားကြည့်မိသည်
ကောက်ယူပြီ စားပွဲပေါ်တင်ထားသည့် အဖြူရောင်အိတ်လေးမရှိတော
သူမတကယ်လုပ်သွားတာလား..။ စိုးရိမ်ပေမယ့် မထင်ခဲ့မိတာအမှ

လင်းရင်ထဲမှာ ပူလောင်သွားသည်။ အိပ်ခန်းထဲပြေးဝင်ကြည့်
မှ ပိုဆိုး၏။ သူမမရှိတော့သည့်အသိလေးတစ်ချက်နဲ့ပင် သူ့ရင်
မီးလောင်ပြင်ကြီးလို.. ၊

တကယ်တမ်းတော့ ရှင်အိမ်ကထွက်လာတည်းကိုက ပထမ
ရွယ်ချက်သည် သမုဆီဝင်ဖို့ဖြစ်၏။ ထို့ကြောင့်သမုရဲ့အိမ်ကို
တစ်ယောက်ကိုမေးပြီး တန်းတန်းမတ်မတ်ရောက်သွားခဲ့လျက်..

"ဘယ်သူမှမရှိဘူးလား.."

အသံပေးမလိုပြင်ပြီးမှ ဖိနပ်ချွတ်မှာဖိနပ်တွေ သုံးလေးရံရှိ
အိမ်တံစက်မြိတ်ထိ သွားလိုက်မိသည်။ အိမ်ကပျဉ်ခင်းပေမယ့်
ပျဉ်ရောပြီး ကာရံထားတာဖြစ်၏။ သူမကြားထားတာ ဆရာမနှ
တည်းနေသည်။ တစ်ခါတစ်ရံအဒေါ်ဝမ်းကွဲဆိုသည့် ဒေါ်ကြီးတစ်
တစ်ညနှစ်ညလာအိပ်တတ်၏။

မျက်စိရှေ့မှာမြင်နေရတာက မိန်းမစီးဖိနပ်အဟောင်းလေး
အသစ်တစ်ရံ။ ပြီးတော့ ယောကျ်ားစီးဖိနပ်နှစ်ရံနှင့်.. ၊

"သမု.."

အထဲကလူသံတွေကြားလိုက်သလိုရှိသောကြောင့် ခေါ်လိုက်
ခေါ်လိုက်မှအသံတွေတိတ်ကျသွား၏။

"အိမ်ထဲမှာလူရှိလား..သမု.."

ပြန်ထူးသံမကြားရသဖြင့် မချင့်မရဖြစ်ကာ ကိုယ့်ဘာ
ချင်စိတ်တွေ ဖြစ်လာခဲ့၏။ သူမမိုးမချုပ်ခင် ကားဂိတ်ကိုရော
သွားမည်။ ခုနစ်နာရီရှစ်နာရီလောက်ဆို အမြန်လမ်းကြီးပေါ်မှာ

www.burmeseclassic.com



...အားတွေ သွားလာနေကြပြီဖြစ်သည်။ ဒါပေမယ့် သမုဆီမှာရှိနေ...သည် လင်းရဲ့ဂျာကင်ကို ပြန်ယူသွားဖို့ ဆုံးဖြတ်ထားသဖြင့် လိုရာခရီး...န်းတန်းမတ်မတ် မသွားနိုင်.. ။

"သမု..နင်အထဲ.."

ဒီတစ်ခါမှအသံမပေးသေးရင်တော့ ဝင်သွားဖို့ဆုံးဖြတ်လိုက်ပေမယ့်...ခေါ်ခွန်းမဆုံးခင်အထဲက သမုထွက်လာ၏။ သို့သော် သူမတစ်...က်တည်းမဟုတ်ပေ.. ။

"မိတ်ဆွေဟောင်းတွေ ဒီမှာလာဆုံနေရပါလား.."

ယောကျာ်းနှစ်ယောက်အနက်တစ်ယောက်ကို မသိပေမယ့် ထိုမျက်...ပြားကို ရှင်သေချာသိသည်။ ဒေါ်မေရှင်ရဲ့ယောကျာ်းကပါသည့်...ကိုကိုဇင်.. ။

ချက်နှာမှာ ရက်စက်ကောက်ကျစ်မှုတွေနှင့် အပြုံးကိုတင်ထားသလို...သမုရဲ့ ပခုံးလေးတစ်ဖက်ကိုရင်ခွင်ထဲမှာ မြုပ်နေအောင်ဖက်ထား၏...တစ်ယောက်က အသက်နှစ်ဆယ်လောက် မျက်နှာပုံဆိုးဆိုးနှင့်ဖြစ်...သူကသုံးယောက်ရင်ပေါင်တန်းလျှောက်နေသလိုလို နောက်ချန်...လိုနှင့် မျက်နှာကမှုမမှန်.. ။

"မင်းဆီလာတာထင်တယ်..နှုတ်ဆက်လိုက်ပါဦးကွာ.."

ကိုကိုဇင်က သမုပခုံးလေးကိုဆွဲညှစ်ပြီး မိတ်ဟောင်းဆွေဟောင်း...နှုတ်ဆက်ခိုင်းနေသေးသည်။ ရှင်အံ့သြနေမိသည်။ ကိုယ်ကလည်း...ဆက်ဖို့လာတာမဟုတ်သလို သမုမျက်နှာမှာလည်း ဖော်ရွေပျူငှာချင်...။ ထိုပြင်သူမနဲ့ပထမဆုံးဆုံခဲ့တုန်းက ဒီသားအဖလက်ထဲမှာ သေ...ပါးကြောက်လန့်နေသည့် မျက်ဝန်းတွေနှင့်ကြည့်သွားခဲ့၏။

ရှင်ဒီလောက်တော့ မအသေးပါ။ သမုဒီလူတွေကိုကြောက်လို့တောင်...အိမ်မှာလာနေခဲ့သေးတာ ခုကျမှချစ်ကြင်နာဟန်တွေနဲ့ အသာလေး...သွားစရာအကြောင်းမရှိ။ သူတို့သုံးယောက်ခြံတံခါးဝရောက်ကာ...သမုခါးကိုပွေ့ကပ်ဖက်ထားသည့် ကိုကိုဇင့်ပုံစံကို သေချာသိလိုက်...

"ဒီလူ့လက်ထဲမှာတစ်ခုခုပါတယ်.."

အသိစိတ်ကလက်ခံလိုက်တာနှင့် အနားမှာတွေ့သည့်ဒါးတိုတစ်...ကိုကောက်၍ ကိုကိုဇင့်နောက်ကနေ တအားပြေးရိုက်ပစ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်.."

"အား.."

မထင်မှတ်လိုက်သည့်အလစ်ဝိုက်မို့ ကိုကိုဇင်သမုကို ဓားထော
ထားတာကိုလည်း သတိမရ။ ကာကွယ်ချိန်လည်းမရလိုက်ဘဲ စိုက်
လဲကျသွား၏။ သို့သော် ဘေးကတစ်ယောက်သည် ဟာခနဲခထ
ကြောင်သွားကာ လဲကျသွားသည့်ကိုကိုဇင့်လက်ထဲက ဓားကိုပြေးကော
၏။

"ရှင်ထိပ်ထား..ပြေး.."

သမုငယ်သံပါအောင် အော်သည်။ ရှုတ်တရက်အားနည်းသူကို
ညီလိုသည့်စိတ်နှင့် ရိုက်ထည့်လိုက်ပေမယ့် ဓားကိုမြင်လိုက်သည့်အ
မှာ ရှင်မျက်လုံးလေးအဝိုင်းသားနှင့် ကြက်သေသေသွား၏။ ပြေးဆို
သမုရဲ့သံကိုကြားပေမယ့် ခြေထောက်တွေကကျောက်ချထားသကဲ့
ထိုအချိန်မှာ ခြံရှေ့ကိုရောက်လာသောစက်ဘီးနှင့် လင်းမျက်လုံ
သွားကာ.. ။

"ဟိတ်ကောင်.."

ဆွဲလွဲတားဆီးဖို့မမီတော့သည်မို့ လက်နက်နဲ့လူကို အာရုံပြော
အောင် ခေါ်လိုက်ပြီး.. ။

"ဝုန်း..ဒုန်း.."

"အ.."

လူဆိုးဆီကို စက်ဘီးနဲ့တည့်တည့်ဝင်တိုက်ပစ်လိုက်၏။ လူဆိ
စက်ဘီးကိုရှောင်ဖို့ ကြိုးစားရင်းဓားနဲ့ပတ်ရမ်းပစ်လိုက်သဖြင့် လင်း
လက်မောင်းကိုဓားထိုးမိသွားကာ စက်ဘီးတစ်စီးနှင့်လူနှစ်ယောက် ဗ
သုန်းကားလဲကျသွားခဲ့၏။

"ဟောဒီမှာ လာကြပါဦးရှင်..ဓားပြတွေဝင်နေလို့ပါ.."

သမုရဲ့အော်ဟစ်သံထွက်လာသည်နှင့် မရှေးမနှောင်းမှာ လမ်း
နေသူတွေရော အနီးပတ်ဝန်းကျင်ကလူတွေ သမုတို့ခြံထဲပြေးလွှားခ
လာကြ၏။

"ဟိတ်ကောင်တွေ..ရပ်လိုက်စမ်း.."

ကိုကိုဇင်သည် ခေါင်းမှာသွေးတွေစီးနေလျက်နှင့် လင်းကိုတ
ရိုက်ဖို့ မြောက်ရွယ်လျက်သားရှိကာ စက်ဘီးတိုက်ခံရသူက ဓားကို

www.burmeseclassic.com



ချစ်ဆုပ်၍ မြေပြင်ကနေကုန်းကျုံးပြန်ထနေ၏။ အခြေအနေသည် ပတ်ဝန်းကျင်လူတွေသာ ရောက်မလာပါက တွေးရဲစရာမရှိပေ။

ကြောင်ငေးနေသည့်ရှင်ကလည်း လင်းရဲ့လက်မောင်းကသွေးတွေကို မြင်လိုက်တာနှင့် တခြားဘာကိုမှမသိတော့သလို လင်းဆီပြေးဝင်သည်။ ဒဏ်ရာနှင့်အကျနာခဲ့သည့် လင်းကမျက်လုံးမဖွင့်နိုင်သေး.. ၊

“ကိုကို..ကိုကို့ကိုဓားထိသွားတယ်၊ ဘယ်မှာထိသေးလဲဟင်..ဘယ်နားလဲ..”

ပြေးလာသည့်လူတွေအသံမပြတ်ပေးရင်း ဓားသမားကိုအချိန်မီအောင် ပြေးချုပ်လိုက်ကြသည်။ ကိုကိုဇင်သည် တုတ်ကိုင်လျက်နှင့် ပုံခနဲပြန်လဲကျသွားလေသည်။

အားလုံးရှုတ်ရှုတ်သဲသဲတွေဖြစ်ကုန်ကြကာ လူတွေစုအုံခဲ့သွား၏။

“ကိုကို..ကိုကို့..”

ပတ်ဝန်းကျင်မှာဘာတွေဖြစ်နေနေ ရှင်ဘာမှမသိတော့ပေ။ လင်းကိုသိမ်းကျုံးဖက်ထားရင်း ငိုဖို့သာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅၂)

သမုကိုယ့်လိပ်ပြာကိုယ်မသန့်ဖြစ်ရလျက် ကိုကိုဇင့်ကိစ္စအတွက်ပြီး ပေမယ့် လင်းဆီကိုမသွားရဲဘဲဖြစ်နေမိသည်။ သွားဖို့ဆုံးဖြတ်သော်လည်း လင်းတို့အိမ်မှာ လူဝင်လူထွက်ရှင်းလင်းတဲ့အထိ စောင့်ကြည့်နေပြီးမှတစ် ယောက်တည်း ဝင်လာခဲ့မိ၏။

သူမရှင့်ကိုတောင်းပန်ဖို့ပါ။ ပြီးတော့ ကျေးဇူးတင်စကားပြောချင် သည်။ ပြီးတော့ ကိုကိုလင်းရဲ့ဒဏ်ရာအခြေအနေကိုလည်း သိချင်မိ၏။ ဒီရွာကိုသူမကအရင်ရောက်လာတာဖြစ်ကာ လင်းတို့အိမ်ဆိုတာကို ကိုကို လင်းနဲ့ရှင်တို့ရောက်လာကြမယ်မှန်း မသိခင်တည်းက တမင်လာကြည့် ထားခဲ့တာလည်း သူမပင်.. ၊

လင်းရောင်ဖြာဆိုသည့်လူရွယ်တစ်ယောက် အိုင်တီပရိုဂရမ်မာဖြစ် လာပုံ ဘယ်လိုကြိုးစားလမ်းရှာပြီး တိုးတက်မြင့်မားသွားပုံ။ ထို့ပြင် ဘယ် လောက်ချမ်းသာနေခဲ့ပြီလဲဆိုတာထိ။ ရှင်တို့မိသားစုတွေ သိထားကြတာ ထက် သူမပိုသိခဲ့သည်။

ဦးမြတ်ထွန်းဝင်း ဒေါ်သက်ထားဆွေတို့အထင်သေးနေခဲ့သော ဆင်း ရဲသားလူငယ်လေးတစ်ယောက်က ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ သူမ သာအရင်သိခွင့်ရခဲ့တာဖြစ်သည်။

"အရင်တုန်းက အဲ့ဒီအိမ်ဝိုင်းလေးက ပေလေးဆယ်သာသာပဲရှိတာ အိမ်လေးကခနိမ့်ထရံကာ ယိုင်နဲ့နဲ့လေးပါ၊ ကိုလင်းလိုသားမျိုးမွေး ရှားတယ်တကယ်ပါပဲ..မိဘကိုလည်း ရိုသေသမှုရှိတယ်၊ သူ့ဘဝသူ တက်ဖို့လည်း ကြိုးစားတယ်..ငါတို့ဖြင့် ရွာကိုပြန်ပေါက်ချလာတော့ ဒါလင်းရောင်ဖြာဆိုတဲ့ကောင်လေးပါဆိုတာ ယုံတောင်မယုံနိုင်ဘူး.."

www.burmeseclassic.com



သူမရင်ထဲမှာ လင်းအပေါ်မှာဤသို့သောအထင်ကြီးလေးစားခြင်းများနှင့် ညှတ်ယိမ်းခဲ့မိတာဖြစ်သည်။ ပြီးတော့ ရှင်ထိပ်ထားမောက်မာတာကိုလည်း မခံချင်။ သူမပညာတတ်သလို ကိုယ်လည်းတတ်သည်၊ အမေ့တုန်းက အိမ်အကူလုပ်ခဲ့ဖူးပေမယ့် သူမကသန့်စင်စွာကြီးပြင်းခဲ့တာ..၊

မခံချင်စရာအကောင်းဆုံးက သူမကိုဂရုစိုက်ကြင်နာနေခဲ့သည့် ကိုကိုလင်းကို ရှင်ထိပ်ထားကဖျတ်ဖျတ်လူးလိုချင်နေခြင်းပဲဖြစ်၏။ ထို့ကြောင့် ရှင့်ကိုသူမသဝန်တိုခဲ့သည်။ သူ့ကိုမချစ်သောယောက်ျားက ကိုယ့်ကိုချစ်နေတာကြောင့် သူမနဲ့ကိုယ်ကပြိုင်ဘက် သို့မဟုတ် တန်းရည်တူကြ၏။ ခုတော့ .. ၊

ကိုယ့်ရင်ထဲမှာ အတ္တနဲ့သဝန်တိုစိတ်တွေကို လျှော့ချပါတော့မည်၊ အချစ်သည် မိမိကိုယ်တိုင်တွက်ချက်အဖြေထုတ်မည့် စာမျက်နှာပေါ်က သချ်ာပုစ္ဆာတစ်ပုဒ်မဟုတ်ပေ။ ကိုယ်တွက်ချက်မိတဲ့အဖြေမှန်သလား မှားနေသလားလည်းမသိ။ ရှေ့တိုးသင့်သလား နောက်ဆုတ်သင့်သလားဆိုတာလည်း အချက်ပြကိရိယာမပါ.. ၊

"ဘယ်ထိသွားမလို့လဲ..သမု.."

အိပ်ခန်းတံခါးဝမှာ ခဏရပ်တွေးနေရင်း အထဲဝင်ဖို့ခြေလှမ်းပြင်လိုက်တာနှင့် မျက်နှာရှေ့မှာလင်းရဲ့ပခုံးစွန်းတစ်ဖက်ပေါ်လာပြီး.. ၊

"ငါမင်းနဲ့ ဘာမှပြောစရာမလိုလောက်တော့ဘူးထင်တယ်.."

သူမရှေ့မှာ လင်းကမျက်နှာချင်းဆိုင်လာရပ်၏။ သဘောက အခန်းထဲကကို မဝင်ရဟု တားဆီးလိုက်ခြင်း။ သမုမျက်နှာလေးငယ်သွားသည်၊

"ကိုကိုလင်း..."

လင်းရဲ့မျက်နှာက တည်နေသည်၊ တင်းနေခြင်းကိုပြန်ဖျက်ချဖို့ကြိုးစားနေပေမယ့် တည်ကြည်ခြင်းကခန့်ညားမှုထက် ကျော်လွန်နေသခြင့် မျက်လုံးတွေစူးရဲနေ၏။

"သမုက ကိုကိုလင်းရဲ့ဒဏ်ရာသက်သာလားလို့ပါ.."

"အဲ့ဒီဒဏ်ရာရခဲ့တဲ့အကြောင်းရင်းအတွက်တော့ မင်းကိုကျေးဇူးတင်ပါတယ်..ဒီဒဏ်ရာမရခဲ့ရင် ရှင့်ကိုငါဘယ်လိုနည်းနဲ့ ဆုံးရှုံးလိုက်ရမလဲဆိုတာ မတွေးဝံ့ဘူး.."

ရှင့်ကိုချစ်နေတယ်လို့ ကိုကိုလင်းပြောလိုက်တာလား၊ သမုမယုံနိုင်ဖြစ်နေဆဲပင်.. ၊

www.burmeseclassic.com

www.burmeseclassic.com



လင်းကစွတ်ကျယ်ချိုင်းပြတ်အဖြူရောင်နှင့် ဖဲဒါရောင်ကွက်စိပ် ဆိုးကိုဝတ်ထားသည်။ လက်မောင်းတစ်ဖက်မှာ ပတ်တီးရှိနေပေမယ့် ပင်သိမ်းလှန်ဖြီးထားသည့် မျက်နှာပြင်ကရောဂါဝေဒနာခံစားနေရသည့် သွင်ပြင်မရှိခဲ့ဘဲ.. ၊

"မင်းဆီမှာရောက်နေခဲ့တဲ့ ငါ့ဂျာကင်.."

"သမုပြန်ပေးပါ့မယ်.."

"ပြန်ပေးသည်ဖြစ်စေ..မပေးသည်ဖြစ်စေ ဒီဂျာကင်နဲ့ပတ်သက်ပြီး ပုံဖော်တာတွေက ရုပ်လုံးပေါ်သွားပြီးပြီ၊ ကြောက်စရာကောင်းတဲ့အဖြစ် တွေရဲ့နောက်မှာ အမှန်တရားရှိနေလည်း ဖြစ်သွားခဲ့တာတွေကို အမှန် တရားကြောင့် အကောင်းတိုင်းဘာမှပြန်မရနိုင်ဘူး.."

"သမု..သမုကို ကိုကိုလင်းက သံယောဇဉ်ထက်နည်းနည်းမှ.."

"ကျွတ်.."

လင်းမျက်နှာမှာ စိတ်ပျက်ခြင်းတွေဖြစ်သွားပုံက သမုရင်ကိုနာကျင် အောင် ထုနက်ပစ်လိုက်သလိုပင်။ သူမဒီမေးခွန်းကို ထုတ်မမေးသင့်ဘူး ဘူးဆိုတာ ဘာဖြစ်လို့သတိမရခဲ့တာလဲ..။ သို့သော် မေးခဲ့ပြီးတာကို ပြန် ရုတ်သိမ်းလို့လည်း မရတော့ပေ.. ၊

"သမုက.."

"မင်းဘယ်လိုတွေ တွေးနေလဲတော့မသိဘူး..အဲ့လိုထင်သွားလောက် အောင် ငါ့ဘက်ကဘာမျှော်လင့်ချက်မှ မပေးခဲ့ဘူး၊ မင်းနဲ့ပတ်သက်ပြီး ရင်ခုန်စရာတွေးနေဖို့အချိန်လည်း ငါ့မှာမရှိဘူးသမု..တစ်ခုရှိတာက မင်း ကို သိပ်လှတဲ့မိန်းကလေးပါလားလို့ သတိထားမိလိုက်တိုင်း ငါတို့ရဲ့ရင်း မှုကို ပတ်ဝန်းကျင်တစ်မျိုးထင်မလားလို့ ငါတွေးမိခဲ့တယ်..ဒီ့ထက်မပို ဘူး.."

ဒါကြောင့် သမုကိုစူးစိုက်ကြည့်ခဲ့တာတွေလားကိုကိုလင်းရယ်.. အ ထဲက နာကျင်မှုကအတိုင်းဆမဲ့ပင်။ ဇနီးဖြစ်ခွင့်ရခဲ့တဲ့ မိန်းမတစ်ယောက် နဲ့ သူမယှဉ်ပြိုင်ခွင့်မရတော့ဘူးဆိုရင်တောင် အစကတော့ရင်ခုန်သံတွေ တူညီခဲ့ပါတယ်ဆိုရင် အဲ့ဒီစကားလေးနဲ့ပဲ သူမတစ်သက်လုံးကျေနပ်နေ နိုင်သည်။ ခုတော့.. ၊

"မင်းကိုငါကူညီခဲ့တာတွေအတွက် လေးစားသမှုရှိနေသေးတယ်ဆို ရင် နောက်ထပ်မင်းနဲ့ပတ်သက်တဲ့ဘာကြောင့်မှ ရှင်ထိပ်သားနဲ့ငါ့ကြား

www.burmeseclassic.com



ဘူး..request ပါ.."

သမုမျက်ရည်တွေဝေ့သီလာသည်။ ရှက်ခြင်းနှင့်သိမ်ငယ်စိတ်က လု ငွေ့ပျံပျောက်ကွယ်သွားဖို့ ဆုတောင်းမိတဲ့အထိ.. ။

"ဟုတ်ကဲ့ပါ..မရှင်ကိုလည်း သမုကကျေးဇူးတင်တဲ့အကြောင်း ပြော ပါဆရာ၊သမု..သမုသူ့ကိုဒုက္ခပေးခဲ့ပေမယ့် သူကယ်တင်ခဲ့လို့သမု ချက်ခဲ့တာပါ၊ ကျေးဇူးတင်တာထက်ကို ပိုပါတယ်လို့..နော်.."

သူမလှည့်ထွက်သွားသည်။ လင်းခဏကြာအောင် ရပ်နေပြီးမှ တံ လိုက်လျှင် ထောင့်ကွယ်လေးမှာရပ်နေသည့် ရှင့်ကိုမြင်လိုက်ရ

"ရှင်.."

ပြန်ထွက်ပြီး ရှင့်လက်လေးကိုဆွဲယူလိုက်သည်။ ရှင်ကအလယ်ခွဲ ရှည်တွေ ဒီတိုင်းကျနေကာ ရှပ်အင်္ကျီလက်ရှည်အဖြူလေးနှင့် ရောင်ဘောင်းဘီရှည်ပွပွလေးကို ဝတ်ထား၏။ အဖြူလေးဝတ် င်း သူမရဲ့ရွှေရောင်ဖျော့ဖျော့ဆံပင်ရှည်များနှင့် တင့်တယ်စွာရှိနေ ။

"ဘယ်တုန်းကရောက်နေတာလဲ.."

ရှင်ခလုံမလဲလေးမော့ကြည့်ကာ ခေါင်းခါတော့မလို ညိတ်တော့မလို ကြည်းလေးဟိုဒီဝေ့ညွှန်နေကာ.. ။

"ရှင်..ဟို ခုန.."

"အားလုံးကြားပြီးပြီမို့လား.."

နှာလေးငုံ့၍ ခဏကြာမှ.. ။

"ဆေးစာရွက်ကျန်ခဲ့လို့ ပြန်လာယူတာ.."

ပြောပြီးတာနှင့် ထွက်ပြေးဖို့ခြေလှမ်းပြင်၏။ လင်းကသူမကိုယ် ဆွဲဖက်ထားလိုက်ကာ.. ။

"ကြားပြီးပြီမို့လား..ပြော.."

ပုံ့ပုံ့ဆံနွယ်များကြားမှာ လင်းမျက်နှာဖိနှစ်ပြီးမေးနေသဖြင့် ရှင့် ကျုံ့သွားပြီးရှန်းမိကာ.. ။

"ကိုကိုနော်..သူများငိုနေရတုန်းကတော့ ရှင်းမပြဘဲနဲ့.."

"ဟုတ်တယ်..ခုလည်းရှင်းပြဖို့မေးနေတာမဟုတ်ဘူး၊ ခင်ဗျားဆီက ကောင်းမလို့.."

www.burmeseclassic.com

www.burmeseclassic.com


"ဟင်.."

"မင်း ကိုယ့်ပါးကိုရိုက်ခဲ့တာလေ.."

"ကိုကို.."

ရှင့်မျက်နှာလေးက တောင်းပန်သလိုလေး မော့လာကာ.. ।

"အဲ့ဒါ ရှင်ကရိုက်ချင်လို့ မဟုတ်ပါဘူး.."

"ဘာဖြစ်လို့လဲ.."

"မသိတော့ဘူး..အဲ့ဒါ အဲ့လိုကြီးလုပ်မိတာ ရှင်နောင်တလည်း ဘူး..ဒါပေမယ့် ခု.."

"ပြော.."

"ခုသိသွားပြီဆိုတော့ ရှင်ကြောက်တယ်.."

"ကိုယ်ပြန်ရိုက်မှာစိုးလို့လား.."

"ဟင့်အင်း..ကိုကိုစိတ်ဆိုးနေတုန်းပဲလားလို့.."

လင်းကရယ်လိုက်ပြီး ရှင့်မျက်နှာလေးကိုမော့ယူလိုက်သည်၊ ခေါင်းဖျားချင်း မထိတထိကပ်ငေးနေပြီးမှ.. ।

"စိတ်ဆိုးတာပေါ့..ဒါကြောင့် မင်းကိုအကြွေးတောင်းမလိုလို့ နေတာ.."

ရှင်သဘောပေါက်သွားပြီး ရယ်သည်။ ပြီးတော့ လင်းမျက် တွန်းလိုက်ပြီး မျက်နှာလွှဲထားလျက်.. ।

"ကိုကိုမညစ်နဲ့နော်.."

"ရှင်လေး.."

လင်းက ရှင့်ကိုယ်လေးကိုအဝတ်ထုပ်လေးလို သိမ်းပွေ့ထား ပြီး ပါးချင်းကပ်ထားရင်း.. ।

"ကိုယ့်ကိုချစ်လား.."

"မသိဘူး.."

"သိပါတယ်..မင်းကလိုချင်တာကို ဆုံးရှုံးမခံချင်တာ၊ အချ မလည်ပါဘူး.."

"အဲ့လိုတော့မပြောပါနဲ့..ကိုကိုကရော ဘယ်လောက်နားလ လဲ၊ ကိုကို့ကိုချစ်လို့ ရှင်ဒီလောက်ထိ ဒုက္ခခံ အပြောခံ..အသို

"ပြောနေဆူနေရတာ မင်းကိုမိန်းမဆိုးပုံစံလေးနဲ့ အသားသေ သွားမှာစိုးလို့..ဒီရွာကိုခေါ်လာခဲ့တာလည်း ကိုယ့်ကိုယ်ကိုတောင်

www.burmeseclassic.com

www.burmeseclassic.com


ည်ခဲ့ဘူး၊ မင်းကိုပညာပေးမယ်လို့ပဲ ကြိမ်းဝါးနေခဲ့ပေမယ့် တကယ် ခမ်းကျတော့ မင်းအားကိုးနေတဲ့စည်းစိမ်ခြံရံတွေ မင်းကြီးပြင်းခဲ့တဲ့ကိုယ့် ကို အထင်မြင်သေးနေတဲ့ ဘဝထဲကဆွဲထုတ်ချင်ခဲ့တာပဲ.."

ဟုတ်လို့လားလို့ တွေးမိပေမယ့် ရှင်ပျော်နေခဲ့သည်။ ပါးချင်းကပ် ားသဖြင့် သူမနှစ်သက်ခဲ့သော လင်းရဲ့ကိုယ်သင်းနံ့က ရင်ခုန်သံတွေကို းကပ်စွာ ချူယူနေလေသည်။

"ကိုယ့်ရဲ့အချိန်တိုင်းက မင်းအကြောင်းတွေပဲဖြစ်နေတာ မုန်းတဲ့စိတ် တွေပဲလို့ ထင်ခဲ့တာ.."

"ဟုတ်တာပဲဟာ.."

"အဟွန်း.."

လင်းကရယ်လိုက်ပြီး ရှင့်ပါးပြင်လေးကို မြတ်နိုးစွာနမ်းသည်၊ ှင်က ထိုပါးပြင်လေးကိုလက်ဖဝါးလေးနဲ့ ဖိကပ်ထားလိုက်ရင်းရယ်၍..

"လူကြီးတွေပြောတာကြားဖူးတယ်..လက်ထပ်ပြီးရင် ပြီးသွားတာပဲ တဲ့.."

"ဘယ်လို.."

"ဇာတ်လမ်းတွေထဲမှာလည်း ဖတ်ဖူးတယ်လေ.."

"အင်း.."

"မိဘပေးစားလို့ဖြစ်ဖြစ် သိမ်းပိုက်ခံရတာဖြစ်ဖြစ် ပြီးတော့လည်း ပြီးသွားတာပဲ..တဲ့.."

"ဟုတ်ပါပြီ..ဘာကိုပြီးတာလဲလို့.."

"အဲ့ဒါက.."

ရှင် ကိုယ့်စကားကိုယ်ပြန်မရှင်းတတ်ပေ။ သူမသည်လည်း ကိုကို နကြီးမုန်းမသိပေမယ့် လက်ထပ်ပြီးရင် ချစ်သွားမှာပဲလို့ယုံကြည်ပြီး ျက်ကြောဖြတ်ခဲ့ရသည့်ဖြစ်ရာ..

"လက်ထပ်ပြီးရင်လေ..ရှင်လည်းကိုကိုနဲ့လက်ထပ်ပြီးရင် ရှင့်ကိုချစ် ွားမှာပဲလို့ တွေးခဲ့တာ.."

"ဟုတ်လား.."

"အင်းလေ.."

"ဒါဆို လက်ထပ်ပြီးပေမယ့် မင်းနဲ့ကိုယ်မချစ်ကြဘူးဆိုတော့.."

"ကိုကိုကမှ.."

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုမပြီးသေးတာများလား.."

ဟင်.. ။

တွေးစရာရသွားသည့်ကလေးလို ရှင့်မျက်ဝန်းလေးတွေ မေးခွန်းတို့နှင့် ပင့်တက်လာ၏။ လင်းရဲ့မချိုမချဉ်မျက်နှာပေါ်က မျက်ဝန်းတွေကို သေချာကြည့်မိကာမှ.. ။

"အယ်..ကြည့်စမ်း.."

"ကြည့်ရှုံ့နဲ့တော့ ဘယ်ရမလဲကွ.."

"ကိုကိုနော်.."

ရယ်သံလေးတွေ တိုးတိတ်ပျောက်ကွယ်သွားသည်။ လင်းရဲ့ရင်ခွင်မှာ ကြည်နူးရင်ခုန်ရင်း လွဲချော်မှုတွေကို ဖျတ်ခနဲတွေးမိလျှင် ထိုရင်ခွင်ကိုပို၍ မြတ်နိုးစွာဖက်တွယ်ထားလိုက်မိ၏။ အမြဲတမ်းမဆင်မခြင် စွတ်တရွတ်ရှေ့တိုးလုပ်ခဲ့တိုင်း မှားမှားမှန်မှန်သူမဘယ်တော့မှ ပြန်မတွေး။ နောင်တဆိုတာလည်း မရှိခဲ့..ဒါပေမယ့်.. ။

ဒီနေ့တော့ သူမနောင်တရမိလေသည်။ ကိုကို့ကို မဆုံးရှုံးခဲ့ရခြင်းသည် သူမကံကောင်းလို့ပါ။ မာနကြီးသည်၊ ဒေါသကြီးသည်ဆိုပေမယ့် သူမအပေါ် လင်းအမြဲတမ်းခွင့်လွှတ်နေခဲ့သည်။ နောက်ထပ်အမှားတွေ ရှိလာရင်လည်း ကိုကိုခွင့်လွှတ်နေမှာပဲဆိုတာ ယုံကြည်သည်။

ပြောရမယ်ဆို ရှင်ကလေပွေ..ကိုကိုကဆောင်း.. ။

လရောင်ကျူးရင့်

www.burmeseclassic.com